
The YATI
Vol. 11,No.121 April,2014
MAGAZINE
စိန်စမ္ပယ်ဖူး
စိန်တိုက်
အမှတ်(၁၆၉)၊ ၈၄ လမ်း
၃၁ - ၃၂ ကြား၊ မန္တလေး

MEDIA GROUP

# Asian Fame Media Group

ငွေသော်တာ — ဥက္ကဋ္ဌ — ceo@popularmyanmar.com

ဟိန်းလတ် — ဒုဥက္ကဋ္ဌ — hanelatt@popularmyanmar.com

The YATI MAGAZINE — VOL.11, NO.121, APRIL, 2014

စာပေအနုပညာမဂ္ဂဇင်း

**Editorial &**
**Technical Director** ဖိုးနိုင်လင်း (ponainglin@gmail.com)
**Art Director** မောင်မောင်အောင်(cartoonmma@gmail.com)
**စီမံဒါရိုက်တာ** ဒီဇိုင်းပန်းဇျာန် (pannzan@gmail.com)
**တာဝန်ခံအယ်ဒီတာ** မြင့်သူဇာထွန်း (zarkalay174@gmail.com)
**Creative အယ်ဒီတာ** နွေးနွေးစစ်အောင်
(nwaynwaysisaung@gmail.com)
**အမှုဆောင်အယ်ဒီတာ** ဖြိုးစုပိုပို (phyoesupopo@gmail.com)
**ကဗျာအယ်ဒီတာ** လင်းထိပ်သျှင်
**လက်ထောက်အယ်ဒီတာ** သိတာစိုး၊နေရီရီလင်း
**ဒီဇိုင်းတာဝန်ခံ** ထွန်းထွန်းလင်း
**ဒီဇိုင်း** လင်းထွဋ်
**လက်ထောက်ဒီဇိုင်း** ဝင်းဝင်းလှိုင်
**စာစီစာရိုက်** ခင်သက်လှိုင်
**စာပြင်** ဥမ္မာအေး
**ကြော်ငြာအဖွဲ့** ဇော်ဇော်အောင် (မန်နေဂျာ)
(advertising@popularmyanmar.com)
မေသင်းနိုင်
**ဘဏ္ဍာရေးအဖွဲ့** မိုးယုမာ
(လက်ထောက်အထွေထွေ မန်နေဂျာ)၊
ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊
နီလာဝင်း (လ/ထ မန်နေဂျာ)
**ဖြန့်ချိရေးအဖွဲ့** ဇော်လင်းဦး၊ သက်ထွန်းအောင်၊
ညီညီနိုင်၊ သောင်းမြတ်ကျော်၊ ထူးထူးအောင်
**ရုပ်ရှင်/ဓာတ်ပုံပညာရှင်** အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊
ကိုနိုင် (ပေါ်ပြူလာ)၊နေယံ

**ထုတ်ဝေသူ** ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)
**ဥပဒေအကြံပေး** ဦးအီနစ် (တရားရုံးချုပ်ရှေ့နေ)
**ဖလင်** Eagle
**အတွင်းတာလာခွဲ** ကမ္ဘာဦး
**စာအုပ်ချုပ်** ရွှေသမီး
**တန်ဖိုး** ၂၀၀၀
**အုပ်ရေ** ၁၅၀၀
**ပုံနှိပ်** ငွေကံ့ကော် (မြ-၀၆၃၆၁)၊
အောင်သိန်းသန်း(မြ-၀၅၉၉၂)

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀
e-mail address : yatimagazine@gmail.com
facebook address : http://www.facebook.com/yatimagazine

**မန္တလေးရုံးခွဲ**
အမှတ် ၉၁၊ ၆၈ လမ်း၊ ၃၃ × ၃၄ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂


**နိုဘယ်ဆုရှင်အရေးသုံးပါး**

**ပြည်သူ့သဘောထား**

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

**လူမှုရေးဦးတည်ချက်(၄)ရပ်**



ရှင်လန်းပျော်မွေ့

ချမ်းမြေ့သာကြည်-ရတီ

# အယ်ဒီတာ နှုတ်ခွန်းဆက်

ဘာသာစကားသင်ကြားရေးသည် နိုင်ငံတစ်နိုင်ငံတွင် အရေးအကြီးဆုံးဖြစ်သည်။ ပထမဆုံးအနေဖြင့် မိမိလူမျိုး၏ ဘာသာစကားကို တတ်မြောက်ရန် လိုအပ်သည်။ ဘာသာစကားကို ကောင်းစွာတတ်မြောက်သည်ဆိုရာတွင် Four Skills ခေါ် ကျွမ်းကျင်မှုလေးမျိုးရှိမှ အမှန်တကယ်ကို ဘာသာစကားကို တတ်မြောက်သည်ဟု ဆိုနိုင်၏။ 'အပြောကျွမ်းကျင်မှု' (Speaking Skill) 'အဖတ်ကျွမ်းကျင်မှု' (Reading Skill)၊ နားထောင်စွမ်းရည်ရှိမှု (Listening Skill) နှင့် 'အရေးကျွမ်းကျင်မှု' (Writing Skill) တို့ဖြစ်ကြသည်။ ယခင်က မြန်မာနိုင်ငံတစ်နံတစ်လျားတွင် စာမတတ်သူ ပပျောက်ရေးဆိုသော 'အသုံးလုံး' လှုပ်ရှားမှုကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းတက်ကြွစွာ ဆောင်ရွက်ခဲ့ကြသည်။ သို့ဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် စာတတ်မြောက်မှုအများဆုံး နိုင်ငံအဖြစ် အိန္ဒိယနိုင်ငံ ရှားဘုရင်မှချီးမြှင့်သော 'နိုင်ငံတကာစာတတ်မြောက်ရေးဆု' ပင် ဂုဏ်ယူဖွယ်ရာ ရရှိခဲ့သည်။ မြန်မာစာ မြန်မာစကားကို တတ်မြောက်လာကြပြီးနောက် ဒုတိယအဆင့်အနေဖြင့် တိုင်းရင်းသားဘာသာစကားများကို တတ်မြောက်ရေးသည်လည်း အရေးပါလာပြန်၏။ အထူးသဖြင့် ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင် မှီတင်းနေထိုင်ကြသူများအတွက် တိုင်းရင်းသားဘာသာစကားသင်ယူတတ်မြောက်ရေးက အလွန်အရေးကြီးသည်။ ကချင်ပြည်နယ်တွင် နေထိုင်သူ ကချင်လူမျိုးအဖို့ မြန်မာစာအပြင် ကချင်ဘာသာ တတ်မြောက်ရန် လိုအပ်သကဲ့သို့ ထိုပြည်နယ်တွင် မွေးဖွားကြီးပြင်းလာသူ ဗမာလူမျိုးအဖို့လည်း ကချင်ဘာသာစကားကို တတ်မြောက်ဖို့ လိုအပ်ပြန်သည်။ သို့မှသာ တိုင်းရင်းသားလူမျိုးအချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်လာပြီး ဥမကွဲ သိုက်မပျက် ပြည်ထောင်စုကြီးကို တည်တံ့ခိုင်မြဲစွာ တည်ဆောက်နိုင်မည်ဖြစ်သည်။ လူမျိုးတစ်မျိုး၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ကို အခြားလူမျိုးတချို့က ကောင်းစွာသဘောပေါက် သိရှိခြင်းအားဖြင့် စည်းလုံးညီညွတ်ချစ်ကြည်မှုကို ပိုမို တည်ဆောက်နိုင်မည်မှာ မလွဲပါ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းတွင် သုံးအခြေခံ ဘာသာစကား တတ်မြောက်မှုကို သုံးပိုင်းခွဲထားသည်။ ပထမပိုင်းက 'မိခင်ဘာသာစကား' (Mother Language) ကို ကောင်းစွာတတ်မြောက်မှုက မရှိမဖြစ်။ ဒုတိယအချက်အနေနှင့် 'တိုင်းရင်းသားလူမျိုးစု ဘာသာစကား' (Ethnic Language) ကို တတ်မြောက်စေရန် ကျောင်းများတွင် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းပြီး မသင်မနေရ သင်စေရ၏။ ထိုနှစ်ခုအပြင် 'နိုင်ငံခြားဘာသာစကား' (Foreign Language) လည်း မသင်မနေရ သင်ရပြန်သည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ စပိန်စသဖြင့်။ အရှေ့တိုင်းနိုင်ငံများတွင်မူ တရုတ်၊ ကိုရီးယား၊ ဂျပန်က ခေတ်အစားဆုံး ဘာသာစကားများ ဖြစ်ကြ၏။ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည် အများအပြားလာရောက်နေသော ခေတ်တွင် မြန်မာပြည်၌ ထိုင်းလူမျိုးသိန်းနှင့်ချီ၍ လာရောက်လည်ပတ်နေကြရာ ထိုင်းဘာသာစကားကလည်း သင်ယူရန် အရေးကြီးသော ဘာသာတစ်ခုဖြစ်လာ၏။ ထိုင်းလူမျိုးတွေ အလာများကြသော ပဲခူး၊ ရွှေသာလျောင်းဘုရား၊ ဘုရားဈေးတန်းတွင် ယခုအခါ ဈေးသည်တိုင်း ထိုင်းစကားပြောပြီး ဈေးရောင်းနေကြသည်ကို တွေ့ရသည်။ 'ဘာသာတိုင်းခြား၊ စာစကား သင်ကြားသင့်သည်မှတ်' ဟူသော ဆိုရိုးစကားဆုံးမစာအတိုင်း လူတိုင်းလိုလို အနည်းဆုံးအားဖြင့် ဘာသာစကား သုံးဘာသာထက်မနည်း တတ်မြောက်ကြမှသာ တိုးတက်ပြောင်းလဲနေသောခေတ်အတွင်း 'ခေတ်မီမီကမ္ဘာကြည့် ကြည့်မြင်' နိုင်မည်ဖြစ်ပါကြောင်း။

**အယ်ဒီတာအဖွဲ့**



# Contents





2.. အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7... ငွေးကြည်(စလင်း)၊ မိုယ်းဇော်၊
ကောက်နွယ်ကနောင်၊ နေမျိုး၊
မောင်ဆေးရိုး၊ မောင်ယုပိုင်၊

ကာတွန်း

13... မြေဇာ၊ ဖမောင်မောင်၊ မောင်ဖမောင်အောင်၊
လှကြီးမင်း

ရတီအထူးကဏ္ဍ

23.. Special Cover Image
မေကဗျာ
မြိုးစုပိုပို

33.. Love Fresh April
သုရိယ၊ သံစဉ်သစ္စာ
နေရှီရှီလင်း

36.. Colorful Thingyan
စည်သူဝင်း၊ ဒေါင်း၊ ပိုးအိမ့်ဖြူစင်၊ မေ
မြိုးစုပိုပို၊ သီတာစိုး၊ အိအိထွေး

42... Updating Fashion
အေရီယာယ်သုတ
သီတာစိုး

48.. Now You See Me
ပက်ထရစ်ရှာ
သီတာစိုး

56... MOD MOM
ဝမ်း၊ ယဉ်ယဉ်မင်း၊ ဖစ်ဖစ်တုန်၊ အိုင်ကီ
မြိုးစုပိုပို

63... Attractive Girl
နန်းနန်းသက်ဝေ
နေရှီရှီလင်း

66... ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
စံရတီမိုးမြင့်
သီတာစိုး

# Contents



PAGE **36**

**COLORFUL THINGYAN**

MAY


70... Audience of Celebrities' Choice
ဖြိုးငွေစိုး၊ ဇင်ချိုနိုင်ဦး
သီတာစိုး

77... သူတို့ပြောတဲ့ R
မောင်ဆွေသက်၊ ဦးထွန်းလွင်၊ ဒေါ်ဗို
ဖြိုးစုပိုပို

82... သူပြောတဲ့ သူ့အကြောင်း
ဟဲလေး
သီတာစိုး

86... Music Plus Yati
ယုံကြည်ရာကို ဆုံးခန်းတိုင်လုပ်သွားမယ်
Blaze ...နော်နော်
*Zigzag*

91... Beyond the Women
ဒေါက်တာညိုညိုသင်း
(ရန်ကုန်တိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
ဖြိုးစုပိုပို

ရတီနိုင်ငံတကာ

151... ၈၆ ကြိမ်မြောက် အော်စကာပေးပွဲ
ပြည့်စုံသူ

160... Bollywood News
ဟိန်းလတ်

185... အကျင့်ပျက်ခြစားမှုတွေကြောင့် တရားရင်ဆိုင်နေရသူ တော်ဝင်မင်းသမီး အင်ဖန်တာခရစ္စတီးနား
သိမ့်နှင်းအိမ်

188... Male Ficent အသွင်နဲ့ ရင်ခုန်သံမြန်အောင် ပြုစားဦးမယ့် အင်ဂျလီနာဂျိုလီ
ရဲသစ်

192... Fashion & Style
Flower Girls
တင်လတ်သန္တာဗိုလ်

156... ရတီကိုရီးယား
ဇင်မြင့်စံ

197... Film Feeling
ဖြိုးဖြိုး




# Contents



PAGE 42
**updating fashion**
AERIAL THU TA


102... မမရတီအမေးအဖြေ

104... ရတီစာအုပ်စင်

ရတီအသောအထေ့

163... ငှါးထန်းလျက်ခဲကို
ဘယ်သူနေရာရွှေထားသလဲ
Wise Guy

200... ကတ်သီးကတ်သတ် ပြောတဲ့
တောက်တီးတောက်တဲ့

204... Facebook Funny Page

ရတီကျန်းမာရေး

100... Family Doctor
နောက်တောက်တောက် အီလည်လည်
*ဒေါက်တာမြင့်ဦး(ကိုပီ)*

129... မြန်မာလူမျိုးတို့ရဲ့ မြန်မာ့အစားအစာ
*ဒေါက်တာဇာနည်ဝင်း*

လှပစိုပြည်ရတီမေ

96... ရိုးရှင်းလွယ်ကူသော
သွယ်လျလှပစေမည့်နည်းများ
*မာဦး*

98... သကြံန်မှာ ပျက်စီးသွားတဲ့
အသားအရေကို
ပြန်လည်ကုသပေးမယ့် အသီးအနှံများ
*အေးမီချို*

ရတီဆောင်းပါး

17... ရဟန်းနှင့် ပြေတ္တာ
*မွေဂင်္ဂါ*

145... ဘ၀ဆက်တိုင်း ချစ်သက်လက်ဆောင်
*သိန်းပိုင် (M.Engg.Geol)*

148... ကျောက်မီးသွေး
*ကျော်ဦး*

# Contents




ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ

136... နှင်းခေတ်တွင် သွန်းဆစ်ခဲ့သော
သူမ၏ မျက်ဝန်းများ
ထာဝရဆွတ်ပျံ့ပါစေသား
ညီစု

ရတီဝတ္ထုရှည်စ/ဆုံး

166... ဘာလဲ . . . အချစ်ဆိုတာ. . .
*ဖြိုးဖြိုး*

ရတီအခန်းဆက်ဝတ္ထုရှည်

105... ကျိုးမနိုး
*ခင်ခင်ထူး*

ရတီဝတ္ထုတို

112... အနက်ရောင်ကမ္ဘည်း
သက်ဦးမောင်

124... ပိတောက်တွေပွင့်တိုင်း
စူးရှမြတ်မြတ်

180... ခင်မအကြောင်း
မြတ်ကိုကို (ရုက္ခ)

မန္တလေးအတွေး၊ မန္တလေးအရေး

119... ဒီနှစ်တွင်လည်း ချစ်ချစ်ခင်ခင်
ရွှင်ရွှင်ပျော်ပျော်နေ
*ကိုထွန်း (လမ်း-၈၀)*

ဖူးနသစ်လွင်ကဗျာဥယျာဉ်

176... လင်းဆုကြယ်၊ ကိုစိမ်း၊ နောင်မွန်း၊
ကိုသျှား၊ မောင်သွေးချစ်
(ရေနံချောင်း)၊ ထက်သခင်(သုံးဆယ်)၊
ဆွေရည်ရွှယ်အောင်၊ ကျော်လွင်ဦး
(ပျဉ်းမနား)

ရတီဖေဒင်

131...ဒေါက်တာမြတ်သစ် (မန္တလေး)

ရတီဝေဖန်ရေး

134... ဒါရိုက်တာ ဒေါနဲ၏
'ကျန်စစ်မင်းကြီးကို အရေးဆိုပေးပါ'
*မောင်အိမ်စံ*

PAGE 23 Special Cover Image


MAY KABYAR

ပန်းချီသရုပ်ဖော်
မြတ်မင်းဟန်၊ မောင်နီ၊ ဓေတ်ဘုန်းမို၊
အာကာ၊ လင်းငြိမ်၊ လူကြီးမင်း၊ ပန်းစျာန်




# ပိတောက်တင်ထရပ်ကား

အချစ်နဲ့ ချုပ်ရိုးများစွာ
အဝါရောင်တွေအထပ်ထပ်နဲ့
နင်းမခတဲ့ ငုပင်
လွင်ပြင်နဲ့ တောင်ကုန်းများပေါ်
သူ့အိပ်မက်တွေ ဖွက်ထား
ပုလဲလုံးလေးရေ
ရွှေထက်ရှားတဲ့ သင့်တန်ဖိုးကို
ရိုးမတစ်တောလုံး ပွင့်ပြလိုက်
အဲဒီပန်းတွေဟာ ကျွန်ုပ်တို့ရဲ့နွေရာသီပဲ
အလို
ဟိုရှေ့က ရေတံခွန်
အချစ်တွေ သွန်ပစ်လို့

ဒွေးကြည် (ဓလင်း)



# သစ်ပင်

ကျွန်တော် သံယောဇဉ်ဖြစ်ခဲ့ရတဲ့
သစ်ပင်တွေ။
ဒါက မြရာ
ဒါက သစ်ပုပ်
ဒါက ကံ့ကော်
ဒါက စိန်ပန်း၊
ဒါက စွယ်တော်
ဒါက ဆီတ်ဖလူး၊
ခုတ်ထစ်ခံရမှုအပြည့်
ဒဏ်ရာအပြည့်
နာကျင်မှုအပြည့်
ဒါပေမဲ့
ဒဏ်ရာတွေကို ကုသမယ့်
နာကျင်မှုတွေကို ဖြေဖျောက်မယ့်
နွေဦးပေါက်တဲ့အခါ
ပိတောက်တွေ ပွင့်လာရဦးမယ်။

မိုဝင်းဇော်

# လက်ပံ

သဘာဝအတိုင်းဆိုပေမဲ့
သွေးစက်တွေ ထိန်ထိန်ကြဲ အတုံးအခဲရဲရင့်
လူမှုတော်လှန် မြင့်မြတ်အမှန်တရား
ထင်ရှားတဲ့ နိမိတ်ပုံအခင်းအကျင်း
ခေတ်အဆက်ဆက် လက်ဆင့်ကမ်းနွေဦး
ယမ်းနီးတဝေဝေ၊ သေနတ်သံ၊ ဗုံးဆန်ပေါက်ကွဲသွား
မရဏပန်းများ ပွင့်ခဲ့လေသလား . . .

**ကောက်နွယ်တာနောင်**






# ခွေးအိုကြီးနဲ့ အသားတုံးတစ်တုံး

ဒီနေ့ ကျုပ်ဘုတာဈေးကလေးထဲကို ရောက်တယ်။ ဘုတာဈေးကလေးထဲမှာ အသားနည်းနည်းဝယ်တယ်။ ဟင်းသည်က စဉ်းတီတုံးပေါ် အသားတုံးတင် ခုတ်ထစ်ပြီး ကျုပ်ကို ပေးတယ်။ ကျုပ်က သူ့ကို ကျသင့်တဲ့ ဟင်းဖိုးပေးလိုက်တယ်။ ဈေးထဲက ဟင်းဆိုင်တွေအောက်မှာ ခွေးလေခွေးလွင့်တွေ တရုံးရုံးနဲ့၊ ခွေးလေခွေးလွင့်လို့ ခေါ်မလား၊ ဈေးခွေးတွေလို့ ခေါ်မလား၊ ဘယ်လိုခေါ်ခေါ် နှစ်ခုစလုံး မှန်ပါတယ်။ သူတို့ကို ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်မယ့်သူ မရှိလေတော့ သူတို့က ခွေးလေခွေးလွင့် ပဲပေါ့။ သူတို့ဟာ နေစရာအတည်တကျမရှိဘဲ ဈေးထဲမှာ အဆင်ပြေသလို နေကြတဲ့ ဈေးခွေးတွေပေါ့။ ဈေးခွေးတွေဟာ အသားဆိုင်ထဲက အသားတုံးတွေကို ကြည့်ကာ သွားတမြမြ၊ အမြီးတရမ်းရမ်းနဲ့ ဟိုဆိုင်က အရိုးကလေးတစ်ချောင်း ပစ်ချနိုးနိုး၊ သည်ဆိုင်က အရွတ်ကလေးတစ်ဖတ် ပစ်ချနိုးနိုးနဲ့ ဈေးထဲမှာဈေးဝယ်တွေ စည်ကားတဲ့အချိန် သူတို့က ဈေးဝယ်တွေရှေ့မှာ အတင်းတိုးဝှေ့လို့ စဉ်းတီတုံးပေါ်က အသားတုံးကို ရအုံ့နိုးနိုးနဲ့ အငမ်းမရ မျှော်နေကြတယ်။ ကျုပ်လည်း တစ်ကောင်နဲ့ တစ်ကောင် အတင်းပူးပြီး တိုးဝှေ့နေကြတဲ့ ဈေးခွေးတွေကြားထဲကနေ ဟင်းထုပ်ကိုဆွဲပြီး ပြန်လာခဲ့တယ်။ ကျုပ်ဈေးပေါက်ထွက်တဲ့ လမ်းကိုလည်းရောက်ရော အဲဒီအချိန် နောက်ထဲက "ဂိန်" ခနဲ နာနာကျင်ကျင် အော်လိုက်တဲ့အသံ တစ်သံကြားလိုက်ရတယ်။ ချက်ချင်းဆိုသလို ခွေးအိုကြီးတစ်ကောင် ဒရောသောပါး ပြေးထွက်လာတာကို မြင်ရတယ်။ သူ့ဦးခေါင်းမှာ သွေးစို့နေတဲ့ ဒဏ်ရာ ခွေးအိုကြီးဟာ စဉ်းတီတုံးပေါ်က အသားတုံးကို မစားရဘဲ တုတ်တစ်ချောင်းနဲ့ ပြင်းပြင်းထန်ထန် အရိုက်ခံလိုက်ရပုံပဲ။ ခွေးအိုကြီး ဟာ ကျုပ်ဘေးကနေ ဖြတ်ပြေးလာတယ်။

အဲဒီအချိန် ကျုပ် ဘာလုပ်တယ်ထင်သလဲ။ ကျုပ် ဟင်းထုပ်ထဲက အသားတုံး အဲဒီခွေးအိုကြီးကို ပစ်ချကျွေးမိတယ်။ ခွေးအိုကြီးဟာ စောစောက "ဂိန်" ခနဲ သူအော်ခဲ့တာကို သူ ပြန်သတိရဟန် မတူတော့ဘူး။ နာကျင်မှုလည်း ရှိပုံမရတော့ဘူး။ အသားတုံးကို အငမ်းမရစားလို့ သူ့အမြီးက ဘယ်ညာလှုပ်ရမ်းလို့။

**နေမျိုး**

# ငါတို့ကိုယ်တိုင် ခေတ်ပေါ်အနုပညာ

□ လောင်ကျွမ်းမှုတွေထဲက ရုန်းထလာခဲ့ရတဲ့ မီးငှက်ပမာ
သွေးနဲ့တောက်ပခဲ့ရတဲ့ ဘဝပါ
မနေ့ကရန့်များ နေရစ်ခဲ့ပေတော့
ယုံကြည်ရာ အရပ်တစ်ခုဆီ စုးဝင်ရင်း
လောကီဘုံဝေလေ့ရဲ့ပျံသန်းခြင်းအတတ်နဲ့
ငါ့အမှတ်အသားများ
အကြိမ်ကြိမ်လဲပြိုမှုမှာ
အကြိမ်ကြိမ်ပြန်ထ…ဒါဘဝပဲ

□ ဝါယာကြိုးတွေရဲ့မသေချာမှုလို အမှားများ
အရေခွံပေါ်အရေခွံအသစ်တွေ တပ်ဆင်ကြ
ငွေနဲ့ကြေးနဲ့ဟာ ရေမှုတ်တစ်ဖက် မီးစတစ်ဖက်နဲ့
ငါ့အခန်းကလေးဟာ လေဝင်လေထွက်နည်းပြီး
သိပ်များမှောင်နေမလား
ခုနလမ်းဖြတ်ကူးသွားတာ (၁၈၉၃) ခုနှစ်က
အက်ဒဝပ်မုန့်ချ်ရဲ့အော်သံပေါ့



□ ခဲသားလိုမှောင်တဲ့ ကြေကွဲထိခိုက်စေမှုအခန်းထဲ
အရှုးအမူးချစ်ခြင်းနဲ့ အနုပညာ
အခုပေးပို့လိုက်တဲ့ နားရွက်တစ်ဖက်ကိုသာ ကောင်းမွန်စွာ
စောင့်ရှောက်ပါလေ
ဘဝအဆက်ဆက် ဖြည့်ဆည်းခဲ့ကြတဲ့ လင်းလက်မှုဟာ လင်းလက်ခဲ့
အမှန်တရား
တစ်ဦးအပေါ်တစ်ဦးစာနာမှုနဲ့ ဘဝရဲ့အလင်းအိမ်
ဂျင်းအကျႌရောင်ရှုမျှော်ခင်းတွေရဲ့လမ်းမပေါ် နည်းနည်းလောက်ရုန်းပြီး
တက်လိုက်ရင်
ဒါဟာ…မှန်တိုင်းဖြစ်တယ်
ဒါဟာ…စံပယ်တစ်ခင်းလည်း ဖြစ်တယ်။


□ လူပြောသူပြောများတဲ့ ဘဝကံကြမ္မာဆိုတာ ကိုယ့်ရဲ့မဆုတ်မနစ်တဲ့
ခုံးဆွတ်မှုပဲ
လူငယ်ဘဝရဲ့စိတ်အားထက်သန်မှုက တောင်ကုန်းပေါ်
စိုက်ထူထားတဲ့အလံ
အိပ်မက်တွေ ခုန်နေသမျှ
သီဆိုမှုအသစ်ရဲ့အရိပ်သင်္ကေန်များက
လင်းပနေဆဲ
သုခုမအပြာ
လူငယ်တွေကိုယ်တိုင် လူငယ်ဖြစ်နေကြတဲ့ဘဝများထဲ

□ ခေတ်ရဲ့မိုးတိမ်အရွှေ့မှာ ကိုယ့်ဒဏ်ရာကိုယ်မေ့ရင်း
သက်တံကလေးကို ဇီဇဝါပင်နဲ့ ပူးချည်ထားချင်ရဲ့
အဲဒီအခိုက် ဓာတ်ကလေးရှိနေလို့သာ
ဖုန်းဆိုးဆန်တဲ့ ကမ္ဘာထဲမှာ
စိတ်မချမ်းမြေ့စရာ အခွံသက်သက်မဟုတ်ခဲ့ရတာ…

□ ထိတ်လန့်ဖွယ်ပုံပြင်နဲ့ ဆင်တူရ
တွေ့ဖန်ကျ လူ့ဆက်ဆံရေးဝန်းကျင်မှာတောင်
ဒီနာကျင်မှုတွေ ဒီမတရားမှုတွေ ဝေါထွက်နေတုန်းပဲ
ဒုက္ခဆိုတဲ့ ငနဲက ငါတို့ကို ကုန်အောင် မစားနိုင်ပါဘူးကွာ
ဒီခေတ်ကို အသံမြည်အောင် ဘယ်လိုတီးခတ်မှာလဲ…
လူငယ်ဘဝရဲ့ဂစ်တာကြိုးတွေပေါ်က လွင့်ကျလာတဲ့ အပိုင်းအစ
မျှော်လင့်ချက်များနဲ့…

□ ခုတော့
နွေဦးပေါက်ရာသီကိုငေးရင်း ညီမလေးကို သတိရ
ငယ်ဘဝရဲ့ "အညတြ" နဲ့ "ဘဝစာမျက်နှာများ" ကို သတိရ
ဝေးကွာနေတဲ့ သူငယ်ချင်းတွေကိုလည်း သတိရနေမိပေ့ါ
တကယ်တော့ ခေတ်ပေါ်အနုပညာဆိုတာ ငါတို့ကိုယ်တိုင်ပါပဲကွာ။ ။

မောင်ဆေးရိုး





# ဟိုတယ်ခန်းခုတင်ပေါ်မှာ နှစ်ယောက်ထိုင်နေခဲ့စဉ်က

သူမဟာ ခု ငါ့ခုတင်ပေါ်ကို ရောက်လာပြီး အခန်းတံခါးကိုလည်း လော့ချထားပြီးပြီ။
ဒီဟိုတယ်ကြီးမှာ အခန်းတွေ အမြောက်အမြားရှိတဲ့အနက်
သူမဟာ ငါ့အခန်းကို တွေ့အောင်ရှာပြီး လာနိုင်ခဲ့တယ်။
ဘတ်စ်ကားစီး နေပူထဲ လမ်းဆက်လျှောက်ပြီးလာခဲ့တဲ့ သူမဟာ
မွေ့ရာပေါ်မှာ ခြေပစ်လက်ပစ်ထိုင်၊ သူ့ဦးထုပ်ကို ချွတ်ပြီး ယပ်ခတ်နေတယ်။
နားတံမှာ ချွေးသီးလေးတွေ စို့နေတာ သူမနဲ့ငါ ချစ်သူဖြစ်ခဲ့တဲ့ အချိန်တုန်းက
အတိုင်းပဲ။
အဲဒီတုန်းက အတိုင်းပဲ သူ့ချွေးစို့နေတာကို ငါက သုတ်ပေးလိုက်တယ်။
ပြီးတော့ သူ့နားသယ်ကြားက ဆံစတွေကို သပ်တင်ပေးလိုက်တာလည်း
အရင်တုန်းက အတိုင်းပဲ။
သူမရဲ့ပါးပြင်နဲ့ မေးစပ်ကြားမှာ အရေးကြောင်းလေး နည်းနည်းပေါ်နေတာကို
နဂိုအတိုင်း
အရည်လဲ့နေဆဲ သူ့မျက်ဝန်းတွေက ဖုံးကွယ်လိုက်တယ်။
သူမက ငါ့ကို ကြည့်နေတယ်။ ဒါပေမဲ့ မျက်လုံးထဲက အကြည့်တွေက
အရင်လို အလျော့ပေးငံ့လင့်နေတဲ့ အရောင်တွေ မဟုတ်တော့ဘူး။
ငါ့လက်က အခန်းထဲမှာ စီညီပြီးသားဟာတွေကို ပြန်လိုက်စီညီနေတယ်။
တခြားလောကွတ်ပြုစကားလုံးတွေလည်း ပါးစပ်ထဲကနေ အထိန်းအကွပ်မဲ့နဲ့
အတွဲလိုက် အတောင့်လိုက် ပြုတ်ကျလာနေတယ်။
နောက်တော့ သူမနံဘေးနားကလွဲရင် ထိုင်စရာ တခြားနေရာမရှိတော့အောင်
အခန်းဟာ တဖြည်းဖြည်းနဲ့ ကျဉ်းဝင်လာတယ်။
အင်ထရိုကို ခပ်မြန်မြန်ပဲ တီးပြီး ဗာ့စ်ပိုဒ်ရောက်အောင် ငါ အားထုတ်ရတော့တယ်။
သူမ မျက်လုံးဆီက အရောင်တွေကို သိပ်အားမရတာနဲ့
ငါက ငါ့နှုတ်ခမ်းနဲ့ သူမနှုတ်ခမ်းပေါ် ခုန်အုပ်လိုက်ရတော့တယ်။
သူမရဲ့အိမ်လေးထဲမှာ အဖြူအစိမ်းကျောင်းဝတ်စုံနဲ့ သူမ၊ သူမရဲ့
တစ်ခြမ်းစောင်းနေတဲ့ ယိုင်အိမ်ရဲ့အိမ်ရှေ့ကြမ်းခင်း။
ပြီးတော့ သူမဆီကရတဲ့ ရနံ့ကတစ်ဆင့် ရလာတဲ့ ရနံ့တွေ၊ နွေရာသီမှာ
တချက်ချက်တိုက်ခတ်တဲ့ လေညင်းရနံ့။
မိုးတဝုန်းဝုန်းရွာပြီးနောက် တိုက်ခတ်တဲ့ရေငွေ့အေးအေးရနံ့၊ အေးမြခြောက်သွေ့
တဲ့ ဆောင်းလေရနံ့၊
အချစ်ဆိုတာဘာလဲ၊ (သူများတွေရဲ့ အချစ်မဟုတ်တဲ့) ငါ့ရဲ့အချစ်ဆိုတာ ဘာလဲ၊
အစဉ်အမြဲ စက်ခဲဖွာကြဲလန်နေတဲ့ ပုဏ္ဏာကို အဓိပ္ပာယ်လင်းပွင့်နိုးကြားဆူပွက်သွား
စေတဲ့ ဓာတ်စီးဆင်းမှု၊
သူမဟာ ဆယ်ကျော်သက်ဘဝကတည်းက သူ့ကိုယ်ပေါ်က ရနံ့ကို
နှစ်ပေါင်းများစွာကြာသည့်တိုင်
ဘယ်လိုထိန်းသိမ်းထားပါလိမ့်။
အဲဒီဆယ်နှစ်တာကာလဟာ စက္ကန့်ပိုင်းအတွင်းမှာ မျက်စိကနေ
မြင်ရတဲ့မြင်ကွင်းမဟုတ်တဲ့
ငါ့ရဲ့နှာမ်ပိုင်းတစ်နေရာရာမှာ မျက်စိကနေ မြင်နေရတာထက်တောင်
ပိုလို့ထင်ရှားပြတ်သားစွာ
တဖျပ်ဖျပ်ပုံရိပ်တွေ ဖြတ်ပြေးသွားတယ်။
သူမ နှုတ်ခမ်းပါးပါးလေးကို သိမ်းပိုက်နိုင်လုဆဲဆဲ ရုတ်တရက် သူမရဲ့
နှုတ်ခမ်းအစုံဟာ
ခြောက်သွေ့ငြိမ်သက်လာတယ်။
ပွင့်အာမယ်ကြံပြီးမှ ပြန်ရုပ်သိမ်းလိုက်တဲ့ ပန်းငုံဖူးလို။
အဲဒီအစား ရက်ရွဲ့အားနာတဲ့ အပြုံးလေးသာ ပြန်ပွင့်လာပြီး
သေသေချာချာလေး စီညီထားတဲ့ စကားလုံးတွေလည်း ထွက်ကျလာတယ်။
ငါ့ရဲ့ငေါင်တောင်တောင်နဲ့ ဇေါက်ထွက်ဆဲ စိတ်ဓာတ်ကို လူမှုရေး
(လူမှုရေးရဲ့မိခင် ဘာသာရေးလည်း ပါချင်ပါမယ် မသိဘူး) တည်ဆောက်ချက်က
အချိန်တိုအတွင်း ဆောက်တည်ပြီးစီး ဇက်သတ်နိုင်သွားလို့ တော်တော့တယ်။
"ဆောရီး ... ငါ ဘာဖြစ်သွားလဲ မသိဘူး" လို့ ဒီဒီယိုဇာတ်ကားတွေထဲက
သရုပ်ဆောင်တစ်ယောက်လို လျှာက အရိုးမဲ့လှုပ်ရှားသွားတယ်။
နောက်တော့ လျှံထွက်ဖျော်ကျလုဖြစ်နေတဲ့ နှလုံးသားကို
ဇစ်ဆွဲတင်ပြီး ပြန်ပိတ်ထားလိုက်တယ်။
အခန်းထဲက လေအေးစက်ကလည်း အခုမှ အအေးဓာတ်ကို
ထုတ်လွှတ်နိုင်တော့တယ်။
တီဗီဖန်သားပြင်မှာ ထုတ်လွှင့်နေတဲ့ ဂျပန်ငလျင်ဘေးဒဏ်ကျရောက်မှုသတင်းကို
လည်း
ခုနက အသံဖျောက်ထားရာကနေ ခုမှ ပြန်ဖွင့်ကြည့်လိုက်တယ်။
နောက်တော့ ငါက သူ့သမီးလေးနဲ့ သူ့နောက်ရည်းစားသစ်အကြောင်းကို
မေးတယ်။
သူက ငါ့လက်ရှိချစ်သူနဲ့ အိမ်ထောင်ယူဖို့ကိစ္စ မေးမြန်းတယ်။
ပြီးတော့ သူနဲ့ငါ ဟိုတယ်ကထွက်လာပြီး မြို့ထဲလျှောက်သွားကြတယ်။
ဘယ်လမ်းပြီး ဘယ်လမ်းသွားရမလဲဆိုတာ အရင်လို
တွေဝေရှုပ်ထွေးမနေတော့ဘဲ
လမ်းတွေဟာ ရှင်းလင်းပြတ်သားနေတယ်။
ဂျော့နှုတ်ဆိုင်ထဲမှာ ချော့ကလက်မှာဖိုလုပ်ပြီးမှ နွားနို့ပဲ သောက်လိုက်ကြတယ်။
ကိုယ်က သူ့ကို နင်က ထင်ထားတာထက် ပေါင်းလို့သင်းလို့ ကောင်းသားပဲလို့
ပြောတော့
သူကလည်း နင်ကလည်း ခင်ဖို့ကောင်းသားပဲလို့ ပြန်ပြောတယ်။

**မောင်ယုပိုင်**


# yati Cartoon






အိမ်အတွက်လိုတာတွေ သွားဝယ်ရအောင်လေ၊
နေပါဦးကွ ပစ္စည်းတွေဈေးကျတော့မှ အကုန်ဝယ်တာပေါ့-
အို။ "ဘယ်ဖြစ်မလဲ ဈေးကျတော့မှဝယ်နိုင်တယ်ဆို ပတ်ဝန်းကျင်က ပြောကြမှာပေါ့။"
ဟာ။ မိန်းမ။ မိန်းမ
NEWS
2014

## yati Cartoon



# ရဟန်းနှင့် ပေရယ်တစ္ဆေ

ဓမ္မဂင်္ဂါ



"ချစ်သား လောက၌ သေသောသူကို သော်လည်း ရည်မှန်း၍ ငိုကြွေးကုန်၏။

အသက်ရှင်လျက် ပျောက်ဆုံးနေသူကို သော်လည်း ရည်မှန်း၍ ငိုကြွေးကုန်၏။

အကြင်သူသည် ဝဋ္ဋကာမဂုဏ်တို့ကို စွန့်ပြီးဖြစ်လျက် တစ်ဖန် ဤလူ့ဘောင်သို့ ပြန်လည်လှည့်ထွက်လာ၏။

ထိုသူကိုလည်း ရည်မှန်း၍ ငိုကြွေးကုန်၏။

ဤစကားမှန်၏။ တစ်ဖန် ထိုလူ့ဘောင်သို့ ပြန်လည်လှည့်ထွက်လာသောသူသည် အသက်ရှင် သော်လည်း သူသေနှင့်တူ၏။

"ချစ်သား အိမ်ရာတည်ထောင်ခြင်းဟူသော ပြာပုံမှ တက်ပြီး၍ ပြာပုံသို့ ဆင်းခြင်းငှာ အလို ရှိဘိ၏။ ချစ်သား ချောက်မှတက်ပြီးဖြစ်လျက် ချောက်သို့ ကျခြင်းငှာ အလိုရှိဘိ၏။"

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်)

(၁)

တစ္ဆေကိုက်တဲ့ သကြံ်န် (ကိုနော)
မထင်မှတ်ဘဲ ပေါက်သွားတဲ့ ဇာတ်ထုပ်
အခုတော့ ကပ်ရှုပ်နေရဲ့
ကိုယ်က အားထည့် ကခဲ့မိတာကိုး။

မြစ်ကိုကျော်ဖြတ်ရင်း ကောင်းကင်ကို တည့် မတ်ခဲ့ချင်ရဲ့။ သပိတ်တစ်လုံးနဲ့ စာပလွေကိုထမ်း ရဟန်းတစ်ပါးရဲ့ သာသနာလမ်းမှာ အလွမ်းများ ဆိတ်သုဉ်းစေသတည်း။ ဟိုး . . မြူမှောင်ဝေကောင်း နံနက်ခင်းတွေထဲ ပိတောက်သီချင်းတွေနဲ့ သွန်း လောင်းကြ၊ အပြုံးတွေ ဖိတ်စဉ်ကြ။ တူးပို့သံတွေ

ပေါ် စကားလုံးတွေ ပြုံးပြုံးပျော်ပျော် ချော်လဲကြ။ ဩော် ရဟန်းငယ်လေးတစ်ပါးရဲ့ ပြတင်းတံခါးကို လောကုတ္တရာတစ်ခြမ်းနဲ့ ပိတ်ဆို့သင့်လိုက်ပါပေရဲ့။ ခုတော့ . . . ။

(၂)

"ဦးနော ဒီကလေ. . .
မျှသိပ်ရတာ မနည်းမနော
စောင့်ခဲ့ရတာ ဖတ်ဖတ်မော
သင်္ကြန်မတိုင်ခင် ပြတ်ပြတ်ပြော
ခင်လေးအသက် အစိတ်ပြည့်ပြီရှင့်. . . "

မိုးက ပြိုက်လိုက်၊ နေက မြှိုက်လိုက်၊ လေက တိုက်လိုက်နဲ့ ရဟန်းတစ်ပါးရဲ့ နွေဦးဒိုင်ယာရီထဲမှာ ဒီလိုမျိုး ဥပါဒါန်အရင့်အမာနဲ့ ငှက်တစ်ကောင်ဟာလည်း လာနားနိုင်တာပါပဲ။ ရဟန်းတစ်ပါးဟာ ရဟန်းဖြစ်နေရုံနဲ့ သံသရာကြောက်သူကြီးတော့ မဟုတ်ခဲ့လေဘူး။ အရိယာစည်းဝိုင်းအပြင်ဘက်မှာ ချစ်ခြင်းမေတ္တာနဲ့ ကင်းသွားပြီလို့ ခပ်တည်တည် ငြင်းခွင့်မရှိ။

ဣန္ဒြေကို ထိန်း၊ ဦးပြည်းစိမ်းစိမ်း၊ နှလုံးသားလည်း စိမ်း ၊ မတိမ်းညွတ်မိအောင် နေမယ့်ဟန်။ သင်္ကြန်တော်ဦးမှာ စိတ်ရူးကို မွေ့ခဲ့ပေါ့။ ပိတောက်ဖူးတွေ ကြွေခဲ့ပေါ့။

(၃)

"တောခိုချင်စိတ်ရယ်နဲ့ သပိတ်ကိုလွယ်
သားရေနွယ်တဲ့ ရှာတုန်း. . . . ၊
ချောင်အနီးမှာလ
မောင်ကြီးကို တချွေကိုက်လိမ့်မယ်
မင်း. . . . . လိုက်ခဲ့ဦး. . . "

ဝိမုတ္တိမုခ်ဦးမှာ ရပ်နေမိသူပေါ့။ ရဟန်းတစ်ပါးရဲ့လမ်းဟာ အနှောင်အဖွဲ့တွေကို ခွာချရစမြဲ၊ ခုတော့ ခွာချထားတာတွေကိုမှ လှအောင် ဖွဲ့မိပြန်သတဲ့။ ခြေလှမ်းဦးက တိမ်ရူးတွေ မြူးရာဆီ၊ ဩော် တိမ်တွေကြားမှာ စိတ်ဟာ ကောင်းကင်အသားစကို ဆွဲခွာမိခဲ့။ တစ်ယောက်တည်း နေချင်လို့ စိတ်လိုလက်ရနေမိတဲ့အခါ ဝိဝေကာ ချမ်းသာတဲ့၊ ခုတော့ ထီးတည်းခေါင်းပါးစွာ။ ကဗျာတွေရေးပြီး ကဗျာငတ်တဲ့ ရဟန်းတစ်ပါး။

(၄)

(ဝါး. . . ဟား. . . ဟား. . . . )
ရယ်ရတယ်ဟေ့ . . . ၊
ကိုယ်ကတော့ မရယ်နိုင် တမှိုင်မှိုင်ပေါ့ . . . ၊

အသိနဲ့သတိကို ဆွဲစပ်
တွဲကပ်ဖို့ ကြိုးစား
အာရုံကို ဆွဲစု
အလုပ်တစ်ခုထဲ သော့ခတ်ထားလိုက်
ပစ္စုပ္ပန်ကို မျှိုချလိုက်
အတိတ်တွေဟာ မိတ်ဆွေ မဟုတ်လားကွယ် . . .

လောကကို ငဲ့ပေမဲ့ လောကီမဲ့ နေ့ရက်တွေထဲ၊

မြင့်မြတ်တဲ့ ကျမ်းစာတော်တွေထဲ အသည်းကွဲရဟန်းတစ်ပါးရဲ့ နေ့ရက်တွေကို ခေါက်ညှပ်သိမ်းဆည်း။

ဘာပဲဖြစ်ဖြစ် ပြက်လုံးတစ်ခုရဲ့ ကုန်ကြမ်းလို့ ဘယ်တုန်းကမှ ခေါင်းမညိတ်ခဲ့ဘူး။

ဒါဟာ ဒေသနာနဲ့အညီ ချစ်ခြင်း၊ ဒေသနာနဲ့အညီ ကွေကွင်းခြင်း၊ ဒေသနာနဲ့အညီ သောကဒေသနာနဲ့အညီ အလွမ်း. . . ။ ဒုက္ခသစ္စာရဲ့အနက်ကို ကိုယ်တိုင်ဖွင့်ကြည့်မိတော့ ခါးတယ်။

(၅)

ဆယ်နှစ်ကျော် ပျိုးခဲ့တဲ့အပင်
အခုမှ ဖူးပွင့်စ ကိုယ့်ကို ချက်တဲ့ ဖိုချောင်ယံအတွက်
ရှင်သန်ခဲ့တဲ့ မြေယာအတွက်
အသီးလေးတော့ ကြွေချင်သေးတယ်
အစဉ်အလာအရ မင်းမှာလည်း အခြားရှိဦးမှာပါ . . . ။

ရဟန်းဆိုတာဟာ တစ်ကိုယ်တည်း လွတ်မြောက်ချင်ရုံသက်သက်လေးနဲ့
အိုးအိမ်က ထွက်လာသူမဟုတ်ပေဘူး။

မြင့်မြတ်တဲ့သာသနာ့ဝန်ကို ပခုံးနဲ့ရော စိတ်နှလုံးနဲ့ပါ ဝင်ရောက်ထမ်းရွက်ခြင်းလည်း ဖြစ်ပေရဲ့။

ဒီတော့လည်း နှောင်ဖွဲ့ချင်ရုံ သက်သက်နဲ့တော့ အိုးအိမ်ဆီ ပြန်မလှည့်သင့်ပေဘူးတဲ့။ ထမ်းလက်စဝန်ကို ဘယ်သူ့ပခုံးပေါ် ပစ်ချခဲ့မလဲ။ ဒီလိုနဲ့ သာသနာနှစ် နှစ်ထောင့်ငါးရာလွန်မြတ်သောဝန်ကို အားသွန်ခဲ့တဲ့ ရဟန်းတွေထဲ အပျော်ကို၊ ဆန္ဒကို၊ ဘဝကို မြှုပ်နှံခဲ့တဲ့ ပုထုဇဉ်ရဟန်းများကိုလည်း ငါဦးညွှတ်မိတော့ရဲ့။

ရဟန်းတစ်ပါးအဖြစ် ပျိုးမိတဲ့အပင်က သီးနေပြီပဲကွယ်။ အဲဒီပန်းကို တစ်ယောက်တည်း မပန်ပါတော့နဲ့လား။

ရဟန်းတစ်ပါးရဲ့ ဖြစ်စဉ်မှာ အသက်ရှူသံများစွာရဲ့ ချွေးနံ့တွေ လွင့်လာတယ်။ ရဣပိဏ္ဍဆိုတဲ့ စကားလုံးဟာ တိုင်းသားပြည်သူတို့ရဲ့ ဆွမ်းတဲ့။ သာသနာတော်အတွက် ရဟန်းတစ်ပါး ပေးဆပ်ရမယ့် လေးလံတဲ့ ကြွေးမြီ။


**မိုးက ပြိုက်လိုက်၊ နေက မြှိုက်လိုက်၊ လေက တိုက်လိုက်နဲ့ ရဟန်းတစ်ပါးရဲ့နွေဦးဒိုင်ယာရီထဲမှာ ဒီလိုမျိုး ဥပါဒါန်အရင့်အမာနဲ့ ငှက်တစ်ကောင် ဟာလည်း လာနားနိုင်တာပါပဲ။ ရဟန်းတစ်ပါးဟာ ရဟန်းဖြစ်နေရုံနဲ့ သံသရာကြောက်သူကြီးတော့ မဟုတ်ခဲ့လေဘူး။**

ရှင်သန်ခဲ့တဲ့ မြေယာအတွက် အသီးလေး တော့ ကြွေချင်သေးတယ်တဲ့။ ဩော် . . .။

နှစ်ယောက်အတွက် တစ်ကမ္ဘာထက် တစ်ကမ္ဘာအတွက် နှစ်ယောက်ဖြစ်ကြစို့ လား။

(၆)

"ဒီကောင်လေးက အေးပါတယ်

သတင်းစကား ချိုလား ခါး လား. . .

နှလုံးသားက ငိုလား ပြုံးလား. . . .

လက်ကိုင်တရား တောင်သွား မြောက်သွား . . ."

စွန့်လွှတ်ရခြင်းမှာ ရဲရင့်ရပါတယ်။ ပေးဆပ်ရခြင်းမှာ အားစိုက်ထူထောင်ရပါ တယ်။

ရဟန်းတစ်ပါးရဲ့ နှလုံးသားမှာ ကရုဏာတွေ စိုလက်နေခဲ့တာပါပဲ။




**ကရုဏာမှာစွဲလမ်းကပ်ငြိမှု ပါဝင်ကြောင်းမငြင်းလိုတော့ပေမဲ့ ရဟန်းဘဝဆိုတာနာကျင်နေတဲ့ လောကကမ္ဘာမြေအတွက် အရိပ်ရသစ်တစ်ပင်ဖြစ်ကြောင်း သေချာတဲ့နေ့စွဲတွေဆီနှလုံးသား ကိုချိတ်ဆက်ခင်းကျင်းလိုက်ပြီ။**

ကရုဏာမှာ စွဲလမ်းကပ်ငြိမှုပါဝင်ကြောင်း မငြင်းလိုတော့ပေမဲ့ ရဟန်းဘဝဆိုတာ နာကျင်နေ တဲ့ လောကကမ္ဘာမြေအတွက် အရိပ်ရသစ်တစ်ပင် ဖြစ်ကြောင်း သေချာတဲ့နေ့စွဲတွေဆီ နှလုံးသားကို ချိတ်ဆက်ခင်းကျင်းလိုက်ပြီ။

'နှမလက်လျှော့နေလေတော့' ထက် 'မောင်ကြီး လက်လျှော့လိုက်ပါရစေတော့'. .။

တိုးတိုးရွတ်မိတဲ့ နာမည်ကို လောကဆွေမျိုး တွေထဲမှာပဲ ဖြတ္တစိုရ်သံဝဲဝဲလေးနဲ့ ခပ်ကျဲကျဲ ရေးထိုးလိုက်ပါရစေတော့။

ဩော် အနာတရဖြစ်နေတဲ့ လက်ကလေး တစ်စုံဟာလည်း နာကျင်နေတဲ့ လက်ကလေးတွေ ကို ဖွဖွလေး ဆုပ်ကိုင်ဖြေ သိမ့်နိုင် တာပဲ မဟုတ် လား။

(၇)

တွေ့တဲ့လူနဲ့ သင့်အောင်ပေါင်း

သာအေးက အသာလေး ကျွေးနိုင် တယ် ခင်လေး

သူ့ဆိုက်ကားလေး ရှိနေသရွေ့ပေါ့. . .၊

မင်း နေကောင်းရင်ပြီးတာပဲ. . .။

ဒီလိုပါပဲ။ ဒီစာကြောင်းလေးရေးမိမှတော့ ဒီအမှတ်ထက် ပိုမရနိုင်တော့ဘူးပေါ့။ ငယ်ငယ် တုန်းက စာဖြေခန်းထဲမှာ ရခဲ့တဲ့အမှတ်လေးတွေ ရင်ခုန်စရာကောင်းနေတုန်းပဲ။

အခုတော့ နှလုံးသားမှာ ကြက်ခြေတွေ လှောင်ပိတ်နေပေမဲ့ အပြုံးမှာ မင်နီတွေ မစွန်း စေနဲ့။

နာတာတော့ နာတာပါပဲလေ။ ဘာပဲဖြစ်ဖြစ် ကျန်းမာရေးတော့ ဂရုစိုက်ပေါ့။

စိတ်လက်စ ပုတီးလေးဆက်စိတ်။ မှတ်လက် စတရားလေး ဆက်မှတ်၊ ဖတ်လက်စ စာအုပ်လေး ဆက်ဖတ်. . .။

ဩော် . . . .

လွတ်သွားတဲ့ ငါးက ကြီးလိုက် သေးလိုက် . . .၊

ကိုယ့်အလုပ်က ပူလိုက် အေးလိုက် . . .၊

ရှေ့ခရီးက မြင့်လိုက် ဝါးလိုက်. . . . .၊

ကိုယ့်ပန်းတိုင်က ဖြူလိုက် မည်းလိုက် . . .၊

ပုထုဇဉ်ဘဝ ဖုတ်လိုက် ဖုတ်လှိုက်. . .။

ကိုနော

(မိတ်ဆွေရဟန်းတော် ဘလော့ဂါကိုနောရဲ့ ကဗျာနောက် ကပ်လိုက်သွားမိတာပါ၊ ကိုနော လျှောက်တဲ့ဆီ မရောက်ခဲ့ရင်တော့ ကဗျာရေးသူရဲ့ ခြေရာမထင်ကျန်မှုသာ အပြစ်တင်ဖွယ်ရှိကြောင်း နဲ့၊ ခင်လေးဟူသော ဝေါဟာရကို အဘိဓာန်များက မဖွင့်ဆိုသောကြောင့် ချန်လှပ်ခဲ့ရပါကြောင်း။)

**မမွှေဂင်္ဂါ**

**ယခင် ကိုနောတစ်ယောက်တည်း ခြောက်တဲ့ တစ္ဆေတို့ ရဟန်းနှင့် . . . ဆီးရီးတွင် နာမည် အသစ်ဖြင့် ပြန်လည်ဖော်ပြခြင်းဖြစ်သည်။**

# 7 Day News ဂျာနယ်ရဲ့ ၁၂ နှစ်ပြည့်အခမ်းအနား









7 Day News ဂျာနယ်ရဲ့ ၁၂ နှစ်ပြည့် အခမ်းအနားကို မတ်လ ၂ ရက်နေ့က ကုန်သည်ကြီးများဟိုတယ် (ရန်ကုန်)မှာကျင်းပပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားမှာ အယ်ဒီတာချုပ် ဦးသောင်းစုငြိမ်းက အမှာစကားပြောကြားခဲ့ပြီး နှစ်စဉ်ပေးအပ်နေကျဖြစ်တဲ့ 'Best Reporter of the Year 2013' ဆု၊ 7 Day News နဲ့ ဆက်သွယ်အကျိုးပြုနေကြတဲ့ ဖြန့်ဖြူးရေးအရောင်းကိုယ်စားလှယ်၊ ပုံနှိပ်တိုက်များအပြင် 7 Day Newsရဲ့ ပင်တိုင်ဆောင်းပါးရှင်၊ သရုပ်ဖော်ပညာရှင်၊ ကာတွန်းပညာရှင်တို့ကို ဂုဏ်ပြုဆုများပေးခဲ့ပါတယ်။ ဒါ့အပြင် '7 Day Hero Award 2013' ဆုများကိုလည်း ပေးခဲ့ရာ မိတ္ထီလာမြို့ အကြမ်းဖက်မှုမှာ ဒုက္ခသည်များကို ကယ်တင်ပေးခဲ့တဲ့ ရတနာဦးကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်ဦးဝိသုဒ္ဓ၊ ငြိမ်းချမ်းရေးအတွက် ဂစ်တာတီးနေသူ ဦးရဲလွင်၊ ပင်းတယဆေးရုံအုပ် ပြည်သူ့ဝန်ထမ်းကောင်း ဒေါက်တာ သန်းမင်းထွန်း၊ မသန်စွမ်းရေကူးအားကစားသမားအောင်ငြိမ်းဦး တို့ကိုပေးခဲ့ပြီး ဦးရဲနိုင်မိုး၊ ဦးကိုကိုကြီး (၈၈ မျိုးဆက်)၊ နိုင်ငံတော် သမ္မတစီးပွားရေးအကြံပေးပုဂ္ဂိုလ်ဒေါက်တာဇော်ဦး၊ ဒေါက်တာဆလိုင်းလျန်နှုန်းဆာခေါင်းတို့က '၂၀၁၅ ရွေးကောက်ပွဲနဲ့ နိုင်ငံရေး၊ စီးပွားရေး အလားအလာ'စကားဝိုင်းကို ဆွေးနွေးခဲ့ကြပါတယ်။

# အဆုံးမဲ့ခရီးသည်လမ်းပြကြယ် ပညာပေးတီဗီဇာတ်လမ်းတွဲ



လူငယ်ဖွံ့ဖြိုးမှုအစီအစဉ် (မြန်မာနိုင်ငံဆရာဝန်အသင်း) မှ စီစဉ်တင်ဆက်သည့် 'အဆုံးမဲ့ ခရီးသည်လမ်းပြကြယ်' ပညာပေးတီဗီဇာတ်လမ်းအားရုပ်သံလိုင်းများသို့ ပေးအပ်ခြင်းအခမ်းအနားကို မတ်လ(၆) ရက်နေ့က လူငယ်ဖွံ့ဖြိုးမှုအစီအစဉ် ရုံးခန်းတည်ရှိရာ မြန်မာနိုင်ငံဆရာဝန် အသင်း (ရန်ကုန်) မှာကျင်းပပြုလုပ်ခဲ့ပါတယ်။ လူငယ်ကြယ်ပွင့်လေးတွေ အကြောင်းကို ခေတ်နဲ့အညီ စိတ်ကူးပုံဖော်တင်ဆက်ထားတဲ့ အဆိုပါ 'အဆုံးမဲ့ ခရီးသည်လမ်းပြကြယ်' ဇာတ်လမ်းမှာ ဇင်မိုး၊ ကျော်စု၊ စိုးထက်အောင်၊ ပြည့်ဖြိုးအောင်၊ မေ၊ ရွှေသမီး၊ ဟန်နီနှင်းအိမ်၊ ကြူကြူစိုးစတဲ့ လူငယ်သရုပ်ဆောင်များပါဝင်ထားပြီး လင်းမီးလက်ရဲ့ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမျိုးမြင့်ဆွေက ရိုက်ကူးပေးထားပါတယ်။ လူငယ်တွေအားလုံးကြည့်ရှုသင့်တဲ့ ပညာပေးဇာတ်လမ်းတွဲကို ရုပ်သံလိုင်းများအားလုံးသို့ ပေးအပ်ခဲ့ပြီး ဇာတ်လမ်းရိုက်ကူးထုတ်လုပ်ရခြင်းအကြောင်းကို ဒေါက်တာခိုင်စိုးဝင်း (စီမံချက်အရာရှိ)က ရှင်းလင်းပြောကြားပေးခဲ့ပါတယ်။

## ဆရာဦးစိုးဝင်းငြိမ်းရဲ့ Portraits စာအုပ်မိတ်ဆက်ပွဲ







ဆရာဦးဝင်းငြိမ်းရဲ့ ဘဝတစ်လျှောက်မှာ ရိုက်ကူးထားတဲ့ အနုပညာရှင်များ၊ သတင်းစာဆရာ၊ ဆရာမများ၊ စာရေးဆရာ၊ ဆရာမများရဲ့ ဓာတ်ပုံပေါင်း ၁၅၀ ကျော်ပါဝင်သည့် Portraits ပုံများကို စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်ပြီး မိတ်ဆက်ပွဲအခမ်းအနားကို မတ်လ (၃) ရက်နေ့ ညနေ (၃) နာရီမှာ လောကနတ်ပန်းချီပြခန်းမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ မိတ်ဆက်ပွဲမှာလည်း ပါဝင်သူများ၏ Portraits ပုံများကို ခင်းကျင်းပြသထားတယ်လို့ သတင်းရရှိပါတယ်။

## လေထန်ကုန်း ၂၅ နှစ်ပြည့် အထိမ်းအမှတ်ပွဲ



မြန်မာစာပေချစ်သူတိုင်းရဲ့ နှလုံးသားလို့ တင်စားနိုင်တဲ့ လေထန်ကုန်း ၁၅ နှစ်ပြည့်အထိမ်းအမှတ် အမှတ်တရအခမ်းအနားကို မတ်လ (၁) ရက်နေ့ နေ့လယ် ၂ နာရီမှာ ၃၃ လမ်းပေါ်ရှိ သာသနာ့ဟိတဓမ္မာရုံမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားသို့ စာပေလောကမှ စာရေးဆရာ၊ ဆရာမများ၊ ကာတွန်းဆရာများ၊ သရုပ်ဖော်ပန်းချီဆရာများစုံစုံညီညီ တက်ရောက်ခဲ့ကြပါတယ်။ လေထန်ကုန်း ၂၅ နှစ်ပြည့်အခမ်းအနားမှာ ကဗျာဆရာ မောင်စိမ်းနီနဲ့ ဆရာဟိန်းလတ်တို့က အမှတ်တရ စကားပြောခဲ့ကြပြီး ကဗျာရွတ်ပွဲလည်း ကျင်းပပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

## Padamyar FM ရဲ့ Radio to Live



Padamyar FM မှ စီစဉ်သော Radio to Live အခွေကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၈ ရက်နေ့က Junction Square ရှိ Junction Cineplex တွင် စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါပွဲတွင် စည်သူလွင်၊ ထူးအယ်လင်း၊ L လွန်းဝါ၊ သားသား၊ ရဲရင့်အောင်၊ Ar- T၊ ဂျက်ဆန်ထွန်း၊ မရန်ဆိုင်းနော်၊ သာဒီးလူ၊ အေသင်ချိုဆွေ၊ အိမ့်ချစ်၊ ချမ်းချမ်း၊ နီနီခင်ဇော်၊ နေနေနဲ့ Jewel တို့ တက်ရောက်လာပြီး ပရိသတ်များကို အမှတ်တရလက်မှတ်ရေးထိုးပေးခဲ့သည်။ ပတ္တမြားအက်ဖ်အမ်ကို မတ်လ ၁ ရက်နေ့က စပြီး 88.5 MHz မှ စတင်နားဆင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

## Disco ဘုရင်မပြန်လာပြီ Live Show စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနား




တစ်ခေတ်တစ်ခါက ပရိသတ်များ ကြိုက်နှစ်သက်အားပေးခဲ့ရသည့် အဆိုတော် နော်လီဇာ၏ 'Disco ဘုရင်မပြန်လာပြီ' တစ်ကိုယ်တော် Live Show စာနယ်ဇင်းမိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်၊ မွန်းလွဲ ၁ နာရီ တွင် Orchid Hotel ၌ ကျင်းပခဲ့ပါသည်။ KK နှင့် MK Media တို့မှ ပူးပေါင်းတင်ဆက်သည့် အဆိုပါ Live Show ပွဲကြီးကို မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် မတ်လ ၂၂ ရက်၊ ည ၇ နာရီမှ ၁၁ နာရီအထိ ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း သိရှိခဲ့ပါသည်။ အဆိုပါဖျော်ဖြေပွဲတွင် အဆိုတော် နော်လီဇာ၏ အောင်မြင်ကျော်ကြားခဲ့သော တေးသီချင်းပေါင်းများစွာကို သီဆိုဖျော်ဖြေပေးမှာဖြစ်ပါသည်။ ထိုပွဲတွင် မေခလာ၊ ကော်နီ၊ ချောစုခင်၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ ဘရိတ်ကီတို့မှလည်း ပါဝင်အားဖြည့် သီဆိုမည်ဟု သိခဲ့ရပါသည်။

## SAMSUNG Brand Shop Opening Ceremony



Samsung Showroom သည် Samsung ၏ တရားဝင်ခွင့်ပြုချက်ဖြင့် Jaymart Mobile မှ ဖွင့်လှစ်ထားသော Offical Samsung Showroom တစ်ခုဖြစ်ပြီး ယခုအခါတွင် ရန်ကင်းမြို့နယ် ဦးချစ်မောင်လမ်းတွင်လည်း Samsung Showroom တစ်ခု ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ ဦးချစ်မောင်လမ်းတွင် ဖွင့်လှစ်ထားသည့် Samsung Showroom တွင် ရောင်းချပေးမည့် Samsung ပစ္စည်းများသည် Samsung မှ တိုက်ရိုက်မှာယူထားသည့် စစ်မှန်သော Samsung Product များဖြစ်ပါသည်။ တခြား Samsung Showroom တိုင်းနှင့် တူညီသည့် မှန်ကန်သော ဈေးနှုန်းများ၊ Samsung မှ ပေးအပ်ထားသော Offical Warranty အတိုင်း ရောင်းချသွားမည်ဟု သိရှိခဲ့ရသည်။ ဆိုင်ဖွင့်ပွဲကာလအတွင်း ဝယ်ယူသော Customer များကို ဗလာမပါကံစမ်းမဲများ၊ ချက်ချင်းဝယ် ချက်ချင်းရ ကံစမ်းမဲများအပြင် အခြားစိတ်ဝင်စားဖွယ် Promotion များလည်း ထည့်သွင်းရောင်းချသွားခဲ့ပါသည်။



## Celebrating PHILIPS AVENT in Myanmar အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပ

PHILIPS AVENT မှ စီစဉ်ကျင်းပသည့် 'Celebrating Philips AVENT in Myanmar' အခမ်းအနားကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့၊ ညနေ ၄း၀၀ နာရီအချိန်တွင် Junction Square Outdoor (Foundation Area) မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါသည်။ အဆိုပါပွဲတွင် ကလေးငယ်များ လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားနိုင်အောင် ဂိမ်းကစားနည်းမျိုးစုံ ပြုလုပ်ပေးထားပြီး PHILIPS AVENT မှ ကုန်ပစ္စည်း များကို လွယ်ကူသက်သာစွာ ဝယ်ယူနိုင်အောင် အထူးလျှော့ဈေးများဖြင့် ရောင်းချပေးခဲ့သည်။ ထို့အပြင် တက်ရောက်လာကြသော ဧည့်သည်များထဲမှ ခုနစ်လ၊ ရှစ်လလွယ် ကိုယ်ဝန်ဆောင်မိခင် ၁၀ ဦးကို PHILIPS AVENT မှ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ပါသည်။ အဆိုပါပွဲသို့ သရုပ်ဆောင် အကယ်ဒမီ ချောရတနာ၊ သရုပ်ဆောင်ဆန်းထွဋ်နှင့် ဇနီး၊ အဆိုတော် ကျားပေါက်နှင့် ဇနီးတို့ တက်ရောက်လာပြီး ကလေးငယ်များ၏ သီဆိုဖျော်ဖြေမှုများဖြင့် PHILIPS AVENT ကုန်ပစ္စည်းများကို တင်ဆက်ပြသခဲ့သည်။




special cover

# IMAGE

MODEL . MAY KABYAR
make up . NGE NGE (AUNG AUNG-TAUNGGYI)
DESIGNER . mu dra (much & more fashion)
photo . JASON (SENSE PHOTOGRAPHY)
ARRANGED by PHYOE SU PO PO



special cover
IMAGE


special cover
IMAGE



special cover
IMAGE



special cover
IMAGE



special cover
# IMAGE



*special cover*
# IMAGE


special cover
IMAGE



special cover
IMAGE



special cover
# IMAGE


Love
fresh.april!
model . THU RI YA, THANZIN THITSAR
MAKE UP . gucci aung (sanchaung)
photo . KO HAING (POPULAR)
ARRANGED BY nay yi lin


Love
fresh, april!
CONVERSE


Love
fresh, april!




MODEL . POE EI PHYU ZIN / MAKE UP , AWLAY (DECEMBER HNIN)
DESIGNER , SHARTRA

MODEL . MAY/ MAKE UP , YARZAR
DESIGNER , NYO MAR THANT (PHU THIT)

ARRANGED BY , PHYOE SU PO PO , THIDA SOE , EI EI HTWE
PHOTO . KO NAING ( POPULAR)




MODEL . DAUNG
DESIGNER . KO ZAY (VAMPIRE FASHION)

MODEL . SI THU WIN
JEANS . NOBODY



DESIGNER , SHARTRA

DESIGNER . NYO MAR THANT (PHU THIT)




DESIGNER , KO ZAY (VAMPIRE FASHION)

DESIGNER . NYO MAR THANT (PHU THIT)


DESIGNER . NYO MAR THANT (PHU THIT)
DESIGNER , SHARTRA
COLORFUL THINGYAN




DESIGNER . NYO MAR THANT (PHU THIT)

DESIGNER , KO ZAY (VAMPIRE FASHION)




make up . wine ( december hnin ) / dress. too cool girls' collection
photo . jason ( sense photography )
arranged by thida soe

၂၀၁၃ မှာ ခေတ်စားလာခဲ့တဲ့ အဖြူ၊ အနက် အစင်းအင်္ကျီလေးတွေဟာ အခု ၂၀၁၄ မှာလည်း ရိုးမသွားဘဲနဲ့ လူငယ်တွေ ကြိုက်နေဆဲပါ။ ခေတ်မီပြီး လွတ်လပ်ပေါ့ပါးတဲ့ ဒီလိုပေါ့ပါးတဲ့ ဒီလိုဝတ်စုံလေးနဲ့ သင်္ကြန်မှာ ကဖို့ အဆင်ပြေတယ်ဟုတ်။

Color

တောက်တောက်လေးတွေကလည်း
သင်္ကြန်အတွက်ဆို အရမ်းကို
မိုက်တဲ့အရောင်လေးတွေပါ။
ရေစိုနေတဲ့ ပျိုမေတွေကြားမှာ
ကိုယ့်အလှကို ထင်ပေါ်စေတာပေါ့။



April ရဲ့
သင်္ကြန်မှာ နွေရဲ့ပူပြင်းမှုကို
အံတုနိုင်ဖို့
နေကာမျက်မှန်ကလည်း
လိုအပ်တာပေါ့။
သင်္ကြန်ပျိုမေလေးတွေရဲ့
မျက်လုံးလေးတွေ အန္တရာယ်
မဖြစ်အောင်
နေကာမျက်မှန်လေးတွေ
ဆောင်ထားသင့်တယ်နော်။



updating fashion
model . aerial thura


01
02
03
updating fashion
model . aerial thuta



updating fashion
model . aerial thuta


updating fashion
model . aerial thuta
01
02
03



# NOW YOU SEE ME

MODEL . PATRICIA / MAKE UP . MA HTET ( POP SOUL )
DESIGNER. KAUNG SETT THU
LOCATION . ROYAL GREEN RIVER LUXURY RIVER CRUSIER
PHOTO . KO LINN (STUDIO - K)
ARRANGED BY THIDA SOE






# NOW YOU SEE ME





# NOW YOU SEE ME


NOW YOU SEE ME



# NOW YOU SEE ME



# NOW YOU SEE ME



# MOD MOM

MODELS . ONE, PHIT PHIT THONE / MAKE UP . ZAW ZAW
MODELS. YIN YIN MIN , IKEY / HAIR STYLE. SPA CHANNEL
PHOTO. AYE ZAW MOE (SETTHMU)
ARRANGED by PHYOE SU PO PO



MOD MOM

MODEL . ONE, PHIT PHIT THONE / YIN YIN MIN , IKEY



# MOD MOM

MODEL . ONE, PHIT PHIT THONE



# MOD MOM

MODELS. YIN YIN MIN , IKEY



# MOD MOM

MODEL . ONE, PHIT PHIT THONE



# MOD MOM

MODELS. YIN YIN MIN , IKEY



# MOD MOM

MODELS . ONE
PHIT PHIT THONE
YIN YIN MIN
IKEY





# *Attractive* GIRL

model . nan nan thet wai
make up . chris
dress designer . soe soe nyan ( ssn fashion )
photo . nay yan
arranged by nay yi yi lin



# Attractive GIRL


Attractive
GIRL



မော်ဒယ် စံရတီမိုးမြင့်
မိတ်ကပ် Hello(မခိုင်မချို)
ဒီဇိုင်နာ စိုင်းလတ်(MAKA)
မိုးထည် ရွှေပြည်စိုး
နေရာ ဗိဿနိုးပန်းချီပြခန်း
ဓာတ်ပုံ ကိုနိုင်(ပေါ်မြူလာ)
မီးစဉ်သူ သီတာစိုး

# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်







# Audience of Celebrities' Choice

**Model** - Phyoe Ngwe Soe, Zin Cho Naing Oo
**Make up** - Hello / **Dress for Audience** - Pretty Girl
**Photo** - Ko Naing (Popular) / **Arranged By** - Thida Soe



April လရဲ့ Audience of Celebrities' Choice ကဏ္ဍမှာတော့ သရုပ်ဆောင် ဖြိုးငွေစိုးနဲ့ ပရိသတ် ဇင်ချိုနိုင်ဦးတို့ရဲ့ တွေ့ဆုံမှုလေးပါ။ လန်းဆန်းတဲ့ ဖက်ရှင်၊ ချစ်ဖို့ကောင်းတဲ့ အပြုံး၊ သွက်လက်တဲ့ အိုက်တင်တွေနဲ့ ပုံရိပ်များကို ပရိသတ်များ ကြည့်ပြီး ကြိုက်နှစ်သက်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ နောက်လမှာ ဖော်ပြပေးမယ့် Audience of Celebrities' Choice ကဏ္ဍကိုလည်း စောင့်ကြည့်အားပေးကြပါဦးနော်။ မြန်မာတွေရဲ့ နှစ်သစ်သင်္ကြန်မှာ ပရိသတ်များအားလုံး အေးချမ်းပျော်ရွှင် ချမ်းမြေ့ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ရှင်။







**အစ်ကိုက ဟာသကားလေးတွေ ရိုက်တာများတယ်လေ။ အစ်ကိုရိုက်တဲ့ ဟာသကားတွေကိုကြိုက်လား။ ဘယ်လိုအရွယ်မျိုးတွေက ပိုကြိုက်လဲ။**

အစ်ကိုရိုက်တဲ့ကားတွေထဲမှာ ဟာသကားတွေကို ပိုကြိုက်ပါတယ်။ ဘယ်လို အရွယ်တွေက ပိုကြိုက်လဲဆိုတာကို ပြောဖို့ကျတော့ အိမ်က အဒေါ်ကျတော့ အစ်ကို့ကိုဟာသကားနဲ့ ပိုလိုက်တယ်လို့ ပြောတယ်။ ညီမရဲ့ သူငယ်ချင်းတွေကလည်း ကိုဖြိုးငွေစိုးက ဟာသကားတွေနဲ့ ပိုလိုက်တယ်လို့ ပြောကြတယ်။ အဲဒီတော့ လူကြီးလူငယ် ခွဲခြားဖို့ကျတော့ မလွယ်ဘူးလေ။

ဟာသလုပ်တဲ့အခါ အစ်ကိုနဲ့ လူရွှင်တော်တွေ ပေါင်းပြီးလုပ်တဲ့ ဟာသတွေရှိတယ်။ တချို့ကားတွေမှာကျတော့ လူရွှင်တော်တွေမပါဘဲ ဇာတ်လမ်းကြောင့်ရယ်ရတာရှိတယ်။ အစ်ကိုကတော့ အခုနောက်ပိုင်းမှာ ဇာတ်လမ်းကြောင့်ရယ်ရတာကိုပိုရိုက်ချင်တယ်။ ညီမအမြင် ကကော . . .

ညီမအမြင်ကတော့ အစ်ကို့ကားတွေ တော်တော်များများက လုပ်ပြီးတော့ ဖြစ်တဲ့ ဟာသမျိုးမဟုတ်ဘဲနဲ့ သရုပ်ဆောင်ရင်းနဲ့ ရယ်သွားရတယ်လို့ပဲ မြင်ပါတယ်။ အစ်ကို့ကား တွေက အခုနောက်ပိုင်းမှာ ဇာတ်လမ်းကြောင့် ရယ်ရတဲ့ ကားတွေပဲ ထွက်တာကိုလည်း တွေ့ရပါတယ်။ ညီမအနေနဲ့ကတော့ ကြည့်ရတာအဆင်ပြေပါတယ်။

အစ်ကို့အသက်အရွယ်က လူငယ်ချာတိတ်လို့လည်း ပြောလို့မရဘူး။ လူကြီးလို့လည်း ပြောလို့မရဘူးဖြစ်နေတော့ တစ်ခါတလေမှာ ဇာတ်ကားလက်ခံဖို့အတွက် အရမ်းစဉ်းစားရတယ်။ ကိုကျော်ရဲအောင်လို ဇာတ်ကောင်မျိုးနဲ့ လိုက်လား။ ဒါမှမဟုတ် ပုံမှန်လူငယ် ကာရိုက်တာနဲ့ ပိုလိုက်တယ်ထင်လား။ ပရိသတ်တစ်ယောက်အနေနဲ့ ညီမရဲ့ အမြင်က။

ကိုကျော်ရဲအောင်လို ဇာတ်ရုပ်မျိုးတွေနဲ့ သရုပ်ဆောင်ဖို့ မလိုက်သေးဘူးလို့ ထင်တာပဲ။ စောသေးတယ်(ရယ်လျက်)။ နုသေးတယ်(ရယ်လျက်)။

**အစ်ကိုနဲ့ ရိုက်ဖို့ ဖိတ်ခေါ်ထားတာကိုတွေ့လို့ Form တင်ဖြစ်ခဲ့တာလား။**

ဟုတ်ကဲ့ . . . ညီမက အစ်ကိုနဲ့ တွဲရိုက်ထားဖို့ ဖိတ်ခေါ်မှ Form တင်ဖြစ်ခဲ့တာပါ။ ညီမက အစ်ကို့ရဲ့ ဟာသကားလေးတွေကို သဘောကျတယ်။ အစ်ကို့ရဲ့ ပရိသတ်တစ်ယောက်ပါ။

**အစ်ကိုရဲ့ ဇာတ်ကားတွေနဲ့ ပတ်သက်ပြီး ဝေဖန်ပေးပါဦး။**

အစ်ကို့ရဲ့ ဇာတ်ကားတွေက ကြည့်ရတာကောင်းပါတယ်။ သရုပ်ဆောင်တာကလည်း သဘာဝကျပါတယ်။ ညီမကတော့ ဟာသကားလေးတွေကို ပိုကြိုက်တယ်။ အစ်ကိုက ဟာသဇာတ်ရုပ်လေးတွေနဲ့ ပိုလိုက်ပါတယ်။



**Audience ဖင်ချိုနိုင်ဦးရဲ့ ဒီကဏ္ဍပေါ် အမြင်**

ဒီကဏ္ဍလေးကို ရတီစဖတ်ကတည်းက အကြိုက်ဆုံးကဏ္ဍလေးပါ။ ကိုယ်သဘောကျတဲ့၊ ကိုယ့်ထက်စီနီယာကျတဲ့ Celebrity နဲ့ တွဲရိုက်ရတဲ့ အတွက် အရမ်းပျော်တယ်။ ကိုယ်သိချင်တာလေးတွေကို မေးရတဲ့အတွက် ကိုယ့်မှာ အသိပညာတွေ အများကြီးရတယ်။ အစ်ကိုသိချင်တာတွေ ဖြေပေးရတဲ့အတွက် ရင်ခုန်ဖို့လည်း ကောင်းတယ်။ ပျော်ဖို့လည်း ကောင်းတယ်။ ဓာတ်ပုံတွဲရိုက်တဲ့အချိန်မှာ အစ်ကိုကလည်းသင်ပေးတဲ့ အတွက် အရမ်း အဆင်ပြေပါတယ်။

**ပရိသတ်အမေး အနုပညာရှင်အဖြေ**

**ညီမကို ဘယ်လိုကြောင့် ရွေးဖြစ်ခဲ့တာလဲ ဆိုတာကို သိချင်တယ်။**

မဂ္ဂဇင်းက အစ်ကို့ကို ဓာတ်ပုံလာပြတယ်။ အစ်ကိုက ဘာကိုကြည့်ပြီးရွေးလဲဆိုတော့ ဓာတ်ပုံထဲမှာပေါ်တဲ့ ရုပ်ထွက်ကိုကြည့်တယ်။ နောက်တစ်ခုက နည်းနည်း Sweet ဖြစ်တာကို ပိုပြီး စဉ်းစားတယ်။ ကိုယ်နဲ့ ရိုက်မယ့်သူက Sweet ဖြစ်နေရင် ဓာတ်ပုံရိုက်ရင် ဘယ်လိုပုံစံမျိုးလေးလုပ်မလဲဆိုပြီး စဉ်းစားတယ်။ ပြီးတော့ ဒီကောင်မလေးက ငါထက်အရပ်ပုမှာသေချာ

တယ်လို့ ထင်တယ်(ရယ်လျက်) မမိမကမ်းပုံလေးတွေ ရိုက်ရင်ချစ်စရာကောင်းတယ်။ ပရိသတ်တွေကိုလည်း ချစ်စရာကောင်းတဲ့ ပုံရိပ်တွေနဲ့ ပျော်စရာကောင်းတဲ့ ပုံရိပ်တွေကို မြင်စေချင်၊ ကြည့်စေချင်တယ်။

**ညီမလည်း အနုပညာအလုပ်တွေ စလုပ်နေတာဆိုတော့ အစ်ကိုက ညီမထက် အများကြီး စီနီယာကျပါတယ်၊ အနုပညာနဲ့ ပတ်သက်ပြီး ညီမကို အကြံဉာဏ်ပေးတဲ့ စကားလေးတွေ ပြောပြပေးပါဦး။**

အစ်ကိုတို့ ငယ်ငယ်တုန်းက ဒီအသိုင်းအဝိုင်းထဲမှာ ကြီးပြင်းလာတာပေါ့နော်။ အစ်ကို့အဘွားက မိတ်ကပ်သင်တန်းကျောင်းတွေ ဖွင့်တယ်။ အဲဒီတော့ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေကြားမှာကြီးပြင်းလာတာပေါ့။ ဒီအလုပ်လုပ်မယ်ဆိုတော့ လူကြီးတွေက ပြောကြတယ်။ သေချာစဉ်းစားပါ။ ဒီအလုပ်ကဝင်ပြီးရင် ပြန်ထွက်လို့မရဘူး။ နည်းနည်းလေးစမိတာနဲ့ အောင်မြင်သည်ဖြစ်စေ မအောင်မြင်သည်ဖြစ်စေ နောက်ပြန်ဆုတ်လို့ရတဲ့ ထုံးစံမရှိဘူးပေါ့။ ဆိုက်ကားစီးလို့မရ ဘတ်စ်ကားစီးလို့မရ ဖြစ်တတ်တယ်။ အဲဒါက တကယ်ဟုတ်တယ်။ ဒီအလုပ်စလုပ်တဲ့အခါမှာ ကိုယ့်ကို လူကနည်းနည်းသိသွားပြီ။ သိသွားတဲ့အချိန်မှာ ကိုယ်က ဒီအလုပ်ကို မလုပ်ချင်လို့ပဲဖြစ်ဖြစ် အကြောင်းတစ်ခုခုကြောင့် တခြားအလုပ်တစ်ခုခု ပြောင်းချင်တယ်ဆိုရင်တောင် မလွယ်တော့ဘူး။ လူသိတဲ့ လူတစ်ယောက်ဖြစ်သွားပြီလေ။ ဘယ်ကိစ္စမဆို လုပ်ရတာ အခက်အခဲရှိတာပဲ။ ဒီတော့ အနုပညာအလုပ်ကို မလုပ်ခင်မှာ သေချာစဉ်းစားပါ။ ပြီးတော့ ဒီအလုပ်က အချိန်အရမ်းပေးရတယ်။ ကိုယ်ကြိုးစားတိုင်းလည်း မဖြစ်ဘူး။ တော်တိုင်းလည်းမဖြစ်ဘူး။ အရမ်းတော်နေပါစေ သူ့အချိန်အခါ မတိုက်ဆိုင်ရင် ဘာမှမဖြစ်ဘူး။ ကိုယ်ဆိုရင် ဒီအလုပ်လုပ်တာ ၁၀ နှစ်နီးပါးကြာမှ အခုလို အနေအထားမျိုးလေးကို ရပ်တည်နိုင်တာ။ ၁၀ နှစ်ဆိုတာ လူငယ်တစ်ယောက်ရဲ့ ဘဝမှာ အချိန်တွေ အများကြီး ပေးခဲ့ရတာလေ။ ကိုယ်ဆို ၁၀ တန်းအောင်ပြီးကတည်းက ဒီအလုပ်လုပ်လာတာ အဆင်ပြေပြေနဲ့ ကိုယ်လုပ်ချင်တာလေးတွေကို အေးအေးဆေးဆေး လုပ်နိုင်တာနှစ်ပိုင်းပဲ ရှိသေးတယ်။ တခြားအရင်းအနှီးတွေဖြစ်တဲ့ လူမှုရေးတွေ၊ ပညာရေးတွေလည်း ရင်းနှီးရတယ်။ ကိုယ်ဆို နိုင်ငံခြားမှာ ကျောင်းသွားတတ်ဖို့က ခေါ်တဲ့လူ ရှိတယ်။ ကိုယ်မလိုက်ခဲ့ဘူး။ ဒီအနုပညာ အလုပ်က တော်တော်လေးဖွဲ့ရှိမှ ဖြစ်မှာပါ။ ပြီးတော့ အစ်ကိုပြောတဲ့ အခက်အခဲတွေကို ဘယ်သူမဆို ကြုံမှာပဲ။ အဲဒါတွေကို ခံနိုင်ရည်ရှိဖို့လိုပါတယ်။

**အစ်ကို အကြံဉာဏ်ပေးတာတွေအတွက်လည်း ကျေးဇူးတင်ပါတယ်။ ပြီးတော့ ညီမတို့အနေနဲ့ ဇာတ်ကားတွေရိုက်ကူးခွင့်ရခဲ့ရင် သရုပ်ဆောင်တဲ့အခါမှာ ကြုံတွေ့မယ့် အခက်အခဲလေးတွေကို ပြောပြပေးပါဦး။**

ညီမတို့ခေတ်ကတော့ ညီမတို့လို ပုံစံလေးတွေ အများကြီးပဲ။ အစ်ကိုတို့တုန်းကတော့ လူငယ်မင်းသားတွေက ဟက်ကက်၊ နိုင်းနိုင်း စိုင်းစိုင်းတို့ရှိတယ်။ အားလုံးကလည်း သူငယ်ချင်းတွေပဲ။ မင်းသားအကြီးထဲမှာကျတော့ ကိုလွင်မိုး၊ ကိုရာဇာနေဝင်း၊ ကိုသားကြီး၊ ကိုကျော်ရဲအောင်တို့ရှိတယ်။ အစ်ကိုတို့တုန်းက VCD ရိုက်တာတွေ ရှိတယ်။ ညီမတို့ခေတ်ကျတော့ အနုပညာလောကထဲဝင်ရတဲ့ လမ်းကြောင်းက နည်းသွားတယ်လို့လည်း ပြောလို့ရတယ်။ လမ်းကြောင်းတွေများလာတယ်လို့လည်း ပြောလို့ရတယ်။ အစ်ကိုတို့တုန်းက လမ်းကြောင်းနည်းပေမဲ့



တစ်ခုဆိုတစ်ခု ထိရောက်တယ်။ ညီမတို့ခေတ်ကျတော့ လမ်းကြောင်းများပေမဲ့ ဘယ်အရာက ထိရောက်လဲဆိုတာ ရွေးချယ်ရခက်တယ်။ လမ်းကြောင်းမှားပြီး ဝင်လိုက်ရင်လည်း ဒုက္ခရောက်သွားနိုင်တယ်။ ကိုယ်ဘာလုပ်ချင်လဲဆိုတာကို သိရမယ်။ သရုပ်ဆောင်လုပ်မယ်ဆိုရင်လည်း ဒရာမာရိုက်ချင်တာလား၊ ဟာသရိုက်ချင်တာလား၊ ဖိုက်တင်ရိုက်ချင်တာလားဆိုတာကို ကိုယ်ကိုယ်တိုင် သေချာစိစစ်ရမယ်။ အစ်ကိုတုန်းကလည်း လာပေးတဲ့ဇာတ်ကို ရိုက်နေတာပဲ။ အဲဒီတော့ အစ်ကို့ကို အိုက်တင်ကောင်းတယ်လို့ ပရိသတ်က မသတ်မှတ်တော့ဘူး။ လာသမျှဇာတ်အကုန်လုံး ငါရိုက်မယ်၊ ငါလုပ်မယ်ဆိုရင်တော့ အဲဒါက အဆင်ပြေမှာ မဟုတ်ဘူး။

**အစ်ကိုအနေနဲ့ သရုပ်ဆောင်တဲ့အခါမှာ သဘာဝကျအောင်လို့ဘယ်လိုမျိုးစိတ်ထားပြီး သရုပ်ဆောင်ပါသလဲ။**

ကိုယ့်ပုံစံက ဘာလဲဆိုတာ သိအောင်လုပ်မယ်။ ညီမအနေနဲ့ ဒီလိုမျိုး Sweet ဖြစ်တဲ့ပုံစံက ညီမပုံစံလား။ ဒါဆိုရင် အဲဒီပုံစံမျိုးကို အတိအကျနဲ့ အကောင်းဆုံးနဲ့ အများကြီးလုပ်နိုင်အောင် လုပ်ရမယ်။ အစ်ကိုကတော့ အခုနောက်ပိုင်းမှာ သဘာဝအတိုင်းနေတယ်။ သဘာဝအတိုင်း ရိုက်တယ်။ သဘာဝအတိုင်း လုပ်တယ်။ ငိုရင်လည်း သဘာဝအတိုင်းငိုတယ်။ ရယ်ရင်လည်း သဘာဝအတိုင်းရယ်တယ်။ အနီးစပ်ဆုံး ဥပမာ ပြောရရင် ကိုကျော်ရဲအောင်ပေါ့။ ကိုနိုင်ကြီးက သဘာဝအတိုင်းလုပ်တယ်။ ရုပ်ရှင်ရိုက်နေတာလား၊ အပြင်မှာတကယ်လုပ်နေတာလား ဆိုတာကို ခွဲလို့မရဘူး။ ကိုနိုင်ကြီးက အပြင်မှာ စကား ပြောလည်း ဒီလိုပဲ ပြောတယ်။ ရုပ်ရှင်ရိုက်လည်း ဒီလိုပဲပြောတယ်ဆိုတာကို အစ်ကိုစဉ်းစားမိတဲ့ အချိန်မှာ "ငါလည်း. . . သဘာဝအတိုင်းပဲ နေမယ်"ဆိုပြီး နေခဲ့တယ်။

**အစ်ကို့အနေနဲ့ အိမ်ထောင်ပြုဖို့ အစီအစဉ် မရှိသေးဘူးလား။**

အစီအစဉ်မရှိဘူးလားဆိုတော့ အစီအစဉ်ရှိပါတယ်။ ကိုယ့်ပတ်ဝန်းကျင်က သူငယ်ချင်းတွေက အိမ်ထောင်ပြုကြတယ်။ သူတို့ မိသားစုကို သူတို့ အကောင်းဆုံးထားနိုင်တာကို တွေ့ရတယ်။ ကိုယ့်မိသားစုရှိလာရင်လည်းသူတို့နဲ့ တန်းတူဖြစ်အောင် ထားပေးချင်တယ်။ ကိုယ့်ကိုယ်ပိုင်ငွေနဲ့ ထားချင်တာပေါ့နော်။ အမေ အဖေဆီက ပိုက်ဆံတောင်းရတာ မတောင်းချင်ဘူး။ နောက်တစ်ခုက ပိုက်ဆံကိစ္စကြောင့် ရန်ဖြစ်ရတာကို စိတ်ကုန်တယ်။ စိတ်ညစ်တယ်။ အိမ်ထောင်ပြုပြီးမှ အိမ်ထောင် တစ်ခုက ပိုက်ဆံကိစ္စကြောင့် ရန်ဖြစ်နေတာကို ကိုယ်က သည်းခံနိုင်မှာမဟုတ်ဘူး။ အဲဒါကြောင့် ကိုယ့်ဘက်က အားလုံးပြည့်စုံပြီလို့ ယူဆတဲ့ အချိန်ကျရင် မိန်းမယူပြီး ကလေးတွေ မွေးလိုက်မယ်။ ကိုယ့်ရည်းစားနဲ့ ကိုယ်ကလည်း အေးဆေးပါပဲ။ သူကလည်း ကိုယ့်ကို နားလည်တယ်။

**သရုပ်ဆောင်ဖြိုးငွေစိုးရဲ့ ဒီကဏ္ဍပေါ် အမြင်**

ဒီကဏ္ဍလေးက ကောင်းပါတယ်။ ကျွန်တော်တို့အတွက်လည်း အသစ်အဆန်းဖြစ်တယ်။ ပရိသတ်ကလည်း သိချင်တာမေးလို့ရတယ်။ ကျွန်တော်တို့ကလည်း သိချင်တာမေးလို့ရတယ်။ ဒီညီမလေးနဲ့ တွဲပြီးရိုက်ရတာ အဆင်ပြေပါတယ်။ နှစ်သစ်မှာတော့ အသက်က တစ်နှစ်ကြီးလာပြီပေါ့။ ပရိသတ်တွေ စိတ်ရောကိုယ်ရော အေးအေးချမ်းချမ်းနဲ့ နှစ်သစ်မှာနေနိုင်ပါစေ။ ကိုယ်လုပ်ချင်တာတွေလည်း လုပ်နိုင်ကြပါစေ။

သီတာစိုး



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of Celebrities' Choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၄ ဇူလိုင်လထုတ် ရတီမဂ္ဂဇင်းအတွက် အေသင်ရိုးဆွေ နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ
(တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို

(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်

(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ <u>**၂၀၁၄ မေလ ၁၀ ရက် (စနေနေ့)**</u> နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းသို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့် စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။

အမည် ------------------------------------------

မွေးသက္ကရာဇ် ------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------

ပညာအရည်အချင်း ------------------------------------------

အလုပ်အကိုင် ------------------------------------------

အနုပညာလှုပ်ရှားမှု ------------------------------------------

အိမ်ထောင်ရှိ/မရှိ ------------------------------------------

အရပ်အမြင့် ------------------------------------------

နေရပ်လိပ်စာ ------------------------------------------

ဖုန်းနံပါတ် ------------------------------------------



# သူတို့ပြောတဲ့ R

ဖြိုးစုပိုပို

ဒီလမှာတော့ 'R' စာလုံးကို ရွေးလိုက်ပါတယ်။ 'R' စာလုံးအများကြီးထဲကမှ Retire, Reunion, Restrict စကားလုံးတွေကို စာရေး ဆရာမောင်ဆွေသက်၊ ဦးထွန်းလွင် (မိုးလေဝသသုတေသီ)၊ ဒေါ်ပို (ပါမောက္ခ ဌာနမှူး - မြန်မာစာဌာန (အငြိမ်းစား))၊ တို့က ဆွေးနွေးပေးခဲ့ကြပါတယ်။



# မောင်ဆွေသက်

## Retire

Retire ဆိုတာ ဘဝတစ်ခုကနေ အနားယူတာကို ပြောတာပေါ့။ အများအားဖြင့် ဘယ်လုပ်ငန်းကမဆို အနားယူတာကို ပြောတာပေါ့။ ဘဘဆို ငယ်ငယ်ကတည်းက စစ်ထဲဝင်တယ်။ သာမန်အားဖြင့်တော့ ဝန်ထမ်းလုပ်သက်နှစ် ၃၀ အသက်အားဖြင့် အသက် ၆၀ မှာ Retire ပေးလေ့ရှိတယ်။ နိုင်ငံ့တာဝန်ကို ထမ်းဆောင်တယ်။ ဘဘကနိုင်ငံရဲ့ တာဝန်ကို အသက် ၇၀ ကျော်မှ ရပ်နားတယ်။ အစိုးရတာဝန်ကို သံအမတ်လုပ်တယ်။ ဒုတိယဝန်ကြီးလုပ်တယ်။ အစိုးရတာဝန်ကို လုပ်သက် ၅၂ နှစ်ကျော်မှ အနားယူတာ။ ကောင်းသောအနားယူခြင်းနဲ့ဆိုတော့ ပင်စင်အပြည့်ရတယ်။ ဘဘက လခစားအလုပ်က အနားယူလိုက်ပေမဲ့လည်း ဘဘက ဒီဘက်မှာ စာရေးတဲ့အလုပ်ကို ဆက်လုပ်တယ်။ ဘဘက ဝန်ထမ်းကနေ Retire လုပ်လိုက်ပေမဲ့ ကိုယ့်ဘဝ မှာတော့ Retire မလုပ်သေးဘူး။ စာပေအလုပ် တွေလုပ်တယ် Popular News မှာ အကြံပေးလုပ်တယ်။ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းမှာ ဒုတိယဥက္ကဋ္ဌ လုပ်တယ်။ မြန်မာ ထိုင်း ချစ်ကြည်ရေး အသင်းမှာ ဥက္ကဋ္ဌလုပ်တယ်။ မွေးမြူ ရေးနှင့်ရေလုပ်ငန်းဘဏ်မှာBoard of Director လုပ်တယ်။ ကိုယ်လုပ်နိုင်တဲ့ စေတနာ့ဝန်ထမ်း အလုပ်တွေအားလုံး လုပ်နေတယ်။ စာရေးတယ် ဆိုတဲ့အလုပ်က လုပ်သက်နှစ် ၃၀ပြည့်လို့ Retire လုပ်တယ်ဆိုတာ မရှိဘူး။ သေတဲ့အထိ လုပ်လို့ရတယ်။ ကိုယ့်ပရိသတ်က လက်ခံတဲ့အချိန်ထိ ကိုယ်က တာဝန်ထမ်းဆောင်လို့ရတယ်။ အခုတော့ ဘဘက အဲဒီအလုပ်ကို ဆုပ်ကိုင်ထားတယ်ပေါ့။ မျက်စိနဲ့ လက်နဲ့ကောင်းရင် စာရေးလို့ရတယ်။ မျက်စိမကောင်းရင်တောင် ပါးစပ်ကပြောပြီး တခြားတစ်ယောက်ကို ရေးခိုင်းလို့ရတယ်။ ဦးနှောက်မကောင်းရင်တော့ ရေးလို့မရတော့ဘူးပေါ့။ ဘဘကစာရေးရင်တော့ ကိုယ့်အတွေ့အကြုံတွေကို နောက်မျိုးဆက်တွေ သိရအောင် Sharing လုပ်တဲ့အနေနဲ့ အများဆုံးရေးဖြစ်တယ်။ အခုချိန်မှာ ဘဘဘကိုကြိုးစားနေလဲဆိုရင် တော့လူဆိုတာ လူ့ဘဝကနေ အပြီး Retire လုပ်ကို လုပ်ရမယ့် အချိန်ရှိတယ်။ လူဆိုတာ သေရမှာပဲလေ။ အဲဒီလို အချိန်ရောက်ရင်သာ ဘယ်လို ပုံစံမျိုးနဲ့ အကောင်းဆုံး Retire ဖြစ်အောင် လုပ်ရမလဲဆိုတာကြိုပြီး ပြင်ဆင်နေတယ်။ ကိုယ်သေတဲ့ အချိန်ကိုယ့်ရဲ့သားသမီး၊ ဆွေမျိုးတွေဆီမှာ ကိုယ့်ရဲ့ နောက်ဆုံး ထွက်သက်ကို ညင်ညင်သာသာလေးနဲ့ Retire လုပ်သွားချင်တယ်။ တရားလေး မှတ်ပြီး သေတာကို အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ ပြင်ဆင်နေတယ်။ လူအများက Retire လုပ်ပြီး သွားရင် စိတ်ဓာတ်တွေ ကျသွားတတ်တယ်။ ဒါက ပတ်ဝန်းကျင်နဲ့ဆိုင်တယ်။ ပင်စင်ယူတယ်ဆိုတာ ဘဝတစ်ခုကနေ နားလိုက်တာပါပဲ။ နောက်ဘဝကို ထပ်ရှာလို့ရတယ်။ ဘဘဆို ကိုယ်ဝါသနာပါတဲ့ စာရေးတဲ့ ဘဝကို ထပ် ရှာတယ်။ စာမရေးတတ်လည်း ဘာဖြစ်လဲ သစ်ပင်စိုက်တတ်ရင် စိုက်မယ်။ နောက်ဆုံး ကိုယ့်အိမ်ရှေ့ကလမ်းကို တံမြက်စည်းလှည်း နေရင်လည်း ဒါအလုပ်တစ်ခုလုပ်နေတာပါပဲ။ တစ်ကမ္ဘာလုံးမှာ လက်ဝဲဝါဒတွေကြီးစိုးနေတဲ့ အချိန်မှာ ဘဘက အစ္စရေးနိုင်ငံကို လေ့လာဖို့ သွားရဖူးတယ်။ အစ္စရေးမှာ စုပေါင်းကျေးရွာတွေ ရှိတယ်။ အဲဒီရွာတွေရဲ့ ဂိတ်ဝမှာအဘိုးကြီး၊ အဘွားကြီးတွေထိုင်ပြီး တံခါးဖွင့်ပိတ်တာဝန်ကို ယူကြတယ်။ နောက်ပြီး သူတို့ စုပေါင်းကျေးရွာရဲ့ မွေးမြူရေးခြံက ကြက်ဥ၊ ဘဲဥတွေကို အဝတ်စိုနဲ့ သုတ်တဲ့ အလုပ်ကို သက်ကြီးရွယ်အိုတွေ လုပ်ကြရတယ်။ လက်လှုပ်နိုင်၊ ခြေလှုပ်နိုင်တဲ့ အချိန်ထိ ကိုယ့်ပတ်ဝန်းကျင်ကို အကျိုးပြုလို့ ရပါတယ်။ လူဆိုတာ ကိုယ်ရှိတဲ့ Society မှာ ပတ်ဝန်းကျင်နဲ့ ဝင်ဆန့်ရမယ်။ လူတိုင်းမသေမချင်းအသုံးဝင်ပါတယ်။

ဘဘတို့က
တစ်ပေါင်းတစ်စည်း
မဖြစ်တာကို
ပေါင်းစည်းဖို့အတွက်
Reunion လုပ်ပြီးရင်တော့
ထာဝစဉ် United
ဖြစ်နေဖို့လိုတယ်။
နောက်တစ်ချိန် Reunion
ပြန်မပေါ်အောင်
နောက်မျိုးဆက်တွေက
စိတ်ဝမ်း မကွဲဘဲ United
ဖြစ်နေဖို့ ဘဘပြောချင်ပါ
တယ်။

## Reunion

Reunion ဆိုတာ စာလုံးနှစ်လုံးပေါင်းထားတာ။ Re နဲ့ Union ကို ပေါင်းထားတာ။ Union ဆိုတာ ပေါင်းစည်းခြင်း၊ ညီညွတ်ခြင်းပေါ့။ Reunion ဆိုတော့ တစ်စုတစ်ဝေးတည်း မရှိတဲ့အရာကို ပြန်လည်ပေါင်းစည်းလိုက်တာကို ပြောတာပါ။ ဒီနေ့အချိန်မှာ Reunion ကပိုပြီး အရေးကြီးလာပြီ။ ဘဘလည်း စစ်သားလုပ်လာတာပါ။ စစ်ဆင်ရေးတွေ ဝင်လာရတာ။ ဘဘတို့ စစ်ထဲ ဝင်ချိန်တုန်းက မြန်မာပြည်ကြီးက အကွဲကွဲ အပြားပြားနဲ့ သောင်းကျန်းသူမျိုးစုံတဲ့ အချိန်ပါ။ ဒီနေ့သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရ အဖွဲ့က Reunion လုပ်တယ်။ အရင်အစိုးရတွေတုန်းကလည်း လုပ်ပါတယ်။ ဒါပေမဲ့ သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာတော့ ပိုပြီး လုပ်ဖြစ်တယ်ပေါ့။ အရင်တုန်းက နိုင်ငံရေးအားဖြင့် အယူအဆ ကင်းကွာတဲ့ အဖွဲ့အစည်းခေါင်းဆောင်တွေနဲ့ တွေ့တယ်။ မတူတာတွေကို ပယ်ပြီး တူတာတွေ ကို ပေါင်းလုပ်မယ်ဆိုပြီးတွေးကြတယ်။ ဒါက Reunion ပဲပေါ့။ ဒါပေမဲ့ အခုကစပြီး ပေါင်းစ ဆိုတော့ တစ်စိတ်တစ်ဝမ်းတည်းတော့ မဖြစ်သေး ဘူး။ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊

အလွှာ ပေါင်းစုံက ခေါင်းဆောင်တွေနဲ့တွေ့တယ်။ အရင်က မတွေ့တာကို အခုတွေ့တာဆိုတော့ ကောင်းတဲ့ Reunion ပဲပေ့ါ။ တစ်ယောက်နဲ့ တစ်ယောက် သဘောထားချင်းမတူတာကို ညှိရ တာက ချက်ချင်းကြီးတော့ ထပ်တူမကျဘူးပေ့ါ။ ဒါပေမဲ့ အမြန်ဆုံးတော့ ဖြစ်စေချင်တာပေ့ါ။ ဒီလို နှစ်သစ်ကူးသကြၤန်မှာဆို သီချင်းတစ်ပုဒ်ဆိုကြပါတယ်။ "နောင်နှစ်ခါလည်း ဆီးလို့ကြိုမယ် မောင်ကြီးလာပါမယ်" ဆိုတာ ဒါ Reunion ပါပဲ။ နောင်နှစ်လည်း ပြန်တွေ့ကြမယ်ဆိုတာ Reunion ကို ညွှန်းတာပဲ။ ဒါပေမဲ့ ဘဘတို့က တစ်ပေါင်း တစ်စည်း မဖြစ်တာကို ပေါင်းစည်းဖို့အတွက် Reunion လုပ်ပြီးရင်တော့ ထာဝစဉ် United ဖြစ်နေဖို့လိုတယ်။ နောက်တစ်ချိန် Reunion ပြန်မပေါ်အောင် နောက်မျိုးဆက်တွေက စိတ်ဝမ်းမကွဲဘဲ United ဖြစ်နေဖို့ ဘဘပြောချင်ပါတယ်။

## Restrict

Restrict ဆိုတာက ကန့်သတ်တယ်ပေ့ါ။ ကန့်သတ်တယ်ဆိုတာ ဘာကို ကန့်သတ်တာလဲပေ့ါ။ ဘဘနားလည်တဲ့ Restrict ကတော့ သတ်မှတ်ထားတဲ့ ဘောင်တစ်ခု၊ စည်းတစ်ခု နယ်နိမိတ်တစ်ခုကို ကျော်မသွားအောင် ကန့်သတ်ထားတာကို ပြောတာပဲ။ ကျောင်းသား အတွက် ကျောင်းစည်းကမ်းရှိတယ်။ အချိန်မှန် ကျောင်းတက်ရမယ်။ စာကျက်ရမယ်။ စစ်သားမှာ လည်း စစ်စည်းကမ်းရှိတယ်။ နိုင်ငံသားအားလုံး မှာ လိုက်နာရမယ့် တရားဥပဒေဆိုတာရှိတယ်။ တရားဥပဒေဆိုတာ တရားသဖြင့် ထုတ်ပြန်ထား တာပဲ။ လူတိုင်းက ဆိုင်ရာဘောင်တွေ စည်းတွေ ကို မကျော်ရင် Restrict လုပ်စရာကိုမလိုဘူး။ Media သမားတွေဆိုရင်လည်း ဆိုင်ရာ Ethics တွေရှိတယ်။ သင့်တင့်တဲ့ အတိုင်းအတာ ဘောင် မကျော်သွားအောင် ကန့်သတ်ရတာ တွေရှိတယ်။ အခုဆိုရင် ဂျာနယ်တွေ သတင်းစာတွေအတွက် Media Law ဆိုတာတွေ ဆွေးနွေးနေကြပြီ။ လူတိုင်းကတော့ ကိုယ့်နေရာမှာ သတ်မှတ်ထားတဲ့ စည်းတွေဘောင်တွေ မကျော်အောင်တော့ ထိန်းသိမ်းသင့်တယ်။ ဘယ်သူမှ Restrict ကိုမကြိုက်ကြဘူး။ Strict ဆိုတာတည့်မတ်တာ။ Restrict ဆိုတာ ပြန်ပြီး တည့်မတ်စေချင်လို့ ကန့်သတ် ရတယ်ဆိုတော့ သူကမတည့်မတ်ဘဲ လမ်းချော် နေလို့ပေ့ါ။ လူဆိုတာ ကိုယ့်တာဝန် ကိုယ်ကျေ ရမယ်။ မိဘတာဝန်၊ သား၊ သမီးတာဝန်၊ ကျောင်း သားတာဝန်၊ နိုင်ငံသား တာဝန်ကျေရင် Restrict ဆိုတာ မရှိပါဘူး။ မလိုလားဘဲ ချုပ်ချယ်တာ လူ့ ပတ်ဝန်းကျင်မှာ မရှိပါဘူး။

# ဦးထွန်းလွင်

**(မိုးလေဝသ သုတေသီ)**

## Retire

Retire ဆိုတာ အလွယ်ပြောရရင်တော့ အငြိမ်းစားပေ့ါ။ ပုံမှန်အားဖြင့်တော့ အစိုးရ ဝန်ထမ်းတစ်ယောက်က အသက် ၆၀ ပြည့်ရင် အငြိမ်းစားဘဝအဖြစ်နဲ့ ပင်စင်ပေးတယ်။ အဲဒီ ဝန်ထမ်းက ပင်စင်ယူပြီးရင် နောက်ထပ် ၂ နှစ် လောက်အကြံပေးခန့်တယ်။ အများဆုံး နှစ်နှစ် ပါပဲ။ အဲဒါပြီးရင်တော့ လုံးဝကို အငြိမ်းစားဘဝ တော့ မဖြစ်ပါဘူး။ လူ့ဘဝဆိုတာ ကန့်သတ်ချက် ရှိတယ်။ ဘောင်ရှိတယ်။ ဥပဒေ စနစ်နဲ့နေရ တယ်။ အငြိမ်းစားဆိုတာက လူတချို့အတွက်တော့ အလှည့်အပြောင်း ဖြစ်သွားတတ်တယ်။ ဆရာ့ အတွက်တော့ အလုပ်တွေပိုများများလုပ်လို့ ရသွားတယ်။ အချိန်တွေ ပိုထွက်လာတယ်။ မလို အပ်တဲ့ အလုပ်တွေကို လုပ်စရာ မလိုတော့ဘူး။ အကောင်းဆုံးအချက်က ဆရာက လွတ်လပ်သွား




ဖြစ်ပြီပေ့ါ။ ဆရာလည်း အသက် ၆၀ မှာ အငြိမ်း စားယူတယ်။ နောက်ထပ် နှစ်နှစ်ကို အကြံပေး လုပ်တယ်။ မူအရ ကိုက်ညီတယ်။ ဒါပေမဲ့ လည်း လောကကြီးမှာ အရှိန်ဆိုတာရှိတယ်။ အငြိမ်း စားယူတဲ့အချိန်နဲ့ ကိုယ်ရဲ့ လုပ်အားအရှိန် က ကိုက်ညီတဲ့အခါရှိတယ်။ မကိုက်ညီတဲ့အခါ ရှိတယ်။ တချို့ကကျတော့ အငြိမ်းစားတောင် မယူရသေးဘူး။ သူ့ရဲ့ လုပ်အားက အရှိန် လျော့နေပြီ။ ဒီတော့ သူက အငြိမ်းစား ယူဖို့ စောင့် နေ တာမျိုးရှိတယ်။ ပင်စင်ယူပြီးရင် ဘာလုပ်မယ် ဆိုတာမျိုး တွေ ကြိုတွေးထားတဲ့ သူ တွေလည်း ရှိတယ်။ ဆရာ ကကျတော့ အလုပ်တွေ အရမ်းကို လုပ်နိုင်ပြီး အလုပ်အရှိန်ကောင်းမှာ အငြိမ်းစားယူရတာ။ အလုပ်လုပ်ချင်သေးတယ် ပေ့ါ။ ဒါပေမဲ့ ဝမ်းနည်းတာ တာပဲ။ လွတ်လပ်မှုဆိုတာ လူတစ်ယောက်ရဲ့ နှလုံးသားအာဟာရအတွက် အရမ်းအရေးကြီး တယ်။ လွတ်လပ်မှုရှိတဲ့ နေရာမှာ လုပ်ရတဲ့အလုပ်နဲ့ လွတ်လပ်မှုမရှိတဲ့ နေရာမှာ လုပ်ရတဲ့ အလုပ်နဲ့က quality ချင်း ကွာတယ်။ ဒါကြောင့် ဆရာက အငြိမ်းစားဘဝကို ပိုပြီး မက်မောသွားတယ်။ ဒါကြောင့် ဆရာအငြိမ်းစားယူပြီး နောက်ပိုင်းမှာ NGO တွေ၊ INGO တွေ၊ နောက် တခြားအဖွဲ့ အစည်းတွေက အလုပ်လုပ်ဖို့ကမ်းလှမ်းတာတောင် ဆရာမလုပ်ဘူး။ အငြိမ်း စားယူပြီးစမှာတော့ ခဏ ယောင်တောင်တောင်လေး ဖြစ်သွားတယ်။ ဆရာက ၂၀၀၉ မေလမှာ အငြိမ်း စားယူတယ်။ အဲဒီလို အချိန်မှာ ဆရာ ဘာလုပ် လဲဆိုတော့ IT သုံးတယ်။ ဆရာက Computer ကို 1972 / 73 ကတည်းက

> အကောင်းဆုံးအချက်က ဆရာက လွတ်လပ်သွားတာပဲ။ လွတ်လပ်မှုဆိုတာ လူတစ်ယောက်ရဲ့ နှလုံးသား အာဟာရအတွက် အရမ်း အရေးကြီးတယ်။ လွတ်လပ်မှုရှိတဲ့ နေရာမှာ လုပ်ရတဲ့အလုပ်နဲ့ လွတ်လပ်မှုမရှိတဲ့ နေရာမှာ လုပ်ရတဲ့ အလုပ်နဲ့က quality ချင်းကွာတယ်။ ဒါကြောင့်. . .

သုံးတယ်။ ရုံးမှာ အလုပ်လုပ်စရာရှိရင်လည်း DTP, Power Point တွေနဲ့ အားလုံးကိုယ်တိုင်ပဲ လုပ်တယ်။ လက်အောက်ငယ်သားကို ဘယ်တော့မှ မခိုင်းဘူး။ အဲဒါက ဆရာ့ကို အငြိမ်းစားယူပြီးချိန်မှာ အကျိုးထူးစေတာပဲ။ ဆရာ Internet ကနေ Data တွေရှိတယ်။ ကိုယ်တိုင် Website လုပ်တယ်။ Foundation ထောင်တယ်။ မြန်မာပြည်ရဲ့ ပထမဆုံး ပုဂ္ဂလိက Weather Website ကို ဆရာစလုပ်တယ်။ Information & Education ကို ဆရာ Website ကနေပေးတယ်။ ဆရာ့ရဲ့ စေတနာအရ လူတွေသဘောကျကြတယ်။ အကျိုးရှိကြတယ်။ ဆရာက ဝန်ထမ်းဘဝမှာ ပညာဝမ်းစာကို ပြည့်အောင်ဖြည့်တယ်။ တကယ်တတ်အောင် သင်တယ်။ အခက်အခဲတွေ တွေ့ခဲ့ရင်လည်း စိတ်မပျက်ဘဲ ပိုကြိုးစားတယ်။ အတွေ့အကြုံတွေရယ် ဆရာရဲ့ ပညာရယ်ပေါင်းပြီး အငြိမ်းစားယူပြီးချိန်မှာ ဆရာလုပ်တယ်။ ဆောင်းပါးတွေ ရေးတယ်။ ဆရာရဲ့ အအောင်မြင်ဆုံးကတော့ Facebook ပဲ။ IT နဲ့ဆရာက လူတွေ အကျိုးများအောင် လုပ်တယ်။ အခုတော့ ဆရာက Retire ဆိုတာကို မေ့တောင်နေပြီ။ ဝန်ထမ်းဘဝတုန်းက လုပ်ခွင့်မရခဲ့တာတွေ အခုမှ လုပ်ရတယ်။ ဝန်ထမ်းဘဝတုန်းကတော့ လုပ်ချင်တာတောင် ဘယ်သူ့ခွင့်တောင်းဦး။ ဘယ်ကိုပြောဦး။ အခုတော့ ဒါတွေမလုပ်ရတော့ဘူး။ အခုနောက်ထပ် ဆရာက စာပေဟောပြောပွဲတွေလိုက်ဖြစ်တယ်။ စာပေအကြောင်းတော့ မဟုတ်ဘူးပေါ့။ သဘာဝပတ်ဝန်းကျင်တွေ ရာသီဥတုတွေ အကြောင်းပဲ ပြောတာပါ။ အခုတော့ ဆရာက New Life တစ်ခုကို တော်တော်ကျေနပ်နေတာပါ။

## Reunion

Reunion ဆိုတာက ပြန်လည်ပေါင်းစည်းတာပါ။ ပြန်လည်ပေါင်းစည်းဖို့ဆိုတာ ပြိုကွဲရပြီးမှ လုပ်ရတာပေါ့။ ဆရာက ကိုယ်တိုင်ကလည်း နိုင်ငံရေးမလုပ်။ အိမ်ထောင်ရေးကလည်း မပြိုကွဲတော့ ဆရာ့ကိုယ်တိုင်မှာတော့ Reunion ဆိုတာ မရှိပါဘူး။ ကွဲကွာနေတဲ့အရာ၊ မတူညီတဲ့ အရာနှစ်ခုကို ပူးပေါင်းတာကို Reunion လို့ခေါ်တာပေါ့။ တိုင်းပြည်တစ်ပြည်မှာ အစိုးရရှိတယ်။ ပြည်သူရှိတယ်။ ဆရာတို့ တိုင်းပြည်မှာဆိုရင် ပြည်သူဆိုရင်တောင် ၈၈ တုန်းက ကျောင်းသားအုပ်စုရယ် နောက်တစ်စုရယ်ကွဲနေသေးတာ။ ရိုးရိုးပြောရရင် ရန်သူပေါ့ကွယ်။ ဘယ်လိုပဲဖြစ်ဖြစ် အစိုးရကလည်း နိုင်ငံတော်အတွက်၊ ကျောင်းသားတွေကလည်း နိုင်ငံတော်အတွက်ပဲလေ။ ဒီတော့ ရည်မှန်းချက် အရတော့ တူကြတယ်။ ရည်မှန်းချက်တူတဲ့သူတွေမှာ ဆုံချက်ဆိုတာရှိတယ်။ ဘုံဆုံတဲ့နေရာလေးမှာ နှစ်ဖက်လုံးနေလို့ရပါတယ်။ အဲဒီလိုနေတာကို လက်တွဲတာလို့ခေါ်တာ။ ဒါ Reunion လို့ပြောလို့ရတယ်။ ဘုံဧရိယာလေးတဖြည်းဖြည်းကျယ်အောင် လုပ်တာ ကောင်းတာပေါ့။ ဆရာတို့မြန်မာနိုင်ငံက အစကတည်းက ဝိဝါဒကွဲခြင်းတွေနဲ့ပဲ စခဲ့တာ။ ပြည်တွင်းစစ်တွေက ဖြစ်နေတုန်း။ သဘောထားတွေ ဆန္ဒတွေက ကွဲနေကြတုန်းပဲ။ Reunion ဆိုတဲ့ Concept မထွန်းကားသ၍ ဆရာတို့ နိုင်ငံရှေ့ဆက်ဖို့က နှောင့်နှေးမှာပဲ။ နိုင်ငံရေးပါတီတွေ ဘယ်လောက်များများ အားလုံးကတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်တာကို ရည်မှန်းကြတာပါပဲ။ ဒီတော့ဘုံဧရိယာလေးမှာ နေနိုင်ဖို့ ကြိုးစားတာ အကောင်းဆုံးပါပဲ။

## Restrict

Restrict ဆိုတာ ကန့်သတ်ချက်ပေါ့။ ကန့်သတ်တာကို လူတိုင်းမကြိုက်ကြဘူး။ ဒါပေမဲ့ ကန့်သတ်မှုတွေကလည်း မရှိလို့ မရပြန်ဘူး။ ဆရာ့သူငယ်ချင်းတစ်ယောက်ဆိုရင် Restrict ကို လုံးဝမကြိုက်ဘူးတဲ့။ ဘယ်လောက်ထိ မကြိုက်လဲဆိုရင် ဗလာစာအုပ်မှာ မျဉ်းကြောင်းရှိတာတောင် မကြိုက်ဘူးတဲ့။ များသောအားဖြင့် Artist တွေ Restrict တွေကို မကြိုက်ကြဘူး။ ဒါပေမဲ့ စကားပုံရှိတယ်လေ အကွပ်မရှိတဲ့ကြမ်းပရမ်းပတာဆိုတာရှိတယ်လေ။ ယခင် အတွေ့အကြုံအရ ပိုပြီး quality ကောင်းဖို့ Restrict လုပ်သင့်တယ်ဆိုပြီး လမ်းညွှန်ချက်ချတာမျိုးကျတော့ အရမ်းတန်ဖိုးရှိတဲ့ Restrict ပေါ့။ ဆရာတို့က Restrict ဆိုတိုင်း ပယ်ရငြင်းရမှာ မဟုတ်ဘူး။ တိုးတက်အောင်လုပ်တဲ့ဟာကျတော့ လက်ခံရမှာပေါ့။ မြန်မာဆိုရိုးရှိတယ်။ "လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်၊ သုတ်သင်ကာမျှ လွယ်ကာရ"တဲ့။ လမ်းရိုးကို မပြင်ရဘူး။ လမ်းရိုးမှာပဲ နည်းနည်းလေးထွင်ပြီး လုပ်လိုက်တာနဲ့ အောင်မြင်နိုင်တယ်။ လမ်းရိုးဆိုတာအစဉ်အလာပဲ။ အစဉ်အလာဆိုတာ တစ်နည်းအားဖြင့် ပြောရရင် သတ်မှတ်ချက်ပဲ။ သတ်မှတ်တာတွေ အားလုံးက Restrict ပဲ။ စည်းနဲ့ဘောင်နဲ့ အလုပ်လုပ်တာကောင်းပါတယ်။ ဒီလိုမဟုတ်တဲ့ Restrict မျိုးတွေလည်း ရှိတယ်။ အရာရာကိုလိုက်ပြီး ထိန်းချုပ်နေတာကျတော့လည်း မကောင်းဘူး။ ဒါမျိုး Restrict ကျတော့ တိုင်းပြည်အတွက်ရော၊ နိုင်ငံအတွက် ကိုယ်တိုင်အတွက် လုံးဝမကောင်းဘူး။ ဆရာ့အနေနဲ့ ပြောရရင် Restrict ကို မီးလို သဘောထားပါတယ်။ ရှိတာကောင်းသလို၊ မကောင်းတာလည်းရှိတယ်။ အသုံးတတ်ဖို့ပဲ လိုတာပါ။

---

# ဒေါ်ပို

**ပါမောက္ခဌာနမှူး ၊ မြန်မာစာဌာန (အငြိမ်းစား)**

## Retire

Retireဆိုတာ အငြိမ်းစားယူခြင်းပေါ့။ များသောအားဖြင့် Retire age က အသက် ၆၀ ကျော်ပေါ့။ အရွယ်သုံးပါးနဲ့ပြောရင် တတိယအရွယ်ပေါ့။ တတိယအရွယ်မှာဆိုရင် တရားရှာလို့ပြောကြတယ်နော်။ တရားအားထုတ်ဖို့ဆိုတာမှာလည်း သူက ကျန်းမာရေးကောင်းရမယ်။ စားဝတ်နေရေးပြည့်စုံနေရမယ်။ သားသမီးတွေကလည်း အဆင်ပြေနေရမယ်။ တချို့ကကျတော့လည်း ကျန်းမာရေးချို့တဲ့လို့၊ သားသမီးတွေကို သံယောဇဉ်တွယ်နေရလို့။ စားဝတ်နေရေးက မပြည့်စုံလို့ စသဖြင့် စိတ်ရှိပေမဲ့ မလုပ်နိုင်တာတွေရှိကြတယ်။ အမှန်ကတော့ Old age မှာ လူတွေက မိမိအတွက်နဲ့ အများအတွက်ကို လုပ်နိုင်ရင် အကောင်းဆုံးပေါ့။ မိမိအတွက်ဆိုတာ တရားအားထုတ်ဖို့ ဘာဝနာလုပ်ဖို့ကို ပြောတာပါ။ ငါတော့ Old age ရောက်နေပြီဆိုပြီး ဇရာကို တုန်လှုပ်နေစရာမလိုပါဘူး။ လူတွေက ကိုယ့်ရဲ့ ပန်းတိုင်နီးလာရင် ကြောက်ရွံ့လာတတ်ကြတယ်။ ကြောက်မနေဘဲ တတ်နိုင်တဲ့ ခွန်အားနဲ့ ဘဝကို ရှင်သန်အောင် လုပ်ရမယ်။ ဆရာမတို့နိုင်ငံမှာ တရားစခန်းတွေ အများကြီးပဲ။ ဒါကောင်းတယ်။ ဗုဒ္ဓတရားတော်တွေက လောကုတ္တရာ သပ်သပ်တွေပဲမဟုတ်ဘူး။ လောကီမှာ လူတွေဖြစ်လေ့ရှိတတ်တဲ့ ပြဿနာကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာတွေပါ ပါတယ်။ ဒီတော့ ဆိုင်ရာတရားစခန်းတွေမှာ အားထုတ်ပေါ့။ ဒါဆို ပတ်ဝန်းကျင်ပြောင်းသွားတယ်။ တရားစခန်းမှာ တွေ့ရတဲ့ မိတ်ဆွေတွေဆိုတာ ရည်ရွယ်ချက်တူ တဲ့သူတွေပဲ။ အိုမင်းနေပြီဆိုပြီး ဘဝကို ထိုင်းမှိုင်းမနေသင့်ဘူး။ အကျိုးရှိရှိ အသုံးချတတ်ရင် ဇရာမှာလည်း ဘဝက လန်းဆန်းနေမှာပဲ။ ဆရာမဆို အခု ၇၆ နှစ်ထဲမှာ တတ်နိုင်တဲ့ ကုသိုလ်လုပ်တယ်။ အာရုံဆွမ်းလောင်းတယ်။ ဆွမ်းခံကိုယ်တော်တွေ၊ ဆန်ခံသီလရှင်တွေကို ကုသိုလ်ပြုတယ်။ တရားစခန်းသွားပြီး တရားနာတယ်။ ဆရာမအလုပ် လုပ်ခဲ့တဲ့ တက္ကသိုလ်ကိုသွားပြီး ပါရဂူသင်တန်းတွေ မဟာသုတေသန သင်တန်းတွေမှာ ကူညီပေးနေတုန်းပဲ။ ကျမ်းတွေ ကြီးကြပ်ပေးတယ်။ စစ်ဆေးပေးတယ်။ ဘာသာရပ်ဆိုင်ရာ သုတေသနဆွေးနွေးပွဲတွေမှာ Chair Person လုပ်ပေးတယ်။ ဒီတော့ ကိုယ်က ကိုယ့်ရဲ့ပညာတွေကိုလည်း မေ့မသွားတော့ဘူးပေါ့။ အမျိုးသား စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်၊ ပခုက္ကူ ဦးအုန်းဖေ ရွေးချယ်ရေးအဖွဲ့ဝင်လုပ်နေတုန်းပဲ။ ဆရာမက အားလုံးကို ပြော

ချင်တာက ငါအိုပြီဆိုပြီး စိတ်ဓာတ်ကျမနေဘဲ လန်းဆန်းအောင်နေဖို့ ပြောချင်ပါတယ်။

## Reunion

Reunion ဆိုတာက ပြန်လည်ပေါင်းစည်းခြင်းပေါ့။ ပြန်လည်ပေါင်းစည်းခြင်းဆိုတာ မင်္ဂလာရှိတဲ့ စကားပါပဲ။ ပြန်လည်ပေါင်းစည်းတယ်ဆိုတာနဲ့ လူတွေက ပျော်ရွှင်ကြတယ်။ ပီတိဖြစ်ရတယ်။ မိသားစုတစ်စုမှာ ဆိုရင်ပဲ လင်မယားကွဲနေတယ်ဆိုရင် သားသမီးတွေက စိတ်ညှိုးနွမ်းရတယ်။ ပြန်ပေါင်းတယ်ဆိုရင် အားလုံး ပျော်ကြရတယ်။ နိုင်ငံတွေဆိုလည်း အဲဒီလိုပဲပေါ့။ အရှေ့ဂျာမနီအနောက်ဂျာမနီကွဲနေတုန်းက ပြည်သူတွေက စိတ်မပျော်ကြဘူး။ ပြန်လည်ပေါင်းလိုက်တော့ အားလုံးဝမ်းသာကြရတယ်။ ကွဲနေတဲ့ မိသားစုတွေ ပြန်တွေ့ရတယ်။ အမှန်က ပေါင်းလိုက်တယ်ဆိုရင် အင်အားကြီးပြီး ပိုပြီးတိုးတက်လာတာပဲ။ အခုဆိုရင်ဂျာမနီက အင်အားကြီးနိုင်ငံကြီးဖြစ်သွားတယ်။ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယားကကျတော့ အခုထိကွဲနေတုန်းပဲ။ ဟိုတစ်လောက ကွဲနေတဲ့ မိသားစုတွေ ပြန်တွေ့ဆုံပေးတာတောင် သူတို့တွေပျော်ကြရတယ်။ ကွဲကွာတယ်ဆိုတာ လူတွေရဲ့ စိတ်ကို ညှိုးနွမ်းစေတယ်။ ဗုဒ္ဓတရားတော်မှာလည်း ဟောထားတယ်။ ယောဟနိမြစ်က မြစ်ရေကိုခွဲဝေသုံးစွဲတာနဲ့ ပတ်သက်ပြီး ကောရိယနဲ့ ကပိုလနှစ်ပြည်ထောင် စစ်ခင်းတော့မယ့် အချိန်မှာ မြတ်စွာဘုရားက မြစ်အလယ်တည့်တည့်မှာ ငြိမ်းချမ်းရေး တရားဟောတယ်။ ဘာတွေဟောလဲဆိုရင်ဆရာမ တို့တွေ ကြားဖူးကြပါတယ်။ ဖန္ဒနဆိုတဲ့ ကြို့ပင်စောင့်နတ်နဲ့ ဝက်ဝံဇာတ်ရယ်။ ပထဝီဆိုတဲ့ ခုန္ဒြိယဇာတ်။ အဲဒီ ဇာတ်က ယုန်စကားယုံပြီး ကမ္ဘာပြိုတယ်ဆိုပြီး တစ်တောလုံး အုတ်အော် သောင်းတင်းဖြစ်တဲ့ အကြောင်းပေါ့။ နောက်ပြီး ဘီလုံး ငှက်နဲ့ ဆင်ပြောင်ကြီးအကြောင်း ဟောတဲ့ လဋ္ဋုကိကဇာတ်။ နောက်ရုက္ခဓမ္မ အဲဒါက သစ်ပင်တွေတောင် စည်းလုံးမှုခိုင်မြဲတယ်ဆိုတဲ့ အကြောင်း ပေါ့။ နောက်ဝဋ္ဋကဇာတ်။ ဝဋ္ဋကဇာတ်ကကျတော့ ငုံးတွေညီညွတ်လို့ ချမ်းသာကြရတဲ့ အကြောင်းပေါ့။ နောက်ဆုံးဟောတာက အတ္တဒဏ္ဍသုတ်ဟောတယ်။ ဇာတ် ၅ ဇာတ်နဲ့ သုတ္တန်ကို ဟောပြီးရောစစ်ပြေငြိမ်းသွားပြီး ညီညွတ်သွားတယ်။ သာကီဝင် မင်းသား ၅၀၀က ရဟန်းပြုသွားကြတယ်။ ဒါကြောင့် အခု ဆရာမတို့တွေလည်း ဧရာဝတီ မြစ်ကြီးအကြောင်းပြုပြီး သဘောကွဲလွဲနေတာ တွေကို ပြန်ပြီးဆင်ခြင်သင့်နေပြီ။ ယောဟနိမြစ် တုန်းကတော့ မြတ်စွာဘုရားက တရားပြတော့ Reunion ဖြစ်သွားကြတယ်။ လူတွေကို Reun-ion မဖြစ်စေနိုင်တဲ့ အကြောင်း တရားတွေက လောဘ၊ ဒေါသ၊ မာနတွေ အခြေခံ ရင်တော့ ပြဿနာကမငြိမ်းဘူး။ အကုသိုလ် တရားတွေကို ချိုးနှိမ်ပြီးမေတ္တာတရားရှေ့ထားမှ Reunion ဖြစ်နိုင်မှာ။ ပေါင်းစည်းတယ်ဆိုတဲ့ စကားက လူသားတွေအတွက် မင်္ဂလာရှိတဲ့ စကားပါ။

## Restrict

Restrict ဆိုတာ ကန့်သတ်ခြင်းကို ပြောတာပေါ့။ Restrict ဆိုတာ အိမ်တစ်အိမ်မှာ အကန့်လေးတွေ သီးသန့်ဖြစ်အောင် လုပ်ထားတာမျိုး၊ ဘုရားခန်း၊ မီးဖိုချောင်စတာမျိုးပေါ့။ ဘုရားရှိခိုးနေသူကလည်း သူ့နေရာနဲ့သူနေတော့ အဆင်ပြေတာပေါ့လေ။ ဒီလိုပဲ လူ့အဖွဲ့အစည်းမှာလည်း ရှိစေချင်ပါတယ်။ ဒါက စည်းကမ်းရှိမှုကို ဖြစ်စေတယ်လေ။ တိုင်းပြည်မှာ စည်းကမ်းဥပဒေ လုပ်ထုံးလုပ်နည်းနဲ့ မကျော်ဘဲနဲ့ နေထိုင်လုပ်ကိုင်



ရတာဟာ အကန့်အသတ်ရဲ့ သဘောပဲလေ။ အဲဒီလိုမှ လူ့ဘောင်မှာ မကန့်ထားရင် အားလုံးက ဖရိုဖရဲကြီး ဖြစ်နေမှာပေါ့။ ဒီလို အကန့်အသတ်ရှိမှပဲ လူ့အဖွဲ့အစည်းတစ်ခုလုံးကို စည်းကမ်းတကျဖြစ်စေတာလည်း လူ့ဘောင်ကို အထောက်အကူဖြစ်စေတယ်။ ဒါပေမဲ့ ဒါကို ကန့်သတ်ချင်သလို လျှောက်ကန့်လို့တော့ မရဘူးပေါ့လေ။ အိမ်ကျဉ်းကျဉ်းလေးမှာ လျှောက်ကန့်နေလို့တော့ မဖြစ်နိုင်ပါဘူးပေါ့။ ဒီလို လိုက်လျောညီထွေအောင်တော့ ကန့်ရတာပေါ့။ ကန့်သတ်တာ ကောင်းပါတယ်။ ဒါပေမဲ့ ကန့်သတ်ဖို့ လိုအပ်တဲ့နေရာမှာ နည်းမှန်လမ်းမှန်နဲ့စနစ်တကျရှိဖို့တော့ လိုတယ်။ မလိုအပ်ဘဲ ကန့်သတ်ရင် ချုပ်ချယ်တယ်ထင်ရပြီး လူတွေကို စိတ်အနှောင့်အယှက်ဖြစ်စေတယ်။ ဒီကန့်သတ်မှုကို မလိုချင်တော့ဘူး။ ဥပမာ လူအများသွားလာနေတဲ့ စကြ်ံလမ်းလိုနေရာမှာ "ဆေးလိပ်မသောက်ရ"လို့ ကန့်သတ်တယ်။ ဆေးလိပ်အခိုးအငွေ့တွေက လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေလို့ ကန့်သတ်တာ။ ဒီလို ကန့်သတ်ချက်က ကောင်းတယ်။ နောက်ပြီး သူများနိုင်ငံတွေက ကုန်ဈေးနှုန်းကန့်သတ်တာတွေ ရှိတယ်။ ပြည်သူတွေအတွက် စဉ်းစားပြီး အစိုးရက ဘယ်လောက်ထိကျော်ပြီး မရောင်းရဆိုပြီး ကုန်သည်တွေကို ကန့်သတ်ပေးလိုက်တာ။ ဒါမျိုးကန့်သတ်မှုမျိုးလည်း ကောင်းတာပေါ့။ ဆရာမတို့နိုင်ငံမှာတော့ မရှိသေးပါဘူး။ နောက်ပြီး ကားမောင်းတော့လည်း မိုင် ၄၀ ထက် မကျော်ရဆိုပြီး ကန့်သတ်တယ်။ မိုင် ၄၀ ထက် ကျော်ရင် အန္တရာယ်ရှိလို့ ကန့်သတ်တာ။ နိုင်ငံခြားမှာတော့ အနေးနှုန်းတောင် ကန့်သတ်လေ့ရှိတယ်။ လူတွေ အန္တရာယ်ဖြစ်မှာစိုးလို့ ကန့်သတ်တာ ကောင်းတယ်။ ဒါပေမဲ့ ဟွန်းမတီးရဖုန်ဆိုပြီး ကန့်သတ်တာကျတော့ ကျောင်းတို့ ဆေးရုံတို့ အနီးမှာ ကန့်သတ်တာတော့ မှန်ပါ တယ်။ နေရာတိုင်းမှာ ကန့်သတ် လိုက်ရင်တော့ မလိုလားအပ်တဲ့ အန္တရာယ်တွေပိုပြီး ဖြစ်လာနိုင်တယ်။ နောက်ပြီး မုံရွာတို့မြင်းခြံတို့လိုအရမ်းကိုပူတတ်တဲ့ မြို့တွေမှာဆို နွေရာသီမှာ ရေချိုးချိန် ကန့်သတ်လေ့ရှိတယ်။ မြစ်ကမ်းပါးမှာ ဆိုင်းဘုတ်ထောင်ထားတယ်။

"မနက် ၁၀ နာရီမှ ညနေ ၄ နာရီ အတွင်း မြစ်ထဲရေဆင်းမချိုးရ" ဆို ပြီး ရေးထားတယ်။ ဒါက လည်း လူတွေ အသက်အန္တရာယ်ဖြစ်မှာစိုးလို့ ကန့်သတ်ပေးတယ်။ ဒါက လိုအပ်တယ်။ သဘာဝအန္တရာယ်နဲ့ ပတ်သက်ပြီး လေမုန်တိုင်း နှင်းမုန်တိုင်း မိုးသည်းထန်စွာရွာမှာမို့ အိမ်အပြင်မထွက်ပါနဲ့ဆိုတာမျိုးလည်းရှိတယ်။ မီးအန္တရာယ်ကင်းဖို့ အရမ်းပူပြီး လေတိုက်တတ်တဲ့ အချိန်မှာ မီးဖိုမီးကို ဘယ်အချိန်မှာ ငြိမ်းပေးပါဆိုပြီးကန့်သတ်လေ့ရှိတယ်။ သာသနာ့ဘောင်မှာလည်း ရဟန်းတွေအတွက် ကန့်သတ်ချက်တွေရှိတာပဲ။ ဆရာမ ပြောချင်တာက အများပြည်သူရဲ့ ကျန်းမာရေး၊ ဘေးအန္တရာယ် အတွက် ကောင်းကျိုးလိုလားပြီးကန့်သတ်ချက်တွေ အားလုံးက ကောင်းတာပဲ။ မလွန်ကဲဖို့လိုတယ်။ စနစ်တကျ ရှိဖို့လိုတယ်။ မိဘက သားသမီးအပေါ် အရမ်းကန့်သတ်လိုက်ရင်ကလေးတွေက မလိုက်နာချင်တော့သလိုပေါ့။ နေရာတိုင်းလိုက်ပြီး ကန့်သတ်လို့တော့မရဘူး။ ကန့်သတ်ချက်တိုင်းက ပြည်သူ တွေရဲ့ လိုအင်ဆန္ဒတွေနဲ့ ကိုက်ဖို့လည်း လိုတယ်။

ဖြိုးစုပိုပို



# သူပြောတဲ့ သူ့အကြောင်း

Arranged by Thida Soe

**ဟဲလေးပျော်ရွှင်ခဲ့ရတဲ့ အချိန်များ**

အခုနောက်ပိုင်းမှာတော့ ကိုယ့်မိသားစုနဲ့ ဖြတ်သန်းနေရတဲ့ အချိန်တွေပေါ့။ ကိုယ်ချစ်တဲ့ ပရိသတ်တွေကို ကိုယ်ချစ်တဲ့ ဂီတအလုပ်တွေနဲ့ ဖျော်ဖြေခွင့်ရနေတဲ့ အချိန်တွေကလည်း ပျော်ရွှင်စရာ အချိန်တွေပါပဲ။ ကိုယ်လုပ်ချင်တဲ့ အရာတွေကို လုပ်နေရတဲ့ အချိန်တွေက ကိုယ့်ဘဝအတွက် ပျော်ရွှင်စရာအချိန်တွေနဲ့ အဓိပ္ပာယ်ရှိတဲ့ အချိန်တွေပါ။








### ဟဲလေးရဲ့ သည်းမခံပေးနိုင်တဲ့လုပ်ရပ်

တစ်ယောက်နဲ့တစ်ယောက် ကောက်ကျစ်ရင် မကြိုက်ဘူး။ လူတိုင်းကတော့ ကိုယ့်ဗီဇနဲ့ကိုယ် ရှိကြတာပဲလေ။ ရှေ့မှာကတော့ တစ်မျိုး၊ နောက်ကွယ်မှာကတော့ တစ်မျိုး ပြောတတ်တာကို မကြိုက်ဘူး။ သူတစ်ပါး အကျိုးစီးပွားပျက်စီးရာပျက်စီးကြောင်းလုပ်တဲ့ စိတ်ဓာတ်ရှိသူတွေကို သဘောမကျဘူး။ အဲဒီလိုလူမျိုးတွေတွေ့ရင် ရန်မပြုဘဲနဲ့ ကိုယ့်ဘာသာကိုယ် ရှောင်လိုက်တာပေါ့။

### ဟဲလေးရဲ့ အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်

ကိုယ့်ထက်တော်တဲ့၊ ကိုယ့်ထက်ဦးဆောင်နိုင်တဲ့၊ ကိုယ်ထက်တတ်တဲ့၊ ကြိုးစားတဲ့လူတွေကို အတုလည်း ယူတယ်၊ လေးစားတယ်။ ကိုယ့်ထက်ချမ်းသာရင် ချမ်းသာနေပေမဲ့ ရိုးသားမှုမရှိရင်တော့ အဲဒီလူကို အတုမယူဘူး။ ကိုယ့်ထက်ဆင်းရဲရင် ဆင်းရဲနေပါစေ။ အဲဒီလူမှာ ကြည်ညိုစရာထိုက်တဲ့ အရည်အချင်းတွေ၊ လေးစားစရာထိုက်တဲ့ အရည်အချင်းတွေ ရှိနေရင်တော့ လေးစားအတုယူပါတယ်။

### သားလေးတွေအပေါ်မှာ ထားရှိတဲ့ ဟဲလေးရဲ့ စိတ်သဘောထား

အစ်ကိုတို့က အနုပညာသမားဆိုတော့ အပြင်ထွက်တာများပြီး အိမ်မှာနေတာ နည်းတယ်လေ။ ရတဲ့အချိန်မှာတော့ ရသလို သားနှစ်ယောက်ကို နွေးထွေးမှုပေးပါတယ်။ သူတို့လိုချင်တာ ဝယ်ပေးတာက တစ်ပိုင်းပေါ့နော်။ ကိုယ့်ရင်ထဲမှာ သားနှစ်ယောက်ကို ထည့်ထားပြီးတော့ အိပ်မယ်၊ စားမယ်။ သူတို့ကို လိုအပ်တာတွေ သင်ကြားပေးပါတယ်။ အစ်ကိုကတော့ သူတို့ဆီက တစ်ခုခုကို မျှော်လင့်တာထက် ကိုယ်လုပ်ပေးနိုင်တာကို အကောင်းဆုံး လုပ်ပေးမယ်။ သူတို့ဆီက ဘာတွေ ပြန်ယူမယ်ဆိုတာ မရှိပါဘူး။ မျှော်လင့်တာတော့ တစ်ခုရှိတယ်။ အဲဒါကတော့ အစ်ကိုတို့ အရွယ်ရောက်လာတဲ့ အချိန်မှာ သူတို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့ကိုတော့ မျှော်လင့်ပါတယ်။

### အနုပညာလောကမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲများ

အခက်အခဲတွေကတော့ အများကြီးပါပဲ။ အစ်ကိုတို့ ခေတ်တုန်းက အချိန်တွေ အများကြီးပေးရတယ်။ ဒီဘက်ခေတ်လို့လည်း အခွင့်အရေးတွေ အများကြီးမရှိဘူး။ အခုဆိုရင် အဆိုတော်တစ်ယောက်ဖြစ်ဖို့ လွယ်ပါတယ်။ အောင်မြင်မှုနဲ့ ရေရှည်ရပ်တည်ဖို့ကတော့ အရမ်းခက်ခဲပါတယ်။ ဒါပေမဲ့ ဒီဘက်ခေတ်လူငယ်တွေအတွက်တော့ အလားအလာကောင်းပါတယ်။

### ပရိသတ်နဲ့ ကိုယ်နဲ့ တစ်သားတည်းဖြစ်သွားခဲ့တဲ့ အောင်မြင်မှု

အစ်ကို့ သီချင်းတွေကို ပရိသတ်က တဖြည်းဖြည်းနဲ့ ကြိုက်လာကြတယ်။ တဖြည်းဖြည်း

စုစည်းလာရင်းနဲ့ အစ်ကို့ အောင်မြင်မှုက ပိုပြီး ထုထည်ကြီးပြီး ခိုင်မာလာတာပါ။

## ဂီတကို ဒီလို ရှုးသွပ်ခဲ့တယ်

အစ်ကိုတို့ အနုပညာရှင်တွေက ဒီအနုပညာကို လုပ်တော့မယ်ဆိုရင် တခြားအရာတွေအားလုံးကို လက်လွှတ်လိုက်ရတယ်။ အနုပညာကို ရှုးသွပ်မှပဲ ဒီအလုပ်တွေက လုပ်လို့ရမှာလေ။ အောင်မြင်ချင်လို့ လုပ်တာထက် တကယ်ရှုးသွပ်ပြီးတော့ လုပ်တာက ပိုကောင်းပါတယ်။ တကယ်အောင်မြင်တဲ့လူတွေကို ကြည့်လိုက်ရင်လည်း




ရှုးသွပ်ပြီးတော့ လုပ်တာများတယ်။ အဓိကက တော့ အနုပညာကို ရှုးသွပ်တာပါ။ ရှုးသွပ်မှုဆိုတာကတော့ အနုပညာရှင်တိုင်းမှာ သူ့ဟာနဲ့သူ ရှိကြမှာပါ။

## ဂီတနဲ့ပတ်သက်ပြီး အခုလို လေ့လာဖြစ်ခဲ့တယ်

သီချင်းတွေ အမြဲတမ်းနားထောင်တယ်။ ထွက်သမျှ သီချင်းအကုန်လုံးကို နားထောင်တယ်။ ကိုယ်ကြိုက်တဲ့ အနုပညာရှင်တွေ ဘာသီချင်းတွေ ဆိုထားလဲ အမြဲအားပေးတယ်။ အငယ်တွေ ဘယ်လိုသီချင်းတွေ ဖန်တီးထားလဲ။ ကိုယ့်သီချင်းနဲ့ သံစဉ်တွေကို အမြဲတမ်းအသစ်ဖြစ်နေအောင် လုပ်တယ်။

## လူငယ်အနုပညာရှင်တွေကို ပြောချင်တဲ့စကား

လုပ်ရဖို့က လွယ်လာတယ်။ ဒါပေမဲ့ ဖြစ်သွားဖို့နဲ့ ရေရှည်ရပ်တည်ဖို့က မလွယ်ဘူးလေ။ အနုပညာရှင်တွေများလာတာက အစ်ကိုတို့ တိုင်းပြည်တင်မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံး ဖြစ်နေတာပါ။ အခုဆိုရင် studio တွေ များလာတယ်။ ကုန်ကျစရိတ်ကလည်း ဟိုးအရင်တုန်းကလောက် မများတော့ဘူး။ MTV ကို စိတ်ကြိုက်ရိုက်ရင်တော့ ကုန်မှာပေါ့လေ။ ဒါပေမဲ့ အခွေတစ်ခွေထွက်ဖို့ကတော့ သူ့ဟာနဲ့သူ လွယ်ကူပါတယ်။ အရင်တုန်းက Studio အကြီးကြီးတွေပဲ ရှိတာလေ။ အဲဒီကိုသွားမှ အခွေက ထုတ်လို့ရမှာလေ။ ကိုယ့်ဘာသာကိုယ် သွင်းဖို့က မလွယ်ဘူး။ အခုနောက်ပိုင်းကျတော့ နည်းပညာတွေက တိုးတက်လာပြီဆိုတော့ ကိုယ့်ဘာသာကိုယ် Home Studio လေးမှာ သွင်းလို့ရတယ်။ Quality တော့ ကွာသွားတာပေါ့။

## အဆိုပြိုင်ပွဲတွေအပေါ် ဟဲလေးရဲ့အမြင်

ပြိုင်ပွဲတွေများလာတာ တကယ့်ဝါသနာရှင်တွေအတွက် အရမ်းကောင်းပါတယ်။ လမ်းမပျောက်တော့ဘူးပေါ့။ မန္တလေး၊ တောင်ကြီးနဲ့ အနယ်နယ်အရပ်ရပ်က ဝါသနာရှင်တွေက အနုပညာလောကထဲကို ဝင်ဖို့ အရမ်းခက်ခဲတယ်လေ။ အခုနောက်ပိုင်းမှာတော့ အခွင့်အရေးတွေက များသွားပြီ။ TV Channel တွေကလည်း အဆိုပြိုင်ပွဲတွေ လုပ်ပေးကြတယ်။ အနယ်နယ်အရပ်ရပ်က ဝါသနာရှင်တွေက စင်ပေါ်ရောက်လာဖို့ အခွင့်အရေးတွေ ရလာကြတာပေါ့နော်။ Melody World ပွဲကဆိုရင် ချမ်းချမ်း၊ နီနီခင်ဇော်၊ အိုင်ရင်း၊ ခင်စုစုနိုင်တို့တွေ ပေါ်လာကြတယ်၊ ဖြစ်လာကြတယ်။ နေရာအခိုင်အမာတွေလည်း ရကြတယ်။ တဒင်္ဂလက်ခုပ်တီးတဲ့အသံကို မယစ်မူးဘဲနဲ့ ရေရှည်မှာ လက်ခုပ်တီးသံကြားနိုင်အောင် ကြိုးသူကို ရှိသေ၊ ငယ်သူကို လေးစားရမယ်။

## ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလိုနေရာတွေမှာ များများသုံးဖြစ်တယ်

အစ်ကိုကျတော့ အနုပညာနဲ့ ရပ်တည်နေရတဲ့ Life တစ်ခုဆိုလည်း မမှားပါဘူး။ ပရိသတ်



တွေချစ်တဲ့အတွက် ကိုယ့်ရဲ့ဝါသနာနဲ့အတူ အသက်မွေးဝမ်းကျောင်းခွင့်ရတယ်။ အစ်ကိုရတဲ့ အနုပညာကြေးပေါ် မူတည်ပြီးတော့ အလှူအတန်းအတွက် သတ်သတ်ကို ဖယ်ထားတယ်။ ကိုခန့်စည်သူဦးစီးတည်ထောင်ထားတဲ့ 'မေတ္တာသင်္ဂဟ' အဖွဲ့မှာလည်း အားရင်အားသလို သွားလှူဖြစ်တယ်။ တခြားသော လူမှုရေးအသင်းအဖွဲ့တွေမှာလည်း လှူဖြစ်တယ်။ အစ်ကိုအဆင်ပြေရင်ပြေသလို အလှူအတန်းလုပ်ဖြစ်တယ်။ ကျန်းမာရေးအတွက် ဖြစ်စေ၊ ပညာရေးအတွက် ဖြစ်စေ လိုအပ်တဲ့နေရာတွေမှာ လှူဖို့အတွက် အစ်ကိုရတဲ့ ငွေကြေးတွေကို ခွဲထားပါတယ်။

**ပရဟိတလှုပ်ရှားမှုတွေအပေါ် ဟဲလေးရဲ့အမြင်**

အားနည်းတဲ့လူကို လက်တွဲကူညီအားပေးတာပေါ့။ ဒီလိုမျိုး အသင်းအဖွဲ့လေးတွေ ပေါ်လာတာ ကောင်းပါတယ်။ တကယ်လိုအပ်တဲ့နေရာတွေမှာ ကူညီနိုင်ဖို့ အသင်းအဖွဲ့လေးတွေ ရှိတာ ကောင်းပါတယ်။

**သင်္ကြန်သီချင်းတွေကို ဒီလိုစဉ်းစားပြီး ရေးခဲ့တယ်**

သင်္ကြန်သီချင်းက ရေးရတာ ဘောင်အရမ်းမကျယ်ဘူး။ ဘောင်ကျဉ်းတယ်။ မဏ္ဍပ်မှာ ရေပက်မယ်။ ကားနဲ့လည်မယ်။ ချစ်သူနဲ့ လျှောက်သွားမယ်။ ဒါမှမဟုတ် အိမ်ကထွက်လို့မရတဲ့ အကြောင်းလေးတွေပေါ့။ အဲဒီလိုအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ရေးရတယ်။ အစ်ကိုကတော့ အဲဒီလို အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ခွဲထွက်ချင်တယ်။ သင်္ကြန်သီချင်းကို နှစ်တိုင်းဆိုချင်တယ်။ ဆိုလိုက်တဲ့ သီချင်းတိုင်းကိုလည်း အောင်မြင်ချင်တယ်။ ကိုယ့်အကြောင်း ရေးထားတဲ့ "မိန်းမကို တရား စခန်းပို့မယ် ××× " ဆိုတဲ့ အတွေးလေးတွေ ဆန်းသစ်ပြီး ရေးထားတဲ့ သီချင်းလေးတွေ ရှိတယ်။ 'မက်လုံး' သီချင်းဆိုရင် သီချင်းစာသားအရမ်း ဆန်းလို့မရရင် ရိုက်ကူးရေးအပိုင်းကို ဆန်းအောင် လုပ်တာပေါ့နော်။ Angry Bird ခေတ်စားတုန်းက Angry Bird အကြောင်းလေးတွေ ရေးတယ်။ ဒီနှစ်ကတော့ သင်္ကြန်ရက် ၄ ရက်ကို အားမရတဲ့အတွက် ရက်ထပ်တိုးချင်တဲ့ အကြောင်းလေး ရေးထားတယ်။ ၄ ရက် ပျော်ရတာထက် အဲဒီ ထက်မက ပျော်ချင်တဲ့အကြောင်းလေးပါ။




**သင်္ကြန်မှာ ပါဝင်ဆင်နွှဲမယ့် လူငယ်တွေ အတွက် အကြံပေးစကား**

သင်္ကြန်ဆိုတာ လူမျိုးမရွေး၊ ဘာသာမရွေး ပျော်လို့ရတယ်။ ရိုးရိုးပျော်တဲ့လူနဲ့ အပျော်လွန်တဲ့ လူတွေရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် မထိခိုက်စေချင်ဘူး၊ ရန်မဖြစ်စေချင်ဘူး။ တစ်ယောက်နဲ့တစ်ယောက် သည်းခံစိတ်လေးထားနိုင်ရင် အကောင်းဆုံးပါပဲ။ ငြိုးတေးထားတဲ့ ပြဿနာတွေကိုလည်း ဒီလိုအချိန်အခါမျိုးမှာ မဖြေရှင်းသင့်ပါဘူး။ သင်္ကြန်မှာ အေးအေးချမ်းချမ်းနဲ့ပဲ အစ်ကိုတို့ရဲ့နှစ်သစ်ကို ဖြတ်သန်းစေချင်ပါတယ်။ နှစ်သစ် စကူးတဲ့အချိန်မှာ စိတ်ညစ်စရာတွေ၊ စိတ်ရှုပ်စရာတွေ မကူးစေချင်ပါဘူး။ အခုခေတ် လူငယ်တွေရဲ့ ဖက်ရှင်ကတော့ အဓိကက လူတိုင်းထက် ဂေါ်ချင်ကြတယ်။ ဂေါ်ရင်းနဲ့ ပေါ်ကုန်တာပါ (ရယ်လျက်)။ ခေတ်ကာလနဲ့ ဝတ်ကြတာတော့ ဝတ်ကြပါ။ သရုပ်ပျက် ဝတ်စားဆင်ယင်မှုကတော့ ရှိတာပါပဲ။ ဒါပေမဲ့ အရမ်းဟော့ပြီး လန့်ထွက်နေတာတော့ မကောင်းဘူးလို့ ပြောချင်ပါတယ်။

**ဟဲလေးရဲ့ အနာဂတ်အစီအစဉ်**

စီးပွားရေးကတော့ လုပ်ရမှာပေါ့။ အနုပညာအလုပ်က ကိုယ်ဝါသနာပါလို့ ရူးသွပ်တာလေ။ နောက်ပိုင်းမှာတော့ အနုပညာနဲ့ ဆက်စပ်တဲ့ အလုပ်ပဲဖြစ်စေ၊ တခြားစီးပွားရေးပဲဖြစ်စေ စီးပွားရေးတော့ လုပ်မှာပါ။ ထိတ်ထိတ်ကြဲ အောင်မြင်တဲ့အချိန်က လေး၊ ငါးနှစ်ထက် မပိုပါဘူး။ ကိုယ့်ရဲ့အောင်မြင်မှုကို အရမ်းယစ်မူးလို့ မရပါဘူး။ ရေရှည်ရပ်တည်နိုင်ဖို့လည်း အရေးကြီးပါတယ်။ အရင်တုန်းက ပရိသတ်၊ အခုကျတော့ အနုပညာရှင်၊ နောက်ကျတော့ ပရိသတ်ပြန်ဖြစ်သွားနိုင်တာပဲလေ။ ကိုယ် ပရိသတ်ပြန်ဖြစ်သွားတဲ့ အချိန်ကျရင်လည်း အနုပညာကို ဖန်တီးရင် ဖန်တီးမယ်၊ ခံစားရင် ခံစားနေမှာပေါ့နော်။ ပရိသတ် အားပေးနေသရွေ့ အနုပညာကို လုပ်သွားမှာပါ။

**ပရိသတ်အတွက် ဟဲလေးရဲ့စကားလက်ဆောင်**

အစ်ကိုတို့ နိုင်ငံကြီးက တော်တော်တိုးတက်လာပြီ။ နိုင်ငံတကာကုမ္ပဏီတွေ လာဖွင့်ကြတယ်။ လမ်းတွေလည်း တော်တော်ကောင်းလာပါပြီ။ ကိုယ့်ရဲ့ ဖုန်းထဲမှာပဲ အင်တာနက် သုံးနိုင်ပြီ။ နောင်လာမယ့် နှစ်သစ်မှာလည်း ဒီထက်ပိုပြီး တိုးတက်နိုင်ပါစေ။ ပြည်သူပြည်သားတွေ လူတန်းစားမဟာဘဲ တန်းတူရည်တူ Facility ကို အရမ်းကြီး အဆင့်အတန်းမကွဲပြားဘဲ ရကြပါစေ။

သီတာစိုး





# ယုံကြည်ရာကို ဆုံးခန်းတိုင်လုပ်သွားမယ်

# BLAZE ငနောနော

Zigzag

အောင်မြင်ခြင်းနှင့် ဘဝအဓိပ္ပာယ်ကို ပြည့် ပြည့်ဝဝခံစားရခြင်းတို့က သဘောသဘာဝချင်း ကွာခြားနားလှသည်။ အောင်မြင်ခြင်းကို သူ တစ်ခါမျှ မရှာဖွေခဲ့။ သူ့တစ်ကိုယ်လုံး ဂီတဆိုသည့် အနက်ရှိုင်းဆုံးပင်လယ်ထဲ ပစ်ချကာ အစွမ်းရှိသမျှ ကူးခပ်ခဲ့သည်။ အစပျိုးကာလတွေမှာ သူ့မှာ ခြေလက်အစုံအလင်နဲ့ နှလုံးသားတစ်စုံသာ ပါရှိခဲ့သည်။ ချစ်တတ်သော နှလုံးသားတစ်စုံ၊ ဒီနှလုံး သားက ကမ္ဘာလောက ရှိရှိသမျှ အရာခပ်သိမ်းတို့အနက် ဂီတဆိုသည့်အရာကိုသာ စုံမက်တွယ်နစ် ချင်ခဲ့သည်။ ငယ်စဉ်ကတော့ သူ့ကိုယ်သူ ပုစ္ဆာ တစ်ပုဒ်လို အခါခါဆန်းစစ်တွက်ထုတ် ကြည့်ခဲ့ဖူး သည်။ ငါဘာဖြစ်ချင်သလဲ၊ ငါ့ဘဝမှာ ဘာနဲ့ နေထိုင်သွားသင့်သလဲ၊ ငါ့ရဲ့ အနာဂတ်ကာလ

"ကမ္ဘာကြီးမှာ music မရှိလို့မဖြစ်ဘူးဗျ။ လူသားရဲ့ဘဝအစ မွေးဖွားခြင်းကို ညွှန်းဆိုတဲ့ Birthday သီချင်းကအစ၊ တိုင်းပြည်တစ်ပြည်ရဲ့ နိုင်ငံတော်သီချင်းအဆုံး အားလုံး music တွေနဲ့ ချည်းပဲ တည်ဆောက်ထားတာ။ Without Music, Without Life လို့ပဲ ပြောရတော့မယ်ဗျာ"

p h o t o . n a y y a n

အတွက် ရည်ရွယ်ချက်နဲ့ ဆန္ဒတွေက ဘာတွေလဲ၊ အိပ်မက်တွေကရော ချိုမှာလား၊ ချဉ်မှာလား၊ မချို မချဉ် ခါးသက်နေဦးမှာလား။ အချိန်တစ်ခုရောက် သည့်အခါ ယုံကြည်သူဖြစ်သည့်အားလျော်စွာ အလုံးစုံသော ပူပန်ကြောင့်ကြစိတ်တွေကို ဘုရား သခင်က သိမ်မွေ့ညင်သာစွာ ဖယ်ထုတ်ရှင်းလင်း ပစ်လိုက်ကာ သူ့အား ဂီတအရာကိုသာ စိတ်နှစ် လုပ်ဆောင်ဖို့ အခွင့်ပေးခဲ့သည်။

"၇ တန်း ၈တန်းလောက်က music ဆိုတဲ့ အရာကြီးကို စငြိသွားခဲ့တယ်ဗျ။ တကယ်တမ်း သူ့အတွင်းသားထဲကို နက်နက်ရှိုင်းရှိုင်းရောက် သွားခဲ့တာက ၁၀တန်းနောက်ပိုင်းကျမှ။ ကျွန်တော့် ဦးလေးတွေက ကျွန်တော့်ကို အနီးကပ် လမ်းညွှန်ပြသပေးခဲ့တဲ့ အထောက်အပံ့ကောင်း တွေပေါ့။ သူတို့ကြောင့် ပြဿနာအခက်အခဲ တစ်စုံတစ်ရာမျှ မပေါ်လိုက်ဘဲ music ထဲကို ကျွန်တော် ရောက်သွားခဲ့တယ်ဆိုပါတော့ဗျာ"

Music ဆိုသည့်အရာကြီးကို ဘာမှန်း တိတိကျကျမသိခင် ခပ်ငယ်ငယ်ကလေးဘဝ အရွယ်ကတည်းက သီချင်းတွေကို တမက် တမော အော်အော်ဆိုမိသည်အထိ ချစ်မက်နေတတ်ခဲ့ကြောင်း သူက အပွင့်လင်းဆုံး အရယ် အပြုံးတို့ဖြင့်

# PLUS yati



ပြန်ပြောင်းမှန်းဆ ပြောပြနေခဲ့သေးသည်။

"ငယ်ငယ်တုန်းက ထွဏ်းထွဏ်း၊ (ကို)အငဲ သိပ်ကြိုက်တယ်ဗျာ။ သူတို့သီချင်းတွေ အော် အော်ဆိုတာပေါ့။ ဆိုနေကျက ထွဏ်းထွဏ်းရဲ့ ဟို . . ဘာလဲ. . အချစ်ရူး အချစ်ရူး၊ Mr.Big ရဲ့သီချင်း၊ (ကို)အငဲ သီချင်းက ဟူး . . ဝေးပြီ ဘောဘီ အဝေးဆုံး. . . သူတို့သီချင်းတွေ ဆိုရ၊ တီးရတာ အင်မတန် သဘောကျခဲ့တယ်"

အဘယ်အရာမျှ မိုးကောင်းကင်က ရွာချ လိုက်သည့် မိုးစက်မိုးပေါက်တွေလို အခန့်သင့် ဖြာဆင်းရွာချ စွတ်စိုအေးမြခဲ့သည်မဟုတ်။ အရာခပ်သိမ်းတို့မှာခိုင်လုံသော အကြောင်း ပြချက်ရှိ သည်။ စစ်မှန်သော ကြိုးစား အားထုတ်မှုလည်း ရှိသည်။ ထိုက် တန်သည့် ရင်းနှီးမှုတစ်ခုရှိသည်။ သေသပ်ကျနသည့် အပျံစား ဂစ်တာ လက်သံကို ပိုင်ဆိုင်ခွင့်ရဖို့ သူ့ဘဝရဲ့ အချိန်များစွာကို ဖွဲ့ချွေ ပေးဆပ်ခဲ့ရကြောင်း မြိန်မြိန်ရှက်ရှက် ပြောပြ နေရင်းက ဂစ်တာ သမားဖြစ်ချင်သည့် လူငယ်တို့အတွက် စေတနာ စကား တစ်စွန်းတစ်စ လှလှပပ ထုဆစ် လှစ်ဟပြ သေးသည်။

"သီချင်းတွေကို ခပ်များများကြီးကို ကျွန်တော် နားထောင်ခဲ့တယ်။ များသောအားဖြင့် rock သီချင်းတွေ၊ ပြီးတော့ ဂစ်တာကို တစ်ချိန်လုံး အမြဲတမ်းပဲ တီးနေခဲ့တယ်ဗျာ။ နောက်ပြီးတော့ သီချင်တာတွေ လက်လှမ်းမီသလောက် မရှက် မကြောက် မေးစမ်းခဲ့ရတယ်။ ဂစ်တာ note book တွေ ရသလောက် ရှာဖွေလေ့လာရသေး တယ်။ စာအုပ်တွေလည်း အတော်များများ ကြီးကို ဖတ်မှတ်ခဲ့ရတယ်။ ကျွန်တော်ထင် တယ် သီချင်းတွေကို အချိန်နာရီ နေ့ ရက်မရွေး ခပ်များများ နားထောင် တတ်မယ်၊ ဂစ်တာကို မလွှတ်တမ်း မနားတမ်းတီးကျင့်နေမယ်၊ စာ အုပ်တွေ ရှာဖွေလေ့လာ ဖတ် မှတ်မယ်။ ဒါဆိုရင် ပရမ်းပတာ မဖြစ်တော့ဘူးဗျာ။ အချိန်တစ်ခု ရောက်ရင် အဆင်ပြေ ကောင်းမွန် တဲ့ ဂစ်တာသမားကောင်း တစ်ယောက် ဖြစ်လာမှာ အသေအချာပါပဲဗျာ"

ယုံကြည်ရာလျှောက်လှမ်းနေသည့် ခရီးစဉ် တစ်လျှောက်မှာ ကြည်မြလန်းဆတ်သည့် ဆောင်း ဦးရာသီအစလို ယဲ့ယဲ့ကလေးရပ်ဖျက် ဝင်ရောက် လာတတ်သည့် မုန်တိုင်းတို့က သူ့ယုံကြည်ချက် တွေကို ခက်ခက်ထန်ထန် မွှေနှောက်ဖျက်ဆီးဖို့ ကြိုးစားလာကြသည်။ ဒီကြမ်းတမ်းခက်ထန်သည့် မုန်တိုင်းဆန်ဆန် နေ့ရက်တွေကို ဂီတချစ်သည့် စိတ်တစ်ခုတည်းဖြင့် သူ မလွယ်ကူစွာ (သို့သော်) မခက်ခဲလှစွာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။



"ပြင်းပြင်းထန်ထန် ဆိုးဆိုးဝါးဝါး နေ့ရက်တွေ မကြုံခဲ့တာ ဘုရားကျေးဇူးသက်သက်ပါပဲဗျာ။ ကျွန်တော်က သီချင်းလည်းရေးတော့ သီချင်းတွေရေး ကိုယ်တိုင်ဆို၊ ဒီလိုနဲ့ပဲ recording ဝင်ခဲ့တယ်။ recording ဝင်တာက များတော့ ဒါတွေကပဲ လေ့ကျင့်မှု အကြီးစားကြီး တစ်ခုလို အဆင်ချော သွားခဲ့တယ် ဆိုပါတော့ဗျာ"

ဟုတ်သည်။ သူက သီချင်းတွေလည်း ကိုယ်တိုင်ရေးသည်။ ဂစ်တာတီးသည်၊ ဆိုသည်၊ တေးရေးသည်။ အစားအစာတစ်ခုခု အရသာ ပြည့်ဝအောင် စီမံချက်ပြုတ်ရသလို သီချင်းတစ်ပုဒ်ကိုလည်း ကောင်းမွန်စွာ ချက်ပြုတ်တတ်ဖို့ သိပ်လိုသည်။

"ကျွန်တော်က သီချင်းတွေကို frame အရင်ဆုံး ချတယ်ဗျ။ လုတပတ body လေး ရမှသာ melody ထပ်ရှာတယ်။ ဒါတွေ အသေအချာရမှ lyrics ထပ်ဖြည့်တယ်။ ကိုယ့်သီချင်းတွေချည်းပဲ အမြဲတမ်းတော့ မဆိုဖြစ်ဘူး။ တခြား composer တွေရဲ့ သီချင်းတွေလည်း ယူဆိုဖြစ်တဲ့အခါ ဆိုတယ်။ သူရိန်တို့ ညလင်းထယ်တို့ရဲ့ သီချင်းတွေ။ ကျွန်တော်လိုချင်တဲ့ style ထုတ်ပြောဖြစ်တဲ့ အခါ လည်း ရှိသလို၊ ဘာမှ အထွေအထူး ထုတ်ဖော်ပြောနေစရာမလိုဘဲ တကယ့်ကို ကျွန်တော့်အတွက် ကျွန်တော်ဆိုဖို့သက်သက် ရည်ရွယ်ပြီး ရေးထားသလား ထင်ရလောက်အောင် ကျွန်တော်နဲ့ အစပ်အဟပ်မိနေတဲ့ သီချင်းတွေလည်း အဆင်သင့်ရှိနေတတ်တယ်၊ အထူးသဖြင့်တော့ ညလင်းထယ် ဆီမှာပေါ့။ ညလင်းထယ်ရေးလိုက်တဲ့ သီချင်းတွေက ကျွန်တော်နဲ့ အံ့သြစရာကောင်းလောက်အောင် မိနေတတ်တယ်။ ညလင်းထယ်ရဲ့ သီချင်းတွေ ကျွန်တော်ဆိုဖြစ်တာများတယ်"

သူ့မှာ ညီတစ်ယောက်၊ အစ်ကိုတစ်ယောက် ရှိသည်။ သူက အလယ်ကလူ၊ တိုင်းရင်းသားပီပီ စကားနည်းနည်းဝဲသည်။ သီချင်းဆိုသည့်အခါမှာတော့ အဝဲအဝဲ အတိမ်းအစောင်းလုံးဝမရှိဘဲ vocal tone က rock သံစဉ်တွေထဲမှာ အား ကောင်းမောင်းသန် ပါဝါပြည့်နေတတ်သည်။ သူ့အစ်ကိုက အခုအခါ နိုင်ငံရပ်ခြားမှာ။ သူ့ညီကတော့ သူ့ရဲ့Blaze Bandမှာ second lead ဂစ်တာသမားအဖြစ် သူနှင့်အတူ ဂီတတိုက်ပွဲ ဝင်နေခဲ့ပြီ။ အစ်ကိုနှင့် ညီငယ်အကြောင်း ပြောပြ နေချိန်မှာ ခပ်ညိုညိုသူ့မျက်ဆန်တွေက ရှတ်ခြည်း စိုလက်နက်မှောင်ကာ အစ်ကိုနှင့် ညီငယ်အတွက် ဂုဏ်ယူဝမ်းမြောက်ဟန်က အထင်းသား ပေါ်လွင်နေခဲ့သည်။

"ကျွန်တော့်အစ်ကို ဒူးဒူးက ကျွန်တော့်အတွက် သီချင်းတစ်ပုဒ် ရေးပေးခဲ့ဖူးတယ်။ ပထမဆုံးအယ်လ်ဘမ် 'အတိုင်းထက်အလွန်' မှာ ကျွန်တော်ထည့်ဆိုခဲ့တယ်။ 'ပြန်ဆုံကြမယ်' ဆိုတဲ့သီချင်း။ ကျွန်တော့်ညီ ဒီးလာကတော့ ပြောရရင် MIT ကျောင်းဆင်းတစ်ယောက်ဗျ။ သူက Pastor ပေါက်စပေါ့။ ဘုရားအတွက် အလုပ်လုပ်သလို ကျွန်တော့်ရဲ့ Blaze Bandအတွက်လည်း ဂစ်တာတီးပေးနေတယ်။ သူက ဒုတိယအယ်လ်ဘမ် 'အကန့်အသတ်မရှိ' ကျမှ ဝင်တီးလာတာ၊ ပထမ 'အတိုင်းထက်အလွန်' တုန်းက သူ မပါသေးဘူးဗျ။ အခု Blaze မှာလည်း သူ့အားသန်ရာတီးဖို့ ဖွင့်ပေးထားတယ်"

Vocal & first guitar - နော်နော်၊ second guitar - ဒီးလာ၊ bass - ကိုဂျက်၊ drums - စိုင်းအောင် ၊ ဒီအဖွဲ့သားလေးယောက်နှင့် ကျစ်လျစ်ခိုင်မာစွာ တည်ထောင်ခဲ့သည့် Blaze Band သည် အတိုင်းထက်အလွန်၊ အကန့်အသတ်မရှိ၊ အိပ်မက်ထဲကလို၊ လေးလေးနက်နက် တေးအယ်လ်ဘမ်လေးခု ထွက်ရှိပြီးခဲ့သည့်အတိုင်း Band သက်တမ်းက ဂီတလောကမှာ အတန်အသင့် ခမ်းနားကြီးရင့်ခဲ့ပြီဆိုတာ ငြင်းပယ်မရသည့် အမှန်တရားတစ်ခု။ ၁၃ နှစ်ဆိုသည့် အချိန်အတိုင်းအဆက Blaze ဆိုသည့် အမည်နာမကို ဂုဏ်ရှိန်ပါဝါမြင့်တင်ကာ အလျှံတငြီးငြီး တောက်ပလက်ဖြာအောင် ဆောင်ကြဉ်းလာခဲ့ပြီ။

"ကျွန်တော့်အဖွဲ့သားတွေကို ကျွန်တော် ဘာတစ်ခုမှ ကန့်သတ်ချုပ်ချယ်ထားတာမရှိဘူးဗျ။

music PLUS yati

သူတို့ကို တခြားမှာလည်း session player အဖြစ် သွားတီးဖို့ ခွင့်ပြုထားတယ်။ ကျွန်တော်တို့ မွေးဖွားကြီးပြင်းတဲ့ တိုင်းပြည်က အစစအရာရာ အားနည်းနေသေးတယ်၊ ဝင်ငွေအရရော၊ ကျန်တဲ့ အပိုင်းတွေရော၊ ဒါကြောင့် သူတို့ကို လုံးဝချုပ်ချယ် မထားဘူး၊ ငွေကြေးအရ သက်မွေးဝမ်းကျောင်းမှု အရ အဆင်ပြေမယ်ဆိုရင် တခြားမှာ စိတ်ကြိုက် သွားတီးနိုင်တယ်ဗျာ။ ကျွန်တော် သဘောထား ကြီးကြီးနဲ့ ခွင့်ပြုပေးထားတယ်။ ခုလို ချုပ်နှောင် ကန့်သတ်မထားဘဲ လွတ်လပ်ခွင့်အပြည့်ပေးပြီး အတူတကွ ပူးပေါင်းလုပ်ဆောင်တာက ပိုပြီး နိုင်မြဲစေမယ့် နည်းလမ်းဖြစ်တယ်လို့ ကျွန်တော် ယုံကြည်တယ်"

Blaze မှာ တခြား Band တွေလို player ဝင်၊ ထွက်၊ ပြောင်းလဲပြသနာတွေ လှုပ်ခတ် မနေဘဲ မြဲမြံခိုင်ခံ့နေစေသည့် အကြောင်းရင်းကို မရှာဘဲ တွေ့လိုက်ရသည်။ အဓိက အကြောင်း ရင်းက Set us free . . . အကန့်အသတ်အချုပ် အနှောင်ကင်းသည့် လွတ်လပ်ခြင်းကသာ စည်းလုံးမှုကို ဖော်ဆောင်သွားနိုင်ကြောင်း Blaze က မီးမောင်းထိုးပြခဲ့သည်။ သူကတော့ အရာ ခပ်သိမ်းဟာ ဘုရားသခင်ရဲ့ ခွင့်ပြုချက်နဲ့ ရှင်သန် လှုပ်ရှားနေရသည်လို့ ယုံကြည်သည်တဲ့။

"ဟုတ်တယ်ဗျ၊ ဘာမဆို အားလုံးပဲ Jesus အခွင့်ပေးလို့ လုပ်နိုင်တာ။ သူသာ ခွင့်မပြုရင် ဘာမှ ပေါ်ပေါက်လာမှာမဟုတ်ဘူး။ ကျွန်တော် တို့အခု ရှုရှိုက်နေတဲ့လေကအစ အလုံးစုံပဲ ဆိုနေ တဲ့ သီချင်း၊ တီးနေတဲ့ ဂစ်တာ၊ သွားနေတဲ့လမ်း အားလုံးပဲ Jesus ခွင့်ပြုလို့၊ သူ့ကို ကျွန်တော်တို့ လွန်ဆန်လို့မရဘူး။ ကျွန်တော်စမ်းချောင်း church မှာ ဘုရားကျောင်းတက်တယ်၊ ဆယ်ဖို့ တစ်ဖို့ ကျွန်တော့်ဘုရားကျောင်းကို အများဆုံး လှူတယ်။ Gospel Song တွေ ဆိုဖို့ပြောရင် မငြင်းဘူး၊ အမြဲဆိုတယ်။ ဘုရားကျောင်းက Music Team မှာ လူငယ်တွေကို musicနဲ့ ပတ် သက်ပြီး လိုအပ်တာ အကြံပေး ကူညီပါဝင်ဖြစ် တယ်။ Jesus က ကျွန်တော်တို့အတွက် နံပါတ် တစ်ပဲ"

သူကိုးကွယ်ရာ ဘာသာတရား နှင့် ပတ်သက် ပြီး သူ့အတွင်းသားထဲ က ယုံကြည်မှုကို မြင်တွေ့ရသည့် အခါ ဂီတနှင့်ပတ်သက်သည့် သူ့ အတွင်းသားထဲက ယုံကြည်မှု အတိုင်းအဆကိုလည်း သိမြင်လိုခဲ့ သည်။

"ကမ္ဘာကြီးမှာ music မရှိလို့ မဖြစ်ဘူးဗျ။ လူသားရဲ့ဘဝအစ မွေးဖွားခြင်းကို ညွှန်းဆိုတဲ့ Birth-day သီချင်းကအစ၊ တိုင်းပြည် တစ်ပြည်ရဲ့ နိုင်ငံတော်သီချင်းအဆုံး အားလုံး music တွေနဲ့ချည်းပဲ တည်ဆောက်ထားတာ။ Without Music, Without Life လို့ပဲ ပြောရတော့မယ်ဗျာ"

ဆိုသည်၊ တီးသည်၊ ရေးသည်။ ဒီလုပ်ရပ် သုံးခုမှာ သူ ဘယ်အရာကို ပိုလို့စိတ်နှလုံးမိန်းမော တိမ်းညွတ်မိပါလိမ့်။ မထင်မှတ်သည့် အမေးစကား ကြောင့် သူ ခဏငယ်လေး တုံ့ဆိုင်းသွားသေးသည်။ နောက်တော့ မျက်လုံးတွေကို ထောင့်ကပ်ကာ "တီးရတာကို ပိုပြီး နှစ်သက်တယ်လို့ ထင်မိတယ်" လို့ မညာတမ်း သူဖြေပေးခဲ့သည်။ Studio တွေ ထဲမှာတော့ PTL ကို instrument ပိုင်းရော၊ စက် ပစ္စည်း အသံဖမ်းquality ပိုင်းရော ပိုလို့သဘော ကျကြောင်း၊ သို့သော် လေ့ကျင့်မှုအတွက်တော့ Harmony Studio မှာ Blaze အဖွဲ့သားတွေ တစ်လ သုံး လေးကြိမ်တွေ့ဆုံကာ တစ်ရက် သုံး-လေး နာရီလောက် ပုံမှန်ထိတွေ့ လေ့ကျင့်ကြ ကြောင်း စီကာစဉ်ကာ သူပြောပြခဲ့သည်။

သမ္မာကျမ်းစာဟေဗြဲဩဝါဒစာမှာ သူဖတ်ဖူး လိမ့်မည်။ Run the race, Set before us. "ငါတို့မျက်မှောက်၌ထားသော ပန်းတိုင်သို့ ရောက်ခြင်းငှာ ငါတို့သည်အားမလျှော့ဘဲ ပြေးကြ ကုန်အံ့"။ နောက်ဆုံးမှာ သူ အဲဒီလိုပဲ ပြောသည်။ ဒါသည် ဂီတဝါသနာအိုးလေးတွေ အတွက် နှစ်သစ်စကားလက်ဆောင် ဖြစ်နိုင်ပါသည်။

"ကိုယ်ယုံကြည်ရာကို ဆုံးခန်းတိုင်အောင် လုပ်ကြပါ" တဲ့။

Zigzag





> ပွင့်လင်းမြင်သာတဲ့ အစိုးရမဖြစ်ခဲ့လို့ အန်တီတို့က ကမ္ဘာမှာ အိမ်နီးချင်းနိုင်ငံတွေကြားမှာ ဘာမှယှဉ်လို့မရအောင်ကို မျက်စိပိတ်နားပိတ်တွေဖြစ်ခဲ့ရပြီးပြီ။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီး ဦးဆောင်ပြီး ပွင့်လင်းမြင်သာတဲ့ အစိုးရဖြစ်အောင် ပြောင်းလဲနေတဲ့ အချိန်မှာအစိုးရကို ပွင့်လင်းမြင်သာတဲ့ တာဝန်ခံတဲ့အစိုးရဖြစ်အောင် လုပ်တဲ့နေရာမှာ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ တာဝန်ကလည်း အရေးကြီးတယ်။



# Beyond The Women

## ဒေါက်တာညိုညိုသင်း (ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

အမျိုးသမီးတွေကို Weakness Sex, Weakness Gender ဆိုပြီး သတ်မှတ်လေ့ ရှိကြပါတယ်။ ဒါပေမဲ့လည်း အားနည်း၊ အားနွဲ့တဲ့ အမျိုးသမီးတွေထဲမှာမှ ထက်မြက်ရဲရင့်တဲ့ အမျိုးသမီးတွေ ရှိနေပါတယ်။ နယ်ပယ်အသီးသီးမှာ အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး လုပ်ရှားရုန်းကန်နေတဲ့ အမျိုးသမီးတွေထဲမှာ ဒေါက်တာညိုညိုသင်းလည်း ပါဝင်ပါတယ်။ မြန်မာ့နိုင်ငံရေးနယ်ပယ်ထဲမှာ ရှားပါးလှတဲ့ အမျိုးသမီးလည်း ဖြစ်ပါတယ်။ ပြည်သူ့လိုအပ်ချက်တွေ ပြည်သူ့ဆန္ဒတွေကို ပြည်သူတွေကိုယ်စား အကောင်အထည်ဖော်နေတဲ့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ သူမနဲ့ Beyond the women ကဏ္ဍအတွက် တွေ့ဆုံ ဖြစ်ခဲ့ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်မှာ ပြည်သူတွေအတွက် ဘယ်လိုတာဝန်တွေ ရှိပါသလဲ။**

တာဝန်တွေ ရှိတာပေါ့။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြည်သူ့ကိုယ်စားလွှတ်တော်ထဲမှာ နေရတာပါ။ သူက ပြည်သူလူထုရဲ့ ဒုက္ခ၊ ပြည်သူလူထုရဲ့ဆန္ဒကို နည်းအမျိုးမျိုးနဲ့ လွှတ်တော်ထဲမှာ ဖွင့်ဟဖော်ထုတ်ပေးရမယ်။ မဲပေးခြင်းနည်းလမ်းဆိုတာ အလွယ်ဆုံးနည်းလမ်းပဲ။ သူများပြောတာ၊ ဝေဖန်တာကို ထောက်ခံတယ် ကန့်ကွက်တယ်ဆိုတာကို ခလုတ်လေးနှိပ်ပြီး မဲပေးရတာ။ ပြည်သူက ကိုယ့်ကို mandate ပေးလိုက်တာ။ ဒီကိစ္စက ပြည်သူလူထုအတွက် အကျိုးရှိရင် ပြည်သူ့ကိုယ်စား ထောက်ခံ။ ပြည်သူ အကျိုးမရှိရင် ကန့်ကွက်ပေါ့။ ပြတ်ပြတ်သားသားနဲ့ ကိုယ့်အလုပ်ကိုယ်လုပ်ရတယ်။ နောက်ပြီး အစိုးရကို ပွင့်လင်းမြင်သာတဲ့ အစိုးရဖြစ်အောင် လုပ်ဖို့လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်မှာ တာဝန်ရှိတယ်။ ပွင့်လင်းမြင်သာတဲ့ အစိုးရမဖြစ်ခဲ့လို့ အန်တီတို့က ကမ္ဘာမှာ အိမ်နီးချင်းနိုင်ငံတွေကြားမှာ ဘာမှ ယှဉ်လို့မရအောင်ကို မျက်စိပိတ်နားပိတ်တွေဖြစ်ခဲ့ရပြီးပြီ။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီး ဦးဆောင်ပြီး ပွင်းလင်းမြင်သာတဲ့ အစိုးရဖြစ်အောင် ပြောင်းလဲနေတဲ့အချိန်မှာ အစိုးရကိုပွင်းလင်းမြင်သာတဲ့ တာဝန်ခံတဲ့အစိုးရဖြစ်အောင် လုပ်တဲ့နေရာမှာ လွှတ်တော်ကိုယ် စားလှယ်တွေရဲ့ တာဝန်ကလည်း အရေးကြီးတယ်။



**လွှတ်တော်ထဲကို ရောက်နေပေမဲ့လည်း ဘယ်လိုဆွေးနွေးမှုမျိုးမှာမှ မပါဝင်ဘဲ ဒီအတိုင်း ထိုင်နေတတ်တဲ့ ကိုယ်စားလှယ်မျိုးတွေကိုကော အစ်မဘယ်လို ဝေဖန်ချင်ပါသလဲ။**

လွှတ်တော်ထဲမှာထိုင်နေပြီး ဆွေးနွေးမှုလုပ်ဖို့နေသာ မဲပေးဖို့အတွက် ရှေ့ကခလုတ်တောင် တစ်ချက်မနှိပ်တဲ့သူတွေ အများကြီးရှိတယ်။ ထောက်ခံဖို့၊ ကန့်ကွက်ဖို့တောင် ခလုတ်မနှိပ်ဘူး။ လွှတ်တော်ထဲရောက်နေပြီးဒီလောက်တောင်မလုပ်လို့တော့မရဘူး။ ပြည်သူလူထုရဲ့ ပိုက်ဆံကိုစားနေတာလေ။ အခုဆိုရင် တိုးလာမယ့်ဥပဒေအရဆိုရင် ပြည်ထောင်စုလွှတ်တော်က ၆ သိန်း၊ တိုင်းဒေသကြီးဆိုရင် ၄ သိန်း။ ဒါက ပြည်သူ့ပိုက်ဆံပဲ။ နည်းတာ မဟုတ်ဘူး။ လွှတ်တော်ထဲမှာ ထိုင်ပဲထိုင်နေလို့တော့ မရဘူးလေ။ လွှတ်တော် Channel ကို ကြည့်ကြည့်ပါ။ မဲပေးခွင့်ရှိတဲ့သူ အရေအတွက်နဲ့ မဲပေးလိုက်တဲ့သူအရေအတွက်နဲ့က အမြဲကွာနေတယ်။ ဒါက


❝

ဒီလိုလူတွေကိုတော့ အန်တီက သမိုင်းရဲ့ တရားခံတွေလို့ မြင်တယ်။ ပြည်သူ့ဆန်ကိုစားပြီး ပြည်သူ့အကျိုး ဘာမှမလုပ်နိုင်ဘူး။ ဒီလိုလူမျိုးတွေကို ပြည်သူတွေက ပြတ်ပြတ်သားသား ဖော်ထုတ်ပြီး နောင်တစ်ချိန်မှာ မဲလုံးဝမပေးဖို့ အန်တီက ပြောချင်ပါတယ်။


ဘာလဲဆိုရင် လွှတ်တော်ထဲမှာ လက်တောင်မလှုပ်ကြတဲ့သူတွေရှိတယ်ဆိုတာ ပြတာပဲ။ ဝင်ရောက်ဆွေးနွေးခြင်း၊ ဝေဖန်ထောက်ပြခြင်းကို ကြောက်တဲ့ ကိုယ်စားလှယ်တွေရှိတယ်။ ဒီလိုလူတွေကိုတော့ အန်တီက သမိုင်းရဲ့တရားခံတွေလို့ မြင်တယ်။ ပြည်သူ့ဆန်ကိုစားပြီး ပြည်သူ့အကျိုး ဘာမှမလုပ်နိုင်ဘူး။ ဒီလိုလူမျိုးတွေကို ပြည်သူတွေက ပြတ်ပြတ်သားသား ဖော်ထုတ်ပြီး နောင်တစ်ချိန်မှာ မဲလုံးဝမပေးဖို့ အန်တီက ပြောချင်ပါတယ်။ အမုန်းမခံချင်ရင် အစကတည်းက လွှတ်တော်ကိုယ်စားလှယ် မလုပ်နဲ့။ အချစ်ပဲ ခံချင်ရင် ရုပ်ရှင်မင်းသမီး၊ မင်းသားလုပ်ပေါ့။

**မြန်မာနိုင်ငံရဲ့ လူဦးရေ ၃၀ ရာခိုင်နှုန်းက လူငယ်များနဲ့ ဆက်ကျော်သက်အရွယ်တွေ ဖြစ်ကြတယ်လို့ ကုလသမဂ္ဂအစီရင်ခံစာမှာ ဖတ်ရပါတယ်၊ အဲဒီလို ၃၀ ရာခိုင်နှုန်းရှိတဲ့ လူငယ်အများစုကို မြန်မာ့လူမှုရေးနယ်ပယ်မှာ ဝင်ရောက်ဆွေးနွေးခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်မပေးဘဲ လျစ်လျူရှု**

**ခံထားရတဲ့အတွက် ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာနိုင်တယ်လို့ အန်တီ သုံးသပ်မိထားပါသလဲ။**

အန်တီတို့ရဲ့ လက်တွေ့လူ့အဖွဲ့အစည်းတွေမှာ လူငယ်တွေကိုဆိုရင် ပယ်ထားတာ။ အဲဒါက မကောင်းတဲ့ အမွေဆိုးကြီးကို ပိုက်ထားတာပဲ။ အန်တီတို့ ဒီဘက်မှာ အလုပ်လုပ်တဲ့အခါ တချို့ ပါတီကြီးတွေက လူငယ်တွေကို နေရာမပေးချင်ကြဘူး။ အဖွဲ့တွေဖွဲ့တဲ့အခါ လူငယ်တွေ ဦးဆောင်တာတို့၊ လူငယ်တွေက အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးလုပ်တာတို့ကို လက်မခံချင်ကြဘူး။ ဥက္ကဋ္ဌနေရာတော့ ပြောမနေနဲ့တော့ဘဲ။ ဒါက အလုပ်လုပ်နိုင်တဲ့ ၃၀ ရာခိုင်နှုန်းကို ဂရုမစိုက်တာပဲ။ ဒါဆို စီးပွားရေးတိုးတက်ဖို့တို့ ဘာတို့က ဘယ်တော့မှ ရှေ့ရောက်လာမှာ မဟုတ်ဘူး။ ဒီလိုပဲ ဆင်းရဲမွဲတေနေမှာပဲ။ အမှန်က လူငယ်တွေဆိုတာ ဒီနိုင်ငံရဲ့ အနာဂတ်က အဲဒီလူငယ်တွေကို ပေးခဲ့ရမှာ။ သူတို့ရဲ့အနာဂတ်အတွက် သူတို့ကို တာဝန်ယူစေတာက အမှန်ကန်ဆုံး ရွေးချယ်ရမဲ့ နည်းလမ်းပဲ။ လူငယ်တွေကိုယ်တိုင်ကလည်း ကိုယ့်အရည်အချင်းကို ကိုယ်မြှင့်တင်ပြီး ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုရှိဖို့ လိုတယ်။ ငါကတော့ လုပ်နိုင်မှာ မဟုတ်ပါဘူးလို့ ထင်နေတဲ့ လူငယ်တွေကို အန်တီအများကြီး တွေ့ဖူးတယ်။ အမှန်က ဘာမဆို လုပ်နိုင်တာ လူငယ်တွေပါပဲ။ ဒီလိုယုံကြည်မှုတွေ ပျောက်အောင်လည်း လူကြီးတွေ၊ မိဘတွေကပဲ လုပ်ထားတာပဲ။ အရမ်းတင်းကျပ် ထိန်းချုပ်ခံရတယ်။ ပြီးတော့ လူ့အဖွဲ့အစည်းမှာလည်း လူမှုရေးအဖွဲ့အစည်းမှာပဲဖြစ်ဖြစ် နိုင်ငံရေးအဖွဲ့အစည်းမှာပဲဖြစ်ဖြစ် နေရာ မရကြဘူး။ လူငယ်တွေ ပြောချင်တာတွေကိုလည်း တားမြစ်ထားကြတယ်။ တိုင်းပြည်အရေး၊ နိုင်ငံအရေး၊ ဒေသအရေးတွေမှာ သူတို့စိတ်ဝင်စားလာအောင် အန်တီတို့က လှုံ့ဆော်ပေးရမှာ။ တားမြစ်လို့မရဘူး။ မြေတောင် မြှောက်ပေးရမယ်။ နောက်ပြီး ရပ်ကွက်တွေ ကျေးရွာတွေမှာ ဘာကော်မတီပဲဖွဲ့ဖွဲ့ လူငယ်တွေပါအောင်၊ ပါဝင်ခွင့်ရအောင် ဖန်တီးပေးရမယ်။ လူငယ်တွေကို လူကြီးတွေနဲ့ လက်တွဲပြီး အလုပ်လုပ်စေခြင်းအားဖြင့် အတွေ့အကြုံတွေကို ဖလှယ်ပေးရမယ်။ ဒါမှ အားနည်းချက်၊ အားသာချက်၊ အမှားတွေကို မြင်မှာ။ ဒါဆို သူတို့လက်ထက်မှာ အမှားနည်းအောင် သူတို့ပြုပြင်နိုင်မှာပေ့ါ။ ဒါကြောင့် လူငယ်တွေကို လက်တွဲဖို့ နေရာပေးဖို့ အရမ်းအရေးကြီးတယ်။ အန်တီတို့နိုင်ငံက Late 50 Generation က ကိုယ့်နောက်က Generation ကို သေချာမွေးထုတ်နိုင်ဖို့ အားထုတ်ရမယ်။ အန်တီတို့က Second Generation မွေးထုတ်တာ အရမ်းအားနည်းတယ်။

**Domestic Violence တွေ ရှိနေတတ်တဲ့ မိသားစုထဲက ဆယ်ကျော်သက်လူငယ်တွေရဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနဲ့ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုပိုင်းတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးပေးပါဦး။**

ဒီလို အိမ်မျိုးက ကလေးတွေရဲ့ စိတ်က ဘယ်လို ထင်သွားလဲဆိုတော့ ဒီလိုအကြမ်းဖက်မှုက သူတို့အတွက် မထူးဆန်းဘူး။ အကြမ်းဖက်မှုကို ရင်းနှီးတဲ့ယောကျ်ားလေးက သူအိမ်ထောင်ရှင်ဖြစ်သွားတော့လည်း သူ မိန်းမကိုလည်း သူ ဒီလိုပဲ အကြမ်းဖက်လို့ ရမယ်လို့ ထင်မှတ်သွားတတ်



တယ်။ ဒီလိုခံရတဲ့မိန်းကလေးကလည်း ဒီလို အကြမ်းဖက်မှုက ငါ့အမေလည်း ခံရတာပဲ။ ဒါ မထူးဆန်းဘူးလို့ မှတ်သွားတတ်တယ်။ ဒါက အကြမ်းဖက်မှု သံသရာပေ့ါ။ Recycle of Violence က လည်တတ်တယ်။ ဒါကြောင့် အိမ်တွင်းအကြမ်းဖက်မှုကို တားဆီးရမယ်။ မတားဆီးနိုင်ရင် အန်တီတို့က အေးချမ်းသာယာတဲ့ လူ့အဖွဲ့အစည်းကိုရမှာ မဟုတ်ဘူး။ ဒါ အရမ်းကို အရေးကြီးတဲ့ ဥပဒေပဲ။ ဒီလိုကလေးတွေက ယုံကြည်မှုတွေ နည်းသွားတတ်တယ်။ လူ့အဖွဲ့အစည်းမှာ ပါဝင်တဲ့အခါ ယုံကြည်မှု မရှိကြတော့ဘူး။ Isolated တွေ ဖြစ်ကုန်တယ်။ အရမ်းအထီးကျန်ခံစားပြီး လူ့အဖွဲ့အစည်းပြင်ပကို ရောက်သွားတတ်တယ်။

**Reproductive Health လို့ ဗဟုသုတမျိုးက အပျိုဖော်ဝင်စ မိန်းကလေးတိုင်းသိထားသင့်တဲ့ အကြောင်းအရာမျိုးပါပဲ။ ဒါပေမဲ့ မြန်မာ့ယဉ်ကျေးမှုမှာ ဒါကို နားရှက်စရာအဖြစ် သဘောထားနေကြတဲ့အပေါ် အန်တီက ဆွေးနွေးပေးပါဦး။**

ဒါမျိုးအလေ့အကျင့်က အရင်တုန်းက အန်တီတို့ အိမ်နီးချင်းနိုင်ငံတွေမှာလည်း ရှိပါတယ်။ ဒါပေမဲ့ အန်တီတို့နိုင်ငံက အထီးကျန်ဆန်ဆန်နဲ့ နှစ်အတော်ကြာကြာ နေလိုက်တော့ အန်တီတို့မှာပဲ ကျန်ခဲ့တော့တာ။ အထီးကျန်မှုရဲ့ သားကောင်တွေ ဖြစ်ကုန်တယ်။ အန်တီတို့ကိုယ်တိုင်လည်း ငယ်ငယ်က အမေတွေကိုမေးရင် တားမြစ်ခံခဲ့ရတယ်။ စိတ်ဝင်စားခွင့် မပေးဘူး။ ဒီတော့ အန်တီတို့ကိုယ်တိုင် နားလည်သင့်တဲ့ အရွယ်မှာ နားလည်ခွင့်မရခဲ့ဘူး။ ဒီတော့ Sexual

Violence ရဲ့ သားကောင်တွေက မိန်းကလေးတွေ ဖြစ်လာကြတယ်။ အဲဒါတွေက ဒီလို Education နဲ့ အရမ်းဆိုင်တယ်။ အန်တီက အန်တီတို့ရဲ့ လူ့အဖွဲ့အစည်းကို မေးခွန်းထုတ်ချင်တယ်။ အန်တီတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ အန်တီတို့ထက် တင်းကျပ်တဲ့ နိုင်ငံတွေရှိတယ်။ ဥပမာ - ဘင်္ဂလားဒေ့ရှ်ပေါ့။ ဘင်္ဂလားဒေ့ရှ်က အမျိုးသမီးတွေကို ဖိနှိပ်တယ်လို့ပြောတယ်။ ဘာသာရေးအရ ဖိနှိပ်တာမှာ မလေးရှားလည်း ပါတယ်။ နောက်ပြီး အန်တီတို့နဲ့လည်း ယဉ်ကျေးမှုချင်းသိပ်မကွာတဲ့ ထိုင်းပေါ့။ ဒီနိုင်ငံက အမျိုးသမီးတွေက သူတို့ရဲ့ မျိုးဆက်တွေအတွက် တာဝန်ကျေတယ်။ သူတို့ရဲ့ ကျောင်းတွေမှာ သူတို့ ကလေးတွေကို ဒီလို Knowledge မျိုးကို သင်ပေးနေပြီ။ သူတို့နိုင်ငံက



“

ဆင်းရဲရင် မိန်းမတွေက ပညာသင်ဖို့ အခွင့်အလမ်းနည်းသွားတယ်။ ဒါဆို ဗဟုသုတမရှိတော့ဘူး။ အိမ်ထောင်ကို ဦးဆောင်တာက အမျိုးသား။ နောက်ဆက်တွဲတွေမှာ အမျိုးသမီးတွေအတွက် မသက်သာစေတာတွေ ချည်းပဲ။

မိခင်တွေက သူတို့သား၊ သမီးတွေအပေါ်မှာ တာဝန်ကျေသလို အန်တီတို့နိုင်ငံက မိခင်တွေကလည်း ကိုယ့်သား၊ သမီးတွေ အထူးသဖြင့် သမီးတွေအပေါ်မှာ တာဝန်ကျေကြဖို့ အန်တီက တိုက်တွန်းချင်ပါတယ်။ အန်တီတို့က ကိုယ့်ရဲ့ သေတ္တာငယ်လေးထဲမှာပဲ တစ်ဦးတည်းနေလို့ မရတော့ဘူး။ သူများနိုင်ငံတွေ၊ သူများလူ့အဖွဲ့အစည်းတွေကိုကြည့်ပြီး အတုယူ သင့်တာတွေကို ယူရမယ်။

**အခြေအနေအကြောင်းကြောင်းကြောင့် လမ်းမှားကို လျှောက်ခဲ့မိတဲ့ မိန်းကလေးတစ်ယောက်အတွက်ရော ဘယ်လိုလုံခြုံမှုတွေ ဂရုစိုက်မှုတွေ ပေးသင့်ပါသလဲ။**

ဒီမှာ အန်တီက ပြန်ပြီး မေးခွန်းထုတ်ချင်တယ်။ ဘယ်လိုအကြောင်းအရာကို အမှားလို့ သတ်မှတ်ကြတာလဲ။ လူတိုင်းမှာ ခံစားချက်ရှိတယ်။ ယုံကြည်ချက်ဆိုတာ ရှိတယ်။ ဒီတော့ အန်တီတို့က လူတစ်ဦးချင်းစီရဲ့ ခံစားချက်၊ ယုံကြည်ချက်ကို လေးစားမှုပေးရမယ်။ ဥပမာ - မိန်းကလေးတစ်ယောက် သူ့ရဲ့နှလုံးသားခံစားချက်ကြောင့် ချစ်သူထားပြီး မတော်တဆ ကိုယ်လေးလက်ဝန်ရသွားတယ်ဆိုပါတော့။ ဒီလိုကိစ္စကို အန်တီက အမှားလို့ မပြောချင်ဘူး။ သူ့ရဲ့ ခံစားမှုနောက်လိုက်ပြီး accident ဖြစ်သွားတာပဲ။ ဒီလိုကိစ္စ ကို နင်မှားပါတယ်ဆိုပြီး လက်ညှိုးထိုးအပြစ်တင် ဝေဖန်ရင် အဲဒီလိုဝေဖန်တဲ့သူ မှားသွားမှာပဲ။ မဝေဖန်ဘဲ accident မဖြစ်အောင် ဒိုင်းကာပေးရမှာ။ အန်တီတို့ပတ်ဝန်းကျင်မှာ ဘယ်လိုဖြစ်နေလဲဆိုတော့ တရားခံကို လျစ်လျူရှုပြီး Victims ကို ဝိုင်းပြီး ရှုတ်ချတာက အမြဲလိုပဲ။ ဒါက Rape Case တွေကို ပိုပြီး တိုးလာစေတဲ့ အကြောင်းအရင်းပဲ။ အဲဒီတော့ Victims ဖြစ်ခဲ့ရတဲ့ မိန်းကလေးတွေက ဒုက္ခမရောက်သင့်ဘဲ ပိုဆိုးတဲ့ ဒုက္ခတွေနဲ့ ကြုံတွေ့ရကုန်ရောပဲ။

**မြန်မာလူမှုဝန်းကျင်မှာ မိန်းကလေးတွေအားလုံးက အရှက်နဲ့ လူလုပ်ကြတယ်ပေါ့။ ဒီတော့ ရဲဖန်ရံခါမှာ အသက်ဆုံးရှုံးသွားရတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး အန်တီ ဆွေးနွေးပေးပါ ဦး။**

အရှက်နဲ့ လူလုပ်တယ်ဆိုတာက မှားနေတာပဲ သမီးရဲ့။ လူတိုင်းက အသက်နဲ့ လူလုပ်ကြတာပါ။ ဒါက ဘယ်လိုမှ ငြင်းလို့မရတဲ့ Universal truth ပဲ။ ဒါကို လက်မခံဘဲ Society တစ်ခုက ချမှတ်လိုက်တဲ့ သတ်မှတ်ချက်တွေကြောင့် ခက်ကုန်တာပဲ။ ဒီလို သတ်မှတ်ချက်တွေက စောစောက အန်တီပြောခဲ့တဲ့ Rape Case တွေမှာ Victims တွေက အသက်ဆုံးရှုံးကုန်တော့တာပဲ။

**ဒီလိုဆို တရားဝင်ကိုယ်ဝန်ဖျက်ချခွင့်လို ကိစ္စမျိုးပေးလိုက်ရင်ရော အန်တီပြောခဲ့သလို မတရားမှုတွေနဲ့ ရင်ဆိုင်ရတဲ့ မိန်းကလေးတွေရဲ့ ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မယ်လို့ အန်တီထင်ပါသလား။**

ဒီကိစ္စကို အန်တီအရမ်းပြောချင်တယ်။ အခု အန်တီတို့နိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေက ၁၈ ရာစုကတည်းက အင်္ဂလိပ်တွေ ချမှတ်ခဲ့တဲ့ ဥပဒေ။ အခုက ၂၁ ရာစုကို ရောက်နေပြီ။ ပြုပြင်သင့်တာတွေ ပြုပြင်ရတော့မယ်။ မဖြစ်မနေ ပြုပြင်ရမှာတွေလည်း ရှိတယ်။ အန်တီတို့က ကျယ်ကျယ်ကြည့်ဖို့ အချိန်ရောက်နေပြီ။ အဲဒီ abortion မှာက မတရားမှုနဲ့ ရင်ဆိုင်ရတဲ့ မိန်းကလေးတစ်ယောက်မှ မဟုတ်ဘူး။ အိမ်ထောင်ရှိတဲ့ မိန်းမတစ်ယောက်အတွက်လည်း ရှိတယ်။ ဥပမာ - စီးပွားရေးအဆင်မပြေသေးလို့၊

ပညာမပြီးသေးလို့ ဒါမျိုးလူတွေအတွက်လည်း အရေးပါတာပဲ။ တစ်ဖက်ကပြောရရင် ဒါကို အသုံးချဖို့ လုပ်လာတဲ့သူတွေလည်း ရှိမှာပဲ။ တံခါးဖွင့်လိုက်ရင် လိုအပ်တဲ့နေရောင်၊ လေဝင်လာတတ်သလို မလိုတဲ့အမှိုက်တွေ၊ ဖုန်မှုန့်တွေလည်း ဝင်လာမှာ ဓမ္မတာပဲ။ ဒါကို အန်တီတို့ ဘယ်လိုပြန်ထိန်းမလဲဆိုတဲ့ ကိစ္စကိုတော့ အလေးထားပြီး စဉ်းစားရမယ်။ တံခါးမှာ သံဇကာတွေ တပ်လိုက်တာမျိုး၊ လိုက်ကာလေးတပ်လိုက်တာမျိုး လုပ်သလိုပေါ့။ အန်တီကတော့ မိန်းမတစ်ယောက်အနေနဲ့ပြောရရင် တရားဝင်ကိုယ်ဝန်ဖျက်ချခွင့်ကို ပေးစေချင်တယ်။

**မြန်မာပြည်ရဲ့ ဆင်းရဲနွမ်းပါးမှုအကျိုးဆက်မှာ အမျိုးသမီးတွေက အများကြီးခံစားရတယ်လို့ မြင်မိပါတယ်။ အန်တီ့အမြင်ကိုလည်း သိပါရစေ။**

ဆင်းရဲနွမ်းပါးမှုက မိန်းမတွေဆီ တိုက်ရိုက်အကျိုးဆက်လာတာက အန်တီတို့နိုင်ငံမှာပဲ မဟုတ်ဘူး။ နိုင်ငံတကာမှာ ဖြစ်တတ်တာပဲ။ အိမ်တစ်အိမ်ကို ကြည့်ကြည့်။ မိန်းမက အရာရာကို အလျှော့ပေးတတ်မြဲပဲ။ ဟင်းတုံးမှာ မကောင်းဆုံးက သူစားဖို့၊ အကောင်းဆုံးက သူ့လင်သားနဲ့ သား၊ သမီးအတွက်ပဲ။ ကောင်းတာတွေအားလုံးကို သူက ဒုတိယနေရာမှာ နေပြီး ခံစားရတယ်။ ပညာသင်တော့လည်း ဒီအတိုင်းပဲ။ ယောကျ်ားတွေမှာ ဒီလိုစိတ်မရှိဘူးလားဆို။ ရှိမှာပါ။ ဒါပေမဲ့ အန်တီတို့မိန်းမတွေက ပိုနေတတ်တာတော့ ငြင်းလို့မရဘူး။ ဆင်းရဲရင် မိန်းမတွေက ပညာသင်ဖို့ အခွင့်အလမ်းနည်းသွားတယ်။ ဒါဆို ဗဟုသုတမရှိတော့ဘူး။ အိမ်ထောင်ကို ဦးဆောင်တာက အမျိုးသား။ နောက်ဆက်တွဲတွေမှာ အမျိုးသမီးတွေအတွက် မသက်သာစေတာတွေ ချည်းပဲ။

**မြန်မာပြည်မှာ အမှန်တကယ် Gender Equality ရှိတယ်လို့ အန်တီမြင်မိပါသလား။**

အဲဒါက ပြောရခက်တယ်။ ဘာလို့လဲဆိုတော့ equality ဖြစ်တဲ့နေရာကျတော့ ဖြစ်တယ်။ မဖြစ်တဲ့နေရာကျတော့ မဖြစ်ပြန်ဘူး။ ကျောင်းဆရာမတွေကတော့ အများကြီးပဲ။ ဒါပေမဲ့ လွှတ်တော်ထဲမှာကျတော့ အမျိုးသမီးအင်အားက ၁ ရာခိုင်နှုန်းတောင် မရှိဘူး။ ဒါကိုကြည့်ရင် equality မရှိဘူး ပြောလို့ရတယ်။ အမှန်ကတော့ ကျေးရွာတွေ ရပ်ကွက်တွေမှာ ဘယ်လိုအဖွဲ့တွေပဲဖွဲ့ဖွဲ့ အမျိုးသမီးက ပါကိုပါရမယ်။ အမျိုးသမီးပါမှ အမျိုးသမီးတွေရဲ့ Feeling တွေ၊ အသံတွေကို သိရမှာလေ။ လူ့အဖွဲ့အစည်းမှာ လူက နှစ်မျိုးပဲ ရှိတယ်။ အဲဒါက ယောကျ်ားနဲ့ မိန်းမပဲ။ အမျိုးသမီးတွေလုပ်တဲ့ Project တွေဆိုတာ အမျိုးသားတွေ မမြင်တဲ့၊ သတိမူလေ့မရှိတဲ့ ဟာတွေပဲ။ အရမ်းကောင်းတဲ့ Project တွေ ဖြစ်လာတတ်တယ်။ စနစ်တွေ၊ ပရိယာယ်တွေမှာလည်း ယောကျ်ားတွေထက် ပိုမြင်တတ်တယ်။ လူ့အဖွဲ့အစည်းကို ပိုပြီး ဖွံ့ဖြိုးစေချင်၊ တိုးတက်စေချင်ရင် အမျိုးသမီးတွေရဲ့ ဘဝကို မြှင့်ကို မြှင့်ပေးရမယ်။ နေရာပေးရမယ်။ ဒါမှ တိုးတက်မှာ။

**အမျိုးသမီးတွေအတွက် မြို့ပြအခြေပြု ဖွံ့ဖြိုးရေးနဲ့ ကျေးရွာအခြေပြုဖွံ့ဖြိုးရေးဆိုပြီး လုပ်နေတာတွေရှိပေမဲ့ ကျေးရွာမှာနေကြတဲ့ အမျိုးသမီးတွေက ထင်သလောက် ဖွံ့ဖြိုးမှုမရှိတာ ဘာကြောင့်ပါလဲ။**

အမျိုးသမီးအများစုက ကိုယ့်ကိုယ်ကိုယ် object လို့ပဲ သတ်မှတ်ထားတယ်။ Subject အဖြစ် မမြင်ကြဘူး။ ဘေးလူကလည်း ဒီလိုပဲမြင်တတ်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မြှင့်တင်မှ မြင့်မှာ။ သူများကပဲ တွန်းတင်ပေးနေရုံနဲ့ မမြင့်လာဘူး။ ဒါကြောင့် အန်တီပြောချင်တာက မိန်းမတွေက ကိုယ့်ရဲ့ Box လေးထဲမှာပဲ မျက်စိမှိတ်၊ နားပိတ်ပြီး မနေပါနဲ့။ အပြင်ကို ထွက်ကြည့်ပါ။ အဲဒီအပြင်ကို ထွက်ဖို့ ခွန်အားကတော့ ကိုယ်တိုင်ရှာရမယ်။ ထွက်ကြည့်ပြီး ဘေးဘီကို လေ့လာပါ။ ဒီလောကကြီးအတွက် ကိုယ်က ဘယ်လောက်အထိ အသုံးဝင်သလဲဆိုတာ အဲဒီမှာ တွေ့ရလိမ့်မယ်။ ကျေးရွာတွေက အမျိုးသမီးတွေကလည်း အရည်အချင်းမမဲ့ပါဘူး။ အရည်အချင်း အရမ်းရှိကြတယ်။ သူတို့က ယုံကြည်မှုတွေ နည်းနေလို့ပါ။ ဒီလိုအမျိုးသမီးတွေ ယုံကြည်မှု ကိုယ့်ကိုယ်ကိုယ်ရှိဖို့အတွက် အားလုံးက ကြံဆောင်ပေးဖို့ လိုတယ်။

**အခုကမ္ဘာ့ဘဏ်ကနေ မြန်မာ့ပညာရေးအတွက် အကူအညီပေးမယ်လို့ သိရပါတယ်။ မြန်မာ့ပညာရေးတိုးတက်ဖို့အတွက် ငွေကြေးအပြင် အခြားဘယ်ဟာတွေကို ပြောင်းလဲဖို့လိုဦးမယ်လို့ အန်တီဆွေးနွေးချင်ပါသလဲ။**

ဒီလို ငွေတွေအများကြီးပေးလိုက်ရုံနဲ့ ဖြေရှင်းလို့ရတဲ့ ပြဿနာမဟုတ်ဘူး။ ဒါက လာဘ်ပေးလာဘ်ယူစနစ် ပိုပြီးကြီးထွားလာဖို့ပဲ ရှိတယ်။ အန်တီတို့နိုင်ငံက အကျင့်ပျက်ခြစားမှုရှိ နိုင်ငံတွေထဲမှာ ပါနေတုန်းပဲ။ ပညာရေးတိုးတက်ဖို့က ငွေကြေးတစ်ခုတည်းနဲ့ လုပ်လို့မရဘူး။ စနစ်တွေပါ ပြောင်းရမယ်။ အမှန်က လူ့စွမ်းအားဖွံ့ဖြိုးဖို့အတွက် အဓိကထားပြီး လုပ်ရမှာ။ World Bank က ခဏခဏအမှားတွေ လုပ်တတ် တယ်။

**အမျိုးသမီးတစ်ဦးမှာ Life Plan ဆိုတာမျိုး ရှိထားရမယ်ဆိုတာ အမျိုးသမီးအများစုတ မေ့ထားတတ်ကြတယ်။ Life Plan ဆိုတာ ရှိထားသင့်ပါသလား။**

ဒါက Education နဲ့ဆိုင်တယ်။ အမျိုးသမီးတစ်ဦးက သူရှင်သန်ခဲ့ရတဲ့ ပတ်ဝန်းကျင်က သူတွေနဲ့ဆိုင်တယ်။ Life Plan ဆိုတာ ရှိထားသင့်တာပေါ့။ ဘယ်အရွယ်မှာ အိမ်ထောင်ပြုမယ်။ ကလေး ဘယ်နှယောက်မွေးမယ်။ ဘယ်လိုစီးပွားရေးလုပ်မယ်။ ဒါတွေ လုပ်ကိုလုပ်ထားရမယ်။ ဒါမှ ကိုယ့်မျိုးဆက်အတွက်လည်း safe ဖြစ်မှာ။ အန်တီတို့နိုင်ငံမှာ ဒါမျိုးတွေလုပ်တာ သိပ်မရှိတာက education နဲ့ အသိပညာပိုင်းမှာ လိုနေလို့ပါ။ ဒီနေ့မနက်စာကို ဘာချက်မယ်၊ ညစာကို ဘယ်လိုချက်မယ်။ ဒါလည်း plan လုပ်နေတာပဲလေ။ ဒါပေမဲ့ တစ်ခါတလေမှာ ကိုယ့်ရဲ့ plan အတိုင်း ဖြစ်မလာတဲ့အခါလည်း ရှိတယ်။ ဒီအခါမျိုးမှာလည်း ဘယ်လိုဖြေရှင်းရမလဲဆိုတာ ကိုယ်က plan B ဆိုတာနဲ့ လုပ်ထားလို့ရတယ်။ ဒီလိုအလေ့အထမျိုးကလည်း အိမ်တွင်းပညာပေးလုပ်ရမယ့် မိဘတွေနဲ့ အများကြီးဆိုင်တယ်။


**မြန်မာအမျိုးသမီးအများစု နိုင်ငံရေးနဲ့ ပတ်သက်ပြီး စိတ်ဝင်တစားမရှိကြဘူး။ အမျိုးသမီးနဲ့ နိုင်ငံရေးက ဘယ်လောက်အထိ အရေးပါတယ်လို့ အစ်မသုံးသပ်ချင်ပါသလဲ။**

အန်တီတို့နိုင်ငံက ဖိနှိပ်မှုဒဏ်ကို အကြာကြီး ခံခဲ့ရတာ။ အမှန်ကတော့ နိုင်ငံရေးဆိုတာ လူ့ဘဝပါပဲ။ အမျိုးသမီးတွေကို Develop ဖြစ်အောင် လုပ်ပေးရမယ်။ မြေတောင်မြှောက်ပေးဖို့ လိုတယ်။ အမျိုးသမီးတွေကလည်း အရည်အချင်းရှိဖို့တော့ လိုတာပေါ့။ အမျိုးသမီးတွေက နိုင်ငံရေးနဲ့ပတ်သက်ပြီး စိတ်စင်စားရင်ရော ဒီ society က စိတ်ဝင်စားခွင့်ပေးလားဆိုတဲ့ အပေါ်လည်း မူတည်သေးတယ်။ နောက် စီးပွားရေးနဲ့လည်း ဆိုင်တယ်။ စောစောက ပြောခဲ့သလိုပေါ့။ ဆင်းရဲမွဲတေတဲ့ နိုင်ငံတွေက အမျိုးသမီး က နိုင်ငံအရေး ဘယ်လိုမှ စိတ်ဝင်စားချင်မှာမဟုတ်ဘူး။ အမှန်က နိုင်ငံရေးမှာ အမျိုးသမီးတွေပါဝင်လာအောင် လုပ်ရမယ်။ အမျိုးသမီးတွေရဲ့ Dialling skills က အမျိုးသားတွေနဲ့ မတူဘူး။

**လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ မြန်မာနိုင်ငံအနာဂတ်နဲ့ ပတ်သတ်ပြီး ဘယ်လိုတွေ မျှော်လင့်မိထားတာ ရှိပါသလဲ။**

အန်တီက ၂၀၁၀ ရွေးကောက်ပွဲမှာ အကောင်းမြင်ဝါဒနဲ့ ဝင်လာခဲ့တာပါ။ ဒီတော့ အန်တီကတော့ အကောင်းတွေပဲ မျှော်လင့်တာပါပဲ။ မျှော်လင့်ချင်တယ်ပေါ့။ အခု ဒီနှစ်တွေအတွင်း ရလဒ်တွေကိုကြည့်ရင်တော့ အန်တီတို့ရဲ့ သမ္မတကြီးဦးဆောင်ပြီး နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတာ။ တိုးတက်သင့်သလောက် တိုးတက်ပါတယ်။ ဒါပေမဲ့ အန်တီ က ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ဆိုရင်တော့ အန်တီတို့ရဲ့ ရန်ကုန်တိုင်းဒေသကြီးဆိုတာပဲ ကြည့်ရင်တော့ ထင်သလောက်တော့ မရခဲ့ပါဘူး။ ဒါက အန်တီ တစ်ဦးတည်းအမြင်ပါ။ အခုရှေ့ဆက်ပြီး အနာဂတ်နဲ့ ပတ်သက်ရင်တော့ အကောင်းတွေပဲ အန်တီမျှော်လင့်ချင်ပါတယ်။

**ဖြိုးစုပိုပို**



# ရိုးရှင်းလွယ်ကူသော သွယ်လျလှပစေမည့်နည်းများ

မာဦး

မမဝဝလှလှလို့ ဆိုပေမဲ့ ပြည့်ပြည့်ဝဝလှတာလေးထက် ကျော်သွားရင် ဗိုက်ခေါက်ကြီးတွေ စူထွက်နေရင်တော့ ဒီထက်ဝရင်ကြည့်မလှတော့တဲ့ မမကြီးဖြစ်သွားမှာ။

ဒါကြောင့် ရှိသင့်တဲ့ ကိုယ်အလေးချိန်ထက် သိပ်ပိုနေရင်တော့ လှပပြီး ကျန်းမာနေဖို့အတွက် ကိုယ်အလေးချိန် လျှော့ချရမှာပါ။ လှဖို့ ပိန်အောင်လုပ်ပါတယ်ဆိုတာ အစာမစားဘဲ အစာအငတ်ခံ ဝိတ်လျှော့ရမယ်ဆိုရင်တော့ ဆာတိုင်းရှုံ့မဲ့ပြီး မလှနိုင်တဲ့အပြင် ကျန်းမာရေးပါ ထိခိုက်ဦးမှာလေ။ ဒီတော့ ကိုယ်အလေးချိန်လည်း ကျ အလွယ်တကူနဲ့လည်း လုပ်ဆောင်လို့ရမယ့် သင့်တော်ပြီး ရိုးရှင်းတဲ့ ကိုယ်အလေးချိန်လျှော့နည်းတွေကို ရတီမေတို့အတွက် ဖော်ပြပေးလိုက်ပါတယ်။

အစားအစာကို တိုင်းတာစားသောက်ပါ။ အစာမစားခင်မှာ ကိုယ်စားသောက်မယ့်ပမာဏကို ချင့်ချိန်ပါ။ ရေခဲမုန့်ဆိုရင် တစ်ခုလောက်ဆို တော်ပြီပေါ့။ အဆီနဲ့ အချိုအဆိမ့်တွေကို တစ်နေ့တည်းမှာမျိုးစုံအောင် များအောင်မစားမိပါစေနဲ့။

နေ့တိုင်းထမင်း၊ ဟင်း အမျိုးအစားနဲ့ ပါဝင်ပစ္စည်းတွေကို ချိန်ဆစားသောက်ပါ။

ကိုယ်ပိုင်အသုပ်လေးတွေဖန်တီးပါ။ ကိုယ်တိုင် စားစရာတစ်ခုဖန်တီးရတယ်ဆိုတာက



အစားအစာတွေအနားမှာ မထိုင်ပါနဲ့။ အသီးအရွက်နဲ့ သစ်သီးသစ်ဖုတွေရှိတဲ့ဘက်မှာ ရွေးထိုင်ပေါ့။ မျက်နှာမူရာရှေ့တည့်တည့် ဒါမှမဟုတ် လက်လှမ်းမီရာမှာ ကိုယ်နှစ်သက်ပြီး အဝလွယ်တာတွေမရှိရင် သိပ်မစားဖြစ်တော့ဘူးပေါ့။ နောက်ပြီးစားဖြစ်ရင်တောင် အလွန်အကျွံတော့ မစားအောင် လျှော့ချပြီးသား ဖြစ်စေပါတယ်။ သစ်စေ့တွေကိုစားပါ။ ဗာဒံစေ့၊ နေကြာစေ့စတဲ့ သစ်စေ့သစ်ဆံတွေကို စားပါ။ ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်ပါတယ်။





တခြားလျှို့ဝှက်ချက်တွေလည်း ရှိပါသေးတယ်။ အဲဒါကတော့ အစားအသောက်ကို မျှတအောင်စား၊ ကိုယ်စားတဲ့ အစားအသောက်ရဲ့ အဆီပါဝင်မှုနဲ့ ကယ်လိုရီကို နားလည်အောင်ကြိုးစား၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်လုပ်၊ နောက်တစ်ခုက ရေများများသောက်ဖို့ပါ . . .

အနုပညာတစ်ခုလည်း ဖြစ်သလို ပျော်ရွှင်မှုနဲ့ အာဟာရကိုလည်း ပေးစွမ်းပါတယ်။

ဒါကြောင့် ကိုယ်အလေးချိန်လျှော့တဲ့ နေရာမှာ ကိုယ်တိုင် ဟင်းရွက်သုပ်လေးတွေကို ဖန်တီးစားသောက်ကြည့်ပါ။ အသုပ်ထဲကို ဆီထည့်ရင် မပြည့်ဝဆီ သုံးပါ။ အတတ်နိုင်ဆုံး နည်းပါစေ။

မိမိသုံးတဲ့ဆီပမာဏရဲ့ ထက်ဝက်ခန့်ရှိတဲ့ သံပရာရည်ကိုလည်း ထည့်သုံးပါ။ အဆီကို လျှော့နည်းစေပါတယ်။ မူလည္ဆွန်းဆိုသူများကတော့ ဒီနေရာမှာ သံလွင်ဆီနဲ့ သုပ်စားပါတဲ့။ အစားအသောက်များနဲ့ ဝေးဝေးမှာ နေထိုင်မယ်ဆိုရင်တောင် အဆီများတဲ့အစားအစာတွေ၊ ဝစေမယ့် တစ်ပတ်မှာ ၂ ကြိမ်လောက်စားပေးရုံနဲ့ ကိုယ်အလေးချိန်ကျဖို့ အတော်လေး အထောက်အကူဖြစ်တဲ့အတွက်ပါ။

ဒါကလည်း ခပ်မြန်မြန်နဲ့ရိုးရိုးရှင်းရှင်း အဆီကျတဲ့နည်းလေ။ တစ်ပတ်နှစ်ကြိမ်ဝိတ်ချိန်ပါ ကိုယ်အလေးချိန်ကို တစ်ပတ်နှစ်ကြိမ်ချိန်ကြည့်ပြီး ကိုယ့်ရဲ့ ကိုယ်အလေးချိန်အတက်အကျကို သိခြင်းကလည်း မြန်မြန်ဆန်ဆန် ဝိတ်လျှော့ချနိုင်ဖို့ ထိန်းသိမ်းရလွယ်စေပါတယ်။ အစားအစာစုံအောင်စားပါ။ ဝက်သားတစ်မျိုးတည်း၊ ကြက်သားတစ်မျိုးတည်း စသဖြင့် တစ်မျိုးမျိုး တည်းကို ဆက်တိုက်အစားများနေတာထက် စုံအောင် မျှအောင် စားသုံးပေးခြင်းက အဝမလွန်အောင် ကာကွယ်ပေးပါတယ်။

**ထူနေတဲ့ဗိုက်ခေါက်အတွက် လျှို့ဝှက်ချက်**

အိပ်ထမတင် လေ့ကျင့်ခန်းလိုမျိုး ဗိုက်ကြွက်သားကိုသုံးတဲ့ လေ့ကျင့်ခန်းတွေက ဗိုက်ခေါက်ထူတာအတွက် ဖြေရှင်းဖို့နည်းလမ်းကောင်းပါ။ ဒါပေမဲ့ တခြားလျှို့ဝှက်ချက်တွေလည်း ရှိပါသေးတယ်။ အဲဒါကတော့ အစားအသောက်ကို မျှတအောင်စား၊ ကိုယ်စားတဲ့ အစားအသောက်ရဲ့ အဆီပါဝင်မှုနဲ့ ကယ်လိုရီကို နားလည်အောင်ကြိုးစား၊ ကိုယ်လက်လှုပ်ရှားမှုပုံမှန်လုပ်၊ နောက်တစ်ခုက ရေများများသောက်ဖို့ပါ။ ဒါဆို သင့်ဗိုက်ခေါက်လေးချပ်ရပ်ပြီး ကိုယ်ကျပ်ဝတ်စုံတွေနဲ့လည်း လှနေမှာပေါ့။

**မာဦး**

သင်္ကြန်ဆိုတာက မြန်မာပြည်ရဲ့ အထင်ကရ ပွဲတော်ကြီးဖြစ်သလို မြန်မာပြည်သူလူကြီး၊ လူငယ်၊ ကလေးပါမကျန်ပျော်ရွှင်ကြတဲ့ ပွဲတော်ကြီးတစ်ခုပဲ ဖြစ်ပါတယ်။ သို့သော်လည်း သင်္ကြန်ပြီးသွားတဲ့အခါမှာတော့ နေဒဏ်၊ ရေဒဏ်တို့ကြောင့် အသားအရေတွေ ထိခိုက်ပျက်စီးကြရပါတယ်။ ဒါကြောင့် ပျက်စီးသွားတဲ့ အသားအရေတွေကို ပြန်လည်ကုစားဖို့အတွက် နည်းလမ်းတွေ ရှာဖွေကြရပါတယ်။ နည်းလမ်းရှာဖွေနေသူတွေအတွက် ကုန်ကျစရိတ်သက်သာပြီး လတ်ဆတ်တဲ့သစ်သီးတွေနဲ့ ပေါင်းစပ်ပြုလုပ်ရတဲ့ အိမ်တွင်းဖြစ်ကုထုံးလေးတွေ ဖော်ပြပေးလိုက်ပါတယ်။

**မုန်လာဥနီဖျော်ရည်ဟာ အစိုဓာတ်များစွာပါဝင်တာကြောင့် အရေပြားတစ်ရှူးတွေကို ကောင်းမွန်စေဖို့အတွက် ပြုပြင်ထိန်းသိမ်းပေးသလို နေရောင်ခြည်ကြောင့် အရေပြားပျက်စီးမှုကို ကာကွယ်ပေးပြီး ....**

# သင်္ကြန်မှာ ပျက်စီးသွားတဲ့ အသားအရေကို ပြန်လည်ကုသပေးမယ့် အသီးအနှံများ

အေမီချို



## Carrot Facial Mask


မုန်လာဥနီနဲ့ ပြုလုပ်လို့ရတဲ့ Facial Mask အကြောင်းကိုလည်း ဖော်ပြပေးချင်ပါတယ်။ ပါဝင်ပစ္စည်းအမျိုးအမည်မများဘဲ ပြုလုပ်နိုင်တဲ့ Skin Care Recipe ပဲဖြစ်ပါတယ်။



### ပါဝင်ပစ္စည်းများ

- အရွယ်အစားကြီးတဲ့ မုန်လာဥနီ ၂ လုံး (သို့) ၃ လုံး
- ပျားရည် စားပွဲတင်ဇွန်း ၄ ဇွန်းနှင့်တစ်ဝက်

မုန်လာဥနီများကို ပျော့ဖတ်နေအောင် ကြိတ်ချေပြီး ပျားရည်နှင့် ရောစပ်ပါ။ ရောစပ်ပြီးရင်တော့ သင့်မျက်နှာပေါ်ကိုသုတ်လိမ်းလို့ ရပါပြီ။ သုတ်လိမ်းပြီး ၁၀ မိနစ်ခန့် ကြာရင်တော့ ရေအေးအေးနှင့် ဆေးကြော သန့်စင်လိုက်ပါ။



### အသားအရေအတွက်အကျိုးကျေးဇူး

မုန်လာဥနီမှာ Vitamin A နှင့်အာဟာရဓာတ်တွေမြင့်မားစွာ ပါဝင်နေပါတယ်။ ဒါ့အပြင် Vitamin C နဲ့ Potassium ဓာတ်တွေလည်း ပါဝင်နေပြီး မုန်လာဥနီဖျော်ရည်ဟာ အစိုဓာတ်များစွာပါဝင်တာကြောင့် အရေပြားတစ်ရှူးတွေကို ကောင်းမွန်စေဖို့အတွက် ပြုပြင်ထိန်းသိမ်းပေးသလို နေရောင်ခြည်ကြောင့် အရေပြားပျက်စီးမှုကို ကာကွယ်ပေးပြီး နေရောင်ခြည်ရဲ့ ထိခိုက်မှုကြောင့် အသားအရောင်မညီညာမှုကိုလည်း ကာကွယ်ပေးပါတယ်။

## Avocado Body Mask

နေလောင်ထားတဲ့ ခန္ဓာကိုယ်အသားအရေကို ပြန်လည်ကုစားနိုင်ဖို့အတွက် အိမ်တွင်းဖြစ် Body Mask တစ်မျိုးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

### ပါဝင်ပစ္စည်းများ

- ထောပတ်သီးနှစ်လုံးစာအနှစ်များကို ကြေမွအောင်ချေပါ။
- ဆားစားပွဲတင်ဇွန်း (၃) ဇွန်း
- ပျားရည်ကို အသုံးပြုမည့်ခွက်၏ ၄ ပုံ ၁ပုံ ခန့်
- လတ်ဆတ်တဲ့ သံပရိုသီးနှစ်လုံးကို အရည်ညှစ်ပါ။
- သန့်စင်တဲ့ အုန်းဆီစစ်စစ်ကိုခွက်၏ ၄ ပုံ တစ်ပုံခန့်ထည့်ပါ။

ပါဝင်ပစ္စည်းများအားလုံးကို ပေါင်းစပ်ပြီး ခရင်မ်တစ်ခုကဲ့သို့ တစ်သားတည်းဖြစ်သွားအောင် မွှေနှောက်လိုက်ပါ။ ပြီးနောက် အရေပြားပေါ်ကို သုတ်လိမ်းပြီး ၁၀ မိနစ် ၁၅ မိနစ်ခန့်ထားလိုက်ပါ။ အချိန်စေ့ရင်တော့ ရေနွေးနွေးလေးနဲ့ ပွတ်သပ်ဆေးကြောသန့်စင်ပါ။ အသုံးပြုပြီးနောက် ပိုလျှံနေသေးတယ်ဆိုရင်တော့ ရေခဲသေတ္တာထဲမှာထည့်ပြီး ၂ ရက် ၃ ရက်ခန့် သိမ်းဆည်းထားနိုင်ပါတယ်။

### အသားအရေအတွက်အကျိုးကျေးဇူး


ထောပတ်သီးဟာ သင့်အရေပြားကို အရွယ်တင်နုပျိုစေဖို့ အထူးကူညီထောက်ပံ့ပေးပါတယ်။ ဒါ့ပြင် ဗီတာမင် A, D, E နဲ့အတူ Protein, Lecithin, Potassium နဲ့ beta carotene တို့ပါဝင်ပြီး ကင်ဆာရောဂါကို တိုက်ဖျက်ပေးနိုင်တဲ့ အကျိုးအာနိသင်တွေလည်း ပါရှိပါတယ်။ ထောပတ်သီးမှာ မြင့်မားတဲ့ အာဟာရဓာတ်တွေပါဝင်ပြီး နေလောင်ခြင်းကြောင့် အရေပြားပျက်စီးမှုတွေကိုလည်း ကုသပျောက်ကင်းစေပါတယ်။ ဒါ့ပြင်အရေပြားပေါ်မှာရှိတဲ့ အမာရွတ်နဲ့ အမည်းစက်များကိုလည်း လျော့ပါးသက်သာစေပါတယ်။ သင်္ကြန်မှာ ရေကစားပြီး အသားအရေ ပျက်စီးနေသူတွေအတွက် အကျိုးရှိစေမယ့် နည်းလမ်းလေးတစ်ခုပဲ ဖြစ်ပါတယ်။

**အေမီချို**



# အီလည်လည် နောက်တောက်တောက်

ဒေါက်တာမြင့်ဦး(ဂျီပီ)



နေလို့မကောင်းတဲ့သူတစ်ယောက်ကို ဘာဖြစ်နေသလဲလို့ စူးစမ်းလိုက်တဲ့အခါမျိုးမှာ တစ်ခါတလေ ဘာဖြစ်လို့ဖြစ်မှန်း တိတိကျကျ မဖော်ပြနိုင်တဲ့ ခံစားမှုမျိုးတွေကို ပြောပြလာတတ်ပါတယ်။ ခေါင်းကိုက်တယ်၊ ဗိုက်နာတယ်၊ အိပ်မပျော်ဘူးဆိုတဲ့ဝေဒနာတွေဟာ တိကျတဲ့ခံစားမှုကိုဖော်ညွှန်းပေမဲ့၊ နေလို့မကောင်းဘူး၊ နောက်တောက်တောက်နဲ့ အီလည်လည် ခံစားနေရတယ်ဆိုတဲ့ အဖြေတွေ ပေးလာရင်တော့ ဒီခံစားချက်တွေဟာ တိကျ ရေရာမှုမရှိတဲ့အတွက် Feeling unwell ဆိုပြီး ခြုံငုံသတ်မှတ်ပေးထားပါတယ်။ ဆေးပညာစကားနဲ့ malaise or lethargic လို့ ခေါ်ဆိုပါတယ်။ သရိုးသရီ ဖြစ်တယ်၊ နုံးတုံးတုံး ဖြစ်တယ်ဆိုတဲ့ ခံစားချက်မျိုးတွေပါဝင်ပါတယ်။ အီလည်လည်ဖြစ်တာကို မအီမလည်ခံစားရတယ်လို့လည်း ပြောဆိုတတ်ကြပါတယ်။ တော်ရုံတန်ရုံဖျားနာပြီးကာစအချိန်၊ စိတ်အနှောင့်အယှက်လွန်ကဲတဲ့အချိန်နဲ့၊ လူမှုဘဝမကျန်းမာတဲ့အခြေအနေမျိုးတွေမှာ၊ နောက်တောက်တောက် အီလည်လည် (မအီမလည်) ခံစားရနိုင်ပါတယ်။ မအီမလည်ဖြစ်နေတာ သုံးလေးရက်နဲ့မပျောက်လို့ ဆရာဝန်ဆီသွား ရောက်ပြသရတဲ့သူတွေလည်း ရှိတတ်ပါတယ်။ အီလည်လည်ခံစားချက်ဟာ ဆေးကုသဖို့ လိုအပ်တဲ့ ရောဂါတစ်ခုခုရဲ့ လက္ခဏာတစ်ရပ်လည်း ဖြစ်နိုင်ခြေရှိပါတယ်တဲ့။ ကဲ - ဒီလိုဆိုရင် သင့်ရဲ့မိသားစုထဲမှာ တစ်ယောက်ယောက်က အီလည်လည်ဝေဒနာခံစားနေရပြီဆိုပါတော့။ စိတ်မညစ်လိုက်ပါနဲ့။ ဒေါက်တာမိုက်ကယ်ပီတားစ်ရဲ့ ဇလီးချပ်ကိုကြည့်ပြီး ဖြေရှင်းလို့ရပါတယ်။ အဝါရောင်မြားကွက်ကနေစတင်ပြီး တာထွက်ကြည့်လိုက်စမ်းပါလေ။

# မအီမလည်ဝေဒနာ ဖြေရှင်းနည်း





**ဒီနေရာကစပါ**

မအီမလည် ဆက်တိုက် ခံစားနေရပါသလား (ဒါမှမဟုတ်) အကြောင်းမရှိဘဲ ဆက်တိုက်ပူပန် နေတတ်ပါသလား။

ဟုတ်တယ် →

**ဖြစ်နိုင်ချေ**
စိုးရိမ်မှုကြောင့် (ဒါမှမဟုတ်) စိတ်ဖိစီးမှုတွေ စုစည်းလာမှုကြောင့် မအီမလည် နေမကောင်းဖြစ်နိုင်ပါသည်။ (စိုးရိမ်မှုဖလိုးချပ် သီးသန့်ရှိပါသည်)

မဟုတ်ဘူး ↓

အစားအသောက်မပျက်ဘဲ(သို့) လေ့ကျင့်ခန်းတွေ မလွန်ကဲဘဲနဲ့ ကိုယ် အလေးချိန် သိသိသာသာ လျော့နည်းကျဆင်းသွားပါသလား။

အင်း →

**ဖြစ်နိုင်ခြေ**။ အကြောင်းမရှိဘဲ ပိန်ချုံးလာပြီး အီလည်လည် ခံစားရခြင်းသည် အမည်မဖော်ထုတ်ရသေးသော ရောဂါတစ်ခု၏ လက္ခဏာတစ်ရပ် ဖြစ်နိုင်သည်။ (ကိုယ်အလေးချိန် ဝိတ်ကျခြင်း ဖလိုးချပ်တွင် ကြည့်ပါရန်)

နိုး ↓

ကိုယ်အပူချိန် ၁၀၀. ၄ ဖာရင်ဟိုက် ကျော်နေသလား။

ရက်စ် →

**ဖြစ်နိုင်ခြေ**။ ဗိုင်းရပ်စ်ပိုးကူးစက်ဝင်ရောက်ခြင်းသည် မအီမလည်ဝေဒနာအများစု၏ တရားခံဖြစ်သည်။ (ဖျားခြင်းဖလိုးချပ် သီးသန့်ရှိပါသည်။)

နိုး ↓

မောနေသလား ဒါမှမဟုတ် အမြဲလိုလို နုံးချည့်နေသလား။

ရက်စ် →

**ဖြစ်နိုင်ခြေ**။ မောပန်းခြင်းသည် ရောဂါများစွာ ရည်ညွှန်းနိုင်သည်။ တချို့ကို ဆေးကုသမှုလိုအပ်သည်။ (မောပန်းခြင်း ဖလိုးချပ်ကို သီးသန့် တင်ဆက်ပေးပါမည်။)

နိုး ↓

အရက် ရေချိန်ကျော်လွန်အောင် အမြဲသောက်သုံးနေသလား။

ဟုတ်တယ် →

**ဖြစ်နိုင်ခြေ**။ အရက်အလွန်အကျွံ သောက်သုံးခြင်းသည် ကိုယ်နှင့်စိတ်ကျန်းမာရေး ၂ ခုစလုံးကို ပျက်စီးစေနိုင်သည်။
ဖြေရှင်းရန်။ အန္တရာယ်ကင်းအောင် အရက်ကို ရေချိန်လျော့သောက်ပါ။ ရေချိန်လျော့ရခက်နေလျှင် ဆရာဝန်နှင့်တိုင်ပင်ပါ။

ဟင့်အင်း ↓

ကိုယ်ထင်ရာဆေး၊ ဆရာဝန် ညွှန်သည့် ဆေး၊ သူများညွှန်းသည့် ဆေး တစ်ခုခုကို သောက်သုံးနေပါသလား။

ဟုတ်တယ် →

**ဖြစ်နိုင်ခြေနှင့် ဖြေရှင်းရန်**။ အချို့သော ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးကြောင့် နေမကောင်း မအီမလည်ဖြစ်နိုင်သည်။ ဆရာဝန်နှင့် မတိုင်ပင်ခင်စပ်ကြား၊ ကိုယ်ထင်ရာဝယ်သောက်ထားသည့် ဆေးဝါးများကို ရပ်ဆိုင်းပစ်ပါ။ ဆရာဝန်ညွှန်းထားသည့် ဆေးဝါးများကို မိမိသဘောဖြင့် ရပ်ဆိုင်းမပစ်ပါနှင့်။

မဟုတ်ဘူး ↓

ဤဖလိုးချပ်က သင့်ကို ဖြေရှင်းမပေးနိုင်ပါ။ သင့်မိသားစုဆရာဝန်ကို တိုင်ပင်ပါ။

**အရက်သောက်သုံးမှု ကိုယ်တိုင်ချင့်ချိန်နည်း**

စိတ်ဖိစီးမှုနဲ့ နာကြည်းစိတ်အာရုံတွေကို ဖြေဖျောက်ဖို့အရက်သောက်သုံးတဲ့သူတွေ ရှိတတ်ပါတယ်။ စည်းလွတ်ဝါးလွတ်သောက်သုံးရင် အရက်စွဲရောဂါ ရရှိသွားနိုင်ပါတယ်။ အရက်နာကျခြင်း၊ သို့မဟုတ် အရက်သောက်ပြီး ဖြစ်ပျက်ခဲ့သည်များ (ငြင်းခုံ ရန်ဖြစ်ခြင်း၊ ထိခိုက်အနာတရ ဖြစ်ခဲ့ခြင်းများ) ကို မမှတ်မိခြင်းသည် အရက်အလွန်အကျွံ သောက်သုံးခဲ့ကြောင်း သက်သေထူသည်။ နေ့စဉ် ၃ ယူနစ်ထက်ပိုအောင် သောက်သုံးလျှင် ကျန်းမာရေး ထိခိုက်လာမည်။ သင်သည် အရက် သောက်သုံးနေသူ ဖြစ်ခဲ့လျှင် ကျန်းမာရေးထိခိုက်ပြီလား သိရှိနိုင်ရန် အောက်ပါ မေးခွန်းများကို ဖြေဆိုကြည့်ပါ။

♦ အရက်လျှော့သောက်တော့မယ်လို့ ကိုယ့်ကိုယ်ကိုယ်သုံးသပ်ကြည့်ဖူးပါသလား။

♦ သင့်ကို အရက်ကြိုက်တဲ့သူလို့ အများက စွပ်စွဲဖူးပါသလား။

♦ သင်အရက်သောက်တဲ့အတွက် သိမ်ငယ်စိတ် အားငယ်စိတ် ဖြစ်ခဲ့ဖူးသလား။

♦ မနက်မိုးလင်းတာနဲ့ ကြည်လင်လန်းဆန်းသွားစေရန် အရက်တစ်ခွက် စတင်သောက်လိုက် ရသလား။

အဖြေက ၂ ခုထက်ပိုပြီး ရက်စ်လို့ ဖော်ညွှန်းနေရင် အရက်က သင့်ကို ပြဿနာပေးနေပါပြီ။ ဆရာဝန်ကို တိုင်ပင်ပါတော့။

မိတ်ဆွေဖြစ်အရက်။ လူမှုဆက်ဆံရေးကြောင့် ဆိုရှယ်လစ် အရက်သောက်သုံးရတာတွေရှိနိုင်ပါတယ်။ ကိုယ်ရောစိတ်ပါကျန်းမာစေဖို့ အန္တရာယ် (လစ်မစ်) မကျော်လွန်အောင် သောက်သုံးဖို့ လိုအပ်ပါတယ်။ (အရက်တစ်ယူနစ်ကို ပုံတွင် ခွက်ချင်ဖြင့် ပြသထားပါသည်။)



# Q&A မမရတီ

အချစ်ရေး/ကျန်းမာရေး/ လူမှုရေး/အနုပညာ

သို့
မမရတီ

မင်္ဂလာပါ။ ရတီပိုင်းတော်သားများကျန်းမာကြပါစေလို့ ဆုတောင်းပါတယ်။ မမရတီရေ။ ဖေဖော်ဝါရီလထုတ်မှာပါဝင်တဲ့ မျက်နှာဖုံးရှင်ရဲ့ ထူးဆန်းတဲ့အလှကတော့ တကယ်ပဲ ရင်ထဲကို ထိသွားစေတာပဲ။ အထဲမှာပါ တဲ့ အကယ်ဒမီဆုရှင် ယွန်းယွန်းရဲ့ ပုံတွေကိုလည်း ကြိုက်ပါတယ်။ ပူပူနွေးနွေး အကယ်ဒမီရှင်လေးရဲ့ ပုံတွေကြည့်ရတာ စိတ်ထဲ လန်းဆန်းသွားတယ် မမရတီရယ်။ ဒါပေမဲ့ စိုင်းစိုင်းကိုလည်း အရင်နှစ်တွေတည်းက ရစေချင်နေတာ ခုထိမရသေးလို့ စိတ်မကောင်းဘူး။ ဖွဲမလျှော့ဖို့ သင်းတို့တစ်တွေ အားပေးနေပါတယ်လို့ စိုင်းစိုင်းကို ပြောပေးပါနော် မမရတီ။

သင်းနဲ့ သူငယ်ချင်းများ

**ဖေဖော်ဝါရီလရဲ့ အားထုတ်ထားမှုကို ကျေနပ်နှစ်သက်တယ်ဆိုလို့ ရတီပိုင်းတော်သားတွေက ကျေနပ်ကြမှာပါ။ စိုင်းစိုင်းကိုလည်း သင်းနဲ့ သူငယ်ချင်းတစ်စုက အားပေးနေကြောင်း မမရတီပြောပြလိုက်ပါ့မယ်။**





သို့
မင်္ဂလာပါ မမရတီ

မမရတီနဲ့တကွ ပိုင်းတော်သားတွေနေကောင်းပါစေလို့ ငယ်လေး ဆုတောင်းပေး ပါတယ်နော်။ အရင်လကဖော်ပြခဲ့တဲ့ စာတွေရော အင်တာဗျူးတွေရော ကြိုက်နှစ်သက်ပါတယ် မမရတီ။ ရတီမဂ္ဂဇင်းမှာ ငယ်လေး တောင်းချင်တာလေးတစ်ခု ရှိနေလို့ပါ မမရတီ။ အဲဒါကတော့ ငယ်လေးတို့လို မြန်မာမိန်းကလေးတွေအတွက် ယဉ်ကျေးမှု အစဉ်အလာ မပျက်အောင် ဖော်ပြတဲ့ အဝတ်အစား ဖက်ရှင်တစ်ခုတည်း မဟုတ်ဘဲ တခြား အတုယူအားကျစရာအမျိုးသမီးကဏ္ဍတွေကိုလည်း ထပ်တိုးပြီး ဖော်ပြပေးပါလို့ တောင်းဆိုချင်ပါတယ်။ ရတီမှာ ပါဝင်တဲ့ ကဏ္ဍတွေကို မှတ်သားစရာတွေပါလို့ ငယ်လေးက အမြဲတမ်းအားပေးနေပါတယ် မမရတီ။ အခုလည်း ငယ်လေး တောင်းဆိုတာတွေကို ပိုင်းတော်သားတွေကို တစ်ဆင့်ပြောပြပေးပါနော်။

အမြဲတမ်းအားပေးနေတဲ့
ငယ်လေး

**ငယ်လေးတောင်းဆိုထားတဲ့ကဏ္ဍကို ရတီ ၁၀ နှစ်ပြည့် အထူးထုတ် မတ်လမှာ ပါဝင်သွားပြီဖြစ်တဲ့အတွက် ဖတ်ရတာ ကျေနပ် နှစ်သက်လိမ့်မယ်လို့ ထင်ပါတယ်နော်။**



မမရတီ

မင်္ဂလာပါခင်ဗျာ။ ကျွန်တော်က ရတီရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ကဗျာဖတ်ပရိသတ်ဆိုရင်တော့ ပိုမှန်တယ်ပြောရမှာပေါ့။ စာမူတွေကို တစ်ခါတလေ စာတိုက်က ပို့လိုက်ပေမယ့် တစ်ခါတစ်ရံကျတော့လည်း အီးမေးလ်ကနေပဲ အလွယ်ပို့လိုက်ရတဲ့အတွက် အားနာပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လို အဝေးရောက်စာမူရှင်တွေကို အခုလို အွန်လိုင်းကနေ စာမူလက်ခံတဲ့ စနစ်လုပ်ပေးတဲ့အတွက် အယ်ဒီတာအဖွဲ့ကို ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ တစ်ခုရှိတာက ဖူးနုသစ်လွင် ကဗျာဥယျာဉ်ကဏ္ဍမှာ ဖော်ပြခံရတဲ့ကဗျာတွေထဲမှာ စာအုပ်ထဲပါတာနဲ့ မပါတာမှာ ဘာကွာ သလဲသိချင်လို့ပါ။ ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ် ရတီကို အားပေးနေပါတယ်။ သိချင်တာလေးကိုလည်း ပြန်လည်ဖြေကြားပေးစေလိုပါတယ် မမရတီ။

လေးစားစွာဖြင့်
အောင်မျိုးသန့်

**စာမူတွေကို အွန်လိုင်းကနေလက်ခံတယ်ဆိုတာက ရတီရဲ့စာမူရှင်တွေအတွက် အဆင်ပြေအောင်တမင်ဖန်တီးပေးထားတာပါ။ စာရွက်၊ စာအိတ်၊ တံဆိပ်ခေါင်းစတဲ့ တာဝန်တွေ လျော့ကျသွားစေအောင် တမင်ဖန်တီးပေးတာဖြစ်ပြီး ပိုမိုမြန်ဆန်တဲ့စနစ်ဖြစ်နေတဲ့အတွက် အဆင်ပြေမယ်လို့ ယူဆပါတယ်။ ဖူးနုသစ်လွင်ကဗျာဥယျာဉ်ကဏ္ဍဟာ ကဗျာဝါသနာရှင်ကလောင်သစ်များအတွက် ရည်ရွယ်ပြီး ဖန်တီးထားတာဖြစ်တဲ့အတွက် ပုံမှန်စာမျက်နှာပေါ်မှာ ဖော်ပြထားတဲ့ ကဗျာတွေအပြင် သီးသန့်ထပ်မံရွေးချယ်တဲ့အနေနဲ့ အင်တာနက်စာမျက်နှာပေါ်မှာပါ အပိုထပ်ဆောင်းဖော်ပြပေးထားတာပါ။ ဒါကြောင့် ပုံနှိပ်ပြီး စာမျက်နှာမှာပါလာတဲ့ကဗျာတွေအတွက် စာမူခကို မဂ္ဂဇင်းတိုက်မှာ လာရောက် ထုတ်ယူနိုင်ပါတယ်။ စာမျက်နှာပေါ်မှာမပါဝင်ဘဲ အင်တာနက်စာမျက်နှာထက်မှာသာ ဖော်ပြခံရတဲ့ ကဗျာတွေကတော့ သီးသန့်ထပ်ဆောင်းဖော်ပြပေးတာဖြစ်တဲ့အတွက် လောလောဆယ်တော့ စာမူခချီးမြှင့်ခြင်း မရှိသေးပါဘူး။**

သို့
မမရတီ

ပြီးခဲ့တဲ့နှစ်က ရောင်းအားအကောင်းဆုံး စတီရီယိုတေးသံရှင်အဖြစ် ဗိုင်းစုရသွားတာကို အရမ်းကျေနပ်တယ်မမရတီ။ သူ့ရဲ့သီချင်းတွေကို ဆုတို့ မကြိုက်တာမရှိသလောက်ပဲ။ နောက်ပြီး အဆိုတော်ပိုပိုရဲ့ ချစ်ဖူးခဲ့သမျှကိုလည်း အရမ်းကြိုက်နေတယ်။ အဆိုတော်ပိုပိုရဲ့ အင်တာဗျူးကိုလည်း ရတီမှာ ဖတ်ချင်ပါတယ်မမရတီ။ အဲဒါလေး အယ်ဒီတာအဖွဲ့ကို ပြောပေးပါဦး မမရတီ။


ရတီရဲ့ ပရိသတ်
ဆု၊ အရှေ့ရန်ကင်း။


**ဗိုင်းစုရဲ့ အောင်မြင်မှုအတွက် ရတီရဲ့ဗိုင်းတော်သားတွေကလည်း ထပ်တူဝမ်းသာကြပါတယ် ဆုရေ။ ညီမလေးဆုဖတ်ချင်တဲ့ အဆိုတော်ပိုပိုနဲ့ အင်တာဗျူးကိုလည်း ရတီမဂ္ဂဇင်းရဲ့ Music Plus Yati ကဏ္ဍမှာ ဒီဇင်ဘာလက ဖော်ပြခဲ့ပြီးပါပြီနော်။**



# ရတီ
## စာအုပ်စင်






**ကလောင်စုံ**

**မင်္ဂလာဦးရသဝတ္ထုတိုစု**

ဤစာအုပ်တွင် စာရေးဆရာ၊ ဆရာမ ၂၅ ဦး၏ ဝတ္ထုတိုများကို စုစည်းဖော်ပြထားသည်။ ဆရာ ဆူးငှက်၊ နေမျိုး၊ မောင်လွင်မွန်(ကသာ)၊ မောင်သင်းထုံ၊ မင်းဝေဟင်၊ သိုက်ထွန်းသက်၊ ဦးဆွေ (ဒဿနိက)၊ လွန်းမောင်မောင်၊ ဖူးကျော်၊ ထွန်းထောက်ထွဋ် (သခ်ျာ)၊ ညီမင်းညို၊ မောင်နှင်းပန်း၊ ရဲသျှမ်း၊ ဆရာမမိချမ်းဝေ၊ မိမိုး၊ ချောအိမာန်(မန္တလေး)၊ နှင်းဝေငြိမ်း၊ မဝင့် (မြစ်ငယ်)၊ ခင်သန္တာ၊ နှင်းဆီအောင်၊ ယဉ်ယဉ်နု (မန္တလေး)၊ သွေး (စစ်ကိုင်း)၊ အဖြူရောင် (ရွှေ)၊ ဝေ (စီးပွားရေးတက္ကသိုလ်) တို့၏လက်ရာများပါဝင်သည်။ မင်္ဂလာဦးဟူသောသဘောကို ခံယူကြသည့် မြန်မာတို့၏ယဉ်ကျေးသောလူမှုသဘာဝ အလှများကို ခြယ်မှုန်းထားသည့် ရသစာပေကောင်းများအဖြစ် ဖတ်ရှုကြရမည်ဖြစ်သည်။ ငွေလစာပေမှ စီစဉ်ထုတ်ဝေပြီး တန်ဖိုးမှာ ၂၅၀၀ ကျပ်ဖြစ်သည်။

**ကလောင်စုံ**


**အကူးအပြောင်းကာလ တရားမျှတမှု**

ယနေ့ခေတ်တွင် ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြသော အကူးအပြောင်းကာလ ဟူသော စကားရပ်နှင့်စပ်လျဉ်းသည့် ဘာသာရပ်များကို လေ့လာတင်ပြကြသူများ အနက် ဤစာအုပ်ပါ စာရေးဆရာ၊ ဆရာမများကမူ ကမ္ဘာ့အရပ်ရပ်မှ အပြောင်းအလဲဖြစ်စဉ်များကို စနစ်တကျ လေ့လာကာ ကိုးကားနိုင်စရာ စာတစ်အုပ် ဖြစ်လာစေရန် ဖန်တီးခဲ့ကြသည်။ ဤစာအုပ်တွင် မင်းခက်ရဲ၊ မြတ်ကို၊ နောင်ချို၊ နောင်ချိုသစ်၊ ဖြိုးဖြိုး၊ တည်တံ့ (G.B.K )၊ သူရိန် မျိုးမြင့်၊ ကိုထွေး၊ ခေးလု၊ ရန်နိုင်ဝင်းစသည့် ကလောင်ရှင်များ ရေးသားထားကြသည်။ Myanmar Knowledge Society မှ ထုတ်ဝေပြီး တန်ဖိုးမှာ ၃၀၀၀ ကျပ်ဖြစ်သည်။

**မင်းသစ်**

**ပညာရေး..ပညာရေးရှက်ဖွယ်..ရှက်ဖွယ်**

အစိုးရကျောင်း အထက်တန်းပြဆရာ၊ လုပ်သားရေးရာကျောင်းဆရာ၊ မ. ဆ. လ ခေတ်ဦးတွင် ကိုယ်ပိုင်နည်းပြသင်တန်းကျောင်းများဖွင့်ခဲ့သည့် ကျူရှင်ဆရာတစ်ဦးဖြစ်သူ ဆရာ မင်းသစ်သည် မြန်မာ့ပညာရေးစနစ်၏ အားနည်းချက်များကို သုတေသနလေ့လာချက် ဆန်ဆန် ဝေဖန်သုံးသပ်ကာ ဆင်ခြင်စရာ၊ ပြုပြင်ပြောင်းလဲစရာများ ထောက်ပြထားပြီး စုစည်းထုတ်ဝေလိုက်သည့် စာအုပ်ဖြစ်သည်။ ပညာရေးလောက၊ ပညာရပ်အဆောက်အအုံတွင်းမှ ပညာရှင်များ၊ အာစရိယဂိုဏ်းဝင်ပုဂ္ဂိုလ်များ၏ အမှာစာများ စုံလင်စွာပါရှိသည်။ စာပေခရီးသွားများစာပေတိုက်မှ ထုတ်ဝေပြီး တန်ဖိုးမှာ ၁၅၀၀ ကျပ်ဖြစ်သည်။


အခန်းဆက်ဝတ္ထုရှည်
ယခင်လမှအဆက်

(၃)

ကျီးမနိုး ရွာမပြန်ဖြစ်ဘူး။ မာမိ ဒေါ်လူစီကိုယ်တိုင်က ခြူးခြူးနဲ့ ကျီးမနိုးအပေါ်ထားတဲ့ သံယောဇဉ်ကို အကဲခတ်မိသာရော၊ မိသားစုဆရာဝန်ကပါ ကလေးကို စိတ်ချမ်းသာအောင်ထားဖို့ အကြံပေးသာရောဆိုတော့ ကျီးမနိုးကို ရွာပြန်မပို့ဖြစ်ဘူး။ ဒါတွေက ကျီးမနိုးက သိလို့မဟုတ်ပါဘူး။ ကားမောင်းတဲ့ ဦးဝပြောက ပြန်ပြောပြလို့ သိရသာပါ။ ကျီးမနိုးကတော့ ရွာမပြန်ဖြစ်တော့လည်း ပွဲမကြည့်ရရုံလောက်ပဲ သဘောထားသယ်။ သည်တိုက်ကြီးမှာ အလုပ်လုပ်မှ ပိုက်ဆံရမယ်ဆိုသာ သိလေတော့ တိုက်ကြီးက လက်ခံသရွေ့နေတော့မယ်လို့ စိတ်ကို ဒုံးဒုံးချလိုက်သာပါပဲ။ ကျီးမနိုးကို ခေါ်လာတုန်းက တစ်နှစ်တစ်ခေါက် ရွာပြန်ပေ့ါဆိုတဲ့ စကားရှိခဲ့ပေသိ သူတို့ကလည်း ပြန်ချေလို့ မပြောသလို ကျီးမနိုးကလည်း ရွာပြန်ချေဦးမယ် မပြောဖြစ်ဘူး။

သည်တိုက်ကြီးမှာ အမေယူထားတဲ့ပိုက်ဆံ ဘယ်လောက်စုနေသလဲဆိုသာ ကျီးမနိုးမသိဘူး။ ပွဲစားဦးအောင်မြတ်က အမေ့ကို ပိုက်ဆံ ဘယ်လောက်ပို့လို့ အမေက ဘယ်လောက်ယူထားသယ်ဆိုသာ မသိသာလည်း ခပ်ကောင်းကောင်း။ သိရင် လတွေ ရက်တွေ တွက်မိရင် ကျီးမနိုး စိတ်ဆင်းရဲနေရဦးမယ်။ သည်တော့ မသိသာ ကောင်းသယ်လို့ပဲ သဘောထားလိုက်တော့သယ်။

တစ်ရက် တိုက်ကြီးမှာ လူကြီးတွေမရှိတုန်း ကျီးမနိုးက ခြံထောင့်က ရွှံ့မြေကို ဖဲ့ယူပြီး ရေနဲ့ နှပ်ထားသယ်။ စေးပျော့သွားအောင် လက်ဖနောင့်နဲ့ ခြေခြေပြီး ရွှံ့ပျော့ရအောင် လုပ်ယူသယ်။ ရွာမှာတုန်းက ကျွမ်းကျွမ်းကျင်ကျင် လုပ်ခဲ့ဖူးတဲ့ ရွှံ့ရုပ်နွားနှစ်ကောင်နဲ့ လှည်းတစ်စီးလုပ်ပြီး နေလှန်းထားလိုက်သယ်။ နွားနှစ်ကောင်က သတ်သတ်၊ လှည်းအိမ်က သတ်သတ်။ ထမ်းပိုးတုံးနဲ့ ထမ်းပိုးကျည်းက သတ်သတ်လုပ်ထားသာဆိုတော့ ရွှံ့ရုပ်ကလေးတွေလည်း ခြောက်ရော သူ့နေရာနဲ့သူ အလိုက်သင့် ဆင်ပေးလိုက်ရုံပဲ၊ ခြူးခြူးက လှည်းမမြင်ဖူးဘူးဆိုလို့ လုပ်ပြသာပါ။ ကျီးမနိုးက သည်တစ်ခါတော့သိပြီ။ ခြူးခြူးကို ရွှံ့မကိုင်နိုင်းတော့ဘူး။ ဒါပေမဲ့ ခြူးခြူးက ဘယ်ရမှာတုန်း၊ ရွှံ့တွေကပ်စေးကပ်စေးကို ကိုင်ချင်သယ်။ နွားရုပ်ကလေးတွေ ကိုယ်တိုင်လုပ်ချင်သယ်။ သည်တော့ ရွှံ့မကိုင်လို့ မရတော့ဘူး။ ခြူးခြူးမျက်နှာအိုချင်တော့ ကျီးမနိုးကလည်း မခံနိုင်ဘူး။ နွားရုပ်ကလေးတွေ လုပ်ပုံလုပ်နည်းကအစ သင်ပေးသယ်။ ခြူးခြူးက ပျော်လိုက်သာ။ သူ့လက်နဲ့ သည်လိုအရုပ်ကလေးတွေ လုပ်လို့ရတာကိုလည်း ထူးဆန်းနေပုံရရဲ့။ မအေဝယ်လာပေးတဲ့ ငွမ်းပွအရုပ်ကို မမက်ဘူး။ ရွှံ့ရုပ်မက်တဲ့ ခြူးခြူးကလေး။ ကျီးမနိုးက လက်တွေ ချက်ချင်း ရေဆေးနိုင်အောင်လို့ ရေတစ်ပုံးကလည်း အနားထားရသလို ခြံဝကဝင်လာမယ့် ကားသံကိုလည်း တစ်ဖက်က နားစွင့်ရသေးသာပါ။

"နွားဆိုတာ ဒီလိုအကောင်တွေပေါ့"

"အေးပေါ့. . အကောင်ကြီးတွေမှ အကြီးကြီးတွေ. . ဒါက အရုပ်မို့လို့. . တို့အဘိုးလေးတို့အိမ်ကနွားတွေဆို နညို့ထသီးကြီးတွေ . . ညိုလိုက်သာမှ ချိတ်လို့"

"နညို့ထသီး ဆိုတာဘာလဲ ကျီးမနိုးရဲ့"

"နွားအညိုရောင်. . ထန်းသီးမှည့်ရောင်"

"ထန်းသီးဆိုတာ ဘယ်လိုအသီးလဲ. . ချိုသယ်ပေ့ါ"

"ညည်းကလည်း ပြောလိုက်ရင် မသိသာချည်းပဲ. . ထန်းသီးဆိုတာ ထန်းပင်ကြီးတွေက သီးသာ"

"ထန်းပင်. . စောစောကပြောတော့ ထသီးဆို. . ထန်းပင်ကရော ဘယ်လိုအပင်လဲ"

"ထသီးက ထန်းသီးပဲ. . . ဟုတ်ပါ့အေ။ ညည်းက အိမ်အပြင်တစ်ဖဝါးမှ မထွက်ရတော့ခက်သားပဲ. . . တို့ရွာကို တစ်ခေါက်လောက် လိုက်ခဲ့. . ထန်းပင်တွေ အားကြီးပဲ. . . ငါ့အဖေက ထန်းပင်အငှားတက်သာ၊ အခုတော့ မလုပ်နိုင်တော့ဘူး. . ငါတို့ မောင်နှမတစ်တွေက မရှိုး ကောက်ကြရသယ်"

"မရှိုးက ဘာလဲ"

"မရှိုးကောက်သယ်ဆိုသာ မြူအိုးတွေ ကောက်ရသာ. . မရှိုးကောက် ခေါ်သာပဲ"

"မြူအိုးက ဘယ်လိုအိုးလဲ"

"အိုးသေးသေးလေးပေ့ါ. . ထန်းရည်ခံသာ"

"ထန်းရည်. . သစ်ပင်က အရည်ထွက်သယ်ပေ့ါ"

"ကိုင်း. ထန်းရည်ကထား. . ညည်းလက်တွေ ပြောင်အောင်ဆေး၊ ရွှံ့ဆိုသာ အဆေးမနာရင် ခြောက်သာနဲ့ ပြန်ပေါ်သာရယ်၊ မှန်း . . . ညည်းအကျီတွေကော. . ရွှံ့တွေ ကိုင်မှန်းသိရင် သည်တစ်ခါ တော့ ငါ့ကိုမောင်းထဲ ထည့်ထောင်းလိမ့်မယ်"

"မောင်းဆိုသာ ဘယ်လိုဟာလဲ"

"ကဲတော်ပြီ. . လက်တွေသုတ် . . တိုက်ထဲရောက်မှ ပြောပြမယ်"

သည်လိုဆိုပြန်တော့ ခြူးခြူးကလေးကို သနားမိသား။ ခမျာမွေးကတည်းက လေးဘက်အုတ်ရိုးကာဝင်းကြီးထဲက တစ်ဖဝါးမှ ထွက်ခဲ့ဖူးပုံ မပေါ်ဘူး။ ဖအေ၊ မအေနဲ့ ကားကြီးပေါ် ခဏတစ်ဖြုတ်လိုက်ရပြန်တော့လည်း ဘာဗဟုသုတမှ ရခဲ့ပုံမပေါ်ဘူး။ ပွဲတက်ကျွေးသမျှ စားပြီးပြန်လာ။ အဝတ်အစားတွေကတော့ များပါရဲ့။ မနက်ည အကျီအဝတ်အစား မထပ်စေရလောက်အောင်လည်း ပေါပါရဲ့။ ဝတ်သမျှ အကျီတွေ ဂါဝန်တွေ ဘောင်းဘီတွေကလည်း အဖိုးတန်တွေချည်း၊ ခြူးခြူးမဝတ်တော့တဲ့ အကျႌတွေချည်းပဲ ထည့်ထားတဲ့ ပလတ်စတစ် လေးထောင့်ခြင်းကြီးကိုက ပုတ်တောင်းကြီး တစ်တောင်းစာလောက် ရှိလိမ့်မယ်။ တစ်ခါတစ်ခါ ရွာက ပိတ်စွယ်ကိုပေးရင် ကောင်းမှာလို့ တွေးမိသား။ ကျီးမနိုးပါးစပ်ကတော့ မတောင်းဖူးပါဘူး။ တောင်းရင် ပေးလိမ့်မယ်လို့တော့ ထင်ပါရဲ့။

ခြူးခြူးက မြို့ကြီးပြကြီးမှာ တိုက်ကြီးတွေ ကားကြီးတွေနဲ့ နေရသူကလေးပေသိ အုတ်ရိုးလေးဘက်ချအတွင်းထဲ ငုတ်တုတ်ငေါင်း

စင်းကလေး နေရသူပီပီ မသိသာက
ခပ်များများ။ တောကိစ္စ တောအသုံး
အဆောင်၊ တောဗဟုသီရ မသိသာ
ထား။ မြို့ကြောင်းရပ်ကြောင်းကို
လည်း သိပ်သိရှာသာ မဟုတ်ဘူး။
ခြူးခြူးရေ သည်လိုတဲ့ဆိုရင် ပြောရ
မယ့်စကားက လိုရင်းမရောက်ရဘူး။
သုံးလိုက်မိတဲ့ အသုံးအနှုန်းတွေကို
အရင်ရှင်းရသာနဲ့ ပြီးရသာချည်း။
ကျီးမနိုးက သည်နေရာမှာတော့
မခေဘူး။ လှေအကြောင်းလည်း
ပြောတတ်သယ်။ လှည်းအကြောင်း
လည်း ပြောတတ်သယ်။ ထန်း
အကြောင်း ရက်ကန်းအကြောင်း
ပြောရတော့ကော ပြောတတ်ပါဘိသ
နဲ့။ နွားအကြောင်း ကျွဲအကြောင်း
ဆိုရင်ကော။ လာခဲ့လေ။ ပြောပြ
လိုက်မယ်။ နှမ်းကိစ္စ ဝါကိစ္စပြော
ရင်ကော။ သည်လိုအခါမျိုးမှာ
ခြူးခြူးမျက်လုံးကလေးတွေဆိုသာ
အရည်တွေများလှဲ့လို့။

"ရွာမှာ ငှက်တွေလည်း ပေါ
သယ်။ ခုကန်ကွင်းမှာ ဖျိုင်းတွေဆို
သာ ဖွေးနေသာပဲ။ ကျီးကန်းတွေ
ကတော့ အာကျယ်သယ်.. လက်
ထဲကမုန့်တောင် ထိုးသုတ်စားကြသာ
.. ဆက်ရက်တွေကတော့ လက်ပံ
ပွင့်ချိန်တွေကျရင် ပေါ်လာကြပြီ..
စာဝတီးတွေနေကြတဲ့ စာပေါင်းသိုက်
ဆိုသာရှိသယ်၊ လူတွေအိမ်ဆောက်
နေကြသလိုပဲ မြက်ခြောက်ပင်
ကလေးတွေနဲ့ အိမ်ဆောက်နေကြ
သာပေါ့ဟယ်.. စာပေါင်းသိုက်
နိမ့်နိမ့်ဆောက်ရင် လေကျမယ့်နှစ်
.. မြင့်မြင့်ဆောက်ရင် မိုးကောင်း
မယ့်နှစ်.. ချိုးကလေးတွေက
ညိုညိုမွဲမွဲကလေးတွေ ..ကူတော့
တကူကူကူလို့ အော်ကြသယ်..
ရှိပါသေးအေ... ဇီးကွက်တို့
လင်ကောင်ပိုးတို့ တစ်တီတူးတို့
ဆိုသာ"

"ကျီးမနိုးက တော်တော်သိသာ
ပဲ၊ ခြူးခြူးကတော့ စာကလေး
တွေတော့ သိသယ်၊ သူတို့ဘာတွေ
စားကြသာလဲ"

"အစုံပေါ့..သစ်စေ့သစ်နှံ
စားကြသာပေါ့.. ရွာနဲ့ဝေးတဲ့
အနောက်ကွင်းတွေမှာ စပါးပေါ်
ချိန်ဆို စာခြောက်ရုပ်တွေလုပ်ပြီး
ငှက်တွေကိုခြောက်ကြရသာ ခြူးခြူး
ရဲ့.. ပျင်းရင် ပုစဉ်းကလေး တွေ
လိုက်ဖမ်းကြသာပေါ့.. မိုးကုန်ရင်
ပုစဉ်းရောင်စုံကလေးတွေ ကျပြီ..
ညဘက်မှာ မီးတလက်လက်နဲ့ထွက်
တဲ့ ပိုးစုန်းကြူးတွေလည်း တို့
မောင်နှမတစ်တွေ လိုက်ဖမ်းကြ
သာ"

"ဒီတစ်ခါ ကျီးမနိုးရွာပြန်ရင်
ခြူးခြူးလည်း လိုက်ခဲ့မယ်"

ကျီးမနိုး ဘာမှပြန်မပြောဖြစ်
ပါဘူး။ ဒါကလည်း ကျီးမနိုးက ရွာ
အကြောင်းတွေပြောတိုင်း ခြူးခြူးက
စိတ်လိုလက်ရ ပြန်ပြောနေကျ
စကားပါ။ ခြူးခြူးကလေးကို ရွာခေါ်
သွားလိုက်ချင်စမ်းလှ။

( ၄ )

တစ်ရက်မှာ ကျီးမနိုးကို
ရွာကနေ ခေါ်လာတဲ့ ဦးအောင်မြတ်
ကျီးမနိုးနေတဲ့ တိုက်ကြီးဆီ ရောက်
လာသယ်။ သူဌေးလင်မယားနဲ့
စကားတွေ ပြောကြသယ်။ ထမင်း
အတူစားကြသယ်။ ဦးအောင်မြတ်
ပြန်ခါနီးတော့မှ နောက်ဖေးတန်း
လျားက ကျီးမနိုးနဲ့ လာတွေ့သယ်။

"ကျီးမနိုး.. လိမ်လိမ်မာမာ
လုပ်မှပေါ့.. သူတို့က သူတို့သမီးကို
ပိုးကလေးလိုမွေးထားသာ.. ညည်း
လိမ္မာရင် ညည်းမြဲမှာပဲ.. လုပ်ခ
လည်း တိုးပေးဖို့ ငါပြောထားသယ်
.. ညည်းတစ်နှစ်တစ်ခါ ရွာပြန်ဖို့
လည်း ငါပြောထားသယ်.. သူတို့
က သဘောကောင်းကြပါသယ်..
ငါက ရွာက ဆင်းရဲတဲ့ ကလေးတွေ
ရှင်တစ်ရာပြုချင်တဲ့ အကြောင်း
စကားရောက်တော့ ညည်းမောင်
လေးနှစ်ယောက်ကို ရှင်စာရင်း
ထည့်ဖို့ သူတို့တာဝန်ယူမတဲ့ ကြား
လား.."

"ကျုပ်မောင်လေး နှစ်ယောက်
ကိုရင်ဝတ်ပေးတော့ ကောင်းသာ
ပေါ့၊ ရွာလည်း ပြန်ချင်သယ်
ဦးလေးရဲ့၊ ကျုပ်ပြန်ချင်လို့ မဟုတ်
ပါဘူးတော်.. ခြူးခြူးကို ရွာခေါ်
သွားချင်လို့ပါ.. ခြူးခြူးကို ကွင်း
ထဲမှာ စိန်ပြေးတမ်း ကစားခိုင်းချင်
သယ်၊ နွားစီးခိုင်းချင်သယ်၊ ဘုတ်
တလုတ်တောက်တဲ့ ကစားခိုင်းချင်
သယ်၊ မန်ကျည်းစေ့ ဇယ်ခုပ်စေချင်
သယ်၊ အလှူမုန့် တောမုန့်တွေ
ကျွေးချင်သယ်"

**ကျီးမနိုး ဘာမှ
ပြန်မပြောဖြစ်ပါဘူး။
ဒါကလည်း ကျီးမနိုးက
ရွာအကြောင်းတွေပြော
တိုင်း ခြူးခြူးက
စိတ်လိုလက်ရ
ပြန်ပြောနေကျစကားပါ။
ခြူးခြူးကလေးကို ရွာခေါ်
သွားလိုက်ချင်စမ်းလှ။**

"ခြူးခြူးက ချမ်းသာတဲ့ မိဘက
မွေးသာပါ ကျီးမနိုးရယ်၊ ကစားစရာ
တွေမှ စုံလို့ပါ၊ ညည်းရွာ ဘာလို့
လိုက်ကစားမှာတုန်းဟ၊ အရူးမရဲ့"

"မဟုတ်ဘူး.. မဟုတ်ဘူး
ဦးလေးမသိပါဘူး"

ဘာစိတ်ကူးရသယ် မသိပါဘူး။
သူဌေးကတော်က ကျီးမနိုးကို ရွာ
ပြန်မလွှတ်တော့ဘူးတဲ့။ ပြောခဲ့ပါ
ကော။ မပြန်ရတော့လည်း ပွဲမ
ကြည့်ရရုံပေါ့။ ကျုပ်အဖို့ရာ ပိုက်ဆံ
တိုးပေးမှာတဲ့။ တိုးပေးတော့ အမေ
တို့ များများသုံးရသာပေါ့။ ဘာရှိမှာ
တုန်း၊ ကျီးမနိုးကတော့ စပါးကြီး
မြွေများ လူကိုညို့ပြီး တစ်ပတ်ချင်း
ရစ်သလို သူတို့ပေးမယ့် ပိုက်ဆံနဲ့
အရစ်ခံရတဲ့ ဘ၀နဲ့ သည်တိုက်ကြီး
မှာ နေရရုံပေါ့။ ဦးအောင်မြတ်က
ပြန်ခါနီး စကားတစ်ခွန်း ပြောလေ
ရဲ့"

"ငါလည်း ကျွဲခလောက်ကို
ပြီးခဲ့တဲ့ လပြည့်ကျော်ရက်တွေက
ရောက်ခဲ့သေးသယ်.. နင့်လုပ်စာ
နဲ့ဆိုတော့ နင့်မိဘများ လောက်င
ကြပါရဲ့.. နင်အလုပ်မထွက်ချင်
နဲ့.. အခုတောင် ခြူးခြူးကငိုလို့
သူတို့က နင့်ကိုရွာပြန်မပို့သာ ကြား
လား"

" ဟုတ်ကဲ့လား ခြူးခြူးက ငို
လို့လား၊ ခြူးခြူးက ကျုပ်ကို ခင်သယ်
ရယ်၊ ခြူးခြူးက စိတ်တစ်မျိုးရယ်၊
မိဘတွေက သူ့ကို မချစ်ဖူးလို့ ခဏ
ခဏပြောဖူး သယ်"

"သူတို့က ငယ်လင်ငယ်မယား
မဟုတ်ကြဘူး၊ မုဆိုးဖိုနဲ့ မုဆိုးမ
ယူထားကြသာ၊ ခြူးခြူးက မအေက
ပါလာသာ၊ သည်ကြားထဲ
ကလေးက လွတ်လွတ်လပ်လပ်
မနေရတော့ နင့်ကို ခင်တွယ်ရှာတာ
ပေါ့၊ ကိုင်း ဦးလေးပြန်မယ်"

ခြူးခြူးက သူဌေးကတော်
ဘက်ကပါလာတဲ့ သမီးတဲ့။ ခြူးခြူး
မှာရှိတဲ့ အရုပ်တွေထဲမှာ ဘိုမရုပ်
တစ်ရုပ်ရှိသယ်။ ကိုယ်လုံးတီး
ကော်ပတ်ရုပ်ပါ။ တစ်တောင်
လောက် ရှိမလားပဲ။ မျက်လုံးကလေး
တွေက ပြာလို့။ မျက်တောင်ကလေး
တွေတောင် ခတ်အောင် လုပ်ထားလို့
တကယ့် ဘိုမကလေးလိုပဲ။ သည်
အရုပ်နဲ့အတူ ဂျပ်သေတ္တာ
ကလေးတစ်လုံးပါသယ်။ ဂျပ်
သေတ္တာထဲမှာ ရောင်စုံဝတ်စုံ
ကလေးတွေအပြည့်၊ အစိမ်း၊
အနီ၊ အပြာ၊ အဝါ၊ ခရမ်း၊
အနက်၊ အဖြူ၊ ခေါင်းစွပ်ဆံပင်
ကလေးတွေကလည်း ပုံစံ
အမျိုးမျိုး အရောင်အမျိုးမျိုး။
နားကပ်တွေ ဆွဲကြိုးတွေ
လည်းပါရဲ့။ တစ်နေ့တော့
ခြူးခြူးက ဘိုမရုပ်ကို
အဝတ်ကလေးတွေ ဝတ်
ပေးလိုက်၊ ဆံပင်တု
ခေါင်းစွပ်ကလေးတွေ
စွပ်ပေးလိုက် လုပ်နေ
သာကို ကျီးမနိုး ဘေးက
နေ ကြည့်နေမိသယ်။



ခြူးခြူးကကော ဘာထူးလို့တုန်း။ ဘိုမလေးလိုလည်း လှပါရဲ့။ အဝတ်အစားတွေကလည်း တစ်နေ့တစ်မျိုး မရိုးအောင် ဝတ်ရပါရဲ့။ ဝတ်ပြန်တော့လည်း လှပါရဲ့။ ဘိုမမျက်နှာကလေးက ကြည်ကြည်စင်စင် ပြုံးယောင်ယောင်ရှိသလို ခြူးခြူးကလည်း ရှိရှာပါရဲ့။ ဒါပေသိ ဘိုမရုပ်က ကော်ရုပ်၊ ခြူးခြူးကကော. .။ ခြူးခြူးခမျာ အရုပ်မကလေးနဲ့ တူသာတင်မဟုတ်ဘူး။ လူကလည်း မထူးပါဘူးလို့ ကျီးမနိုးတစ်ခါတစ်ခါ တွေးမိသယ်။ ကျီးမနိုးကိုယ်တိုင်က ကိုယ်နဲ့ မဆိုင်တဲ့နေရာရောက်နေရသလိုပဲ ခြူးခြူးကိုယ်တိုင်ကလည်း သည်တိုက်ကြီးမှာ ကိုယ်နဲ့မဆိုင်ဘဲ ရောက်နေရ သလို မဟုတ်လား။ ခြူးခြူးက ဒေါ်ကြီးလှကျွေးသာကို စားသယ်။ ကျီးမနိုးဝတ်ပေးသာကို ဝတ်သယ်။ ကျီးမနိုးနဲ့ အတူကစားသယ်။ စကားတွေပြောသယ်။ တိုက်ကြီးရှင်ဦးမောင်လေးကို ဒက်ဒီခေါ်ပေမဲ့ ကော်ပတ်ရုပ်က ခေါ်နေသလိုပဲ။ မအေကို မာမီတဲ့။ ဒါလည်း အသက် မပါလှပေဘူး။ ဒါတွေက ကျီးမနိုး တွေးတတ်သလောက် တွေးမိသာတွေ ပါ။

"ခြူးခြူးအိပ်မက် မက်သယ်။ ဘယ်သူမှမပါဘူး။ ဒက်ဒီလည်း မပါဘူး။ မာမီလည်းမပါဘူး။ ခြူးခြူးတစ်ယောက်တည်း လျှောက်သွားနေသာ။ ပျော်စရာကောင်းသယ်။ လမ်းမှာ လူတွေလည်း မရှိဘူး။ ခြူးခြူး ဘယ်သွားနေမှန်းလည်း မသိဘူး"

"ငါကော မပါဘူးပေါ့။ ညည်းကျတော့ တစ်ယောက်တည်း သွားသယ်ပေါ့လေ"

''အိပ်မက်ထဲမှာဆိုတော့ ကျီးမနိုးကို ခေါ်လို့မှမရသာ။ အိပ်မက်ထဲမှာတောင် စဉ်းစားသေးသယ်။ ကျီးမနိုးပါရင် ကောင်းမှာလို့"

"ခြူးခြူးရယ်၊ ညည်းမသိလို့ပါအေ၊ ညည်းနောက်က ငါ အသာလေးလိုက်လာသာ၊ ညည်းမသိလို့ရယ်၊ ငါပါသယ်ရယ်"

"ဟုတ်လို့လား၊ ခြူးခြူးမတွေ့ပါဘူး။ ဟုတ်မှာပဲ။ ခြူးခြူးက နောက်မှ လှည့်မကြည့်သာ"



တစ်ခါတလေ အဲသလို စကားမျိုးပြောတတ်လို့ ကျီးမနိုးက အလိုက်သင့် ပြောရတာမျိုးတော့ ရှိပါရဲ့။ ကလေးတစ်ယောက်မက်တဲ့ အိပ်မက်ရယ်လို့ ကျီးမနိုးကလည်း ခေါင်းထဲ သိပ်မထည့်ပါဘူး။ ခြူးခြူးက အိပ်မက်မက်သယ်ဆိုလို့ ဟုတ်ကောဟုတ်ရဲ့လားလို့လည်း တွေးမိသယ်။ ခြူးခြူးက ပြောစရာစကားမရှိရင် အိပ်မက်မက်သယ် လုပ်တော့သာလည်း ပါမှာပေါ့။

တစ်ခါမှာတော့ သူဌေးလင်မယား အကြီးအကျယ် ရန်ဖြစ်ကြသယ်။ ခါတိုင်း အဲသလောက် မဖြစ်ကြဖူးဘူး။ သူဌေးဦးမောင်လေးက ခရီးသွားသာများသလို အိမ်မှာရှိပြန်တော့လည်း ကားတစ်စီးနဲ့ ထွက်သာများသယ်။ မာမီဒေါ်လူစီကတော့ မနက် အိပ်ရာထ နေမြင့်တတ်သယ်။ နိုးရင် ရေမိုးချိုး အလှပြင်သယ်။ အလှပြင်ပြီး ထွက်လာရင် တစ်ခန်းလုံး မွှေးကြိုင်နေတော့သာပဲ။ အသားဖြူတော့ ဘာဝတ်ဝတ်လိုက်သယ်။ ဒေါ်ကြီးလှပြောသာတော့ သူဌေးကတော်ဝတ်သာ စိန်တွေတဲ့။

"အမှန်က လွယ်အောင်ခေါ်လို့ရယ်၊ သူဌေးကတော် မဟုတ်ဘူး ကျီးမနိုးရဲ့။ သူဌေးမ. . . သူဌေးမက ပိုချမ်းသာသယ်ရယ်၊ သူ့ယောကျ်ားက ချမ်းသာပေသိ သူဌေးမလောက် ပိုက်ဆံမရှိဘူး။ သူဌေးမက စိန်တွေမနည်းဘူး။ တစ်ခါ သူ့ယောကျ်ားကို ပြောနေသာ ဒါလင်ရယ်တဲ့ . . . လူစီဘဝမှာ ကျောက်ရယ်လို့ တစ်ခါမှ မဝတ်ခဲ့ဖူးဘူးတဲ့။ စိန်တွေပဲ ဝတ်ခဲ့သာတဲ့။ ဟုတ်မှာပဲ"

"စိန်က အဖိုးတန်သယ်ပေါ့"

"တန်ပြီကောအေ ညည်းနှယ်၊ ဝတ်ထားရင် ကြည့်ပါလား၊ တဖျပ်ဖျပ်နဲ့"

"ဟုတ်ပါရဲ့"

ရန်ဖြစ်တဲ့နေ့က စိန်လက်စွပ်တစ်ကွင်း ပျောက်လို့တဲ့။ အိမ်က အလုပ်သမားတွေကို တစ်ယောက်ချင်း လိုက်မေးသယ်။ ဘယ်သူကမှ တွေ့သယ်မပြောကြပါဘူး။ တွေ့မှ မတွေ့သာ မတွေ့ဘူးပေါ့။ တိုက်ကြီးမှာ ပစ္စည်းပျောက်သယ်ဆိုတော့ လူဆင်းရဲတွေကို သူခိုးထင်သာ မဆန်းဘူးလေလို့ ကျီးမနိုးကတော့ တွေးပါရဲ့။ အမှန်က အဲသလို မဟုတ်ဘူးလို့ ဒေါ်ကြီးလှက ပြောမှ အံ့ဩရတော့သယ်။ သူဌေးဦးမောင်လေးကို သူခိုးထင်နေသာတဲ့လေ။ လင်နဲ့မယား သူ့ပစ္စည်းလည်း ကိုယ့်ပစ္စည်း၊ ကိုယ့်ပစ္စည်းလည်း သူ့ပစ္စည်း ခိုးစရာလိုလို့လား။ ယိုးယိုး စွပ်စွပ် ပျစ်ပျစ်နှစ်နှစ်ကြီး အကြီးအကျယ် ရန်ဖြစ်နေကြတဲ့ သူဌေးလင်မယားကို ကြည့်ရင်း ကျီးမနိုး အံ့ဩမိသယ်။ သူတို့ကျတော့ ပိုက်ဆံတွေရှိလွန်းလို့ ဖြစ်ရတဲ့ ပြဿနာဆိုသာလောက်တော့ ကျီးမနိုး တွေးတတ်ပါရဲ့။ စိန်လက်စွပ်က ဘယ်လောက်အဖိုးတန်သလဲဆိုသာ ကျီးမနိုး မသိဘူး။ အိမ်က အခိုင်းအစေတွေကို ဝတ်ကျေတန်း ကျေလောက်မေးပြီး လင်ကို သူခိုးစွဲသာကိုလည်း ကျီးမနိုး နားမလည် ပြန်ဘူး။ သည်လို ရန်ဖြစ်ကြပြီဆိုတော့ ဒါလင်တွေ အသက်တွေ မခေါ်ကြတော့ဘူး။ နင်တွေငါတွေ ဖြစ်ကုန်လို့ ဘယ့်နှယ့်ပါလိမ့်လို့လည်း အောက်မေ့မိသယ်။

"လင်က အရင်မယားက ကျန်ခဲ့တဲ့ သားသမီးတွေ ရှိသာကိုး အေ့။ သားသမီးတွေကို ခိုးပေးသယ်ထင်လို့ စွပ်စွဲရာက ရန်ဖြစ်ကြသာ။ တော်ပါသေးရဲ့အေ။ ရဲတွေဘာတွေ တိုင်ရင် ငါတို့ အရင်ဖမ်းမှာ"

သည်စကားကြားတော့မှ ကျီးမနိုး လန့်သွားခဲ့သယ်။ ရဲမတိုင်လို့ သူဌေးကတော်ကို တောင် ကျေးဇူးတင်မိရသေး။ ဒါပေသိ နောက်နှစ်ရက်သုံးရက်ကြာတော့မှ ပြဿနာရဲ့အဖြေကို ကျီးမနိုးသိခဲ့ရသယ်။ စိန်လက်စွပ်ပျောက်ရပုံကို သိလိုက်သာပါ။ သိလို့လည်း ဘယ်သူ့မှ မပြောဝံ့ဘူး။ တစ်ရက်မှာ ခြူးခြူးက ကျီးမနိုးနေတဲ့ အခန်းထဲ ရောက်လာခဲ့သယ်။

"ဒက်ဒီနဲ့မာမီ ရန်ဖြစ်ကြတာ ကျီးမနိုးသိသလား"

"သိသာပေါ့အေ၊ ဘာဖြစ်လို့တဲ့တုန်း"

"စိန်လက်စွပ်ပျောက်လို့တဲ့။ အဲသည်စိန်လက်စွပ်က မာမီ့မှန်တင်ခုံပေါ်မှာ ရှိသာလေ"

"အဲသာဆို မှန်တင်ခုံဘေးမှာ ရှာရမှာလေ။ ရှိမှာပေါ့"

"မရှိတော့ဘူး။ ခြူးခြူး ပုစွန်လုံးကျင်းထဲ ချပစ်လိုက်ပြီ"

"ဟဲ့. . . ဘယ်လို ပုစွန်လုံးကျင်းထဲ ချပစ်လိုက်သာလဲ ခြူးခြူးရဲ့. . . ပြောပါဦး"

သူဌေးတိုက်ကြီးနောက်မှာ အုတ်ထရံကြီးရှိသယ်။ အုတ်ထရံကြီးမှာ တံခါးတစ်ချပ်တပ်ထားသာ ရှိလို့ အဲသည်တံခါးကထွက်လိုက်ရင် ပိန်းပင်တွေ ပေါက်နေတဲ့ ကွင်းပြင်ကြီးထဲရောက်ကရော။ ကွင်းက လယ်တော့ မစိုက်တော့ပါဘူး။ အဲသည် လယ်ကောကွင်းက ကွင်းကျယ်ကြီး။ ပေါင်းပင်တွေဆိုသာ ထူထူပိန်းလို့။ မိုးတွင်းမှာ ရေတင်တတ်လေတော့ ရေတွေရှိတဲ့နေရာက ရှိတုန်းပဲ။ ပုစွန်လုံးကျင်းတွေနဲ့ ပုစွန်ကျစ်စာတောင့်တွေကလည်း အများကြီး။ တချို့ကျင်းတွေက

မြွေကျင်းတွေ နေမှာပေါ့။ မြေပေါ်ကို တစ်မိုက်လောက်တက်နေတဲ့ ပုစွန်ကျစ်စာတောင့်ကို ဖဲ့ချွေပြီး ရေစိမ်ထားရင် အရုပ်လုပ်တဲ့ ရွှံ့စေးကောင်းကောင်း ဖြစ်ရသယ်။ ကျီးမနိုးက တစ်ခါတလေ ကွင်းထဲကိုသွားပြီး ပုစွန်ကျစ်စာဖဲ့ရင်း ခြူးခြူးလည်း ပါလာတတ်လို့ ခြူးခြူးက ပုစွန်ကျင်းတွေကို သိနေပြီကိုး။ အဲသည်ကွင်းပြန့်ကြီးက ကျယ်သလောက် မြွေပါးကင်းပါး ပေါလေတော့ ခြူးခြူး ဘယ်အချိန်မှာ ကွင်းထဲရောက်သွားသလဲဆိုသာကမှ တကယ့်အန္တရာယ်။ ကျီးမနိုးအဖို့ ရာလည်း တကယ့်ပြဿနာ။

"ခြူးခြူးရယ် ငါမပါဘဲ မသွားရဘူး။ မိုးမီးလောင်တော့မှာပဲ။ နေပါဦး စိန်လက်စွပ်ကို ဘာဖြစ်လို့ ပုစွန်ကျင်းထဲကို သွားချသာလဲ။ အဖိုးတန်တဲ့ပစ္စည်းကို ညည်းအမေ သိရင်တော့အေ"

"မသိအောင် သွားပစ်သာပေါ့ ကျီးမနိုးရဲ့"

"ကြံကြီးစည်ရာအေ၊ ညည်းလုပ်သာ လူကြီးတွေလည်း ရန်ဖြစ်ကုန်ပြီ။ အော်ကြဟစ်ကြ ပေါက်ကြခွဲကြနဲ့၊ ဘာဖြစ်လို့ အဲသလို လုပ်သာလဲ"

"မာမီ့ကို မုန်းလို့လုပ်သာ၊ နောက်လည်း လုပ်မှာပဲ"

"အိုအေ . . ."

လယ်ကောတွင်းထဲမှာ ပုစွန်ကျင်းတွေက အများကြီး၊ ခြူးခြူး ဘယ်ကျင်းထဲ ထည့်ခဲ့သာလဲ။ ပုစွန်ကျင်းဆိုသာ ဘယ်လောက်နက်သလဲဆိုသာလဲ ကျီးမနိုးလည်း မမှန်းတတ်ဘူး။ တစ်ကျင်းချင်း မြေလှန်ရှာရအောင်ကလည်း ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ။ ဘယ်ကျင်းထဲ ထည့်ခဲ့သာလဲ မှတ်မိလားလို့မေးတော့လည်း ခြူးခြူးက မသိတော့ဘူးတဲ့။ လူကြီးတွေ ဖွင့်ပြောပြီး ရှာရင်ကော။ ခြူးခြူးကလေး အရိုက်အနှက်ခံရဖို့သာ ရှိတော့မယ်။ ပြီးတော့ ဖအေအရင်းမဟုတ်တော့ နောင်ပစ္စည်းပျောက်တိုင်း ခြူးခြူးကို စွပ်စွဲကြရော့မယ်။ ခြူးခြူးကို ညည်း ဘယ်သူ့ကို ပြောပြပြီးပြီလဲဆိုတော့ ဘယ်သူ့မှ မပြောရသေးဘူးတဲ့။ တော်ပါသေးရဲ့။ ခြူးခြူးကိုပါ ခြောက်လုံးလှန့်လုံးတွေသုံးပြီး ပိတ်လိုက်ရုံကလွဲလို့ ဘာရှိမှာတုန်း။ နောက်ထပ်ဒါမျိုးမလုပ်ပါနဲ့တော့အေလို့ တားရုံကလွဲလို့ ဘာတတ်နိုင်မှာတုန်း။

"နောက် မသွားနဲ့တော့နော်။ မြွေတွေရှိသယ်။ ငါလည်း မသွားတော့ဘူး။ ရွှံ့ရုပ်နဲ့ ကစားရမယ့်အရွယ်လည်း မဟုတ်တော့ဘူး။ အိမ်က အဖိုးတန်ပစ္စည်းတွေ လွှင့်ပစ်ရုံနဲ့တော့ အမုန်းမပြေပါဘူး ခြူးခြူးရယ်။ မအေဆိုသာ မုန်းစရာမှ မဟုတ်သာ။ ညည်းကမှ မိုးလင်းရင် မအေကို မြင်ရသေးအေ။ ငါဖြင့် မမြင်ရသာ ကြာပေါ့။ ငါ့အမေကို ငါချစ်သယ်"

"ဘာလို့ ချစ်သာလဲ ကျီးမနိုး"

"ကိုယ့်မွေးထားတဲ့ မအေမို့လို့ပေါ့အေ။ အမေဆိုသာ သူမွေးထားမှတော့ သားသမီးကို ချစ်သာချည်းပေါ့ ခြူးခြူးရယ်။ ညည်းအမေ စီးပွားရှာနေသာ ညည်းအတွက်ပဲဟာ။ ရှိသမျှ ပစ္စည်းတွေအားလုံး နောင်တစ်ချိန်မှာ ညည်းပဲရမှာ မဟုတ်ဘူးလား"

"အဲသာတွေ ခြူးခြူးမလိုချင်ဘူး။ ခြူးခြူး အမေ့ပဲလိုချင်သာ။ အမေနဲ့ အတူတူနေချင်သာ။ အမေနဲ့အတူတူ အိပ်ချင်သာ"

ခြူးခြူးစကားကြားလိုက်ရတော့ ကျီးမနိုးရင်ထဲ ကျင်ခနဲ ဖြစ်သွားမိသယ်။ ပြီးတော့ အမေ့ကို လွမ်းလိုက်သာ။ "ခြူးခြူးရယ် . . . ညည်းကမှ မအေဆိုသာကို မြင်နေတွေ့နေရပါသေးသယ်အေ။ ငါဖြင့် အမေ့ကို မမြင်မတွေ့ရသာ အိမ်ရှေ့က ပိတောက်ပင် အခါခါပွင့်ခဲ့ပါပြီအေ" လို့ ပြောချင်ပေမဲ့ မပြောဖြစ်ပါဘူး။ မျက်ဝန်းထဲ ပြည့်လာတဲ့ မျက်ရည်တွေကို မျက်တောင်ခတ်ပြီး သိမ်းပစ်လိုက်တယ်။

(၅)

မာမီဒေါ်လူစီက ဒေါ်ကြီးလှရယ်၊ ကျီးမနိုးရယ်၊ ကားမောင်းတဲ့ ဦးဝပြော၊ ဦးစောမောင်နဲ့ ဘကြီးသန်းမောင်အတွက်ရယ်လို့ အဝတ်အစားသစ်တွေ ဝယ်လာတဲ့နေ့က ကျီးမနိုးပျော်လိုက်သာ။ ခြူးခြူးမွေးနေ့မှာ ဝတ်ကြဖို့တဲ့။ ကျီးမနိုးက သည်တိုက်ကြီးကို ရောက်သာသုံးနှစ်လား လေးနှစ်လားရှိပြီ။ ခြူးခြူးမွေးနေ့ရယ်လို့ မှတ်မှတ်ရရလုပ်သာ တစ်ခါမှ မကြုံဖူးဘူး။ သည်နှစ်မှ ဘာစိတ်ကူးရသယ် မပြောတတ်ပါဘူး။ ခြူးခြူး ဆယ်နှစ်ပြည့်လို့ဆိုသာတော့ သိလိုက်သယ်။ မွေးနေ့ပွဲကို ခြံကြီးထဲလုပ်မှာလို့လည်း ကြားသယ်။ ကျီးမနိုးက မာမီဝယ်ပေးတဲ့ အကျႌနဲ့ထဘီကို ကြည့်ပြီး သဘောကျနေသာကို ဒေါ်ကြီးလှက မြင်တော့ ပြောလေရဲ့။

"လိုက်ပါ့အေ အသားနဲ့အဝတ်အစား"

"အဝါရောင်ကို ကျုပ်က ကြိုက်သယ်ရယ်၊ ကျုပ်နဲ့ မလိုက်လို့လား"

"လိုက်ပါသော်ကောအေ"

"နေဦး၊ ကျုပ် မေးဦးမယ်။ မွေးနေ့လုပ်သယ်ဆိုသာ ဗီဒိုကားထဲကလို လုပ်သာလား။ မုန့်ဝိုင်းကြီးပေါ် ဖယောင်းတိုင်ထွန်းကြသာလေ။ တအောင့်နေတော့ ပါးစပ်နဲ့ဝိုင်းမှုတ်ကြသာလေ။ အဲသလိုလုပ်တော့ မွေးနေ့က ဘယ့်နှယ့်ဖြစ်သွားလို့တုံး"

"ပြောတတ်ပေါင်အေ . . . ညည်းကမှမြင်ဖူးသေးတယ်၊ ငါဖြင့် မီးဖိုချောင်နဲ့ပြီးရသာ ဗီဒိုကားဆိုသာ ဘာမှန်းတောင်မသိဘူး"

မွေးနေ့ပွဲမကျင်းပခင် သုံးရက်လောက်ကတည်းက ဝိုင်းကျယ်ကြီးကိုသန့်ရှင်းရေးလုပ်တဲ့သူတွေ ကားကြီးနဲ့ တစ်စီးရောက်လာကြသယ်။ မလွတ်တာတွေ ဖယ်ကြရှေ့ကြသယ်။ ဆေးအသစ်သုတ်ရမယ့်နေရာတွေမှာ ဆေးတွေသုတ်ကြသယ်။ ပန်းပင်တွေက စိုက်ပြီးသားတွေ အိုးကြီးတွေ နဲ့ ရောက်လာတော့ ကျီးမနိုး အံ့သြရသယ်။ ပန်းပင်တွေကပွင့်ကြလို့။ ကြားရသလောက်တော့ အဲဒါတွေက ငှားရသာတဲ့။ ပန်းအိုးကြီးတွေထဲ စိုက်ထားတဲ့ ပန်းပင်တွေ ပွင့်အောင် လုပ်ထားပြီး ငှားစားကြသာတဲ့။ မြို့ဆိုသာအထူးအဆန်းချည်းပဲ။ လက်သမားတွေက သစ်တွေကားနဲ့ တိုက်လာပြီးပုံကြရော။ ပြီးတော့မှ ဇာတ်စင်လို ခင်းပျဉ်ကျယ်ကြီးဆောက်ကြတယ်။ နောက်ခံပျဉ်ချပ်ကြီးကိုလည်း ဖျာချပ်တွေထောင်သလိုထောင် ကြ

မွေးနေ့လုပ်သယ်ဆိုသာ ဗီဒိုကားထဲကလို လုပ်သာလား။ မုန့်ဝိုင်းကြီးပေါ် ဖယောင်းတိုင် ထွန်းကြသာလေ။ တအောင့်နေတော့ ပါးစပ်နဲ့ဝိုင်းမှုတ် ကြသာလေ။ အဲသလိုလုပ်တော့ မွေးနေ့က ဘယ့်နှယ့်ဖြစ်သွားလို့တုံး

တယ်။ ကျီးမနိုးက ခြံထဲမှာလူတွေ တရုန်းရုန်းရှိနေတာကို သိပ်သဘောကျသာပဲ။ ပျော်စရာကောင်းသယ်။ မကောင်းဘဲလား။ သည်တိုက်ကြီးထဲမှာ တစ်ခါလာ ဦးမောင်လေး၊ ဒေါ်လူစီ၊ ခြူးခြူးရယ်က သုံးယောက်၊ ကားမောင်းတဲ့နှစ်ယောက်နဲ့ အိမ်အကူဦးသန်းမောင်ရယ် သူရယ် ဒေါ်ကြီးလှရယ်က ငါးယောက်။ မိုးလင်းရင် သည်ရှစ်ယောက် မျက်နှာပဲမြင်နေရသာ နှစ်ချီနေပြီ။ အိမ်ရှင်တွေက ကြည်သာကြရဲ့လား လည်းမသိ၊ စိတ်ကောက်နေကြတာလာလည်းမသိ။ မိုးလင်းရင် မျက်နှာအောက်ကြီးတွေနဲ့ မြင်နေရသာကို ကျီးမနိုး မျက်နှာကဲ မခတ်တတ်ဘူး။ အိမ်ကလူတွေကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ကြသာပဲ ရှိသယ်။ သူတို့ကို ဘာမှပြောနေကြသာ မှုတ်ဘူး။ ပြောစရာလည်း သိပ်တော့မရှိသာလည်း ပါမှာပေါ့။ ကားဆရာတွေက ကားမောင်းမယ်။ ဒေါ်ကြီးလှက ချက်မယ် ပြုတ်မယ်။ ကျီးမနိုးက ခြူးခြူးခိုင်းသာ လုပ်ရမယ်။ ဒါပဲဆိုတော့လည်း ပြောစရာရယ်လို့ မရှိသာလည်း ပါမှာပေါ့။

ဦးမောင်မောင်လေးက မနက်ပိုင်းအားရင် ခြံထဲက ပန်းရုံတွေနားမှာ ကုလားထိုင်နဲ့ ကော်ဖီသောက်တတ်သယ်ဆိုပေသိ ခုနောက်ပိုင်း မသောက်သာကြာပြီ။ ညနေဘက်တော့ အိမ်ပြန်စောရင် အရက်သောက်သာတော့ ရှိသယ်။ မာမီအိမ်မှာရှိလို့ လင်နဲ့လည်းတည့်လို့ကတော့ ပွဲထဲကပြောသလို 'လင့်အပါး ခစားလျက်ပါ မောင်ရဲ့' ဆိုသာမျိုးပဲ။ ဒါလင် ဒါလင်နဲ့ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းကို နွှင်ပေးသာမျိုး၊ ကျီးမနိုးတို့တောမှာ မရှိတဲ့ ပဲစေ့ကြီးတွေလိုဟာကိုအခွံချွတ်ပေးသာမျိုး၊ အာလူးကြော်လိုဟာကို ပန်းကန်လှလှတွေထဲထည့်ပြီး စားကြသာမျိုး လုပ်တတ်တယ်။ လင်နဲ့ အဆင်မပြေရင်တော့ အရိပ်တောင် မမြင်ရဘူး။ ခြူးခြူးကတော့ ဘယ်သူ့အနားမှ မကပ်ဘူး။ တစ်ခါတစ်ခါ ဘယ်ရောက်နေမှန်းတောင် မသိရဘူး။ ကျီးမနိုး သတိထားမိသာရှိသယ်။ ခြူးခြူးက ဖအေမအေရှိရင် တိုက်ကြီးအပေါ်ထပ်မှာ ကိုယ်ရောင်ဖျောက် နေလေ့ရှိသယ်။ မိဘတွေ ကားတစ်စီးစီနဲ့ ထွက်သွားကြပြီဆိုရင်တော့ မီးဖိုချောင်ထဲက ပိုးဟပ်လို ထွက်လာတော့သာပဲ။ ဒေါ်ကြီးလှအခန်းထဲဝင်ပြီး ဒေါ်ကြီးလှစားတဲ့ ပြောင်းဖူးပြုတ်အသို့လည်း စားသာပဲ။ ပဲမြစ်ပြုတ် မာဆတ်ဆတ်လည်း စားသာပဲ။ ကျီးမနိုးနေတဲ့ တန်းလျားခန်းထဲက ပခုက္ကူစောင်တွန့်တွန့်ကျေကျေနဲ့ ခေါင်းအုံးညစ်ထေးထေးပေါ် လူးလိုက် လှိမ့်လိုက်လုပ်လား လုပ်ရဲ့။ အဝတ်အစား ဖွေဖွေသန့်သန့် ကလေးတွေဝတ်ပြီး ဆံပင်နီညိုရောင်နဲ့ ခြူးခြူးတစ်ယောက် သူ့အခန်းထဲမှာ ပျော်နေသာကို ကျီးမနိုး သိပ်ကျေနပ်သာပဲ။ ခြူးခြူးက ငါ့ကိုချစ်သယ်၊ ငါ့ကို ခင်သယ်၊ ငါ့ကို နှစ်နှစ်ကာကာရှိသယ်လို့ ခံစားရလို့ပေါ့။ တစ်ခါတလေ ကျီးမနိုး တောကပါလာတဲ့ သေတ္တာဟောင်းကလေးကိုဖွင့်ပြီး အဝတ်အစားတွေ ထုတ်ကြည့်တတ်သယ်။ တောက်တောက်ပပမရှိတဲ့ ကျီးမနိုး အဝတ်အစားတွေကို တစ်ထည်ချင်း ကိုင်ကြည့်ပြီး ကျီးမနိုးကို သနားတဲ့ မျက်နှာနဲ့ လှမ်းကြည့်တတ်သယ်။

"ကျီးမနိုးအင်္ကျီတွေကလည်း မကောင်းလိုက်သာ . . . ကျီးမနိုးက ခြူးခြူးလို ဂါဝန်ဝတ်ရင် လှမှာ၊ ဝတ်ရင် ခြူးခြူးပေးမယ်၊ ခေါင်းလည်း ဆိုးပေးမယ်၊ ခြေသည်းနီ လက်သည်းနီတွေလည်း ပေးမယ်၊ ခြေအိတ်နဲ့ ဖိနပ်လည်း ပေးမယ်၊ ဖိနပ်ကတော့ မတော်လောက်ဘူး ထင်သယ်နော်၊ ကျီးမနိုးခြေထောက်က မာမီ့ခြေထောက်လောက် ရှိသယ်"

"အဝတ်အစားတွေက မကောင်းဆို ခြူးခြူးလို သူဌေးသမီးမှ မဟုတ်ဘဲအေ့၊ သည်လောက်ရှိသာတောင် ကြီးလာလို့ရှိသာ၊ ငယ်ငယ်က ရှင်မီးနဲ့ကြီးရသာ"

"ရှင်မီးဆိုသာ ဘာကိုပြောသာလဲ ကျီးမနိုး"

"မိန်းကလေးတွေ ဝတ်တဲ့ ရင်ခံပေါ့။ ကလေးဆိုတော့ ရင်ခံကလေးနဲ့တင်နေလို့ဖြစ်တော့ အမေက ရင်ခံပဲချုပ်ပေးသာ"

"မာမီပေးတဲ့လခတွေ ဘာလုပ်ပစ်တုန်း၊ အင်္ကျီကောင်းကောင်း ဝယ်လေ"

"ခြူးခြူးမာမီက ကားမောင်းတဲ့ ဦးလေးတွေကို လကုန်ရင် စာအိတ်တစ်အိတ်စီနဲ့ ပိုက်ဆံပေးသာ တွေ့ဖူးသယ်မှုတ်လား။ ကျီးမနိုးကို အဲသလို လခပေးသာ တွေ့ဖူးလို့လား"

"အင်း ဟုတ်သယ်နော်၊ မတွေ့ဖူးဘူး၊ ဘာဖြစ်လို့ မပေးသာလဲ"

"ပေးပါသယ်၊ မမလက်နဲ့ မရသာပါ၊ အမေက လခတွေ ကြိုကြိုယူသာကိုး၊ တစ်နှစ်စာ ကြိုယူသာ"

"ကျီးမနိုးအမေ လာယူသာ မတွေ့ပါလား၊ ဘယ်တုန်းက လာယူလို့လဲ"

"လူကြုံနဲ့ ယူသာပါအေ၊ ဦးအောင်မြတ်ဆိုသာလေ"

"အင်း"

အဲသလို မေးတတ်တဲ့ခြူးခြူးကို ကျီးမနိုး နားလည်နိုင်ပါသယ်။ သည်လိုပြောလို့ ကျီးမနိုးကို အထင်သေးတဲ့ မျက်လုံးမျိုး၊ စက်ဆုပ်စရာ မျက်လုံးမျိုးနဲ့ ဘယ်တုန်းကမှ မကြည့်ခဲ့ဖူးဘူး။ ဖြစ်ရလေ ကျီးမနိုးရယ်ဆိုတဲ့ မျက်လုံးမျိုးနဲ့ပဲ ကြည့်တတ်သာ ကျီးမနိုးသိသားပဲ။ ကျီးမနိုးကလည်း မရှက်မိပေါင်။ ကိုယ့်လုပ်စာနဲ့ ရွာက မိသားစုတစ်ပြုံတောင် စားနေရ သယ်ဆိုသာကိုပဲ ဝမ်းသာရသာ မဟုတ်လား။

ခြူးခြူးရဲ့ မွေးနေ့ပွဲမတိုင်ခင်က မေးဖူးသယ်။

"ကျီးမနိုးမွေးနေ့က ဘာနေ့လဲ"

"တနင်္လာ"

"ခုနှစ်ကိုမေးသာ"

"ထောင့်သုံးရာခြောက်ဆယ့်တစ်ခု၊ သီတင်းကျွတ်လပြည့်ကျော် ဆယ်ရက်"

"အဲသလိုပြောသာ ခြူးခြူး မသိဘူး၊ အဲဒါ ကျီးမနိုးမွေးနေ့ပေါ့"

"အင်းပေါ့၊ အမေမွေးလိုက်တဲ့ နေ့ပေါ့၊ ကျီးမနိုးကလည်း သည့်ထက် ပိုမပြောတတ်ပေါင်အေ"

"ကျီးမနိုး မွေးနေ့ပါတီလုပ်ချင်သလား၊ မာမီ့ကို ပြောလိုက်မယ်"

"ကြံကြီးစည်ရာအေ၊ ငါတို့က ပုံမဟုတ် ပတ်မဟုတ်တွေပါ"

"အဲဒါ ဘာပြောသာလဲ"





"မောပါ့အေ"

ခြူးခြူးမွေးနေ့ပွဲက ညနေခင်း နေဝင်ချိန်မှာ လုပ်သာပါ။ စည်ကားလိုက်သာ မပြောပါနဲ့တော့။ ကျီးမနိုးတို့ငယ်ငယ် မျက်လှည့်ပွဲမှာ တီးကြတဲ့ ဘင်ဆိုသာမျိုးလည်း ပါရဲ့။ နာမည်ကြီးတီးဝိုင်းတဲ့။ သီချင်းဆိုကြသူတွေက နာမည်ကြီးတဲ့အဆိုတော်တွေတဲ့။ မြို့မှာအနေကြာလို့ တချို့ နာမည်တွေတော့ ကျီးမနိုးသိပါရဲ့။ တချို့အဆိုတော်မတွေများ ဘောင်းဘီတိုကလေးနဲ့ အင်္ကျီပါးကလေးနဲ့။ မချမ်းဘူးလား မသိဘူး။ ခြံထဲမှာ မီးတွေဆိုသာ မီးကြာခွက်တွေ ချောင်းထဲ မျှောထားသလိုပဲ။ လှလိုက်သာ။ သစ်ပင်တွေအပေါ်မှာလည်း မီးလုံးတွေဆိုသာ မနည်းဘူး။ သစ်ပင်က စုန်းမီးတောက်သာကျလို့။ ခင်းထားတဲ့စားပွဲတွေကလည်း အဖြူရောင်တွေချည်းပဲ။ ကုလားထိုင်တွေကလည်း အဝတ်ဖြူတွေ စွပ်ထားလို့။ ကားတွေနဲ့ချည်းလာသမျှ လူတွေထဲမှာ ကျီးမနိုး မြင်ရသလောက် လူဆင်းရဲတစ်ယောက်မှ မပါဘူး။

ခြူးခြူးကတော့ ကျောက်ပွင့်တွေ ကွပ်ထားတဲ့ ရွှေသရဖူကလေး ဆောင်းထားလိုက်လို့။ ဒေါ်ကြီးလှက တကယ့်ရွှေအစစ်တဲ့။ ဟုတ်မှာပေါ့။ ဖိနပ်မှာတော့ကော။ ကျောက်ပွင့်ကလေးတွေ တဖျပ်ဖျပ်နဲ့။ အင်္ကျီက ဖားလျားကျနေတဲ့ အဖြူရောင်ဆိုတော့ မီးရောင်တွေနားဖြတ်သွားရင် နီလိုက်စိမ်းလိုက်၊ ဝါလိုက်ပြာလိုက်။ ကျီးမနိုးတောင် အဝတ်အစားသစ်နဲ့ဆိုတော့ တောမှာ ညဘက်ထွက်ကြတဲ့ ပိုးစိမ်းဖြူ (ပိုးစုန်းကြူး) လောက်တော့ လင်းတယ်လို့ ကိုယ့်ဟာကိုယ် ထင်မိသေးတော့။ ဒေါ်ကြီးလှကလည်း မျက်နှာမှာ မိုးပွင့်တွေ လိမ်းထားသာပြာလို့။ ဆန်ကောလောက်ရှိတဲ့ မုန့်ပွဲကြီးကို ခြူးခြူးတို့လို ရွယ်တူသူငယ်ချင်းတွေ ဖယောင်းတိုင်ကလေးတွေ ဝိုင်းစိုက်ကြပြီ။ ပန်းရုံတွေကြားက လှမ်းမြင်ရသာပါ။ အနားဘယ်ကပ်လို့ ရပ့ါမလဲ။ ဘယ်သူကမှတော့ မသွားရဘူး ပြောမထားပေသိ ကျီးမနိုးကိုယ်တိုင် လိပ်ပြာငယ်နေလို့လေ။ ဝေးခနဲ ဝါးခနဲ အော်သံတွေ၊ ပြီးတော့ တီးဝိုင်းက အဆိုတော်မတွေ အင်္ဂလိပ်သီချင်းတွေ ဆိုကြသယ်။ ပြီးတော့ ခြူးခြူးရဲ့ အသံကလေး ထွက်လာသာ ကြားရသယ်။

ဒွတ်ဒပ်ရွတ်ရှက်နဲ့ အင်္ဂလိပ်လိုတွေပါ ပါနေလို့ ကျီးမနိုး နားမလည်လှဘူး။ ကျေးဇူးတင်ကြောင်း ပြောသာထင်ပါရဲ့။ စကားတွေပြောပြီးတော့မှ သူ့သူငယ်ချင်းတွေကို စက္ကူမုန့်ပန်းကန်ကလေးတွေပေးရင်း ပျော်နေလိုက်ကြသာ။ သည်မှာတင် ကျီးမနိုး ထင်မထားသာ ဖြစ်ရသယ်။ ခြူးခြူးက သူ့နာမည်ကို ခေါ်လိုက်လို့လေ။

"ကျီးမနိုး . . . မုန့်လာယူလှည့်၊ ကျီးမနိုး"

လူတွေက ဘယ်သူ့ကို ခေါ်နေသာပါလိမ့်ဆိုပြီး ငြိမ်သွားကြသယ်။ မျက်လုံးတွေက စက္ကူမုန့်ဗန်းကလေးကိုင်ထားတဲ့ ခြူးခြူးကို ကြည့်လိုက်၊ မုန့်လာယူမယ့် ကျီးမနိုးဆိုသာကို မျှော်လိုက်။ စက္ကူပန်းရုံနောက်မှာရပ်နေရင်း ကျီးမနိုး ချီတုံချတုံဖြစ်မိသယ်။ သွားယူရမလား၊ မယူရဘူးလား။ ကျီးမနိုးကိုယ်တိုင် မှောင်ရိပ်ထဲမှာ ရင်တွေတုန်နေတုန်းမှာ မာမို့အသံကြီး ကြားလိုက် သယ်။

"ဟဲ့ ကျီးမနိုး ဘယ်မှာလဲ၊ ခြူးခြူးခေါ်နေတယ်လေ လာခဲ့"

ကျီးမနိုးက မီးရောင်ထဲ၊ စားပွဲတွေထဲ၊ လူတွေထဲကပဲ မြက်ခင်းတစ်လျှောက် ခြေမထိသလို ရှပ်တိုက်သွားနေမိသယ်။ လာခဲ့ဆိုသာ မာမို့အမိန့်မဟုတ်လား။ လူတွေက အားပေးကြသာလား၊ လှောင်ကြသာလားတော့ မပြောတတ်ဘူး။ ကျီးမနိုးကို မြင်လိုက်တော့ တဝေါဝေါနဲ့ ဆူညံသွားတော့သယ်။ ကျီးမနိုးကတော့ မီးတွေဖွေးနေအောင်ထိုးထားတဲ့ စင်မြင့်ဆီ ရောက်ခါနီးမှာ ဒူးတွေ တုန်လာလိုက်သာလေ။ ရင်တွေကလည်း တလှပ်လှပ်ခုန်သလို ဖြစ်လာတယ်။ နဖူးမှာ ချွေးတွေစို့လာသယ်။ မျက်လုံးတွေ ပြာလာသယ်။

သည်လိုနဲ့ ခြူးခြူးအနား ရောက်လာသယ်။ ခြူးခြူးက မုန့်ထည့်ထားတဲ့ စက္ကူပန်းကန် ကမ်းပေးသာကို လှမ်းအယူမှာ လက်တွေ တုန်နေလို့ ထင်ပါရဲ့။ လက်ထဲ မရောက်ခင်မှာပဲ ပြုတ်ကျသွားလေရဲ့။ ဝေါခနဲ ရယ်လိုက်တဲ့ ရယ်သံကြီးက မိုးကြိုးတွေ တောင်က မြောက်က တစ်ပြိုင်နက် ပစ်လိုက်သလိုပဲ။ မုန့်မပါတော့တဲ့ စက္ကူပန်းကန်ကလေးကိုကိုင်ရင်း စက္ကူပန်းခြုံ မှောင်ရိပ်ကိုပဲ ပြန်ပြေးလာခဲ့သယ်။ ဖြစ်ရပုံများ။ အဲသည်အခိုက်အတန့်ကလေးမှာ "ငါ့နှယ်နော် . . . ရွာကိုပြန်ပြေးပြီး ရွာနောက်က ချောင်းဘေးမှာ ထိုင်ငိုပစ်လိုက်ချင်တော့သာပဲ" ဆိုတဲ့စိတ်ပဲ ရှိတော့သယ်။


**(ဆက်လက်ဖော်ပြပါမည်)**

**ခင်ခင်ထူး**

ဦးပေါ်ဆန်း ရှာထိပ်ဇရပ်မှာ သောက်ရေအိုးစင် တည်နေသတဲ့။

ဒီသတင်းစကားက ရွှေယင်းမာ ရှာသူရှာသားများအတွက် အထူး အဆန်း သတင်းတစ်ခုမဟုတ်ခဲ့ပါ။ အထူးအဆန်းဘယ်ဖြစ်ပါ့မလဲ။ ဦးပေါ်ဆန်းလုပ်ခဲ့ သမျှသော ပရဟိတလုပ်ငန်းများနှင့်စာလျှင် သောက်ရေအိုးစင်တည်သည့် လုပ်ငန်းလောက်က အပယ်က အသေးအမွှားလေး။ မှန်သည်။ ပရဟိတ လုပ်ငန်းများနှင့် ပတ်သက်လျှင် ဦးပေါ်ဆန်းက တစ်နယ်လုံးတွင် တစ်ယောက်သာ ရှိသည်ဟု ပင် ပြောရလောက်အောင် စွမ်းဆောင်လုပ်ကိုင်နိုင်သူ တစ်ယောက် ဖြစ်လေသည်။ သူသည်ဘဝသက်တမ်းတစ်လျှောက်လုံးကို ပရဟိတ လုပ်ငန်းထဲတွင်သာ မြှုပ်နှံ ကုန်ဆုံးခဲ့သူ။ သူ၏ ဇနီးဖြစ်သူမှာ ကိုယ့်ဝမ်းကိုယ်ကျောင်းပြီး သားသမီးသုံးယောက်တာဝန်ကို တစ်ဦးတည်း ဒိုင်ခံရုန်းကန်ခဲ့ရလေသည်။

ဦးပေါ်ဆန်းတစ်ယောက်



အများအကျိုးဆောင်လုပ်ငန်းများတွင် အဘယ်မျှအထိလုပ်ကိုင်သနည်းဆိုသော် သူ၏ဇနီးဒေါ်တင်နီ သားသမီးသုံးယောက်မွေးဖွားခဲ့ရာတွင် ဘယ်ကလေးကိုမွေးမွေး ဦးပေါ်ဆန်းအိမ်မှာမရှိခဲ့။ ရပ်ရေးရွာရေးကိစ္စများနှင့် တစ်နေရာမဟုတ် တစ်နေရာသို့ ရောက်နေသည်ချည်းပင်။ သို့သော် ဒေါ်တင်နီ၏ သဘောထားကျတော့လည်း ဦးပေါ်ဆန်းလို မိသားစုတာဝန်မကျေသည့်သူမျိုးကို ယူခဲ့မိသည့်အတွက် ဘယ်သောအခါမှ နောင်တမရခဲ့ပါ။ ရပ်ရွာက လေးစားချစ်ခင်၍ သူ၏လင်သားကို မရှိမဖြစ်အားကိုးနေကြသည်ကို အမြဲတစေဂုဏ်ယူနေတတ်သူဖြစ်၏။ ထိုလိုလင်သားမျိုးကို အိမ်ဦးခန်းမှာတင်၍ ရှာဖွေကျွေးမွေးနေရသော ဇနီးသည်ဘဝကို ကျေနပ်အားရနေတတ်သူဖြစ်၏။ ဦးပေါ်ဆန်းကလည်း မှတ်ကျောက်အတင်ခံရလောက်အောင် ပရဟိတလုပ်ငန်းကို ထူးထူးခြားခြားလုပ်ကိုင်ရန် ဝါသနာပါသူတစ်ဦးဖြစ်သည်။ သို့သော် အုံလိုက်သင်းလိုက်စုဖွဲ့ပြီး ဩဇာပေး၊ ခေါင်းဆောင်လုပ်ရမှ လုပ်သူတစ်ဦးမဟုတ်ပါ။ တစ်ယောက်တည်းရှိနေလျှင်လည်း ဘယ်သူ့အကူအညီကိုမှ မျှော်လင့်နေသူမဟုတ်။ အလကားနေရင်းပင် လမ်းပေါ်က ဗွက်များကို မြေဖို့ခြင်း၊ ရွာအဝင် ချောင်းအကူးတံတားကို တူတစ်လက် လွှတစ်ချောင်းနှင့် ပြုပြင်နေတတ်ခြင်း၊ ရွာဦးစေတီကို ထုံးတစ်ပုံးနှင့် တစ်ဦးတည်း သက်နှ်းကပ်နေတတ်ခြင်း စသည်ဖြင့် ရှာဖွေလုပ်ကိုင်နေတတ်သူဖြစ်၏။

ရွှေယင်းမာရွာတည်ရာ နယ်ပယ်တစ်ဝိုက်သည် မြို့ကြီးများနှင့် အလှမ်းကွာလွန်းလှသောကြောင့် ခေါင်သည်ဟုပြော၍ရသော နယ်ဖွန်နယ်ဖျားတစ်ခုဖြစ်၏။ ဒီတော့ တောကြောင်များ၏ အန္တရာယ်များလည်းရှိခဲ့လေသည်။ မည်သူ့ကိုမှ အားကိုးရာမရှိ နီးရာဓားကိုကြောက်ရမည့် ဘဝမှာ ဦးပေါ်ဆန်းက ခေါင်းငုံ့ပြီး ငြိမ်ခံမနေခဲ့ပါ။ လူငယ်များကို စည်းရုံးပြီး ဦးဆောင်ဦးရွက်ပြုသည်။ အမာခံ ပြည်သူ့စစ်အဖွဲ့တည်ထောင်သည်။ တောကြောင်များ၏ အနိုင်ကျင့်မှုကို ရဲရဲဝံ့ဝံ့အာခံတော်လှန်သည်။ ရွှေယင်းမာရွာကို အလွယ်တကူအနိုင်ကျင့်နှိပ်စက်၍ မရတော့သော အညိုရောင်လူသားများက ဦးပေါ်ဆန်းကို သူတို့၏ နံပါတ် ၁ တရားခံအဖြစ် သတ်မှတ်အငြိုးထားကြလေတော့သည်။ ဦးပေါ်ဆန်းက နောက်တွန့်မသွားပါ။ အခန့်မသင့်လျှင် တစ်စစီဖြစ်သွားနိုင်သော အခြေအနေကို သိသော်လည်း တစ်လှမ်းမှ နောက်မဆုတ်ခဲ့။ သည်တော့လည်း ရွှေယင်းမာ တစ်ရွာလုံးက ဦးပေါ်ဆန်း ကို မရှိမဖြစ်ပုဂ္ဂိုလ်တစ်ယောက်ကဲ့သို့ အားကိုးကြသည်မှာ သိပ်တော့ မဆန်းပါ။



သောက်ရေအိုးစင်ကိစ္စကို ပြန်ဆက်ရလျှင် ဦးပေါ်ဆန်းလို လူတစ်ယောက်က ရေချမ်းစင် တည်နေသောကိစ္စလောက်ကတော့ ဘယ်သူကမှ အထူးအဆန်းဖြစ်မနေကြပါ။ ဆန်းသည်ကတော့ တည်ပြီးသောရေချမ်းစင်တွင် ကမ္ဘည်းထိုးသောအခါတွင်မှဖြစ်၏။

(ကွယ်လွန်သူဦးဝဏ္ဏအားရည်စူး၍ ဦးပေါ်ဆန်းနှင့် မိသားစုက လှူဒါန်းပါသည်။)

တစ်ရွာလုံးအုတ်အော်သောင်းတင်း ဖြစ်သွားကြလေ၏။ နာမည်ကမ္ဘည်းကို အပြေးအလွှား လာဖတ်ကြပြီး ငိုသူကငိုသည်။ တောက်ခေါက်သူက ခေါက်၏။လက်သီးဆုပ်ပြီး အံကြိတ်သူကကြိတ်၏။ ထွီခနဲတံတွေးထွေးသူ ထထွေး၏။ သေချာတာကတော့ကမ္ဘည်းပေါ်မှ နာမည်ကို တစ်ဦးတစ်ယောက်ကမှ ကျေနပ်နှစ်မြို့နိုင်ခြင်းမရှိခြင်းပင်တည်း။

ပေါ်ဆန်းရောဝဏ္ဏပါရွှေယင်းမာရွာသား ချက်မြှုပ်စစ်စစ်များ။ ကစားဖော်ကစားဖက်။ အရွယ်ရောက်လာသည်နှင့် အမှုတဖြည်းဖြည်း ကွဲပြားခြားနား သွားသော သူငယ်ချင်းနှစ်ဦး။ သူတို့နှစ်ဦးကို ခွဲခြားပေးလိုက်သည့်အရာကတော့ ပင်ကိုစိတ်ခံ၊ သန္ဓေဗီဇ၊ ဝါသနာတို့ပင်။ ပေါ်ဆန်းနှင့် ဝဏ္ဏတို့ နှစ်ဦးသည် အရာရာမှာ ဆန့်ကျင် ဘက်ဖြစ်၏။ ပေါ်ဆန်းက ကိုယ် ချင်းစာအကြင်နာတရားကြီးမား သည်။ ဝဏ္ဏက တစ်ကိုယ်ကောင်းသမား၊ ပေါ်ဆန်းက ရပ်ကျိုးရွာကျိုး အများနှင့်ဆိုင်သော လုပ်ငန်းများ တွင် အားကျိုးမာန်တက် ဝါသနာ ပါ၏။ ဝဏ္ဏက သူ့မိသားစုချမ်းသာ ရေးကလွဲပြီး ခေါင်းထဲမှာ ဘာမှမရှိ။ ပေါ်ဆန်းက လူတိုင်းကို သွေးသားကဲ့သို့ သဘောထား၏။ ဝဏ္ဏက ကိုယ်ကျိုးအတွက်ဆိုလျှင် တစ်မိဖွား ချင်းကိုပင် မညှာတတ်။ ပေါ်ဆန်းက မိမိ၏ ရပ်သူရွာသားအတွက်ဆိုလျှင် အသက်စွန့်ဖို့ အဆင်သင့်။ ဝဏ္ဏက ကိုယ်ကျိုးအတွက်ဆိုလျှင် ရပ်သူရွာသားများကို ခုတုံးလုပ်၍ နှိပ်စက် သတ်ဖြတ်ဖို့ရန် ဝန်မလေးတတ်။ ဘယ်တော့မှ နောက်မတွန့်။



ပေါ်ဆန်းနှင့်ဝဏ္ဏတို့ မိမိတို့၏ သန္ဓေဗီဇအတိုင်း အစွန်းရောက် ကျင့်ကြံ အားထုတ်ကြသောအခါ ထိပ်တိုက်ဆုံတွေ့စရာ အခြေအနေတွေ မကြုံမဖြစ်ကြုံတွေ့လာခဲ့ရပေတော့သည်။ ပထမအကြီးမားဆုံး ထိပ်တိုက်တွေ့ဆုံမှုက နှလုံးသားရေးရာကိစ္စဖြစ်၏။ ရွှေယင်းမာရွာ၏ ကွမ်းတောင်ကိုင်အလှပဂေးချောမေဆိုသည်မှာ ရပ်သူရွာသားတို့၏ အချစ်တော်ကြီးဖြစ်သော ကာလသားခေါင်းပေါ်ဆန်း၏ ချစ်သူပင်။ ချောမေကို တစ်ဖက်သတ် ဖွဲ့လမ်းနေသူကတော့ ရွာ၏အော့ကြောလန်မေတ္တာစိန် ဝဏ္ဏ။ ချောမေတစ်ယောက် ပေါ်ဆန်းအပေါ်မှာ ဘယ်လောက်ပင် စွဲစွဲလမ်းလမ်းငြိတွယ်နေကြောင်း သိပြီးဖြစ်သော်လည်း သူ၏ကြိုးစားမှုကို ဘယ်တုန်းကမှမလျှော့ခဲ့ပါ။

ပေါ်ဆန်းနှင့် ချောမေတို့ မင်္ဂလာရက်သတ်မှတ်ပြီးကြပြီ။ ဝဏ္ဏတစ်ယောက်မထူးဇာတ်ခင်းတော့သည်။ ချောမေကို အင်အားသုံး၍ ကွမ်းတောင်ကိုင်အညွန့်လေးကို အနိုင်ကျင့် ဆိတ်ဖွဲ့ပစ်လိုက်၏။ သူ့ဘက်ကပင်စ၍ ချောမေကို ချစ်လွန်း၍ မကြံအပ်မစည်ရာကို ကြံလိုက်မိကြောင်း ပေးချင်သည့်အပြစ်ကို ပေးပါ။ ခံယူရန် အသင့်ရှိကြောင်း၊ ချောမေကို တစ်သက်တာအတွက် တာဝန်ယူနိုင်ပါကြောင်း ရပ်ရွာကို ကြေညာပြီး မိဘချင်းထိပ်တိုက်တည်ပေးလိုက်တော့၏။ ချောမေရောပေါ်ဆန်းပါ ဘာမှ မတတ်နိုင်ခဲ့ကြပါ။ လူကြီးမိဘချင်း စပ်ဟပ်ညှိနှိုင်းရာမှ ကွဲပြီးသား အရှက်ပြန်မဆက်နိုင်တော့ ဟူသောအကြောင်းကိုပြ၍ လူကြီးများက ချောမေကို ဝဏ္ဏနှင့်ပင် နေရာချထားပေးလိုက်ရလေတော့သည်။ ဤသည်ကား ပေါ်ဆန်းနှင့် ဝဏ္ဏ တို့၏ ထိပ်တိုက်တွေ့ဆုံမှုတွင် ပေါ်ဆန်းဘက်က ပေးဆပ်ခဲ့ရသော ဘဝနှင့်ချီသည့် အရှုံးကြီး တစ်ခုပင်ဖြစ် ၏။

ပေါ်ဆန်းတစ်ယောက် အသည်းကွဲဝေဒနာကို အလူးလူး အလိမ့်လိမ့်ခံစားပြီး နှစ်အနည်းငယ်ကြာသည်အထိ အသားမကျနိုင်ခဲ့ပါ။ သို့သော်တစ်ပါးသူများကဲ့သို့ စိတ်လေ၊ ဘဝပျက်တော့ မခံခဲ့။ ညစ်နွမ်းနေသော စိတ်မှန်သမျှတို့ကို ရပ်ရေးရွာရေးတွင် အရစ်ကုန်မြှုပ်နှံပြီး နဂိုထက်ပိုလုပ်ပစ်လိုက်သည်။ ပရဟိတလုပ်ငန်းများဖြင့် အသည်းကွဲဝေဒနာကို ကုစား၏။ ထိုကဲ့သို့ ရပ်ရွာကိစ္စနှင့် နယ်တကာလှည့် လုပ်ကိုင်ရင်းကပင် အခြားရွာသူ မတင်နီနှင့် ဖူးစာပါခဲ့လေသည်။

လူ့သဘာဝမို့ အိမ်ထောင်တစ်ခု ဖြစ်တည်ခဲ့သော်လည်း အိမ်ထောင့်တာဝန်များကို စိတ်မဝင်စားခဲ့။ မိမိကိုယ်ကို ရပ်ရွာပိုင်အဖြစ် သဘောထားမြှုပ်နှံပစ်လိုက်ပြီး ကာမပိုင်ဖြစ်သွားသော ချစ်သူချောမေနှင့် သူ့အသည်းကို သွေးစိမ်းရှင်ရှင်ထွက်အောင် အနိုင်ယူသွားခဲ့သော ဝဏ္ဏတို့ကိုလည်း အာရုံထဲမှ ထုတ်ပစ်လိုက်တော့သည်။ သို့သော်. . . . .

ပေါ်ဆန်းကို အာရုံထဲမှ ထုတ်မပစ်နိုင်သူနှစ်ဦးကတော့ ဝဏ္ဏနှင့် ချောမေတို့ ဖြစ်နေခဲ့၏။ ချောမေက ပေါ်ဆန်းကို လွမ်းဆွတ်တသခြင်း ရှိမရှိ ကျိန်းသေမသိရသော်လည်း မတရားသိမ်းပိုက်ထားသော ဝဏ္ဏကတော့ အချိန်ပြည့်ခံစားနေခဲ့ရသည်။ ချောမေခပ်တွေတွေလေးဖြစ်သွားသည်နှင့် ပေါ်ဆန်းအကြောင်းတွေးနေသည်ဟု စွပ်စွဲ၍ ပြဿနာတက်ကြတော့သည်။ ချောမေ၏ ရင်ထဲတွင် ပေါ်ဆန်းက အချိန်ပြည့် လွှမ်းမိုးနေရာယူထားသည်ဆိုသော အသိက ဝဏ္ဏကိုစက္ကန့်မလပ် နှိပ်စက်နေလေတော့၏။

ထိုကဲ့သို့ ခံစားနေရသော သဝန်တိုစိတ်၏ နှိပ်စက်ခြင်းကို ထွက်ပေါက်ရှာသောအားဖြင့် ချောမေကို မတရားစွပ်စွဲရန်လုပ်ခြင်းဖြစ်သည်။ ချောမေက အေးတိအေးစက်ဖြင့် မည်ကဲ့သို့မျှ မတုံ့ပြန်သောအခါ ပို၍ပင် ပေါက်ကွဲရတော့သည်။ ချောမေက မတုန်မလှုပ်နှင့် တုံ့ပြန်သောအခါ ဝဏ္ဏ၏ဒေါသများက ပေါ်ဆန်းဆီသို့ ဦးတည်သွားလေတော့သည်။ အခွင့်အရေးရတိုင်း တိုက်ရိုက်ပုတ်ခတ်ပြဿနာရှာတော့၏။

ထို့ကြောင့် ပေါ်ဆန်းနှင့်ဝဏ္ဏတို့၏ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှု ကထို အကြောင်းတရားပေါ်တွင် အခြေခံ၍ တစ်စထက်တစ်စ ကြီးထွားလာခဲ့ရလေတော့သည်။

ခေတ်ကာလက ဘယ်သူ့ကို အဖေခေါ်ရမှန်းမသိသော အခြေ

အနေ တစ်ကမ္ဘာလုံးကို လောင်မြိုက်သော ဒုတိယကမ္ဘာစစ် မီးက ဝေးလံခေါင်သီလှသော နယ်စွန်နယ်ဖျားမှ ရွှေယင်းမာရွာ ကလေးကို တိုက်ရိုက်မလောင်မြိုက်နိုင်သော်လည်း အပူဟပ်ခြင်းလောက်တော့ ခံစားကြရသည်။ ခေတ်ပျက်ထဲတွင် ဩဇာတိက္ကမ တရှိန်ရှိန်တက်လာ သူကတော့ ဝဏ္ဏတစ်ဖြစ်လဲ ဦးဝဏ္ဏ။ လျှပ်ပြက်လိုက်သလို ဗိုလ်ထဖြစ်သော အဖွဲ့အစည်းများတောကြောင်များ အားလုံးတို့သည် ဦးဝဏ္ဏနှင့်တစ်သားတည်း ဖြစ်သွားကြ၏။

ဦးဝဏ္ဏခံယူချက်ကတော့ရှင်းပါသည်။ လူ့ဘဝ၏တန်ဖိုးဟူသည် ရှင်သန်နေရသောအချိန်မှာရှိသည့် အဆင့်နှင့် အနေအထားဖြစ်သည်ဟူ၏။ သူနှင့်သူ့မိသားစု အဆင်ပြေရေးအတွက် မည်သူ့ကိုမဆို ချနင်းရမည်ဟူသော သန္နိဋ္ဌာန်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားခဲ့သည်။ ရွာသူရွာသားများ၏ ချွေးကို ညှစ်ထုတ်ပြီး ခါတော်မီ ဗိုလ်များနှင့် မျှဝေစားသုံး၏။ လတ်တလောပိုင်ဆိုင်ထားသော အာဏာဩဇာနှင့် မျက်နှာကြီးငယ်မရွေး နိုင်ထက်ကလူပြု၏။ ရွာသူအပျိုစင် တစ်ဝက်ကျော်ကျော်တို့မှာ ဦးဝဏ္ဏ၏ ဖိနပ်အောက်တွင် မွမွကြေခဲ့ရလေသည်။ မည်သူ့ကိုမှ ခွန်းတုံ့ပြန်ခွင့်မပေး ခေါင်းမော့လာသူတိုင်းကို ဇက်ကျိုးသွားအောင် ဖိနှိပ်နိုင်ဖို့အတွက် ဦးဝဏ္ဏမှာ အဓမ္မအာဏာ အပြည့်အဝရှိလေသည်။ ဦးဝဏ္ဏ၏နောက်မှာ ခေတ်ပျက်ဗိုလ်များက ဝန်းရံထားသည်ကိုး။

ထိုအဖွဲ့အစည်းများ အကျိုးကို ဦးဝဏ္ဏက သူတတ်နိုင်သည့် ဘက်မှ ပံ့ပိုးပေးသည်။ အဖွဲ့အစည်းများက ဦးဝဏ္ဏ၏ လူမဆန်မှုများကို တစ်ရစ်ပြီးတစ်ရစ်တိုးမြှင့်နိုင်ရန် ထောက်ပံ့ပေး၏။ သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်မိကြသည်မှာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီပင်။ ဦးဝဏ္ဏ၏ မျက်စိစပါးမွေး အစူးခံရသူများက တောတွင်းစခန်းများတွင် ကူလီဖြစ်သွား၏။ တောတွင်းသခင်များ၏ ဖျော်ဖြေခံသုံးတောင်ဝတ်များလိုလျှင် ဦးဝဏ္ဏဆီမှာ အပူကပ်သည်။ မခက်ခဲပါ။ ရွာသူတော်တော်များများ ဦးဝဏ္ဏ၏ အခမဲ့ပို့ဆောင်မှုကြောင့် တောတွင်းစခန်းများသို့ ရောက်သွားရလေသည်။ အရက်နှင့်အသက်လဲသွားကြသူ မိန်းကလေးများ၊ ပင်ပန်းဆင်းရဲမှုအောက်မှာ ဒဏ်ပိ၍ ဝဋ်ကျွတ်သွားသော အမျိုးသားများ အပုံလိုက်အထပ်လိုက်။ ဦးဝဏ္ဏ၏ ရန်ကိုကြောက်၍ ရှောင်ပြေးကြသည့် မိသားစုတွေများလာ လိုက်သည်မှာ ရွာပျက်လုမခန်းပင် ဖြစ်ရသည်။

ဒီလိုအခြေအနေမျိုးမှာ ပေါ်ဆန်းတစ်ဖြစ်လဲ ဦးပေါ်ဆန်း၏ ကံကြမ္မာက ဇာတ်မေးရန်မလိုပါ။ တောတွင်းစခန်းသို့ ပေါ်တာအဖြစ်နှင့်စရောက်သောသူမှာ ဦးပေါ်ဆန်းဖြစ်၏။ ဦးဝဏ္ဏ၏ အထူးတောင်းဆိုမှုကြောင့် ပိုပိုသာသာလေး စေခိုင်းကြသလို အပျင်းပြေနှိပ်စက်သော ကဏ္ဍတွေပင်ပါလိုက်သေးသည်။ မကြာမီပင် ဦးပေါ်ဆန်းရွာသို့ ပြန်ရောက်လာတော့သည်။ တောတွင်းသခင်များက စာနာမှုထား၍ ပြန်ပို့လိုက်ခြင်းတော့ မဟုတ်။ အနှိပ်စက်လွန်၍ ခြေတစ်ဖက်သေသွားသောကြောင့် ခိုင်းမရတော့၍ ပြန်ပို့လိုက်ခြင်းသာဖြစ်သည်။

ရွာသို့ပြန်ရောက်လာသော ဦးပေါ်ဆန်းမှာ ချိုင်းထောက်နှင့် သွားလာနေရသောဘဝသို့ ရောက်သွားသော်လည်း အငြိမ်မနေ။ ရပ်ရွာအရေးကိစ္စများကို ယခင်ကထက်ပင် ပိုလုပ်လာခဲ့သည်။ မျက်စိသူငယ်နားသူငယ်ဖြင့် သွေးပျက်နေသောရွာသူရွာသားတို့ကို နဂိုအတိုင်းဦးဆောင်ပြန်၏။ သူတစ်လူငါတစ်မင်းကြီးစိုးနေသော အဖွဲ့အစည်းများ၏ အနိုင်ကျင့်မှုကို တွန်းလှန်ရင်း တိတ်တဆိတ်နည်းလမ်းရှာ ကြိုးပမ်းလေ၏။ အလင်းရောင်ထဲမှ အကူအညီပေးနိုင်မည် ထင်ရသော အဖွဲ့အစည်းများထံသို့ ဆက်သွယ်သည်။

ဦးဝဏ္ဏကလည်း ဦးပေါ်ဆန်းကို မျက်လုံးဒေါက်ထောက် ကြည့်ပြီး သူ၏တောကြောင်သခင်များထံသို့ သတင်းပို့သည်။ တောကြောင်သခင်များ ဒေါသတကြီးရောက်လာသောအချိန်မှာ ဦးပေါ်ဆန်းကို မတွေ့ရတော့။ ကြိုတင်သတင်းရရှိပြီး အချိန်မီ ရှောင်ရှားနိုင်လိုက်လေ၏။ ဦးပေါ်ဆန်းကို မမိသော်လည်း တောကြောင်သခင်များက အလွယ်တကူ လက်လျှော့ပြန်သွားသည် မဟုတ်ပါ။ နင်မလုပ်ရင် နင့်ဘကြီးဟူသော မတရားပုဒ်မဖြင့် ဦးပေါ်ဆန်း၏ ဆွေမျိုးသားရင်းများကို မည်းမည်းမြင်ရာ ဆွဲကိုက်လေတော့သည်။ ဦးပေါ်ဆန်း၏မိဘနှစ်ပါးနှင့် ဦးလေး၊ ညီအစ်ကိုဝမ်းကွဲတစ်ကျိတ်နီးပါး အသက်ဆုံးရှုံးခဲ့ရလေ၏။ ဒေါ်တင်နီနှင့် သမီးသုံးယောက်သည်ပင်လျှင် ရပ်ရွာက ကောင်းမှုကြောင့် အချိန်မီပုန်းအောင်နိုင်လိုက်သောကြောင့် သက်သာခဲ့ရလေသည်။ ဆွေမျိုးသားရင်းတင်ခံရတာလားဆိုတော့ ဦးပေါ်ဆန်းကို ထောက်ခံအားပေးခဲ့ကြသော ရွာသူရွာသားများလည်း မချောင်ပါ။

ရွာသူရွာသားအပေါင်း၏ အမုန်းထုထည်ပမာဏက တညီတညာတည်း ဒီဂရီတက်ခဲ့ကြ၏။ သို့သော် အခြေအနေနှင့် အချိန်အခါကြောင့် မျက်မွေးထော် မော်လို့ပင် မကြည့်ရဲခဲ့ကြပါ။ ဦးဝဏ္ဏ၏ကျေနပ်အားရစွာ တဟားဟားအော်ရယ်သံကြီးကို မနိုင်ရင်ကာ မျိုသိပ်ကြိတ်မှိတ်ခံနေခဲ့ကြရလေတော့၏။

ရပ်ရွာပေါ်တွင် ဦးဝဏ္ဏ၏ ရက်စက်ယုတ်မာမှုက ဤမျှလောက်နှင့် ရပ်မသွားပါ။ မိမိတစ်ဦးတည်း အဆင်ပြေစွာ ရပ်တည်နိုင်ရေးအတွက် ပစ္စုပ္ပန်ဘဝအတွက်ရော၊ သံသရာအတွက်ပါ တုန်လှုပ်ဖွယ်ရာ ကောင်းလှသည့် အမှုကိစ္စကြီးကို ရဲရဲဝံ့ဝံ့ကျူးလွန်ခြင်းဖြင့် အဆိုးကမ်းကုန်သွားရလေတော့သည်။ ထိုအကြောင်းရင်းကတော့ . . . .

ဦးဝဏ္ဏက သခင်တင်ထားသော လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုသည် ရန်ပုံငွေလိုသည် ဟူသော ခေါင်းစဉ်ဖြင့် ဦးဝဏ္ဏကို တာဝန်ကြီးတစ်ခုပေးလေသည်။ တရားတာတွေ မတရားတာတွေမသိ။ သူတို့အဖွဲ့တွေ ဆက်လက်ရပ်တည်ရေးအတွက် ကမ္ဘာစစ်မီးအပူဟပ်နေသော ရွာသူရွာသားများကို အရေခွံခွာခြင်းပင်။ စားအိုးစားခွက်ကအစ လိုအပ်သမျှကို

**ဦးဝဏ္ဏခံယူချက်ကတော့ရှင်းပါသည်။ လူ့ဘဝ၏တန်ဖိုးဟူသည် ရှင်သန် နေရသောအချိန်မှာရှိသည့် အဆင့်နှင့် အနေအထားဖြစ်သည်ဟူ၏။ သူနှင့်သူ့မိသားစုအဆင်ပြေရေး အတွက် မည်သူ့ကိုမဆို ချနင်း ရမည်ဟူသောသန္နိဋ္ဌာန်ကိုစွဲစွဲ မြဲမြဲဆုပ်ကိုင်ထားခဲ့သည်။**

သိမ်းယူခဲ့လေ၏။ မွေးမြူထားသော တိရစ္ဆာန်များတစ်ကောင်ပြီးတစ်ကောင် ဝင်ရောက်သွားခဲ့ရ၏။ ဆောင်ရွက်ပေးသူက ဦးဝဏ္ဏ။

တစ္ဆေကြီးမွေးထားသကဲ့သို့ အာသာမပြေနိုင်သော အဖွဲ့အစည်းက ယုတ်မာပက်စက်မှုကမ်းကုန်သော တာဝန်တစ်ခုကို ဦးဝဏ္ဏအား ပေးလေသည်။ တာဝန်ကိုကြားကြားချင်းဦးဝဏ္ဏတစ်ယောက်တွန့်ခနဲပင် ဖြစ်သွားလေ၏။ ချက်ချင်းပင် လုပ်ပေးပါမည်ဟု ကတိပေးလိုက်လေသည်။ ထိုတာဝန်ကား ရွာထိပ်ရှိ အထင်ကရ သမိုင်းဝင် စေတီတော်ကြီးကို ဌာပနာတိုက် ဖောက်ခိုင်းခြင်းပင်တည်း။

ဘာသာတရားမရှိသော လက်နက်ကိုင်ဒိဋ္ဌိများက စေခိုင်းသည်ကို မိရိုးဖလာဗုဒ္ဓဘာသာဝင်စစ်စစ် ဦးဝဏ္ဏကမိမိ၏ရပ်တည်မှု ချောင်လည်ရေးအတွက် လုပ်သည်တဲ့။ သူတို့၏ အကြောင်းပြချက်ကတော့ တိုင်းပြည်ကြီးကို ကာကွယ်ရန် ဟူသတည်း။

ရွာသူရွာသားတို့၏ အသည်းနှလုံးတို့ သွေးစိမ်းရှင်ရှင် ထွက်သလို နာကျင်ခံစားကြရသည်။ သို့သော် ဘာတတ်နိုင်ကြပါမည်နည်း။

သမိုင်းဝင်စေတီတော်ကြီးကို ထိပြီဆိုတော့ ပုန်းရှောင်နေသော ဦးပေါ်ဆန်း မနေသာတော့။ အသက်ကို မနှမြောဘဲ ရသလောက် တားဆီးရန် ထွက်လာခဲ့ရတော့သည်။

"သေမယ်မှန်းသိလျက်နဲ့ ငါ့ဆီကို ရောက်အောင်လာတာ တော်တော်သတ္တိကောင်းပါလား ပေါ်ဆန်း"

''သေလည်းသေပေါ့ကွာ။ သားစဉ်မြေးဆက်လူကြားလို့မှ မကောင်းတဲ့ အမှုကြီးကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တားမြစ်ရမှာ ငါ့တာဝန်ပဲကွ။ မင်းဟာ ဗုဒ္ဓဘာသာစစ်စစ်တစ်ဦးဖြစ်တဲ့အတွက် သံသရာတွေ၊ ငရဲတွေ အကြောင်း ဟောပြောပြနေရမယ့်သူ မဟုတ်ပါဘူး။ မင်းလုပ်နေတဲ့ လုပ်ရပ်က ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ မင်းသိပါတယ် ဝဏ္ဏ။ အဲဒါကြောင့် ရပ်တန်းက ရပ်ဖို့ သတိပေးချင်လို့ ငါ အသက်ကိုတောင် မနှမြောဘဲ ထွက်လာခဲ့ရတာပါ။

"တော်စမ်းပါပေါ်ဆန်းရာ။ ဘုန်းကြီးလိုလို၊ သူရဲကောင်းလိုလို လာလုပ်မနေစမ်းပါနဲ့။ ငါလည်း အကြောင်းမဲ့လုပ်တာမဟုတ်ပါဘူး။ ငါနဲ့ငါ့မိသားစုရပ်တည်ရေးအတွက် သူတို့ခိုင်းတာကို လုပ်ပေးနေရတာ။ မလုပ်ရင် ငါတို့ဘဝပျက်သွားမှာပေါ့ကွ။

"မင်းဟာ ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ယောက်ဖြစ်တယ်ဆိုရင် သမိုင်းဝင်ဘုရားကြီးကို ထိရမယ့်အရေးထက် အသက်အသေခံရမယ့် လမ်းကို ရွေးမိမှာပါ"

''သံသရာကနောက်မှကွ။ လောလောဆယ် ကျိန်းသေဒုက္ခရောက်ကတော့ မခံနိုင်ဘူးပေါ်ဆန်း။ စေတီတော်မကလို့ ဆင်းတုတော်ကို ခေါင်းဖြတ်ခိုင်းရင်လည်း လုပ်ရမှာပဲ။ အဲဒီလိုအခြေအနေကို ကြည့်နေခဲ့လို့ ဝဏ္ဏဒီဘဝနဲ့ ဇိမ်ကျကျ နေနိုင်တာပေါ့ကွ။ သံသရာကို ကြောက်နေရင် မင်းလို ချိုင်းထောက်တစ်ဖက်နဲ့ ခွေးပြေး ဝက်ပြေးပြေးနေရမှာပေါ့။ ဟင်း. . ဟင်း . . . ဟင်း. . . "

ဦးဝဏ္ဏနှင့် ဦးပေါ်ဆန်းတို့၏ ညှိနှိုင်းဆွေးနွေးမှု မအောင်မြင်ပါ။ တရားလာချသော ဦးပေါ်ဆန်းကို ဝဏ္ဏရားနှောင့်ယှက်မှုဖြင့် ဖမ်းဆီးထားလိုက်၏။ စေတီတော်ကြီးကို ပေါ်ပေါ်ထင်ထင်ပင် နေ့ခင်းကြောင်တောင် ဝင်ခတ်၍ တူးဖော်ဖြိုဖျက်လေတော့၏။ ရွာ၏ အားကိုးအားထားပြုရာ ဦးပေါ်ဆန်းကိုရော၊ အထွဋ်အမြတ်ထားရာ စေတီတော်ကြီးပါ ထိပြီဆိုတော့ ရွာသူရွာသားတို့ မခံစားနိုင်ကြတော့။ အသက်သေကြမည့် အရေးကိုပင် မမှုတော့ဘဲ မိမိတို့တတ်နိုင်သမျှ အားအင်လေးတွေနှင့် တုံ့ပြန်ဆန့်ကျင်ကြလေတော့သည်။ ဦးဝဏ္ဏကလည်း မည်သူ့ကိုမျှ မညှာပါ။ ဆန့်ကျင်လာသူ မှန်သမျှကို ရက်ရက်စက်စက် နှိပ်ကွပ်လေသည်။ တစ်ရွာလုံးခံလိုက်ကြရသည်မှာ သွေးချောင်းစီးမတတ်ပင်။

ဦးဝဏ္ဏတို့အဖွဲ့ စေတီကြီးကို တူးဆွဖောက်ထွင်းသောလုပ်ငန်း ဌာပနာတိုက်ကို မရောက်မီမှာပင် ဘုရား၏ တန်ခိုးတော်ဟု ပြောရမည်လားမသိ။ အချိန်ကာလ အလိုက်ပြောင်းလဲလာသော တိုင်းပြည်၏ အခြေအနေကြောင့် တောကြောင်သခင်တို့ ခွေးပြေးပြေးရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့လေတော့သည်။ အခြေအနေဆိုးများကို ပြုပြင်ထိန်းသိမ်းမည့် အလင်းရောင်အုပ်စုများ ရေကာတာကျိုးသကဲ့သို့ ဖြန့်ကျက်ရောက်ရှိလာသောကြောင့် ဖြစ်လေတော့သည်။ ဦးဝဏ္ဏ ကိုးကွယ်ထားသော သခင်မှန်သမျှ တို့ ညက်ညက်ကြေပြီး နေလာနှင်းပျောက်သကဲ့သို့ ပျောက်ကွယ်ကုန်ကြ၏။ ဦးဝဏ္ဏ လက်ထဲမှ မျှော့မျှော့ သာကျန်တော့သော ဦးပေါ်ဆန်းနှင့် ပေါက်ပြဲပျက်စီးနေသော သမိုင်းဝင်စေတီတော်ကြီးကို ရွာသူရွာသားတို့ ပြန်လည်ရရှိလိုက်သည်။


သမီး သုံးယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးနှုတ်ဆွံ့သွားကြရလေသည်။ ကွယ်ရာမှာ သူတို့ပြောခဲ့ကြသောစကားလုံးများနှင့် ဦးပေါ်ဆန်းပြောပြသော စကားလုံးများက တစ်ထပ်တည်းဖြစ်နေသည် မဟုတ်လား။

အားကိုးရာမဲ့သွားသော ဦးဝဏ္ဏကို အသည်းကြားမှ တူးတူးခါးခါးမုန်းနေသော ရွာသူရွာသားများလက်ထဲသို့ ထည့်လိုက်ပါက တစ်ယောက်တစ်ချက် လက်ညှိုးနှင့်ပိုင်းတောက်ရုံနှင့်ပင် ကာလနာတိုက်သွားနိုင်သည်။ သူတို့၏ မှတ်သားဉာဏ်ထဲမှာ နာလန်မထူအောင်နှိပ်စက်ခဲ့သော ဆွေမျိုးသားရင်းများ ဆုံးရှုံးခဲ့ရသော သာသနာကို မကြောက်မရွံ့ စော်ကားခဲ့သော ယုတ်မာပက်စက်မှုတွေက များလွန်းလှသဖြင့် ခွင့်လွှတ်စရာအကြောင်းတရား ဘယ်နေရာကမှ ရှာမရနိုင်ခဲ့ကြပေ။ ဦးပေါ်ဆန်းက ရွာသူရွာသားများကို တရားဟောသည်။

''ကျုပ်တော့်ကို ချစ်ပြီး ကျုပ်တော့်စကားနားထောင်ကြလိမ့်မယ်ထင်လို့ ပြောချင်ပါတယ်။ လူတစ်ယောက်ဟာ သေရဲဖို့ထက် နေရဲဖို့ပိုခက်ပါတယ်။ ဝဏ္ဏကို ခင်ဗျားတို့ သတ်လိုက်ကြမယ်ဆိုရင် သူ့ကို သက်သာအောင်လုပ်ပေးတဲ့ သူ့ဘက်သားဖြစ်သွားပါလိမ့်မယ်။ ခင်ဗျားတို့ပဲ သူ့နေရာကနေ နေကြည့်ကြပါ။ သူရက်စက်ယုတ်မာနေခဲ့သမျှတွေဟာ ခုနစ်ရက်သားသမီး ဘယ်သူကမှ ခွင့်လွှတ်နိုင်စရာမရှိတဲ့ လုပ်ရပ်မျိုးတွေပါ။ အဲဒီဖြစ်မှုတွေအတွက် သူ့ကို သတ်



လိုက်မယ်ဆိုရင် သေခြင်းတရားဆိုတဲ့ ပြစ်ဒဏ်တစ်ခုတည်းနဲ့ ပြီးသွားပါပြီ။ သူ့ဘာမှသိမှာ မဟုတ်တော့ပါဘူး။ လူ့လောကကြီးထဲမှာ ဆက်နေခွင့်ပေးလိုက်ရင်တော့ သူလုပ်ခဲ့သမျှယုတ်မာမှုတွေကြောင့် လူမှုပတ်ဝန်းကျင်မှာ လူဖြစ်ပြီး လူတောမတိုးတဲ့ ပြစ်ဒဏ်ကိုတစိမ့်စိမ့် ခံစားနေရတော့မယ်။ အသက်ရှိနေသ၍ လိပ်ပြာမလုံခြင်း၊ ရှက်ရွံ့ခြင်း လူမှုပတ်ဝန်းကျင်ရဲ့ မတူမတန်ဖယ်ကျဉ်ခြင်းတွေကို နေ့ရှိသမျှ ခံစားနေရပါလိမ့်မယ်။ သည်တော့ ဝဏ္ဏလိုကောင်မျိုးကို သေပြီး ဘာမှမသိတော့တဲ့ အပြစ်ဟာ သူလုပ်ခဲ့တာတွေနဲ့စာရင် ပေါ့ပါးသလိုဖြစ်နေပါတယ်။ အဲဒီလောက်လေးနဲ့ ကျေနပ်မနေကြပါနဲ့။ အသက်မသေဘဲ တစိမ့်စိမ့် ရှက်ရွံ့နောင်တတွေနဲ့ နပမ်းလုံးရင်း လူဖြစ်ပြီး လူတောမတိုးတဲ့ အပြစ်ဒဏ်ကို



သူ့အသက်ရှည်သလောက် ခံစားပါစေ။ သူ့ကို ဒီအတိုင်း လွှတ်ပေးထားလိုက်ပါလို့ အားလုံးကိုမေတ္တာရပ်ခံချင်ပါတယ်"

ဦးပေါ်ဆန်းပြောသော အဓိပ္ပာယ်ကို လုံးစေ့ပတ်စေ့ နားလည်ကြသည်မဟုတ်သော်လည်း နားထောင်ကြပါသည်။

"ကျွန်တော်တို့မှာ ပေါ်ဆန်းကို အာရုံထဲကထုတ်ပြီး လုပ်စရာတွေ တစ်ပုံကြီးရှိနေပါတယ်။ ကျွန်တော့်တို့ ဘဝလေးတွေပြောင်ရောင်လာအောင် ပြာပုံထဲက ရုန်းထကြဖို့ ကျွန်တော်နဲ့အတူ ခါးတောင်းကျိုက်ထားကြပါလို့ ပြောချင်ပါတယ်။

ဦးပေါ်ဆန်းနှင့် ရွာသူရွာသားတို့ နေ့မအားညမအားပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နပမ်းလုံးကြရတော့သည်။

ဦးဝဏ္ဏကွယ်လွန်သွားခဲ့လေပြီ။ ဦးပေါ်ဆန်းပြောသလိုပင် နေရဲဖို့ သတ္တိမရှိရှာတော့သောကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခြင်းဖြစ်၏။ တစ်ရွာလုံးဝတ်ကောင်းစားလှများဝတ်၍ သမိုင်းဝင်မြတ်စွာဘုရားပွဲကြီးကို ဆင်နွှဲနေချိန်တွင် အိမ်ထဲမှာ အထီးကျန်ခိုအောင်းနေခဲ့ရ၏။ ငွေကြေး အကုန်အကျခံ၍ အလှူအတန်း လုပ်လျှင်ပင် လာစားမည့်သူမရှိ။ ပွဲလမ်းသဘင်မှ ဆိုင်းသံဗုံသံများကြားတိုင်း ရွာသူ ရွာသားတို့ဝက်ဝက်ကွဲပျော်ရွှင်နေကြသည်ကို မြင်တိုင်းမခံမရပ်နိုင်စွာ တစ်ဦးတည်းကြိတ်၍ ချုံးပွဲချငိုရသည်အထိ နောင်တတရားတို့ကြိတ်ချေခြင်းကို နေ့ရှိသ၍ ခံစားရလေသည်။

ကြာလာတော့ လူဖြစ်ပြီး လူမှုပတ်ဝန်းကျင်မှ ဖယ်ကျဉ်ထားသောအပြစ်ဒဏ်ကို မခံစားနိုင်တော့ပါ သက်တမ်းမစေ့မီမှာပင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်၍ လူ့ဘဝကြီးကို အရှုံးပေးထွက်ခွာသွားလေတော့သည်။ လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ပက်ပက်စက်စက် ရုပ်ဆိုးအကျည်းတန်စေခဲ့သော ပခုံးနှစ်ဖက်ကြားမှ ခေါင်းပေါက်သောကြောင့်သာ လူဟုခေါ်ရသော မကောင်းဆိုးဝါးတစ်ဦး မြေကြီးဖြစ်သွားခဲ့ရပါလေပြီ။

ရွာဦးကျောင်းဆရာတော်ကပင် လေးလေးစားစား ဆက်ဆံရသော ဘပေါ်ဆန်းကို သောက်ရေအိုးစင်မှာ ဦးဝဏ္ဏ၏အမည်ကို ကမ္ပည်းထိုးသောကိစ္စနှင့်ပတ်သက်၍ မည်သူကမှ မမေးမြန်းရဲကြပါ။ ရွာထဲမှာ နေရာတိုင်း ပွက်ပွက်လှုပ်နေသည်ကို ဘပေါ်ဆန်းသိသော်လည်း မဖြေရှင်း။ အပြောအဆို ခံရသူများကတော့ ဘပေါ်ဆန်း၏ သမီးများပင်။ ကြာတော့ မခံနိုင်တော့။ သမီးအကြီးဆုံးက ဘပေါ်ဆန်းကို တိုက်ရိုက်မေးမြန်းလေတော့သည်။

"ရွာထဲမှာတော့ အုတ်အော်သောင်းတင်းဖြစ်နေပြီ အဖေ။ အဖေကတော့ ဘာရည်ရွယ်ချက်နဲ့ အဲ့ဒီလူကြီးနာမည်ကို ကမ္ပည်းထိုးတယ်မသိဘူး။ အဖေ့ကို မပြောရဲတိုင်း သမီးတို့ ညီအစ်မတွေကို ဝိုင်းပြောခံနေရတယ်။ ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ အဖေ"

**ရွာထဲမှာတော့ အုတ်အော်သောင်းတင်းဖြစ်နေပြီ အဖေ။ အဖေကတော့ ဘာရည်ရွယ်ချက်နဲ့ အဲ့ဒီလူကြီးနာမည်ကို ကမ္ပည်းထိုးတယ်မသိဘူး။ အဖေ့ကိုမပြောရဲတိုင်း သမီးတို့ညီအစ်မတွေကို ဝိုင်းပြောခံနေရတယ်။ ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲအဖေ**

"သမီးကရော အဖေ ဘာကြောင့် အဲဒီလိုလုပ်တယ်လို့ မြင်လဲ။ သမီး သဘောထားလေး ပြောကြည့်ပါဦး"

"သမီးထင်တာကတော့ အဖေ့ကို လူတွေက သဘောထား ပြည့်ဝသူကြီးဆိုပြီး အထင်ကြီးလာ အောင် လုပ်ပြတယ်လို့ ထင်တာပဲ"

သမီးကြီး၏ မကျေမနပ်လေသံနှင့်မျက်နှာကို သဘောကျဟန်ဖြင့် ပြုံး၍ပြန်ကြည့်ရင်း ပြောလိုက်သည်။

"သမီးက အဖေ့ကို တော်တော်အထင်ကြီးတာပဲ"

ဘပေါ်ဆန်းထံမှ မထင်မှတ်သော စကားကိုကြားလိုက်ရသောကြောင့် သမီးသုံးယောက်စလုံး အာမေဋိတ်သံတွေသံပြိုင်ထွက်သွားကြသည်။

"သမီးတို့ရော၊ တစ်ရွာလုံးကရော အဖေ့ကို ဒေါသဖြစ်နေကြတာ။ အဖေ့ဘက်က နာလို့မဟုတ်လား။ ဒီလို လူယုတ်မာမျိုးကို ဒီလောက်အထိခွင့်လွှတ်သဘောထားကြီးပေးစရာမလိုဘူး။ စိတ်ရင်းဘယ်လောက်ကောင်းကောင်း ဒီလောက်အထိတော့ သဘောထားမပြည့်ဝသင့်ဘူးဆိုပြီး မခံမရပ်နိုင်တွေ ဖြစ်နေကြတာမဟုတ်လား"

သမီးသုံးယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး နှုတ်ဆွံ့သွားကြရလေသည်။ ကွယ်ရာမှာ သူတို့ပြောခဲ့ကြသောစကားလုံးများနှင့် ဦးပေါ်ဆန်းပြောပြသော စကားလုံးများက တစ်ထပ်တည်းဖြစ်နေသည်မဟုတ်လား။

"အဲဒါ သမီးတို့က အဖေ့ကို အထင်ကြီးလို့ အဲဒီလိုမြင်တာ။ တို့အဖေဟာ အင်မတန်စိတ်ထားမြင့်မြတ်တယ်။ ဘဝတစ်ခုလုံး စိစိညက်ညက်ချေပစ်ခဲ့ရုံမက ဆွေမျိုးသားရင်းတွေရဲ့ အသက်ပေါင်းများစွာကို ဖျက်ဆီးသွားခဲ့တဲ့သူ၊ ဒုက္ခိတဖြစ်အောင် လုပ်သွားတဲ့သူ၊ တစ်ရွာလုံးကို အမှုန့်ဖြစ်အောင် ချနင်းသွား

တဲ့သူကို ခွင့်လွှတ်ပေးနိုင်လောက်အောင် စိတ်ထားမြင့်မြတ်ပြီး သဘောထားပြည့်ဝလွန်းရမလားလို့ ကရုဏာဒေါသောတွေ ဖြစ်နေကြတာ အဖေ့အမွှတ္တကို ဖြူစင်လွန်းတယ်ဆိုပြီး အထင်ကြီးကြလို့ပေါ့။ အဖေ့ရင်ထဲက ရည်ရွယ်ချက် အမှန်ကိုမှ သမီးတို့ရော၊ တစ်ရွာ လုံးရော မသိကြဘဲနဲ့။ အဲဒီ လူယုတ်မာ တိရစ္ဆာန် နာမည်ကို အဖေလှူတဲ့ သောက်ရေအိုးစင်မှာ ကမ္ပည်းထိုးလိုက်တာဟာ စိတ်ရင်း မကောင်းလို့ ပညာရှိယုတ်မာနည်းနဲ့ ယုတ်မာပစ်လိုက်တာပဲ သမီးတို့"

"ရှင်"

ဒုတိယအာမေဍိတ်သံပြိုင် တစ်ခုထပ်ပေါ်လာရပြန်သည်။ ရှင်းပြမှပင် ပိုနားမလည်ဖြစ်ရသည် မဟုတ်လား။

"ဟုတ်တယ်သမီးတို့၊ အဖေ့ မိသားစုနဲ့တကွ အဖေချစ်တဲ့တစ်ရွာလုံးရော၊ ဘာသာသာသနာကိုပါ နိုင်ထက်စီးနင်း နှိပ်စက်ကလူဂိတ်ကုန်အောင် ယုတ်မာခဲ့တဲ့ ဒီကောင့်ကို အဖေ့ရင်ထဲမှာ ဘယ်လိုမှမကျေနပ်နိုင်ဘူးသမီး၊ ဘယ်လိုအပြစ်ဒဏ်မျိုးပေးလို့မှလည်း မကျေနပ်နိုင်ဘူး။ ခုလည်းအဖေက တစ်သက်လုံး တစ်မှိန့်မှိန့်ခံစားနေရအောင် ယုတ်မာတဲ့စိတ်နဲ့ စီစဉ်ထားတယ်။ ဒီကောင်က မခံဘူး။ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပြီး ထွက်ပေါက်ရှာသွားတယ်။ ဒါလည်းအဖေက မကျေနပ်နိုင်သေးဘူး။

ဒါကြောင့် သေပြီးသားသူ့ကို ဘယ်လိုအပြစ်ဒဏ်မျိုးထပ်ပေးရပါ့မလဲလို့ နေ့ရှိသရွေ့ စဉ်းစားအကြံထုတ်နေခဲ့တာ။ လူမဆန်အောင် ယုတ်မာပက်စက်မှုမှန်သမျှကို တစ်ဦးတည်းကန်ထရိုက်ဆွဲသလိုဆွဲပြီး ပက်စက်ခဲ့တဲ့ ဒီကောင်တင်မက ဒီကောင့်ရဲ့ သားစဉ်မြေးဆက် အထိ လူမှုပတ်ဝန်းကျင်က ခွင့်မလွှတ်နိုင်အောင် ဖြစ်စေချင်တယ်။ အဖေ့နာမည်ကို ကမ္ပည်းမထိုးလည်း အဖေ့ကို ချစ်တဲ့ရွာသူရွာသားတွေက သူတို့ရဲ့ သားစဉ်မြေးဆက်အထိ မြိန်ရေယှက်ရေ လက်ဆင့်ကမ်းပြောပြနေကြမှာပါ။ အဖေ့နာမည်ကို အချိန်ကာလတိုက်စားပြီး မှေးမှိန်သွားမှာ မစိုးရိမ်ရပါဘူး။ ဘယ်လိုလူမျိုးက မစ္ဆရိယစိတ်နဲ့ တားမြစ်ထားတားမြစ်ထား အဖေ့ရဲ့ နာမည်ကို ပျောက်ကွယ်မှေးမှိန်အောင် လုပ်မပစ်နိုင်ပါဘူး။



အဲ. . . အဲဒီကောင်ရဲ့ နာမည်ကျတော့ ဘယ်သူကမှ အရေးအရာလုပ်ပြီး ပါးစပ်သနခံပြောနေချင်မှာ မဟုတ်ဘူး။ ဒီတော့ မျိုးဆက်တွေခြားလာရင် သူ့ရဲ့ယုတ်မာပက်စက်မှုတွေဟာ ဝါးတားတားဖြစ်ပြီး နောင်လာနောင်သားတွေရဲ့ အမုန်းတွေ လျော့ပါးသွားနိုင်တယ်လေ။ အဲဒါကို အဖေက မလိုချင်တာဘဲ။

ဒီကမ္ပည်းကို မြင်လိုက်ရင် အဖေ့နာမည်နဲ့ ယှဉ်ပြီး လူတိုင်းက သူ့ရဲ့ ယုတ်မာရက်စက်မှုတွေ လူမဆန်မှုတွေကို သတိရလာမယ်။ သူ့ကိုနာကြည်းတဲ့ အမုန်းတရားတွေ အချိန်ရဲ့ တိုက်စားမှုကြောင့် ဒီဂရီလျော့သွားမယ့် အရေးကနေ ကာကွယ်နိုင်မယ်။ အဲဒီလိုသတိရနေရင် သူတို့ရဲ့ သားစဉ်မြေးဆက်တွေကို လက်ဆင့်ကမ်းအမုန်းတွေ ဆက်ပေးနိုင်ကြမယ်။ အဖေ့ရဲ့ အဖြူရောင်ကမ္ပည်းနဲ့ ယှဉ်ရေးထားတဲ့အတွက် သူ့ရဲ့ အနက်ရောင်ကမ္ပည်းက ပိုပေါ်လွင်လာမယ်။ သားစဉ်မြေးဆက် လက်ဆင့်ကမ်း အမုန်းတွေနဲ့ လူ့လောကက ရှောင်ရှားထွက်ပြေး သွားတဲ့ လူယုတ်မာကိုတမလွန်အထိ နာလန်မထူအောင် နှိပ်ကွပ်ချင်လို့ ဒီကမ္ပည်းကို ထိုးပေးထားတာသမီးတို့။ သူ့ကို ခွင့်လွှတ်ပေးတာ မဟုတ်ဘူး။ လက်စားချေတာ။ သဘောထား ပြည့်ဝမြင့်မြတ်တာမဟုတ်ဘူး။ ပညာရှိနည်းနဲ့ ယုတ်မာလိုက်တာ ကဲ. . . သမီးတို့ . . . ။ အဖေ့ကို စိတ်ထား မြင့်မြတ်သူကြီး၊ ခွင့်လွှတ်နိုင်သူကြီးလို့ ပြောနိုင်ကြသေးလား"

ဘပေါ်ဆန်းက စကားရှည်ကြီးကို စိတ်အားထက်သန်စွာ လေသံမာမာနှင့်ပြောပြီး စကားဆုံးသည်နှင့် သမီးများ၏ အဖြေကို မစောင့်တော့ပါ။ ချိုင်းထောက်ကို ဆတ်ခနဲဆွဲပြီး ထထွက်သွားလေတော့သည်။ ဦးပေါ်ဆန်း၏ သမီးသုံးယောက်သာတစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ခေါင်းတညိတ်ညိတ်လုပ်ပြီး အပြန်အလှန်ပြုံးပြမိနေကြလေသည်။

သုံးဦးစလုံး၏ ရင်ထဲမှာလည်း အသံထွက်မတိုင်ပင်မိကြပါပဲနှင့် တူညီသော ဆုံးဖြတ်ချက် တစ်ခုကိုချမိကြလေသည်။ ထိုဆုံးဖြတ်ချက်ကား. . . .

သူတို့ အဖေရှင်းပြသလို ရွာသူရွာသားများကို ရှင်းပြပြီး အနက်ရောင်ကမ္ပည်းများပဲ ထိုးပေးကြရန်စည်းရုံးမည်ဟူ၍ပင်တည်း။

**သက်ဦးမောင်**

**ဗီနှစ်တွင်လည်း ချစ်ချစ်ခင်ခင် ရွှင်ရွှင်ပျော်ပျော်နေ**

ကံ့ကော်တွေလည်း ဖူးလို့ နွေဦးမှာ လေရူးတွေ မြူးတဲ့အချိန်။ ပန်းတွေကလည်း သူ့အခါ သူ့ရာသီနဲ့သူ ဖူးကြပွင့်ကြသေးဆိုတော့ ကိုထွန်းတစ်ယောက် ကြွင်းကျန်နေသေးတဲ့ သဘာဝပတ်ဝန်းကျင်ရဲ့ အလှအပကို တစ်ခဏတာ ငေးမောရင်း အလွမ်းစိတ်နဲ့ သူငယ် ပြန်ရ ကောင်းနိုးနိုး ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်ရလိမ့်မလဲ၊ မြန်နှုန်း မြင့်တဲ့ ခေတ်နဲ့ အတူ ဖြတ်သန်းနေရတော့ ကိုယ့်မှာ တယ်လီဖုန်းမြည်သံတွေ နှောက်လာလို့ စောစောက လွမ်းဖို့ ဟန်ပြင်နေတာလေးဟာ ဘယ်ကိုရောက်သွားမှန်းမသိအောင် ဖြစ် သွားပါလေ

# မန္တလေးအတွေး မန္တလေးအရေး

ကိုထွန်း၊လမ်း–၈၀၊



ရော။ ဒီလိုပါပဲလေ၊ ဒီလိုပါပဲ။ ခေတ်နဲ့အတူ ဖြတ်သန်းပြီး စီးပွားရှာဖွေရင်း၊ ခေတ်ပေါ်အီလက်ထရောနစ်ပစ္စည်းတွေကို သုံးစွဲရင်း၊ လူမှုကိစ္စတွေထဲမှာ လှုပ်ရှားရင်း . . . ရင်း . . . ရင်းနဲ့ပဲ တစ်နှစ်ကူးလို့ တစ်နှစ်ကျူးပြန်ပါတော့မယ်။ အခုလို ရွက်ဟောင်းတွေ ကြွေလို့ ရွက်သစ်တွေဝေစေအချိန် ရောက်တိုင်း စိတ်ထဲမှာ ကြည်နူးမိတာလား၊ လွမ်းမိတာလား မပြောတတ် ဘာကလိုတိုတို - ဘိုကလာတာတာကြီး ဖြစ်နေမိတာပါ။ ပြီးတော့ ခံစားမှုဆိုတာကလည်း သူ့နေရာနဲ့သူ ဟန်ချက်ညီညီရှိဖို့လည်း လိုပါတယ်။ ဆိုပါစို့ နွေဦးပေါက်ရင် ဥသြငှက်ရဲ့ တေးသံကို နားဆင်ရတာမျိုး၊ သင်္ကြန်ရောက်ရင်လည်း ပိတောက်ပန်းတွေ ပွင့်တာမျိုးတွေပေါ့။

လွန်ခဲ့တဲ့ ၄နှစ်လောက်က မိုးရာသီအချိန်မှာ စင်ကာပူနိုင်ငံကို ရောက်သွားခဲ့ပါတယ်။ နည်းပညာတွေနဲ့ ပြုပြင်ဖန်တီးထားတဲ့ ဥယျာဉ်ထဲ လှည့်လည်ကြည့်နေတုန်း သစ်ပင်အမြင့်ဆီ ဥသြငှက်ရဲ့ ဥသြ . . . ဥသြ. . . အသံကို ကြားလိုက်ရတော့ အံ့သြသွားပါတယ်။ ကျွန်တော်တို့ဆီမှာ နွေဦးရောက်ရင် ကြားရတတ်တဲ့ ဥသြငှက်ရဲ့ အသံကို နိုင်ငံခြားမှာ မိုးရာသီအချိန်ကြားလိုက်ရတော့ ရင်ထဲမှာ အလွမ်းစိတ်တွေမဝင်တဲ့အပြင် ဘယ့်နှာကြီးပါလိမ့်လို့ တွေးလိုက်မိပါတယ်။ သင်္ကြန်လည်း ထိုနည်းလည်းကောင်းအတိုင်းပေါ့။ သင်္ကြန်ကျချိန် ပိတောက်ပန်းတွေ ဖူးပွင့်လာတာမြင်ရရင် စိတ်ထဲမှာ နှစ်ကူးသင်္ကြန်နဲ့ ကြည်နူးစိတ်က ရင်ထဲကို ခိုဝင်လာလေ့ရှိပါတယ်။ မနှစ်တုန်းက နေပူရှိန်က ပြင်းပြီး သင်္ကြန်မတိုင်မီကရော၊ သင်္ကြန်တွင်းမှာရော မိုးတစ်စက်မှ မရွာလို့ ပိတောက်တွေ မဖူးနိုင် မပွင့်နိုင်ကြတော့ သင်္ကြန်အရသာဟာ ခြောက်ကပ်ကပ်ကြီးနဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ ဟော . . . သင်္ကြန်လည်း ပြီးဆုံးလို့ နှစ်ဆန်း ၂ ရက်နေ့ ရောက်တော့မှ မိုးရွာချတော့ ပိတောက်တွေ ပင်လုံးကျွတ်ပွင့်လိုက်ကြတာ၊ ဒါပေမဲ့ အချိန်နှောင်းမှ ပွင့်တဲ့ပိတောက်ပန်းတွေကို လူတွေ



က စိတ်ဝင်စားမှု နည်းသွားခဲ့ကြပါပြီ။ တစ်ယောက်ဆို တစ်ယောက်၊ ပိတောက်ဆို ပိတောက်ကလည်း နောက်ကျသွားခဲ့တာကိုးနော။

လူတိုင်းရဲ့ ရင်ထဲမှာ ဒေသရနံ့၊ ဇာတိရနံ့ အလွမ်းတွေ ရှိကြစမြဲပါ။ ကျွန်တော်တော့ နှစ်စဉ်နှစ်တိုင်းလိုလို နွေဦးပေါက်ချိန်ရောက်ရင် ဧရာဝတီမြစ်ကမ်းနားလမ်းကို အမြဲရောက်အောင် သွားတတ်ပါတယ်။ အရင်တုန်းကတော့ ဂေါဝိန်ဆိပ်ကမ်းကနေပြီး တာရိုးဘောင်အတိုင်း စက်ဘီးနင်းရင်း ပတ်ဝန်းကျင် ရှုခင်းတွေ ကြည့်ရှုငေးမောပြီး ရွှေကြက်ယက်ဘုရားရောက်တော့ ခဏနား၊ ဘုရင်းရင်ပြင်တော်ပေါ်ကနေပြီး ဧရာဝတီမြစ် တစ်ဖက်ကမ်းမှာရှိတဲ့ စစ်ကိုင်းတောင်ကို လွမ်းမောငေးရီ ကြည့်နေမိပါတယ်။ ဒီအချိန်မှာ ဆရာမြို့မငြိမ်းရဲ့ စစ်ကိုင်းတောင်သီချင်းက နှလုံးသားထဲကို ရောက်လာခဲ့ပါတယ်။

**ပုညရှင် စေတီအပါး၊ စစ်ကိုင်းတောင် အထက်နားဆီက**
**အရှေ့တစ်လျှား ရှုလိုက်ရင်လေ၊ ဧရာဝတီ၊ ဗုဒ္ဓာဝတီ**
**နတ်ပန်းချီ၊ ဆေးစုံတွေကွန့်ရောလေသလား**
**ဝဲလက်ယာ အတွန့်တွန့်နဲ့၊ အလွန့်အလွန် သာယာပါပေ သည်၊**
**တစ်နှစ်ကူးလို့၊ တစ်နှစ်ကျူးပြန်တော့**
**အသစ်ဖူး ဖြစ်ရပြန်ချေ၊ တောတောင်ရေမြေ၊**
**ကုန်းနေရေနေ၊ သက်ရှိသက်မဲ့ သတ္တဝါတွေ**
**လောကဓာတ်ကြီးတစ်ခုလုံး၊ သစ်မို့လို့၊ ဒီနှစ်တွင်လည်း**
**ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ရွှင်ရွှင်နေ**

ဆရာငြိမ်းက စစ်ကိုင်းတောင်ပေါ် ပုညရှင်စေတီကနေပြီး သဘာဝရှုခင်းမြင်ကွင်းတွေကို ရေးဖွဲ့သွားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ ရွှေကြက်ယက်ဘုရား ပေါ်ကနေ မျက်နှာချင်းဆိုင်မှာရှိတဲ့ စစ်ကိုင်းတောင်ကိုပဲ ငေးမောရင်း သီချင်းလေး ညည်းနေမိပါတယ်။

**သမိုင်းပြောင်မည်အုံး၊ စစ်ကိုင်းတောင်တော်ရိုးမှာလေ။**
**မြူခိုးယှက်ဆိုင်း၊ အုံ့မှိုင်းပြာရီဝေ၊ မှုန်မှုန်ရီဝေ**
**စေတီပုထိုးဘုရား၊ မိုးပြာမြင့်သီခေါင်ဝှေ၊**
**တောင်တွေ စိမ့်စမ်း၊ ချောင်တွေ သိန်းသန်း၊**
**ခေမာသောင်ကမ်း၊ တက်လှမ်းအောင်မြင်မြေ၊**
**မေဓာဝီကလေး၊ တောမှိုထုံးတဲ့၊ ယောဂီသုံးရှာပေ၊**

ဟုတ်ပါတယ် နွေဦးရာသီညနေခင်းဆိုရင် မြူခိုးတွေ ယှက်ဆိုင်းပြီး အုံ့မှိုင်းပြာရီဝေနေတဲ့ စစ်ကိုင်းတောင်ရှုမြင်ရစမြဲပါ။

ဒါပေမဲ့
အချိန်နှောင်းမှ ပွင့်တဲ့
ပိတောက်ပန်းတွေကို
လူတွေက
စိတ်ဝင်စားမှု
နည်းသွားခဲ့ကြပါပြီ။
တစ်ယောက်ဆို
တစ်ယောက်၊
ပိတောက်ဆို
ပိတောက်ကလည်း
နောက်ကျ
သွားခဲ့တာကိုးနော...

စစ်ကိုင်းတောင်ကြီးကို မြစ်မင်း ဧရာဝတီက ပတ်ခါခွေဝိုက် စီးဆင်းနေလျက်ရှိပါတယ်။ စစ်ကိုင်းမန္တလေးဘက်ကို လှမ်းမျှော်ကြည့်လိုက်ရင်လည်း တာရိုးပေါ်မှာ အုပ်ဆိုင်းနေတဲ့ သစ်ပင်ကြီးတွေ၊ လက်ပံပွင့်ချိန်ရောက်ရင် တစ်ပင်လုံး ရဲပတောင်းထနေတဲ့ လက်ပံပင်တန်းတွေ၊ တာရိုးနဲ့ဧရာဝတီမြစ်အကြားမြေနုကျွန်းပေါ်မှာ ရှိနေတဲ့ စိုက်ခင်းတွေ။ တစ်နှစ်တစ်ကြိမ် တွေ့ရစမြဲဖြစ်တဲ့ သဘာဝရှုခင်းတွေဟာ ဘယ်တော့မှ မရိုးနိုင်ဘဲ ရှိနေပါတယ်။ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်လောက်က ဧရာဝတီမြစ်ဘေးရှိ တာရိုးကို ကမ်းနားလမ်းအဖြစ် ဖောက်လိုက်တော့ သွားရလာရတာ လွယ်ကူသွားခဲ့ပါတယ်။ အရင်တုန်းက စက်ဘီးလေးနဲ့၊ အခုတော့ ဆိုင်ကယ်နဲ့။ ဒါမှမဟုတ် မော်တော်ကားနဲ့ပေါ့။ ကမ်းနားလမ်းဘေး အသွားအလာရှင်းတဲ့ တစ်နေရာမှာ မော်တော်ကားကိုရပ်ပြီး ဆင်ခြေလျှောမှာ ခြေဆင်းထိုင်ရင်း ညနေစောင်း ဧရာဝတီမြစ်နဲ့ စစ်ကိုင်းတောင်ရှုခင်းကို ခံစားငေးမောနေမိပါတယ်။ ဒါပေမဲ့ ဒီနှစ်တော့လေ၊ ဒီနှစ်တော့ . . .။ ဧရာဝတီမြစ်နဲ့ စစ်ကိုင်းတောင်မြင်ကွင်းဟာ ကျွန်တော့်ကို ကြည်နူးမှု တစ်ဝက်တစ်ပျက်ခန့်သာ ရရှိခဲ့ပါတော့တယ်။ ဒီနှစ် ရာသီဥတုဖောက်ပြန်လို့ မိုးမကုန်ခင်ကတည်းက ထိုးထွက်လာတဲ့ သောင်ပြင်ကြီးဟာ သဘာဝရှုခင်းရဲ့အလှကို နှောင့်ယှက် ဖျက်ဆီးနေတာကလား။ ဧရာဝတီမြစ်ခများ မြစ်ကြောင်းတစ်လျှောက် နေရာ အနှံ့ရှိနေကြတဲ့ သောင်တွေကြားကနေ ကွေ့ပိုက်စီးဆင်းနေရှာပါတယ်။ ပြီးတော့ ဧရာဝတီ မြစ်ကမ်းဘေးက ရှမ်းလေး ကျွန်းရွာအနီးမှာ ဟိုတယ်ဇုန်ကြီး ဆောက်မယ်ဆိုလား၊ အဲဒီအသံက သဘာဝပတ်ဝန်းကျင်ကို ခံစားချင်တဲ့ ကျွန်တော့်ကို အသက်ရှူကျပ်သွားစေခဲ့ပါတယ်။ ရွှေညဏ်တော် စူးရောက်ပြီး ဘာဖြစ်လို့ ဒီစီမံကိန်းကြီး ရေးဆွဲချင်ကြရတာလဲ။ ရာသီဥတု ဖောက်ပြန်မှုကြောင့် ဧရာဝတီမြစ်ခများ နာမကျန်းဖြစ်နေ တာကြာပါပြီ။ ဧရာဝတီမြစ် ကျန်းမာရေးကို ကုသပေးဖို့ စိတ်မကူးဘဲ နစ်သထက်နစ်၊ မွန်းသထက်မွန်းအောင် လုပ်ကြတော့မှာလားလို့ တွေးရင်း စိတ်မောသွားမိပါတယ်။ အဲဒီစီမံကိန်းဆိုတဲ့ အသံကြောင့် ရှမ်းလေးကျွန်းရွာနားရှိ မြေဈေးနှုန်းကလည်း ကြောက်ခမန်းလိလိ ခုန်တက်သွားပါတယ်။ တစ်ခါတုန်းက လေးငါး ခြောက်သိန်းတောင်မရှိတဲ့ မြေတွေဟာ အခုတော့ တစ်ဧကသိန်းငါးရာတဲ့။ တချို့နေရာတွေတော့ သိန်းတစ်ထောင်ထိ ပေါက်ဈေးရှိသတဲ့။ ဒီလိုသာဆိုရင် နောက်ဆယ့်လေးငါးနှစ်အကြာမှာ ဘယ်လိုရှိမလဲ။ မတွေးရဲလောက်အောင်ဖြစ်သွားခဲ့ရပါပြီ။

♦

"ဖေဖေ ဒီနှစ်သင်္ကြန် တောင်ကြီးကို သွားမလား" တဲ့။ ရန်ကုန်မှာနေတဲ့ သမီးကြီးက တယ်လီဖုန်းနဲ့ လှမ်းမေးလိုက်တော့ ချစ်ချစ်က ကျွန်တော့်ကို စူးစမ်းလိုတဲ့ သဘောနဲ့ ကြည့်လိုက်ပါတယ်။ ကျွန်တော် သိပါတယ်။ ချစ်ချစ်ခများ တောင်ကြီးကို တစ်ခေါက်မျှ မရောက်ဘူးလို့ သွားချင်နေရှာတာပါ။ ဒါပေမဲ့ ကျွန်တော်ကလည်း သင်္ကြန်ဆိုရင် မန္တလေးကနေ တစ်ဖဝါးမှ မခွာချင်။ ကျွန်တော့် စိတ်ကို နားလည်ထားတာမို့ တော့်သဘောပဲလို့ ဆိုလိုက်ပါတယ်။ ဘယ်တတ်နိုင်မလဲလေ။ ကျွန်တော်ကတော့ သင်္ကြန်ဆိုရင် မန္တလေးမှာပဲ ရှိစမြဲပေါ့။

အမှန်တော့ သင်္ကြန်ဆိုတာ လူငယ်တွေရဲ့ ခံစားပျော်ရွှင်မှုပါ။ ဘိုးတော်အရွယ်ရောက်နေတဲ့ ကျွန်တော်တို့နဲ့ ဘာမှ မဆိုင်တော့ပါဘူး။

ဒါပေမဲ့ မန္တလေးအငွေ့အသက်၊ ရနံ့တွေနဲ့ နွေးထွေးကြီးပြင်းလာတဲ့ ခံစားမှုကို ဘယ်လိုပြောပြရမလဲ၊ မန္တလေးသင်္ကြန်မှာ လူငယ်တွေ ပျော်ရွှင်ကြတာကို နံဘေးက ကြည့်ရတာနဲ့တင် ကြည်နူးရင်း ကျေနပ်ပီတိဖြစ်ရတာကိုက အရသာ တစ်ခုလို ဖြစ်နေပါတယ်။ ဒီလိုနဲ့ ကိုယ့်ဒေသ ကိုယ့်လောကဝန်းကျင်ကို ချစ်ခင်မြတ်နိုးခြင်း၊ အဲဒီက တစ်ဆင့် ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုးလာရခြင်းဖြစ်ပါတယ်။

ပြောရင် ပိုလွန်းတယ်လို့တောင် တွေးကြမလား မပြောတတ်၊ နိုင်ငံခြားသွားတာထက် ကိုယ့်ပြည်တွင်းမှာ နေရာအနှံ့ ခရီးသွားလာရတာကိုပဲ နှစ်သက်မိပါတယ်။ ကိုယ့်နိုင်ငံမှာရှိတဲ့ တိုင်းနှင့်ပြည်နယ်တွေ၊ တောင်တန်းဒေသတွေ၊ ကမ်းရိုးတန်းနေရာတွေ တာကယ်သွားမယ်ဆိုရင် သွားစရာအများကြီးပါ။ နေရာအနှံ့ ခရီးသွားလိုက်မှ ကိုယ့်နိုင်ငံအကြောင်း ပိုပြီး သိလာရပါတယ်။ ၂၀၀၈ ခုနှစ်က ချင်းပြည်နယ် ကန်ပက်လက်နဲ့ မင်းတပ်မြို့ကို စာပေဟောပြောပွဲ သွားခဲ့ပါတယ်။ ပြန်လာတော့ အဲဒီအတွေ့အကြုံတွေ

ပြောရင်
ပိုလွန်းတယ်လို့တောင်
တွေးကြမလား
မပြောတတ်၊ နိုင်ငံခြား
သွားတာထက်
ကိုယ့်ပြည်တွင်းမှာ
နေရာအနှံ့
ခရီးသွားလာရတာကိုပဲ
နှစ်သက်မိပါတယ်။
ကိုယ့်နိုင်ငံမှာရှိတဲ့
တိုင်းနှင့်ပြည်နယ်တွေ၊
တောင်တန်းဒေသတွေ၊
ကမ်းရိုးတန်းနေရာတွေ
တာကယ်သွားမယ်
ဆိုရင်....



ကို ရတီမဂ္ဂဇင်းမှာပဲ လစဉ်အခန်းဆက်ခရီးသွားဆောင်းပါး ရေးခဲ့ပါတယ်။ ပြီးတော့ လွင်ပြင်တောင်စဉ်တောင်တန်းများနှင့် ရွက်ကြွေတောသွားတောလား စာအုပ်ကို ထုတ်ဝေခဲ့ပါတယ်။

စာဖတ်ပရိသတ်ရဲ့ တုံ့ပြန်မှုက အားရစရာကောင်းလိုက်တာ၊ တချို့က ကျွန်တော့်ဆီကို တစ်ကူးတစ်ကန့် တယ်လီဖုန်းဆက်ပြီး ပြောကြတယ်။

ကျွန်တော့်စာအုပ်ထဲက ခရီးလမ်းအတိုင်း ကန်ပက်လက်နဲ့ မင်းတပ်မြို့ကို သွားခဲ့ကြသတဲ့။ နတ်မတောင်ပေါ်ကိုလည်း တက်ခဲ့ကြသတဲ့။

ကျွန်တော် စာဖတ်ပရိသတ်ဆီက ဝမ်းသာအားရ ပြောကြတာတွေကို နားထောင်ရင်း ကျွန်တော်လည်း ကြည်နူးသွားခဲ့ရပါတယ်။ အခုတော့ နတ်မတောင်ဟာ သဘာဝပတ်ဝန်းကျင်ကို ရှုမြင်ခံစားချင်ကြတဲ့ နိုင်ငံခြားသားတွေအတွက် စွဲမက်စရာနေရာတစ်ခုဖြစ်သွားခဲ့ပါပြီ။ လာကြတဲ့ ခရီးသည်တွေများလွန်းလို့ ဟိုတယ်တွေက အခန်းတွေတောင် လုံလောက်အောင်မပေးနိုင်ကြတော့ဘူးလို့ သိရပါတယ်။ နိုင်ငံခြားသားတွေက လေယာဉ်တွေ အဆင့်ဆင့်ပြီး ကျွန်တော်တို့ဆီကို ဘာကြောင့်လာခဲ့ရသလဲ။ အဖြေက ရှင်းရှင်းလေးပါ။ မူလပကတိအတိုင်းရှိတဲ့ တောတွေ၊ တောင်တွေရဲ့ ရှုခင်းနဲ့ သဘာဝရနံ့တွေကို ခံစားချင်လို့ လာကြတာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ သူတို့ဆီမှာ သဘာဝမြင်ကွင်းတွေ ကြည့်ဖို့၊ မြင်ဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းသွားပြီလေ၊ ဒီတော့ ကျွန်တော်တို့က စိမ်းလန်းတဲ့ တောင်တန်းတွေ၊ အဖိုးတန်ကျွန်းသစ်တွေရှိတဲ့ သစ်ပင်၊ သစ်တောတွေကို ပြနိုင်ရင် ကြီးကြီးမားမား အားထုတ်စရာမလိုဘဲ နိုင်ငံခြားဝင်ငွေတွေ ရနေမှာပါ။ ဆိုလိုချင်တာက ကျွန်တော်တို့နိုင်ငံမှာ အစဉ်အဆက်တည်ရှိခဲ့တဲ့ သဘာဝပတ်ဝန်းကျင်ရှုခင်းတွေဟာ နိုင်ငံတွင်းမှာ နေထိုင်ခဲ့ကြတဲ့ ကျွန်တော်တို့ အားလုံးအတွက် ဘဝနေထိုင်မှုကို ပံ့ပိုးကူညီနေသလို နိုင်ငံခြားဝင်ငွေရအောင်လည်း ဖန်တီးပေးနေတာ ဖြစ်ပါတယ်။ ဟိုတုန်းကဆိုရင် ဟင်းသီးဟင်းရွက်ဆိုတာ ပေါမှပေါ၊ ကျေးရွာတွေမှာ ထမင်းပွဲအတွက် ဟင်းတစ်နပ်စာဆိုတာ ဘာမှ မခဲယဉ်းဘူး။ ရွာအပြင်ထွက်လိုက်တာနဲ့ ဟင်းချက်စရာ သီးနှံတွေ အဆင်သင့် ရှိနေပါတယ်။ ပြီးတော့ သားငါးတွေကလည်း ဖောချင်းသောချင်း ရှိပါဘိသနဲ့။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ရွာတွေမှာ အလှူပေးရင် ချမ်းသာသူတွေကတော့ ဝက်သားချက်ပြီး စပယ်ရှယ် ကျွေးကြတာပါ။ တော့မှာလားလို့ တွေးစရာ ဖြစ်လာပါတယ်။ ပြီးတော့ ငါးပိဝယ်ရတာလည်း စိတ်က မဖြောင့်၊ ငါးပိထဲမှာ ဓာတ်မြေဩဇာတွေ ရောနှောပါနေတယ်ဆိုတဲ့ သတင်းကြောင့် မျက်ခုံးလှုပ်သွားခဲ့ရပြန်ပါရော။ မြန်မာ့ပါးစပ်ကို ငါးပိကလွဲလို့ တခြားဘယ်လိုအစားအစာမှ အစားထိုးလို့မရပါဘူး။

"မင်းတို့ အင်္ဂလိပ်မုန့်တွေက မစွံပါဘူးကွာ၊ အရသာက ပေါ့ရွတ်ရွတ်နဲ့"

တစ်ခါတုန်းက ရန်ကုန်က ပြန်လာတော့ အဖေ့အတွက် ဂျေဒိုးနပ်



ဆင်းရဲသားအလှူကတော့ အဲဒီလောက် မတတ်နိုင်လို့ ပုစွန်ခြောက်ချက် (ဒါမှမဟုတ်) ဒုံးခြောက်ချက်နဲ့ မှန်ရောင်ဟင်းချို၊ ပဲတီချဉ်သုပ်နဲ့ပဲ ဧည့်ခံကျွေးမွေးရတာဖြစ်ပါတယ်။ ကဲ . . . စဉ်းစားကြည့်၊ ကျွန်တော်တို့ဆီမှာ စားစရာအသီးအနှံတွေ၊ သားငါးတွေ ဘယ်လောက်များ ပုံးပေါလအောပေါများလိုက်သလဲ။ အခုတော့ အခြေအနေတွေ ပြောင်းလဲသွားပါပြီ။ မြန်မာ့ပင်လယ်ပြင်မှာ ငါးပိဖြစ်အောင် ထုတ်လုပ်တဲ့ ကုန်ကြမ်းပစ္စည်း 'ဖွေး' တွေ ရှားစပြုလာပြီတဲ့။ ဒီလိုဆိုရင် နောင်တစ်ချိန်သောကာလမှာ မြန်မာ့အာဟာရ မရှိမဖြစ်တဲ့ ငါးပိတွေ ရှားပါးစားသောက်ကုန် ဖြစ်

မုန့်တွေ ဝယ်လာခဲ့ပါတယ်။ အဖေက တစ်ခုပဲစားပြီး မုန့်လက်ကောက်ကို ထန်းလျက်ရည် ဆမ်းစားရတာက အားရတယ်ကွလို့လည်း ပြောလိုက်ပြန်ပါတယ်။ အဲဒီတုန်းက အဖေ့ကို ကြည့်ရင်း ကျွန်တော် ပြုံးနေမိပါတယ်။ ဒါပေမဲ့ အသက်အရွယ်လေး ရလာတော့မှ ငါလည်း အဖေ့လို ဖြစ်လာပြီကောရယ်လို့ တွေးလိုက်တာပေါ့နော။ အခုအချိန်မှာ ပါးစပ်တော် အာခံတွင်းက မြန်မာ့ရိုးရာ မုန့်ပဲသရေစာကိုပဲ တမ်းတနေမိပါတယ်။ စာပေဟောပြောပွဲတွေ ထွက်လို့ အညာကျေးလက်ဒေသတွေရောက်ပြီး ကြုံကြိုက်ရင် ကတိုးဝါ၊ မုန့်ပေါက်၊ မုန့်ဩဇာစတဲ့ မုန့်တွေကို လက်ဆောင်တောင်းပြီး

ယူလာခဲ့လေ့ရှိပါတယ်။ အိမ်ပြန်ရောက်တဲ့အခါ အိမ်နီးနားချင်းတွေနဲ့ ဆွေမျိုးတွေလည်း ဝေငှပေးရသေးတာပေါ့။ အဲဒီအချိန်မှာ ကျွန်တော့်ကိုယ်ကျွန်တော် ရွာဘုရားပွဲအပြန် မုန့်လက်ဆောင်တွေ ဝေငှပေးရသလို ကြည်နူးခံစားနေမိပါတယ်။

တစ်လောက ရန်ကုန်မှာနေတဲ့ တူမတစ်ယောက် မန္တလေးကို အလုပ်ကိစ္စနဲ့ ရောက်လာပါတယ်။ လေယာဉ်ပျံနဲ့ မနက်ရောက်လာ၊ အလုပ်လုပ်စရာရှိတာတွေ လုပ်၊ ညနေကျတော့ ပြန်မယ့်တူမကို ကြည့်ရင်း စိတ်မသက်မသာ ဖြစ်နေမိပါတယ်။ သူက မန္တလေးနန်းကြီးသုပ်ကိုစားချင်လို့တဲ့။ ဒါနဲ့ မန္တလေးမှာရှိတဲ့ နာမည်ကြီး မုန့်တီဆိုင်တစ်ဆိုင်ကို ပို့ပေးလိုက်ရပါတယ်။ သူလည်း မန္တလေးသူပါပဲ။ ရန်ကုန်မှာ မန္တလေးမုန့်တွေရှိပေမဲ့ မန္တလေးမှာ စားရတာလောက် အရသာ မကောင်းဘူးလို့ ပြောပါတယ်။ ရုတ်တရက် ကြည့်လိုက်ရင် ဒေသစွဲကြီးတာကလားလို့ ထင်မှတ်စရာပါ။ အဲသလို အထင်ခံရလည်း မတတ်နိုင်ဘူးတော်ရေလို့ ပြောရတော့မှာ ဖြစ်ပါတယ်။ ငယ်ငယ်တုန်းက နေထိုင်ပျော်ရွှင်ခဲ့တဲ့ လူမှုဘဝဝန်းကျင်နဲ့ ရနံ့တွေ၊ အရောင်တွေက နှလုံးသားမှာ စွဲမြဲနေတာကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တော့ ကတိုက်ကရိုက် ပြန်သွားတဲ့ တူမကို မန္တလေးကြိတ်မုန့်လေး မကျွေးလိုက်ရလို့ စိတ်မကောင်းဖြစ်သွားမိပါတယ်။ တကယ်တော့ မန္တလေးကြိတ်မုန့်ဆိုတာ ကျွန်တော်တို့ မန္တလေးသူ၊ မန္တလေးသားတွေ ကြိုက်တဲ့ မုန့်ပဲသရေစာတစ်မျိုး ဖြစ်ပါတယ်။ ခက်တာက သူ့ကို စားချင်တိုင်း စားဖို့ကလည်း မလွယ်လှ။

မြို့ထဲလှည့်ပြီး ရောင်းတဲ့ ခေါင်းရွက်ဈေးသည်မှီ့ လမ်းကြုံမှ ဝယ်စားလို့ ရတာပါ။ (ရတီမဂ္ဂဇင်းက အယ်ဒီတာမမတို့ကိုလည်း မန္တလေးကြိတ်မုန့်လေးတွေကို ကျွေးချင်လိုက်တာ)။ သင်္ကြန်ပြီးလို့ ရာသီဥတုပူပြင်းလာတဲ့ အချိန်မှာ ဘယ်မှ မထွက်ဘဲ အိမ်ရှေ့ရောက်လာတဲ့ ခေါင်းရွက်ဈေးသည်တွေဆီက မုန့်လုပ်ဆောင်းတို့၊ ကြိတ်မုန့်တို့၊ မုန့်ဦးနှောက်တို့ကို ဝယ်စားလေ့ရှိပါတယ်။ ကျွန်တော့်လိုပဲ မော်လမြိုင်မှာပဲဖြစ်ဖြစ်၊ ပဲခူးမှာပဲဖြစ်ဖြစ်၊ တောင်ကြီးမှာပဲဖြစ်ဖြစ်၊ ပုသိမ်မှာပဲဖြစ်ဖြစ် နေကြတဲ့သူတွေအားလုံး ကိုယ့်ဒေသထွက် အစားအစာလေးတွေကို မက်မက်မောမော ရှိကြမှာ ဧကန်မလွဲ ဖြစ်ပါတယ်။ ဒါဟာ နေခဲ့ရသမျှ လူ့ဘဝမှာရခဲ့တဲ့ နှစ်သက်ကြည်နူးခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ လောဘသဏ္ဌာရ နည်းပါးပါတယ်။ ဇာတိရနံ့တွေ ဝန်းဖွဲ့ထားတဲ့ ကျွန်တော်တို့တစ်တွေဟာ ကိုယ့်ဒေသလေးမှာ နေကြပြီး ဒီလူ့အဖွဲ့အစည်းနဲ့အတူ တစ်ဘဝတာကို အေးအေးချမ်းချမ်းနဲ့ ဖြတ်သန်းချင်ကြတာပါ။ ဒါပေမဲ့ ပြောင်းလဲတဲ့ ခေတ်က ကျွန်တော်တို့ရဲ့ ဘဝနေဟန်တွေကို ယိုင်နဲ့လာစေပါတယ်။ တကယ်တော့ လူတွေရဲ့နှလုံးသားထဲမှာ တစ်ဦးကိုတစ်ဦး အပြန်အလှန်နားလည်ယုံကြည်ပြီး နွေးနွေး ထွေးထွေး ချစ်ချစ်ခင်ခင်နဲ့ ရှေ့ခရီးကို သွားချင်ကြတာကလား။ ဒါပေမဲ့ လက်ငင်းရင်ဆိုင် နေကြရတာတွေက အပူအမောတွေချည်း ဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် အခုချိန်မှာ အဓိက အရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံနဲ့ပြည်သူတွေရဲ့ ကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးဖို့အတွက် အခြေခံဥပဒေ ပြင်ဆင်ရေးကို ဘယ်လိုဆောင်ရွက်ကြမလဲ၊ အပြန်အလှန် ငြင်းကြ၊ ခုန်ကြလို့လည်း မပြီးနိုင်။

နိုင်ငံရဲ့ ကောင်းရာကောင်းကျိုးအတွက် အားလုံးသဘောတူညီတဲ့ ဆုံးဖြတ်ချက်ချမှတ်ပြီး အကောင်အထည်မဖော်နိုင်ရင် တိုင်းပြည်ကဆင်းရဲတွင်းထဲ နစ်သထက် နစ်တော့မှာဖြစ်ပါတယ်။ အခုပဲ ကြည့်ပါ။ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုက တစ်နှစ်ထက် တစ်နှစ် ပိုမိုကြီးမားလာပါပြီ။ ဒီအတိုင်း ဆက်ကြမယ်ဆိုရင်ဖြင့် တစ်ချိန်မှာ ကျွန်တော်တို့ နိုင်ငံဟာ တောတွေ တောင်တွေပျောက်ကွယ်ပြီး လွင်တီးခေါင်ကြီး ဖြစ်သွားတော့မှာလား။ ကိုယ်ပိုင်တဲ့မြေကို ဈေးကောင်းရတာနဲ့ ရောင်းချပြီး ဟိုရွှေ့ဒီရွှေ့ ရွှေ့ပြောင်းနေထိုင်ကြရင်း နောက်ဆုံးတော့ နေစရာပါပျောက်သွားတော့မှာလား။ ပညာအရင်းအမြစ်က မကြွယ်ဝတော့ အလုပ်ကြမ်းသမားတွေအဖြစ် သူများနိုင်ငံမှာ သွားအလုပ်လုပ်ရ၊ ကိုယ့်နိုင်ငံမှာ လာရောက်ရင်း ရင်းနှီးမြှုပ်နှံကြတဲ့ ကုမ္ပဏီတွေဆီမှာ အလုပ်ကြမ်းလုပ်ကြရင်း ဘဝအသက်ကို ဆက်ကြရတော့မှာလား။


အပူအမောတွေကို စီကာစဉ်ကာတွေးရင်း သက်ပြင်းမှုတ်ထုတ်လိုက်မိပါတယ်။ မျက်နှာချင်းဆိုင်မှာရှိနေတဲ့ စစ်ကိုင်းတောင်ကြီးကို ကြည့်နေမိပေမဲ့ ရင်ထဲမှာ အပူ အမောတွေနဲ့ လုံးထွေးနေတော့ အဲဒီက စိမ်းလန်းတဲ့ တောရိပ်တောင်ရိပ်တွေက ကျွန်တော်ရင်ထဲကို အနည်းအကျဉ်းမျှသာ တိုးဝင်လာနိုင်ပါတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။

မကြာခင်မှာ တစ်နှစ်ကူးလို့ တစ်နှစ်ကူးပြန်ပါတော့မယ်။ လာမယ့် နှစ်သစ်မှာ ကျွန်တော်တို့အားလုံး ငြိမ်းငြိမ်းချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ရှိနေချင်ပါတယ်။ ရတီမဂ္ဂဇင်းရဲ့ စာဖတ်ပရိသတ်တွေအားလုံး နှစ်သစ်မှာ နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ်။

ဆရာမြို့မငြိမ်းကတော့ တစ်နှစ်ကူးလို့၊ တစ်နှစ်ကျူးပြန်တော့၊ အသစ်ဖူးဖြစ်ရပြန်ချေ၊ တောတောင်ရေမြေ၊ ကုန်းနေရေနေ၊ သက်ရှိသက်မဲ့ သတ္တဝါတွေ၊ လောကခါတ်ကြီး တစ်ခုလုံးသစ်လို့မို့၊ ဒီနှစ်တွင်လည်း ချစ်ချစ်ခင်ခင်၊ ရွှင်ရွှင်ပျော်ပျော်နေ. . . တဲ့။ မှန်ပါ တယ်။ ကျွန်တော်တို့အားလုံး ဘေးရန်ခပ်သိမ်း၊ ရောဂါခပ်သိမ်း၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းပြီး၊ မေတ္တာရနံ့တွေ ဝန်းယှက်တဲ့ လူ့အဖွဲ့အစည်းမှာ ချစ်ချစ်ခင်ခင်နဲ့ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြရင်း တစ်နှစ်တာခရီးကို ဖြတ်သန်းနိုင်ကြရင်ဖြင့် အကောင်းဆုံးပေါ့လေ။ အကောင်းဆုံးပေါ့။

**ကိုထွန်း-လမ်း(၈၀)**


2014



“တန်ခူး. . . တန်ခူး မဟုတ်လားဟင်”

“အာကာ. . . အာကာ ဟုတ်ပါတယ်နော်”

နှစ်ဦးသား တအံ့တသြနှင့် စိုက်ကြည့်နေမိကြသည်။ ဆံပင်အရှည်ကြီးနှင့် မြင်သူတကာ ငေးရလောက်အောင်၊ လှသွေးတွေကြွယ်နေသည့် ‘တန်ခူး’ပါ။ လက်ထဲတွင်တော့ ပိတောက်ပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့်။

မတွေ့ရတာ နှစ်ပေါင်းအတော်ကြာပါပြီ။ ငယ်ငယ်က ‘တန်ခူး’နှင့် တခြားစီပင်။ ကိုယ့်မျက်စိတောင် ကိုယ်မယုံချင်ပါ။

သူမျှော်လင့်နေခဲ့ရသော၊ တမ်းတနေခဲ့ရသော၊ သနားစရာ၊

ဝတ္ထုတိုရသ

# ပိတောက်တွေပွင့်တိုင်း

## စုးရှမြတ်မြတ်



ချစ်စရာကောင်းလွန်းသော တန်ခူးနှင့် ခုလို ပြန်ဆုံတွေ့ရလိမ့်မည်ဟု မထင်မိခဲ့ပါ။

ရှာနေသော အချိန်တွေတုန်းက မတွေ့ခဲ့ပါပဲ။ ခုကျမှမမျှော်လင့်ဘဲ ဆုံတွေ့ရသည့် အဖြစ်ကြောင့် ရင်တွေတောင် တဒိတ်ဒိတ်ခုန်နေပါပြီ။

တန်ခူးရယ် ဒီတစ်ခါတော့ မင်းကိုငါ လက်လွှတ်ဆုံးရှုံးမခံတော့ပါဘူး။ မင်းဘယ်ကိုမှ ထွက်ပြေးဖို့ မစဉ်းစားပါနဲ့တော့နော်။

ပိတောက်ရနံ့လေးတွေ သင်းပျံ့မွှေးကြိုင်လာသည်။ မမျှော်

သူ့ကို သတိရနေသော မိန်းကလေးကို ဘာကြောင့်များ တွေ့အောင်မရှာခဲ့တာလဲဟု သူ့ ကိုယ်သူ မေးခွန်းတွေထုတ်နေမိသည်။ သကြ်န်မိုးက ဖွဲဖွဲလေးရွာနေ ရာမှ ဝေါခနဲ ရွာချလိုက်လေသည်။ ဒါဆို နောက်နေ့ ပိတောက်တွေ လှိုင်လှိုင်ပွင့်တော့မည်။

လင့်ဘဲ ပြန်ဆုံတွေ့ကြရ၍၊ နှစ်ဦးသား ပျော်ရွှင်ကြည်နူးနေကြပုံကို အရောင်တလဲ့လဲ့ မျက်ဝန်းတွေနှင့် ပြုံးနေသော နှုတ်ခမ်းတွေက သက်သေခံနေသည်။

တန်ခူးရယ် လွမ်းလိုက်ရတာ၊ ရင်တွေ ကွဲမတတ်ပါပဲ။

♦

အချိန်တွေကို တန်ဖိုးရှိရှိ အသုံးချ၍ ဘဝတွင်အောင်မြင် တိုးတက်လာသူတွေ၏ စာရင်းကို ကောက်ယူမည်ဆိုလျှင်၊ ထိုစာရင်းတွေထဲ၌ 'တန်ခူး'ဆိုသော မိန်းမလှလေးလည်း အပါအဝင်ဖြစ်မှာ သေချာသည်။

တန်ခူး၏ဘဝက ရုပ်ကလေးက လှသလောက်၊ ဘဝကတော့ မလှပခဲ့ပါ။ အဖေနှင့်အမေ ဆုံးပါးသွား၍ ဆွေမျိုးနီးစပ်တော်သော ဒေါ်ဥ၏အိမ်တွင်လာနေရင်း ကျောင်းတက်နေရရှာသည်။

မှတ်မှတ်ရရအဖြစ် တန်ခူး သူတို့ကျောင်းကို ပြောင်းလာခဲ့သည်မှာ လေးတန်းနှစ်က ဖြစ်သည်။ တန်ခူးက စာကိုအရမ်းကြိုးစားသည်၊ အတန်းသူ အတန်းသားတွေအပြင် ဆရာ၊ ဆရာမများကိုလည်း ချစ်ခင်လေးစားတတ်သည်။ သည်းခံစိတ်တွေအပြည့်လိုပင်။

အိမ်ပြန်ရောက်လျှင်လည်း ဒေါ်ဥတို့ မိသားစုခိုင်းသမျှ၊ ထောင့်စေ့အောင်လုပ်ပေးရသေးသည်။ အစားအသောက်ကိုတော့ အားလုံးစားပြီးမှ၊ မီးဖိုချောင်ထဲတွင် တစ်ယောက်တည်း စားရရှာသည်ဟု၊ ဒေါ်ဥ၏ နံဘေးအိမ်မှ ဒေါ်သာကောင်းက၊ အိမ်တွင် အလုပ်လာလုပ်ရင်း အမြဲပြောပြနေ၍ တန်ခူး၏ အကြောင်းကို သူအမြဲလိုလို ကြားနေရသည်။ တန်ခူးကို သူအရမ်းသနားမိသည်။ အလုပ်ကို မနားမနေလုပ်ရပေမဲ့လည်း၊ ကြမ်းတမ်းသောဒေါ်ဥ၏ အရိုက်အနှက်ကိုလည်း နေ့စဉ်လိုလိုခံနေရသေးသည်။ သကြ်န်ရောက်တာတောင် သူများကလေးတွေလို၊ ဆော့ကစားတာတွေမရှိ။ ပိတောက်ပန်းလှလှလေးတွေကို ပွေ့ပိုက်ရင်း လိုက်ရောင်းပြီး ဝင်ငွေရှာနေရသေးသည်။ အလုပ်တွေလုပ်ရင်းနှင့်သာ သကြ်န်ကို ဖြတ်ကျော်ခဲ့ရသည်။

"လူတစ်ယောက်ကို ထမင်းကျွေးထားရတာ လွယ်တာမှတ်လို့။ ထမင်းတစ်လုပ်စားချင်ရင် အလုပ်တော့လုပ်ရမှာပဲ။ ငါ့မှာ ငါ့ကလေးတွေနဲ့ အားတာမဟုတ်ဘူး။ အလုပ်လုပ်ရတာ ပင်ပန်းတယ် ထင်ရင် ဒီအိမ်မှာ မနေနဲ့ဆိုသော ဒေါ်ဥကြီး၏ စကားက၊ ကြားရဖန် များလွန်း၍ ရပ်ကွက်ထဲက လူတွေတောင် ဒေါ်ဥကြီး၏ စကားကို အလွတ်ရနေပါပြီ။ ထိုအဒေါ်ကြီးကို သူ လုံးဝ ကြည့်မရပါ။ အပြောကလည်း ကြမ်းသည်။ ထိုအဒေါ်ကြီး၏ သားသမီးတွေကလည်း'တန်ခူး' ဆိုလျှင် နိုင်လွန်းအားကြီးသည်။ ထုလိုက်၊ ခေါက်လိုက်နှင့်။ အရုပ်များ မှတ်နေကြသလားမသိ။ တစ်ခါတစ်ရံ ကျောင်းရှေ့က သစ်ပင်ကြီးအောက်တွင် ကျိတ်ငိုနေသော 'တန်ခူး' ကို တွေ့ဖူးသည်။ ဘာဖြစ်တာလဲဟု သူကမေးလျှင် မျက်ရည်တွေကို၊ အသာသုတ်ပြီး၊ ပြုံးပြုံးလေးနှင့် ခေါင်းခါပြပြီး စာကိုသာ ဆက်ပြီး ကျက်ရှာသည်။

'တန်ခူး'ကို သနား၍ သူက စာအုပ်တွေ၊ ဘောပင်တွေ အမြဲပေးသည်။ ဒါပေမဲ့ နောက်နေ့ ဆိုလျှင် မရှိတော့ပါ။ မောင်လေးတွေ ယူသွားလို့၊ ညီမလေးယူသွားလို့ဟု သာ အမြဲကြားနေရသည်။

တစ်နှစ်တစ်တန်း မှန်မှန် အောင်သလို ကျောင်းပိတ်ရက်တိုင်းလည်း အလုပ်နှင့်လက် မပြတ်ခဲ့ပါ။ ရှာလို့ရသမျှ အဒေါ်ကြီးကိုသာ အကုန်အပ်ရသည်ဟု ဆိုသည်။ တန်ခူး၏ ထမင်းချိုင့်ထဲတွင် ထမင်းနှင့်ပဲကြီးလှော်သာပါသည်။ တန်ခူးတွင် ကောင်းသောဉာဏ်ကလေးကတော့ စာကိုကြိုးစားပမ်းစားလေ့လာသင်ယူခြင်းဖြစ်သည်။ အခြားဆင်းရဲသောသူတွေနှင့် လုံးဝမတူပါ။ အချို့က ဆင်းရဲသည်ကို အကြောင်းပြ၍စာကို မကြိုးစားချင်၊ ကျောင်းဆက်မတက်တော့ဘဲ တေပေလေလွင့်နေတတ်သော သူတွေ၊ ပတ်ဝန်းကျင်တွင် အများအပြားပင်။

ထိုအထဲတွင် 'တန်ခူး'မပါဝင်ပါ။ 'တန်ခူးကို ကြီးလာရင် ဘာဖြစ်ချင်တာလဲ' ဟု သူမေးဖူးသည်။ တန်ခူးက 'ကြီးလာရင် စီးပွားရေးလုပ်ငန်းတွေကို လုပ်ချင်တာ'ဟု ပြောသည်။

သူတို့ မိဘတွေ ချမ်းသာတာတောင် သူကြီးလာရင် ဘာလုပ်ချင်သလဲဆိုသော ရည်ရွယ်ချက်ကို မသိခဲ့ပါ။ ပိုက်ဆံကို ဘယ်လိုရအောင် ရှာရမလဲ ဆိုသည်ကိုလည်း ခုချိန်ထိ 'တန်ခူး' လောက်တောင် နားမလည်ခဲ့ပါ။ ရှစ်တန်းနှစ်တောင် ရောက်နေကြပါပြီ။

'တန်ခူး'ခေါင်းပေါက်ပြီး၊ ဟိုဘက်ရပ်ကွက်က အဆောင်ကို ရောက်နေတယ်"

အိမ်တွင် သန့်ရှင်းရေးလာလုပ်ပေးသော အမျိုးသမီးကြီး၏ စကားကြောင့်၊ သူလှမ်းမေးမိလိုက်သည်။

'ဘာဖြစ်တာလဲ'

'ဟိုမိန်းမကြီးပဲပေါ့။ တန်ခူးကို ရှစ်တန်းအောင်ပြီ၊ ကျောင်းဆက်မတက်နဲ့တော့ဆိုပြီး ရိုက်တာ။





တန်ခူးကလည်း ကျောင်းတက်မှာ ပဲတဲ့လေ။ အဲဒီတော့ ဒေါ်ဂျမ်း တောကြီးက သနပ်ခါးတုံးနဲ့ လှမ်း ပေါက်တာ တန်ခူးရဲ့နဖူးကွဲသွား ရောလေ။ ပြီးတော့ အိမ်ပေါ်က နှင်ချလိုက်တာ။ အဲဒါနဲ့ တန်ခူး လည်း ဟိုဘက်ရပ်ကွက်က ဒေါ်တင်မတို့အဆောင်မှာ ရောက် နေတယ်"

သူ အမြန်ပြေးသွားလိုက်မိ သည်။ တန်ခူးဆီရောက်သောအခါ နဖူးတွင် ပတ်တီးလေးနှင့်ချုပ်တော့ မချုပ်ရပါ။ သူ့ကိုတွေ့သောအခါ မျက်ရည်လေး အဝဲသားနှင့်

"ငါ့ရဲ့ ဘဝပေးအခြေအနေပေါ့ အာကာရယ်။ ဘယ်လိုအခြေအနေ ပဲရောက်ရောက်၊ ငါကျောင်းဆက် တက်မယ်၊ အလုပ်တွေ လုပ်ပြီး ပိုက်ဆံစုမယ်။ ဒီအဆောင်လခကို ငါရှာနိုင်ပါတယ်ဟာ"

သူ 'တန်ခူး'ကို စားဖို့၊ သောက်ဖို့ ပိုက်ဆံပေးသောအခါ 'တန်ခူး'က လုံးဝမယူပါ။ မျက်ရည် တွေ တသွင်သွင်စီးကျရင်း

"ကျေးဇူးတင်ပါတယ်ဟာ။ ဒီနေ့ ဒီအချိန်ကစပြီး ငါ့ဘဝကို ငါ့ ဘာသာ ထိန်းပြီးရပ်တည်မယ်။ ဒီအဖြစ်ဆိုးတွေကနေ ရုန်းထွက်နိုင် အောင် ကြိုးစားရမယ်။ သင်္ကြန်နား လည်းနီးပြီ။ မကြာခင် သင်္ကြန် ပိတောက်တွေ ပွင့်တော့မှာ။ ပိတောက်က ငါ့အတွက်ပိုက်ဆံပဲ အာကာရဲ့။

ပြောသည့်အတိုင်း မနားမနေ ကြိုးစားသည်။ ဟိုအရင်ကထက်ပင် ပိုပြီးပျော်ရွှင်နေသလိုပင်။ ရသမျှ ပိုက်ဆံတွေကိုစုပြီး ဘဏ်တွင် နည်းနည်းနည်းနည်း သွားစုသည်ဟု လည်း ပြောကြသည်။ သင်္ကြန်ရက် တွေတွင်လည်း အနာကို ရေမစို အောင် ဦးထုပ်လေးဆောင်းပြီး ပိတောက်ပန်းတွေ လိုက်ရောင်းနေ ရှာသည်။ သူကတော့ 'တန်ခူး'ကို သနားပြီး ပိတောက်ပန်းတွေ အမြဲ လိုလို အားပေးဝယ်ယူခဲ့သည်။ သင်္ကြန်ပိတောက်ပန်းတွေတင် ရောင်းတာမဟုတ်ဘဲ သင်္ကြန်တွင်း ၌ ကြာဇံကြော်၊ ခေါက်ဆွဲကြော်တွေ ကို ကြော်ပြီး ဖော့ဘူးလေးနှင့် နေရာ အနှံ့လိုက်လံရောင်းချပြန် သေးသည်။

သင်္ကြန်ပြီးသောအခါ 'တန်ခူး' တစ်ယောက် အတော်ကလေး မြိုးမြိုးမြက်မြက် ရလိုက်သည်ဟု အဆောင်ပိုင်ရှင် ဒေါ်တင်မက ဆို သည်။ ဒီလိုနှင့် 'တန်ခူး'တစ်ယောက် ကျောင်းတက်လိုက်၊ အလုပ်လုပ် လိုက်နှင့် ဆယ်တန်းစာမေးပွဲ တောင် ဖြေပြီးသွားပြီဖြစ်သည်။

ဆရာ၊ ဆရာမတွေ၏ အချစ် တော် 'တန်ခူး'သည်လည်း စာမေးပွဲ ကို ဖြေဆိုနိုင်ခဲ့သည်ဆို၍ တန်ခူး အတွက် အားလုံးဝမ်းသာနေကြ သည်။ တန်ခူးကိုယ်တိုင်လည်း ပျော်လို့ မဆုံးတော့ပါ။ သူလည်း အပါအဝင်ဖြစ်သည်။ ကံကြမ္မာက တန်ခူးကို ချော့တစ်ခါ၊ ခြောက် တစ်လှည့်နှင့်။ မျက်နှာသာပေးလိုက် ကန်ချလိုက်လုပ်နေသလိုပင်။ အဆောင်ပိုင်ရှင် ဒေါ်တင်မကြီး ရုတ်တရက်ဆုံးသွားလေသည်။ အမွေခွဲလိုသောအမျိုးများက အဆောင်ဖွင့်ထားသော အိမ်ကြီးကို ရောင်းချလိုက်သဖြင့် တန်ခူးအတွက် နေစရာ ဘုံပျောက်သွားခဲ့ရသည်။

'တန်ခူး'အကျပ်အတည်းတွေ ဖြစ်နေချိန်တွင် သူကလည်း ဖေဖေ၊ မေမေတို့နှင့် စင်ကာပူကို သွားနေ ချိန်ဖြစ်နေ၏။ သူ မြန်မာပြည် ပြန်လာသောအခါ တန်ခူးမရှိတော့ ပါ။ ဘယ်ကို ရောက်သွားမှန်းပင် မသိ။ မေးမြန်းစုံစမ်းကြည့်သော အခါတွင်လည်း မသိကြသူတွေ ချည်းပင်။ အချို့ကတော့ ဟိုနေရာ ညွှန်လိုက်၊ ဒီနေရာညွှန်လိုက် သူသွားရှာပြန်သော်လည်း မတွေ့ပါ။ ရန်ကုန်မြို့ကြီးထဲတွင် လူပျောက် တစ်ယောက်ကို ရှာရ၊ ဖွေရသည်မှာ၊ မလွယ်ကူလှပေ။ ရင်ထဲမှာ တဆစ် ဆစ်ဝေဒနာတွေကို မျိုသိပ်ရင်း အခွင့်သာတိုင်း 'တန်ခူး'ကိုရှာနေ မိသည်။ သင်္ကြန်ရောက်တိုင်း 'တန်ခူး'များသင်္ကြန်ပိတောက်ပန်း တွေ ရောင်းနေမလားဟုဆိုကာ ရှာဖွေကြည့်မိပေမဲ့ ပျောက်သော သူကတော့ ရှာမတွေ့သေးပဲ ဝေးဝေးလို့နေလေပြီ။

(၅) နှစ်ဆိုသော အချိန်ကာလ တွင် သူလည်း ပညာတွေ အတော် စုံအောင် တတ်နေပြီ။ ဖေဖေတို့နှင့် အတူတူတွဲပြီး ကုမ္ပဏီတွင် စီမံခန့် ခွဲအုပ်ချုပ်နိုင်နေပြီ။ သူ စီးပွားရေး လုပ်ငန်းတွေကို လုပ်ကိုင်ရင်း၊ တန်ခူးကို အမြဲလိုလို သတိရမိ သည်။ ခုဆို ဘယ်တွေရောက်ပြီး၊ ဘာတွေ ဖြစ်နေပြီလဲ မသိပါ။ သံယောဇဉ်ကြိုးက 'တန်ခူး'ကို မတွေ့ရမချင်း၊ ဘယ်လိုမှ ဖြတ်၍ မရပါ။ အလုပ်တွေ မအားသော ကြောင့် 'တန်ခူး'ကိုဆက်ပြီး မရှာနိုင် ခဲ့ပါ။

သင်္ကြန်ရောက်တိုင်း၊ ပိတောက် ပန်းတွေကိုမြင်တိုင်း ပို၍ပို၍ သတိရ နေမိသည်။ မကြာခင် သင်္ကြန်တောင် ရောက်တော့မည်။

ကုမ္ပဏီက ပြန်လာသောအခါ ကားလမ်းတွေ ကျပ်သဖြင့် ရွှေတိဂုံ ဘုရားဘက်မှ ကားမောင်းပြီးပြန်လာ ခဲ့သည်။ အရှေ့ဘက်မုခ်နား အရောက်တွင် ပိတောက်ပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် တက္ကစီပေါ်မှ ဆင်းကာ ရွှေတိဂုံဘုရားအရှေ့ဘက် ဓာတ်လှေကားဆီ လျှောက် သွားသော မိန်းကလေးကို တွေ့ လိုက်ရ၍ ကားကို ရှေ့ဆက်မောင်း ပြီး ပြန်ကွေ့ကာ ကားပါကင်တွင် ရပ်လိုက်ပြီး ဓာတ်လှေကားအနီး တွင် ရှာလိုက်မိသည်။ မတွေ့ပါ။ ရင်တွေတောင် တဖျပ်ဖျပ် ခုန်လာ သည်။

ထို့နောက် ဓာတ်လှေကားစီးပြီး ရင်ပြင်တော်ပေါ်သို့ တက်လာခဲ့ သည်။ နေရာအနှံ့ရှာလိုက်မိသည်။ မတွေ့ပါ။ တထိတ်ထိတ်ခုန်နေသော ရင်ခုန်သံတွေတောင် ရပ်ချင်ချင် ဖြစ်သွားသည်။ ရွှေတိဂုံဘုရားကို တစ်ပတ်ပြီးတစ်ပတ်လျှောက်နေမိ သည်။

တနလ်ာထောင့်ကို အကြည့်က ဖျတ်ခနဲ ရောက်သွားသည်။ ဆံပင်

အရှည်ကြီးနှင့် မိန်းကလေး။ ပိတောက်ပန်းတွေကို လက်ဝါးနှစ်ဖက်ကြားတွင် ညှပ်ပြီး ဘုရားရှိခိုးနေသော မိန်းကလေးကို တွေ့ပါပြီ။

'တန်ခူး'ဟုတ်မဟုတ်တော့ မသိပါ။ အသာလေးယောင်လည်လည်နှင့် ထိုမိန်းကလေးအနားတွင် ရပ်ကာ စောင့်ကြည့်နေမိသည်။

ထိုမိန်းကလေးက ပိတောက်ပန်းတွေ၊ သွားကပ်ပြီး ပြန်လှည့်လာသည်။ မျက်ဝန်းတောက်တောက်လေးတွေက သူ့ဆီဖျတ်ခနဲအကြည့်ရောက်လာသည်။ တန်ခူးနှင့်တော့ တော်တော်လေးကို တူသည်။

နှစ်ဦးသား အတော်ကြာအောင် စိုက်ကြည့်နေမိသည်။ လှလိုက်တဲ့ မိန်းကလေးရယ်။ မင်းက တန်ခူးလားဟင်။

နှင်းဆီပန်းနုရောင်နှုတ်ခမ်း စိုစိုအိအိလေးက၊ တဖျပ်ဖျပ်လှုပ်လာပြီ. . . "အာကာ. . . . အာကာ လားဟင်"

"တန်ခူး ဟုတ်ပါတယ်နော်"

ပြုံးပြီး ခေါင်းညိတ်ပြသော 'တန်ခူး'၏အဖြေစကားကြောင့် သူ အတိုင်းမသိ ဝမ်းသာသွားရသည်။ ရှာလိုက်ရတာ တန်ခူးရယ် ဟု အကျယ်ကြီးအော်ပြောလိုက်ချင်ပေမဲ့ ဝမ်းသာလုံးတွေ တစ်ဆို့နေတာကြောင့်မို့ ဘာသံမှ ထွက်မလာပါ။ ဒီတစ်ခါတော့ 'တန်ခူး'ကို လုံးဝအပျောက်မခံတော့ဘူးဟု ဆုံးဖြတ်လိုက်မိသည်။

"အာကာ တို့နဲ့မတွေ့တာ တော်တော်ကြာသွားပြီနော်"

"တန်ခူးက ခြေရာဖျောက်သွားတာလေ"

တန်ခူးက ရယ်ရင်း

"ဘဝဆိုတာ ကြိုးစားရုန်းကန်နိုင်မှ၊ ထိုက်တန်တဲ့ ဘဝစစ်ကို ရတာလေ အာကာရဲ့။ တန်ခူးက အလှသမားမဟုတ်တဲ့ ဘဝသမားဆိုတော့ အားလုံးနဲ့ အဆက်ပြတ်နေတာပေါ့။ တန်ခူးက အာကာ့ကို လာမရှာရဲဘူးလေ"

သူ ရင်ဆို့သွားသည်။ ငယ်စဉ်က တန်ခူး၏ ဘဝလေးကို ဖျတ်ခနဲ ပြေးပြီးမြင်ယောင်ကာ အရမ်းသနားသွားမိသည်။ 'ဒီတစ်ခါတော့ မင်းရဲ့ ပင်ပန်းနေတဲ့ ဘဝလေးကို ကိုယ့်ရင်ခွင်ထဲမှာ ခိုလှုံခွင့်ပေးပါ့မယ် တန်ခူးရယ်' ဟု စိတ်ထဲမှာ ပြောကာ၊ သက်ပြင်းလေးချရင်း၊ တန်ခူးကို ပြုံးပြလိုက်မိသည်။

"တန်ခူးအလုပ်တွေ အများကြီး ပင်ပင်ပန်းပန်း လုပ်ခဲ့ရမှာပေါ့နော်"

"ဟုတ်တယ်. . . အရမ်းပင်ပန်းပေမဲ့ စီးပွားရေးဘွဲ့ရအောင် ယူနိုင်ခဲ့တယ်။ ပြီးတော့ စီမံခန့်ခွဲမှုသင်တန်းတွေလည်း တက်နိုင်ခဲ့တယ်လေ။ တန်ခူးရဲ့ကြိုးစားအားထုတ်ခဲ့တဲ့ အကျိုးက၊ တန်ခူးကို လူရာဝင်ဆံ့နိုင်စေခဲ့တာပေါ့။ ကြိုးစားမှုတွေသာ မရှိခဲ့ရင် တန်ခူးရဲ့ဘဝက လမ်းဘေးမှာပဲ ဖြစ်နေမှာ"

ယုံကြည်ချက်တွေ ပြည့်နှက်နေသော တန်ခူး၏ မျက်နှာလေးကို ကြည့်ရင်း တန်ခူးကို လွမ်းဆွတ်သတိရကြောင်းတွေထက် တန်ခူး ကို ငယ်စဉ်ကတည်းက ခုချိန်ထိ ချစ်နေမိတဲ့ အကြောင်းတွေကို အမြန်ဆုံးဖွင့်ပြောရန် ဆုံးဖြတ်လိုက်မိသည်။ ခုတော့ ကြည့်လို့မဝ၊ ရှုလို့မဝနိုင်သေးပါ။

"တန်ခူး"

ခေါ်သံကြောင့် နှစ်ဦးသား အနောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ဖြူဖြူချောချောနှင့် သူတို့နှင့်ရွယ်တူ လူတစ်ယောက်။

"ရှာလိုက်ရတာ၊ တန်ခူးက တနင်္လာဆောင့်ကို ရောက်နေတာကိုး"

"ဟုတ်တယ် မောင်ရဲ့၊ နေ့နံတွေအလိုက် ပိတောက်ပန်းတွေ လိုက်လှူနေတာလေ။ ဪ. . . မောင့်ကို မိတ်ဆက်ပေးရဦးမယ်။ ဒီမှာလေ. . တန်ခူးပြောပြောနေတဲ့ တန်ခူးရဲ့ ငယ်သူငယ်ချင်း အာကာတဲ့။ ဒီမှာ မထင်မှတ်ဘဲ ပြန်တွေ့တာလေ။ အာကာ. . . သူက တန်ခူးရဲ့ ချစ်သူ ကိုမိုးယံတဲ့။ သင်္ကြန်ပြီးရင် မင်္ဂလာဆောင်တော့မှာလေ။ ဒီနေ့သူ့ကုမ္ပဏီက ဝန်ထမ်းတွေကို အစည်းအဝေးလုပ်နေလို့ တန်ခူးက တစ်ယောက်တည်း အရင်လာခဲ့တာ။ ခုမှ အစည်းအဝေးပြီးလို့ လိုက်လာတာ။ အာကာ။ တန်ခူးရဲ့ မင်္ဂလာပွဲကို လာရမယ်နော်. . . "

'တန်ခူး'၏ အသံတွေက သူ့နားထဲတွင် ကြားတစ်ချက် မကြားတစ်ချက်။ ဘာတွေပြောနေလို့ ဘာတွေဖြေလိုက်မှန်းမသိတော့ပါ။ တန်ခူးတို့က နှုတ်ဆက်ပြီး သူ့အနားမှ ထွက်သွားကြသည်။ သူဘာဖြစ်သွားမှန်းမသိတော့။ သင်္ကြန်အကြိုမိုးဖွဲလေးတွေက တဖွဲဖွဲနှင့်သူ့ကိုယ်ပေါ်ကို ကျလာသည်။ စောစောက ပျော်ရွှင်ရင်ခုန်ခဲ့ရသော ကြည်နူးမှုလေးတွေ အားလုံး၊ မိုးရေတွေနှင့် အတူတူ မျောပါကုန်ပြီ။ သင်္ကြန်ရောက်တိုင်း လွမ်းနေရသော ဝေဒနာတွေကို တန်ခူးကိုယ်တိုင် တိတိကျကျအဖြေပေးလိုက်ပါပြီ။ ချစ်ခွင့်လေးတောင် မပန်လိုက်ရပါပဲနှင့် အသည်းဟက်တက်ကွဲသွားသော သူ့အဖြစ်ကို တန်ခူးကတော့ သိလိမ့်မည်မဟုတ်ပါ။

ဘဝသမားလေးတန်ခူးက၊ သူ့အကြောင်းကို အမြဲပြောပြောနေတယ်တဲ့လား။ ဒါဆို တန်ခူးအခက်ခဲဆုံး အပင်ပန်းဆုံး အချိန်တွေမှာ တစ်ဦးတည်းသော အားကိုးရာဖြစ်တဲ့ သူ့ကို ဘယ်လောက်တောင် သတိရနေမလဲဟု တွေးမိရင်း၊ ရင်ထဲက ပိုပြီး နာကျင်လာသည်။

သူ့ကို သတိရနေသော မိန်းကလေးကို ဘာကြောင့်များ တွေ့အောင်မရှာခဲ့တာလဲဟု သူ့ကိုယ်သူ မေးခွန်းတွေထုတ်နေမိသည်။ သင်္ကြန်မိုးက ဖွဲဖွဲလေးရွာနေရာမှ ဝေါခနဲ ရွာချလိုက်လေသည်။

ဒါဆို နောက်နေ့ ပိတောက်တွေ လှိုင်လှိုင်ပွင့်တော့မည်။ ပိတောက်တွေပွင့်တိုင်း သူမြတ်နိုးစွာ ချစ်ခဲ့ရပြီး တွေ့အောင် မရှာနိုင်ခဲ့သောကြောင့် လက်လွှတ်ဆုံးရှုံးခဲ့ရသော တန်ခူးကို ထာဝရသတိရနေဦးတော့မှာပါ။

လိုချင်တာကိုရအောင် မရှာနိုင်ခဲ့သော သူ့အဖြစ်ကို သူဘယ်တော့မှ ခွင့်မလွှတ်နိုင်လောက်အောင် သင်ခန်းစာရသွားခဲ့ပြီ။ ပိတောက်တွေပွင့်တိုင်း တန်ခူးကို သတိရနေဦးတော့မှာပါ။ ပြီးတော့ သူ တကယ်မြတ်မြတ်နိုးနိုး၊ လိုချင်သော အရာရှိလျှင်လည်း ရအောင်ယူနိုင်ဖို့ ကြိုးစားရဦးမည်။

**စုးရှမြတ်မြတ်**

# မြန်မာလူမျိုးတို့ရဲ့ မြန်မာ့အစားအစာ

ဒေါက်တာဇာနည်ဝင်း



မြန်မာလူမျိုးများဖြစ်သည့် အားလျော်စွာ ဆန်၊ ထမင်း၊ ဆန်ဖြင့် ပြုလုပ်ထားသော မုန့်အမျိုးမျိုး တို့ဖြင့် တစ်ရက်မှ ကင်းကွာကြမည် မဟုတ်တာ သေချာပါတယ်။ ဒီတစ်လမှာတော့ ဆန်ရဲ့ ကောင်းကျိုး များစွာကို ထုတ်နုတ်တင်ပြချင် ပါတယ်။

သန့်စင်မှုရှိအောင် ပြုလုပ်ထားတဲ့ ဆန်ဟာ သင့်အတွက် ကောင်းကျိုးဖြစ်တာ သေချာပါရဲ့လား။

**ပထမဆုံး ဆန်ဖြူ (သန့်စင်မှုပြုပြီး) 100g ရဲ့ အာဟာရတန်ဖိုးကို လေ့လာကြည့်ရင်**

| **အာဟာရပစ္စည်း** | **ပါဝင်မှုပမာဏ (ရာခိုင်နှုန်း)** |
|---|---|
| ကယ်လိုရီ | 130 |
| အဆီဓာတ် | 0.3g |
| ကိုလက်စထရော | 0mg |
| ဆိုဒီယမ် | 1mg |
| အမျှင်ဓာတ် | 0.4g (1 %) |
| ပိုတက်စီယမ် | 35mg (1%) |
| ကယ်လ်စီယမ် | 1 % |
| သံဓာတ် | 1 % |
| ဗီတာမင် $B_6$ | 5% |
| မဂ္ဂနီစီယမ် | 3% |

**ဆန်ကရတဲ့ အကျိုးကျေးဇူးတွေကတော့**

(၁) ခွန်အားဖြစ်စေခြင်း - နေ့စဉ်နဲ့ အမျှ လိုအပ်တဲ့ ခွန်အားများကို ဆန်၊ ထမင်းနဲ့ ဆန်ဖြင့်ပြုလုပ်ထားတဲ့ မုန့်များမှ ပေးစွမ်းနိုင်တယ်ဆိုတာ ဘယ်လိုမှ မငြင်းနိုင်ပါဘူး။ ကာဗိုဟိုက်ဒရိတ် ဓာတ်ပေါင်းများစွာဟာ လျင်မြန်စွာ ခွန်အားဖြစ်စေ တတ်တာကြောင့် ဆန်နှင့်ထမင်းမှာ ကာဗိုဟိုက်ဒရိတ်ဓာတ်များစွာ





ပါဝင်တဲ့အတွက် အင်အားကို ဖြစ်စေတာ သေချာပါတယ်။

(၂) ကြွက်သားများကို သန်မာစေခြင်း

(၃) အစာအိမ်နဲ့ အူလမ်းကြောင်းကို အထောက်အကူပြုခြင်း



ဆန်နဲ့ဆန်ဖြင့်ပြု လုပ်ထားသော အစားအစာများတွင် အမျှင်ဓာတ်ပါဝင်မှုရှိသဖြင့် အစာအိမ်နဲ့ အူလမ်းကြောင်းကို အထောက်အကူပြုခြင်း၊ မလိုအပ်သော ပိုးမွှားများကို ရှင်းလင်းပေးနိုင်ခြင်းကြောင့် များစွာကောင်းမွန်သော အာဟာရပစ္စည်းဖြစ်ပါတယ်။

(၄) မဂ္ဂနီစီယမ်ဓာတ်ပါဝင်မှုကြောင့် ခုခံအားစနစ်ကို ကောင်းမွန်စေပါတယ်။

သို့သော် အခါခါ သန့်စင်ထားသော ဆန်သည် Vit B1 ပါဝင်မှုနည်းသဖြင့် ဆန်လုံးညို၊ တချို့သော နိုင်ငံများတွင် ပေါင်းဆန်ကို စားသုံးတတ်ကြပါတယ်။

ဆန်သည် အာဟာရတန်ဖိုးများပြား သည်မှန်သော်လည်း အကြိမ်ကြိမ်ရေဆေးခြင်း၊ ဆန်ဖွတ်ခြင်း၊ ရေငံ့ချက်စားခြင်းတို့ဟာ အာဟာရဓာတ်များကို ဆုံးရှုံးစေနိုင်သဖြင့် ထမင်းရေခန်းချက်စားခြင်း၊ ပေါင်းဆန်စားသုံးခြင်းဖြင့် လိုအပ်သော အာဟာရဓာတ်များစွာကို ရနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ နှစ်သစ်မင်္ဂလာပျော်ရွှင်နိုင်ကြပါစေ။

**ဒေါက်တာဇာနည်ဝင်း**

# horoscope

DR. MYAT THIT (MANDALAY)



**မိဿရာသီဖွား** (Aries)

**မတ် (၂၁) ရက်မှ ဧပြီ (၂၀) ရက်**

သင့်အတွက် ထက်မြက်အရည်အချင်းကောင်းရှိသော်လည်း စိုးရိမ်ပူပန်ရသော ကိစ္စတချို့ကို ရင်ဆိုင်ရတတ်သည်။ မိသားစုအတွက် အခက်အခဲများကို တစ်ခုပြီးတစ်ခု ရှင်းရတတ်ပေသည်။ စာပေ၊ အနုပညာအကျိုးပေးမည်။ ပညာရေး အရည်အချင်းကောင်း ရရှိမည်။ ကျောင်းအရွှေ့အပြောင်း စိတ်မောရလိမ့်မည်။ မီးဘေးသတိပြု သင့်ပေသည်။ စက်၊ ယာဉ်၊ ကား- ပစ္စည်းကြောင့် အပူသောက သင့်ရတတ်ပေသည်။ အချစ်ရေး အဆင်ပြေလိမ့်မည်။ စာချုပ်ကိစ္စ သတိပြုသင့်ပေသည်။

**ယတြာ။ ။ အမွှေးတိုင် သက်စေ့လှူပါ။**



**ပြိဿရာသီဖွား** (Taurus)

**ဧပြီ (၂၁) ရက်မှ မေ (၂၁) ရက်**

သင့်အတွက် အပြောင်းအလဲကောင်းမှုကြောင့် ဒုက္ခရောက်ဘေးသင့်မည့် ဒုက္ခမှ လွတ်ကင်းပါလိမ့်မည်။ ငွေဝင်ကောင်းပေမည်။ လုပ်ငန်းချောမွေ့ စေတတ်သည်။ ကုသိုလ်ရေးများစွာပြုရလိမ့်မည်။ တရားအဓိဋ္ဌာန် ဝင်ရမည်။ ခရီးရှည်အကျိုးရှိပေလိမ့်မည်။ အိမ်ထောင်ရေး သတိထားသင့်ပေသည်။ ပညာရေး ဖြေဆိုအောင်မြင်စေလိမ့်မည်။ အိမ်တွင်း ခြေ ၂ ချောင်းဝင်စေမည်။ အချစ်ရေး အထူးပင် စန်းပွင့်စေတတ်ပေသည်။

**ယတြာ။ ။ ဆေးဝါးကုသိုလ်ပြုပါ။**



**မေထုန်ရာသီဖွား** (Gemini)

**မေ (၂၂) ရက်မှ ဇွန် (၂၁) ရက်**

သင့်အတွက် စကားတစ်ခွန်းကြောင့် ပေးဆပ်ရတတ်၏။ အကြံအစည် အခက်အခဲများကြားမှ ကြိုးစားရယူရပေမည်။ လူမှုရေးအခြေအနေ အဆင်မချော အတိုက်အခိုက်များမည်။ ရာထူးတိုးခြင်း၊ အလုပ်ရွှေ့ခြင်း၊ ပညာရေးအောင်မြင်ခြင်း ကြုံတွေ့စေတတ်သည်။ ဘွဲ့လွန်ပါရဂူသမားများအတွက် ပိုမို၍ ကံကောင်းစေတတ်သည်။ ပြည်ပခရီးရှည် အကျိုးရှိပေလိမ့်မည်။ အချစ်ရေး အဆင်ပြေပါလိမ့်မည်။ အသုံးစရိတ် အထူးများပြားပေလိမ့်မည်။

**ယတြာ။ ။ အချိုရည်လှူပါ။**



**ကရကဋ်ရာသီဖွား**(Cancer)

**ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်**

သင့်အတွက် အဆိုးထဲမှ အကောင်းဖြစ်လာလိမ့်မည်။ အလုပ်အကိုင် စက်ရုံ၊ အလုပ်ရုံအဆင်ပြေ တိုးတက်ကောင်းမွန်ခြင်း ရှိပေမည်။ အပင်ပန်းခံမှ အောင်မြင်ကံကောင်းစေတတ်ပေသည်။ ပညာရေး ဖြေဆိုနိုင်ပေမည်။ အချစ်ရေး စိတ်မကစားသင့်ပါ။ အနေအထိုင် သတိပြုသင့်ပေသည်။ အမွေ၊ မြေ ပြဿနာအရှုပ်အထွေးထဲ ရောက်ရှိနေပေလိမ့်မည်။ မီးဘေး၊ သူခိုးဘေး သတိပြုသင့်ပေသည်။

**ယတြာ။ ။ ဆပ်ပြာမွှေးလှူပါ။**

# horoscope

DR MYAT THIT (MANDALAY)



**သိဟ်ရာသီဖွား(Leo)**
**ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**

သင့်အတွက် ငွေ၊ ပစ္စည်းအရှုပ်အထွေးထဲ ရောက်ရှိ စိတ်မောနေရတတ်ပေသည်။ အထူးသဖြင့် ချေးငွေ၊ အာမခံငွေကိစ္စတို့အတွက် အမှားအယွင်း ဖြစ်ရတတ်ပေသည်။ တရားတဘောင် ရင်ဆိုင်ရ မှားယွင်းမှုဖြစ်ရ တတ်ပေသည်။ ခရီးရှည်သွားခြင်း ရှောင်ပါ။ ပညာရေးအောင်မြင်မှုရှိမည်။ လောင်းကစား အပျော်အပါး ရှောင်ပေးပါ။ အချစ်ရေး ကံကောင်းစေတတ်သည်။ ဂုဏ်ရှိသော အလုပ်တို့ လုပ်ရတတ်ပေသည်။

**ယတြာ။ ။ နှင်းဆီနီအပွင့်လှူပါ။**



**ကန်ရာသီဖွား(Virgo)**
**ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

သင့်အတွက် ခရီးများလိမ့်မည်။ စိတ်လှုပ်ရှားစရာ၊ ပျော်ရွှင်စရာ၊ ရင်ခုန်စရာများ ကြုံတွေ့ရတတ်သည်။ မိတ်ဆွေသစ် တိုးပွားစေလိမ့်မည်။ လက်တွဲဖော်ကောင်း တွေ့မည်။ အကြံအစည် အောင်မြင်တတ်သည်။ ကိုယ့်ထက်ငယ်သူ လုပ်ငန်းထဲမှ သဘောကျမိတတ် လက်တွဲရတတ်ပေသည်။ ပညာရေးကောင်းမွန်စွာ ဖြေဆိုနိုင်မည်။ ရေလမ်းအကျိုးရှိပေမည်။ အစားမှား အဆိပ်သင့်တတ်၍ သတိပြုပါ။

**ယတြာ။ ။ အမွှေးတိုင် ၉ တိုင်လှူပါ။**



**တူရာသီဖွား(Libra)**
**စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်**

သင့်အတွက် လက်တွဲဖော်ကောင်းမရ၍ မပျော်မရွှင် ဖြစ်နေရတတ်ပေသည်။ လုပ်ငန်းအပြောင်းအလဲ ကြိုတင်စီစဉ်လာရပေမည်။ ခရီးရှည် ပြည်ပ အထူးကောင်းမွန်ပေလိမ့်မည်။ ရေချိုးမှား အပူရှပ်တတ်၍ ဂရုစိုက်သင့်ပေသည်။ ငွေအကုန်အကျ များတတ်ပေသည်။ ဖခင်ကျန်းမာရေး ညံ့မည်။ ပတ်ဝန်းကျင် မီးဘေးသတိပြုပါ။ ကားမောင်းရာ၌ ဂရုစိုက်သင့်ပေသည်။ အချစ်ရေး ကွက်လပ်တစ်ခု ရှိနေဆဲဖြစ်တတ်သည်။

**ယတြာ။ ။ ပေါက်စီလှူပါ။**



**ဗြိစ္ဆာရာသီဖွား(Scorpio)**
**အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်**

သင့်အတွက် အကောင်းဆုံး ကြိုးစားစွမ်းဆောင်သော်လည်း အောင်မြင်မှု မရရှိတတ်ပေ။ အခက်အခဲများထဲ ရောက်ရှိစိတ်မောစေကာ ငွေကုန်လူမော အလုပ်မဖြစ် ရင်ဆိုင်ရတတ်ပေသည်။ မြေ၊ တိုက်ခန်း၊ အဆောက်အအုံပြဿနာ ရှင်းရတတ်ပေသည်။ ပညာရေး ခက်ခဲသော်လည်း အဆင်ချောမည်။ လက်ရှိအလုပ်နေရာရွှေ့ရန်ထွက်ရန် မြင်သည်။ အချစ်ရေး လိုအပ်ဆဲဖြစ်ပေမည်။

**ယတြာ။ ။ ဆွမ်းကပ်လှူပါ။**

# horoscope

DR. MYAT THIT (MANDALAY)



**မနုရာသီဖွား**(Sagittarius)
**နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်**

သင့်အတွက် ရန်ပွဲများ၊ စကားအခြေအတင်ပြောရခြင်းတို့ ရင်ဆိုင်ရတတ်သည်။ သွေးထွက်သံယို ရင်ဆိုင်ရတတ်ပါသည်။ ပညာရေးကောင်းမွန်စွာ ဖြေဆိုနိုင်လိမ့်မည်။ သင်တန်းတက်ရောက်ခြင်း အရွေးချယ်မမှားသင့်ပေ။ စက်မှုလုပ်ငန်းတို့ အဆင်ပြေပါလိမ့်မည်။ ရေလုပ်ငန်း၊ မွေးမြူရေး အကျိုးရှိစေပါမည်။ စက်ရုံတွင်း လျှပ်စစ်မီး သတိထား သင့်ပေသည်။ အချစ်ရေး အသစ်ထပ်မံ တွဲရတတ်ပေသည်။

**ယတြာ။ ။ ကြာဆံကြော်လှူပါ။**



**မကာရရာသီဖွား**(Capricorn)
**ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၁) ရက်**

သင့်အတွက် အခြေအနေကောင်းကို တဖြည်းဖြည်းချင်း ရောက်ရှိ အဆင်ပြေလာပေမည်။ မိတ်ဆွေကောင်းများ တွေ့ပေမည်။ အနုပညာ၊ စာပေ၊ ဂီတ အကျိုးပြုတိုးတက်မှု ရှိစေပါလိမ့်မည်။ ခရီးယာယီပေါ် ပေါက်ပေမည်။ ပညာရေးဖြေဆိုမှု အဆင်ချောမည်။ရပ်ကွက်တွင်း မီးသတိပြုရပေမည်။ ရတနာပစ္စည်း ရောင်းဝယ်ခြင်း အကျိုး ရှိပေလိမ့်မည်။ အလှူကုသိုလ်ပြုရတတ်သည်။ အချစ်ရေးပျော်ရွှင်မှုရမည်။

**ယတြာ။ ။ ရွှေရင်အေးလှူပါ။**



**ကုမ်ရာသီဖွား**(Aquarius)
**ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်**

သင့်အတွက် ဆွေမျိုးမိတ်သင်္ဂဟလေးစားမှု ရရှိစေမည်။ လုပ်ငန်းကို ချင့်ချိန်၍ ချဲ့ထွင်သင့်ပေသည်။ စပ်တူအလုပ် စဉ်းစားလုပ်ကိုင်သင့်ပေသည်။ လောကီပညာ အကျိုးပေးမည်။ တရားရိပ်သာ ဝိပဿနာဝင်ခြင်း ပြုရမည်။ ဖြေဆိုထားသော ပညာရေးအခြေအနေ ကောင်းမွန်ပေလိမ့်မည်။ ငွေချေး ငှားခြင်းရှောင်ပါ။ ကျန်းမာရေး ကောင်းမွန်ပေလိမ့်မည်။ ပြည်ပခရီး အကျိုးရှိ စေတတ်သည်။ အချစ်ရေး အဆင်ပြေလိမ့်မည်။

**ယတြာ။ ။ ဆီထမင်းလှူပါ။**



**မိန်ရာသီဖွား**(Pisces)
**ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

သင့်အတွက် အိမ်နေရာရွှေ့ပြောင်းခြင်းတို့ ပေါ်စေတတ်ပေသည်။ လက်တွဲဖော်မိတ်ဆွေကောင်း ရရှိမည်။ အိုးအိမ်ဆောက်ခြင်း အတိုက်အခိုက် ကြုံစေတတ်ပေသည်။ ပြည်ပခရီး အဆင်ချော ပေလိမ့်မည်။ ထီထိုးပေးပါ။ အသောက်အစားရှောင်ပါ။ ပညာရေး ကောင်းမွန်မည်။ ရိပ်သာဝင်ခြင်း ပြုရတတ် ပေသည်။ လူမှုရေး နာမည်ရစေတတ်ပေသည်။ သားသမီးအတွက် ငွေအကုန်အကျ များပေလိမ့်မည်။ အချစ်ရေး ညံ့မည်။

**ယတြာ။ ။ သပြေ ၇ ညွှန့်လှူပါ။**

**ဒေါက်တာမြတ်သစ် (မန္တလေး)**

ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှုဖြစ်သည်

# ဒါရိုက်တာဒေါနန်၏ ကျွန်စစ်မင်းကြီးကို အရေးဆိုပေးပါ

မောင်အိမ်စံ

(၁)

ဝတ္ထု၊ ချစ်ပိုးရူပါ၊ ဇာတ်ညွှန်း ကိုရာဟု၊ ဒါရိုက်တာဒေါနန ရိုက်ကူးထားသော 'ကျွန်စစ်မင်းကြီးကို အရေးဆိုပေးပါ' ဗီဒီယိုဇာတ်ကားသည် ပဒေသရာဇ်ခေတ် ရှင်ဘုရင်ဆိုသူများသည် သူတို့ကောင်းမှုအတွက် မစဉ်းစားမဆင်ခြင်ဘဲ အလွယ်တကူပြုလုပ်ခဲ့မှုကြောင့် ရိုးသားသော ကျေးလက်နေပြည်သူများတွင် အစွဲအလမ်း ကျန်ရစ်ခဲ့မှုကို ချေဖျက်ရန် ကြိုးပမ်းထားသော ဇာတ်ကားတစ်ကား ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က ဆရာဆန်းလွင် ရိုက်ကူးခဲ့သော ရုပ်ရှင်တစ်ကားနှင့် ရည်ရွယ်ချက်တူပါသည်။

ဦးမင်းခန့်မောင် (နေတိုး) သည် ကုန်းဘောင်ခေတ် မဟာဆီမဟာသွေးမှ ဆင်းသက်လာသော ဒေါ်ဥ (ချိုပြုံး) မှ မွေးဖွားလာသူဖြစ်သဖြင့် သူတို့လို မဟာသွေးဝင်ဒေါ်ခင်ခင်ကြီး၏သမီး မစောဒေဝီ (စိုးမြတ်နန္ဒာ) နှင့် လက်ဆက်ပေးရန် နှစ်ဖက်မိဘများ သဘောတူထားကြသည်။ ဦးမင်းခန့်မောင်သည် ဥပဒေအရ အဖိနှိပ်ခံရသောသူဘက်မှ ရပ်တည်အမှုလိုက်ပေးရာတွင် အောင်မြင်မှုရသဖြင့် ရှေ့နေလောကတွင် နာမည်ကြီးသည်။ လူမျိုး၊ စာရိတ္တကောင်းသူ၊ တော်ဝင်မျိုးနွယ်မို့ နာမည်ကြီးသည်။ စောဒေဝီ၏ ကုမ္ပဏီမှ အမှုကိစ္စတစ်ခုတွင် ဥပဒေရေးရာပါဝင်ကူညီရာမှ စောဒေဝီ၏လူယုံခင်မျိုးနွယ် (ယုသန္တာတင်) နှင့်ရင်းနှီးကာ ချစ်မိခဲ့သည်။ နွယ်ကိုယ်တိုင်ကလည်း မင်းခန့်မောင်ကို ချစ်သည်။ သို့သော် နွယ်က သူ့ဘဝကို သူသိသဖြင့် 'လက်ထပ်ပါရစေ' ဟု ခွင့်တောင်းသောအခါ ရှောင်ပြေးသည်။ ပဲခူးတရားရုံးတွင် သူငယ်ချင်းကျော်စွာ၏ အမွေမှုကို လိုက်ရန်လာရာမှ ကျော်စွာတို့အိမ်တွင် ကုမ္ပဏီကိစ္စနှင့်လာသော ကျော်စွာ့မိန်းမ၏သူငယ်ချင်း နွယ်ကို ပြန်တွေ့ခဲ့သည်။ ထိုမှတစ်ဆင့် အချစ်နယ်ကျွံခဲ့ကြသည်။ ပြီးမှ နွယ်ခြေရာဖျောက်သွားခဲ့သည်။ စောဒေဝီက သူ့ညီမဟု တင်စားပြောခဲ့သည်ကို အဟုတ်ထင်နေသော မင်းခန့်မောင်က မိခင်ကြီးကို မဟာဆီမဟာသွေးဖြစ်ကြောင်းပြောပြီး ထိုကိစ္စကို စောဒေဝီအား ဖွင့်ပြောရာ နွယ်သည် ဘုရားကျွန်အပယ်ရှာသူဟု သိသွားခဲ့သည်။ မိခင်ကြီးက သဘောမတူသည့်ကြားမှ ပုဂံသို့ လိုက်သွားရာ ဘုရားတွင် နွယ်တောင်းရမ်းနေသည်ကို တွေ့ပြီး နွယ့်ဘဝမှန်ကို သိသွားခဲ့သည်။ နွယ်၏မိခင်ကြီး မျက်စိကွယ်၊ ဦးလေးက ကိုယ်ရေပြားရောဂါဖြစ်လာသည်မှာ သူတို့၏ ရိုးရာအစဉ်အလာ တောင်းရမ်းမှုကို မပြုလုပ်၍ဟု ယူဆယုံကြည်ထားသည်။ မိခင်ကြီး၏ မျက်စိကို ကုသရာတွင် အောင်မြင်နိုင်ရန် စတိဖြစ်ဖြစ် တောင်းရမ်းရမည်ဟု ယုံကြည်စွဲလမ်းပြီး တောင်းနေသည့်မိခင်ကို နွယ် တွေ့သွားခဲ့သည်။ မိခင်က နေမကောင်းဖြစ်နေသဖြင့် မိခင်ကိုယ်စား သူ တောင်းနေစဉ် မင်းခန့်မောင်နှင့် တွေ့ခြင်းဖြစ်သည်။ မင်းခန့်မောင်ကို ရှောင်ရင်းထွက်ပြေးရာတွင် နွယ်ကားတိုက်ခံရပြီး ဆေးရုံသို့ရောက်သည်။ ဒေါက်တာက ခေါင်းကိုထိခိုက်ပြီး အာရုံကြောကို ထိခိုက်သွားသဖြင့် ရက်ရှည်ကုသရမည်ဟုဆိုသည်။ တရားခံအစစ်ကမူ ကျွန်စစ်မင်းဖြစ်သည်။ ရွာသားများကို ခေါင်းလောင်းထိုးရေစက်ချပြီး ဘုရားကိုလှူခဲ့သဖြင့် ရွာသားများတွင် ဤသို့ စွဲလမ်းနေခြင်းဖြစ်သည်။ ဇာတ်လမ်းက ဤမျှသာ. . .

(၂)

လူ့အဖွဲ့အစည်းတိုင်းတွင် သတ်မှတ်ခံ၊ ဓလေ့ထုံးတမ်း၊ ရိုးရာအစဉ်အလာများ ရှိကြသည်။ ဒါကို ၂၁ ရာစု ပညာလူ့ အဖွဲ့အစည်းနှင့် တိုင်းတာ၍ အားလုံးရမည်တော့ မဟုတ်ပါ။ သို့ရာတွင် ချစ်ပိုးရူပါတင်ပြသည့်



ဘုရားကျွန်ကိစ္စကမူ ယနေ့ခေတ်အခြေအနေအရ မည်သို့မှ မရှိသင့်တော့သော အစွဲအလမ်းတစ်ခု ဖြစ်ပါသည်။

မြန်မာရာဇဝင်တွင် ကျန်စစ်သားသည် လူစွမ်းကောင်းဖြစ်ရုံမျှမက ဖခင်၏ အမွေကို ဆက်ခံပြီး ဗုဒ္ဓဘာသာထွန်းကားအောင် စွမ်းဆောင်နိုင်ခဲ့သော မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်ခဲ့ပါ၏။ သို့ရာတွင် ထိုမင်းကောင်းမင်းမြတ်သည်ပင်လျှင် ရိုးသားသော ကျေးရွာသူကျေးရွာသားများဖြစ်ကြသော လူသားစစ်စစ်ကို ခေါင်းလောင်းထိုး ရေစက်ချပြီး ဘုရားကျွန်အဖြစ် လှူဒါန်းသွားခဲ့ပါ၏။ ထိုကိစ္စသည် သာမန်ကြည့်ပါလျှင် မသိသာသော်လည်း နက်နက်ရှိုင်းရှိုင်း ကြည့်လိုက်ပါလျှင် ပဒေသရာဇ်ခေတ်ဘုရင်များ၏ 'အတ္တ' ကို မြင်တွေ့ရလိမ့်မည်ဖြစ်သည်။

ဤဇာတ်ကားသည် ရည်ရွယ်ချက်ကောင်းသည်။ ခေတ်နှင့် အံဝင်ခွင်ကျမဖြစ်တော့သော ရိုးရာအစွဲအလမ်းတစ်ခုကို ချေဖျက်ရန် ကြိုးပမ်းသဖြင့်လည်း ယနေ့ထွက်ရှိနေသော ဗီဒီယိုကားများထဲတွင် တစ်မူထူးခြားသော ဇာတ်ကားတစ်ကားဖြစ်သည်။ ဒီမိုကရေစီလူ့ဘောင်သစ်တစ်ခုကို ထူထောင်မည်ဆိုပါလျှင် လူလူချင်း အဆင့်ခွဲခြားခြင်း၊ အသားအရောင်ခွဲခြားခြင်းမျိုးသည် မရှိသင့်တော့ပေ။

ဒေါနသည် 'ကျန်စစ်မင်းကြီးကို အရေးဆိုပေးပါ' တွင် ပဲခူးမြို့ ကျော်စွာတို့အိမ်တွင် မင်းခန့်မောင်နှင့် ခင်မျိုးနွယ်တို့၏ အချစ်နယ်လွန်မှုကို အိပ်ရာပေါ်တွင် ကျန်ခဲ့သော ဆံပင်ညှပ်ကလစ်ကို ရုပ်လုံးဖော်ပစ္စည်းတစ်ခုအဖြစ် ရိုက်ပြပြီး ပရိသတ်ကို အသိပေးသည်။ ချစ်ခန်းကြိုက်ခန်း၊ အိစက်ညက်ညောသော ဖဲမွေ့ရာပေါ်မှ အခန်းကို မပြ။ ဒါသည် သူ၏အနုပညာဖြစ်သည်။ မင်းခန့်မောင်၏ စရိုက်ကို ပုံဖော်ရိုက်ကူးရာတွင် သိန်းဇံကို ဟောက်ထုတ်သောအခန်း၊ တရားခွင်တွင် လျှောက်လဲခန်း၊ နွယ်ကို ချစ်ရေးဆိုခန်းတို့၌ ပီပီပြင်ပြင် ရိုက်ကူးပြသနိုင်ပါ၏။

သို့ရာတွင် ဤဇာတ်ကားသည် ပါးစပ်ဖြင့် ပြောနေရသော အခန်းများ ပါဝင်နေသည်။ ပြဇာတ်ဆန်နေသည်။ တချို့ကို အရုပ်ဖြင့် ပြရန်ကြိုးပမ်းသင့်ပါ၏။ ပုဂံအခန်းများကမူ ပါသင့်သလောက်မပါ။ တည်းဖြတ်ပြီးထည့်ထားသော အခန်းများကမူ စဉ်ဆက်ညီညွတ်မှုကို မထိခိုက်ပါ။ အပယ်ရွာသားများ၏ ဘဝမှန်ကို ယခုထက် ဖော်ပြသင့်ပါ၏။ ထိုသို့ဖော်ပြပါလျှင် ဇာတ်ကားသည် ပို၍ ရသမြောက်ကာ လင်းလက်တောက်ပလာမည်ဖြစ်သည်။ ဇာတ်ကားတစ်ကားလုံး၏ ဇာတ်ထွတ် (climax) ကမူ နွယ် တောင်းရမ်းနေသည်ကို မင်းခန့်မောင်တွေ့ပြီး နွယ်ကို ဆွဲခေါ်သွား၊ ဘုရားတွင် စကားပြောသောအခန်း ဖြစ်သည်။ Dialogue ရှည်သော်လည်း ထို Dialogue မှာ အရုပ်ဖြင့် ပြ၍ရသော Dialogue မဟုတ်သဖြင့် ဝေဖန်ရန်မသင့်ပါ။ ဇာတ်တစ်ဇာတ်လုံးကို ဖော်ဆောင်ပေးလိုက်သော Dialogue ဖြစ်သည်။

နွယ်မိခင်၏ မျက်စိရောဂါ၊ နွယ်ဦးလေး၏ ကိုယ်ရေပြားရောဂါတို့သည် ဘုရားကျွန်ဖြစ်ပါလျက်နဲ့ သမီးမိန္နယ်၏ အထောက်အပံ့နှင့် ရပ်တည်ကာ မတောင်းရမ်း၍ အစဉ်အလာကို ဖျက်သဖြင့် ဖြစ်နေရသည့် ဝဋ်နာကံနာဟု ယုံကြည်စွဲလမ်းနေကြသည်။ နွယ်က မင်းခန့်မောင်ကို အကြောင်းစုံ ရှင်းပြပါသည်။

"နွယ့်ဘဝက ဘုရားကျွန်ရွာသူမလေး ဘဝပါ အစ်ကိုရယ်။ နွယ့်ကို မေ့လိုက်ပါ။ ဒါမှ ကျိန်စာသင့်နေတဲ့ အမေ့မျက်စိကို ကုလို့ရမှာ"

"မဟုတ်ဘူး နွယ်။ ကိုယ် လက်မခံနိုင်ဘူး။ နွယ်တို့ရဲ့ ရွာသူရွာသားတွေဟာ ခေတ်အမြင်ကျဉ်းပြီး ပုဂံခေတ်က ကျိန်စာဟောင်းကို မှန်ပေါင်သွင်းရေခဲရိုက်ပြီး ကိုးကွယ်နေကြလို့ လူရိုးလူအကြီးတွေ ဖြစ်နေတာပါ။ ဘုရားဝေယျာဝစ္စကို လုပ်တဲ့ ရိုးသားတဲ့ နယ်သားတွေဟာ ကပ်ကြီးသုံးပါးဆိုက်ပြီး ဆွေစဉ်မျိုးဆက် ဝဋ်နာကံနာလိုက်



ရပါတယ်ဆိုတာ မဟုတ်ဘူးနွယ်"

ချစ်ပိုးရှုပါသည် မင်းခန့်မောင် ပါးစပ်မှ နွယ့်မိခင်၏ရောဂါနှင့် ဦးလေး၏ရောဂါဖြစ်ရသည့် အကြောင်းရင်းကို ပြောပြပါသည်။

"နွယ့်အမေ မျက်စိရောဂါဖြစ်တာ မိုးခေါင်ရေရှားပိုင်းမို့ မျက်ခမ်းစပ်ပြီး မျက်ခမ်းနီရောဂါဖြစ်ရတာ။ နွယ့်ဦးလေးလည်း အဲဒီအတိုင်းပဲ။ ရေရှားတဲ့နေရာမှ ရောက်နေ၊ ရေကို ဖောဖောသီသီမသုံးနိုင်လို့ အရေပြားတွေ ပျက်စီးသွားရတာ"

"နွယ့်ကို ခွင့်လွှတ်ပါအစ်ကိုရယ်။ ပုဂံမြေမှာ လူဖြစ်ရတဲ့ နွယ်တို့လို မိန်းကလေးတွေရဲ့ ဘဝဟာ လောကသမ္မုတိနတ်လို တန်ခိုးကြီးတဲ့ ကျန်စစ်သားမင်းကြီးက ရေစက်ချလှူဒါန်းခဲ့လို့ နွယ်တို့အပယ်ရွာသူတွေရဲ့ ဘဝဟာ ဘိုးစဉ်ဘောင်ဆက် ဘုရားကျွန်အဖြစ်က လွတ်မြောက်အောင် မစွမ်းနိုင်လို့ နွယ့်ကို မုန်းလိုက်ပါတော့"

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရသော နွယ်သည်ပင် မိခင်ကိုချစ်၍ အလိုလိုက်ကာ မမှန်ကန်သော အတွေးအမြင်တစ်ခုကို မလွှဲမရှောင်သာ လက်ခံလိုက်ရပါ၏။ ဇာတ်ကား၏ ပမာဏ ရည်ရွယ်ချက်သည် မအောင်မြင်ဘဲ ဇာတ်ကားဆုံးသွားခဲ့ပါသည်။

(၃)

'ကျန်စစ်မင်းကြီးကို အရေးဆိုပေးပါ' သည် ရည်ရွယ်ချက်ကောင်းသည်။ Dialogue ကောင်းသည်။ တည်းဖြတ်မှုကောင်းသည်။ ဒါရိုက်တာ ဒေါနသည် ဇာတ်ကောင်များကို နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်သည်။ မဟာဆီ၊ မဟာသွေးမျိုးရိုးကို ပြရာတွင် အဖြစ်အပျက်များဖြင့် မပြနိုင်ခဲ့ပါ။ အဖိနှိပ်ခံပြည်သူများမှ ရပ်တည်ပြီး ဥပဒေမိုးရေးကို တန်ဖိုးထားလုပ်ဆောင်နေသော တရားလွှတ်တော်ရှေ့နေတစ်ဦး၊ နွယ့်ကိုချစ်မိပြီး မိမိချစ်ရသူသည် အပယ်ရွာသူတစ်ဦးဖြစ်နေသဖြင့် ခံစားရသူ လူငယ်မင်းခန့်မောင်အဖြစ် သရုပ်ဆောင်ရသော နေတိုးသည် ဇာတ်ကောင်စရိုက်ဝင်သည်။ သရုပ်ဆောင်ရာတွင် သတိရှိသည်။ ကုမ္ပဏီပိုင်ရှင်၊ မင်းခန့်မောင်နှင့် မိဘသဘောတူထားသည့်အပြင် သူကိုယ်တိုင်ကပါ အထင်ကြီးလေးစားနေသူ စောဒေဝီအဖြစ် သရုပ်ဆောင်ရသော စိုးမြတ်နန္ဒာသည်လည်း ဇာတ်ကောင်စရိုက်ဝင်သည်။ မင်းခန့်မောင်ကို ချစ်ပါလျက်နှင့် အပယ်ရွာသူဖြစ်နေသဖြင့် ထွက်ပြေး၊ စွန့်ခွာခဲ့ရသူ ခင်မျိုးနွယ် (ချိုမလေး) အဖြစ် သရုပ်ဆောင်ရသော ယုသန္တာတင်ကမူ အကောင်းဆုံးဖြစ်သည်။

ယုသန္တာတင်၊ အိချောပို၊ ရွှေမှုန်ရတီတို့သည် သိပ်မကြာမီကမှ ပိတ်ကားပေါ်သို့ ရောက်ရှိလာကြသော သရုပ်ဆောင်သစ်များ ဖြစ်ကြပါ၏။ တက်လာစဉ်က စရိုက်ဝင်သရုပ်ဆောင်နိုင်ခဲ့သော ရွှေမှုန်ရတီသည် ယခုတော့ ဇာတ်ကောင်စရိုက်မဝင်တော့ပါ။ လူမင်းကိုင်တွယ်ပြသခဲ့စဉ်က ကောင်းခဲ့ပါလျက်နှင့် ယခုတော့ သရုပ်ဆောင် 'ပို' နေပါသည်။ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးသင့်ကြောင်း စေတနာစကား ဆိုလိုက်ပါရစေ။

နိဂုံးပြုဆိုရလျှင် ယနေ့ထွက်ရှိနေသော ဗီဒီယိုကားများသည် ပရိသတ်အလိုလိုက်၊ ငွေကြေးရအောင် ရိုက်ကူးနေကြသည့် ခပ်ညံ့ညံ့ ဇာတ်ကားများက များနေပါသည်။ ဤဇာတ်ကားကမူ ရည်ရွယ်ချက်ကောင်းရုံမျှမက သရုပ်ဆောင်ရော၊ ဒါရိုက်တာပါ ကောင်းနေသော ဇာတ်ကားတစ်ကားဖြစ်နေပါသဖြင့် ဝမ်းမြောက်စွာ ကြိုဆိုလိုက်ရပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**

၁။ ကျွန်တော်နဲ့အဖေ
၂။ ပန်းလက်ဖဝါးမှာ ပန်းအပ်ပိုင်ခွင့်မရှိတဲ့ ကောင်လေး
၃။ ပျိုလေးရည်းစား မြို့ကြီးသား
၄။ တစ်လက်ကိုင်



ရည်ညွှန်းဖွဲ့သီချစ်သူဆီ....

မြို့ထဲကို နောက်ဆုံးရထား ဝင်လာသည်။ ရထားပေါ်မှ ဂစ်တာ ခပ်စုတ်စုတ်တစ်လက်လွယ်ထားသော လူတစ်ယောက်ဆင်းလာသည်။ အချိန်အတော်နှောင်းမှ ဝင်လာသောရထားဖြစ်၍ လူတိုင်း နီးပါးခြေကို သွက်သွက်လျှောက်ကာ ဇောကြီးနေသည်။ ထိုလူခြေလှမ်းများကတော့ အခြားသူများကဲ့သို့မဟုတ်။ ခြေလှမ်းများက ဦးတည်ရာ မရှိသည်ကို ပြောပြနေသယောင်။ အချိန်မီအရောက် သွားရမည့်နေရာ မရှိသည့် ခြေလှမ်းများအတွက် သူမှာ လောနေဖို့မလို။

ဘူတာရုံထဲမှ သူထွက်လာလိုက်ပြီး လမ်းဘေးပလက်ဖောင်းပေါ် သူထိုင်ချ



လိုက်သည်။ သူဗိုက်တော့ ဆာနေလေပြီ။ သို့သော်လည်း ဒီလို ဗိုက်ဆာတာလောက်တော့ သူခံနေရတာများသဖြင့် ရိုးတောင်နေပြီပဲ။ အိတ်ကပ်ထဲလည်း ငွေအကြွေပင်မရှိတော့မှန်း သေချာလွန်းသဖြင့် အထပ်ထပ်ဖြစ်နေသော သူ့အင်္ကျီထဲ ဘောင်းဘီထဲလိုက်ရှာဖို့ သူကြိုးစားအားမထုတ်တော့။

ငွေမရှိသည်မှာ သူ့အတွက်မဆန်း။ သူ ဒီလိုပဲ မြို့တွေ တစ်မြို့ ပြီးတစ်မြို့ ခရီးသွားဖြစ်သည်။ ဖြတ်သွားဖြတ်လာများသည့် နေရာတွင် ဂစ်တာတီးပြီး သူဖျော်ဖြေသည်။ ဂစ်တာတီးသံကို သဘောကျသူများ ပေးကမ်းခဲ့ကြသော ငွေကြွေများနှင့် သူစားသောက်သည်။ သူ့မှာ နေစရာ နေရာရယ်လို့ အတိအကျမလို။ မိုးဒဏ်နှင်းဒဏ်ကာပေးသော အမိုးအကာတစ်ခုခုရှိလျှင် လုံလောက်ပြီ။

ဘယ်ဆီကို သွားနေမှန်းလည်း သူ့ဆီမှာ မရေရာ။ ဦးတည်ရာလည်း မရှိ ။ မှီတွယ်ရာလည်း မရှိ ။ သူက ဝမ်းနည်းပေးရမည့် သူမရှိ။ သူ့အတွက် ဝမ်းနည်းပေးမည့်သူမရှိ။ သူ့ကြောင့် ဂုဏ်ငယ်မှာ စိုးရမည့်သူ သူ့မှာမရှိ။ သူများကြောင့် သူဂုဏ်ရခြင်းလည်း သူ့ထံတွင် ရှိလာမှာမဟုတ်။ ဒီ့အတွက် သူကျေနပ်သည်။

ဒီနေ့လို ဆာသည့်နေ့အတွက် သူစိတ်ညစ်ရသော်လည်း ဘာမှမရှိသော သူ့အတွက် ဘာကိုမှ ကြောက်စရာမလိုသလိုကို ဖြစ်နေတော့သည်။ သူ့မှာ မိသားစုမရှိ။ အလုပ်မရှိ၊ ကျောင်းမရှိ၊ ငွေမရှိ၊ အို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဂစ်တာတစ်လက်ဆိုရုံလောက်ပဲရှိတာ။ တစ်ခါတလေ အဲဒီမရှိခြင်းတွေထဲမှာပဲ အရာရာပြည့်စုံနေတာ သူလိုလူတစ်ယောက်ပဲ သိမယ်ထင်ပါရဲ့။

ဒီနေ့တော့ သူ့အတွက် စားစရာ ဝယ်ဖို့ပိုက်ဆံမရလောက်တော့။

ဒီတော့ သူအိပ်ဖို့နေရာ တစ်ခုခုရှာလိမ့်မည်။ ပြီးမှ အဆင်ပြေလျှင် ကြုံရာစား မပြေလျှင် ဒီအတိုင်း အိပ်ရလိမ့်မည်။ ဒီလောက် ဆာရုံနဲ့ သူ့အတွက် သိပ်ထူးလှသည့် ဒုက္ခတစ်ခုတော့ မဟုတ်။ အနည်းဆုံး တစ်လလျှင် ၃ ခါလောက်တော့ သူကြုံနေရမြဲ မဟုတ်လား။

၁၅ မိနစ်ခန့် သူလမ်းလျှောက်ထွက်လာပြီး နားရန် နေရာရှာသည်။ ရှေ့တွင် အမိုးနီများ ဆင်တူတန်းစီအုပ်မိုးထားသော ဆိုင်ခန်းများ တစ်ဖက်တစ်ချက်စီရှိသော လမ်းကိုမြင်နေရသည်။ တစ်ဖက်စီရှိ ဆိုင်ခန်းများကြား ဖောက်ထားသော ကြွေအုတ်နီနီလေးများ ခင်းထားသော လမ်းလေးကိုလည်း သူတွေ့လိုက်ရသည်။ ဆိုင်ခန်းများမှာ ညဥ့်နက်ပြီဖြစ်၍ မီးကိုလင်းသည် ဆိုရုံမျှသာ ထွန်းထားကြသည်။ သိပ်မလင်းလှသည့် လမ်းမီးများမှာ အနီရောင်ဘက်ကို ခပ်အုပ်အုပ်သန်းလျက်ရှိသည်။ ဆိုင်ခန်း၏ နေရောင်ကာအမိုးနီကိုဖြတ်လျက် ထိုးဆင်းနေသော အနီရောင်အလင်းများမှာ ရောင်ပြန်ဟပ်သည့်အတွက်လားတော့ သူမပြောတတ်။ ထိုလမ်းအဆုံးတွင် ခုံးကျော်တံတားရှိသည်။ ထိုခုံးကျော်တံတားအောက်မှ ဖြတ်သွားလျှင် တစ်ဖက်မှာ လူနေရပ်ရှိနေဟန်တူသည်။ သို့ဆိုပါက ဒီနေရာသည် သူ့အတွက် အသင့်တော်ဆုံးဖြစ်လိမ့်မည်။ ထပ်ပြီး သူမစဉ်းစားချင်တော့။ ဆောင်းညကလည်း အေးလှပြီ။ သူ့အတွက်နေရာတွေ့လိုက်ရပြီးနောက် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်သည်။

တံတားအောက်အရောက် သူဂစ်တာနှင့် ပါလာသောပစ္စည်း အနည်းငယ်ကို ချလိုက်သည်။ ညကပိုနက်ပြီး ပိုအေးလာသော်လည်း သူမနားနိုင်သေး အမှိုက်ပုံထဲမှာ ဆိုင်များမှ စွန့်ပစ်ထားတတ်ကြသော သူခင်းအိပ်စရာတစ်ခုခု ရှာရမည်။ ကတ်ထူပြားများက ရနိုင်ခြေ အများဆုံးဖြစ်သည်။

သူ ဟိုဟိုဒီဒီလိုက်ရှာလိုက်တော့ သူနှင့် မလှမ်းမကမ်းအကွာဝေးမှာပင် ကတ်ထူများစွန့်ပစ်ထားသော အမှိုက်ပုံကို သူတွေ့လိုက်ရသည်။ သူ ခင်းအိပ်စရာထက်ပင် ပိုလျှံနေသာ ကတ်ထူများကိုတွေ့တော့ ထုံးစံအတိုင်း ရွေးစရာရှိမှတော့ သူအကောင်းဆုံး ရွေးယူလိုက်သည်။ သူ ကတ်ထူများမ၍ ထပြန်ရန်အလုပ် အမှတ်မထင် ထိုကတ်ထူပုံရှေ့မှ ဆိုင်ခန်းရှိရာ မျက်လုံးက ရောက်သွားသည်။

Terpsichore ဟူသော ဆိုင်းဘုတ်တပ်ထားသည်။ ဆိုင်းဘုတ်အရတခြားသူများ လာရောင်းထားသည့် ပစ္စည်းအဟောင်းများကို ဈေးနှုန်းသက်သက်သာသာဖြင့် ဝယ်နိုင်သော ဆိုင်မျိုးဖြစ်သည်။ ဆိုင်နာမည်က လှသည်။ Terpsichore ဆိုသည်က ဂီတနှင့် အကကို ကိုယ်စားပြုသော ဂရိနတ်သမီးဖြစ်သည်။ ဆိုင်နာမည်က ဂီတနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေသည့်အတွက် ဂီတကို မြတ်နိုးသော သူ့ကို စိတ်ကျေနပ်စေသည်။ သူလို ငွေကြေးချို့တဲ့သော လူတစ်ယောက်အတွက် လိုချင်သောပစ္စည်းကို ဈေးသက်သက်သာသာနှင့် ဝယ်လို့ရသော ပစ္စည်းအဟောင်း အရောင်းဆိုင်များသည် သူ့ကို အမြဲ ဝင်ကြည့်အောင် ဆွဲဆောင်ထားနိုင်သည်။ ပုံမှန်အားဖြင့် သူဝယ်နေကျ မဟုတ်သော်လည်း ဘယ်လိုပစ္စည်းမျိုးများ ရောက်နေတတ်မလဲ သူ စိတ်ဝင်စားသည်။

ကောက်ယူထားသော ကတ်ထူများကို မြေကြီးပေါ် ပြန်ချလိုက်ပြီး ဆိုင်ခန်းသို့ သူခြေလှမ်းလာသည်။

ညဥ့်နက်ပြီဖြစ်၍ ဆိုင်ရှင်လည်း အိမ်ပြန်ပြီလား သို့မဟုတ် အတွင်းမှာပဲအိပ်နေပြီလား တစ်ခုခုတော့ဖြစ်မည်။ ဆိုင်အတွင်းမှ ပစ္စည်းများမှာ အတော်ပင် ဟောင်းနွမ်းစုတ်ပြတ်နေသည်။ ရှိရှိသမျှ သုံးမရတော့သော ပစ္စည်းအဟောင်းများ ကလေးကစားစရာများ အပ်ချုပ်စက်ဟောင်းများ ရေဒီယိုကက်ဆက်အဟောင်းများအပြင် တူရိယာအဟောင်းအချို့လည်း ရှိသည်။ နာရီအဟောင်းများကလည်း နံရံပေါ်မှာ ဟိုတစ်လုံး ဒီတစ်လုံး။ ပန်းချီကားအဟောင်းများလည်း ကပ်ထားသည်။ မီးမလင်းသော မီးဆိုင်းအချို့က မျက်နှာကြက်ပေါ်မှာ။ ပြီးတော့ လေယာဉ်ပျံအဟောင်းများ ငှက်ရုပ်အဟောင်းများကလည်း တွဲလောင်းချိတ်ဆွဲလျက်ရှိသည်။

**စိတ်ထဲမှာလည်း**
**တစ်စုံတစ်ယောက်က**
**သူ၏လှုပ်ရှားမှုကို**
**လိုက်ကြည့်နေသည်ဟု**
**ခံစားရသည်။**
**သူလှည့်ကြည့်လိုက်တော့**
**ကန့်လန့်ကာ နောက်ကွယ်မှ**
**သူ့ကို ခိုးကြည့်နေသော**
**မျက်ဝန်းတစ်စုံ။**
**ခိုးကြည့်နေသည်ဟု**
**သူ့စိတ်က ထင်နေသော်လည်း**
**မျက်ဝန်းတို့က စူးရှလွန်းသည်။**

မြင်ရသမျှ အလင်းဖြင့် သူပစ္စည်းဟောင်းများကို တစ်ခုချင်းစီကို လိုက်ကြည့်မိသည်။ လမ်းမနှင့်ကပ်လျက် ပြတင်းတံခါးလေးပေါက်ကနေ သူ တစ်ပေါက်ချင်းစီမှ သူဆိုင်ခန်းအတွင်းသို့ ကပ်လျှောက်လျက် ကြည့်နေသည်။ လေးပေါက်မြောက် ပြတင်းပေါက်အရောက်တွင် သူဆိုင်ခန်းတွင်းသို့ ဆက်ကြည့်မနေတော့။ ဇာပဝါကန့်လန့်ကာကာ ထား၍ သူကြည့်နေလျှင်လည်း ဘာမှ သဲသဲကွဲကွဲမြင်ရမည် မဟုတ်။ အခန်းထဲတွင် မီးအိမ်အဟောင်းလေး မှိန်ပျပျ ထွန်းထားသည်ကိုတော့ သူမြင်သည်။ သေချာကြည့်မနေချင်တော့ ပစ္စည်းများအားလုံးနီးနီး သူကြည့်ပြီးဖြစ်နေသဖြင့် သူ ကတ်ထူများထားရာနေရာသို့ ပြန်ရန် ခြေလှမ်းလိုက်သည်။

တစ်လှမ်း. . . .

နှစ်လှမ်း. . . .

သုံးလှမ်းမြောက်အရောက် . . .

ခြေလှမ်းတို့ ရပ်တန့်သွားသည်။

သူမသိစိတ်ထဲက အမည်မသိသော အရာတစ်ခုခုလှုံ့ဆော်မှုကြောင့်လားမသိ။ ရုတ်တရက် သူ့ခြေလှမ်းတို့ တုံ့ဆိုင်းရပ်တန့်သွားသည်။

သူ့ မသိစိတ်ထဲက နှိုးဆော်မှုကြောင့်ဖြစ်မည်။ သူဆိုင်ထဲသို့ ရုတ်တရက်နောက်ပြန် လှည့်ကြည့်လိုက်သည်။ စိတ်ထဲမှာလည်း တစ်စုံတစ်ယောက်က သူ၏ လှုပ်ရှားမှုကို လိုက်ကြည့်နေသည်ဟု ခံစားရသည်။ သူလှည့်ကြည့်လိုက်တော့ ကန့်လန့်ကာ နောက်ကွယ်မှ သူ့ကို ခိုးကြည့်နေသော မျက်ဝန်းတစ်စုံ။ ခိုးကြည့်နေသည်ဟု သူ့စိတ်က ထင်နေသော်လည်း မျက်ဝန်းတို့က စူးရှလွန်းသည်။ ဆိုလိုသည်က မမှိတ်မသုန် သူမ စိုက်ကြည့်နေရှာသည်။ စုတ်စုတ်ပြတ်ပြတ်လူကို ဘာတွေများ အံ့သြစရာဖြစ်နေပါလိမ့်။ ပုံမှန်အားဖြင့် ဘယ်လိုလူတစ်ယောက်ကမှ အရေးတယူ သူ့အားစိုက်ကြည့်

သည်ဟူ၍ မရှိခဲ့တာ နှစ်နှစ်ဆယ်ခန့် ကြာခဲ့ပြီ။

သြော်. . . သူကိုယ်တိုင်လည်း ဘယ်မိန်းမပျိုလေးရဲ့ မျက်ဝန်းကိုမှ ကြည့်ရလောက်အောင်ထိ ယုံကြည်ချက်တို့ မရှိခဲ့ပါလား။ သူကိုယ်တိုင် မိန်းကလေးတို့၏ မျက်ဝန်းအစုံကို စိုက်မကြည့်ဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီပဲလေ။

မျက်ဝန်းများကို သူရှာဖွေတွေ့ရှိသွားသည့်နောက် သူကျေနပ်သွားသည်။ သူမြင်တွေ့လိုက်ရသည်က ခဏတာလေးမျှသာ ဖြစ်သည်။ ဒါပေမဲ့ အနီးကပ်သွားပြီး နှုတ်မဆက်ချင်တော့။ သူမ ရှက်သွားမှာ သူကြောက်သည်။ ဇာပဝါနောက်ကွယ်မှ သူမ ဒီတိုင်းလည်း လှနေသည်။ ရှိစေတော့။ ပိုးစုန်းကြူးလေး တစ်စုံ ဖမ်းမိသလိုပဲ ကိုယ်က သိမ်းထားလို့ရပေမဲ့ ကိုယ့်လက်ထဲရောက်မှ အလင်းမှိန်သွားမှာစိုးလို့ လိုက်ဖမ်းမထားတော့ပါဘူး။ ဒါပေမဲ့ ခုနက အခိုက်တန့်လေးကိုတော့ သူ သိမ်းထားပါရစေ အရင်မကြည့်ဖြစ်ခဲ့တဲ့ နှစ်နှစ်ဆယ်စာအတွက် ဖြစ်ဖြစ် နောင်လာမည့် နှစ်နှစ်ဆယ်ဖြစ်ဖြစ်ပေါ့။ နောက်ဆုံးစင်ပေါ်မှ မျက်လှည့်ဆရာတို့ လုပ်တတ်သည့် အမူအရာအတိုင်း သူ့သိုးမွေးဦးထုပ်ကိုချွတ်ကာ ကိုယ်ကိုကိုင်းညွတ်၍ ပြုံးပြနှုတ်ဆက်ပြီး သူထွက်လာခဲ့သည်။

သယ်လာသော ကတ်ထူများကို တံတားအောက်တွင် သေချာဖြန့်ခင်းလိုက်သည်။ ခုနက ဆိုင်နှင့် မလှမ်းမကမ်းနေရာကို သူထပ်ပြီး ရွှေ့လာခဲ့ခြင်းဖြစ်သည်။ သူ့စောင်အစုတ်ကြီးပါ ခင်းချလိုက်သည်။ ထိုနေရာက အမိုးအောက်တွင် ဆိုသော်လည်း ကြမ်းပြင်ပေါ်ကို လှဲလိုက်လျှင် ကောင်းကင်ပြင်ကြီးကို လှမ်းမြင်ရသည်။ ပိတ်ဆို့နေသော မြင်ကွင်းမျိုး မဟုတ် ။ နောက်ပြန်တင်ထားသော လက်ပေါ် သူခေါင်းတင်လိုက်ကာ ခုနက မြင်ခဲ့ရသော မျက်ဝန်းတစ်စုံအကြောင်းကို သူစဉ်းစားနေမိသည်။ ပြီးတော့ လရောင်အောက်မှာ ဖြတ်ပြေးနေရတဲ့ တိမ်စိုင်တွေ။ အဲဒီ တိမ်စိုင်တွေလို လေနှင်ရာရွှေ့နေရသည့်

အတွက် သူ့ကို လူတွေက တိမ်တွေလိုပဲဟု ခိုင်းနှိုင်းပြောတတ်ကြသည်။ တကယ်တော့ ဒီနေ့ထိ သူ့ကိုယ်သူ တိမ်စိုင်တွေလိုဟု မထင်ခဲ့။ တကယ်တမ်းကျတော့ တိမ်တွေက သူ့ကို ဆွဲငင်ထားတဲ့ ကမ္ဘာမြေကြီးကို ဗဟိုပြုပြီး ရွေ့လျားသက်ဝင်နေရတာပဲလေ။ ဘယ်မှာ သူတို့လွတ်လပ်သလဲ။ သူတို့ကိုယ်တိုင် ဘယ်လောက်များ စကြဝဠာအနှံ့ ခရီးဆန့်လိုက်ချင်မလဲ။ ဒါပေမဲ့ သူ့မှာ သွားခွင့်မရှိ ။ တကယ်တော့ တခြားလူတွေကသာ တိမ်တွေနဲ့ တူသည်ဟု သူတင်စားချင်သည်။ သူတို့အား အရာတစ်ခုခုက ဆွဲငင်ထားတတ်ပြီး ထိုအရာကိုပဲ ဗဟိုပြုရှင်သန်နေရသည်မဟုတ်လား။ ထို့ကြောင့် ဘယ်တုန်းကမှ တိမ်တွေလို သူမဖြစ်ချင်ခဲ့ ။ သူစိတ်လိုရာသာ မျောလွင့်နေချင်ခဲ့သည်။

သူအတွေးစတို့ မဆုံးလိုက်နိုင်။ နှင်းမှုန်တို့က ကောင်းကင်ပေါ်မှာ အပြေးအလွှား ဆင်းချလာကြပြီ။ လှလိုက်တာ ဒီနှစ်ဆောင်းအတွက် ပထမဆုံး နှင်းကျတာပဲ ဖြစ်လိမ့်မည်။ သူလှဲနေရာမှထလျက် နှင်းမှုန်တို့ကို လက်ဖြင့်ခံသည်။ ပထမဆုံး နှင်းကျတဲ့နေ့မှာ နှင်းစက်တို့ တစ်စ

ပြီးတစ်စထိလို့ လက်ဝါးပြင် အေးခနဲ တစ်ချက် တစ်ချက် ဖြစ်သွားတာလည်း သူငယ်စဉ်ကပင် ကြိုက်နှစ်သက်ခဲ့သော ခံစားချက်ဖြစ်သည်။ အသက်ကြီးလာပြီဖြစ်၍ ပြေးပြီး ဆော့ခြင်းမျိုးတော့ မရှိတော့ပြီ။ နှင်းစက်တို့ကို လက်ဖြင့်ခံနေရင်း ပစ္စည်းဟောင်းဆိုင်ရှိရာ သူ စိတ်ရောက်သွားသည်။ ခုနက မျက်ဝန်းတစ်စုံရှိနေဦးမလား။ ရုတ်တရက် နှင်းတို့ ထူထပ်စွာကျလာ၍ ဇာပဝါနောက်ကွယ်မှ မျက်ဝန်းတို့က ရှိမရှိ သေချာ မမြင်ရတော့။ မမြင်ရတော့ဟုဆိုရသည့်တိုင် ခုနကမြင်လိုက်ရသော အကြည့်များက လတ်လတ်ဆတ်ဆတ်ရှိနေသေး၍ပဲလားတော့ မပြောတတ်။ သူ့အား အခုထိ စိုက်ကြည့်နေသယောင် ခံစားရနေတုန်း။ သူခံစားမိသည့်အတွက် ကျေနပ်ကာ တစ်ကိုယ်တည်း ပြုံးလိုက်မိသည်။ ခဏအကြာ ဆိုင်အတွင်းမှ ခပ်မှိန်မှိန်လင်းနေသော မီးပါ မှိတ်ငြိမ်းသွားသည်။ ဒီတော့ သူလည်း အိပ်သင့်ပြီ။


♦

ဖြတ်သွားဖြတ်လာများကြောင့် ဖိနပ်သံ တရှပ်ရှပ်ဖြင့် တစ်လောက

လုံးဆူညံနေသည်ဟု သူထင်သည်။ သူဆက်အိပ်မရတော့သည့်အဆုံး အိပ်နေရာမှ ထလိုက်သည်။ နေရောင်ကိုကြည့်ခြင်းအားဖြင့် အချိန်က မနက် ၁၀ နာရီတော့ ကျော်နေလောက်ပြီ။ သူအနီးနားမှ ရေပိုက်တစ်ခုရှိရာသွားပြီး မျက်နှာသစ်သည်။ ဖြစ်သလို သစ်လိုက်ခြင်းသာ၊ ဆပ်ပြာတို့မပါသည့်အပြင် မျက်နှာ ကြေးတောင် သူမတွန်းဖြစ်။ လိုချင်သည်က ရေထိ၍ လန်းသွားစေချင်သည်။ ဆောင်းမနက်ဖြစ်၍ ရေတစ်ချက်ထိတိုင်း ချမ်းစိမ့်သွားသည်။ ဒါလည်းပဲ ဆောင်းရာသီ၏ နှစ်လိုဖွယ်ရာ ဝိသေသတစ်ခုအဖြစ် သူသတ်မှတ်ထားသည်။

မျက်နှာသစ်အပြီးတွင် ဈေးတန်းတွင် ဈေးကူဝင်ရောင်းသည်။ ရသည့်ငွေအကြွေဖြင့် ဗိုက်ဖြည့်လိုက်သည်။ ညနေစာအတွက် ငွေအကြွေ ကျန်သေးသည်။ တစ်နေ့စာတော့ အေးဆေးသွားပြီ။

တောက်တိုမယ်ရ အလုပ်မှန်သမျှ သူငွေပြတ်လျှင် ဝင်လုပ်နေကျ အလုပ်များဖြစ်သည်။ ဂစ်တာတီးလို့ရတဲ့ငွေများရင်တော့ သူငွေရှိသလောက် အလုပ်မလုပ်ဘဲ နားတတ်သည်။ ဒီထက်ပိုလျှင် စာအုပ်အ



ဟောင်းဆိုင်မှာ စာအုပ်ငှားဖတ်သည်။ စာအုပ်ငှားဖတ်ခြင်းသည် သူ စားဖို့ပြီးလျှင် သူ၏ ဒုတိယငွေ အသုံးဆုံးကိစ္စတစ်ခု။

ညနေအလုပ် (လမ်းဘေးမှာ ညနေတိုင်း ဂစ်တာတီးရသည်က သူ့ အတွက် အလုပ်တစ်ခုပဲ မဟုတ်လား) ထပ်မဆင်းမီ သူအားနေသေးသည်။ အားနေတုန်း ဖတ်စရာ စာအုပ်ငှားမယ့်ဆိုင်လည်း လောလောဆယ် သူရှာမတွေ့သေး။ ဒီတော့ ဟိုနား ဒီနားပဲ သူလျှောက်ကြည့်ဦးမည်။ အရေးအကြီးဆုံးက မနေ့က မျက်ဝန်းလေးကို သူရှာရလိမ့်မည်။ မနေ့က မျက်ဝန်းရှိရာ Terpsichore ဆိုင်လေးသို့ သူ့ခြေလှမ်းများ ဦးတည်လိုက်သည်။ ရုတ်တရက် သူသည် တိမ်စိုင်တစ်ခုလို ပေါ့ပါးသွားသည်။ သူ့အား ဆွဲငင်ညှို့ယူရာ မျက်ဝန်းရှိရာသို့ သူ လွင့်ပါသွားတော့သည်။

♦

မနေ့ညကတွေ့ခဲ့သော မျက်ဝန်းတစ်စုံရှိရာ ၄ ပေါက်မြောက် တံခါးရှေ့အရောက် သူရပ်လိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကာထားသော ဇာကန့်လန့်ကာ တစ်ဖက်ဆီသို့ ကပ်သွားသည်။

တောက်ပစူးရှသော ထိုမျက်ဝန်း တစ်စုံ. . . .

ထိုမျက်ဝန်းတစ်စုံအား ရင်ခုန်လှိုက်မောဖွယ်ရာ သူတွေ့လိုက်ရသည်။

ဒါပေမဲ့ ထိုမျက်ဝန်းမှာ သူ အကြာကြီး မိန်းမောခွင့်မရလိုက်။

ဆိုင်ထဲမှ မုတ်ဆိတ်ဖြူကျင်စွယ်နဲ့ အဘိုးအိုတစ်ယောက် မျက်မှန်အောက်ကနေ သူ့ကို ထူးဆန်းစွာကြည့်နေသည်။ ထိုတွင်မှ သူ ပြန်သတိဝင်လာသည်။ အဘိုးအိုက ကာထားသော တံခါးတစ်ချပ်ကို တွန်းဟလိုက်ပြီး

"လူလေး. . . ဘာအလိုရှိလို့လဲကွဲ့"

သူ့အဝတ်စား စုတ်ပြတ်နေသော်လည်း လူကို အဆင်တန်း မခွဲဘဲ တစ်တန်းတည်း ဆက်ဆံပေးသော အဘိုးအိုအား သူစိတ်ထဲမှ အရင် ကျေးဇူးတင်လိုက်သည်။

"ကျွန်တော် အထဲကို ဝင်ကြည့်လို့ရမလား အဘိုး"

အဘိုးအိုက ပြန်မဖြေဘဲ ဝင်ပေါက်တံခါးကို သွားဖွင့်သဖြင့် သူ ဆိုင်ထဲကို ဝင်လာလိုက်သည်။ တစ်ဆိုင်လုံးသည် ပစ္စည်းအဟောင်းများဖြင့် ရှုပ်ယှက်ခတ်နေသည်။ သို့သော် အရာဝတ္ထုတစ်ခုချင်းစီက သူ့ကို စိတ်ဝင်စားစေသည်။ ထပ်ပြီး သို့သော်ရလျှင် သူ စိတ်ဝင်စားပါလျက် အာရုံမစိုက်နိုင်အား။ မျက်ဝန်းတစ်စုံရပ်နေရာသို့သာ သူ စိုက်စိုက်မတ်မတ် ဝင်လာလိုက်သည်။

အခုလို အနီးကပ်မြင်ရတော့ သူ့ရင်တို့ အထပ်ထပ်ခုန်လာသလား။ သူ့လိုပဲ သူခုံမင်ရာ မျက်ဝန်းတို့ကလည်း သူ့ကို စူးရှစွာ ပြန်ကြည့်နေသည်။ ပြီးတော့ ထိုမျက်ဝန်းပိုင်ရှင် သူမထံမှ ရင်ခုန်သံတို့ သူကြားနေရသည်ဟု သူထင်သည်။ သူမလည်း သူ့လိုပဲ ထပ်တူခံစားနေသည်လား။ သို့မဟုတ် သူ့ရင်ခုန်သံကို သူပြန်ကြားခြင်းလား မပြောတတ်။ သူ မနေနိုင်တော့ သူမရဲ့နီစွေးစွေးပါးရိုးလေးကို နမ်းလိုက်တော့သည်။ သို့ပေမဲ့ ပါးရိုး၏ မာကျောအေးစက်သော အထိအတွေ့က သူ့ရင်ခုန်သံအီနားရှားကို ပျက်ယွင်းသွားစေသည်။

"ဟဟဟဟ . . . လူလေးမင်း ခိုင်ယန်နီကို သဘောကျလို့လားကွ"

ဆိုင်နောက်ဘက်ဝင်သွားပြီး ဘယ်အချိန်ပြန် ထွက်လာမှန်း မသိသောဆိုင်ရှင်အဘိုးက သဘောကျစွာရယ်ပြီး သူ့ကိုနောက်သည်။ အင်း. . . သူနမ်းမိသည်က လူအရွယ်အစားထုထားသော အရုပ်တစ်ရုပ်ကိုး။

"ခိုင်ယန်နီ. . "

သူအံ့သြမေးလေး ပြန်မေးလိုက်သည်။

နောက်ဖေးဝင်ပြီး ဆေးတံမှာ မီးသွားညှိသည် ထင်ပါရဲ့။ ခုနက မီးမညှိထားသော ဆေးတံက မီးခိုးငွေ့များ ခုတော့ လေပေါ်သို့ ဝေ့ဝဲနေပြီ။ အဘိုးအိုက ကိုက်ထားသော ဆေးတံကို ခပ်ဆဆစုတ်လိုက်ပြီး ပြန်ဖြေသည်။

"ဟုတ်တယ် လူလေး. . chionodoxa ဆိုတဲ့ ပန်းကနေ ယူပြီး မှည့်ထားတာလေ။ chion - odoxa ဆိုတာက glory of the snow တဲ့ကွ ဆောင်းရာသီရေခဲမှုန်တွေကြားထဲပွင့်တဲ့ ပန်းနာမည်ပေါ့ကွာ။ ဒီအရုပ်မလေးက ဒီလိုပဲ နှင်းတွေသဲကြီးမဲကြီးကျတဲ့ ဆောင်းရက်တစ်ရက်မှာ အဘိုးလျှောက်သွားရင်း အမှိုက်ပုံတစ်ပုံကနေ ရခဲ့တာကွ။ ဒါနဲ့ပဲ ဒီနာမည်လေး ပေးလိုက်မိတာပဲ"

အဘိုးအိုက သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး

"ရေနွေးကြမ်းသောက်ပါဦး" ဗိုက်ဆာနေတယ်မဟုတ်လား ရေနွေးတော့ အဘိုးဧည့်ခံနိုင်တယ်ကွယ်"

သူ မဆာအားပါ သို့သော်လည်း အဘိုးအိုနှင့် စကားပြောချင်၍ သူထိုင်လိုက်သည်။ အသက်ကြီးသူတို့ ၏ ထုံးစံအတိုင်း စကားကို ဖောင်ဖွဲ့ပြောနေသော အဘိုးနှင့် စကားပြောနည်းသောသူ ခဏအကြာ မိတ်ဆွေတွေဖြစ်သွားသည်။ အဘိုးနာမည်က ဂိုင်လန်အန်ဒါဆာ. .။ ပြီးတော့ နာမည်အတည်တကျမရှိသော သူ့ကို အဘိုးအို ဂိုင်လန်က ဂျစ်ပ်ဟု အမည်ပေးသည်။ Gypsy ကို အတိုကောက် ခေါ်ခြင်းဖြစ်သည်။ နာမည်ကို အစွဲအလမ်းမရှိသော သူ့အတွက် အတွန့်တက်စရာမရှိ။ ဂိုင်လန်သည်လည်း အရင်က သူ့လိုပင် လမ်းတကာလည်ကာ လျှောက်သွားနေသောလူမျိုး။ သို့သော် ဂိုင်လန်က ပစ္စည်းဟောင်း collector ဖြစ်သည်။ ထို့ကြောင့် နေရာအတည်တကျနှင့် ဆိုင်ဖွင့်ဖြစ်လာကာ ဂျစ်ပစီဘဝကို စွန့်လွှတ်ခဲ့ရသူဖြစ်သည်။

ကြုံခဲ့ဖူးသည့် အမျိုးမျိုးသော အကြောင်းတို့ကို ပြောဖြစ်ကြရင်း သူတို့ ရင်းနှီးလာသည်။

အဘိုးက သူ့ကို မေးခွန်းတစ်ခု ရုတ်တရက် မေးလာသည်။

"ဒါနဲ့ လူလေးက ခုနက အရုပ်ကို ဘာလို့နမ်းလိုက်တာတုံးကွ"

ပြောလိုက်ပြီးမှ အားနာသွားသည် ထင်ပါရဲ့။ အဘိုးအို သူ့ကို ပြုံးပြီး ပြန်ကြည့်နေသည်။

ဂျစ်ပ်က "ဘာရယ်တော့ မဟုတ်ပါဘူး မနေ့တုန်းက သူ့ကို လူလို့ထင်နေတာ။ ကျွန်တော် မနေ့က ပစ္စည်းတွေ လိုက်ကြည့်တော့ ခိုင်ယန်နီရဲ့ မျက်လုံးလေးတွေကို မီးမှိန်မှိန်တွေကြားမှာ တွေ့လိုက်ရတယ်။ တခြားမိန်းကလေးတွေလို နှိမ့်တဲ့အကြည့်တို့ စူးစမ်းတဲ့အကြည့်တို့ ရှက်ရွံ့တဲ့အကြည့်တို့မရှိဘဲ ပကတိ ရိုးသားတဲ့ အကြည့်တွေပါတဲ့ မျက်ဝန်းတစ်စုံမို့ ကျွန်တော်စိတ်ဝင်စားခဲ့တာ။ ပြီးတော့ သက်ရှိလို့ထင်နေခဲ့တာလေ"

သူစကားပြောနေရင်း အရုပ်ရှိရာ လျှောက်လာလိုက်ပြီး ပခုံးကနေ လှမ်းဖက်လိုက်သည်။သူကပင်ဆက်၍

"ဒါပေမဲ့ ဒီနေ့မှ အရုပ်မလေးမှန်းသိလိုက်ရတော့ မနေ့က တစ်ရှိုက်မက်မက် မက်ခဲ့ရတဲ့ အိမ်မက်ကလေး ကျွန်တော်ပျောက် မသွားချင်ဘူး။ အရုပ်ကလေးမှန်း သိပေမဲ့ ကျွန်တော် သူ့ကို စိတ်စားသွားတယ်။ ပြီးတော့ နမ်းလိုက်မိတာပဲ ဂိုင်. . ."

အဘိုးအိုက မှတ်ချက်မပေး။ ဆေးတံကို တစ်ချက်ထပ်ရှိုက်ကာ မီးခိုးတို့ ပြန်မှုတ်ထုတ်လိုက်သည်။

သူ့တို့နှစ်ယောက်ကြားက အပေါ်တည့်တည့်မှာ မီးအိမ်လေး လင်းနေသဖြင့် မီးခိုးတို့ လေထုထဲ ပျံ့လွင့်တက်သွားသည်ကို အထင်းသားမြင်နေရသည်။

အဘိုးအိုအမေးကို သူက ပြန်ဖြေသည်။

"ဒါလည်း ကောင်းတာပါပဲ နှလုံးသားမပါတော့ သံယောဇဉ်က နှစ်ဖက်လုံးကို မရှိတော့ဘူးပေါ့။ သူသာ သက်ရှိမိန်းကလေး တစ်ယောက်ဆို ကျွန်တော့်အပေါ် ပြန်ပြီး သံယောဇဉ်မထားနိုင်တာမျိုး ဒါမှမဟုတ် ပုံမှန်လူတွေလို သူမဘဝအတွက် ရုန်းကန်လှုပ်ရှားပေးဖို့ တောင်းဆိုလာမယ့် မိန်းကလေး ဖြစ်မနေတော့ဘူးပေါ့"

သူ အဘိုးအိုကို စကားပြောရင်း ခိုင်ယန်နီ မျက်နှာဘက်ကို လှည့်ကာ ပါးပေါ်ဝဲကျနေသော ဆံပင်များကို တယုတယ သပ်တင်ပေးလိုက်သေးသည်။ ပြီးမှ ခုနက ထိုင်ခဲ့သော ထိုင်ခုံဆီသို့ ပြန်လာ

ထိုင်လိုက်သည်။

"အေးကွ. . . ငါကိုယ်တိုင်လည်း သူ့ကို သံယောဇဉ်ဖြစ်ပြီး ခုထိမရောင်းခဲ့ဘူးကွ. . . ဘာမှထူးဆန်းလို့တော့ မဟုတ်ပေမဲ့ ခိုင်ယန်နီအနားမှာ ရှိနေတဲ့အခါ သက်ရှိလူတစ်ယောက် ကိုယ့်ဘေးမှာရှိနေသလိုခံစားရတယ်။ အဲဒီ ခံစားချက်က အဘိုးကို အထီးမကျန်စေဘူးကွဲ့ လူလေးရေ. . . ဒါနဲ့ပဲ. . . မရောင်းဖြစ်ဘဲ ခုထိ နေလာတယ် ဆိုပါတော့လေ"

ဒီလိုနဲ့ ဂျစ်ပ်နဲ့ ဂိုင်လန် စကားတွေ ဆက်ပြောဖြစ်ကြသည်။

နေကျလာပြီဖြစ်၍ ဆိုင်ပြင်မှာ စျေးသွားစျေးလာများ ရှုံးပြန်လာသော လူများ သွားလာစည်ကားနေကြပြီ။ ထို့အတူ ဝယ်သူ ရှားပါးလှသော ပစ္စည်းအဟောင်းဆိုင်လေးမှာလည်း ဝယ်သူမရှိသော်လည်း စကားလက်ဆုံကျနေသူ နှစ်ဦးဖြင့် အသက်ဝင်လှုပ်ရှားလျက်ရှိသည်။

နှစ်ဦးသား မိတ်ဆွေဟောင်းများပမာ စကားလက်ဆုံကျနေသည်မှာ ဘယ်လောက်ကြာသွားပြီ သတိမထားမိတော့။ အဘိုးကျေးသောနေ့လယ်စာကို စကားပြောနေစဉ်အတွင်း သူစားဖြစ်သည်။ နာရီအနည်းငယ်မျှသာ တွေ့ရသေးသော်လည်း အတွေးမြင်နီးစပ်သူများဖြစ်လို့နဲ့တူပါရဲ့။ သူနဲ့ အဘိုးအို ဂိုင်လန် နှစ်များစွာ ပေါင်းဖော်လာသော မိတ်ဆွေများကဲ့သို့ ရင်းနှီးသွားသည်။ ပုံမှန်အားဖြင့် သူလှည့်လည်ရာ မြို့များတွင် မိတ်ဆွေများ အခန့်သင့်သလို တွေ့ရတတ်သော်လည်း ဂိုင်လန်လောက်တော့ မရင်းနှီးဖြစ်။ အသက်ရွယ်ကြောင့် ထင်သည်။ အထူးသဖြင့် ဂိုင်လန့်ထံတွင် သူစိတ် ဝင်စားစရာ မှတ်သားယူစရာ ဘဝ အတွေ့အကြုံများရှိသည်။

ညနေ နေဝင်ခါနီးတော့ သူဆိုင်ထဲမှာ ပြန်ထွက်လာလိုက်သည်။ အချိန်ရှိတုန်း သူ ဂစ်တာတီးတာ မနက်ဖြန်အတွက် စားစရာရအောင် ငွေရှာရဦးမည်။

ဂစ်တာဟောင်းလေးကို ဆွဲကာ ကတ်တူခင်းထားသော မြေပေါ် သူ အကျအနထိုင်ချလိုက်သည်။ သူထိုင်နေရာမှ ခိုင်ယန်နီကို လှမ်းမြင်နေရသည်။ ပြတ်ပြတ်သားသားမမြင်ရသည့်တိုင် အရုပ်မလေး ရပ်ကြည့်နေသည်ဟု သူ သေချာခံစား၍ ရလောက်သော အကွာအဝေးတစ်ခုဖြစ်သည်။ ပုံမှန်အားဖြင့် မည်သူတစ်ဦးတစ်ယောက်တည်းကိုမှ ဦးတည်ပြီး သူဖျော်ဖြေလေ့မရှိခဲ့။ ဒီနေ့တော့ သူရဲ့ တစ်ဦးတည်းသော ပရိသတ်မှာ အရုပ်မလေး ခိုင်ယန်နီ ဖြစ်လိမ့်မည်။ ရူးကြောင်ကြောင်နိုင်သည်ဟု ဘေးလူများ ပြောလာလျှင် လည်း သူမငြင်းချင်။

တစ်ခါတလေ ကိုယ့်အလိုကျ စိတ်ကူးယဉ်နိုင်သော သက်မဲ့အရာများက တွေးတောဆင်ခြင်ဉာဏ်အမျိုးမျိုးဖြင့် ခြယ်လှယ်လွှမ်းမိုးတတ်သော သက်ရှိများထက်ပို၍ မက်မောစရာ ကောင်းသည်။ စွန့်ခဲ့ဖို့ မငဲ့ကွက်ရသလို ခေါ်ယူသွားဖို့လည်း မပူရသည်မှာ အားသာချက်။ ခံစားချက် မပြောင်းလဲတတ်သည်ကလည်း သက်ရှိများထက် အားသာချက်တစ်ခုပဲ မဟုတ်လား။ ဘယ်သူတစ်ယောက်က နာရီ အတော်ကြာ မမှတ်မသုန် စိုက်ကြည့်ပြီးနားထောင်နေနိုင်မှာလဲ။ ဘာမှကို မပြောဘဲ မပူဆာဘဲ ကိုယ့်ဂီတကိုပဲ တစ်စိုက်မတ်မတ် နားဆင်ပေးနိုင်မှာတဲ့လဲ။ ဒီလောက်ဆိုလျှင် သူ ခိုင်ယန်နီအား ရင်ခုန်ခံစားဖို့ အကြောင်းလုံလောက်ပြီ။

ညနေစောင်းပြီဖြစ်၍ လမ်းမီးတို့ လင်းနေပြီ။ နေက အပြီးတိုင် မဝင်သေးသော်လည်း ဆည်းဆာချိန်ကို အတော်နောက်ကျရောက်နေပြီဖြစ်သည်။ လမ်းနီလေးသည် သူ့မျက်လုံးထဲတွင် မက်မန်းဝိုင်တစ်ခွက်အလား နီညိုရောင်သန်းနေကာ နှစ်လိုဖွယ်ကောင်းလှသည်။ ထိုမက်မန်းဝိုင်ကို သူ မွတ်သိပ်စွာ မော့ချလိုက်သည်။

ခိုင်ယန်နီရှိရာကိုသာ မော့ကြည့်ကာ သူ သီချင်းတစ်ပုဒ်ပြီး တစ်ပုဒ်တီးသည်။ သူ့လက်ချောင်းများက ကချေသည်လေးများ ဂစ်တာကြိုးများပေါ် ပြေးလွှားကပြနေသလို နူးညွတ်ပျော့ပျောင်းလှသည်။ အလွမ်းသီချင်း တစ်လှည့် အမြူး သီချင်းတစ်လှည့် သူတီးဖြစ်သည်။

သီချင်းမြူးလေးများ သူတီးသည့်အခါ ရပ်နေသော အရုပ်မလေးခိုင်ယန်နီမှာ ကချေသည်မလေးတစ်ယောက်အလား အသက်ဝင်လာသည်ဟု သူမြင်ရသည်။ ပြီးတော့ ခိုင်ယန်နီ ကသည်။ သူက ဂစ်တာတီးသည်။ သူတီးနေကျ ဖြစ်သော bohemian music တီးလုံးအသွား လေးသည် ပတ်ဝန်းကျင်မှ လူများကို ပါ ပျော်ရွှင်အသက်ဝင်စေသည်။

လွမ်းမောဖွယ်ရာ သီချင်းတို့ တီးပြန်သည့်အခါ ခိုင်ယန်နီသည် ငြိမ်ငြိမ်လေးရပ်ကာ နားထောင်ပေးသည့်အလား သူစိတ်ကူးယဉ်သည်။ ရီဝေစွာ လှမ်းကြည့်နေသော သူ့မျက်လုံးများက အလွမ်းသီချင်းကို ပို၍ ဆို့နင့်စေသည်။

အနုပညာတို့ သက်ဝင်ပီပြင်လာသည့်အခါ လူများက အသိအမှတ်ပြုတတ်ကြသည်။ ထိုနေ့က သူ ပေးကမ်းငွေ အတော်ရလိုက်သည်။ သူ့ဦးထုပ်ထဲမှာ အတန်သေးငွေစက္ကူများ အကြွေစေ့များအပြည့်။ သာမန် သူရနေသည်ထက် ၄ ဆခန့်များသည်။

ဒီနေ့ သူပျော်သည်။ ငွေများများရလို့ချည်းရယ်တော့ မဟုတ်။ အင်း ခိုင်ယန်နီကြောင့် ဖြစ်လိမ့်မည်။ သူဂစ်တာတီးနေသမျှ သူမက အမြဲတမ်း နားဆင်အားပေးနေသည် မဟုတ်လား။ ငွေများကို သေချာသိမ်းလိုက်ပြီး မကြာလိုက်ခင်မှာပဲ ဂိုင်လန်က ဆိုင်အတွင်းမှ လက်ပြကာ နှုတ်ဆက်သည်။ ဆိုင်ပိတ်ခါနီး အချက်ပြတာပဲ ဖြစ်မည်။ လက်ပြလို့အပြီး ကန့်လန့်ကာကို ဆွဲချလိုက်သည်။ ခဏမျှအကြာ မီးပါ ထပ်မှိတ်သွားသည်။

လုပ်စရာ မရှိတော့ပြီဖြစ်၍ တစ်နေ့တာပင်ပန်းသမျှ သူ ကျောချနားရတော့မည်။ ခေါင်းကို ကတ်ထူ

အရုပ်မှန်းစိတ်ထဲမှ
သိနေပေမဲ့
သူ့စိတ်ထဲမှာ
ကျေနပ်နေမိတာပါလား။
လက်က
ရွှေ့မရနိုင်တော့
ပိုပြီး ထုံကျင်လာသလို
ခံစားရသည်။
ပြီးတော့
ချွေးတို့ပြန်လာသည်။
နောက်
ရင်ခုန်မြန်လာသည်။
ခံတွင်းကို
ခြောက်သွေ့လာသည်။

ပြားများပေါ်လို့ သူ ပက်လက်လှန်လှဲချလိုက်သည်။ ကောင်းကင်မှာ ကြယ်တို့ ဟိုတစ်စ သည်တစ်စ လင်းနေ၏ ။ ကြယ်လေးနှစ်လုံးက ပိုပြီး လင်းနေသည်။ သြော် ကြယ်တွေမှ ဟုတ်ပါရဲ့လား။ ခိုင်ယန်နီရဲ့ မျက်လုံးလေးတွေများလား။ ဟာ. . တကယ်ပဲ သူမက သူ့ကို ကောင်းကင်ကနေ ငုံ့ကြည့်နေတာပဲ။ ဟော . . . သူမ ငုံ့ကြည့်နေရင်းက ပြုံးပြသည်။ သူမပါးပြင်လေးကို သူ လက်နှင့် တို့ကစားချင်စိတ်ဖြစ်မိသည်။ သူ လက်တစ်ဖက်ကိုဆန့်ကာ သူမ ပါးပြင်ကို တို့ထိဖို့ ကြိုးစားသည်။ ပါးပြင်နှင့်မထိမီ သူ့မျက်နှာတစ်ခုလုံး ကြယ်ပွင့်များစွာအဖြစ်သို့ ပြန့်ကျဲကုန်သည်။ သူ ရှာမရတော့။ ခိုင်ယန်နီကို သူ ရှာမရတော့။ ကောင်းကင်လွင်ပြင်ကျယ်ကြီးထဲမှာ ခုတော့ သူတစ်ယောက်တည်း။

♦

ခွဲလမ်းစိတ်ကြောင့် ဖြစ်မည်။ ခိုင်ယန်နီအား သူမကြာခဏ အိပ်မက်မက်သည်။ ချစ်ခင်ဖွယ် အပြုံးတို့ဖြင့် ကလူကျီစယ်တတ်သော အိပ်မက်ထဲမှ သူမသည် သူ့စိတ်ထဲပို၍ နေရာယူလာသည်။ သံယောဇဉ် မထားချင်သောသူ့အဖို့ စိတ်ကူးယဉ်သက်သက်သာဖြစ်၍ သူ အထူးအထွေ မထိန်းချုပ်မိ။ အချိန်တော့လည်း အရုပ်သည်အရုပ်သာ ဖြစ်၍ သူ့လည်း လုပ်နေကျအတိုင်း ခရီးထွက်ရမည်မဟုတ်လား။ သို့သော် သူခရီးဆက်ရမည့်အခါ သူမအား နောက်ဆံတင်းနေဖို့ မလို။ ထို့အတွက် သူ့စိတ်တို့ကို မထိန်းချုပ်ဘဲ သူပျော်ရွှင်ရာသက်သက် စိတ်တို့ကို လွှတ်ထားမိသည်။

နေ့ခင်းဆိုလျှင် ဂိုင်လန် ဆိုင်ထဲဝင်ကာ စကားတို့ဖောင်ဖွဲ့ သည်။ ခိုင်ယန်နီအား လူရုပ်တစ်ရုပ်နှယ်သူ ဆက်ဆံသည်။ (တကယ်တော့ မေးထူးခေါ်ပြောမျိုးသာ။ ) သို့သော် ဂစ်တာတီးသည့်အခါမျိုးမှာတော့ သူ လူတစ်ယောက်နှယ် သူမအား စိတ်ကူးယဉ်တတ်သည်။ ဒါကလည်း သူ့အနုပညာထုတ်ကုန်အတွက် အသုံးချခြင်း တစ်ခုဖြစ်လိမ့်မည်။


ဒီလိုနဲ့ ရက်တွေ ကြာလာခဲ့သည်။ ဒီမြို့က တခြားမြို့များနဲ့မတူ သူ ပိုကြာကြာနေဖြစ်သည်။ ထို့အတွက် ဂိုင်လန်နဲ့ပါမက တာဝန်ကျမြို့ရဲတချို့၊ သန့်ရှင်းရေးအလုပ်သမားတချို့နှင့် ဈေးသွားများနဲ့ပါ သူ သိကျွမ်းခင်မင်လာသည်။ သူ ဂစ်တာတီးပြတာကို နှစ်သက်လို့ ဖြစ်မည်။ တစ်နေ့မှ ငွေမပြတ်ခဲ့။ ထို့အတွက်လည်း ခိုင်ယန်နီကို သူကျေးဇူးတင်သည်။ ညနေတိုင်း စိတ်ကူးယဉ်ကာ ကြည့်လာရသော အရုပ်မလေးမို့ သူ့သံယောဇဉ် နည်းနည်းတော့ ဖြစ်မိသည်။

တစ်ခါတစ်ရံ အဘိုးအိုထံ သွား၍ သူမအား တောင်းရမ်းမည် ဖြစ်ကြောင်း စနောက်တတ်သည်။ အရုပ်မလေးအား သူ ပခုံးကိုဖက်ကာ ဘာရယ်မဟုတ် စနောက်တတ်သေးသည်။ ပြီးတော့ တစ်ခါတလေ နမ်းသည်။ ဒီလိုပဲ မငြင်းတတ်သော အရုပ်ကလေးမို့သာ သူပြုမူခြင်းဖြစ်သည်။ လူမလေးတစ်ယောက်သာ ဖြစ်နေပါက သူ လုပ်နေလိမ့်မည် မဟုတ်။ ဂိုင်လန်ကလည်း သဘောကျကာ သူ့အလိုအတိုင်း လွှတ်ထားသည်။

♦

ဒီလိုနဲ့ သူ နေလာခဲ့လိုက်တာ ၂ လခန့်တိုင်လာခဲ့ပြီ။ သူ ရှူးကြောင်ကြောင်တစ်ခုလုပ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုက အခြားမဟုတ် သူ့တွင်ရှိသော ငွေအနည်းငယ်အား စိုက်ပြီး ခိုင်ယန်နီအား အဝတ်တစ်စုံ ဝယ်ပေးဖို့ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဘယ်သူမဆို မိမိအား အကျိုးရှိစေသည်ထင်သော အရာများကို ပြင်ဆင်ချဲ့ကားတတ်သည် မဟုတ်လား။ အရုပ်မလေးမှန်း သူသိသော်လည်း အဝတ်တစ်စုံ အသစ်ဝယ်ပေးရန် ဆုံးဖြတ်လိုက်သည်။

အဘိုးအို ဂိုင်လန်ကလည်း သဘောတူသည်။ ဈေးထဲမှ သူလှသည်ထင်သည့် bohemian ဂါဝန်တစ်ထည် ဝယ်လာလိုက်သည်။ ပြီးတော့ သူမ ဆံနွယ်လေးမှာဆင်ဖို့ အသည်းပုံ ဆံညှပ်ကလေးတစ်ခုလည်း ဝယ်လာလိုက်သည်။ အဝတ်ဝယ်ပြီး ဝင်လာတော့ အဘိုးအိုက နောက်သည်။



“အိုး. . . ဂျစ်ပ် လူလေး မင်းတကယ်ဝယ်လာတာပဲ”

သူဘာမှ ပြန်မပြောဘဲ ပြုံးပြကာ ခိုင်ယန်နီထံ လျှောက်လာလိုက်သည်။ သူမထံမှာ ဝတ်ထားသော အဝတ်စားများကို ချွတ်ချလိုက်သည်။ အချိုးစား ပြေပြစ်ကျနစွာ ထုထားသဖြင့် နတ်သမီးတစ်ပါးအလား ထင်မှတ်မှားစေလောက်သည်။ အနည်းဆုံးတော့ သူ့အတွက် ဆိုပါစို့။ ဟောင်းနွမ်းပြီဖြစ်၍ ကြေးများတက်နေသည်ကလွဲ၍ ခန္ဓာထုဆစ်ထားပုံမှာ ပကတိအတိုင်းရှိသေးသည်။ မိန်းမတစ်ယောက်ရဲ့ အဝတ်မပါသော ခန္ဓာတစ်ခုကို သူ မတွေ့ခဲ့သည်မှာ နှစ်နဲ့ချီခဲ့ပြီ။ အတိအကျမမှတ်မိသော်လည်း အချိန်အတော်ကြာခဲ့ပြီ။

သူမ၏ မာကျောအေးစက်သော ပါးပြင်ကို သူလက်နှင့် အသာလေး စမ်းလိုက်သည်။ ဟောင်းနွမ်းနေပြီဖြစ်သော်လည်း တပ်ထားသော မျက်တောင်မွေးလေးများက မကျွတ်ပဲ ကျန်နေသေးသည်မှာ အံ့သြလောက်စရာ။ ပြီးတော့ ပါးပြင်မှာ ရှက်သွေးလေးများ တင်းနေတာများလား။ ဟင့်အင်း. . . အချိန်တွေကြာလို့ ထွက်လာတဲ့ အက်ကွဲကြောင်းလေးတွေနေမှာပါ။ နောက်ပြီး လက်က အောက်ကိုဆင်းလာတော့ ကြော့ရှင်းသော လည်တံ။ နတ်သမီးတစ်ပါးအလား ထုထားတာဆိုတော့လည်း အပြစ်အနာအဆာ ဘယ်ရှိပါ့မလဲ။ တဖြည်းဖြည်း ဆင်းလာသော သူ့လက်တို့ ထုံကျင်လာသည်။

ဒီလို အရုပ်မျိုး အီတလီကို ရောက်ခဲ့စဉ်က အများကြီးတွေ့ဖူးသော်လည်း ဒီတစ်ခါ ဘာတွေ ထူး

ခြားနေလို့လဲ။ အချိန်အခါ အကြောင်းမျိုးစုံတို့ တိုက်ဆိုင်နေလို့လား။ လက်က မရပ်လိုက်နိုင်သေး။ ပြီးတော့ တင်းမို့နေသော ရင်တစ်စုံ . . . ။ အရုပ်မှန်းစိတ်ထဲမှ သိနေပေမဲ့ သူ့စိတ်ထဲမှာ ကျေနပ်နေမိတာပါလား။ လက်က ရွေ့မရနိုင်တော့ . . . ပိုပြီး ထုံကျင်လာသလို ခံစားရသည်။ ပြီးတော့ ခွေးတို့ ပြန်လာသည်။ နောက် ရင်ခုန်မြန်လာသည်။ ခံတွင်းကို ခြောက်သွေ့လာသည်။

လက်က သူမ ရင်အုံပေါ်ကို ပွတ်သတ်နေရင်း . . .

ဘယ်လို . . . ရင်ထဲက လှုပ်နေပါလား။ သူအံ့သြတကြီး သူမ ရင်ဘတ်ကို နားနဲ့ကပ်ကာ နားထောင်မိသည်။

ရင်ခုန်သံ ရင်ခုန်သံပါပဲ။ ဒုတိယအကြိမ် ပြန်ကြားရခြင်းပဲ။

သူ ဂိုင်လန်ကိုပြောပြဖို့ ဂိုင်လန်ရှိရာ လှမ်းကြည့်လိုက်သည်။ စောစောက နေရာမှာ ဂိုင်လန်ရှိမနေတော့။ အမှုအရာပျက်နေသော သူ့ကို အားနာလို့ ဆိုင်အပေါ်ရှိ သူ့အိပ်ခန်းဆီ တက်သွားပြီထင်ပါရဲ့။

သူ ပြန်ဖိကြည့်သည်။ ဟင် . . . ရင်ဘတ်က လှုပ်မနေတော့ နားနဲ့ ကပ်ကြည့်သည်။ ရင်လည်း မခုန်တော့. . . ။ သူ့ရင်ခုန်သံပြန်ကြားရင်း စိတ်ထဲ ထင်ယောင်ထင်မှား ဖြစ်တာမျိုးများလား။ သူ့စိတ်တို့ ညစ်ညူးသွားသည်။ ရူးသွပ်တယ်ဆိုပေမဲ့ ဒီလောက်ထိ ရူးသွပ်ဖို့ မကောင်းမှန်း သူယူဆသည်။ မရှိသည့်အရာကို တကယ် အဖြစ်ပျက်လို ထင်ရလောက်အောင်ထိ ဖြစ်ဖို့ မကောင်းဟု သူခံယူသည်။ ဘာမှ မဖြစ်လောက်ဟုထင်၍ လွှတ်ထားခဲ့သော်လည်း အခုလို ထင်ယောင်ထင်မှား လွန်ကျူးလာသည့်အတွက် သူ့စိတ်ကို သူ ထိန်းမှဖြစ်တော့မည်။ သူ ခုနကလို အထူးအထွေ ခံစားမနေတော့ပဲ ဝယ်လာသော အဝတ်အစားများကို ဝတ်ပေးလိုက်သည်။ ပြီးတော့ အသည်းပုံ ဆံညှပ်ကလေးကို သူမရဲ့ ရွှေအိုရောင် ဆံနွယ်လေးပေါ်မှာ အလှဆင်ပေးလိုက်သည်။ အားလုံးပြီးလို့ ကြည့်လိုက်တော့လည်း အရုပ်မလေး ခိုင်ယန်နိုက တော်တော်တော့ လှသည်။

♦

နောက်ညတွေမှာတော့ သူ ခိုင်ယန်နိုရဲ့ မျက်လုံးလေးတွေကို အရင်လို ခံစားမနေချင်တော့။ ဂီတာကိုလည်း အရင်လိုပဲ သာမန်သာတီးဖြစ်သည်။ တိုင်ဆိုင်တာပဲလား ။ ဒါမှမဟုတ် ဒီမြို့ကလူတွေက သူ့ကို ရိုးအီးသွားလို့လား မပြောတတ် သူ့ကို ပေးကမ်းသည့်ငွေက နည်းနည်းလာသည်။ သူ့ရဲ့ဖျော်ဖြေမှုကလည်း ပုံမှန်သာ ဖြစ်လာသဖြင့် ဆွဲဆောင်မှု လျော့သွားသည်ကတော့ သေချာသည်။ အကြွေတစ်စေ့ပင် မရသည့်နေ့များ ရှိလာသည်။ ဂိုင်လန် ကိုယ်တိုင်ကလည်း ပုံမှန်ဝင်ငွေမရှိသဖြင့် သူ့ကိုယ်သူသာ အားကိုးလာရသည့်အတွက် အရင်လို ပြတ်တစ်လှည့် ငတ်တစ်လှည့် ပြန်ဖြစ်လာသည်။

သို့သော် ဒီမြို့ရောက်စကလို တော့ ခိုင်ယန်နိုအား စိတ်ကူးမယဉ်ချင်တော့။ သက်ရှိများကို တွယ်ရသော သံယောဇဉ်ကို စိတ်ကုန်နေသောသူ့အဖို့ သက်မဲ့အရုပ်တစ်ရုပ်အတွက် အလွန်အကျူး မဖြစ်ချင်၍ စိတ်ကူးယဉ်ပြီး ဂစ်တာမတီးဖြစ်သည်မှာ ၁ လခန့်ရှိခဲ့ပြီ။

ပိုဆိုးသည်က ခုံကျော်တံတားရဲ့ ဟိုဘက်မှာ နယ်လှည့် စင်တင်ပွဲကျင်းပနေသဖြင့် ဒီလမ်းကျဉ်းမှာ ဈေးသွားများကလွဲပြီး တခြားလမ်းသွား မရှိသလောက် နည်းသွားသည်။ ထိုစင်တင်ပွဲမှ အသံများကြောင့် သူတီးသော ဂစ်တာသံလည်း သေချာ မကြားရတော့သောကြောင့် ငွေအကြွေပင် မရသောရက်တို့ ဆက်လာသည်။ အစာမဝယ်စားနိုင်တော့ပဲ အရင်လို့ အမှိုက်ပုံတချို့က ပြန်ရှာစားသည်က များလာသည်။ ဒီလို ဖြစ်လာတော့ သူ နောက်တစ်မြို့ကို ခရီးဆက်ဖို့ အချိန်တန်ပြီဟု သူသုံးသပ်မိသည်။ ဒီတစ်ရက်နှစ်ရက်အတွင်း သူဒီမြို့ကို နှုတ်ဆက်ဖို့ ဆုံးဖြတ်လိုက်သည်။

♦

အစာစား နည်းခြင်းကြောင့်လား ပိုအေးလာသော ဆောင်းတွင်းရာသီဥတုကြောင့်လား မပြောတတ်။ သူ ကိုယ်ပူနည်းနည်းရှိနေသည်။ တကယ်တော့ ကိုယ်ပူနည်းလား၊ များလား သူမသိ ။ ဒီလိုပဲ ဘဝကို သူကြုံသလို ဖြတ်သန်းလာခဲ့သည်။ နေမကောင်းခြင်းကို အချိန်ပေး တွေးမနေပါ။ အချိန်ရှိတုန်း အဘိုးအို ဂိုင်လန်ကို မနက်ဖြန် သူခရီးထွက်တော့မည့်အကြောင်း ပြောရဦးမည်။

ဆိုင်ထဲသို့ ပုံမှန်အတိုင်း ဝင်လာပြီး ဂိုင်လန်အားနှုတ်ဆက်လိုက်သည်။ သူ ခရီးဆက်တော့မည့်အကြောင်းပြောတော့ ဂိုင်လန်က စိတ်မကောင်း။ သူနဲ့ အတူနေ၍ အလုပ်လုပ်ဖို့ စည်းရုံးသေးသည်။ သူ တခြားအလုပ် မလုပ်လိုပါ။ ဂစ်တာတီးခြင်းသည် သူ့ဝါသနာဖြစ်၍ အချုပ်နှောင်မဲ့ သူနေနိုင်သည်။ ထိုမှလွဲ၍ တခြားလုပ်စရာသူ မတွေ့သေးပါ။ ဂိုင်လန်အားခင်သော်လည်း ခွဲရမည့်အချိန်ရောက်လာလျှင် နှုတ်ဆက်ရမည်။ အဘိုးအိုအား နှုတ်ဆက်စကားပြောရင် မရည်ရွယ်ဘဲ အရုပ်မလေးဆီကို သူ မျက်လုံးရောက်သွားသည်။ ဘာပဲဖြစ်ဖြစ် သူ့အား ဖျော်ရွှင်ဖွယ်အချိန် ၂ လ ဖန်တီးပေးခဲ့သော အရုပ်မလေး ခိုင်ယန်နိုကိုလည်း သူနှုတ်ဆက်ရမည်။ အရင်ကလိုပဲ သူက သက်ရှိလူတစ်ဦးကဲ့သို့ ဆက်ဆံစကားပြောပြီး ဖက်လိုက်သည်။ ပြီးတော့ နားထင်စကို နမ်းလိုက်သည်။

ဟောဗျာ. . . ကြားရပြန်ပြီ ဒီရင်ခုန်သံ . . .

သူ ဒုတိယအကြိမ် ထပ်ပြီး နားထောင်ကြည့်တော့လည်း မကြားပြန်တော့. . .

အင်း. . . . သူနဲ့ ခိုင်ယန်နို၏ ဆက်နွယ်မှုက ဘယ်လိုလဲ. . .

ဘာပဲ ဖြစ်ဖြစ် နောက်ဆုံးတော့ ခိုင်ယန်နိုကိုလည်း သူနှုတ်ဆက်ရမှာပါပဲ။

သူသက်ပြင်းတစ်ချက်ချကာ သူမ၏ မျက်ဝန်းတစ်စုံအား နောက်ဆုံးအကြိမ် အနီးဆုံးကြည့်လိုက်သည်။ မရည်ရွယ်ဘဲ သက်ပြင်းတစ်ချက်ချမိသည်။ ပြီးတော့ ဂိုင်လန်ကို ထပ်ပြီး နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်လာလိုက်သည်။

နေမကောင်းလို့ပဲလား စိတ်မကောင်းလို့ပဲလား မသေချာပါပဲ ခြေလှမ်းတို့ တုံ့နှေးနေသည်။ တကယ်တော့ အဲလို ဖြစ်လိမ့်မှာကို အရင်ကတည်းက သူ မလိုလားခဲ့ဘူးလေ။ ဒါပေမဲ့ ဒီနေ့တစ်နေ့တော့ ဒီမြို့ကိုရောက်စကလို သူပြန်စိတ်ကူးယဉ်ကြည့်ချင်မိသည်။ ဒီမြို့ကမထွက်ခင် နောက်ဆုံး တစ်ကြိမ်ဖြစ်ဖြစ်ပေါ့။

ထူးထူးခြားခြား ရောက်စနေ့ကလိုပင် ဝိုင်နီရောင်သန်းနေသော ညနေနေဝင်ခါနီး အချိန်လေးဖြစ်သည်။ တစ်ဖက်လမ်းဆီမှလည်း တီးလုံးသံများ ဆူညံစွာ ပေါ်ထွက်နေသည်။ တကယ်တော့ သူ့ဂစ်တာသံကို ဘယ်သူတစ်ယောက်မှ အနီးကပ် နားမထောင်လျှင် ကြားရမည်မဟုတ်။ ဒါပေမဲ့ သူ့မှာ တခြားလုပ်စရာမရှိ။ ဒီနေ့တော့ နေရာလည်း မပြောင်းချင်တော့ ခိုင်ယန်နိုကို နောက်ဆုံးတစ်ကြိမ်တော့ သူ ဂစ်တာတီးပြီး သီချင်းဆိုပြချင်သည်။ သူမ က သူ့တေးသွားနဲ့ အတူက လိမ့်မည်။

ညက တဖြည်းဖြည်း မှောင်လာသည်။ အေးကလည်း ပို၍ အေးစိမ့်လာသည်။ ကိုယ်ပူနေသော ခန္ဓာကိုလည်း သူဂရုမစိုက်အား။ သူမရှိရာကို လှမ်းငေး၍ ဂစ်တာကို တီးလိုက်သည်။ ဂိုင်လန်ကလည်း သူ ဂစ်တာတီးနေသည်ကို သိလို့ဖြစ်မည်။ ပြတင်းပေါက် ကန့်လန့်ကာကို ညနက်သော်လည်း ဖွင့်ကာထားဆဲ။

ရောက်စနေ့တွေကလိုပါပဲ သူမက သူ့တေးသွားများနဲ့ အတူကသည်။ ဒီနေ့အတွက်တော့ သူဝယ်ဝတ်ပေးထားသော ဂါဝန်လေးကားနေအောင် ကနေတာကတော့ အရင်နဲ့ မတူတော့ဘူးပေါ့။ အရင်လိုပဲ အမြူးရော အဆွေးပါ သူတီးဖြစ်သည်။ ဘယ်လောက်ကြာကြာ သူတီးနေလိုက်သည်မသိ။ ညက ပို၍နက်လာသည့် ဂိုင်လန်အခန်းမှ မီးပင် မှိတ်သွားပြီ။ ကန့်လန့်ကာကလေးကတော့ ဖွင့်လျက်ရှိဆဲ။

လမ်းသွားလမ်းလာများ လုံးဝမရှိတော့။ အချိန်က ည ၂ နာရီလောက် ရှိပြီဖြစ်သော်လည်း သူ

ဂီတာကိုသာ တီးလျက်ရှိဆဲ။ ဘာကြောင့်များ သူမရပ်ချင်တာပါလဲ။ သူ့စိတ်ကူးထဲမှာ ခိုင်ယန်နီက သူ့ပေါင်မှာ မေးတင်ပြီး သူဂီတာတီးနေတာကို နားဆင်နေတယ်လေ။ မဟုတ်ဘူးမပြောပါနဲ့။ မဟုတ်မှန်းသိပါတယ်။ ဒါပေမဲ့ နောက်ဆုံးတစ်ညတော့ သူ့ကို ရူးသွပ်ခွင့် ပေးပါလေ။

ဒီလိုနဲ့ နှင်းတွေလည်း ကျလာသည်။ သူလည်း ပိုပိုချမ်းလာသည်။ ကိုယ်အပူချိန်ပိုတက်တာပဲလား သူမရိပ်မိနိုင်အား။ ပြီးတော့ နှင်းက ပိုပိုသည်းလာသည်။ နှင်းတွေကြားမှာ သူမမျက်ဝန်းလေးတစ်စုံက တောက်တောက်ပပလေး လင်းနေသည်။ သူမက ပြုံးပြုံးပြန်သည်။ အချိန်နှောင်းပြီဆိုတာ သိလို့များလား။ သူမက တင်ထားသောမေးကို ခွာလိုက်သည်။ လှုပ်ရှားလာသော သူမကြောင့် သူလည်း ဂစ်တာတီးရပ်လိုက်သည်။ သူမက ထရပ်လိုက်ပြီး ကိုယ်ကို ကိုင်းညွတ်လိုက်သည်။ ပြီးတော့ သူ့ကိုယ်ကိုဖက်ပြီး သူ့နှုတ်ခမ်းကို ခပ်ဖွဖွနမ်းသည်။

"အိုး. . . နွေးထွေးလိုက်တာ။ တစ်ကိုယ်လုံးကို ဂွမ်းစောင်တစ်ထည်နဲ့ လွှမ်းခြုံလိုက်သလိုပဲ။ ဘယ်လောက် နွေးထွေးလိုက်စေတဲ့ အနမ်းလဲ။ ပြီးတော့ ရင်ထဲမှာ တလှိုက်လှိုက် သူပျော်လာသည်။ တစ်ကိုယ်လုံး အကြောများ ပျော့ဆင်းကျသွားပြီလား။ သွေးတို့စီးဆင်းမှုအရှိန် မြင့်လာနေတာလား။ မရေရာသော အဲဒီခံစားချက်တွေနဲ့ အတူ သူ ပတ်ဝန်းကျင်ကို မေ့ပျောက်သွားသည်။ သူဘယ်ရောက်နေတယ် ဘယ်အချိန်ရှိပြီ မစဉ်းစားချင်သေး။ သူ စိတ်ကူးထဲမှာ သူ ပျော်နေသည်။ ဒါကြောင့် သူ့စိတ်ကူးလေးကို မနက်ထိ ဆွဲထားချင်သည်။ သူဆွဲထားပါရစေ။ စိတ်ကူးထဲကနေ သူမ ပျောက်ကွယ်သွားမှာကို သူမလိုလား။ ဒီတော့ သူ မျက်လုံးကို မှိတ်ထားလိုက်သည်။ သူ ဆက်၍ မှိတ်ထားလိုက်သည်။

♦

မျက်လုံးများပြန်ဖွင့်လိုက်သည်။ မျက်လုံးရှေ့တည့်တည့်က အဖြူရောင် အမိုးကို သူရုတ်တရက် မခန့်မှန်းနိုင်။ သြော်. . . ဆေးဖြူသုတ်ထားတဲ့ မျက်နှာကြက်ပဲ။ အင်း. . . ဘယ်ရောက်နေတာပါလိမ့်။ သူဘေးကို တစ်ချက်ငဲ့စောင်းကြည့်လိုက်သည်။

"ဂိုင်လန်"

စိုးရိမ်တကြီး စောင့်ကြည့်နေရှာသော အဘိုးအို ဂိုင်လန်ကို သူတွေ့သည်။

"သတိရလာပြီလား လူလေး"

သူ့ကို ကရုဏာသက်စွာ မေးရှာသည်။

"ကျွန်တော် ဘယ်ရောက်နေတာလဲ အဘိုး"

မနေ့ညက ဖျားနေလျက်က နှင်းတွေကြားမှာ ညနက်သည်အထိ ဂစ်တာတီးနေခဲ့မိလို့ နောက်ဆုံးအပူချိန် အလွန်တက်ပြီး သူ့မေ့လဲသွားခဲ့ခြင်းဟု သူက ပြန်ပြောပြသည်။

"အဘိုး မအိပ်ခင်အထိတော့ လူလေးက တီးလက်စပဲကွဲ့။ နောက် ည ၂ နာရီလောက်ကျတော့ ဖောက်ထွင်းခံရရင် အလို အလျောက် အချက်ပြပေးတဲ့ အဘိုးတို့ဈေးက အချက်ပေး alarm က အသံမြည်မှ အဘိုး နိုးလာတာ။ သူခိုးလည်း အဘိုးမတွေ့ဘူး ဖောင်းထွင်းတဲ့ သူလည်း တစ်ယောက်မှ မတွေ့ဘဲ ခိုင်ယန်နီ အရုပ်က မှန်ရှိတဲ့ဘက်ကို လဲကျနေတာ တွေ့ရတာပဲ လူလေး။ သူလဲကျတဲ့ အားကြောင့်လား မပြောတတ်ဘူးကွဲ့။ ခိုင်ယန်နီရော သူ့ရှေ့က မှန်ရော ကွဲသွားပြီး အချက်ပြစနစ်က အသံမြည်လာတာပဲ"

ထူးဆန်းတာက ခိုင်ယန်နီမှာ လေမတိုက်ဘဲ ဘာကြောင့် လဲသွားရတာလဲ။ တိုက်တိုက်ဆိုင်တိုင် သူမေ့လဲသွားတဲ့ အချိန်ရောက်မှ ခိုင်ယန်နီက မှန်ပေါ်ကိုလဲကျရသလား။ သူလည်း မတွေးတတ်တော့။

"အဲဒါ ဘယ်ဖောက်ထွင်းသမားမှ မတွေ့ရတော့ လူလေးရှိတဲ့ဘက်ကို ကြည့်တော့မှ ဂစ်တာတီးနေတဲ့နေရာမှာ မေ့လဲနေတဲ့ လူလေးကို တွေ့တာပဲ။ အဲတော့မှ အဘိုး လူလေးကို ဆေးရုံခေါ်လာတာကွဲ့"

အဘိုးအိုက ရှည်လျားစွာ ရှင်းပြပြီးမှ ဆေးဝယ်ရန် ပြန်ထွက်သွားသည်။

သူတစ်ယောက်တည်း ကျန်နေခဲ့သည်။

မနေ့ညက သူ ယောင်းယမ်းစိတ်ကူးယဉ်လွန်နေခဲ့ခြင်းပဲ ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ခိုင်ယန်နီ အရုပ်လေးကြောင့် သူအသက်ဆက်ခွင့်ရခဲ့သည်။ သို့မဟုတ်လျှင် မနက်လင်းသည့်အချိန်မှာ သူအေးခဲ၍ အသက်ပင် ရှိတော့မည်မဟုတ်။ မနေ့က အကြောင်းရာတို့ သူပြန်တွေးရင်း မှေးနေလိုက်သည်။

♦

ဆေးရုံကဆင်းပြီး သူ နားမနေဖြစ်။ ဆေးရုံကဆင်းသည့်နေ့ ညဘက်မှာပင် ဝယ်ထားပြီးဖြစ်သည့် ရထားလက်မှတ်ကြောင့် အဘိုးဂိုင်လန်အား နှုတ်ဆက်က သူတခြားတစ်မြို့သို့ ခရီးဆက်ခဲ့သည်။ရထားက စရွေ့ပြီ။ လက်နှစ်ဖက်ကို ပိုက်ပြီး ရထားပြတင်းပေါက်ကနေ အပြင်ကို လှမ်းငေးကြည့်လိုက်သည်။ သူ့ဘေး အိတ်ကပ်တွင် တစ်ခုခုခံနေသည်။ ဘာများပါလိမ့်။ သူ ညာလက်ဖြင့် နှိုက်ကာ ဆွဲထုတ်ကြည့်လိုက်သည်။

"ဟင်. . . ဒါ. . . သူကိုယ်တိုင်. . . ခိုင်ယန်နီ ဦးခေါင်းမှာ ပန်ပေးထားတဲ့ ဆံညှပ်လေးပဲ"

မနေ့က ညနေစောင်းသွားနှုတ်ဆက်တုန်း ခိုင်ယန်နီကို ဖက်လိုက်ကတည်းက သူ့အိတ်ကပ်ထဲ ပြုတ်ကျနေတာများလား။ ဒါမှမဟုတ် မနေ့ကညက ခိုင်ယန်နီ သူ့နဲ့ အတူ အသက်ဝင်လှုပ်ရှားစွာ ကပြီး သူ့အိတ်ကပ်ထဲ ထည့်ပေးလိုက်တာလား။ ဒါမှမဟုတ်. . . ကွဲသွားပြီးဖြစ်တဲ့ ခိုင်ယန်နီ အရုပ်ဆီကနေ အဘိုးအိုဂိုင်လန် ပြန်ကောက် ထားပြီး သူမေ့နေတုန်း သူ့အိတ်ကပ်ထဲ ထည့်ပေးလိုက်ခြင်းလား။ ဘယ်အဖြေတစ်ခုကမှ မသေချာ။ ဒါပေမဲ့ ဘယ်အရာက အမှန်တရားလဲလို့ သူအဖြေမရှာချင်တော့။ တစ်ခါတလေ အဖြေမရှိသေးတဲ့ အခိုက်တန့်လေးက အဖြေသိလိုက်ရတဲ့ အခိုက်တန့်ထက် စိတ်ကူး ပျော်ရွှင်မှုပေးတတ်သည်။ အဖြေ မရေရာတဲ့ အခိုက်တန့်လေးကိုပဲ သူသယ်ဆောင်သွားတော့မည်။

သူ တစ်ကိုယ်တည်းပြုံးကာ ဆံညှပ်လေးကို အိတ်ကပ်ထဲ ပြန်ထည့်ထားလိုက်သည်။ ရထားက ဆက်ရွေ့နေသည်။ လရောင်အောက်မှာ တိမ်လိပ်တို့ကလည်း မြင့်လိုက်နိမ့်လိုက် သူ့မြင်ကွင်းထဲ လိုက်ပါနေသည်။ ကောင်းကင်ကို ငေးကြည့်နေရင်း ကြယ်လေးနှစ်လုံးက ဖျတ်ခနဲလက်သွားသည်။ မျက်ဝန်းတစ်စုံအလား စူးရှတောက်ပလာသည်။ သူကြည့်နေရင်း နောက်သဏ္ဌာန်တစ်ခု မပီပြင်မီ ကောင်းကင်မှ နှင်းစက်တို့ သိပ်သည်းစွာကျဆင်းလာသည်။ ကောင်းကင်မှာ မျက်ဝန်းတစ်စုံကို မမြင်လိုက်ရတော့။

နှင်းမှုန်များကျလာပြီဖြစ်၍ သူ ရထားပြတင်းတံခါးချပ်ကို ဆွဲပိတ်လိုက်သည်။ မနက်မှရောက်မည့် နောက်တစ်မြို့အတွက် သူ အနားယူရဦးမည်။ ထို့ကြောင့် ခေါင်းကို ဘေးနံရံတွင် မှီရင်း မျက်လုံးများကို မှိတ်ချလိုက်သည်။ အတွေးမှောင်ထဲမှာ ခုနက ကြယ်ပွင့်လေးနှစ်ပွင့် ဖျတ်ခနဲ လက်သွားသည်။ ပြီးတော့ . . .

ဘာပဲဖြစ်ဖြစ် သူ ခဏတော့ မျက်လုံးများကို ဆက်မှိတ်ထားချင်သေးသည်။

**ညီစု**



ကျောက်မျက်ရတနာများကို အလှအပ အဆင်တန်ဆာအနေဖြင့်လည်းကောင်း၊ ငွေကြေးဥစ္စာခနေကြွယ်ဝမှု၏ ဂုဏ်ဖြပ်တစ်ခုအနေဖြင့်

# ဘဝဆက်တိုင်း ချစ်သက် လက်ဆောင်

သိန်းဝိုင် (M.Engg.Geol)

လည်းကောင်း ဝတ်ဆင်ကြသလို ကျောက်မျက်ရတနာများ၏ ဂမ္ဘီရအစွမ်းသတ္တိ၊ ဆေးဖက်ဝင်အစွမ်းသတ္တိများကြောင့်လည်း သမိုင်းမတင်မီမှစ၍ ရှေးဦးလူသားများမှသည် ယနေ့သိပ္ပံခေတ်

တိုင်အောင် လူအမျိုးမျိုး၊ နေရာဒေသအမျိုးမျိုးတို့၌ ယုံကြည်မှုအယူအဆအမျိုးမျိုးတို့ဖြင့် ဝတ်ဆင်အသုံးပြုနေကြသည်ကိုလည်း ကမ္ဘာ့အနှံ့အပြား၌ပင် အလွယ်တကူ တွေ့ရှိနိုင်ပါသည်။ ထိုနည်းတူစွာပင် ကိုရီးယားဇာတ်လမ်းတွဲတစ်ခုရှိ ကိုရီးယားမင်းသားနှင့် မင်းသမီးတို့၏ ကျောက်မျက်များနှင့် ဆက်နွှယ်နေသည့် ချစ်မှုရေးရာဖူးစာအကြောင်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ယင်းမှာ ချစ်သူသမီးရည်းစားများသည် ဒီဘဝတွင်သာမက နောက်ဘဝ ဆက်တိုင်းဆက်တိုင်းတွင်လည်း ဖူးစာဆုံ၍ ရွှေလက်တွဲနိုင်ရန်ရည်ရွယ်၍ ကျောက်မျက်များကို စီစဉ်ပြီး ချစ်သက်လက်ဆောင်အဖြစ် အမှတ်တရ ဆင်မြန်းပေးဖြစ်ပါသည်။

ယင်းကိစ္စမှာ ကိုရီးယားလူမျိုးတို့၏ ယုံကြည်မှု အယူအဆအစစ်အမှန်လား။ သို့တည်းမဟုတ် ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာများ၏ စိတ်ကူးယဉ်ဖန်တီးမှုပေလားတော့ အသေအချာမပြောတတ်ပါ။ ဇာတ်လမ်းအရ မင်းသားက မင်းသမီး၏ ခြေချင်းဝတ်လှလှလေးတွင် ပုလဲလုံးက တစ်ဖက်၊ သူတို့၏ အခေါ် သံလွင်ကျောက်ဟုခေါ်သည့် ကောင်းကင်ယံမှ ကျလာသော ကျောက်၊ မြန်မာတို့အခေါ် 'ဥက္ကာခဲ' (Meteorite) ကို သွေးထားသည့် ကျောက်ကလေးက တစ်ဖက်နှင့် ပြုလုပ်ထားသည့် Foot Chain ကလေးကို ဘဝဆက်တိုင်း ပေါင်းဖက်ရအောင် ရည်ရွယ်၍ ချစ်သက်လက်ဆောင်အဖြစ် ဆင်မြန်းပေးခြင်းပင် ဖြစ်ပါသည်။

စာရေးသူစဉ်းစားမိသည်မှာ ပုလဲရတနာသည် ပင်လယ်သမုဒ္ဒရာထဲတွင် နေထိုင်ကျက်စားသော မုတ်ကောင်၏ ခန္ဓာကိုယ်အတွင်းမှရရှိသည့် ဇီဝတွင်းထွက်ကျောက်မျက် (Organic Gemstone) အုပ်စုတွင်ပါဝင်ပြီး ဥက္ကာခဲ (Meteorite) ဆိုသည်မှာ အာကာသထဲမှ ကျွန်ုပ်တို့၏ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လာသည့် အခြားသော ဂြိုဟ်ကမ္ဘာမှ အပိုင်းအစအစိုင်အခဲများဖြစ်ပြီး ကမ္ဘာမြေကြီးမှထွက်ရှိသော တွင်းထွက်ကျောက်မျက်များထက်ပင် ရှားပါးသော၊ ရှာဖွေရ ခက်ခဲသောအရာပင် ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ကမ္ဘာပေါ်တွင် လူဦးရေ သန်းပေါင်း ၆၀၀၀ ကျော် ရှိသည့်အနက် သွေးမတော်သားမစပ်၊ မတူညီသော မိသားစုများမှ ပေါက်ဖွားလာသည့် သူစိမ်းတရံဆံယောကျာ်းလေးတစ်ယောက်နှင့် မိန်းကလေး တစ်ယောက်တို့သည် တွေ့ဆုံချစ်ကြိုက်ဖူးစာဆုံကြပြီး အိုးအိမ်ထူထောင်၊ မိသားစု အသွင်တည်ဆောက်၍ ကမ္ဘာ့ရွာအလယ် တင့်တင့်တယ်တယ်ရပ်တည်ပြီး လူသားမျိုးနွယ် ဆက်တို့၏ အကျိုးကို လက်ဆင့်ကမ်းသယ်ပိုးနိုင်ရန်မှာ သေသေချာချာ စဉ်းစားကြည့်ပါက အခက်အခဲပေါင်းများစွာရှိ၍ထူးဆန်းအံ့ဩမှုများလည်း ပါဝင်နေသလို ဤလူသားနှစ်ယောက်သည် ဘဝဆက်တိုင်း ဆုံစည်းရန်မှာ ထိုထက်ပင် ပို၍ခက်ပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့်ပင်လားမသိ။ ကမ္ဘာဂြိုဟ်၏ အပြင်ဘက်အာကာသထဲမှ ရှားရှားပါးပါး ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လာသော ဥက္ကာခဲနှင့် ကမ္ဘာပေါ်ရှိပင်လယ်သမုဒ္ဒရာထဲမှ သက်ရှိသတ္တဝါတစ်ကောင်၏ ကိုယ်တွင်းမှ ခက်ခက်ခဲခဲ ရှာဖွေရရှိလာသော ပုလဲလုံးတစ်လုံးတို့ကို ဘဝဆက်တိုင်း ဖူးစာရေစက်ဆုံစေရန်အတွက် ရည်ရွယ်၍ ချစ်သက်လက်ဆောင်အဖြစ် ပေးခြင်းမှာ ဇာတ်လမ်းဒါရိုက်တာ၏ စိတ်ကူးစိတ်သန်းပဲဖြစ်ဖြစ်၊ ကိုရီးယားလူမျိုးတို့၏ ယုံကြည်မှုအယူအဆပဲဖြစ်ဖြစ် ယုတ္တိတန်နေသည်ဟု၍ပင် ကောက်ချက်ချရမလို ဖြစ်နေလေတော့သည်။

### ပုလဲရတနာ ၊ သို့ ၊ ရတနာတို့၏ဘုရင်မ

ပုလဲရတနာသည် လူသားများအတွက် ရှေးအကျဆုံး ကျောက်မျက်ရတနာတစ်ပါးဖြစ်သလို သက်ရှိသတ္တဝါတစ်ကောင်၏ ကိုယ်တွင်းမှ ဖန်တီးဖြစ်ပေါ်လာသည့် တစ်ခုတည်းသော ရတနာစစ်စစ်ဖြစ်ပါသည်။ ပုလဲသည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းက အမျိုးသားရော အမျိုးသမီးများပါ နှစ်သက်မြတ်နိုးရသော ရတနာတစ်ပါးဖြစ်သလို ရှေးမြန်မာတို့၏တော်ဝင်နန်းထိုက်နဝရတ် ၉ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ရတနာလည်း ဖြစ်ပါသည်။ ကျောက်မျက်များတွင် ရှိရမည့် ဂုဏ်အင်္ဂါ ၃ ရပ်ဖြစ်သော လှပခြင်း၊ ရှားပါးခြင်းနှင့် မာကျောခြင်းတို့တွင် ပုလဲသည် မာကျောခြင်းမရှိသော်လည်း ၎င်း၏ နှစ်လိုဖွယ်ကောင်းသော ရောင်လက်နှင့်နူးညံ့လှပသော အရည်အသွေးများသည် အခြားကျောက်မျက်များ ထက် သာလွန်ကောင်းမွန်ပါသည်။ ထို့ကြောင့် စိန်သည် ၎င်း၏ရောင်လက်နှင့် မာကျောသော ဂုဏ်သတ္တိများ ကြောင့် ရာစုနှစ် များစွာကတည်းက ကျောက်မျက် တို့၏ ဘုရင်အဖြစ် သတ်မှတ်ထားရှိပါက ပုလဲရတနာကိုလည်း ကျောက်မျက်တို့၏ ဘုရင်မအဖြစ် မှန်ကန်စွာ မှတ်ယူသင့်ပါသည်။

### ပုလဲဖြစ်ပေါ်ပုံ

ပုလဲသည် ရေတွင် ကျက်စားသွားလာနေထိုင်သော မုတ်ကောင်၏ ကိုယ်တွင်းမှ ဖြစ်လာသော ပစ္စည်း ဖြစ်ပါသည်။ မုတ်ကောင်သည် ရေထဲတွင် ကျက်စားသွားလာရင်း ၎င်း၏ခန္ဓာကိုယ်တွင်းသို့ မတော်တဆဝင်ရောက်သွားသော အမှုန်အမွှားများနှင့် သဲမှုန်ကလေးများ (သို့) ၎င်းထက် သေးငယ်သောရေသတ္တဝါလေးများကြောင့် မုတ်ကောင်၏ ခန္ဓာကိုယ်အတွင်း ယားယံမှုများ ဖြစ်ပေါ်လာပါသည်။ မုတ်ကောင်သည် ထိုကဲ့သို့ ယားယံမှုကို ပြေပျောက်စေရန်အတွက် ကိုယ်တွင်းရှိအရည်များဖြင့် ဝင်ရောက်လာသော အရာဝတ္ထုလေးကို တဖြည်းဖြည်းချင်း ရစ်ပတ်ဖုံးအုပ်ပါတော့သည်။ ဤသို့ဖြင့် တစ်ရစ်ပြီးတစ်ရစ်၊ တစ်နှစ်ပြီးတစ်နှစ် ဖုံးအုပ်လာသောအခါ ယင်းအစိုင်အခဲလေးသည် ဘော်ငွေရောင်ကဲ့သို့ လင်းလက်ပြီး ပိုးသားကဲ့သို့ နူးညံ့လှပသော ရောင်လက်များဖြင့် သက်တံ့တစ်ခုမှ ပေါက်ကွဲလွင့်စဉ်လာသော အလွန်များပြားသည့် ရောင်စဉ်စလေးများ စုစည်း၍ အလင်းပြန်နေပုံမျိုးနှင့် တူနေပါတော့သည်။

### ပုလဲ၏ဓာတုဖွဲ့စည်းပုံနှင့် ရုပ်ဂုဏ်သတ္တိများ

ပုလဲကို ဖြစ်ပေါ်စေသည့် 'မုတ်ကောင်' ဟူသော ဝေါဟာရသည် မြန်မာစကားစစ်စစ် မဟုတ်ဘဲ ပုလဲကို သန္ဓေတည်ပေးခဲ့သော မိခင်ကမာကောင်ကို အင်္ဂလိပ်ဘာသာဖြင့် 'Mother of Pearl' ဟုခေါ်၍ အတိုကောက်အားဖြင့် (M.O.P) ဟုခေါ်ရာမှ အသံထွက်ကိုလိုက်၍ 'မုတ်ကောင်' ဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ အမှန်မှာ မုတ်ကောင်ကို အင်္ဂလိပ်အမည်အားဖြင့် 'Oyster' ဟုခေါ်၍ သိပ္ပံအားဖြင့် 'Pinctada Margaritifera' ဟုခေါ်ကာ 'ပုလဲမွေးသူ' ဟု အဓိပ္ပာယ်ရပါသည်။ ပုလဲရတနာကို အဓိကအားဖြင့် ထုံးဓာတ်ဟုခေါ်သော ကယ်စီယမ်ကာဗွန်နိတ် (Calcium Carbonate) ဓာတ်များဖြင့် ဖွဲ့စည်းထားပြီး ဇီဝပစ္စည်း (Organic Substance) ၅.၉၄ ရာခိုင်နှုန်း၊ ရေဓာတ် (Water) ၂.၂၃ ရာခိုင်နှုန်းနှင့် အခြားအရာဝတ္ထုများ ၀.၁၁ ရာခိုင်နှုန်းတို့ ပါဝင်ပါသည်။ ပုလဲ၏ သိပ်သည်းဆသည် ပုလဲ၏ ဓာတ်ဖွဲ့စည်းပုံနှင့် ထွက်ရှိရာ အရပ်ဒေသကို လိုက်၍ အနည်းဆုံး ၂.၆၁ မှ အများဆုံး ၂.၈၅ အထိ ရှိပါသည်။ ပုလဲ၏ မာဆင့်မှာ 'မိုး၏



မာဆင့်စကေး' အရ ၃.၅ မှ ၄ အထိရှိပြီး အိမ်ရိုက်သံချောင်းထက် ပျော့ပါသည်။ ပုလဲ၏ အလင်းယိုင်ညွှန်းကိန်းသည် ၁.၅၃၀ မှ ၁.၆၈၂ နှင့် ၁.၆၈၆ အထိ ပြောင်းလဲတတ်ကြောင်း တွေ့ရှိရပါသည်။

ပုလဲ၏ အရောင်သည် အဓိကအားဖြင့် ၂ မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ ပင်ကိုကိုယ်ထည် အရောင်ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ ကိုယ်ထည် အရောင်ကို ထပ်ဆောင်းနေသည့်ရောင်ပြေး အရောင်ဖြစ်ပါသည်။ ယခုပြောသွားသော အရောင် ၂ မျိုးကို အခြေခံ၍ ပုလဲ၏ အရောင်များကို အဖြူရောင်ပုလဲ၊ ပုလဲနက်နှင့် အရောင်ရှိ ပုလဲများဟူ၍ အုပ်စု ၃ စု ခွဲခြားနိုင်ပါသည်။ အဖြူရောင်ပုလဲများသည် ကိုယ်ထည်ရောင် အဖြူ (သို့) နို့နှစ်ရောင်အမျိုးမျိုးရှိသော ပုလဲများ ဖြစ်ကြပါသည်။ အနက်ရောင်ပုလဲများမှာ တကယ့် အနက်ရောင်စစ်စစ်မဟုတ်ဘဲ မီးခိုးရောင်၊ ကြေးနီရောင်၊ အပြာရောင်၊ စိမ်းပြာရောင်နှင့် အစိမ်းရောင်ရှိသလို အခြားအရောင်များလည်း ပါလေ့ရှိပါသည်။ ဒေါင်းမြီးစိမ်းရောင်တောက်သော ပုလဲများကို လူအများက ပိုမို နှစ်သက်ကြပါသည်။ အရောင်ရှိပုလဲများမှာ အနီရောင်၊ ခရမ်းရောင်၊ အပြာရောင်၊ အစိမ်းရောင်များဖြစ်ပြီး အများအားဖြင့် ရေချိုမှတ်ကောင်များမှဖြစ်သော ထင်ရှားသည့် ကိုယ်ထည်ရောင်များဖြစ်ပါသည်။ အချို့ ပုလဲများတွင် ပင်ကိုရောင်နှစ်မျိုး ရောယှက်နေတတ်ပြီး ၎င်းတို့ကို နှစ်ရောင်စပ်ပုလဲများဟု ခေါ်ပါသည်။ အကယ်၍ ပုလဲ၏အရောင်သည် ပန်းရောင်ရှိခဲ့ပါက ၎င်းပုလဲကို ပန်းနုပုလဲဟု ခေါ်ပြီး တစ်ခါတစ်ရံ အဝါရောင်နှင့် လိမ္မော်ရောင်များကိုလည်း တွေ့ရှိရကာ ပန်းနုရောင်တွင် အပြာ (သို့) အစိမ်းရောင်များ ရောစပ်နေပါက ယင်းပုလဲမျိုးကို ပုလဲဆန်းဟု ခေါ်ပါသည်။ ပုလဲ၏ အရောင်သည် သန့်ပြန့်ပြီး ညီညာနေမှသာလျှင် တန်ဖိုးရှိပြီး အကယ်၍ နောက်ကျိညစ်ထည်းနေသော အရောင်များပါရှိခဲ့ပါက ပုလဲ၏ တန်ဖိုးကို ကျဆင်းစေပါသည်။

ထို့အပြင် ပုလဲသည် မာဆင့်နည်းသော ကျောက်မျက်ရတနာဖြစ်သလို ကယ်ဆီယမ်ကာဗွန်နိတ်များဖြင့် ဖွဲ့စည်းထားသောကြောင့် အက်စစ်နှင့် အလွယ်တကူ ဓာတ်ပြုနိုင်ပြီး ပုလဲကို ဝတ်ဆင်သောအခါ သေသေချာချာ ဂရုတစိုက် ဝတ်ဆင်ပါမှ အထိအခိုက် အပွန်းအပဲ့နည်းပြီး ပုလဲ၏ ရောင်လက်သည်လည်း အမြဲတမ်းလှပနေမည်ဖြစ်ပါသည်။ ၎င်းအပြင် အချို့ရေမွှေး အပြင်းစားများနှင့် ချွေးနံ့များသည်လည်း ပုလဲကို အစွန်းအထင်းဖြစ်စေပြီး ပုလဲ၏ ပင်ကိုအရောင်ကို မှိန်သွားစေသဖြင့် ပုလဲကိုဝတ်ဆင်ပြီးသောအခါ သံလွင်ဆီဆွတ်ထားသော ဝွမ်းစဖြင့်ဖြစ်စေ၊ အာလူးမှုန့်များဖြင့် ပွတ်တိုက်၍ ဖြစ်စေ (သို့) နွားနို့ထဲတွင် ၂ နာရီခန့်ကြာအောင် စိမ်ပြီးမှ ဖြစ်စေ ပြန်လည်၍ အရောင်တင်သင့်သည်ဟု ဆိုပါသည်။ ပုလဲကို ရေနွေးပူ၊ ဆေးပူများ၊ ဖယောင်းပူ၊ အဝတ်လျှော်ဆပ်ပြာအပြင်းစား၊ အရက်ပျံ၊ အရက်စသည်တို့ဖြင့် ဆေးကြောသန့်စင်ခြင်းကိုလည်း ရှောင်ရှားရမှာဖြစ်ပြီး အမြဲတမ်း ပူနွေးသော နေရာမျိုးတွင် သိမ်းဆည်းထားခြင်း များကိုလည်း ရှောင်ကြဉ်သင့်ပါသည်။



## ဥက္ကာခဲ (သို့မဟုတ်)တခြားဂြိုဟ်က သူ့ရဲကောင်း

ဥက္ကာခဲဆိုသည်မှာ အာကာသထဲတွင် လွင့်မျောနေသော အစိုင်အခဲများ၊ ဂြိုဟ်ပုံဂြိုဟ်စများသည် ကမ္ဘာ့ဆွဲငင်အားကြောင့် ကမ္ဘာမြေပြင်ပေါ်သို့ ပြုတ်ကျလာသော အစိုင်အခဲများ ဖြစ်ပါသည်။ သို့ပါသော်လည်း အာကာသထဲရှိ အစိုင်အခဲများသည် ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်ရာတွင် ကမ္ဘာ့လေထုလွှာကြီးကို အရှိန်ဖြင့် ဖြတ်သန်းဝင်ရောက်ရသဖြင့် လေထု၏ ပွတ်မှုအားအပူရှိန်များကြောင့် အများစုမှာ လေထုအတွင်း လောင်ကျွမ်းပျက်စီးသွားပြီး အလင်းတန်းများ အဖြစ်သာ တွေ့ရှိရပြီး အမှုန်အမွှားများအဖြစ်သာ ပျောက်ကွယ်သွားသည်က များပါသည်။ ယင်းကို အများစုက 'ကြယ်ကြွေ' သည်ဟု ခေါ်ဝေါ်သမုတ်ကြပါသည်။ ကမ္ဘာ့မြေပြင်ပေါ်သို့ 'ဥက္ကာခဲ' အဖြစ်ကျရောက်ရန်မှာ လေထု၏ ပွတ်မှုအား အပူရှိန်များကို ခံနိုင်ရည်ရှိပြီး မူလကလည်း ထုထည်ပမာဏကြီးမားမှသာလျှင် ကမ္ဘာမြေပြင်သို့ ရောက်ရှိသောအခါ အစိုင်အခဲအဖြစ် ကျန်ရှိနေမည်ဖြစ်ပြီး အခြားဥက္ကာခဲများကဲ့သို့ ကမ္ဘာ့လေထုထဲတွင်ပင် ပျောက်ကွယ်သွားခြင်းမျိုး မဟုတ်ဘဲ ကမ္ဘာ့မြေပြင်ပေါ်တွင် 'သူ့ရဲကောင်း' အဖြစ် ထာဝရ တည်ရှိနေမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ကမ္ဘာမြေပြင်ပေါ်သို့ ရောက်ရှိလာသော ဥက္ကာခဲများကို သိပ္ပံနည်းကျ ဓာတ်ခွဲကြည့်သောအခါ အဓိကအားဖြင့် အမျိုးအစား ၄ မျိုးကို တွေ့ရှိရပါသည်။ ယင်းတို့မှာ

(၁) ဆီးဒရိုက် (Siderites) ဟုခေါ်သော သံနှင့်နီကယ်များသာ ပါဝင်သည့် သတ္တုသား ဥက္ကာခဲ (ယင်းဥက္ကာခဲတွင် ရွှေလည်း အနည်းငယ် ပါဝင်တတ်ပါသည်။)

(၂) တက်တိုက် (Tektites) ဟုခေါ်သော ဖန်သားဥက္ကာခဲ

(၃) ဆီးဒရိုလိုက် (Siderolites) (သို့) ပဲလက်ဆိုက် (Pallasites) ဟုခေါ်သော သတ္တုသားနှင့် ကျောက်သားများ ရောနှောနေသော ဥက္ကာခဲ

(၄) အေရိုလိုက် (Aerolites) ဟုခေါ်သော ဆီလီကာတွင်းထွက်များသာ ပါဝင်သည့် ကျောက်သားဥက္ကာခဲ (ယင်းဥက္ကာခဲတွင် ပိုင်ရော့ဆင်း 'Pyroxene'၊ အော်လီဗင်း 'Olivine' နှင့် မှန်သားလုံးငယ် 'Chon Drules' တွင်းထွက်များ ပါဝင်ပါသည်။) တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဥက္ကာခဲများထဲမှ တက်တိုက် (Tektites) အမျိုးအစားထဲတွင် ပါဝင်သော မော်ဒိုဗိုက် (Moldovites) ဟုခေါ်သည့် ဥက္ကာခဲကို ကျောက်မျက်အနေဖြင့် အသုံးပြုကြသည်ဟု ဆိုပါသည်။ ကျောက်မျက်အနေဖြင့် အသုံးပြုရန်မှာ အသုံးပြုမည့် တွင်းထွက်သည် မာကျောရမည်ဖြစ်ပြီး အရောင်တင်ပါကလည်း ပြောင်လက်တောက်ပနေရမည်ဖြစ်သဖြင့် ယခုဖော်ပြခဲ့သော ဥက္ကာခဲများထဲတွင် သတ္တုသားနှင့် ကျောက်သားဥက္ကာခဲများထက် သွေးလိုက်ပါက ပြောင်လက်လှပသွားနိုင်သည့် ဖန်သား၊ မှန်သားဥက္ကာခဲအမျိုးအစားများကိုသာ ကျောက်မျက်အဖြစ် အသုံးပြုသင့်သည်ဟု ယူဆပါသည်။

သို့ပါ၍ စာရှုသူအနေဖြင့် ရတနာတို့၏ ဘုရင်မအဖြစ် တင်စားထားသည့် မိမိနှစ်သက်ရာ 'ပုလဲရတနာတစ်လုံး' နှင့် အခြားဂြိုဟ်မှ သူ့ရဲကောင်းအဖြစ် တင်စားခံရသည့် 'ဥက္ကာခဲတစ်ပွင့်' တို့အား ရှာဖွေ၍ ဘဝဆက်တိုင်း ရေစက်ဆုံ၍ ချစ်ခင်စုံမက်လက်တွဲသွားစေနိုင်ရန် ရည်ရွယ်၍ ချစ်သက်လက်ဆောင်အဖြစ် ပေးနိုင်ကြပါစေဟု ဆန္ဒပြုရင်း . . . . .

သိန်းပိုင် (M.Engg.Geol.)





# ကျောက်မီးသွေး

ကျော်ဦး

လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် လောင်စာအမျိုးမျိုးရှိသည့်အနက် လောင်မြိုက်နိုင်သော အနည်ကျကျောက်တစ်မျိုးဖြစ်သည့် ကျောက်မီးသွေးကို အများဆုံး သုံးစွဲနေကြသည်။

ကမ္ဘာပေါ်တွင် ကျောက်မီးသွေးဖြစ်ပေါ်မှုသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၃၀၀ ခန့်က စတင်ခဲ့သည်။ ယင်းအချိန်က ကမ္ဘာမြေပြင်ပေါ်တွင် သစ်ပင်ကြီးများ အများအပြားပါဝင်သည့် ရွံ့ညွန်တောကြီးများ ရှိနေခဲ့သည်။ ပင်လယ်ရေပြင်၏ နေရာအတော်များများတွင်လည်း အယ်လ်ဂျီ ခေါ် အပင်ငယ်များ ရှင်သန်နေခဲ့သည်။ ယင်း သစ်ပင်ကြီးငယ်များ သေဆုံး၍ နှစ်သန်းပေါင်းများစွာ ကြာသောအခါ အပင်ရုပ်ကြွင်းများ မြေကြီးအောက် တဖြည်းဖြည်းနစ်မြုပ်သွားသည်။ အပေါ်မှ ဖုံးနေသော ရွံ့ညွန်နှင့် အက်စစ်ဓာတ်ပါသောရေတို့ကြောင့် အပင်ရုပ်ကြွင်းများသည် အောက်ဆီဂျင်ဓာတ်နှင့် မထိတွေ့နိုင်သဖြင့် ဖြည်းဖြည်းချင်းသာ အသွင်ပြောင်းကာ ဦးစွာ သစ်ဆွေးအဖြစ်သို့ ရောက်သည်။ အသွင်ပြောင်းမှု နှေးကွေးခြင်းကြောင့် ရုပ်ကြွင်းများတွင်းရှိ စွမ်းအင်သိုမှီးထားသော ကာဗွန်ဓာတ်သည်လည်း များစွာအပြောင်းအလဲမရှိဘဲ ပင်ကိုအတိုင်း တည်ရှိနိုင်ခဲ့သည်။

မြေအောက်တွင် ပြင်းထန်သောဖိအား၊ အပူဓာတ်တို့နှင့် ထိတွေ့ချိန်ကြာသောအခါ ရေငွေ့အချိုးများ၍ ကာဗွန်ဓာတ်အချိုးနည်းသော သစ်ဆွေးမြေများသည် ကာဗွန်နှင့် စွမ်းအင်ပါဝင်မှု ပိုများသော ကျောက်မီးသွေးအဖြစ်သို့ ရောက်ရှိသည်။

**ကျောက်မီးသွေးကို ထိရောက်စွာ အသုံးချနိုင်ခဲ့သဖြင့် လုပ်ငန်းဆောင်တာ အမျိုးမျိုးတွင် လူအား၊ တိရစ္ဆာန်အားစသည်တို့ကိုသာ သုံးခဲ့ရာမှ စက်ကိရိယာများ၊ ယာဉ်များကို တီထွင်၍ လူ့နေမှုအဆင့်အတန်းကို မြှင့်ပေးနိုင်ခဲ့သည်။**

ကျောက်မီးသွေးတွင် ကာဗွန်၊ ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်တို့ အဓိကပါဝင်ပြီး ဆာလ်ဖာလည်း အနည်းငယ်ပါသည်။ အပင်ရုပ်ကြွင်းမှ ကျောက်မီးသွေးအဖြစ်သို့ ပြောင်းရာတွင် ပြောင်းချိန်ကြာကာ ရုပ်ကြွင်းမှ ကာဗွန်အဖြစ် ပို၍များများ ပြောင်းပြီးသော သို့မဟုတ် ပို၍နက်သော အပိုင်းသို့ရောက်နေသော ကျောက်မီးသွေးများက ယေဘုယျအားဖြင့် စွမ်းရည်ပို၍ မြင့်သည်။

ကာဗွန်ပါဝင်မှုနှင့် အပူစွမ်းအင် ထုတ်လုပ်မှုအပေါ် မူတည်၍ အင်ထရာဆိုက်မီးသွေး၊ ဘီတူးမီးနပ်စ်မီးသွေး၊ ဆပ်ဘီတူးမီးနပ်စ်မီးသွေးနှင့် လစ်ဂ်နိုက်မီးသွေးဟူ၍ ကျောက်မီးသွေး လေးမျိုးလေးစားရှိသည်။

အင်ထရာဆိုက်မီးသွေးသည် အမာဆုံးဖြစ်ပြီး ကာဗွန် ၈၆ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအထိ ပါသဖြင့် လောင်စာတန်ဖိုး မြင့်မားသည်။ ဘီတူးမီးနပ်စ်မီးသွေးတွင် ကာဗွန် ၄၅ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအထိပါပြီး လျှပ်စစ်ဓာတ်ထုတ်ရာတွင် အသုံးများသည်။ ဆပ်ဘီတူးမီးနပ်စ်မီးသွေး တွင် ကာဗွန်၃၅ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိ ပါပြီး ဘီးတူးမီးနပ်စ်ကျောက်မီးသွေးထက် အပူစွမ်းအင် ပိုနည်းသည်။

လစ်ဂ်နိုက်မီးသွေးသည် ပျော့ကာ ကာဗွန်နည်းပြီး ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ပို၍ပါသည်။ လစ်ဂ်နိုက်သည် အခြားကျောက်မီးသွေးတို့ထက် သက်တမ်းနုသဖြင့် ကာဗွန် ၂၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိသာပါသည်။ အပူစွမ်းအင် ထုတ်ပေးနိုင်မှု အနည်းဆုံးဖြစ်သည်။

ကမ္ဘာတွင် တွေ့ရှိပြီး ကျောက်မီးသွေးပမာဏ တန်ချိန် သန်းပေါင်း



၈၄၇၀၀၀ ခန့်ရှိသည်။ လက်ရှိသုံးစွဲနှုန်းနှင့် တွက်လျှင် နောက်ထပ် ပျမ်းမျှ နှစ်ပေါင်း ၁၀၀ ကျော်သုံးနိုင်သည့် ယင်းကျောက်မီးသွေးသိုက်များသည် အမေရိကန်၊ ရုရှား၊ တရုတ်၊ သြစတေးလျနှင့် အိန္ဒိယနိုင်ငံတို့တွင် အများဆုံးတည်ရှိသည်။

ကျောက်မီးသွေးကို တူးဖော်ရာ၌ အချို့နေရာများတွင် မြေမျက်နှာပြင်အနီးတွင် တည်ရှိကြသဖြင့် လွယ်ကူစွာ တူးဖော်ထုတ်ယူကြသည်။ မြေပြင်မှ အနက်ပေ ၂၀၀ အတွင်း၌ရှိသော ကျောက်မီးသွေးများကို ယင်းနည်းဖြင့် တူးယူကြသည်။ လွယ်ကူစွာ၍တူးယူခြင်းကြောင့် မြေယာရှုခင်းနှင့် ဂေဟစနစ် ပျက်စီးခြင်း၊ မြေအောက်နှင့် မြေပေါ် ရေကြောများ ညစ်ညမ်းခြင်းတို့ ဖြစ်တတ်သည်။ နေရာအများအပြားတွင်မူ ကျောက်မီးသွေးကို မြေအောက် အနက်ပိုင်းအထိ တွင်းများတူး၍ ထုတ်ယူကြရသည်။ အချို့ကျောက်မီးသွေးတွင်းများသည် ပေ ၁၀၀၀ ခန့်အနက်တွင် ရှိကြသည်။

လူတို့သည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းက နေအိမ်အဆောက်အအုံများကို အပူပေးရန်နှင့် ချက်ပြုတ်ရန် ကျောက်မီးသွေးကို သုံးခဲ့ကြသည်။ ကျောက်မီးသွေးကို ထိရောက်စွာ အသုံးချနိုင်ခဲ့သဖြင့် လုပ်ငန်းဆောင်တာ အမျိုးမျိုးတွင် လူအား၊ တိရစ္ဆာန်အားစသည်တို့ကို





သာ သုံးခဲ့ရာမှ စက်ကိရိယာများ၊ ယာဉ်များကို တီထွင်၍ လူနေမှုအဆင့်အတန်းကို မြှင့်ပေးနိုင်ခဲ့သည်။

ကျောက်မီးသွေးကို တူးဖော်ထုတ်လုပ်ရာတွင် ဈေးသက်သာခြင်း၊ ကမ္ဘာ့နေရာအတော်များများတွင် တူးဖော်နိုင်ခြင်းစသည့် အားသာချက်များရှိသည်။ အများဆုံးသုံးသော နိုင်ငံများမှာ တရုတ်၊ အမေရိကန်၊ အိန္ဒိယ၊ ရုရှားနှင့် ဂျပန်တို့ ဖြစ်ကြသည်။ ယင်း ၅ နိုင်ငံတို့သည် တစ်ကမ္ဘာလုံးသုံးစွဲသော ကျောက်မီးသွေးပမာဏ၏ ၇၇ ရာခိုင်နှုန်းကို ထုတ်ယူလောင်မြိုက်နေကြသည်။

ကျောက်မီးသွေးကို လျှပ်စစ်ဓာတ်အား ထုတ်ယူသော စက်ရုံများတွင် အများဆုံးသုံးကြသည်။ တစ်ကမ္ဘာလုံး ထုတ်လုပ်သော လျှပ်စစ်ဓာတ်ပမာဏစုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းသည် ကျောက်မီးသွေးမှ ရသည်။

ကျောက်မီးသွေးမှရသော မက်သနော၊ အက်သလင်းတို့ကို ပလတ်စတစ်၊ ကတ္တရာ၊ ဓာတ်မြေဩဇာ၊ လူသုံးဆေးဝါးများ ထုတ်လုပ်ရန် အသုံးပြုကြသည်။ ကျောက်မီးသွေးကို အထူးမီးဖိုများတွင် ပြင်းထန်သော အပူပေး၍ ရရှိသော ကုတ်မီးသွေးဖြင့် သံများမှ သံမဏိထုတ်လုပ်ရာတွင် သုံးသည်။ ကုတ်မီးသွေးမှ ထွက်လာသော ပြင်းထန်သည့် အပူကြောင့် ခံနိုင်ရည်ကောင်းသော သံမဏိကို ပြုလုပ်နိုင်ခြင်းဖြစ်သည်။ ဘိလပ်မြေနှင့် စက္ကူများ ထုတ်လုပ်ရာတွင်လည်း ကျောက်မီးသွေးကို သုံးကြသည်။

ကျောက်မီးသွေးသည် အသုံးဝင်လှသည့် လောင်စာတစ်မျိုးဖြစ်သော်လည်း တူးဖော်ရာတွင်နှင့် အသုံးချရာတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ဆိုးကျိုးများရှိသည်။ မျက်နှာပြင်မှ လှော၍ထုတ်ယူသော ကျောက်မီးသွေးမိုင်းများ၊ တောင်ကိုဖြို၍ ထုတ်ယူသော ကျောက်မီးသွေးမိုင်းများကြောင့် အပေါ်ယံမြေဆီလွှာပျက်စီးခြင်း၊ မြေယာရှုခင်းပျက်စီးခြင်း၊ ကျောက်မီးသွေးတူးရာမှ ထွက်လာသော အနည်အနှစ်များ မြေစာများကြောင့် ပတ်ဝန်းကျင်ရှိ ချောင်းနှင့်မြစ်များ



ကောခြင်း၊ ရေအရည်အသွေး ကျဆင်းခြင်းတို့ ဖြစ်ပေါ်သည်။

ကျောက်မီးသွေးကို လောင်မြိုက်ခြင်းမှ အပူဓာတ်အပြင် ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်များ အဓိကထွက်ပေါ်သည်။ ကာဗွန်မိုနောက်ဆိုဒ်၊ ပြာနှင့် အခြားဓာတ်ငွေ့နှင့် စွန့်ပစ်အနည်များလည်း ထွက်သည်။

ဆာလ်ဖာဒိုင်အောက်ဆိုဒ်သည် အက်စစ်မိုးရွာသွန်းစေခြင်းနှင့် အသက်ရှူလမ်းကြောင်း ရောဂါများ ဖြစ်ပွားစေသည်။ နိုက်ထရိုဂျင်အောက်ဆိုဒ်များသည် မီးခိုးမြူများကို ဖြစ်ပေါ်စေပြီး အသက်ရှူလမ်းကြောင်းရောဂါများ ဖြစ်ပွားစေသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကြောင့် ကမ္ဘာ့လေထုကို ပူနွေးစေကာ ရာသီဥတု ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။ လူတို့ကြောင့် လေထုတွင်းရောက်သော ကာဗွန်ဒိုင်အောက်ဆိုဒ် ပမာဏစုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းသည် ကျောက်မီးသွေးမှထွက်သည်။ ထို့ပြင် ကျောက်မီးသွေးစက်ရုံများမှထွက်သော အမှုန်များကြောင့် အသက်ရှူလမ်းကြောင်းရောဂါနှင့် အဆုတ်ရောဂါများကို ဖြစ်ပွားသည်။

ကျောက်မီးသွေးမှထွက်သော ပြဒါးသည် လေထုတွင်း၌ လူ့ကျန်းမာရေးကို အန္တရာယ်မပြုသော်လည်း ရေထုတွင်းရောက်သောအခါ ဖြစ်ပေါ်လာသော မီသိုင်းမာကျူရီသည် သက်ရှိများအတွက် အဆိပ်ပင်ဖြစ်သည်။

ကျောက်မီးသွေးမှ ထွက်သော မလိုလားအပ်သည့် ဓာတ်ငွေ့နှင့် အမှုန်များကို ဖယ်ရှားသန့်စင်သည့် နည်းပညာများရှိသည်။ သို့သော် ယင်းတို့ကို သုံးလျှင် ကုန်ကျစရိတ်များသည်။ ယင်းကိရိယာတို့ လည်ပတ်အလုပ်လုပ်ရန် စွမ်းအင်အမြောက်အမြားလိုသည့်အပြင် ယင်းတို့မှ ကာဗွန်ဒိုင်အောက်ဆိုဒ်လည်း ထပ်တိုးထွက်ရှိသည်။ ယင်းတို့ဖယ်ရှားလိုက်သော စွန့်ပစ်အနည်အနှစ်များသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည်။

ပြဿနာများရှိသော်လည်း ဈေးချိုခြင်း၊ အလွယ်တကူရနိုင်ခြင်းစသည်တို့ကြောင့် နိုင်ငံအများအပြား၌ ကျောက်မီးသွေးအသုံးကျယ်ပြန့်လာနေသည်။ ၂၀၁၂ ခုနှစ်စာရင်းအရ တစ်ကမ္ဘာလုံး၌ ကျောက်မီးသွေးစက်ရုံအသစ်ပေါင်း ၁၂၀၀ ဆောက်လုပ်ရန် ရာထားသည်။

သို့သော် ကျောက်မီးသွေး၏ သဘာဝပတ်ဝန်းကျင်နှင့် လူ့ကျန်းမာရေးကို ထိခိုက်စေသည့်အချက်ကြောင့် ယင်းကိုလျှော့သုံးရန် အားထုတ်သည့် နိုင်ငံများလည်း ရှိနေသည်။ ကျောက်မီးသွေးစက်ရုံများကြောင့် လေထုညစ်ညမ်းမှုကို ဆိုးရွားစွာ ကြုံတွေ့နေရသော နိုင်ငံများတွင် ကျောက်မီးသွေးအသုံးအများဆုံးဖြစ်သည့် တရုတ်နိုင်ငံသည် ထိပ်ဆုံးမှ ပါနေသည်။

ယင်းကိစ္စကို ဖြေရှင်းရန် တရုတ်အစိုးရသည် လေထုညစ်ညမ်းမှု၏ ဇာစ်မြစ်ဖြစ်သည့် ကျောက်မီးသွေးစက်ရုံများကို လျှော့ချရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ တရုတ်နိုင်ငံတော်ကောင်စီသည် ပေကျင်း၊ ရှန်ဟိုင်းနှင့် ကွမ်ကျိုးဒေသများတွင် ကျောက်မီးသွေးသုံးစက်ရုံများ အသစ်ဆောက်လုပ်မှုကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း ကြေညာထားသည်။

**ကျော်ဦး**



# ကြယ်ပွင့်တွေများစွာ စီစဉ်တင်ဆက်မှုမှာ ပါဝင်သလို ဖြစ်ရပ်မှန် ဇာတ်လမ်းတွေ အောင်ပွဲခံနိုင်ခဲ့တဲ့ ၈၆ ကြိမ်မြောက် အော်စကာပေးပွဲ

ပြည့်စုံသူ

၈၆ ကြိမ်မြောက်အော်စကာဆုပေးပွဲကို လော့စ်အိန်ဂျလိစ်မြို့ရှိ Dolby မှာ ကျင်းပပြီး ABC Television Network ကနေ ညနေ ၇ နာရီမှာ စတင်ပြီး တိုက်ရိုက်လွှင့်ပေးပြီး နိုင်ငံပေါင်း ၂၂၅က ပရိသတ်သန်းနဲ့ချီကာ ကြည့်ရှုခဲ့ကြပါတယ်။ ကြည့်ရှုကြတာ ယခင်နှစ်တွေကထက်များပြီး အကောင်းဆုံးသောသူတွေ ဧည့်သည်တော်အဖြစ် ပါဝင်တင်ဆက်မှုကြောင့်ရယ် ဆန်ခါတင်ဇာတ်ကားတွေမှာ နာမည်ကြီး သရုပ်ဆောင်တွေ ပါဝင်နေတာကြောင့် ယခင်နှစ်ကထက်လူပိုပြီး ကြည့်ကြတာပဲ ဖြစ်ပါတယ်။ မတ်လ ၂ ရက်နေ့မှာ ကျင်းပတဲ့ အော်စကာဆုပေးပွဲကို အမိကအစီအစဉ်တင်ဆက်သူအဖြစ် Ellen De Generes က တာဝန်ယူပေးပြီး ၂၀၀၇ ခုနှစ်တုန်းကတစ်ကြိမ် ပြီးနောက် ဒါဟာဒုတိယအကြိမ်မြောက် တာဝန်ယူရတာပဲ ဖြစ်ပါတယ်။

သူမနဲ့အတူ ပါဝင်အားဖြည့်ပေးတာကတော့ ဂျက်ဆီကာဆီးလ်၊ ဂျင်မ်ကာရေး၊ ပင်နီလိုပီခရုဇ်၊ ဂျေမီဖောက်စ်၊ ရောဘတ်တီနီယို၊ ဟယ်ရီဆင်ဖို့ဒ်၊ ဂျနီဖာဂါနာ၊ အန်းန်ဟယ်သာဝေး၊ အင်ဂျလီနာဂျိုလီနဲ့ ဘရက်ပစ်ဒ်နဲ့အတူ အခြားများစွာသော ပညာရှင်တွေပဲ ဖြစ်ပါတယ်။ သီချင်းအနေနဲ့ U2 က Mandela: Long Walk to Freedom ဇာတ်ကားရဲ့ ဇာတ်ဝင်သီချင်း၊ Idina Menzel က Frozen ဇာတ်ကားမှသီချင်း 'Let It Go'၊ Her ဇာတ်ကားမှသီချင်း 'The Moon Song' ကို Koren O will က သီဆိုခဲ့ပါတယ်။ Pharrel Williams ကတော့ 'Despicable Me 2' က 'Happy' သီချင်းကို သီဆိုဖျော်ဖြေခဲ့ပါတယ်။

Oscar လို့ခေါ်ဝေါ်ကြတဲ့ အကယ်ဒမီဆုတွေကို ပိုင်ဆိုင်ခဲ့တဲ့ Winners စာရင်းကို အတိအကျ ဖော်ပြပေးရရင်တော့. . .။

အကောင်းဆုံးရုပ်ရှင်ကား - 12 Years a slave

အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု -မက်သရူးမစ်စီကော့နတ်တ်ဟေး (Matthew MC Conaughey) (Dallas Buyers Club)

အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု - ကိတ်ဘလန်းချတ်တ် (Cate Blanchett) (Blue Jasmine)

အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု - ဂျရတ် လီတို (Jared Leto) (Dallas Buyers Club)

အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု - လူပီတာညောင်းအို (Lypita Nyong'o) (12 Years a slave)

အကောင်းဆုံး ဒါရိုက်တာဆု - အယ်လ်ဖွန်ဆို ကားအွန် (Alfonso Cuaro'n)(Gravity)

ဒါတွေကတော့ အဓိကလူစိတ်ဝင်စားမှု အများဆုံးဆုကြီးတွေပဲ ဖြစ်ပါတယ်။ နောက်ထပ် အခြားသော အနုပညာနဲ့ အတတ်ပညာဆုတွေကတော့. . .။

အဝတ်အစားဆု - The Great Gatsby မှ Catherine Martin

မိတ်ကပ်နဲ့ ဆံပင်ဆု - Dallas Buyers Club မှ Adruitha Lee နဲ့ Robin Mathews

Animated Short Film - Mr. Hublot

Animated Feature Film - Forzen

နိုင်ငံခြားဘာသာရုပ်ရှင်ကား - The Great Beauty, Italy

အသံဆု - Gravity

တည်းဖြတ်ဆု - Gravity

ရုပ်ရှင်ရိုက်ကူးရေး ပညာဆု - Gravity မှ Emmanuel Lubezki

ထုတ်လုပ်ရေးဆု - The Great Gatsby

မူရင်းသီချင်းဆု -

မူရင်းဇာတ်ညွှန်းဆု - Her ဇာတ်ကားမှ Spike Jonze

ဒီလိုတွေပြောပြလို့ တစ်ကားချင်းစီကြည့်ရတာ မျက်စိနောက်တယ်ဆိုရင် အများဆုံး အနုပညာဆုနဲ့ အတတ်ပညာဆုရတဲ့ ကားစာရင်းကိုပဲ တင်ပြပေးသွားပါမယ်။

Gravity - ၇ ဆု

12 Years a slave - ၃ ဆု

Dallas Buyers Club - ၃ ဆု

Frozen - ၂ ဆု

The Great Gatsby - ၂ ဆု

Blue Jasmine - ၁ ဆု

Her - ၁ ဆု







ဒီလိုပဲ အလွယ်မှတ်ထားလိုက်တော့နော်။ နောက်ထပ်ဖော်ပြပေးချင်တာက ဇာတ်ကားတစ်ခုရဲ့ အဓိက ဆု (၆) ဆုရဲ့ Winners များ Profile လေးတွေ တင်ပြပေးသွားပါမယ်။

**အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု**

ဒီဆုအတွက် ဆန်ခါတင်အဖြစ်

(a) Cate Blanchett (အသက် ၄၄ နှစ်) က Blue Jasmine

(b) Sandra Bullock (အသက် ၄၉ နှစ်) က Gravity

(c) Judi Dench (အသက် ၇၉ နှစ်) က Philomena

(d) Amy Adams (အသက် ၃၉ နှစ်) က American Hustle

(e) Meryl Streep (အသက် ၆၄ နှစ်) က August : Osage Country

ဒီအထဲမှာ တကယ်ဆုကို ပိုင်ပိုင်ရသွားသူက ကိတ်ဘလန်းချက်တ်ဖြစ်ပြီး အော်စကာမှတ်တမ်းအနေနဲ့ ၂၀၀၅ ခုနှစ်မှာ အကောင်းဆုံးဇာတ်ပို့ဆုကို The Aviator နဲ့ ရရှိထားပါတယ်။ ဆန်ခါတင် ၅ ကြိမ်လျာထားခံရဖူးပါတယ်။

**အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု**

ဒီဆုအတွက် ဆန်ခါတင်အဖြစ်

(a) Matthew Mc Conaughey (အသက် ၄၄ နှစ်) Dallas Buyers Club)

(b) Christian Bale (အသက် ၃၉ နှစ်) က American Hustle

(c) Bruce Dern (အသက် ၇၇ နှစ်) Nebraska



(d) Leonardo Dicaprio (အသက် ၃၉ နှစ်) က The Wolf of Wall Street

(e) Chiwetel Ejiofor (အသက် ၃၆ နှစ်) က 12 Years a slave

ဒီအထဲမှာ winner ဖြစ်သွားသူက Dallas Buyers Club ဇာတ်ကားထဲက မက်သရူးပဲဖြစ်ပါတယ်။ မင်းသားဟာ ပထမဆုံးအကြိမ် အော်စကာလျာထားခြင်းခံခဲ့ရသလို ပထမဆုံးရတဲ့ အော်စကာဆုလည်း ဖြစ်ပါတယ်။ သက်ရှိထင်ရှား လိင်ဆွဲအားကောင်းသူအဖြစ် ရွေးချယ်ခြင်းခံထားရဖူးတဲ့ မက်သရူးဟာ တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်တဲ့ HIV ရောဂါအကြောင်း ဇာတ်ကားအတွက် ရှိရင်းစွဲမှ ပေါင် ၅၀ အထိ လျှော့ချပြီး သဏ္ဍာန်လုပ် သရုပ်တူစေခဲ့ပါတယ်။ ပင်ပန်းခံပြီး ကြိုးစားမှုအတွက် ဒီနှစ်အော်စကာရမှာ အသေအချာလို့ အားလုံးက ထင်ကြတဲ့ လီယိုနာဒိုဒီကာပရီယိုကို ကျော်ဖြတ်ပြီး အောင်ပွဲခံခဲ့တာပဲ ဖြစ်ပါတယ်။



**အကောင်းဆုံးဇာတ်ကားဆု**

ဒီထဲမှာ အားလုံးဆုံးဖြတ်ရခက်စေတဲ့ ကားကောင်းတွေချည်းပါပဲ။

(a) 12 Years a slave (ဒါရိုက်တာ steve Mc Queen)

(b) American Hustle (ဒါရိုက်တာ David O Russel)

(c) Captain Phillips (ဒါရိုက်တာ Paul Greengrass)

(d) Dallas Buyers Club (ဒါရိုက်တာ Jean Marc Vallee)

(e) Gravity (ဒါရိုက်တာ Alfonso Cuaron)

(f) Her (ဒါရိုက်တာ Spike Jonze)

(g) Nebraska (ဒါရိုက်တာ Alexander Payne)

(h) Philomena (ဒါရိုက်တာ Stephen Frears)

(i) The wolf Of Wall Street (ဒါရိုက်တာ Martin Scorsese)

winner ကတော့ 12 Years a slave ပဲ ဖြစ်ပါတယ်။ ဖြစ်ရပ်မှန်ကျွန်ဇာတ်လမ်းဖြစ်ပြီး ဒါရိုက်တာက Steve Mc Queen ဖြစ်ပြီး ပရိုဂျူဆာကတော့ Brad Pitt ဖြစ်သလို ကင်ညာမင်းသမီး Lupita Nyong'O ကိုလည်း အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ပိုင်ဆိုင်စေခဲ့ပါတယ်။ ဝေဖန်ရေးဆရာတွေရဲ့ ကောင်းချီးပေးခြင်းကိုလည်း အပြည့်ရထားပါတယ်။

**အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု**

ဒီဆုအတွက်လည်း အကြိတ်အနယ်ဖြစ်ရပါတယ်။

(a) Jared Leto အသက် ၄၂ နှစ် Dallas Buyers Club

(b) Barkhad ABDI အသက် ၂၈ နှစ် Captain Phillips

(c) Bradley Cooper အသက် ၃၉ နှစ် American Hustle





(d) Michael Fassbender အသက် ၃၆ နှစ် 12 Years a slave

(e) Jonah Hill အသက် ၃၀ နှစ် The Wolf of wall Street

အသက်ကလေးတွေက မတိမ်းမယိမ်းဖြစ်သလို ဇာတ်လမ်းတွေကလည်း အကောင်းစားစာရင်းဝင်နေတဲ့ Best Supporting Male အတွက် winner ကတော့ Jared Leto (ဂျရက်လီတို) ပဲဖြစ်ပါတယ်။ Dallas Buyer Club နဲ့ ဆန်ခါတင်စာရင်းဝင်ထားပြီး သူ့ဇာတ်ကောင်ကတော့ မိန်းမအသွင်ပြောင်းထားတဲ့ HIV ရောဂါသည်ပဲ ဖြစ်ပါတယ်။ ဝေဖန်ရေးဆရာတွေကတော့ သူ့ဇာတ်ကောင် Rayoun အတွက် အထူးတလည်လုပ်ယူရတာမျိုးမရှိဘဲ အဆင်ပြေပြေ သဘာဝကျကျလုပ်ဆောင်နိုင်ခဲ့တယ်လို့ ချီးကျူးခဲ့ကြပါတယ်။

**အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု**

(a) Lupita Nyong'O အသက် ၃၁ နှစ် 12 Years a slave

(b) Sally Hawkins အသက် ၃၇ နှစ် Blue Jasmine

(c) Jennifer Lawrence အသက် ၂၃ နှစ် American Hustle

(d)Julia Roberts အသက် ၄၆ နှစ် Osage Country

(e) June squibb အသက် ၈၄ နှစ် Nebraska

ကဲ. . . စာရင်းဝင်တွေကတော့ ထိတ်ထိတ်ကြဲတွေချည်းပဲနော်။ winner ကတော့ ကင်ညာမင်းသမီး Lupita ပဲ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် အော်စကာလျာထားခံရသလို တကယ်လည်း ရခဲ့တာမှန်ပေမဲ့ သူမအတွက် ပထမဆုံးနိုင်ငံတကာ ရုပ်ရှင်ကားပဲ ဖြစ်ပါတယ်။ ယခင်ကတော့



ကင်ညာရုပ်ရှင်လောကမှာပဲ ကျင်လည်ခဲ့သူပဲ ဖြစ်ပါတယ်။

### အကောင်းဆုံးဒါရိုက်တာဆု

ဇာတ်လမ်းတစ်ခုကို အကောင်းဆုံး ဇာတ်ကားအဖြစ်ပုံဖော်ရာမှာ အဓိကပဲ့ကိုင်ရှင်ဖြစ်တဲ့ ဒါရိုက်တာဆုအတွက် အော်စကာရပြီးသူများ အဓိကပြိုင်ဆိုင်ခဲ့ရတဲ့နေရာပဲ ဖြစ်ပါတယ်။

(a) Alfonso Cuaron အသက် ၅၂ နှစ် Gravity

(b) Steve Mc queen အသက် ၄၄ နှစ် 12 Years a slave

(c) Alexander Payne အသက် ၅၂ နှစ် Nebraska

(d) David O Russell အသက် ၅၅ နှစ် American Hustle


(e) Martin Scorsese အသက် ၇၁ နှစ် The Wolf of Wall Street

မက်ဆီကန်လူမျိုး ဒါရိုက်တာ Alfonso Cuaron ဟာ ဇာတ်ညွှန်းဆုကို 'Y Tu Mama Tambien' ကားနဲ့ ၂၀၀၃ ခုနှစ်မှာ မူရင်းဇာတ်ညွှန်းဆုရခဲ့သလို 'Children of Men' နဲ့ ၂၀၀၇ ခုနှစ်မှာ ဇာတ်ညွှန်းဆုနဲ့ တည်းဖြတ်ဆုကို ရခဲ့ဖူးပါတယ်။ ဒါရိုက်တာအနေနဲ့ ပထမဆုံးရတဲ့ ကားဖြစ်ပြီး ဝေဖန်ရေးဆရာတွေဆီကလည်း အကောင်းဆုံး မှတ်ချက်တွေ ရရှိခဲ့ပါတယ်။

အခမ်းအနားတစ်ခုကျင်းပရင် ဖက်ရှင်ဆိုတာက အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါဝင်နေပါတယ်။ အားလုံးဟာ vote အနေနဲ့ မင်းသမီး ၈ ဦးကို ရွေးချယ်ထားကြပါတယ်။ ချစ်စရာအကောင်းဆုံး အသွင်အပြင်ပိုင်ဆိုင်သူဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရှိတဲ့သူတွေကတော့. . . . ။


(၁) ဆန်ဒရာဘူးလော့ခ်
(၂) မာရီယာမီနောင်းစ်
(၃) အေမီအဒမ်မ်
(၄) ဂျနီဖာလောရင့်စ်
(၅) ရှားလိစ်သီရွန်
(၆) ကိတ်ဘလန်းချက်တ်
(၇) လူပီတာညောင်းအို
(၈) အိုလီဗီးယားဝိုင်းလ်

ပွဲတစ်ခုမှာ ပရိသတ်စိတ်ဝင်စားတာက ပွဲတက်ဖက်ရှင်ပြီးသွားရင် ပွဲတက်လူစာရင်းပဲ ဖြစ်ပါတယ်။ ဒီထဲမှာမှ ပိုပြီး စိတ်ဝင်စားကြတာက စုံတွဲတွေပဲ ဖြစ်ပါတယ်။ ဒီနှစ်ရဲ့ Top list ကတော့ . . . ။



**ချစ်အနမ်းချွေသူနှစ်ဦး**

အမျိုးသားဇာတ်ပို့ဆုလျာထားခံရတဲ့ ဘရက်ဒလေကူးပါးနဲ့ သူ့ချစ်သူ Suki Water house ကို အော်စကာပွဲမစခင် နွေးထွေးစွာ ပွေ့ဖက်အနမ်းပေးနေတာကို အမိအရရိုက်ယူထားပုံပါ။



**အပိုခန်းနှစ်ခန်းပိုင်ရှင်**

မင်းသားချော ခရစ်ဟမ်းဝပ်ပ်ကလည်း အမြွှာနှစ်ဦးကို ကိုယ်ဝန်လွယ်ထားရတဲ့ နေ့စွေ့လစေ့ဇနီးသည် Elsa Pataky ကို ဖေးမကူရင်း ပွဲတက်လာပါတယ်။




**အပြန်အလှန်ကူညီအားပေးနေသူနှစ်ဦး**

ချစ်သူနှစ်ဦးထက် ရဲဘော်ရဲဘက်နှစ်ဦးနဲ့ ပိုတူနေတဲ့ စုံတွဲကတော့ ဘရက်ပစ်နဲ့ ဂျိုလီတို့နှစ်ဦးပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ နွေးထွေးတဲ့ ဆက်ဆံရေးကို အားလုံးက ကြည့်မဝဖြစ်ခဲ့ရပါတယ်။



**ကြားလေအသွေးမခံနိုင်သူနှစ်ဦး**

ဆန်ခါတင်စာရင်းဝင်တဲ့ အေမီအဒမ်နဲ့ စေ့စပ်ထားတဲ့ချစ်သူ Darren Le Gallo ကလည်း တစ်ပူးတွဲတွဲနဲ့ ကြည့်ရတာ ကြားလေသွေးလို့တောင်မရတဲ့ပုံပါ။



**တောက်ပတဲ့ အခိုက်အတန့်လေးကို အတူမျှဝေသူနှစ်ဦး**

မကြာသေးမီကမှ မိဘနေရာရောက်ခဲ့ရတဲ့ ချာနင်းတေတမ်နဲ့ ဇနီးသည် Jenna တို့က ကလေးငယ်ကိုအိမ်မှာထားပြီး အပျို၊ လူပျို လုပ်လာပါတယ်။



**အရပ်အနိမ့်အမြင့်မတူပေမဲ့ အချစ်ညီနေကြသူနှစ်ဦး**

အမျှားသူငါက အထက်တန်းကျကျ ဘောင်းဘီရှည်တွေ ဝတ်ဆင်ခဲ့ပေမဲ့ အကောင်းဆုံးတေးသံရှင်အဖြစ် ဆန်ခါတင်အရွေးခံထားရတဲ့ ဖာရယ်လ်ဝီလျံကတော့ ဘောင်းဘီတိုနဲ့ စတိုင်ထုတ်နေခဲ့ပါတယ်။ သူ့ရဲ့ ဇနီးက ပေါင်တံရှည်ရှည် အရပ်မြင့်မြင့်နဲ့ဆိုတော့ ကြည့်ကောင်းနေသလို သူနဲ့တွဲတဲ့ ခင်ပွန်းလင်က အရပ်ပုပုဆိုတော့ အားလုံးဝိုင်းကြည့်ခဲ့ရတဲ့စုံတွဲပဲ ဖြစ်ပါတယ်။



**အောင်နိုင်သူတွေရဲ့အပြုံး ဆင်မြန်းထားနိုင်တဲ့နှစ်ဦးက. . .**

အော်စကာလျာထားခံရသလို တကယ်လည်း လက်ဝယ်ပိုင်ပိုင် ရခဲ့တဲ့အတွက် မက်သရူးရဲ့ အပြုံးက ဝင့်ကြွားနေသလို ချစ်ဇနီးလေးက မဲလီးယားကလည်း ဂုဏ်ယူပြုံးလေးနဲ့ ယှဉ်တွဲရပ်နေပါတယ်။



**နှစ်ဦးကြားမှာ နေရာလွတ်မကျန်တဲ့ စုံတွဲက**

အမေလောင်းလျာလေးဖြစ်တဲ့ အိုလီဗီယာဝိုင်းလ်ကလည်း ဆန်ခါတင်စာရင်းဝင်နေတဲ့အတွက် ရင်ခုန်လှုပ်ရှားရင်း ချစ်သူရဲ့ ဖေးမမှုနဲ့ ပွဲတက်လာခဲ့ပါတယ်။



**ကော်ဇောနီပွဲမှာ အမြဲတော်ဝင်ဆန်တဲ့စုံတွဲက . . .**

သူတို့အတွဲက တကယ့်အောင်မြင်တဲ့သူတွေ စုနေတယ်လို့ သတ်မှတ်ခံထားရတဲ့ ဝီလ်စမစ်တို့ပဲ ဖြစ်ပါတယ်။ သမီးက အဆိုတော်၊ သားက ကလေးသရုပ်ဆောင်၊ ဖအေနဲ့ အမေက မင်းသား နဲ့ မင်းသမီးဆိုတော့ ပွဲတိုင်းပွဲလယ်တင့်ကြပါတယ်။ အခု အော်စကာညမှာလည်း မင်းသမီး ဂျေဒါစမစ်က ပန်းနုရောင်ဝတ်စုံလေးနဲ့ ကြည့် ကောင်းလှပနေပါတယ်။



**လိုက်ဖက်ညီလွန်းတဲ့သူနှစ်ဦး**

Dolce & Gabbana ရဲ့ ဝတ်စုံတွေနဲ့ အလှကြီးလှနေတဲ့ စုံတွဲကတော့ ဆန်ခါတင်စာရင်းဝင် ခရစ်ရှန်ဘဲလ်တို့ စုံတွဲပဲ ဖြစ်ပါတယ်။ အားလုံးရဲ့အမြင်မှာ အတွဲညီသလို အချောအလှပါထပ်တူကျတဲ့အတွက် အားလုံးက မှင်တက်ငေးမောခဲ့ရပါတယ်။

ဒါတွေကတော့ ၈၆ ကြိမ်မြောက်အော်စကာပေးပွဲရဲ့ အကောင်းဆုံးသော အခိုက်အတန့်တွေပဲ ဖြစ်ပါတယ်။ အားလုံးလည်းနှစ်သက်ကြမယ်လို့ မျှော်လင့်မိပါတယ်။

မြည့်စုံသူ

# Yati Korea

ဖင်မြင့်စံ





# ဟန်ချေယောင်းရဲ့ အလှအပလျှို့ဝှက်ချက်

နာမည်ကျော် အနုပညာရှင်တွေဆိုတာက လူတိုင်းငေးကြည့်ခံရသူတွေဖြစ်လို့ သူတို့ရဲ့ ခန္ဓာကိုယ်အချိုးအစားကိုလည်း သူတို့က လှပအောင် ထိန်းထားကြရပါတယ်။ ဒါဆိုရင် ခန္ဓာကိုယ်အလှကို ထိန်းနိုင်တဲ့ အနုပညာရှင်ဆီမှာ လျှို့ဝှက်ချက်တွေ ရှိနေမှာပါပဲ။

ချစ်စရာပျိုကညာဆိုတဲ့ ဇာတ်လမ်းတွဲလေးနဲ့ ပရိသတ်ကို ဖမ်းစားဖူးတဲ့ မင်းသမီးဟန်ချေယောင်းရဲ့ အဲဒီလို လျှို့ဝှက်ချက်တွေက ဘာများ ပါလိမ့်လို့ KBS ရဲ့ ရုပ်သံက မေးမြန်းခဲ့စဉ်မှာတော့ သူက အထွေအထူးမဟုတ်ဘဲ လေ့ကျင့်ခန်းကို ပုံမှန်ကြိုးကြိုးစားစားလုပ်လို့ လှနေတာပါလို့ ဆိုပါတယ်။

နောက်ပြီး အဲဒီအင်တာဗျူးမှာ သူလှပနေတာကို ကိုယ်တိုင်ရောသိရဲ့လားလို့ အမေးခံရတဲ့အခါ ဟုတ်ကဲ့ သိပါတယ်။

အဝတ်အစားတွေ ဝတ်လိုက်တာနဲ့ လှသွားပြီလို့ ရှင်တွေးကိုတွေးရမှာလေလို့ ယုံကြည်မှုနဲ့ အလှအပရဲ့ ဆက်နွယ်မှုကိုလည်း ပြောပြခဲ့ပါတယ်။

# ဟန်ဂျိဟေးရဲ့ဇာတ်ကားသစ်နဲ့ ၃၀ ကျော်မှရွှေလက်တွဲသောမင်းသမီးများ

ကိုရီးယားမင်းသား၊ မင်းသမီးတွေဟာ အောင်မြင်လာပြီးတဲ့ နောက်ပိုင်းဆိုရင် အသက် ၃၀ ကျော်ကာလကိုရောက်မှပဲအိမ်ထောင်ပြုလာကြပြီး အိမ်ထောင်ပြုလိုက်တဲ့ မင်းသမီးများဟာ တစ်ချိန်က နာမည်ကျသွားမှာစိုးကြပေမဲ့ ယနေ့မှာတော့ ၃၀ ကျော်မှ ရွှေလက်တွဲကြတဲ့ မင်းသမီးတို့ဟာ လူကြိုက်များတဲ့ ဒရာမာဇာတ်လမ်းတွဲများမှာ ပါဝင်ခွင့်ရလာတာ တွေ့ရပါတယ်။

လက်ရှိပြသဆဲ ကေဘီအက်စ်ရုပ်သံရဲ့ "The Full Sun" ဒရာမာဟာ လက်ထပ်ပြီးတဲ့နောက် မင်းသမီးဟန်ဂျိဟေးရဲ့ ပထမဆုံးဇာတ်ကားဖြစ်ပြီး ဒီနှစ်မှာ သူမဟာ ၃၂ နှစ်ရှိပြီဖြစ်ပါတယ်။

"The Full Sun" ဟာ ထိုင်းနိုင်ငံမှာ စိန်ပျောက်သွားလို့ ဖခင်နဲ့အရာအားလုံးကို ဆုံးရှုံးသွားတဲ့ ဂျောင်ဆယ်ရော ( မင်းသား ယွန်းကျဲဆန်) နဲ့ ချစ်သူကိုဆုံးရှုံးလိုက်ရတဲ့ မိန်းကလေး ဟန်ယောင်ဝန် (ဟန်ဂျိဟေး) တို့အကြောင်းကို ရိုက်ကူးထားတာဖြစ်ပြီး ကနဦး ဇာတ်လမ်းပိုင်းများကို ထိုင်းနိုင်ငံမှာ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။

ကေဘီအက်စ်ရဲ့ "Good Days" ဇာတ်ကားထဲက မင်းသမီး ကင်မ်ဟီဆန်း၊ အက်စ်ဘီ အက်စ်ရုပ်သံရဲ့ ပြသဆဲ ဒရာမာကား "Gods Gift - 14 days" ထဲက မင်းသမီး လီဘိုယောင်း၊ "Cunning Single Lady" ဇာတ်ကားထဲက မင်းသမီးလီမင်ဂျောင်းတို့ဟာလည်း အိမ်ထောင်ပြုပြီးတဲ့ နောက်ပိုင်းမှာလည်း ပရိသတ်နဲ့ မဝေးကွာစေမယ့် ဇာတ်ကားကောင်းများ သရုပ်ဆောင်ခွင့်ရသူတွေ ဖြစ်ကြပါတယ်။





# ငယ်စဉ်ကဘောလုံးသမား ဖြစ်ချင်ခဲ့တဲ့ လီမင်ဟို

"Boys over Flowers" ထဲက ဂူဂျွန်ပြိုး၊ "City Hunter" ထဲက လီယွန်ဆောင်း၊ "The Heirs" ဇာတ်ကားထဲက ကင်မ်တမ်တို့အဖြစ် သရုပ်ဆောင်ခဲ့တဲ့ မင်းသားချောလီမင်ဟိုဟာ သရုပ်ဆောင်ကောင်းပြီး ပင်ကိုသဘာဝအလှကို ပိုင်ဆိုင်သူဖြစ်လို့ လူကြိုက်များလှပါတယ်။

သူရဲ့ငယ်ဘဝအိပ်မက်ဟာ ဘောလုံးသမား တစ်ယောက်ဖြစ်ပြီး ငယ်ငယ်ကတော့ မောင်ချူချာလေးပါ။ ဒါနဲ့ သူ့ကို မိသားစုက ဘောလုံးသင်တန်း ပို့လိုက်တဲ့အခါ သူဟာ ခပ်မြန်မြန်ပဲ ဘောလုံးကို ပြေးကောက်ခဲ့ကြောင်း၊ ဒါပေမဲ့ ၅ တန်းမှာ ဘောလုံးကစားခြင်းကြောင့်ပဲ သူဟာ ခွဲစိတ်မှုပြုလုပ်ခဲ့ရပြီးတဲ့နောက် ရွေးချယ်လို့မဖြစ်တော့တဲ့ အဲဒီရည်မှန်းချက်ကို စွန့်လွှတ်ခဲ့ရတာလို့ သိရပါတယ်။ သူဟာ ညာလက်မှာ ဒဏ်ရာရခဲ့ပြီး အဲဒီကတည်းက ဘယ်လက်နဲ့ပဲ စာရေးရတော့ကြောင်း၊ သူဟာ ကလေးဘဝကတည်းက ရုပ်ချောတာကြောင့် အလယ်တန်းကျောင်းသားဘဝမှာ လုပ်ငန်းရှင်တွေက ဖျော်ဖြေရေးလောကနဲ့ ချိတ်ဆက်ဖို့ လိပ်စာကဒ်တွေ လာပေးတာခံရကြောင်း သူ့မိခင်က ပြောကြားခဲ့ပါတယ်။



# ကမ္ဘာတစ်ဝန်းက ဆင်းရဲသားကလေးများနဲ့ သွားတွေ့ဆုံမယ့် သံတမန် ယွန်ဟို

ဖျော်ဖြေရေးသမားတွေထဲက ကုသိုလ်ဖြစ်လုပ်ငန်းတွေကို တက်တက်ကြွကြွပါဝင်တတ်တဲ့ TVXQ အဆိုတော်အဖွဲ့က ယွန်ဟိုက အပြည်ပြည်ဆိုင်ရာ ဆာလောင်မှုအတွက် ကိုရီးယားအစားအစာလို့ အမည်ရတဲ့ အဖွဲ့အစည်းရဲ့ သံတမန်အဖြစ် ခန့်အပ်ခံခဲ့ရပါတယ်။ သူတို့ရဲ့ ဖြေဖျော်ပွဲတွေကနေ သူဟာ ဆန်အိတ်တွေစုစည်းပြီး ဝင်ငွေထဲက ငွေအတော်များများကိုလည်း ကုသိုလ်ဖြစ်လှူဒါန်းခဲ့တဲ့အပြင် သံတမန်အဖြစ် ထမ်းရွက်တာတွေ၊ စေတနာ့ဝန်ထမ်း ဆောင်ရွက်တာတွေကိုလည်း သူတို့ကိုချစ်တဲ့ ပရိသတ်များအားနဲ့ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတွေအတွက် တစ်တပ်တစ်အား ပါဝင်ကူညီလျက် ရှိပါတယ်။ ဒီတစ်ကြိမ်မှာတော့ ယွန်ဟိုဟာ မတ်လ ၃ ရက်နေ့က အပြည်ပြည်ဆိုင်ရာ ဆာလောင်မှုအတွက် ကိုရီးယားအစားအစာ အဖွဲ့အစည်းရဲ့ သံတမန်အဖြစ် မတ်လ ၃ ရက်နေ့က လက်ခံခဲ့ပြီး ကမ္ဘာတစ်လွှားက ဆင်းရဲမှုနဲ့ ဆာလောင်မှုကြောင့် မကျန်းမာနေတဲ့ကလေးတွေကို သွားရောက်တွေ့ဆုံမှာ ဖြစ်ပါတယ်။









# ကိုရီးယားမင်းသမီးလေးတွေ ဘာ့ကြောင့် အသားအရေလှ

မင်းသမီးယိုးအင်နာကတော့ သူ့ရဲ့အတွေ့အကြုံအရဆိုရင် ရေများများသောက်လိုက်တာနဲ့ ၃ ရက်လောက်ထိ အသားအရေစိုပြည်စေပြီး ထမင်းအစားနည်းကြောင်း၊ ဂေါ်ဖီထုပ်ကိုလည်း နှစ်သက်စွာစားကြောင်း၊ ညဘက်မှာ သရေစာမုန့်တွေ မစားကြောင်း ပြောခဲ့ပါတယ်။

"Empress Ki" ဟာဂျိဝန်ကတော့ ရှုတင်မရှိတာနဲ့ မိတ်ကပ်တွေ ချက်ချင်းဖျက်ပစ်ကြောင်းနဲ့ ဗီတာမင်ကြွယ်ဝတဲ့ အသီးတွေစားခြင်းဟာ သူ့ကို နုပျိုလှပတဲ့ အသားအရေရစေကြောင်း ပြောပြခဲ့ပါတယ်။

အွန်စောလို့သိကြတဲ့ ဆောင်ဟေးဂျိုကတော့ ရေများများသောက်သလို နေ့တိုင်းမျက်နှာပေါင်းတင်ပါတယ်တဲ့။ ကြက်ဥအကာရည်နဲ့ ပျားရည်လို မျက်နှာပေါင်းတင်တဲ့အနှစ်မျိုးဟာ သူ့အတွက် တကယ့်ကို ကောင်းမွန်ပြီး လူးပြီးအခြောက်ခံကာ ရေနဲ့ သစ်ပစ်လိုက်ရုံပါလို့ ဆိုပါတယ်။ has skin နောက်ပြီး ၂ ပတ်တစ်ခါ ရေနှစ်ဆ၊ ပျားရည်တစ်ဆနဲ့ ရောပြီး အနှိပ်ခံပါသတဲ့။

လီမင်ဂျောင်းကတော့ ရယ်မောခြင်းက နုပျိုလှပခြင်းရဲ့ လျှို့ဝှက်ချက်လို့ တင်စားခဲ့ပါတယ်။

လီနာယောင်းကတော့ သူမရဲ့အသားအရေကို နေလောင်ခံခရင်မ်သုံးခြင်း၊ ရာသီစာသစ်သီးများများစားခြင်း၊ ဗီတာမင်ကြွယ်ဝတဲ့ ဟင်းသီးဟင်းရွက်များစားခြင်း၊ အသင့်သောက်အချိုရည်များအစား ရေများများသောက်ခြင်းဟာ သူ့ရဲ့အသားအရေ ထိန်းသိမ်းနည်းပါတဲ့။

# Bollywood News

ဟိန်းလတ်



## ဆာရာဂျိမ်းက အနောက်တိုင်း သီချင်းဆိုတော့မတဲ့

ဘောလီးဝုဒ်မင်းသမီးချော ‘ဆာရာဂျိမ်းဗိုင်ယာ့စ်’ကို ဒီနှစ်မှာ ရုပ်ရှင်ကားသုံးကားဆက်တိုက် ကြည့်ခွင့်ရကြမှာ ဖြစ်ပါတယ်။ ‘အိုတာရီ’ရယ် ‘ပျော်ရွှင်စရာနှစ်သစ်ကူး’ရယ် ‘ဒေါသကြီးတဲ့ အိန္ဒိယနတ်ဘုရားများ’ ဇာတ်ကားရယ်မှာပါ။ သူက အိန္ဒိယသီချင်းတွေ သီဆိုရာမှာ နာမည်ကျော်ပေမဲ့ သူ့အားနည်းချက်က အနောက်တိုင်းသီချင်းတွေ သီဆိုတာမှာပါပဲ။ ဒါကြောင့် သူက နောက် ရိုက်မယ့်ကားတွေမှာ အနောက်တိုင်းဆန်ဆန် သီချင်းတွေဆိုဖို့ ဆရာတွေခေါ်ပြီး အပူတပြင်း လေ့ကျင့်နေလေရဲ့။ အနောက်တိုင်းသီချင်းအပြင် အနောက်တိုင်းအကကိုပါ ‘အက်ရှင်လိုဘို’အက ကျောင်းမှာ သူ့ကိုမြင်နေရဖန်များလို့ ဘယ်ဇာတ်ကားမှာ ဘယ်လိုအနောက်တိုင်းဟန်ပန်နဲ့ သီဆိုကပြသရုပ်ဆောင်မယ်ဆိုတာ ပရိသတ်က ရင်ခုန်စောင့်မျှော်နေကြလေရဲ့။

# ဆာလ်မန်စန်နဲ့ အာမန်ခိုလီ တွဲပြီ

မင်းသား ဆာလ်မန်စန်နဲ့ အာမန်ခိုလီတို့က ကျောင်းတော်က ရန်စနဲ့ တစ်ဦးနဲ့တစ်ဦး တစောင်စောင်ဖြစ်ခဲ့ကြတာကြာပြီ။ အခုတော့ အာမန်က ဆာလ်မန်ရဲ့ အစ်ကိုအနေနဲ့ ဒါရိုက်တာ ဘူရတ်ချ်ဘာတာဂျီရိုက်မယ့်ကားမှာ သရုပ်ဆောင်ဖို့စာချုပ်ချုပ်လိုက်ပြီကြားတယ်။ မတွဲစဖူး အတွဲထူးတဲ့ သူတို့ နှစ်ယောက် ဘယ်လိုအားပြိုင် သရုပ်ဆောင်မလဲဆိုတာတော့ ငွေရောင်ပိတ်ကား ပေါ်မှာ စောင့်ကြည့်ကြရမှာပဲ။ ဇာတ်လမ်းအရ ညီအစ်ကို သုံးယောက်ဇာတ်လမ်းတဲ့။ နောက်ညီ နောင် တစ်ဦးအဖြစ် နီးလ်နီတင်က ဝင်ပါဦးမယ်လို့ဆိုတယ်။





မင်းသားကြီးအာမန် ရုပ်ရှင်မရိုက်တာ ၁၁ နှစ်ရှိပြီ။ ခုကျမှ ဘာစိတ်ပေါက်ပြီး ရုပ်ရှင်ပြန်ရိုက်သလဲ မသိဘူး။ ရိုက်မယ့်ရိုက်တော့လည်း ရန်သူတော်ပြိုင်ဘက် ဆာလ်မန်စန်နဲ့မှဆိုတော့ ခုကတည်းက ဇာတ်ကားက ကြော်ငြာစရာမလိုလောက်အောင် လူတွေစိတ်ဝင်စားနေကြပြီ။

# မော်ကွန်းတင်ခံရသည့်ရုပ်ရှင်



ဘောလီးဝုဒ်ဇာတ်ကားတွေမှာ ရှီရတ်အာမက်ပါပြီဆိုရင် စကားလုံးတွေ စောင့်ပြီးရယ်လို့ စိတ်ချကြရသတဲ့ (မြန်မာရုပ်ရှင် နယ်ပယ်က စကားလုံး ငြိမ်းမင်းလိုပေါ့) ဇာတ်ညွှန်းကျတော့လည်း 'ပရာ ဗူဒီဗါ'မှ ကြီးကြီးကို နိုင်တယ်လို့ဆိုကြတယ်။ အခု 'ပရာဗူဒီဗါ' ကိုယ်တိုင် ဒါရိုက်တာလုပ်တဲ့ ဇာတ်ကား 'အာဖရိက ရပ်ချ်ကူမာ' ဆိုတဲ့ကားက မပြခင်ကတည်းက အကယ်ဒမီတွေ တစ်သီကြီးရမယ်လို့ တစ်ပြေးနေတဲ့ ဇာတ်ကားပဲ။ မင်းသားက ရှာရှစ်ကပူးနဲ့ မင်းသမီးက ဆိုနတ်ရှီ ဆင်းဟား ဆိုတော့ အချိုပေါ်သကာလောင်းသလို ပဲပေါ့။

အခုဒီဇာတ်ကားကို 'ရုပ်ရှင်မော်ကွန်း' တိုက်ရဲ့ လက်ရွေးစင်အဖြစ် အရွေးခံထားရပြီလို့လည်း သိရတယ်။ 'ကျွန်တော်တို့ တရားဝင် အော်စကာ အာဏာပိုင်တွေက ဒီဇာတ်ကားနဲ့ ဇာတ်ညွှန်းကို လာတောင်းကြတယ်။ သူတို့ရဲ့ မော်ကွန်းတိုက်မှာ သိမ်းဆည်းထားချင်လို့တဲ့ ဒါက သိပ်ကိုဂုဏ်ယူစရာပါပဲ'လို့ ထုတ်လုပ်သူ ဗီတီရပ်ချ်နီက ဝင့်ကြွားစွာ ပြောနေလေရဲ့။

# ရာစုနှစ်တစ်ခုအကြာ ဂတ်ကာရီပြန်လာပြီ

ဂတ်ကာရီရန်ဂေယာတန်ဆိုသူက ၁၉၁၉ ခုနှစ်အသက် ၃၃ နှစ်အရွယ်မှာ ငယ်ငယ်နဲ့ ကွယ်လွန်သွားသူ အနုပညာရှင်ပါ။ သူဟာ စာရေးဆရာ၊ ဂီတစာဆို ပါရမီရှင် တစ်ဦးဖြစ် ပေမဲ့ ကံမကောင်းတာက သူသက်ရှိထင်ရှား ရှိနေစဉ်မှာ သူ့အောင်မြင်မှုကို သူကိုယ်တိုင်မြင် မသွားရရှာတာပါပဲ။ ၁၉၀၈ ခုနှစ်မှာ သူရေးခဲ့တဲ့ ရမ်က



နေ့ရှ်ဂတ်ကာရီ ဂီတသံစုံ ပြဇာတ်ကြီးကို အခု ရာစုတစ်ခေတ်ကျော်ကျကာမှ အိန္ဒိယနိုင်ငံမှာ ပြုလုပ်တင်ဆက်ကပြတော့မှာ ဖြစ်ပါတယ်။

အထူးပွဲကျင်းပတဲ့နေ့မှာ အိန္ဒိယနိုင်ငံက ထိပ်တန်း အနုပညာရှင် အများကြီးတက်ရောက်အားပေးခဲ့ကြတာ တွေ့ရပါတယ်။ ဒီသံစုံ ပြဇာတ်ကြီးကို လွန်ခဲ့တဲ့ နှစ်များစွာကတစ်ခါ

ကပြခဲ့ပြီးပါပြီ။ ဒါပေမဲ့ မူရင်းမဟုတ်ဘဲ ပြင်ဆင်ပြုပြင်တင်ဆက်တာမို့ သိပ်အရသာ မရှိလှဘူး။ အခုကျတော့ ဒါရိုက်တာ 'ရီရှိကေ့ရှ်ဂျိုရှီ'က "မူရင်းအတိုင်း အရသာမပျက် တင်ဆက်ခွင့်ရတာကျွန်တော် ဂုဏ်ယူလို့ မဆုံးပါဘူး"လို့ ပြောပါတယ်။

ဒီ ပြဇာတ်ကရလာတဲ့ အမြတ်ငွေကို ဇာတ်အဖွဲ့ တွေကို လှူဒါန်းမယ်လို့လည်း သိရတယ်။ ပြဇာတ် က နှစ်နှစ်နီးပါးကြာကျော်ကြာတယ်။ သီချင်းအားလုံး ၉၂ ပုဒ်ပါပေမဲ့ အခုတော့ ၁၆ ပုဒ်ပဲ လက်ရွေးစင် တင်ဆက်သွားတယ်လို့ သိရပါတယ်။

# လက်မထပ်ဘူးလို့ ထင်ကြတဲ့ ကျော်ကြားသူစုံတွဲတွေ



ဘောလီးဝုဒ်က ဆယ်လီဘရစ်တီတွေရဲ့ အချစ်ဇာတ်လမ်းတွေကိုတော့ ပရိသတ်က နားနဲ့မဆန့်အောင်ကြားပြီးကြပါပြီ။ ဒါပေမဲ့ တတွဲတွဲနဲ့ တွဲသာတွဲနေကြတယ်။ လက်ထပ်ကြတာတော့ မတွေ့ရပါဘူး။ တချို့ဇာတ်လမ်းတွေက ဝတ္ထုတွေထက်တောင် ဆန်းပြားနေလေရဲ့။ နတ်သမီးပုံပြင်များလို့တောင် ဆိုလောက်တယ်။ 'သေမှပဲ ခွဲတော့မယ်' လို့လူရှေ့သူရှေ့ သစ္စာဆိုခဲ့ကြတဲ့ စုံတွဲတွေလည်း စလယ်ဝင်ဖင်မမည်းခင်ကကို ကွဲကုန်ကြတာ ဒုနဲ့ ဒေးပဲ။ ခုလည်းသီတင်းတစ်ခု ကြားရပြန်ပြီ။ နာမည်ကြီးမော်ဒယ်လည်းဖြစ် ဘောလီးဝုဒ်ရုပ်ရှင် မင်းသမီးလည်းဖြစ်တဲ့ 'ပါယားလ်ရိုဟတ်တီ'နဲ့ ကမ္ဘာကျော်နပန်းသမား 'ဆန်ဂရန်ဆင်း' ပေါ့ စေ့စပ်လိုက်ကြပြန်ပြီတဲ့။ သူတို့ နှစ်ယောက် စတွဲကြတာက 'အိန္ဒိယ ကယ်တင်သူ' ရုပ်ရှင်ကားက စခဲ့ကြတာပါ။ အဲဒီ မတိုင်ခင်က မင်းသမီး 'ပါယာလ်' က 'မင်းသား 'ရာဟူးလ် မဟာဂျန်'နဲ့ ချစ်သူတွေလေ။ မကြာပါဘူး သူတို့ နှစ်ယောက် လူပုံအလယ်မှာပဲ ရန်မီးတွေပွားပြီး ကွဲကြ ကွာကြပြန်တယ်။ ချစ်သူမရှိရင် မနေနိုင်တဲ့ 'ပါယာလ်' ကတောင် အာဖရိက ခရစ်ကက်လက်ရွေးစင် 'ဟာရှယ်လ်ဂစ်'နဲ့ နာမည် ထွက်လာပြန်တယ်။ အခု 'ပါယာလ်' နဲ့ နပန်းသမား 'ဆန်ဂရမ်'တို့ စေ့စပ်ပွဲက စတန့်လုပ်တာပါလို့ တချို့ကလည်း မယုံကြသေးဘူး။ ဒါပေမဲ့ ခုတော့ ယုံရပါပြီ။ သူတို့ နှစ်ယောက် ၂၀၁၄ ဖေဖော်ဝါရီ ၂၇ ရက်နေ့က လူသိထင်ရှား စေ့စပ်ပွဲကျင်းပလိုက်လို့ပါပဲ။

# ရဲလည်းရဲ ဆိုးလည်းဆိုးတဲ့ ရှာလင်းချိုပရာ



၂၀၁၄ ခုနှစ်မတ်လ ၈ ရက်နေ့က 'အမျိုးသမီးများနေ့' ဖြစ်ပါတယ်။ အဲဒီနေ့မှာပဲ မင်းသမီး 'ရှာလင်းချိုပရာ'က 'တော်တော်ဆိုးတဲ့ ကောင်မလေး' ရုပ်ရှင်ကို စရိုက်ပါတယ်။ ဒါရိုက်တာကတော့ 'ရှာဂျီယင်'ပါ။ ဇာတ်ကားနာမည်နဲ့ မင်းသမီး 'ရှာလင်ချိုပရာ'က အတော်လိုက်ဖက်လို့ ဇာတ်ကားနာမည်ကြားတာနဲ့ ပရိသတ်က တော်တော်စိတ်ဝင်စားနေကြပါပြီ။

ဇာတ်ကားကတော့ တကယ့်အဖြစ်အပျက်ကို အခြေခံတဲ့ ဇာတ်လမ်းကို ရိုက်ထားတာပါ။ သက္ကရာဇ် ၂၀၀၀ပြည့်က 'မော်နီကာ အယ်လ်ဆီ'ရဲ့ 'မာလီနာ' ဆိုတဲ့ ကောင်မလေးအကြောင်း ရုပ်ရှင်ပါပဲ။

'ဒီရုပ်ရှင်ကို ကျွန်မသိပ်ကြိုက်တယ်။ ဇာတ်ဆောင်စရိုက်ကိုလည်း သဘောကျတယ်။ ကျွန်မ စရိုက်နဲ့လည်း လိုက်တယ်ထင်လို့ ဒါရိုက်တာက ရွေးတာဖြစ်ပါလိမ့်မယ်။ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်'လို့ မင်းသမီး 'ရှာရိလ်'ကပြောပါတယ်။

'ရှာရိလ်'က ညို့မင်းသမီးအနေနဲ့ နာမည်ကျော်ပါတယ်။ အထူးသဖြင့် ပုရိသတွေအသည်းစွဲပေါ့။ သူက အဖော်အချွတ်လည်း ရဲတယ်လေ။

"ကျွန်မက ငယ်ငယ်တုန်းကတော်တော်ဆိုးတယ်ဆိုတာဝန်ခံပါတယ်။ ဆိုးတာကလည်း ရည်းစားများတာကိုပဲ ဆိုလိုတာပါ။ ဘယ်တတ်နိုင်မလဲ ယောကျ်ားလေးတွေကကျွန်မကို ကြိုက်တဲ့သူများတော့ ကျွန်မလည်းပြန်ကြိုက်စရာရှိတာပြန်ကြိုက်တာနဲ့ ရည်းစားများသွားတာပါ။

တကယ်ပဲ ဆိုးလည်းဆိုး၊ ရဲလည်းရဲတဲ့ မင်းသမီးပါပဲ။




Wise Guy

မရောက်တာ တော်တော်လေးကြာပြီဖြစ်တဲ့ အမိမြေကို သန်းခေါင်ကျော်မှာ နင်းခဲ့မိတယ်။ အချိန်နည်းနည်းပဲ အိပ်လိုက်ပေမဲ့ ကျွန်ဇာတာ ပါလာတော့ စောစောစီးစီးနိုးနေပါတယ်။ ဟိုလှည့် ဒီလှည့်ဆက်အိပ်ပေမဲ့ ကျောပူတာပဲ အဖတ်တင်လို့ အသာထပြီး ကိုယ်လက်သန့်စင်လိုက်ပါတယ်။ ပြီးတော့ မမြင်မတွေ့ရတာ ကြာပြီဖြစ်တဲ့ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေ၊ ဆွေမျိုးတွေကို တွေ့ဆုံနိုင်ဖို့ ရပ်ကွက်ထဲက ဒေါ်အေးကျင်လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့မိတယ်။

လက်ဖက်ရည်ဆိုင်မှာ ဘယ်သူမှ မတွေ့ရဘူး။ လမ်းကျကျစားပွဲမှာထိုင်ရင်း ဖြတ်သွား ဖြတ်လာတွေကို ငေးနေမိတယ်။ ဈေးသွားဈေးပြန်မှလွဲလို့ ကျွန်တော် တွေ့ချင်သူတွေကို မတွေ့ရသေးပါဘူး။ ဒေါ်အေးကျင်နဲ့တော့ ထွေရာလေးပါး ပြောဖြစ်ပါတယ်။

“ဟဲ့. . . နင်တို့နိုင်ငံခြားက သိပ်အေးဆို”

“ဟာ. . . မဟုတ်တာ အဒေါ်ရယ်၊ နိုင်ငံခြားတိုင်း အေးတာမဟုတ်ပါဘူးဗျ။ ကျွန်တော်တို့ ထက် ပူတာတွေ အပုံကြီးပါ”

သူက ကျွန်တော့်ကို နိုင်ငံခြားပြန်ဆိုပြီး သိပ္ပံမောင်ဝတို့ခေတ်က ‘ဘိလပ်သွားတောလား’ နဲ့ မှားနေပုံပါပဲ။

ဆယ်နာရီ ထိုးခါနီးလောက်ကျတော့ စက်မှု (၁) မှာ လုပ်နေတဲ့ ငယ်သူငယ်ချင်း တင်အောင်ကျော် ဆိုင်ထဲကိုဝင်လာပြီး ကျွန်တော့်ခုံမှာ ဝင်ထိုင်တယ်။

“ဘယ်တုန်းက ရောက်သလဲ”

“ညမိုးချုပ်မှ။ နေစမ်းပါဦး။ မင်းက အခုမှ အလုပ်သွားမလို့လား”

“အေးပေါ့”

“နောက်ကျမနေဘူးလား”

“မလိုပါဘူးကွာ။ ဘယ်အချိန်ရောက်ရောက်ပါ”

**ငါတစ်ခုခုတော့ မှားနေပြီလို့ သိလိုက်မိတယ်။ မြန်မာနိုင်ငံ ပြန်လာပြီး စီးပွားရေးလုပ်ဖို့ ဆိုတာ ကျွန်တော့်အတွက်တော့ ဘုန်းကြီးလူထွက်လို၊ စစ်သားလူထွက်လို ဖြစ်နေရပြီလေ။**



တယ်ဟုတ်ပါလား။ ကိုယ်တွေလို နာရီလေးတကြည့်ကြည့်နဲ့ ပြေးပြေးလွှားလွှား မလုပ်ရဘူးပေါ့။ ကောင်းလေစွ။

တင်အောင်ကျော် ထွက်သွားတော့ ကျွန်တော်တစ်ယောက်တည်း ငုတ်တုတ်ဆက်ထိုင်နေရပါတယ်။

ဆယ်နာရီခွဲလောက်မှာ ညိုဝမ်းကွဲသန်းစိုး အခုမှမျက်နှာသစ်ပြီး ထလာတဲ့ပုံစံနဲ့ ဆိုင်ထဲဝင်လာတယ်။

“ဟ . . . သူဌေး စောလှချေလား”

“အေးဆေးပါ အစ်ကိုရာ”

သူက Digital Billboard တွေထောင်တဲ့ ကုမ္ပဏီဖွင့်ထားတာပါ။

“မင်းဟာက နောက်မကျလွန်းဘူးလား”

“ဟာ ကျွန်တော်တို့က နေ့တိုင်းအလုပ်ရှိတာ မဟုတ်ဘူးလေ။ ရှိတော့လည်း နေ့ညမရွေးနိုင်အောင် အလုပ်ရှုပ်တာ။ အခုတော့ Customer နဲ့ အဆက်အသွယ်ရအောင်၊ Information လေးရအောင် ရုံးမှာ ဖုန်းပြောနိုင်တဲ့ ကောင်မလေး တစ်ယောက်ရှိတယ်လေ။ ပြီးတာပဲပေါ့”

“တယ်ဟုတ်ပါလား။ ကောင်းလေစွ”

သိပ်မကြာခင်မှာပဲ ရပ်ကွက်ထဲက ငယ်ပေါင်းတွေ အလျှိုအလျှို ရောက်လာကြတော့မှ ဝိုင်းလေးက စိုစိုပြည်ပြည်ဖြစ်သွားတော့ တယ်ဗျာ။

ညနေဘက်ရောက်လာတော့ အပေါင်းအသင်းတွေ တွေ့ချင်တာနဲ့ ဆုံရပ်ကို ထွက်လာမိပြန်ရော။

မနက်ကလို လက်ဖက်ရည်ဆိုင်ဘက်တော့ ဘယ်ဟုတ်လိမ့်မလဲဗျာ။ နေညိုပြီဆိုတော့ ဘီယာဆိုင်ဘက်ကို ခြေဦးလှည့်မိတာပါ။ အားပါး. . . ဘီယာဆိုင်ထဲမှာ နည်းတဲ့သူတွေမဟုတ်ဘူး။ ကိုယ့်ထက်ကြီးသူတွေ၊ ရွယ်တူတွေ၊ ငယ်သူတွေ ဒုနဲ့ဒေးပါလား။ တို့လူမျိုးတွေ အတော် သောက်သုံးနိုင်တာပဲလို့ မုဒိတာပွားမိပေမဲ့ ကျွန်တော် ထိုင်စရာ မရပါဘူး။ သုံးဆိုင်မြောက်မှ ထိုင်စရာ ရခဲ့တယ်။

အိမ်ပြန်ရောက်တော့ သူငယ်ချင်းတွေ ဖုန်းနံပါတ်တွေရှာ။ တစ်ယောက်နဲ့ အဆက်အသွယ်ရရင် နောက်တစ်ယောက်ဖုန်းနံပါတ်မေး၊ ထပ်ဆက်နဲ့ တော်တော်လေး ချိတ်ဆက်မိသွားတယ်။

နောက်တစ်နေ့မနက် စိန်လျှံမှာဆုံကြမယ် ချိန်းထားတော့ ကျွန်တော်ပဲအရင်ဆုံး ရောက်နေပါတယ်။ အားလုံးသော ပုဂ္ဂိုလ်များဟာ အသီးသီး နောက်ကျပြီးမှ ရောက်လာပါတယ်။ အကုန်လုံးဟာ အခုမှအိပ်ရာထပြီး ထွက်လာကြတာချည်းပါပဲ။ လက်ကနာရီကြည့်မိတော့ မနက်ဆယ်နာရီ ခွန်းခွန်းရှိနေပြီ။ တွေ့ရာလေးပါးတွေ၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြဆိုကြပေါ့။

ကျွန်တော် သတိထားမိတာ အကုန်လုံးဟာ အလုပ်အကိုင်မယ်မယ်ရရ မရှိဘဲ လူချမ်းသာတွေ၊ တစ်နည်းပြောရရင် လူနပ်ချမ်းသာတွေဖြစ်နေတာ အံ့သြဖွယ်ရာ တွေ့မိပါတယ်။

ဆိုလိုတာက လုပ်ငန်းတခုခု၊ ကုမ္ပဏီတစ်ခုခု ဖွင့်ထားတာမျိုး။ Production တစ်ခုခုထုတ်တဲ့ စက်ရုံ၊ အလုပ်ရုံ ထောင်ထားတာမျိုး မရှိပါဘူး။ ဒါပေမဲ့ နေတဲ့အိမ်က ဝင်းနဲ့ခြံနဲ့၊ အိမ်အတွင်းက ပရိဘောဂတွေ၊ အသုံးအဆောင်တွေကိုကြည့်လိုက်။ စီးနေတဲ့ကားကိုကြည့်လိုက်ရင် အားလုံးဟာ လူချမ်းသာစာရင်းဝင်တွေဆိုတာ ငြင်းလို့မရပါဘူး။ ညနေတိုင်းလည်း မိသားစုတွေအကုန်လုံး အပြင်ထွက်ပြီး စားနိုင်သောက်နိုင်ကြတဲ့ သူတွေချည်းပါပဲ။

မေးကြည့်တော့ အရင်ကတော့ ကားဝယ်ရောင်းလုပ်ကြတယ်။ အခုအခြေအနေတွေ မဟန်တော့ အိမ်၊ ခြံမြေတွေ၊ တိုက်ခန်းတွေ အရောင်းအဝယ်လုပ်ကြတယ်တဲ့။

သူငယ်ချင်း မြတ်ထွန်းနဲ့ စကားလမ်းကြောင်း ဆုံမိတော့ . . .

"ငကောင်းရေ. . . ငါကွာ ဒဂုံမြောက် ဗိုလ်ဗထူး နောက်လမ်းထဲမှာ မြေတစ်ကွက် ခြောက်ရာနဲ့ ဝယ်လိုက်တယ်။ ပြီးတော့ ငါ ရှိုင်းနှင်း၊ ဂွိုင်းနှင်း လုပ်လိုက်တာ ငါးရာလောက် ဝင်သွားတယ်။ အခု နှစ်ထောင်လာပေးနေတယ်"

"တယ်ဟုတ်ပါလား။ မင်း ကိုးရာလောက် မြတ်နေပြီပဲ။ မလွှတ်သေးဘူးလား"

"နေရာက ကောင်းတယ်ကွ။ နောက်ဝယ်လက် လိုက်လာနိုင်သေးလို့ ငါလည်းနည်းနည်း အင်ထားတယ်"

"မင်းအချိန် ဘယ်လောက်ကြာလိုက်သလဲ"

"ဘာကြာမှာလဲ။ အလွန်ဆုံး ခြောက်လပေါ့"

ကျွန်တော်စိတ်ထဲက တွက်နေမိတယ်။ ခြောက်လ သိန်းကိုးရာဆိုတော့ တစ်လ သိန်းတစ်ရာ့ငါးဆယ်လောက် ကိုက်ပေတာပဲ"

တယ်ဟုတ်ပါလား။ ကောင်းလေစွ။

"ငါတို့လူစုံတုန်း ညနေ ဂေါက်သွားရိုက်ကြမယ်။ ငကောင်း မင်းလည်း လိုက်ခဲ့လေကွာ"

"ဟာ ငါမှမရိုက်တတ်တာ"

"မရိုက်တတ်လည်း လိုက်ခဲ့ကွာ။ ဘီယာလေး သောက်ပေါ့"

ဒီလိုနဲ့ ဒုတိယအစီအစဉ်ကို သဘောကျတာနဲ့ သူတို့နဲ့ ဂေါက်ရိုက်ပွဲ လိုက်ခဲ့မိတယ်။

ဂေါက်ရိုက်ကြရင်း တတီတီ၊ တတွမ်တွမ်နဲ့ Handphone တွေပြောကြ၊ ဆိုကြနဲ့ ရှုပ်နေတာ မြင်တော့ . . .

"ဟေ့ကောင် တင်ထွန်း။ မင်းဒီလောက် အလုပ်ရှုပ်နေရင် ကစားရတာ ဘယ်လိုလုပ်အာရုံမိတော့မလဲ" လို့ ကျွန်တော်က လှမ်းအော်မိတယ်။

"ဒါလည်း အရေးကြီးတယ်။ အာရုံထားရတယ်ကွ"

"မင်းဟာက ဘာမို့လို့လဲ"

"ဘောလုံးပွဲ တင်နေတာပါကွာ" ဆိုပြီး မြတ်ကျော်က ဝင်ပြောလာတယ်။

မနက်ကို ဆယ်နာရီလောက်မှထ၊ တစ်နေ့လုံး လတ်လျားလတ်လျားနဲ့နေ။ ညနေ ဘီယာသောက်ရင်း ဂေါက်ရိုက်။ တစ်ဖက်ကလည်း ဘောလုံးပွဲလေးလောင်း။

အဟောသုကံ၊ ကောင်းလိုက်တဲ့ဘဝတွေ။ အားကျလိုက်တာဗျာ။

နောက်တစ်နေ့ညနေမှာ ဝင်းကျော်မိသားစုက ရောက်တုန်းပြုစုပါရစေဆိုလို့ မဒမ်ပါခေါ်ပြီး စားသောက်ဆိုင်ကို ချီတက်ခဲ့ပါတယ်။

အချိန်တော်တော်ယူပြီးတဲ့အခါ လူလည်းစုံ၊ မှာထားတဲ့ စားသောက်စရာတွေလည်း တော်တော်စုံနေပါပြီ။

သောက်ရင်းစားရင်း စကားလေးတွေ ပြောနေတုန်း ဝင်းကျော်က

"ဟေ့ကောင် ငကောင်း၊ ငါတို့တွေ စုပြီး အလုပ်လုပ်မလို့ မင်းလည်းတစ်စု ဝင်ပါလား"

"ဘယ်လောက်လဲ"

"ငါးထောင်"

ကျွန်တော် တွေးနေမိတယ်။ ငါးထောင်ဆိုတော့ ဒေါ်လာပြောတာနေမယ်။ ဆိုတော့ တစ်ယောက်သိန်းငါးဆယ်လောက်နဲ့ ဘာလုပ်ကြမှာလဲ မသိဘူးလို့။ ဒါနဲ့

"အေး တစ်ယောက်ငါးထောင်စုပြီး ဘာလုပ်ကြမှာလဲ"

"အဓိကကတော့ တိုက်ခန်းတွေဝယ်မယ်၊ ပြင်ဆင်ပြီး ပြန်ရောင်းမယ်လေ"

"တစ်ယောက်ငါးထောင်မှ သိန်းငါးဆယ် ရှိတာ။ ဘယ်လိုလုပ်ရမှာလဲကွ"

"မင်းအဘ၊ ငါးထောင်ဆိုတာ အစိမ်း မဟုတ်ဘူးကွ။ ကျပ်သိန်း ငါးထောင်ကို ပြောတာ"

ဘုရားရေ. . . ကျွန်တော့်ကို အထင်တကြီးနဲ့ ရှယ်ယာလာခေါ်တယ်။ ကျပ်သိန်းငါးထောင်။ ဘုရားဘုရား တစ်ခါမှလက်ထဲမှာ အဲဒီလောက်ပမာဏ မရှိခဲ့ဖူးဘူး။ ကြိမ်ပြောရဲတယ်။ ရောက်လေရာ အိမ်ထောင်ကျရပါစေရဲ့။

"အေးကွာ. . . စဉ်းစားဦးမယ်" လို့ အရှက်ပြေ ဖြေပြောပြောမိတယ်။

"ငါတို့က လူတိုင်းခေါ်တာမဟုတ်ဘူးနော်။ လူရွေးပြီး ရင်းမှခေါ်တာ"

"အေးပါကွာ"

ကျွန်တော် သိမ်ငယ်လိုက်တာဗျာ။

ရောက်တုန်းရောက်ခိုက် အလှူအတန်းလေးလည်း လုပ်၊ မိတ်ဆွေအပေါင်းအသင်းတွေလည်း တစ်ခါတည်းတွေ့ရအောင် အိမ်မှာ ဆွမ်းကပ်ဖြစ်တယ်။

အစ်မလတ်ယောကျ်ား ယောက်ဖနဲ့ ထမင်းလက်ဆုံစားနေတုန်း သူ့ဆီဖုန်းဝင်လာတယ်။ သူက ကမန်းကတန်းစားနေတာ လက်စသတ်လိုက်ပြီး

"ကဲ. . . ကောင်းကောင်းရေ အစ်ကို လစ်လိုက်ဦးမယ်"

"အစ်ကိုကလည်း စားနေရင်းတန်းလန်းနဲ့"

"မလစ်လို့ မရဘူး။ တိုက်ခန်းဝယ်သူ လာကြည့်မလို့တဲ့"

"ဘယ်မှာလဲ"

"ဗဟိုလမ်း၊ လှည်းတန်းခုံးနားမှာ"

"ဘယ်လောက်ခေါ်ထားတာလဲ"

"ထောင့်လေးရာ၊ မြေညီထပ်လေ"

ပြောပြောဆိုဆို ထွက်သွားတဲ့ ယောက်ဖကျောပြင်ကို ကျွန်တော် ငေးကြည့်နေမိတယ်။ ထောင့်လေးရာဆိုတော့ အစိမ်း တစ်သိန်းလေး

**ဘုရားရေ... ကျွန်တော့်ကို**
**အထင်တကြီးနဲ့**
**ရှယ်ယာလာခေါ်တယ်။**
**ကျပ်သိန်းငါးထောင်။**
**ဘုရားဘုရား**
**တစ်ခါမှလက်ထဲမှာ**
**အဲဒီလောက်ပမာဏ**
**မရှိခဲ့ဖူးဘူး။**



သောင်းလောက် ရှိပေမပေ့ါ။ ဒါကို အရောင်းအဝယ်ဖြစ်ရင် တစ်ခါတည်း အပုံလိုက်ချကြမှာနော်။ ဘယ် Installment မှလည်း မရှိသလို ဘယ် Bank Loan မှလည်းမပါဘူး။ အားပါးတို့လူမျိုးတွေ တော်တော်ချမ်းသာကြပါလား။

ငါတစ်ခုခုတော့ မှားနေပြီလို့ သိလိုက်မိတယ်။


မြန်မာနိုင်ငံ ပြန်လာပြီး စီးပွားရေးလုပ်ဖို့ဆိုတာ ကျွန်တော့်အတွက်တော့ ဘုန်းကြီးလူထွက်လို၊ စစ်သားလူထွက်လို ဖြစ်နေရပြီလေ။

သေချာတာကတော့ မလုပ်တတ်၊ မကိုင်တတ်တာ အသေအချာပါပဲ။ စားနေကျ ထန်းလျက်ခဲလေးတောင် ဘယ်နားရှာရမှန်း မသိတော့ဘူး။ ဘယ်သူကများ ဘယ်နေရာရွှေ့လိုက်ကြပါလိမ့် အသင်လောက. . .။

ပြန်တော့ လေယာဉ်ပေါ်မှာ ဝီစကီတောင်းတာ သုံးခါတောင်းမှ လေယာဉ်မယ်က လာပေးတယ်။

ကျွန်တော့်ကို အသက်မပြည့်သေးတာ ထင်ရလောက်အောင်လည်း လူကမနုပါဘူး။

တန်တော့ ငါတော်တော်ကျုံ့ဝင်သွားပြီ ထင်တယ်လို့တွေးနေမိတယ်။ Wise Guy



**အဲဒီနေ့က** ဖက်ဖူးရောင် လက်ဖက်ရည်ဆိုင်လေးမှာ သီရိ စိမ်ပြေနပြေ ထိုင်ရင်း မဂ္ဂဇင်းစာအုပ်ဖတ်နေခဲ့ပါသည်၊ သီရိရဲ့ ကဗျာလေးတစ်ပုဒ် ပါလာတဲ့ နေရီရီမဂ္ဂဇင်းလေးကို သီရိရဲ့ မောင့်ကို ကြည့်သလို လဲ့လဲ့လေး ကြည့်လို့၊ သီရိရဲ့ မောင့်ကို ပြုံးပြသလိုမျိုး ချိုမြမြလေး ပြုံးလို့ဖတ်ပါသည်။ ကိုယ့်ကဗျာလေးပါတဲ့ စာတစ်မျက်နှာကိုပဲ ဘယ်နှခေါက်မှန်းမသိ အကြိမ်ကြိမ် လှန်လှော ကြည့်ပါသည်။ ကဗျာလေးထဲက စာသားတွေကို သီရိ တစ်လုံး မကျန် အလွတ်ရနေသားပဲ။ ကိုယ်တိုင်လှလှ ပပလေး သီကုံးထားတဲ့ ကဗျာလေး ကဗျာခေါင်းစဉ်လေးက 'အဖြစ်မရှိတဲ့ အချစ်၊ အချစ်မရှိတဲ့ အဖြစ်' တဲ့။ ကိုယ်ဘာသာတော့ လှလှပပလေးလို့ ထင်တာပါပဲ။ သီရိရဲ့သူငယ်ချင်းလေး 'ဇော်' ပြောပြောနေတဲ့ သူပြော တဲ့ သူ့ရဲ့အချစ်ကို ခံစားပြီး ရေးလိုက်တဲ့ ကဗျာလေး၊ မောင်ကတော့ သီရိ ကဗျာလေး ကြိုက်မယ် မကြိုက်ဘူး မပြောတတ်သေးဘူး။ မောင်ညနေ အလုပ်က ပြန်လာမှ ပြရတော့မှာပဲ။ သီရိ ကဗျာလေးတွေ စာလေးတွေ မဂ္ဂဇင်းတွေ ဂျာနယ်တွေမှာ ပါလာတယ်ဆို မောင်က သီရိနဲ့



# ဖြိုးဖြိုး ဘာလဲ… အချစ်ဆိုတာ…

ဝတ္ထုရှည်စ / ဆုံး

ထပ်တူ ပျော်ပေးရှာပါသည်။ မဂ္ဂဇင်းတိုက်က အခုပဲ စာအုပ် ထုတ်ပြီး ဒီဖက်ဖူးရောင်ကို လာခဲ့တာ။ ဒီဆိုင်လေးမှာ ကဗျာဆရာ၊ စာရေးဆရာတွေ သိပ်ထိုင်ကြတဲ့ ဆိုင်လေးဆိုတော့ စာအုပ်ကိစ္စတွေနဲ့ သီရိမြို့ထဲရောက်တိုင်း ဒီဆိုင်လေးမှာ ထိုင်ဖြစ်သည်။ အထူးသဖြင့် ခုလိုကိုယ့်ကဗျာလေး တစ်ပုဒ်ပါလာတဲ့ အချိန်ဆို ပိုပြီး မပျက်မကွက် ထိုင်ပါသည်။ သီရိရဲ့ အသိ ကဗျာဆရာတွေ မိတ်ဆွေတွေ ဘယ်သူတွေနဲ့များ တွေ့ရမလဲ မျှော်လင့်ချက်ကြီးကြီးနဲ့ မျှော်ပါသည်။

"ဟော ဆရာမ လက်ထဲမှာ စာအုပ်တစ်အုပ်နဲ့ ဘာစာအုပ်ပါလိမ့်" ဆိုင်ထဲ ကဗျာဆရာ တစ်ယောက်က ဒရောသောပါးဝင်လာသည်။ ခုံပုလေးကို ဆွဲယူရင်းက သီရိရှေ့မှာ ဝင်ထိုင်ပါသည်။

"နေရီရီမဂ္ဂဇင်းလေ ခုပဲ တိုက်ကထုတ်လာတာ ကျွန်မ ကဗျာလေးတစ်ပုဒ် ပါတယ်ရှင့်၊ ကြည့်ပါဦး"

"ဩော်. . ."

ခုနက သွက်သွက်လက်လက် ကဗျာဆရာက သီရိ အတင်းကမ်းပေး

လိုက်တဲ့ စာအုပ်ကို မလှမ်းချင် လှမ်းချင် လှမ်းယူလိုက်ပါသည်။

သီရိက စာအုပ်ကို လှမ်းပေးလိုက်ကတည်းက ကဗျာပါတဲ့ စာမျက်နှာကို ဖွင့်ထားလျက်သား ပေးလိုက်တာ။

ဒါကိုပဲ အမှုမဲ့အမှတ်မဲ့ဟန်နဲ့ စာအုပ်ကို ပိတ်ပစ်လိုက်ပြီး အဖုံးကို ကြည့်ပါသည်။

"ဟာ ဒီဇိုင်းက သိပ်လှတာပဲဗျို့၊ သုံးထားတဲ့ အရောင်တွေ တယ် အစပ်အဟပ်မိတာပဲကိုး၊ လိုက်တင် (lighting) လိုက်တင်၊ လိုက်တင်ကို ကြည့်၊ ခင်ဗျားသိလား မျက်နှာဖုံးကာတာပုံမှာဆို လိုက်တင်အယူအဆက သိပ်အရေးကြီးတာ။ တချို့ဓာတ်ပုံဆရာဆို လိုက်တင်တွေ မှားပေးထားတော့ တစ်ခါတလေ သဘာဝကျကျမလှတော့ဘဲ နေနှစ်လုံးရှိနေသလို အလင်းတွေက ဘယ်တွေကရော ညာတွေကရော ဝင်နေတာဗျ။ ဒီမှာ ကြည့် လိုက်တင်ကို လိုတဲ့နေရာလေးပဲ အတိအကျပေးထားနိုင်တာ။ ဒီမျက်နှာဖုံးတော့ ကြိုက်တယ်ဗျို့"

ကဗျာဆရာက စာအုပ်ရဲ့အဖုံးမှာ စိတ်ဝင်တစား စကားတွေအများကြီးပြောသည်။

သီရိကတော့ ဒီကဗျာဆရာ ပြောသလို မကြည့်တတ်ပါဘူး။ သီရိ မျက်လုံးထဲ သူပြောသလောက်လည်း မဟုတ်လှပါဘူးလို့ ထင်မိသည်။ စာမျက်နှာ နောက်တစ်ရွက် လှန်လှောကြည့်ပါသည်။ . . . နောက်တစ်ရွက် . . . နောက်တစ်ရွက် ထပ်ပြီး လှန်ပုံတွေ၊ စာတွေ တွေ့သမျှ အာပေါင်အာရင်းသန်သန် ဝေဖန်နေခဲ့သည်။ ကဗျာစာမျက်နှာတွေရောက်တော့ တစ်ချက်ကြည့်ပြီး ရွှပ်ခနဲ ကျော်ပစ်လိုက်တော့သည်။ ကဗျာဆရာက ကဗျာဖတ်ရတာ ကြိုက်မယ်လို့ ထင်ထားတာ သီရိ မှားပြီထင်ပါရဲ့။ ကဗျာဆရာတွေက ကဗျာရေးရတာပဲ ကြိုက်ကြတာကိုး။

"အဲ . . . ဆရာမရေ ကျွန်တော် လစ်တော့မယ်။ သူငယ်ချင်းတွေ လာရှာတာ၊ ဒီလူတွေ မတွေ့ဘူး။ သွားစရာကလည်းရှိတော့ မစောင့်နိုင်တော့ဘူးဗျ သွားမှပဲ"

ပြီးတော့ စာအုပ်ကို ပိတ်ပစ်လိုက်ပြီး စားပွဲခုံလေးပေါ် ချထားခဲ့ကာ ကဗျာဆရာ ထွက်ခွာသွားတော့သည်။

"ရှင် . . . ဟုတ် . . . ဟုတ်ကဲ့ ကဗျာဆရာ၊ ဂေါ်ဘလက်စ်ယူ"

ကျွန်မလည်း မြန်မြန်နှုတ်ဆက်ပေးရပါသည်။ ခါတိုင်း ဒီအချိန်တွေဆို ဒီလက်ဖက်ရည်ဆိုင်လေးက ခုံတစ်လုံးမှာ ကျောက်ချထားသလား ထင်ရလောက်အောင် တမေ့တမော ထိုင်နေတတ်တဲ့ ဒီကဗျာဆရာဟာ . . . ဒီနေ့မှာတော့ အလုပ်တွေ ရှုပ်နေခဲ့ပါသည်။ သွားပါစေလေ။ သူ တကယ်မအားရှာလို့နေမှာပဲ။ ကျဆိမ့်လက်ဖက်ရည်ရဲ့ အရသာကို သီရိ တစ်ကြိုက်မြည်းလိုက်သည်။

"ရှင်လေ .. သူများတွေကို မိန်းကလေးအချစ် ယောကျ်ားလေးအချစ်ဆိုပြီး လိုက်လိုက်မေးနေ၊ အခု ရှင့် အလှည့်ပဲလေ၊ လူပျိုကြီးကို မေးလိုက်ဦးမယ်"

"umm, how should i say...

i mean... what.... the problem is that... and"

"အမလေး တော်ပါရှင်၊ မြန်မာလိုပဲ လုပ်ပါ"

"kie, what the thing is...ဟား ဟား ဟား ဟား ဟား..."

ဖေထက်သာ မျက်နှာနီနီနဲ့ ရယ်ပြီး တဟားဟား အော်ရယ်ပါတော့သည်။

စာအုပ်လေးကို ငုံ့စောင်းကြည့်မိသေးသည်။ ဘယ်သူဖတ်ဖတ် မဖတ်ဖတ် သီရိကဗျာလေးက စာမျက်နှာ ၁၄ မှာ ရှိနေတာပါပဲ။ လက်ဖက်ရည်ရဲ့ ကျကျဆိမ့်ဆိမ့်အရသာလေးနဲ့ စာလုံးလေးတွေ ဖတ်နေရတာပဲ သီရိအတွက် အကောင်းဆုံးပါပဲလေ။ ဘယ်မိတ်ဆွေကိုမှ မျှော်လင့်ချက်ကြီးကြီးနဲ့ မမျှော်လိုတော့ပါဘူး။

♦

"ဟေး သီရိ၊ စာရေးဆရာမကြီး၊ ဘာတွေများ သဲကြီးမဲကြီး ဖတ်နေရတာလဲ"

အနားမှာ မတ်တတ်ရပ်ပြီး ဖေထက်သာက နှုတ်ဆက်လာပါသည်။

မဂ္ဂဇင်းထဲက တခြားဝတ္ထုတိုလေးတွေပါ ဖတ်နေမိတာနဲ့ ဆိုင်ထဲဝင်လာသူတွေကို သတိမထားလိုက်မိ။ ဖေထက်သာက စာအုပ်တိုက်တစ်တိုက်ပိုင်ထားပြီး နာမည်ကြီးစာရေးဆရာတွေရဲ့ ဝတ္ထုတွေ ထုတ်ဝေလေ့ရှိသူ၊ ထုတ်ဝေသူတစ်ဦးပေါ့။ အသားညိုညိုစိုစို၊ လူပုံကချောချော၊ မျက်လုံးကညို့ညို့၊ အရပ်က ရှည်ရှည်လျားလျား၊ ပြီးတော့ အိမ်ထောင်မရှိသူတစ်ဦးဆိုတော့ ကောင်မလေးတွေက ကြိုက်ကြသည်။ စာပေလောကသာမကဘဲ တခြားနယ်ပယ်တွေမှာပါ နာမည်ကြီးပါသည်။ ကိုယ်တိုင်လည်း စာတွေရေးသည်။

သီရိတော့ သူရေးဖူးတဲ့ 'အပျိုကြီးများရဲ့ အားသာချက်' ဆောင်းပါးမှာ အချက်တိုင်းက သိပ်ကို ပြောင်ပြောင်တင်းတင်းရှိလွန်းလို့ သဘောမကျခဲ့ဘူး။ သူရေးထားပုံက မိန်းကလေးတွေကို နှိမ့်ချသလို မြှောက်ပင့်သလိုနဲ့၊ အပျိုကြီးဖြစ်ရုံနဲ့ပဲ သေသေသပ်သပ် နေစရာမလိုတော့ဘူးဆိုတဲ့ သဘောမျိုးတွေ၊ သေချာတော့ သီရိ မမှတ်မိတော့ပါဘူး။ သီရိက အဲဒီအချိန်တုန်းက အိမ်ထောင်မကျသေးဘူး။ ဒါပေမဲ့ အပျိုကြီးစာရင်းဝင်နေတဲ့အရွယ်ဆိုတော့ အပျိုကြီး အပျိုကြီးဆိုတဲ့ စာတွေဖတ်ရရင်ကို မုန်းချင်နေတာ၊ ဖေထက်သာကိုလည်း တော်တော် မိန်းမကျမ်းကျေပုံရမယ်လို့ပဲ တွေးခဲ့မိသည်။ ညစာစားပွဲတချို့မှာဆုံမိကြရင် သီချင်းအဆိုကောင်းသူတစ်ယောက်ဆိုတာလည်း သိရပြန်သည်။ ဖေထက်သာ သီချင်းဆိုရင် စင်ပေါ် နှင်းဆီပန်းတွေ တက်တက်ပြီးပေးကြတဲ့ မိန်းကလေးတွေ အများကြီးပဲ။ ဖေထက်သာနဲ့ သီရိ ခင်ခင်မင်မင်ရှိပေမဲ့ တရင်းတနှီး စကားပြောရလောက်အောင်တော့ မရင်းနှီးလှပါဘူး။ သီရိလို ပါမွှားကဗျာဆရာမလေးကို ဖေထက်သာ အရေးတယူမရှိလှဘူးလို့လည်း ထင်ထားခဲ့သည်။ ဒီနေ့တော့ . . .

"ကျွန်တော် ထိုင်မယ်နော် . . ."

"ဟုတ်ကဲ့ရှင့်၊ ရှင်ရဲ့ အင်တာဗျူးကိုစွပြီးသွားပြီလား၊ အဆင်ပြေလား"

ဟိုရက်တွေက ဖေထက်သာက သီရိသူငယ်ချင်း စာရေးဆရာမ လင်းလက်ကြွေရဲ့ ဖုန်းနံပါတ် သီရိဆီက တောင်းခဲ့သေးသည်။

'ယောကျ်ား မိန်းမတွေနဲ့ . . သူတို့ရဲ့အချစ်' စကားဝိုင်းပုံစံ အမေးအဖြေကဏ္ဍအတွက်တဲ့၊ '----' မဂ္ဂဇင်းရဲ့ စကားဝိုင်းကဏ္ဍအတွက်လို့ ကြွေ ပြန်ပြောပြသည်၊ ကြွေကိုဖြေပေးဖို့ အကူအညီတောင်းခဲ့တာတဲ့။

"အေးဗျာ ပြီးသွားပါပြီ။ ဒါပေမဲ့ဗျာ ဟဲဟဲ မိန်းကလေးတွေက သိပ်စွာတာပဲ"

". . . စွာပါဘူးရှင် . . . ချစ်လို့စတာ သေသွားတာလောက်ပါ" သီရိ ဒီနေ့စိတ်ထဲ ပျော်မြူးနေတာနဲ့ပဲ ခပ်နောက်နောက်ပြောလိုက်ပါသည်။

"စွာတယ် ထတောင်ရိုက်မလားဘဲ"

"ရှင်က ယောကျ်ားလေးတွေဘက်က ဘာတွေများ ပိုပိုသာသာပြောလိုက်လဲမှ မသိတာ"

"မဟုတ်တာ ကျွန်တော်က မေးခွန်းလေးချပေးရုံပါဗျာ"

"ယောကျ်ားလေးတွေထက်သာတာက မိန်းမတွေမှာက နူးညံ့တဲ့ဂုဏ်သတ္တိရှိတာပဲ ယောကျ်ားကျတော့ နူးညံ့ရင် မသိတဲ့သူက အခြောက်လို့ ပြောခံရမယ်" ဖေထက်သာရဲ့ စကားကိုကြားတော့

သီရိ ပြုံးချင်ချင်ဖြစ်ရသည်။

"သီရိလက်ထဲက ဘာမဂ္ဂဇင်းလဲဗျ"

သီရိက ဒီအမေးကို စောင့်နေတဲ့သူပဲဟာ။ ဖေထက်သာကို စာအုပ်ကမ်းပေးလိုက်ပါသည်။

". . . . . "

"မသီရိက ကဗျာလည်း ရေးသလား။ ကျွန်တော်က ဝတ္ထုတို ဘာသာပြန်တွေလောက်ပဲ ရေးတယ် ထင်ထားတာ"

သူက သီရိနာမည်ကို မာတိကာမှာ ကြည့်ပြီး စာမျက်နှာကို ရှာသည်။ ပြီးတော့ သီရိရဲ့ ကဗျာလေးကို စတင်ပြီး ဖတ်ပါတော့သည်။

"အဖြစ်မရှိတဲ့အချစ် အချစ်မရှိတဲ့အဖြစ်တဲ့ ခေါင်းစဉ်နဲ့တင် ထိနေပြီဗျို့ ကျွန်တော့်ကိုတိုက်ရိုက် ထိခိုက်သလိုပဲ"

ဖေထက်သာက ပေါ့ပေါ့ပါးပါး ရယ်မောလိုက်သည်။ ကဗျာကို တချို့စာကြောင်းတွေ အသံထွက်ဖတ်သည်။ တချို့ကိုတော့ ငြိမ်ငြိမ်ဆိမ်ဆိမ်ဖတ်နေခဲ့သည်။

"တကယ်တမ်းဆို ယောကျ်ားလေးတွေက မိန်းမတွေထက် ပိုကြောက်တတ်တယ်နော် သိမ်ငယ်စိတ် ရှိကြတယ်"

သီရိ စကားစလိုက်ပါသည်။

"ကျွန်တော်က သက်သေပဲ၊ ကြောက်လို့ မိန်းကလေးတွေကို စကားတောင် မပြောရဲဘူး။ လက်ကလေးနဲ့ ထိဖို့ကတော့ သေတောင်ဖြစ်ပုံမလား မသိဘူး"

"ရှင်ကမျာ: . . . အဲလို ပြောတယ် . . . "

"တကယ် အခု ကျွန်တော့်ကို လူပျိုကြီး ဘာညာ လာပြောတဲ့သူတွေကို ပြောလိုက်တယ်။ တကယ်မစွမ်းလို့ပါဗျာလို့ စွမ်းလို့ကတော့ သားတောင် ၁၀ တန်း ရောက်လောက်ပါပြီလို့။ ဟုတ်တယ်လေ ၁၇၊ ၁၈ ကသာ အိမ်ထောင်ကျခဲ့ရင် သားက အနည်းလေး ၁၅၊ ၁၆ တော့ ရှိပြီ"

"ရှင်က ရွှေးလွန်းတာကိုး"

"အင်း ယောကျ်ား မိန်းမရဲ့ အချစ်တွေမတူသလို ချစ်ပုံချစ်နည်း မတူသလို မတူတာတွေ အများကြီးပါလေ။ အဝတ်လျှော်ရင်တောင်မှ ယောကျ်ားလေးအဝတ်အစားနဲ့ မိန်းကလေး အဝတ်အစားအတူ လျှော်တာ သီရိ အမေက မကြိုက်ဘူး"

စကားတွေပြောကြရင်း သီရိလည်း ဟိုရောက်ဒီရောက်နဲ့ ပြောမိသည်။ ဖေထက်သာကလည်း စိတ်ဝင်တစားရှိနေပါသည်။

"ကျွန်တော့်အမေလည်း မကြိုက်ဘူး။ ညီမကတော့ ကိုင်တာပဲ။ ဟဲ ဟဲ။ အမေက ငါ့သားတွေတော့ ဘုန်းနိမ့်ပါပြီတဲ့ . . ညီမကတော့ ဟာ. . . ဘာဖြစ်လဲတဲ့၊ အဝတ်လျှော်စက်ထဲ အကုန်ထည့်တာပဲ အငယ်မက ဟဲ ဟဲ"



ဖေထက်သာက ပြောရင်းနဲ့ပဲ ရယ်မောနေတော့သည်၊

"ဟုတ်တယ် ခရစ်ယာန်တွေကျတော့ အကုန်တူတူပဲ။ ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံး အဲလိုပဲ။ ခေါင်းက ခေါင်းအလုပ်လုပ်သလို တန်ဖိုးနဲ့ ခြေထောက်ကလည်း ခြေအလုပ်လုပ်တဲ့ တန်ဖိုးနဲ့၊ တန်ဖိုးတွေအတူတူပဲ"

"ကျွန်တော် အင်္ဂလန်မှာ နေတုန်းကဆို အတော်ကသိကအောက်ဖြစ်တာဗျ။ ကျွန်တော်က အခန်းငှားနေတော့ အခန်းဖော်တွေ ဘိုမတွေ ပါတယ်။ သူတို့နဲ့ အဝတ်လျှော်စက်ပါ share ပြီးသုံးရတာကိုးဗျာ။ ဘိုမတွေက အကုန်အတူထည့်တာပဲ။ ဒီမှာဆို ခြေသုတ်ခုံတွေ၊ ဖိနပ်တွေပါ ထည့်လိုက်တာ သေရော"

"အဲဒီတော့ ရှင် ဘယ်လိုနေလဲ"

"တချို့ယောကျ်ားတွေလည်း မိန်းမထဘီတွေ ဘာတွေ လျှော်ပေးပါတယ်။ ချစ်ရင် အပြစ်မမြင်ဘူး ဆိုတာလိုပေါ့"

"အနောက်ကလူတွေက အထူးသဖြင့် ခရစ်ယာန်ဘာသာဝင်တွေက အစိတ်အပိုင်းအားလုံးကို တန်ဖိုးတူတူပဲ ထားကြတယ်။ ချစ်တာ မချစ်တာမဟုတ်ဘူး။ လူတိုင်းက အယူမရှိတာပြောတာ"

"အရှေ့က ယောကျ်ားတွေလည်း လျှော်ပေးပါတယ်။ မိန်းမ နေမကောင်းတဲ့အခါတို့၊ ကလေးမွေးတဲ့အခါတို့ပေါ့။ သူမှ မလုပ်ရင် ဘယ်သူလုပ်မလဲ အဲဒီအချိန်"

ဖေထက်သာက ပြောရင်း ဟက်ခနဲ ရယ်လိုက်ပြန်သည်။

"ဟုတ်တယ်လေ အဲဒါက ခြွင်းချက်အချိန်မျိုးပါ"

"ကျွန်တော်ဆိုလည်း ချစ်တော့ လုပ်မိမှာပဲ။ အမေကတော့ ဆဲမှာပဲ . . . သေနာလို့"

သီရိလည်း မနေနိုင်တော့ဘူး ရယ်မိတော့သည်။ ဖေထက်သာက တော်တော်ပွင့်ပွင့်လင်းလင်းရှိသားပဲ။ စကားပြောရတာ ပေါ့ပေါ့ပါးပါးနဲ့ တကယ့်ငယ်ပေါင်းကြီးဖော်လိုပဲ။

"ရှင်ကော ဦးခေါင်းနဲ့ ဟိုး ခြေမလေးကို တန်ဖိုးတူတူပဲလို့ မြင်ရဲ့လား"

"အရှေ့နဲ့အနောက် မတူတာက အရှေ့က ရှက်တယ်။ အနောက်က ပွင့်လင်းတယ်။ အင်္ဂလန်မှာဗျာ ၁၅၊ ၁၆ ချာတိတ်မတွေက အတွေ့အကြုံလိုချင်လို့ ကလေးမွေးတာတဲ့ ဘုရား ဘုရား . . . "

ဖေထက်သာက ပခုံးတွန့်ပြပြီး ဘုရားတဖန်ပြုသည်၊

"စဉ်းစားကြည့်တော့လည်း ဟုတ်သားပဲဟာ ဘာဆန်းလို့လဲ။ တရားသဘောအတိုင်းကြည့်ရင် ဒါက သဘာဝတွေပဲဟာ။ အတွေ့အကြုံလိုချင်တာလည်း မှန်တာပဲ။ သူတို့ဘာသာ ကလေးစောင့်ရှောက်နိုင်ရင်ကောင်းတာပဲ"

သီရိကလည်း ဖေထက်သာကို နောက်ပြောင်ချင်လာတာနဲ့ပဲ ခပ်ရွှတ်ရွှတ်ပြောလိုက်ပါသည်။

ဖေထက်သာက သီရိ ခုနက မေးလိုက်တာကို ပြန်ဖြေပါသည်။

"ဦးခေါင်းကို တန်ဖိုးထားပါတယ်။ ဒါပေမဲ့ အယူသည်းတာတော့ နည်းနည်းလျော့သွားပါတယ်။ အခုထက်ထိတော့ မသိတဲ့လူက ခေါင်းကိုင်တာကို မကြိုက်ဘူး။ ကိုယ့်မှာ ကောင်မလေးရှိလို့ ကောင်မလေးက ကိုင်မယ်၊ အမေက ကိုင်မယ်၊ ကြီးတော်တို့ ဒေါ်လေးတို့က ကိုင်မယ်ဆိုရင်တော့ ဘာမှ မဖြစ်ပါဘူး။ ကိုယ့်မှာ သားသမီးရှိလို့ သားသမီးက ကိုင်မယ်။ ညီရှိတော့ ညီက ကိုင်မယ် ဆိုပြီး ဘာမှ မဖြစ်ဘူး။ သူငယ်ချင်းက ခင်လို့ (ဘောလုံးသမားတွေ ဂိုးသွင်းပြီး ကိုင်ခံရသလို) ကိုင်မယ်ဆိုလည်း ဘာမှမဖြစ်ပါဘူး။ ရသေးတာပဲ။ သူစိမ်းကိုင်လို့တော့မရဘူး။ အထိမခံဘူး။ ခြေထောက်တက်နင်းသွားလို့ ရတယ်။ ဆောရီးဆို ဘာမှ မဖြစ်ဘူး၊ ခေါင်းတော့ လာထိလို့ မရဘူး။ အလွန်စိတ်ဆိုးတယ်"

"ဟုတ်တယ်လေ ရှင်ခုထိ တန်ဖိုးတူတူပဲလို့ မမြင်သေးဘူး"

"ခင်ဗျားကလည်း . . . အဲဒါကြောင့် ချစ်တာနဲ့ (မေတ္တာနဲ့) ကိုင်ရမယ်လို့ ပြောတာပေါ့"

"အဲ အင်္ဂလန်မှာနေတုန်းက ခြေထောက်နဲ့ ပြတာလည်း မရဘူး။

ကိုရီးယားက ခြေထောက်ကို လက်နဲ့ အတူတူပဲ သုံးတယ်။ အနောက်ကလည်း ခြေထောက်ကို လက်နီးပါး သုံးတယ်။ ဒါပေမဲ့ မြန်မာပြည်ကလာတော့ တော်တော် စိတ်လျှော့ထားတာတောင် မရဘူးဗျာ"

"အဲဒါကြောင့် သူတို့ အနောက်တိုင်းသားတွေက စားပွဲပေါ် ခြေထောက်တင်တာ ရိုင်းတယ်လို့ သူတို့ဘာသာမထင်ဘူး။ စားပွဲပေါ်လည်း တက်ထိုင်လိုက်တာပဲ။ မြန်မာမှာဆိုဘယ်ရမလဲ။ စားပွဲပေါ်များ မိန်းကလေးထိုင်ရင် အမေက ဆူလိုက်မယ့်ဖြစ်ခြင်း"

"အဲဒီတုန်းကဆိုဗျာ. . . ခြေနင်းကို အိမ်ရှင်က နေ့တိုင်း လျှော်နေတယ်။ ပြီးတော့ ရေချိုးကန်ရဲ့ တန်းပေါ်မှာ လှန်းတယ်။ ရေချိုးကန်ထဲဝင်ရင် ခင်ဗျားသိလား။ ခြေနင်းက ခေါင်းပေါ်မှာ. . .၊ ဘယ်လိုလုပ်ရမလဲ။ ခြေနင်းက နင်းကို မနင်းရတော့ဘူး။ လျှော်နေတာနဲ့ လှမ်းထားတာပဲ တွေ့တယ်၊ ခက်တာပဲ"

"ကျွန်မလည်း စားပွဲပေါ် မထိုင်ရဲပါဘူး စားပွဲပေါ်လည်း ခြေထောက်မတင်ရဲဘူး။ သူတို့က အဝတ်သန့်သွားတာနဲ့ ဘယ်မှာသုံးသုံး သန့်တယ်ဆိုတူတူပဲ မျက်နှာသုတ်ပဝါဖြစ်ဖြစ် ခြေနင်းဖြစ်ဖြစ် သန့်သွားရင် အတူတူသဘောထားတာပဲ။ အမျိုးအစားတော့ ခွဲခြားပြီး တူရာတူရာ ထားကြပါတယ်ရှင်"

"ဒါဆို . . ခြေနင်းက လူကို နင်းနေတာပေါ့ ခစ်ခစ်"

"အေးဗျာ ချစ်ရင်တော့ ဟုတ်တာပေါ့။ ကောင်မလေးတွေ ခြေထောက်ကို နမ်းတဲ့သူတောင် ရှိတယ်မို့လား။ မချစ်ရင်တော့ ဘယ်ရမလဲ။ အခုက သူစိမ်းတွေဟာ . . ."

"ချစ်ချစ်မချစ်ချစ် တူတူပဲလို့ သဘောထားလိုက်ပေါ့။ သန့်ရင်ပြီးတာပဲဟာ ရှင်ကလည်း"

"ဟာ . . . အသက် ၂၀ အောက် နတ်သမီးလိုလှတဲ့ သန့်ရှင်းတဲ့ ကောင်မလေးဆို ပါးစပ်ထဲတောင် ထည့်ပြီး ငုံထားလိုက်ဦးမှာ။ အဲဒီလောက်ထိ ချစ်တတ်တယ်လို့ ပြောတာပါ။ တခြားမတွေးပါနဲ့ဦး။ ဒီလူကြီး စိတ်ကြီးတယ် ပြောနေဦး မယ်"

"အမလေး ဖြစ်ရလေရှင် အသက်က ကန့်သတ်လိုက်သေးတယ်။ ချစ်ချစ် မချစ်ချစ်တူတူပဲ သဘောထားလိုက်၊ သန့်ရင်ပြီးတာပဲဆိုတာ အဝတ်တွေကို ကျွန်မပြောချင်တာပါရှင်"

"အသက်ကြီးလာရင် အသားမချိုတော့မှာ စိုးလို့. . . ပါးစပ်ထဲ ထည့်မယ်ဆိုတော့လေ. . ."

အိုး . . . ဖေထက်သာလည်း တော်တော် နောက်တတ်တဲ့ လူပါလား။ အရင်က ကိန်းကြီးခန်းကြီး နိုင်လှမယ်လို့ ထင်ထားခဲ့သည်။ ခုတော့လည်း ဘာမှ ဟန်လုပ်ပြောဆိုနေတာ မရှိတဲ့ ဖေထက်သာကို



သီရိ အံ့သြမိပါသည်။

"စကားမစပ် ရှင် ရှင်က ရွှေစင်သွန်းကို ကြိုက်ခဲ့သေးတာဆို ဟုတ်လား။ ရှင်က ဖွင့်မပြောတာလား၊ စိတ်ပြောင်းသွားတာလား။ သူက မကြိုက်တာလား။ နောက်တော့ ရှင်တို့ အကြောင်းမကြားရတော့ဘူး"

သီရိလည်း အတန်ငယ် ရဲတင်းလာကာ သူ့အကြောင်းစပ်စုမိတော့သည်။ ရွှေစင်သွန်းဆိုတာ သတင်းထောက်မလေး သွက်သွက်လက်လက်လေး၊ မျက်နှာဖူးဖူးလေးနဲ့ ချစ်စရာမိန်းကလေး။ သီရိကြားခဲ့ဖူးတာက သူ ရွှေစင်သွန်းကို ကြိုက်ခဲ့သေးသည်တဲ့။ ရွှေစင်သွန်းအကြောင်း စာတိုပေစလေးတွေလည်း သူရေးခဲ့သည်ဆိုပဲ။

"မေးခွန်းက ကောင်းတယ်။ ဘယ်လို ဖြေရမလဲ။ your question is interesting! "

ဖေထက်သာက ရှက်သွားဟန်နဲ့ အင်္ဂလိပ်လို ပြောင်းပြောတော့သည်။

"ပါးစပ်နဲ့ ဖြေပေါ့ရှင်"

'let me say this way... '

"ရှင်လေ . . သူများတွေကို မိန်းကလေးအချစ် ယောကျ်ားလေးအချစ်ဆိုပြီး လိုက်လိုက်မေးနေ၊ အခု ရှင့် အလှည့်ပဲလေ၊ လူပျိုကြီးကို မေးလိုက်ဦးမယ်"

'umm, how should i say... i mean... what.... the problem is that... and'

"အမလေး၊ တော်ပါရှင်၊ မြန်မာလိုပဲ လုပ်ပါ"

"okie, what the thing is... ဟား ဟား ဟား ဟား ဟား. . ."

ဖေထက်သာ မျက်နှာနီနီနဲ့ ရှက်ပြီး တဟားဟား အော်ရယ်ပါတော့သည်။ အိုး သီရိထင်တာ ဒီလူက သိပ်ကို ပညာပြည့်ဝ နေသူကြီးလို့ ထင်ထားခဲ့မိတာပဲ။ အခုတော့ . . ဖေထက်သာက ရှက်နေခဲ့ပါသည်။ သီရိကတော့ ဆက်ပြီး မေးမယ်လို့ စဉ်းစားထားလိုက်သည်။

"ခင်ဗျားက လာစတာပဲ မလုပ်ပါနဲ့ဗျာ၊ သူ့ဟာသူ အေးအေးနေပါစေ"

"သူလည်း အခုထိ လူလွတ်ပဲဟာ။ ရှင်က မေးခွန်းလည်းသေချာနားမထောင်ဘူးကိုး။ မေးခွန်းက ရှင်းရှင်းလေးဟာ။ သူ့ဘာသာ အေးအေးနေနေ ပူပူနေနေလေ"

"ကိုယ် အပူရှာပြီးတော့ သူများလည်း ကိုယ့်လိုဒုက္ခရောက်စေလိုက်လုပ်နေတာပေါ့။ ဟုတ်လား၊ ကြည့်စမ်း. . . . ခင်ဗျား . . . ဘယ်လောက် စိတ်ပုပ်သလဲဆိုတာ . . . အခုမှ သိတယ်"

"ရှင်ကလည်း ပူတယ်လို့ ထင်ရင် ပူတယ်ပေါ့ အေးတယ်လို့ထင်ရင် အေးတယ်ပေါ့။ ရှင်ကကြည့်တော့ ပွင့်လင်းမလိုလိုနဲ့ သွေးမရှိပါဘူး။ ကျွန်မလည်း . . ခုမှ သိတယ်"

"ဒီလိုလေ ကျွန်တော်က ဘုန်းကြီးလုပ်မယ်လို့ စိတ်ကူးထားတော့ . . . ဘုန်းကြီးဝတ်ရင် သိမ်ဝင်ရမယ်လေ. . . သိမ်ဝင်တဲ့အခါ ဘုန်းကြီးက မိန်းမရှိသလား မေးလိမ့်မယ်။ အဲဒါဆို ရှိတယ်ဖြေရင် ဘုန်းကြီး ဝတ်မပေးတော့ဘူး"

သီရိလည်း အလျှော့မပေးနိုင်ပါဘူး၊ ရအောင်တော့ မေးမှာပဲ။

"အဲဒီလို မေးလိုက်လို့ ဟုတ်ရင်ဟုတ်တယ် မဟုတ်ရင် မဟုတ်ဘူး ပြောင်ဖြေမယ်လို့ ကျွန်မက ထင်ထားခဲ့တာကလား"

"သတင်းဌာနတွေမှာ အလုပ်ခေါ်ရင် ခင်ဗျားလျှောက်သင့်တယ်။ သတင်းရင်းမြစ် အသက်မရှုနိုင်အောင် လုပ်ထည့်လိုက်တယ်"

"ဘုန်းကြီးဝတ်တာ၊ သိမ်ဝင်တာ၊ ဘုန်းကြီးကမေးတာ အဲဒါ အနာဂတ်ကိစ္စပါ မေးခွန်းကဖြင့် ပြီးခဲ့တဲ့ကိစ္စကို"

"ခင်ဗျားက တော်တယ်"

"ဟုတ်တယ်လေ။ ကျွန်မသာ လာမေးကြည့် တဲ့တိုးပဲဖြေပလိုက်မှာ၊ ရှင်က တကယ်တော့ မပွင့်လင်းပါလား. . . ဟဟ"

ကျွန်မ ရယ်မိတော့သည်။ ဖေထက်သာက ဆက်ပြောသည်။

"ကျွန်တော့် သားလေး တစ်ယောက်ရှိတယ်။ ၁၀ တန်း ရောက်နေပြီလို့ အမြဲစိတ်ကူးမိတယ်။ တကယ်သာ ပွင့်လင်းခဲ့ရင်. . ."

ဖေထက်သာပြောတာ ဘာကို

ဆိုလိုမှန်း သီရိနားမလည်နိုင်ပါဘူး။

"ဟင် . . ဖြေပုံကြီးက ဝေ့ဝဲလိုက်တာ ဂလိုက်ဒါစီးပြီးများ ဖြေနေလားပဲ။ မျက်စိတောင် တစ်လုံးစီ ပြောင်းပြန်လည်အောင်လုပ်တယ်။ ဩော် . . . သိပြီ ရှင်က ဖွင့်မပြောခဲ့တာပေါ့"

"သွေးမကြောင်ပါဘူးလေ။ စောင့်ထိန်းရမယ့် စောင့်ရှောက်ရမယ့် ကိစ္စတွေ ရှိနေလို့ပါ။ အထင်ကြီးအောင် ပြောရရင် တာဝန်သိလို့ပါ။ တာဝန်မသိတဲ့သူဆို ပြုံးနေရုံနဲ့ ပြီးပါတယ်။ ကောင်မလေးတွေက သိပ်ချစ်တတ်တာ ကျွန်တော် သိပ်သိတာပေါ့လေ. . ."

ဇေထက်သာက စဉ်းစဉ်းစားစားဖြေပါသည်။

"တာဝန်သိတာနဲ့ မဲ့တာနဲ့ရော ဘာဆိုင်လို့လဲ၊ ရှင်ပြောတာတွေ နားမလည်လိုက်တာနော်"

"ဆက်ပြောရင် ကြော်ငြာတွေရော၊ ကြွားလုံးတွေရော ဖြစ်သွားမယ်။ မိန်းကလေးတွေထက်ကို ကျွန်တော်က ပါကင်ထုပ်ပိုးတာရော၊ ဈေးတွက်တာရော၊ ဈေးကောင်းရအောင် ရောင်းတာရော ပိုတောင် လုပ်တတ်ပါသေးတယ်"

"ဟယ် . . အဟုတ်လား၊ ထင်တော့ ထင်ပါတယ်လေ၊ ရှင့်ကို ကျွန်မအရင်ကတည်းက အဲလို ကျွမ်းကျင်သူကြီးလို့ ထင်ထားခဲ့ပါတယ်ဆိုရင် ရှင်က ဝမ်းသာမလား၊ ဒေါသထွက်မလားဘဲ"

ဇေထက်သာက ခပ်ပြုံးပြုံးပဲ။

"ဒီပညာတွေက မခက်ပါဘူးလေ။ တချို့ကောင်မလေးတွေဆို ကျွန်တော့်ဆီတောင် စာပေးစာယူ သင်တန်းတက်နေကြတယ်။ တစ်ယောက်တည်းကို ပြောတာ မဟုတ်ဘူးနော် ခြုံပြောနေတာ. . . လိုတာလေး ဆွဲယူသွားလိုက်မှာစိုးလို့ ကျွန်တော်ကတော့ အတတ်နိုင်ဆုံး သတင်းရင်းမြစ်နှစ်ခုကို မေးတယ်"

သီရိကလည်း ထပ်ပြီး မေးပါသည်။

"သဘောက ရှင်က မလုပ်ရှားခဲ့တာလား။ ကြိုက်တော့ ကြိုက်သေးတယ်မလား။ မေးခွန်းမေးတဲ့ သူက လိုတာပိုတာတွေ မရှိရဘူး။ လိုတာလေးလည်း ဆွဲမယူရဘူး။ ပိုတာလေးလည်း ဖြုတ်မချရဘူး"

"ကြောက်တောင်ကြောက်လာပြီ ခင်ဗျားကို"

"ဖြတ်လာပြည်ကလာတဲ့ သူတွေက မိန်းမ၊ ယောကျ်ား မယူကြဘူးတဲ့။ ကျွန်တော်တောင် သံသယဖြစ်နေတယ်။ အောက်ဘုံတွေက လာတဲ့သူတွေကတော့ အိမ်ရာထောင်ကြတာပဲ၊ ပျော်နေတော့တာကိုးဗျာ"

"အမယ် . . . သူ့ဘာသာ တကယ်ကြိုက်တဲ့သူ မတွေ့သေးတိုင်း သူများဘက်လှည့်လာပြီ"

"ကျွန်တော်က ကြေးများတယ်လေ။ ကိုယ့်ကသာ ဘာမှ မဟုတ်တာ၊ ချစ်တာကို ခံစားချင်တာ။ ချစ်တာကို ခံစားဖူးလား။ အဲဒါလေး စောင့်နေတာပါ။ မိန်းမက အခုယူ အခု ရတယ်။ မယူလည်း ရတယ်။ အတူတူပါပဲ"

ဇေထက်သာက တကယ့်ကို ဝေခွဲမရဟန်နဲ့ သီရိကိုမေးပါသည်။

"အင်း ဟုတ်တယ် ယောကျ်ား မိန်းမယူရတာ အဆိုးအကောင်းတွေ လဲလှယ်ရတာ။ သူ့အကောင်းလေးပဲ ယူလို့မရဘူး။ အဆိုးရော အကောင်းရော လက်ခံရတာ။ သူလည်း ကိုယ့်ရဲ့ အဆိုးအကောင်းယူရတာပဲ"

သီရိကလည်း မိန်းကလေးလေ။ သီရိတွေးပုံတွေးနည်းနဲ့ပဲ သူ မေးတာပြောတာနဲ့ ဆိုင်မဆိုင်မသိ၊ ပြောလိုက်သည်။

> ရှင်းရှင်းပြောရရင် အိမ်ထောင်ပြုတာ အလွယ်ဆုံး အလုပ်ပဲ။ နိုင်ငံခြားမှာဆို လက်စွပ်တစ်ကွင်း ရှိရင်ရတယ်။ မရှိသေးရင် လက်စွပ်အရင်ဝယ်လိုက်...၊ မြန်မာနိုင်ငံမှာဆိုလည်း ဝိုက်ဆံရှိရင်ရတယ်၊ မင်္ဂလာပွဲလုပ်ဖို့ ဘာဖို့ ညာဖို့ ဝိုက်ဆံသာစုထား၊ ဒါပဲ၊ ချစ်တာကျတော့ သိပ်ခက်တယ်။

သူက ပြောရင်းနဲ့ပဲ အခဲမကျေဖြစ်လာပုံနဲ့ ထပ်ပြီးပြောပြန်သည်။

"ချစ်တာလေး ခံစားမှုလေးလိုချင်တာ။ အဲဒါရရင် သေလိုက်ဆိုလည်း စကားမဆိုးသေးဘူး၊ သေပြီးသား ဖြစ်နေရမယ်။ အဟုတ်"

အိုး. . . သီရိသာ အိမ်ထောင်မရှိ၊ မောင်ဆိုတာမရှိတဲ့ မိန်းကလေးဆို ဒီဇေထက်သာဆိုတဲ့လူ အပြောမှာ ပျော်ဝင်မိကုန်တော့မယ်။

"အိမ်ထောင်ရေးဆိုတာ အဆိုးအကောင်းလဲလှယ်တဲ့ စီးပွားရေးစနစ်ဖြစ်ပါသည်။ ချစ်တာလေးလား . . . ချစ်တာ ခံစားဖူးတယ်"

"ပြောပြ"

"ကျွန်မလား အသည်းလည်း ကွဲဖူးပါတယ်၊ ခွဲလည်းခွဲဖူးပါတယ်"

"အရသာကို ပြောတာ၊ ချစ်တဲ့အရသာလေး"

ဇေထက်သာက သူသိချင်တာကိုပဲ မရမကမေးပါသည်၊

"ကိုယ်ကပဲ ချစ်ရရင် ပူတယ်၊ တစ်ချိန်လုံးပူနေရတယ်။ ထားသွားမလား အချစ်ပေ့ါမလား၊ အဲဒါနဲ့တင် အလုပ်တစ်လုပ်၊ အချစ်ကပူတယ်"

"ချစ်တာက ပူတယ်၊ ချစ်တာက ပူတယ်"

သီရိဖြေလိုက်တဲ့ စကားတစ်ခွန်းက သူ မယုံနိုင်စွာ အဲဒီစကားကို ထပ်ပြီးရွတ်နေပါသည်။

"ခင်ဗျား လွဲနေပြီ ထင်တယ်၊ ချစ်တာက ပူတယ်၊ အို့ အို အို. . ."

သီရိကလည်း ကိုယ့်အတွေ့အကြုံနဲ့ပဲ ပြောရတာကိုး။ ဇေထက်သာ အံ့အားသင့်နေတာနဲ့ ကိုယ့်အတွေ့အကြုံကပဲ မှားကုန်သလိုလို။

"ကိုယ်ကပဲ ချစ်ရရင်၊ ကိုယ်ချစ်သလို သူကလည်းပြန်ချစ်ရင် သိပ်ကောင်းပေါ့"

"ဒါဆို လွဲနေပြီထင်တယ်နော်၊ ချစ်တာက ပူတယ်"

ဇေထက်သာက မယုံနိုင်အောင်ဖြစ်နေသည်။ ဒါနဲ့ပဲ သီရိစကားနည်းနည်း ထပ်ဖြည့်ပြောလိုက်ပါသည်။

"ကိုယ်ချစ်၊ သူချစ် ဒါဆိုရင်တော့ မပူဘူးထင်တာပဲ"

"နိုး နိုး နိုး"

"တော်ပါ ချစ်တာက ပူတယ်၊ ဒါပဲ ရွတ်နေ"

သီရိတောင် ကြောင်စီစီဖြစ်လာပြီ။

"မဟုတ်ဘူး စတာ မဟုတ်ဘူး၊ လွဲနေပြီထင်လို့ နိုး နိုး. . ."

ဇေထက်သာက နောက်ပြောင်နေခြင်းမဟုတ်ပါ။ သူ တကယ့်ကို နားမလည်နိုင်ဖြစ်နေပုံပဲ။

"အဲ . . ရှင်ကလည်း ဘာဖြစ်လို့လဲ"

"ချစ်တာက မပူရဘူး။ ချစ်တာက ပူတယ်ဆိုရင် ချစ်တာမဟုတ်တော့ဘူး"

ဇေထက်သာပြောမှပင် အခုလည်း အိမ်ထောင်ရှိသူ၊ အရင်ကလည်း အချစ်၊ အမုန်းအတွေ့အကြုံတွေရှိခဲ့ပြီးသူ၊ အချစ်ကို နားလည်ခဲ့ပြီးသူလို့ သီရိဘာသာယူဆခဲ့တာတောင် ဇဝေဇဝါဖြစ်လာမိသည်။

"ဟုတ်လား၊ ဒါဆို ဘာလဲ"

ဇေထက်သာကိုပဲ ပြန်မေးရတော့သည်။

"မသိလို့ မေးတာပေါ့ဗျာ၊ ခင်ဗျားကလည်း"

"အချစ်ခံရတာက အေး တယ်"

သီရိလည်း ကိုယ့်အတွေ့အကြုံ အတိုင်းပဲ ပြောရတာပဲ။

"ဒါမှမဟုတ် ဒီလိုလည်း ဖြစ်မယ်။ မိန်းကလေးအချစ်က တစ်မျိုးလား"

"ချစ်ပြီဆိုတာနဲ့ အတ္တတွေက တစ်ပုံကြီး လာတာပဲ။ ကိုယ့်ကိုပဲ ချစ်စေချင်တာ"

"အချစ်ခံရတာကို ပြောနေတာ

မဟုတ်ဘူး။ အချစ်ခံနေရတာတွေ များပေါ့၊ မကောင်းဘူး"

ဇေထက်သာက ခပ်ညည်းညည်း ဆိုသည်။

"ချစ်ချင်တာ ချစ်လိုက်ချင်တာ အသည်းအသန် ချစ်လိုက်ချင်တာ"

"ကိုယ်နဲ့ပဲ လက်တွဲစေချင်တာ။ ရှင်က ချစ်ဖူးပါတယ်ရှင်။ မချစ်ဖူးတာကြနေတာပဲ။ ဟို 'မ' ကို ဘယ်နေရာသွားထားမလဲ"

ဇေထက်သာရဲ့စာတွေထဲမှာ သူ့ရဲ့အချစ်ဦးလိုလို ရေးခဲ့ဖူးတဲ့ 'မ' ကို ရည်ညွှန်းပြီး သီရိမေးလိုက်ပါသည်။ အဲဒါကိုလည်း ဇေထက်သာက မဖြေပါ။

"ကိုယ့်ထက်ဘယ်သူ့ကိုမှ ပိုမချစ်သေးလို့ပေါ့။ ချစ်လိုက်ချင်တာ အကြိမ်ကြိမ်ပါ။ ကြိုးစားကြည့်ပါတယ် မရပါဘူး"

"ဟုတ်လား 'မ' ကရော၊ ရှင့်မှာ အရင်က ရှိပါတယ်"

သီရိက ဇေထက်သာ မကြားလိုက်မှာစိုးလို့ ထပ်ပြီးတော့ မေးပါသည်။

"ခေါင်းလေး တစ်ချက်ညိတ်လိုက်တာနဲ့ ချစ်သူဖြစ်သွားနိုင်တာတွေ အများကြီး ရှိခဲ့တယ်ဆိုရင် ကြွားရာများ ကျမလားမသိဘူးနော်"

"မကျပါဘူး ကျွန်မကြားပါတယ်ရှင်။ ရှင့်အကြောင်း လူတော်တော်များများ သိနေကြတာပဲ။ မိန်းကလေးတွေကို သိပါတယ်။ ယောကျ်ားလေးတွေအကြောင်းလည်း သိပါတယ်"

"အဲဒီခေါင်းကြီးက ခိုင်နေခဲ့တယ် လှုပ်ကို မလှုပ်ဘူး"

"တကယ်ချစ်တာ ထပ်မတွေ့သေးလို့ပေါ့။ ထပ်လို့ သုံးတယ်နော်။ ဟဟ. . ."

ဇေထက်သာပြောတာတွေ မယုံနိုင်မိသေးလို့ စကားကို တမင်ပဲ ကပ်မေးလိုက်ပါသည်။

"ခက်တာက အားပေးတဲ့ ပတ်ဝန်းကျင်လည်း လိုသေးတယ်။ ကိုယ်နဲ့ တကယ့် လက်ပွန်းတတီးနေတဲ့သူတွေက အားမပေးဘူးလေ။ အမြဲဖျက်ကြတယ်"

"မလိုပါဘူး၊ ကိုယ်ကသာ ပဓာနပါ၊ မဆိုင်လိုက်တာ သူများဖျက်တော့ပျက်လား"

"ကိုယ်သာ ပဓာနက ဟုတ်ပါတယ်၊ လက်ခံပါတယ်။ ကိုယ်ကိုယ်တိုင်နဲ့ သူများကိုပါ ကျော်လိုက်မှဖြစ်တာလေ၊ အဲဒီအဆင့်ကို မရောက်သေးတာ. . ."

"ကျွန်မဆို အိမ်ထောင်သာ ပြုလိုက်တယ်။ သူငယ်ချင်းအရင်းတွေကိုတောင် ဒီလိုလုပ်ရင် ကောင်းမလား၊ ဒီလူ့ကို ရွေးရင်ကောင်းမလား၊ ဘယ်တော့မှ မတိုင်ပင်ဘူး။ ကိုယ်မှန်တယ်ထင်တာလုပ်တာပဲ"

သီရိကလည်း ကိုယ့်အကြောင်း ကိုယ်ပြောချင်တာ ပြောတာပဲ။

"အမေကဆို သိပ်စိတ်ပူတာ။ အမေတွေက သားသမီးအကြောင်းကိုအသိဆုံးလေ။ ဟုတ်ပါသလား"

"ကိုယ်အကြောင်း ကိုယ့်အတွေးနဲ့ သူများနဲ့ ဘယ်လိုမှမတူဘူး"

"ကိုယ့်အကြောင်း ကိုယ်က အသိဆုံးလား၊ အမေတွေက ပိုသိသလား. . . ပြော"

သီရိက ပြောချင်ရာ ပြောနေတာကို ဇေထက်သာ စိတ်မရှည်ဟန်နဲ့ ဇေထက်သာက ခုနက မေးခွန်းထပ်မေးပါသည်။

"စိတ်ပူတာတော့ ဟုတ်တယ်။ အသိဆုံးဆိုတာတော့ မဟုတ်လောက်ဘူး။ ကိုယ့်အကြောင်း ကိုယ်ပဲ ပိုသိပါတယ်"

"တစ်ခုတော့ ရှိတယ်။ နေ့စဉ်ကိစ္စမှာတော့ ဟုတ်တယ်။ ဒါပေမဲ့ ရေရှည်ကိစ္စတွေ၊ ဘဝနဲ့ဆိုင်တဲ့ကိစ္စတွေမှာတော့ မိခင်တွေက ပိုသိနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်မပြုခင် အရွယ်တစ်ဝက်လောက်ကို သူတို့က ပိုင်ခဲ့နိုင်ခဲ့တာကိုး။ အကြောသိနေတာပေါ့"

"ရှင်က အမေကို ချစ်တာထက် မှီခိုတာ ပိုနေလို့ဖြစ်မှာပေါ့။ ချစ်ပဲ ချစ် လေးစားပဲ လေးစားပေါ့"

"ဘဝနဲ့ ဆိုင်တဲ့ ကိစ္စမှာလည်း မိခင်တွေက ကိုယ့်ထက်ပိုမသိနိုင်ပါဘူး"

"မငြင်းပါဘူး။ တစ်ယောက်နဲ့တစ်ယောက်တော့ မတူဘူးပေါ့"

ဇေထက်သာနဲ့ သီရိ ငြင်းခုန်ကြတာမဟုတ်ပေမဲ့ အချေအတင်တော့ ပြောနေကြပြီ။ သီရိကလည်း ကိုယ်ထင်တာပြော၊ သူကလည်း သူ့အယူအဆတွေပြော။

"မဟုတ်ဘူး အမေတွေက ကိုယ့်ကလေးဘက်ကနေပဲ အတ္တများပြီး ကြည့်မှာပဲ၊ ကိုယ့်ကလေးဆိုရင် အားလုံးနဲ့ တူတယ်တန်တယ် ထင်ကြမှာ မဟုတ်ဘူး"

"နောက်ခံအကြောင်း တရားတွေလည်း ရှိဦးမှာပေါ့၊ မိန်းကလေးတွေ စည်းစားတာကလည်း တစ်မျိုးဖြစ်မှာပေါ့။ အငယ်မဆိုလည်း အခုကလေးတောင် ရနေပြီပဲ။ မိန်းမချင်းကတော့ တစ်မျိုးကောင်းတယ်။ အမေနဲ့သားကျတော့ တစ်မျိုး စည်းနှောင်ထားတယ်။ ဒါတွေလည်း ရှိဦးမှာပေါ့"

"အမေတွေက သား ပေါ်တော့ ဟုတ်တယ်"

သီရိ နည်းနည်းပြန်လျှော့မှ ဖြစ်မည်။ သူကလည်း သူ့အတွေ့အကြုံကို အရင်းခံပြီး ပြောနေတာပဲကိုး။

"ဒါပေမဲ့ သားတွေလည်း နေ့တိုင်း အိမ်ထောင်ပြုနေတာပဲလေ. . ."

ဇေထက်သာလည်း ခပ်လေးလေး တွေးဆရင်းပြောပါသည်။

"အိမ်က အမေလည်း သူ့သားအငယ်ကို အသက်ရှစ်နှစ်ကြီးတာယူလို့ အစကမကြိုက်ဘူး။ နောက်တော့ မပြောသာလို့၊ ကျွန်မကတော့ အမေ့ကို ပြောပါတယ် သူ့အပေါ်ကောင်းရင် မေတ္တာစစ်ရင် ခွင့်ပြုနားလည်ပေးလိုက်ပါပေါ့"

"အကြောင်းတရားတွေပေါ်မှာ အကျိုးတရားတွေ ရှိလာတာကိုးဗျာ၊ ဒါကြောင့် အကြောင်းအကျိုးလို့ဆိုတာကိုး. . ."

"အဲဒီ စည်းနှောင်အားတစ်ခုကို ဖြတ်တောက်ပစ်လိုက်နိုင်ဖို့ အဲဒီထက်ကြီးတဲ့ စည်းနှောင်အား ဒါမှမဟုတ် တင်းအား ဒါမှမဟုတ် ဆွဲဆောင်အား တစ်ခုခု လိုချင်လည်း လိုမှာပေါ့"

"အစ်ကိုအငယ်လည်း အမေ့စကားသာနားထောင်ရင် လူပျိုကြီးဖြစ်နေဦးမလားဘဲ"

"ကံပေါ့"

အိုး ပြောရင်းနဲ့ပဲ. . ဇေထက်သာအယူအဆက တစ်မျိုးတော့ တစ်မျိုး၊ သာမန်လူတွေနဲ့ မတူသလိုပဲ၊ ဒါနဲ့ သီရိလည်း

"အိမ်ထောင်ပြုတာ ဖြတ်တာတောက်တာ စည်းတာနှောင်တာမှ မဟုတ်တာရှင်ကလည်း" လို့ ပြောပစ်လိုက်သည်။

"ကံ၊ ဉာဏ်၊ ဝီရိယလို့တော့ ဗုဒ္ဓဘာသာက ပြောတာပဲ။ ဟင် . . . အမေနဲ့သားသမီးကြားမှာ စည်းနှောင်အား မရှိဘူးလား"

ဇေထက်သာက နားမလည်တော့သလို မေးခွန်းပြန်ထုတ်ပြန်သည်။

"ရှင် မိန်းမယူတာနဲ့ အမေနဲ့

> ကိုကြီးကလူချော၊ သီရိက နည်းနည်းလေး ချစ်စရာကောင်းသလို ရှိတာလေးကလွဲရင် သာမန်ရုပ်ရည်မျိုး။ သီရိက အချစ်လွန်၊ ကိုကြီးကို စိတ်မချ။ ဒီလိုနဲ့ပဲ ကိုကြီးက တစ်သက်လုံး စိတ်ချသွားရအောင် သီရိ မဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို ယူသွားခဲ့တော့သည်။

သား မေတ္တာဖြတ်စရာကိစ္စမှ မဟုတ်တာ"

"လွဲနေပြီ ထင်တယ်နော်။ အတိုင်းအဆလေးတွေ ရှိပါတယ်"

ဇေထက်သာပြောပုံအတိုင်း ကျွန်မကပဲ တကယ်လွဲနေပြီလားကိုယ့်ဘာသာ ပြန်စဉ်းစားမိပါသည်။ ဒါပေမဲ့လည်း အချိန်တန် အရွယ်ရောက်လို့ ဘဝလက်တွဲဖော်တွေ့လို့ လက်ထပ်ကြတာ မိခင်နဲ့သား မေတ္တာဖြတ်စရာကိစ္စမှ မဟုတ်တာပဲ။ သီရိကတော့ အဲလိုပဲ နားလည်ထားပါသည်။

"တင်းအားလည်း မလိုဘူး ဆွဲအားလည်းမလိုဘူး"

သီရိ စိတ်တိုလာပြီ၊ ဇေထက်သာကို နားမလည်နိုင်တော့ဘူး။

"ယေဘုယျမပြောဘဲ စကားနိုင်ဖို့ မပြောဘဲ စဉ်းစားကြည့်ရအောင်လား"

ဇေထက်သာက စိတ်ရှုပ်ထွေးလာတဲ့ပုံစံနဲ့ သီရိပြောလာပါသည်။

"စကားနိုင်ဖို့ မပြောပါဘူး။ ကိုယ်ထင်တာပြောတာပါ"

တကယ့်ကို သီရိ စကားနိုင်လုပြီး မပြောခဲ့ပါဘူး။ ဇေထက်သာကိုယ်တိုင်က တွေးပုံကတစ်မျိုးကြီး . . .

"ကျွန်တော်က သေချာ စဉ်းစားထားတာပါ။ ဘဝကို အမြဲစဉ်းစားနေတဲ့သူမို့ သေချာပြောနိုင်ပါ တယ်"

သူက ဒီလိုပြောတော့ သီရိက သေချာမစဉ်းစားတဲ့သူ ဖြစ်မသွားဘူးလား ကဲ . . .

"စည်းနှောင်တာရှိတယ်လေ။ ဒါပေမဲ့ ဒါသဘာဝပဲ အချိန်တန်လို့ အရွယ်ရောက်ရင် ကိုယ်တကယ်ချစ်တဲ့သူတွေ့ရင် ယူမှာပဲ မဟုတ်ဘူးလား"

"လွယ်လွယ်လေး လုပ်လို့လည်း ရပါတယ်။ သေချာစဉ်းစားတတ်သူမို့ပါ"

"အမေဘယ်လို သဘောတူနိုင်မလဲဆိုတာတော့ စဉ်းစားပေးရမှာပေါ့။ အမေတွေက သားသမီးအတွက် အမြဲအမှန်ပဲ၊ သားသမီးတွေအတွက် အကောင်းဆုံးဆိုတာပဲ စဉ်းစားပေးနိုင်တာ ဟုတ်ပါတယ်"

သီရိလည်း လွယ်လွယ်လေး လုပ်ဖို့ မပြောခဲ့ပါဘူး။

"ကျွန်တော်က အများလုပ်တာ၊ ယေဘုယျဆန်တာ မကြိုက်ပါဘူး"

ဟော . . ကြည့်ပါလား . . သီရိထင်ထားတဲ့အတိုင်းပဲ အဲဒီ ဇေထက်သာက လူတစ်မျိုးတော့ တစ်မျိုးပဲ။

''အများကြိုက်တာလည်း ကျွန်တော် ကြိုက်ချင်မှ ကြိုက်တယ်၊ အများမလုပ်တာလည်း ကျွန်တော် ကြိုက်ရင် လုပ်တယ်"

အသေအချာပဲ အများနဲ့ မတူတာ၊ တစ်နည်းအားဖြင့် သာမန်လူတွေ တွေးသလို မတွေးတာ ဇေထက်သာကိုယ်တိုင်က ဝန်ခံနေပြီလေ။

"အင်း . . အဲဒီတော့ . . ."

"အခု ရှင်က နှစ်နှစ်ကာကာ



ချစ်တာ မတွေ့သေးတာ မဟုတ်ဘူးလား။ အမေသဘောမတူလို့ မိန်းမမယူသေးတာမှ မဟုတ်တာ။ ကိုယ်ထင်တာ ပြောလိုက်တာ နားတောင်မလည်တော့ပါဘူး"

''ကျွန်တော်ကိုယ်တိုင်က ကျကျနန လက်မခံဘဲနဲ့ ဘာဖြစ်လို့ အလုပ်တစ်ခုကို စလုပ်မလဲ၊ ဘဝတစ်ခုကို ပြောင်းလိုက်မလဲ။ လက်ခံထားလို့ရှိရင် မင်း သေလိုက်ဆိုရင် အခုသေလိုက်လို့ ရတယ်"

"ဒါဆိုပြီးပြီပဲပေါ့။ ရှင် လက်ခံမယ့် ကောင်မလေးစောင့်နေရုံပဲပေါ့၊ တစ်ခုတော့ရှိတယ်၊ ယောကျ်ားလေးတွေကလည်း တော်တော်တော့ စဉ်းစားရမယ်နော်။ ကိုယ့်ကို တကယ် မေတ္တာစစ်နဲ့ ချစ်တဲ့သူလားဆိုတာ ရွေးရမယ်။ တော်တော်တော့ရွေးရမှာ ကိုယ့်နောက်ခံတွေမက်တာတွေ တွေ့လိုက်ရင်သွားရော"

သီရိမှာလည်း အစ်ကိုတွေ၊ မောင်တွေရှိတော့ ယောကျ်ားလေးတွေ လူရွေး မမှားဖို့အရေးကြီးတာလည်း သိထားတာမို့ ပြောလိုက်မိပြန်သည်။

"အမာခံစိတ်က ရှိပြီးသားလေ။ အပေါ်ယံ လှုပ်ရှားမှုတွေကတော့ ရှိတတ်တာပေါ့။ အပေါ်ယံလှုပ်ရှားမှုတွေကို ဘေးကနေ မြင်တာကျတော့ သိပ်ဝါရင့်နေတဲ့ပုံစံမျိုး ဟုတ်နေမှာပေါ့လေ။ ဒါကြောင့် ကျွန်တော်က လူကြီးတွေဆိုရင် ကြောက်တာ. . . သူတို့က ကိုယ့်ကို ပြုံးကြည့်နေတာ . . . ၊ သေရော. . ."

"ယောကျ်ားလေးရယ်လည်း မဟုတ်ပါဘူး မိန်းကလေး ယောကျ်ားလေးတူတူပဲ၊ မေတ္တာစစ် မစစ်ရွေးတတ်ဖို့လိုတယ်"

သီရိ ဇေထက်သာစကားပြောရင်း ဖြတ်ပြောလိုက်တာနဲ့ သူပြောတဲ့ စကားတွေ နားမလည်လိုက်ပါဘူး။

"ဟင် ရှင် ဘာပြောတာလဲ။ အဲဒါတွေနားမလည်ဘူး။ လူကြီးတွေဆိုရင်ကြောက်တာရယ် အမာခံစိတ်ရယ် သိပ်ဝါရင့်နေမှာပေါ့တွေတကယ်နားမလည်ဘူး"

"နားမလည်လည်း ဘာမှမဖြစ်ပါဘူး။ နားမလည်အောင် ပြောမိတာကိုး"

"ဟုတ်တယ် ရှင်းပါပြီ၊ နားမလည်အောင်ကို ပြောလိုက်တာဆိုတာ နားလည်ပါပြီရှင်"

သီရိက ရွဲ့ပြီးပြောလိုက်တာ၊ ဇေထက်သာက သက်ပြင်းတစ်ချက်ချပြီး ဆက်ပြောပြန်သည်။

"အင်း . . . ဘဝကို ဖြစ်သမျှအကြောင်း အကောင်းလို့ ထားနိုင်ရင် ကောင်းတယ်၊ ပျော်စရာပဲ"

"အင်းပေါ့၊ အတင်းကြီးတော့ လုပ်မယူနဲ့"

''ကျွန်တော်လည်း တစ်ခါတလေ အဲဒီစိတ်ထားတယ်။ ဒါပေမဲ့ အမြဲ မထားနိုင်ဘူး"

"ရှင်လည်း အတင်းလိုက်ကြိုက်ကြည့်စရာမလိုဘူး။ ပုံမှန်လေးပဲ ကိုယ်အလုပ်လေးလုပ်နေ အချိန်တန်တော့ အူထဲသည်းထဲက ကြိုက်တဲ့ သူတွေ့မှာပဲ။ အချစ်က လုပ်ယူလို့လည်းမကောင်းဘူး"

သီရိလည်း ဇေထက်သာ စိတ်ပေ့ါပါးစေဖို့ စိတ်ပြေရာပြေကြောင်း ပြောလိုက်ပါသည်။

"ကြိုက်လို့ရတယ်။ ကျွန်တော်လိုချင်တဲ့ ခံစားမှုတော့ မရဘူး။ ကျွန်တော်က အဲဒါကို အချစ်လို့ သတ်မှတ်လိုက်တယ်။ ချစ်တယ် အချစ်ဆိုတာက သတ်မှတ်ထားတာပါ။ တကယ်က ခံစားမှု။ ဒါကြောင့် ကျွန်တော် မေးခဲ့တာပေါ့၊ ချစ်တာက ဘယ်လိုမျိုးလဲဆိုတာပေါ့။ ကျွန်တော်က ချစ်ချင်တာ. . ."

"ယောကျ်ားလေးက မချစ်ဘဲနဲ့လည်း သင့်တော်တယ်ထင်ပြီး ယူတာလည်းမကောင်းဘူး။ ဟုတ်တယ် ချစ်မှ ယူပါ . . ချစ်တာနဲ့ ကြိုက်တာတူမှ ယူတာပိုကောင်းတယ်။ ချစ်တိုင်းလည်း မကြိုက်သင့်ရင်လည်း မဖြစ်ပြန်ဘူး။ ကံ ကံရဲ့ အကြောင်းတရားကလည်း အများကြီးပါတယ်"

သီရိတောင်မှ မောင်နှင့်မတွေ့ခင် ကိုကြီးနဲ့ တွေ့ခဲ့သေးသည်။ သီရိက ကိုကြီးလို့ ခေါ်တဲ့လူပေါ့။ သီရိ ကိုကြီးကို သိပ်ချစ်ခဲ့ပါသည်။ ကိုကြီးကလူချော၊ သီရိက နည်းနည်းလေး ချစ်စရာကောင်းသလို ရှိတာလေးကလွဲရင် သာမန်ရုပ်ရည်မျိုး။ သီရိက အချစ်လွန်၊ ကိုကြီးကို စိတ်

မချ။ ဒီလိုနဲ့ပဲ ကိုကြီးက တစ်သက်လုံး စိတ်ချသွားရအောင် သီရိမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို ယူသွားခဲ့တော့သည်။ သီရိ အသည်းတွေ ကွဲလိုက်တာမှ မိုးပေါ်က သူ့ဘာသာနေတဲ့ မိုးကောင်းကင်ကြီးက သီရိတစ်ယောက်တည်းကိုပဲ ပိကျလာသလို ခံစားချက်တွေ၊ အသည်းကွဲဖူးသူတွေ သီရိခံစားချက်ကို နားလည်နိုင်မည် ထင်ပါသည်။ အဲဒီလို ခံစားချက်တွေ ကိုကြီးကြောင့် ပြင်းပြင်းထန်ထန်ရခဲ့ဖူးသည်။ နောက်တော့လည်း အချိန်ဆိုတဲ့ အရာက သီရိရဲ့ ကွဲနေတဲ့ အသည်းကို အကောင်းအတိုင်းဖြစ်အောင်၊ ပြောရရင် အကောင်းအတိုင်းထက်တောင် ကြံ့ခိုင်မှုစွမ်းရည် မြင့်တက်လာအောင် ကုသလိုက်သေးသည်။ နောက်တစ်ကြိမ် အသည်းထိခိုက်ဒဏ်ရာရဖို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်တော့ပါ။ နောက်ပိုင်းမှာတော့ ကိုကြီးကိုတောင် ကျေးဇူးတင်တတ်လာပါသည်။ အတွေ့အကြုံတွေ စုံစုံလင်လင်ရခဲ့တဲ့အတွက်ပေါ့။ သီရိရဲ့ ခင်ပွန်းမောင်ကတော့ သီရိကို စိတ်လုံခြုံမှုရှိအောင် ချစ်နိုင်သူဖြစ်သည်။ ဘယ်တော့မှ သီရိက စိုးရိမ်ပူပန်နေဖို့ မလိုတဲ့သူဖြစ်သည်။

ဇေထက်သာကို ခဏမေ့ပြီး သီရိရဲ့အတိတ်ထဲ ခဏလေးပြန်ရောက်သွားမိသည်။

ဇေထက်သာရဲ့ မခံချိမခံသာ အံကြိတ်ပြောလိုက်တဲ့ အသံကို ကြားလိုက်မှ . . . .

"အချစ်အတွက် သေဆိုသေရဲပါတယ်။ အဲဒီလောက် စိတ်ပြတ်တယ်"

"အဝေးကြီးလည်း လှမ်းကြည့်ပြီး မမောနဲ့၊ သူများတွေတော့ မသိဘူးလေ။ အချစ်က ပူတယ် ကိုယ့်အတွက်တော့ အဲဒီတော့ အချစ်ခံရမှာကိုပဲ ရွေးလိုက်တယ်"

သီရိ အတွေးတွေထဲက စကားတချို့ နှုတ်က ခုန်ထွက်ကုန်သည်။

အချစ်သူရဲကောင်းအဖြစ် အစွမ်းပြချင်နေသူကြီး ဇေထက်သာက "သေတောင်သေနိုင်မှတော့ ကျန်တာက ရယ်စရာလေးတွေ ဖြစ်နေမှာပေါ့လေ၊ မဟုတ်ဘူးလား" တဲ့ သီရိကို မေးလိုက်သေးသည်၊

"ပြီးတော့ အဲဒီအချစ်အတိုင်းလည်း ကိုယ်က ပြည့်ပြည့်ဝဝ ပြန်ပေးနိုင်တယ်။ ကိုယ်လည်း ကိုယ်သိသလောက်ပဲ ပြောရတာကိုး။ ယောကျ်ားလေးနဲ့ မိန်းကလေးကတော့ မတူဘူးလေ" သီရိအတွေးထဲက စကားလုံးတွေပဲ ဆက်တိုက် . . .

"ကျွတ် . . . အဲဒါက လင်မယား အပေးအယူကိစ္စပါ။ ကျွန်တော်ပြောတာက နူးညံ့ပါတယ်။ အပေးအယူကလည်း အရေးကြီးပါတယ်။ ဒါပေမဲ့ လွယ်တယ်"

ဘုရားရေ . . ဇေထက်သာက သီရိစကားကို ဘာတွေ သွားတွေးလိုက်ပြီလည်းမသိ၊ သီရိပြောချင်တာက တစ်မျိုး၊ သေလိုက်ပါတော့လား ဇေထက်သာရယ်၊ သီရိမျက်နှာမထားတတ်တောင် ထူပူသွားတော့



သည်။

"ဟာ လင်မယားကိစ္စမဟုတ်ပါဘူး။ ပြည့်ပြည့်ဝဝဆိုတာ အဲဒီသဘောမဟုတ်ဘူး၊ မေတ္တာကို ပြောနေပါတာရှင်"

သီရိ ရှက်လည်းရှက် ဒေါသလည်းထွက်လာကာ ပြန်ပြောလိုက်တဲ့ လေသံကိုက တော်တော်ကြီးမာနေပြီ။

"မဟုတ်ပါဘူး။ အဲဒီကိစ္စကို ချည်းပြောတာ မဟုတ်ပါဘူး။ သဘောပေါက်ပါတယ်"

"အချစ်အတွက် သေရဲတယ်ဆိုတာ အလင်္ကာတွေပါ"

အချစ်လူစွမ်းကောင်းဖြစ်ချင်နေသူကြီးကို အဲဒီလိုပဲပြောမှ ဖြစ်တော့မည်။

"ကျွန်တော်ဆိုလိုတာက အဲဒီလို အပြန်အလှန်မပါရင်တောင် ရတယ်ဆိုတဲ့ အထိပြောတာပါ"

"အိုး. . . ကျွန်မအတွက်ကတော့ မရဘူး"

"လူတစ်ယောက်ကို တစ်ဘဝလုံး တစ်ဖက်သတ်ဖြစ်နေတာမျိုးတွေ အများကြီး ရှိပါတယ်။ တန်မှ လုပ်မယ်ဆိုရင်တော့ တစ်မျိုးပေါ့"

"မသိဘူးရှင်။ သီရိတော့ ကိုယ့်ကို မချစ်တဲ့သူအတွက် လှည့်ကိုမကြည့်တော့ဘူး။ တန်တာမတန်တာ အပေးအယူကိစ္စတွေထက် အဲဒါကတော့ မိန်းကလေးမာနနဲ့ ဆိုင်သွားပြီ"

"အဲဒါကို အပေးအယူလို့ ပြောတာမျိုးပါ။ လွယ်ပါတယ်၊ စျေးတည့်ရင်ဖြစ်ပါတယ်။ ရိုင်းရိုင်းပြောတာ မဟုတ်ဘူးဗျာ၊ အဆင်ပြေရင်လို့ ပြောချင်တာပါ"

ဇေထက်သာ ရှင်ပဲ စကားတတ်တိုင်း ပြောနေတော့တာပဲ။

"ယောကျ်ားလေးမှာကျတော့ တစ်ဖက်သတ်ဆိုတာ တန်ဖိုးရှိတယ်၊ လုံးဝမတူဘူး။ ဥပမာ ရှင်က အိန္ဒြာကျော်ဇင်ကို တစ်ဖက်သတ် ချစ်ခဲ့တယ်ဆိုပါတော့"

"မေတ္တာသဘောက အပေးအယူပါ။ အယူရှိရင် အပေးရှိရမယ်ပေါ့"

"ခု သူယောကျ်ားရသွားလည်း သူ့သတင်း ကောင်းတာလေးကြားရင် ပျော်နေတာပဲ"

"ဒါကလည်း ယေဘုယျတော့ ဟုတ်ပါတယ်၊ မှန်ပါတယ်"

"ယောကျ်ားမယူသေးခင်ကလည်း အတင်းလိုက်ကြိုက်ရင် တန်ဖိုးရှိတယ်လေ။ တစ်ဖက်သတ် ဘယ်လောက်ကြိုက်ကြိုက် တန်ဖိုးရှိတယ်။ မိန်းကလေးတစ်ဖက်သတ် လိုက်ကြိုက်တော့ တန်ဖိုးမရှိပြန်ဘူး။ ရှုပ်လိုက်တာ။ ကျွန်မလည်း ပြောရင်း ပြောရင်း ခေါင်းတောင်ရှုပ်လာပြီရှင်။ မပြောတတ်တော့ဘူး"

"မဟုတ်ဘူး။ တစ်ဖက်သတ်ဆိုတာလည်း ဥပမာပြောတာနော်။ အဲဒါကို နင်းပြောလို့တော့ မရပြန်ဘူး"

အိုး . . ကျွန်မက စကားတစ်ခုတည်းကို နင်းပြီးပြောတယ်လို့ ဇေထက်သာပြောချင်ပြန်ပြီ။

"ဟုတ်တယ် မေတ္တာကတော့ အပေးအယူမရှိလည်း ကိစ္စမရှိပါဘူး"

"ရှိတယ်လို့ပြောတာ၊ အပေးအယူ မဟုတ်တဲ့ ဟာတွေ ရှိတယ်လို့ ပြောပြတာပါ"

သီရိ သိခဲ့တာကတော့ ကိုယ့်ကိုမချစ်တဲ့သူတစ်ယောက်အတွက် သီရိရဲ့ အချစ်တွေ၊ အလွမ်းတွေ သူ့အတွက်ဖြစ်မနေစေရဘူးလေ။ ဒါ သီရိ အယူအဆပဲဟာ . .

"အိမ်ထောင်ပြုဖို့အတွက်တွေပါ စဉ်းစားတော့မယ်ဆို အပေးအယူ ရှိရတော့မှာပေါ့။ မေတ္တာရှိတာကတော့ အပေးအယူလည်းမလိုပါဘူး"

အချစ်ကိစ္စမှာ သီရိကတော့ ရိုးရိုးရှင်းရှင်းပဲ တွေးခဲ့တာပဲ။ ကိုယ့်အတွက် လုံခြုံမှုပေးမယ့်သူ ကိုယ်ကလည်း ချစ်နိုင်မယ့်သူ၊ ကိုယ့်ကို တကယ်ချစ်တဲ့သူဆို လက်ထပ်မယ်။ မိသားစုဘဝလေး တည်ဆောက်မယ်။ ချစ်စရာကလေးလေးတွေ မွေးမယ်။ ကလေးလေးတွေကို အတူတူ စောင့်ရှောက်ကြမယ်။ ဒါဟာ အရိုးရှင်းဆုံးဘဝပဲလေ . . အဲဒါ သီရိ မှားလို့လား။

"ရှင်းရှင်းပြောရရင် အိမ်ထောင်ပြုတာ အလွယ်ဆုံး အလုပ်ပဲ။ နိုင်ငံခြားမှာဆို လက်စွပ်တစ်ကွင်းရှိရင် ရတယ်။ မရှိသေးရင် လက်စွပ်အရင်ဝယ်လိုက်. . .၊ မြန်မာနိုင်ငံမှာဆိုလည်း ပိုက်ဆံရှိရင်ရတယ်၊ မင်္ဂလာပွဲလုပ်ဖို့၊ ဘာဖို့ ညာဖို့ ပိုက်ဆံသာစုထား၊ ဒါပဲ၊ ချစ်တာကျတော့ သိပ်ခက်တယ်"

"အိမ်ထောင်ဖက်ရွေးရင်သာ ကိုယ်ကပထမဆုံး ချစ်ကြောင်းပြောရတော့မယ် ကိုယ်က မေတ္တာပေးရမယ်။ ပြီးရင် တောင်းရမယ်။ ပြန်ရပြီဆို နှစ်ဦးသား ဘဝအတူတည်ဆောက်ကြ၊ အဲလိုပဲမဟုတ်

ဘူးလား"

"ဟုတ်ပါတယ်ရှင်၊ ယောကျ်ားလေးအတွက်ကတော့ . . . အဲဒါ အမုန်ပဲ ကိုယ်ချစ်တာသိဖို့ပဲ ကိုယ်ချစ်တာ ကိုယ်မသိရင် မချစ်တတ်သေးရင်တော့ လူပျိုကြီးဘဝမှာ ပျော်ပျော်နေဦးပေါ့"

သီရိလည်း မပြောတတ်တော့ဘူး။ ယောကျ်ားလေးအတွေးနဲ့ မိန်းကလေးအတွေးက တူမှ မတူနိုင်တာ။

"ပျော်တယ်လို့များ ထင်နေလား။ တစ်နေ့မှ မပျော်ပါဘူး"

ဇေထက်သာက အံကိုတင်းတင်းကြိတ်ရင်း စကားဆိုသည်။ ဒီလို ဆိုတော့လည်း သီရိစိတ်မကောင်းပါဘူး။ သီရိသိထားတဲ့ ဇေထက်သာက အခုတော့ တကယ့်ကို တခြားစီပဲ . . .

"မိန်းကလေးကကျတော့ ကျွန်မတွေးတာပြောတာနော် ကိုယ့်ကို တကယ်ချစ်တယ်ဆိုတာကိုပဲ လိုချင်တယ်။ ပျော်ရမှာပေါ့။ ဘာလို့ မပျော်ရမှာလဲ။ ကျွန်မဆို အသည်းကွဲဖူးတုန်းက လိုမ့်နေရောပဲ ချစ်ဖူးတာပေါ့။ နုနုရွရွကို ချစ်ဖူးတာ။ အသည်းကွဲတော့ တရားစခန်းတောင် ရောက်သွားတယ်။ ၂၉ နှစ်လောက်က အသည်းကွဲတာ။ အချစ်လည်း လုပ်ကြံပြီး လိုက်မရှာတော့ဘူး။ ဒီလိုပဲ အလုပ်ပဲ ပျော်ပျော်ကြီးလုပ် ကိုယ့်ဘာသာဂရုစိုက် သူများတွေလည်း ဂရုစိုက်ပြီးပဲနေလာတာ။ ဖူးစာပါတော့လည်း မရှာဘဲနဲ့ တွေ့တာပဲ၊ အိမ်ထောင်ပြုလိုက်ရတာပဲ"

သီရိလည်း ပြောရင်းနဲ့ပဲ သီရိအကြောင်းတွေ အကုန်ပေါ်ရော . .

"တစ်ယောက်တည်း ဘယ်လိုလုပ် ပျော်မှာလဲ။ ရသေ့ရဟန်းမှ မဟုတ်သေးတာ၊ ဇေစာရီ အကျင့်ကို ကြိုက်တာ ကျင့်တာမှ မဟုတ်တာလေ။ ဟား ဟား ဟား. . . ခင်ဗျားဗျာ . . . ချစ်တာကလည်း ဟာသကား ကျနေတာပဲ။ ကျွန်တော်တော့ မဟုတ်သေးဘူး ထင်တာပဲ"

သီရိရဲ့ မိုးပြိုသလိုခံစားချက်ကိစ္စကြီးတွေက ဇေထက်သာ ပြောမှပဲ ဟာသကား ဖြစ်ကုန်ပါရော့လား . .

"ဒါပေမဲ့ ထားပါတော့လေ။ ကံပေါ့၊ ကံဆိုတာကလည်း အလုပ်ပေါ့"

"အတွေ့အကြုံဆိုတာလည်း ရှိမှ အစစ်အတုသိတာနော်၊ လျှောက်မတွေးပါနဲ့ဦး မေတ္တာ အတုအစစ် ခွဲတတ်တာကိုပြောတာ"

"ဟား ဟား ဟား. . . ကြိုက်တယ်။ ရိုးရိုးပြောတာပါ၊ ကျွန်တော်နားလည်ပါတယ်"

"ယောကျ်ားလေးတွေက အတွေ့အကြုံများများလိုတယ်၊ အတွေ့အကြုံမရှိတဲ့ သူဆိုတကယ်တမ်း မိုးမမြင်လေမမြင် အမှန်ကို မသိဖြစ်တတ်တယ်"

"လာလိုက်စမ်းပါ၊ မိုးမမြင်ချင်တော့ဘူး"

အိုး. . . အချစ်ရူးရူးဖို့ အသင့်ပြင်ထားတဲ့ လူတစ်ယောက်ကို လာတွေ့နေပါပေါ့လား။

"ဟဟ . . . မိုးပဲ မမြင်ရတာတော်သေးလေ၊ ရှင့်ဆီကရှိတာတွေ အကုန်မသွားပြီး ဘာမှ မမြင်ရတော့တဲ့ မိန်းကလေးမျိုးဆို ဘယ်လိုလုပ်မလဲ၊ အတွေ့အကြုံ ရှိထားတော့ ရှင့်ကို လာနှုးလည်း အေးဆေးပဲ။ ခွဲခြားနိုင်တယ်"

"မလိုပါဘူး။ အကုန်ပေးလိုက်မယ်။ မရှိသေးတာတောင် ထပ်ရှာပေးလိုက်ဦးမယ်"

"ဟယ်. . . အဲဒါကြောင့်လည်း ရှင့်အမေက စိတ်ပူတာ၊ နည်းတောင် နည်းသေးတယ်"

"အပြောမဟုတ်ပါ။ စိတ်ထဲ တကယ်ရှိတာကို ပြောပြတာပါ"

"အဲဒါ မကောင်းပါဘူး။ အချစ်အတွက် မွှန်ရမယ့်ကိစ္စမျိုး စိတ်မကူးပါနဲ့။ မွှန်ချင်လိုက်တာလည်း မလုပ်ပါနဲ့"

"မွှန်တယ်လို့ မပြောပါနဲ့ နည်းနည်းကြမ်းသလိုပဲ။ ဗြိတိသျှဘုရင် တစ်ပါးဆို နန်းတောင် စွန့်တယ်ဆို . . . ဟုတ်လား။ ပုံမြင်လား"

"မွှန်တယ် လို့ ပြောမှ ရှင်းတာ၊ အဲလို မပြောရင် စကားလှလှလေး ဖုံးပြီး အဟုတ်လုပ်ဦးမယ်"

သီရိလည်း စိတ်ပေါက်ပေါက်နဲ့ ပြောလိုက်တော့သည်။

"ကျွန်တော်က ခံစားမှုနဲ့ မှန်းကြည့်တာကိုး။ သေချာ မသိသေးပါဘူး။ မလှဘူးထင်လို့ပါ။ တစ်ခုတော့ ရှိတယ် ကိုယ်က သူများသားသမီးမဖျက်ဆီးခဲ့ဖူးဆိုရင် ကိုယ်လည်း အဲဒီလို သောကမျိုးမခံရပါဘူး။ အဲဒီတော့ နေ့တိုင်းပျော်ပျော်ကြီးသာနေပါ။ ချစ်တာလည်း သတိကပ်ပြီး ချစ်ရတာပဲ။ ပြောရတာ မောလိုက်တာနော်။ ရေတောင်ဆာလာပြီ။ လက်ဖက်ရည်အရသာလေးတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး"

"အဲဒီရက်တွေ မြန်မြန်ရောက်လာပါစေဗျာ။ အကြာကြီးရှိနေပြီ။ ဒါနဲ့ . . ခင်ဗျားလိုချင်တဲ့ အဖြေကော ရသွားရဲ့လား"

ဇေထက်သာက ရွှေစင်သွန်းနဲ့ကိစ္စကို ပြန်ပြီး အစဖော်လိုက်သေးသည်။

"မရဘူးလေ။ ဩော်. . . မှန်းလို့တော့ရပါတယ်။ ရှင်က ဖွင့်မပြောဘူး။ အဲလောက်နဲ့ပဲ ထားလိုက်ပါပြီလေ"

"ခင်ဗျားက ကျွန်တော် ထင်ထားတာထက်တောင် တော်နေသေးတယ်"

"တစ်ခါတလေ လူတစ်ယောက်ကို ဂရုစိုက်ကြောင်းပြချင်ရင် အဲလိုလေးတွေ မေးပေးရတယ်။ ကိုယ်တကယ်သိချင်တာ မသိချင်တာထက် ပြောချင်တာက အဖြေကအဓိကမဟုတ်ပါဘူးပေါ့။ ခစ်ခစ် . ."

သီရိကလည်း နောက်ပြောင်ချင်စိတ် ပေါက်လာတာနဲ့ပဲ . . .

"နောက်ပြီး အရင်က ကျွန်တော်က ကျွန်တော့်အောက် လေးငါးနှစ် ငယ်တယ်အောက်မေ့တာ . . . အခုမှ ၁၀ နှစ်တောင်မကဘူး၊ ကြီးမယ်ထင်တယ်နော်။ ဆောရီးပါ။ သိပ်ရင်းရင်းနှီးနှီး ဘော်ဒါကဗျာ ပြောခဲ့တာတွေကို . . ."

ဇေထက်သာကလည်း အတည်ပေါက်ကြီးနဲ့လည်း နောက်သေးတာပဲ။ သီရိက သူ့ထက် ၁၀ နှစ်တောင် ကြီးရဦးမယ်တဲ့။

"ဘာတုံး ကျွန်မက ၇၅ မွေးတာလေ။ ဘယ်လိုလုပ် ၁၀ နှစ်ကျော် ကြီးရမှာလဲ။ ပေါက်ကရ"

"ဩော် ဒါဆို သုံးလေးနှစ်လောက် ကြီးတာပဲ"

"ရင်းရင်းနှီးနှီးပြောလို့ ရပါတယ်နော်"

"ဘယ်နှခုနှစ်လဲ"

"၇၇ စက်တင်ဘာလေဗျာ"

"အင်းလေ ဒါများ ဘယ်လိုလုပ်ပြီး ၁၀ နှစ်ကျော်ရတာလဲ။ ဒီနေ့ပြောသမျှထဲမှာ ဒီစကားအမုန်းဆုံးပဲ။ ကဲ. . . ပြန်တော့မယ်ရှင်၊ အိမ်က လူတောင် အိမ်ပြန်ရောက်တော့မယ်။ မောင် မျှော်နေတော့မယ်"

"ဟား ဟား ဟား မောင်တဲ့လား . . အချစ်က ပူတယ် . . . အချစ်က ပူတယ်"

ဇေထက်သာက သီရိကို စနောက်ပြီး အဲဒီစကားကိုပဲ ထပ်ခါတလဲလဲ ရွတ်နေပါသည်။

သီရိ ပြန်မှဖြစ်တော့မည်။ မောင့်ကို စာအုပ်လေးပြရဦးမည်။ မောင့်ကို သီရိရဲ့ ကဗျာလေးပြရဦးမည်။ မောင့်ကို သီရိရဲ့ အပျော်လေးတွေ မျှဝေချင်ပါသည်။ မောင့်ဆီကလည်း ဒီနေ့ တစ်နေ့စာ ဘာတွေမျှဝေလေမလဲ သီရိ သိချင်မိသည်။ အဆိုး၊ အကောင်း၊ ဝမ်းနည်းမှု၊ ဝမ်းသာမှု၊ နားလည်ဖေးမမှုဆိုတဲ့ မေတ္တာစစ်စစ် အပေးအယူကိစ္စတွေ တစ်နေ့နေ့တော့ ဇေထက်သာ နားလည်နိုင်ကောင်းရဲ့လို့ သီရိ ဆုတောင်းမိပါသည်။

သီရိ စာအုပ်လေးကို ကောက်ကိုင်ပြီး နေရာကထတော့ . . .

"ဒီနေ့ ကျွန်တော်တို့ ပြောတဲ့ အချစ်အကြောင်းကို စာရေးပါလားဗျာ။ သူငယ်ချင်းပြောတဲ့ အချစ်အကြောင်း ဆိုပြီးတော့ပေါ့။ အသည်းဆတ်ဆတ်လား။ ဟတ်တက်လား။ အသည်းကွဲတာတွေပါထည့်ရေး၊ တချို့နေရာတွေဆို ပြောရင်း ဟိ (heat) တောင် ထတယ်၊ ကျွန်တော်မှန်းလည်း မသိစေနဲ့ပေါ့ဗျာ။ သိသွားရင် စာပေါ့သွားမယ်။ အဖြစ်မရှိသူက ဆရာလုပ်နေသလို ဆိုတော့ ရယ်တော့ ရယ်စရာပေါ့ . . . ဟား ဟား ဟား"

ဇေထက်သာက ရယ်ရယ်မောမော ပြောပြောဆိုဆို . . ဖက်ဖူးရောင် လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်လျက် တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါသည်။ **ဖြိုးဖြိုး**



## အဖြေ

သစ်ရွက်တစ်ရွက် မြေပေါ်ကြွေတော့
လေတိုက်လို့လား
ငှက်နားလို့လား
မသဲကွဲတဲ့ အမေးတွေနဲ့
အဖြေညှိစရာ ဘာလိုလို့တုံး
နိယာမအခြေမခိုင်
ကြွေချိန်တန်ကြွေလိမ့်မပေါ့
ဒီအတွက်အဖြေရှာ
မောရန်သာရှိလိမ့်မယ်
ဖြစ်ချိန်မှာ ဖြစ်ခဲ့ပြီမို့
ပျက်ချိန်မှာ ပျက်ရတယ်
မမြဲတဲ့ အဖြေပဲ

**လင်းဆုတြယ်**



## သဘော်ပုံဝတ္ထု

ဟောဒီဆိပ်ခံဘောတံတားပေါ်ကို တက်လာခဲ့တာ
ကျွန်တော့်ရဲ့ သဘော်ကို မျက်စိတစ်ဆုံးရွက်လွှင့်ပစ်ဖို့ မဟုတ်ဘူး
အပြီးအပိုင် ကျောက်ချပစ်ဖို့ပဲ။

ငြိမ်သက်ရင် အသက်မရှိတော့တဲ့ မာမီရုပ်လောင်းတွေလို ငြိမ်သက်နေတတ်ပြီး
စိတ်ရှုပေါက်လာတိုင်း ရိုင်းစိုင်းတတ်တဲ့ လောကမုန်တိုင်းတွေနဲ့
ဘယ်လိုမှ သံခင်းတမန်ခင်း မပြေစင်းနိုင်ဘူး။

သက်သက်လွတ်စားတတ်တဲ့ လှိုင်းတွေနဲ့လည်း
လက်ပွန်းတတီးမရှိချင်ဘူး။

သကြြန်ရောက်တိုင်း ဇီဝိတ ငါးလွှတ်ပွဲမှာ ကံစမ်းမဲမပေါက်တဲ့
ပင်လယ်ပျော် ငါးတွေရဲ့ မျက်နှာကိုလည်း မကြည့်ရက်ဘူး။

ဒဏ္ဍာရီဆန်ပြီး အရုပ်မျက်နှာမှားနေတဲ့ သံချေးစား အိမ်မြှောင်
လက်တံတွေကိုလည်း ဖြတ်ပြီးသားအရက်လို ပြန်သံယောဇဉ်မဖွဲ့ချင်ဘူး။

စိုပြီးသား လက်တွေကိုလည်း စိုမြဲအတိုင်းစိုပါစေ
ခြောက်ပြီးသားလက်တွေကိုလည်း ခြောက်မြဲအတိုင်းခြောက်ပါစေ။

အထူးသဖြင့်ကတော့
စစ်မက်၊ လောဘ၊ မာနတွေနဲ့ ချေးညှော်တွေကိုသယ်လာတဲ့
ဇီဇပျောက်ရေချိုတွေနဲ့လည်း တစ်ဝိုင်းတည်း မထိုင်ချင်တော့ဘူး။

ဒီလိုနဲ့ပဲ ကျွန်တော့်ဘဝသဘော်ငယ်ကို
အနာဂတ်မိုးကုတ်စက်ဝိုင်းနေညိုချိန်အထိ
အပြီးအပိုင်ကို ကျောက်ချထားလိုက်တော့တယ်လေ။

**ကိုစိမ်း**

(ဖြောင့်ချက် ။ ။ ကဗျာဆရာ ပန်းလှိုင်စိုး(ကျုံပျော်) ရဲ့ ကဗျာခေါင်းစဉ်
ကို ယူသုံးထားတာပါ။)



## ရာဇဝင်

ပန်းတစ်ပွင့်. . .
သူ့အလှဖြင့် ဂုဏ်တင့်တယ်တာမို့
လုံမလေး ခူးကာ ပန်ဆင်တယ်။
မခွေ့ဘဲ ကြွေရခြင်းထက်
တစ်ပါးသူအတွက် အလှကူတာ
ပန်းဖြစ်ရကျိုး နပ်လှတယ်. . .။
သစ်ရွက်ကလေး. . .
စိမ်းစိုတုန်း ရှုမဆုံးပါလို့
အမြင်အေးစေတယ်။
ခမ္ဘာအတိုင်း ခြောက်သွေ့ကြွေကျ
ဆွေးမြည့်ကာ မြေဩဇာ ဖြစ်ရတာ
သစ်ရွက် ဖြစ်ရကျိုး နပ်လှတယ်. . .။
လူတစ်ယောက်. . .
အဆင်းမရှိလည်း အချင်းပြည့်တာမို့
လောကအလှဆင်နေတယ်။
အချိန်တန်လို့ နေဝင်သွားလည်း
တွင်ကျန်မှာ သူ့အချင်းမို့
လူဖြစ်ရကျိုးနပ်လှတယ်. . .။

**နောင်မွန်း**



## နှစ်ကိုယ်ခွဲဂစ်တာ

တစ်ညလုံး ခေါင်းထဲဝင်သင်းပျံ့ခဲ့တဲ့ မေတ္တာရနံ့ကို
မြို့ထဲ သယ်သွားလို့မရဘူး
မိသားစုဆီက ပျံ့သန်းလာတဲ့ သီချင်းကိုလည်း
အော်ကြီးဟစ်ကျယ် နားထောင်ခွင့်မရ
ငါ့ကို ရပ်တန့်ငေးမောနေသော ရှုမျှော်ခင်းများဗလာ
ကိုယ့်အခန်းကိုယ် ပြန်ရောက်တော့ ကိုယ့်ကိုယ်ကိုယ် ဧည့်ခံစရာ
ဘာမှမရှိ
ငါ ရယ်နေတာ မောလွန်းလို့

ထိုင်တွေးနေမိတယ် ထတွေးနေမိတယ် လမ်းလျှောက်ရင်း
တွေးနေမိတယ် လက်ဆစ်တွေကို တဖျစ်ဖျစ်မြည်အောင် ချိုးနေမိတယ်
အခုတလော ငါ့မျက်လုံးထဲက အိပ်စက်ခြင်းကို
ခိုးသားဓားပြတွေ ဖောက်ယူနေကြသလိုလို တွေးနေမိတယ်

ကမ္ဘာ. . . ငါ့ကို တနင်္ဂနွေသမီးလေးပေးပါ
လူသားတွေကို ငါက စန္ဒရားသံတွေ ပြန်ပေးမယ်
လူ့အဖြစ်ရဲ့ နှစ်လိုဖွယ်ခြေလှမ်းများနဲ့ ငါ့ကို တိုးတိုးလေးနမ်းလိုက်စမ်းပါ

ပန်းချီကားထဲက လျှံကျလာတဲ့ ဂီတပေပဲ
တုန်လှုပ်ခြင်းတစ်ဝက် နှစ်သက်ခြင်းတစ်ဝက်
ငါ တစ်ခုခု ဖြစ်လာမလား ငါ တစ်ခုခုများ ပျက်သွားလေမလား
ငါ တိတ်ဆိတ်. . . . ( . . . . . . . . . . . . . . . . )

ဝါကျတွေဟာ အသက်ရှိတယ် ရှင်သန်တယ် လှုပ်ခတ်တယ်
ငါ့ကို စောင့်မျှော်နေမယ့်ဒီဇင်ဘာဆီ ငါ ရောက်အောင်သွားမယ်
သူတို့ခြင်းတောင်းထဲ ဒလဟော သွန်ထည့်ပေးမိတဲ့ ငါ့သစ်သီးသံကို
အမြင့်ဆုံးကီးနဲ့ တီးခတ်ထားတာ
ရထားဟာ ဇာတ်လမ်းထဲဖြတ်ဝင်လာ

ဘယ်တော့မှ မပြီးဆုံးဘူး
အနုပညာဆီက ခိုးဝှက်ယူဆောင်လာခဲ့သော ချစ်ခြင်းတရားများ
အိမ်တံမြက်အရောက် အဝေးပြေးဆွေးလို့ငေးလို့

ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်ကြောင်း လှည့်စားပြီး
ဘဝကို ငါ့ဆီက ထွက်မပြေးအောင် ဖြားယောင်းမိပြန်တယ်

**ကိုသျှား**



## နွေဦးကဗျာ

ဇာတ်ညွှန်းအသစ်မလိုဘူး
မဲပြာပုဆိုး ဆက်တင်တွေမှာ
ပိတောက်တွေ မှိုလိုပေါက်ခဲ့
အဝါရောင်မြင်ကွင်းတွေထဲ
အက်ရှင်အပြည့်နဲ့ ငုခများ
စိတ်မကောက်တတ်တဲ့ ဇာတ်ပို့၊ ဇာတ်ရံ
အသံတွေ ကြားနေရတယ်။
အသားတွေ ယားကျိကျိနဲ့
ဒီပိုးက ကလိတယ်။

မြို့မငြိမ်း . . . တဲ့
ကိုဇော်ဝမ်း . . . တဲ့
လွမ်းစရာ ပင့်သက်တွေ
ရေတစ်ခွက်နဲ့ ဆေးကြောမိ
သပြေခက်နဲ့ ဆေးကြောမိ
လူတွေ ရေစိုကုန်ပြီလား
လမ်းတွေ ရေစိုကုန်ပြီလား
သင်္ကြန်အထာနဲ့
ကဗျာတစ်ပုဒ် ရေးဦးမယ်။

**မောင်သွေးချစ်(ရေနံချောင်း)**



## ခေတ်သစ်သင်္ကြန်ပုံရိပ်

မြန်မာနှစ်သစ်ကူး
ရွှင်မြူးတူပျော် အတာရေသဘင်ပွဲတော်
မိုးခေါ်ပိတောက်ပန်း
လမ်းတစ်လျှောက်
ထိန်ဝါတောက်ပွင့်လန်းဝေဆာ
မျှော်ရှာသူအဖို့
တစ်နှစ်ကုန်ပြောင်း
အတိတ်တွေ ပိုဟောင်းသွားခဲ့ပြီ။
အကောင်းအဆိုး ဒွန်တွဲ
အကြောင်းအကျိုး ရှိဆဲ
ပျော်ရွှင်နွဲ့ ရက်မြတ်မင်္ဂလာ
သံချပ်ထိုးသံများနဲ့
ဒီဂျေ တေးသွားတို့အပြိုင်
မြိုင်မြိုင်ဆိုင်ဆိုင်
စတိုင်အမျိုးမျိုးဖမ်း
အလန်းဇယားခင်းနေလည်း
ရိုးဂုဏ်တွေပျောက်ဆုံးနေတဲ့
သံစဉ်လှိုင်းတွေကြားမှာ
အနှစ်သာရရှိမယ့် အရိပ်တစ်ခုကို
လိုချင်စိတ်ပြင်းပြကာ လိုက်ရှာနေသူ
ကိုယ့်အဖို့မူ
လမ်းမထက်မှာ
မြေခိုးငွေ့ရည်စက် စိုတွဲခိုလျက်
ပိတောက်ပန်းခြောက်တစ်ခက်ဖြစ်ခဲ့ပြီ။

**ထက်သခင်(သုံးဆယ်)**



## ကြားနေကျကို ကိုယ်တိုင်ကြုံတဲ့အခါ

ရိုးရိုးလေးတွေးပြီး ရေးတာတောင်မှ
ရွေးရွေးပြီး ပါမလာတာတွေအများကြီး

သူတကာထက် ရှေ့ရောက်ဖို့ တွန်းကန်အားမှာ
သွက်သွက်လက်လက် လှုပ်ရှားနေကြလို့

အမိုးအကာမလုံတဲ့ ရက်စွဲလွန် အဖြစ်အပျက်တွေအတွက်
အက်ဆေးတစ်ပုဒ် ကောင်းကောင်းလေး ရေးဖွဲ့လည်း

တနင်္ဂနွေရဲ့ တိမ်ထူထပ်မှုက
တိုးတိုးတိတ်တိတ် မှတ်တမ်းမဟုတ်ခဲ့

စာမျက်နှာထဲ ကမ္ဘာကြီးစောင်းနေတာကို
စောစောစီးစီး ရွှေ့ပေးဖို့ ကြိုးစားရင်း

ပြောပြောပြီးပြီးသွားတဲ့
ပုံပြင်ဟောင်းတချို့က သက်တမ်းတိုစွာ

မရေမရာအတွေးတွေနဲ့ ခြေလှမ်းသစ်တိုင်း
မင်နီတွေ အခြစ်မခံရစေဖို့

ဘယ်သူတွေဘာပြောပြော
ဘာသာစကားတွေ အမျိုးမျိုးကွဲနေကြမှတော့

လာရာမတူလို့
လားရာခြားခဲ့ကြတဲ့ဘဝတွေထဲ
မလိုချင်တဲ့ အမှိုက်တွေဝေးဖို့
လိုချင်တဲ့အပင်တွေ ပြောင်းစိုက်ကြစို့။

**ဆွေရည်ရွှယ်အောင်**



## လွမ်းဒဏ်သင့်သော ဥသြငှက်

ဥသြငှက်တွန်သံ
အချိန်မှန်နံနက်ခင်း
ရင်ခုန်သံခပ်ပြင်းပြင်းနဲ့
အလွမ်းသီချင်းသီပြ ရှာသလို
တစ်ခါတစ်ခါ
ကဗျာဆရာရဲ့ ရင်ခုန်သံက
အလွမ်းဒဏ်သင့်ငှက်လို
ခံစားချက်လွမ်းတေးတစ်ပုဒ်
ရင်ထဲက ဖမ်းဆုပ်မိတဲ့အခါ
လွမ်းစရာရှိလည်း
လွမ်းကြည့်လိုက်တာပါပဲ
စိတ်ထဲအရသာတစ်မျိုး
ခံစားရကျိုးနပ်ဖို့
လွတ်လပ်တဲ့ကာရန်နဲ့
လွမ်းဒဏ်သင့်ငှက်ပမာလို
ကဗျာဆရာမှာ
ကဗျာချွန်ဝင်စားကြည့်
ကဗျာတစ်ပုဒ်စပ်မိရဲ့

**ကျော်လွင်ဦး(ပျဉ်းမနား)**



# မြတ်ကိုကို (ရက္ခ) ခင်မအကြောင်း

ဝတ္တုတိုရသ

ခင်မရဲ့နာမည်အရင်းက မခင်ကြွယ်ပါ။ ဒါပေမဲ့ ခင်မလို့ပဲ အများက ခေါ်ကြတယ်။

ခင်မက တကယ်တော့ ရိုးသားတဲ့ တောသူတောင်သား မိဘနှစ်ပါးက ပေါက်ဖွားလာတဲ့ မိကောင်းဖခင်သမီးတစ်ဦးပါ။ ဒါပေမဲ့ ကံကြမ္မာက မျက်နှာသာလုံးဝမပေးဘူး ရှင်တို့ရယ်။

ခင်မဘဝတစ်လျှောက်မှာ အပေါ်ဆုံးက ပထွေး၊ လင်နဲ့ အကြွေးပဲ။ ဟုတ်တယ်၊ အဲဒါအမှန်အတိုင်း



ပြောတာ၊ ခင်မအဖေဆုံးတော့ ခင်မက အသက်ကိုးနှစ်သမီးလေးပဲ ရှိသေးတာ။ ခင်မအောက်မှာ ခြောက်နှစ်အရွယ် မောင်လေတစ်ယောက်နဲ့ လေးနှစ်အရွယ် ညီမလေးတစ်ယောက် ရှိသေးတယ်။

ခင်မအဖေဆုံးပြီး တစ်နှစ်အကြာမှာပဲ အမေရယ် နောက်အိမ်ထောင်ပြုတယ်။ မပြုလို့လည်း မရဘူးလေ။ ဟိုက အတင်းပြုခိုင်းနေတာ၊ ဘယ်သူရှိမလဲ အဲဒီအမေ ယူလိုက်တဲ့ နောက်ယောကျ်ား မုဆိုးဖိုကြီး ဦးအေးချိုပေါ့။ ဒီလူကြီး လယ်မှာ အမေက ပျိုးနုတ်၊ ပဲကောက်လုပ်ရတာလေ။ ဦးအေးချိုကြီးက မုဆိုးဖိုကြီးဆိုပေမဲ့ အမေ့ထက်နှစ်ဆယ့်နှစ်နှစ်လောက်ကြီးတယ်။သားကြီးသမီးကြီးတွေလည်းရှိတယ်။ ဒါပေမဲ့ သူတို့ကအဝေးမှာ နေကြတာ။

ခင်မတို့ ဟင်္သာတမြို့ရဲ့ လယ်တီကွင်းရပ်မှာ ဦးအေးချိုကလည်း လယ်တီကွင်းမျက်နှာဖုံးတွေထဲက တစ်ယောက်ပေါ့။ ထရံကာ၊ မနီမိုး၊ မြေစိုက်တဲ့သာသာလေးပေါ်ကနေ အိမ်ကြီးရခိုင်ပေါ် စတက်ရတဲ့နေ့ကဆို ခင်မတို့မိသားစုတစ်တွေ ကံကောင်းကြပြီလို့တောင်ထင်တာ၊ ဦးအေးချိုကြီးရဲ့ သားသမီးတွေက ပြဿနာလာရှာကြသေးတယ်။ ဒါပေမဲ့ ဦးအေးချိုကြီးက ဟိတ်ဆိုတာနဲ့ အားလုံးတိတ်ရတာပါပဲ။ ဒီတော့လည်း အရှည်အရှည်တွေ ဆက်မဖြစ်တော့ဘူးပေါ့။ ကျေနပ်ပုံတော့ မရကြဘူး။

ခင်မတို့ကို ကံကြမ္မာက လှလှပပလေး ကျီစယ်တယ်သိလား။ အမေနဲ့ ဦးအေးချိုတို့ညားပြီး ဆယ်လအကြာမှာ ဦးအေးချို ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးရှာတယ်။ အဲဒီဆယ်လအတောအတွင်းမှာ ခင်မတို့သားအမိတစ်တွေအပေါ် တော်

တော်လေးကောင်းရှာတော့ စိတ်မကောင်းဖြစ်မိတာအမှန်ပဲ။ အမေ့ကို ယူတုန်းကများဆို ဦးအေးချိုကို ပတ်ဝန်းကျင်က ဝိုင်းပြောကြတာ၊ မကြားတကြားပေါ့။ ဦးအေးချိုကလည်း သူမှန်တယ်ထင်ရင် နောက်မဆုတ်တတ်တဲ့ လူစားမျိုး၊ဒါကြောင့်မို့လည်း ခင်မတို့သားအမိတွေကို ရဲရဲဝံ့ဝံ့ သူ့အိမ်ပေါ် ခေါ်တင်ခဲ့တာ။ ကျေးဇူးရှိပါတယ်။ အခုတော့ အဲဒီ



ဒါပေမဲ့
သက်ဆိုင်ရာက
သနားလို့ထင်ပါရဲ့။
မျက်လုံးနေရာမှာ
မျဉ်းမည်းလိုင်းကြီးကြီး
ဆွဲပေးထားတယ်။
ဒါကြောင့်
လူကြီးမင်းတွေကို
ကျေးဇူးတင်ရ
သေးပေါ့လေ။
ကျန်းမာချမ်းသာ
ကြပါစေ။
ခင်မဆုတောင်းရတယ်။
အဲဒီဂျာနယ်
အမေတို့ဆီ
ရောက်မသွားပါစေနဲ့
လို့ပါ. . . .

ကျေးဇူးရှင်ကြီး မရှိရှာတော့ဘူး။

ခင်မတို့အိမ်ကြီးရခိုင်ပေါ်က ဆင်းရဖို့ အကြောင်းဖန်လာတယ်။ ဦးအေးချိုရဲ့ သားသမီးတွေပေါ့။ ဒီအိမ်ကြီးကို ပိုင်တာ (အမည်ပေါက်)က သူတို့အမေပါ။ နောက်ပြီး သူတို့အဖေနဲ့ ခင်မတို့အမေရဲ့ လက်ထပ်စာချုပ်ပြပါဆိုပြီး ဘာညာနဲ့ မဖြစ်ညစ်ကျယ်ငွေလေးပေးလို့ အိမ်ကြီးပေါ်က မောင်းချကြတော့ ဒုံရင်း ဒုံရင်းဘဝကို ဒုတ်ဒုတ်ထိ ရပြန်တာပေါ့။

ခင်မအမေကတော့ သူတို့ကို ပြန်ခံပက်ပါသေးတယ်။ "ဟဲ့ . . . တို့က လက်ထပ်စာချုပ် မချုပ်ပေမဲ့ ပုဆိုးတန်းတင်ပြီး အကြင်လင်မယားဖြစ်တာ၊ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်သိတယ်" ဆိုပြီးပေါ့။ ဒါပေမဲ့ မျက်နှာမဲ့တွေနဲ့ သူတို့လို ငွေရှင်ကြေးရှင်တွေ ယှဉ်ကြရင် ဘယ်သူနိုင်မလဲဆိုတဲ့ အဖြေကို အမေ သဘောပေါက်ပုံရပါတယ်။ ခံပက်ရုံသာ ခံပက်ပြီး ရသလောက်လေး ယူဆင်းလာခဲ့ကြတာပါပဲ။

ခင်မက သေစာ၊ ရှင်စာ လောက်ပဲ ရေးတတ်ဖတ်တတ်တာ၊ ကျောင်းတွေ ဘာတွေလည်း ဟုတ်တိပတ်တိ နေခဲ့ရတာမဟုတ်တော့ အမေ့လိုပဲ ပျိုးနုတ်၊ ပဲကောက်ပေါ့။ မိသားစု စားလောက်ရုံထက် တော့ မပိုပါဘူး။ အမေက သူ့ရဲ့ ဆယ်လစာဦးအေးချိုနဲ့ ညအိပ်လို့ရတဲ့ ညကြေးလေးနဲ့ ခပ်သာသာ အိမ်ဈေးဆိုင်လေးတစ်ဆိုင် တည်လိုက်တော့ အသက်ရှူနည်းနည်း ချောင်သလို ရှိသွားရတယ်။

ခင်မကံကောင်းဖို့လား၊ ကံဆိုးဖို့လားမသိဘူး ဖြစ်လာတယ်။ အဲဒီအချိန်မှာ ခင်မက အပျိုပေါက်လေး ဖြစ်နေပြီ။ မန္တလေးမင်းတဲအိုကင်းရပ်က သူဌေးတွေက အိမ်ဖော်လိုချင်လို့ လုပ်မလားဆိုပြီး အရပ်ထဲအိမ်ဖော်ပွဲစားလုပ်တဲ့ ဒေါ်မြက အမေ့ကို လာစပ်တယ်။ မန္တလေးဆိုတော့ ခရီးက နည်းနည်းဝေးတယ် ပြောရမလားဘဲ။

ခင်မအမေကလည်း 'ဇ' နဲ့ ပါးမှာ မျက်ရည်ခံမဲ့များ ပါနေရော့လားမသိဘူး။ သုံးမုဆိုးမဘဝကို ရောက်နေပြီ။ ဒေါ်မြလာစပ်တဲ့နေ့က အမေ့ရဲ့တတိယအိမ်ထောင် ဦးအောင်ကြီး ရက်လည်တဲ့နေ့ပဲ။ ဦးအောင်ကြီးက အဝေးပြေးကုန်ကား မောင်းတယ်။ ကားချောက်ထဲကျလို့ သေရတာ။ ကိုယ့်ပယောဂနဲ့ ကိုယ်သေတာဆိုတော့ ဘာလျော်ကြေးမှ မရလိုက်ဘူး။ လူက အရက်သမား၊ ဖဲသမား။ ပြောရရင် ဦးအေးချိုလောက် ခင်မတို့မိသားစုအပေါ် မကောင်းဘူး။

ခင်မတို့ အိမ်ဆိုင်လေးလည်း မရှိတော့ဘူး။ ဟော . . . အခုဆို ဦးအောင်ကြီးလည်း မရှိတော့ဘူး။ အမေကတော့ ပြောတယ်။ စားပြီးသောက်ပြီး စရိတ်ငြိမ်း တစ်လသုံးသောင်းရရင် မဆိုးဘူးတဲ့။ ဒါပေမဲ့ သမီးသဘောပါတဲ့။ အမေကတော့ အရင်အလုပ်ပဲ ပြန်လုပ်ပြီး အငယ်နှစ်ကောင်ကို ပညာတတ်ကြီးတွေဖြစ်အောင် လုပ်မတဲ့။ အငယ်နှစ်ကောင်က ကျောင်းတက်နေကြပြီလေ။

ခင်မဆုံးဖြတ်လိုက်ပါတယ်။ တစ်လသုံးသောင်းဆိုတဲ့ ငွေဟာ ခင်မတို့အဖို့ နည်းမှတ်လို့။ ဒီတော့ ဒေါ်မြနဲ့ လိုက်သွားဖို့ သဘောတူလိုက်ပါတယ်။ ထွက်တော်မူတဲ့နန်းက ခွာလာတဲ့နေ့က အမေရယ် မျက်ရည်လေးစမ်းစမ်း စမ်းစမ်းနဲ့ပေါ့။ ခင်မကလည်း ဘာထူးမှာတုံး။ မျက်ရည်လည်ရွဲနဲ့။ ဒီအမေ ဒီသမီး တစ်ခါမှ ခွဲဖူးတာမှ မဟုတ်တာ။

ခင်မ အဲဒီမင်းတဲအိုကင်းရပ်က သူဌေးအိမ်မှာပဲ အလုပ်လုပ်လို့ နှစ်အနည်းငယ်ကြာတော့ လင်တစ်ယောက်ကို အလကားနီးနီးရလိုက်တယ်။ ဘယ်သူရှိမလဲ။ ဟိုအကောင်ပေါ့။ အိမ်ရှင်ရဲ့သားလေ။ သူတို့ပေးထားတဲ့ လခသုံးသောင်းမှာ အဝတ်လျှော်၊ မီးပူတိုက်၊ ချက်ပြုတ်၊ သန့်ရှင်းရေးလုပ်အပြင် အဆစ်အနေနဲ့ ကိုယ်လက်နှိုးနှောဖို့ပါပါတယ်ထင်နေလား မသိဘူး။

ခင်မနဲ့ သူဌေးသား၊ သူတို့ဘယ်သဘောတူမလဲ။ ဒါပေမဲ့ သူတို့သားက ခင်မမှ ခင်မဖြစ်နေတာဆိုတော့ ရန်ကုန်မှာရှိတဲ့ သူတို့အမျိုးတွေဆီ နှစ်ယောက်စလုံးကို ပို့လိုက်တယ်။ သိပ်တော့ မကျေနပ်ကြဘူးပေါ့။ ဒီလိုနဲ့ ခင်မလင် တစ်ယောက် စရဖူးတယ်။

ခင်မအမျိုးသားနာမည်က ကိုမျိုးဇော်၊ ခင်မထက် ဆယ်နှစ်နီးပါး ကြီးတယ်။ ခင်မက အသက်ဆယ့်ခုနစ်နှစ်မှာ အကြောင်းပါရတာလည်း သိတဲ့အတိုင်း တောသူတောင်သား မလည်မဝယ်ဆိုတော့ အဲဒီအရွယ်အထိ ရည်းစားသနာကလည်း မရှိခဲ့ဖူးလေတော့ ကိုမျိုးဇော်ဘာလုပ်လို့ ဘာလုပ်မှန်းကို မသိလိုက်ဘဲနဲ့ သူ့မယား ဖြစ်ရတော့တာပါပဲ။ တော်သေးတယ်။ ကိုမျိုးဇော်က အတည်တကျ ပေါင်းသင်းပေလို့သာ၊ နို့မို့မတွေးရဲဘူး။

ခင်မအမေ အဲဒီသတင်းကြားတော့ ဝမ်းနည်းဝမ်းသာပေါ့။ အမေကလည်း ဆိုခဲ့သလို မခေဘူးဆိုတဲ့ အစားထဲကဆိုတော့ ခင်မအိမ်ထောင်သက် တစ်နှစ်ပြည့်တဲ့ အချိန်မှာ သုံးပင်လဲလေးပင်မြောက်အဖြစ် စတုတ္ထအိမ်ထောင်ကို ထူထောင်လိုက်ပြန်တယ်။ နာမည်က ဦးလှမောင်၊ စပါးပွဲစားအလုပ်လုပ်တယ်

ဆိုတာလောက်ပဲ အမေ့အပြောအရ သိရတယ်။

ခင်မအိမ်ထောင်ပျက်ရပြီ။ နဂိုကတည်းက သူဌေးသား၊ ဘွဲ့ရပညာတတ်ဖြစ်ပေမဲ့ လက်ကြောသိပ်မတင်းချင်ဘူး။ အစပိုင်းမတော့ ပါလာတဲ့ငွေလေးနဲ့ တောင်လုပ်၊ မြောက်လုပ် ဟုတ်သလိုလို ရှိနေသေးတာ၊ နောက်ပိုင်း ထိုင်စားသလိုဖြစ်လာ၊ ဒီကြားထဲ အရက်ကစွဲ၊ အပျက်ကတွဲတဲ့အပြင် တစ်နှစ်ဆိုတဲ့ အတိုင်းအတာ အတောအတွင်းမှာ ခင်မကိုလည်း စိတ်ကုန်သွားတယ်နဲ့ တူပါရဲ့။ အိမ်ဖော်ကောင်မ၊ တောသူမ၊ ဘာညာဆိုပြီး နှိမ်လာပါတော့တယ်။


ခင်မလည်း အစပိုင်းတော့ သည်းခံပါသေးတယ်။ ကိုယ်က အငယ် မဟုတ်လား။ နောက်ပြီး မိန်းကလေးကလည်း မိန်းကလေးဆိုတော့လေ။ နောက်ပိုင်း မူးရူးလာပြီး ပါးစပ်နဲ့တင်မဟုတ်တော့ဘဲ ကိုယ်ထိလက်ရောက်တွေပါ ဖြစ်လာတယ်။ ဘယ်လိုမှ သည်းမခံနိုင်တော့တဲ့အဆုံးမှာ တစ်ခုလပ်ဘဝကို ကျေကျေနပ်နပ်ပဲ ခံယူလိုက်တယ်။

ခင်မရွာပြန်မယ် စိတ်ကူးသေးတာ။ ဒါပေမဲ့ မပြန်ဖြစ်ဘူး။ ကိုယ်ကလည်း အရွယ်ကရောက်နေပြီ။ ဟိုမှာကလည်း ပထွေးနဲ့၊ နောက်ပြီး အိမ်ထောင်ကွဲတယ်ဆိုတာကို လောလောဆယ် အမေ မသိစေချင်သေးဘူး။ နောက်မှ နောက်ရောက်ရာပဲ။

ခင်မနဲ့ ကိုမျိုးဇော် ပေါင်းသင်းနေစဉ်တုန်းက ဘေးခန်းမှာနေပြီး မြို့ထဲမှာ ပြူတီပါလာဖွင့်ထားတဲ့ အမျိုးသမီးကြီးတစ်ယောက် ရှိတယ်။ မအေမီတဲ့။ သူ့အဆက်အသွယ်နဲ့ အလှပြင်ခန်းဇန်းပြပြီး အနှိပ်ခန်းတစ်ခုမှာ အလုပ်ရတယ်။ ရောက်စတုန်းကတော့ မအူမလည်၊ နောက် ဒီလိုပါလားဆိုတာ သိလာရတယ်။

ခင်မတွေ့လိုက်ရတဲ့ သူတွေက ကူညီပါရစေဆိုတာချည်းပဲ။ မျက်နှာတွေကြည့်လိုက်တော့လည်း အဆီပြန်၊ ရမ္မက်ခိုးဝေနေတဲ့ မျက်နှာတွေချည်းပဲ။ တူနေလိုက်ကြတာ များရှင်။ ဟိုလိုနေရာမှာလည်း တူကြတာပါပဲလေ။ ဒီရောက်မှ ငွေစကြေးစမြိုးမြိုးမြက်မြက်လေး တွေ့ရတယ်ဆိုတော့ ဒီအလုပ်အပေါ် တပ်

သူဌေးသား၊
ဘွဲ့ရပညာတတ်ဖြစ်ပေမဲ့
လက်ကြောသိပ်မတင်းချင်ဘူး။
အစပိုင်းမတော့ ပါလာတဲ့ငွေလေးနဲ့
တောင်လုပ်၊ မြောက်လုပ်
ဟုတ်သလိုလို ရှိနေသေးတာ၊
နောက်ပိုင်း ထိုင်စားသလို
ဖြစ်လာ၊ ဒီကြားထဲ
အရက်ကစွဲ၊ အပျက်ကတွဲ . .



မက်လာမိတယ်။ အလုပ်ရှင်က ပေးတာ တစ်နာရီ တစ်ဆက်ရှင်မှ ခြောက်ရာရယ် (တကယ်ယူတာက တစ်ဆက်ရှင်ကိုသုံးထောင်)၊ ဖောက်သည်တွေ ပေးသွားတဲ့ မုန့်ဖိုးက ထောင်ဂဏန်း၊ တချို့လည်း သိပ်ကျေနပ်သွားရင် သောင်းဂဏန်း၊ ဒါပေမဲ့ အန္တရာယ် အနည်းနဲ့ အများတော့ ရှိတာပေါ့လေ။ နောက်ဆုံးတော့ တစ်တက်စားလည်း ကြက်သွန်ပါပဲ။

ခင်မသည် ကူညီပါရစေဆိုတဲ့ အထဲက အပြောနဲ့ အဟောအညီဆုံး လူတစ်ယောက်ကို ဒုတိယလင်အဖြစ် ရွေးချယ်လိုက်တယ်။ စီးပွားရေးသမားတစ်ယောက်ပါ။ ကိုမင်းနိုင်တဲ့၊ ငွေကြေးမချို့ချာဘူး။ ကားဝယ်ရောင်းလုပ်တယ်။ လူရည်လည်တယ်။ သဘောကောင်းတယ်။ သူ့အကြောင်း ခင်မ ဒီလောက်ပဲသိတယ်။

ခင်မကို သူက တရားဝင်လား၊ တရားမဝင်လားတော့ မသိဘူး။ တိုက်ခန်းတစ်ခန်း ငှားပေးပြီး လာချင်တဲ့အခါ လာတယ်။ မလာချင်တဲ့အခါ မလာဘူး။ ဒါပေမဲ့ လာတာများပါတယ်။

ခင်မလည်း ဒီလောက်ကတော့ စာတတ်လာပြီပေါ့။ ဒါက ဘာသဘောလဲဆိုတာ၊ သူ့ဘာသာသူ လာချင်လာ၊ မလာချင်နေ၊ ဒုတိယဘုရားသခင် အချိန်မှန်မှန်နဲ့ ကြွမြန်းလာဖို့ပဲ လိုသည်ပေါ့ရှင်။ မလာရင်လည်း လာအောင်လုပ်တဲ့နည်းက ရှိပ။ ဘယ်တစ်နည်းကလိမ့်မတုံး။ နည်းပေါင်းစုံ၊ နည်းပေါင်းစုံလေ . . . ဟင်း . . ဟင်း. . ဟင်း။

ခင်မ သူနဲ့ညားပြီး ဘာကြာလိုက်လို့လဲ။ လိုင်စင်မဲ့ကားကိစ္စတွေကြောင့် သူအဖမ်းခံလိုက်ရတယ်။ မီးခိုးကြွက်လျှောက်ဆိုသလို ခင်မ တောင် ကံကောင်းလို့ သူ့အမှုတွဲထဲ မပါတာ၊ အစစ်အဆေးတော့ ခံလိုက်ရသေးတာပေါ့။ နောက်ဆုံး သူ့အမှုတွေက ခိုင်လုံနေတော့ ထောင်နှစ်ကြီး ကျသွားရှာတယ်။

ခင်မ ဘောစိနဲ့ညားတယ်ဆိုပြီး အလုပ်လုပ်နေတဲ့ ဆိုင်ကနေ ခြေစုံကန်ထွက်လိုက်တာ (ကိုမင်းနိုင်ထွက်ခိုင်းတာရောပေါ့) အခုတော့

ခွေးလုံးလုံးဖြစ်ပြီ။ ခွေးဖြစ်ခံမယ့် အတူတူ မျက်ကန်းတစ္ဆေမကြောက် တတ်တဲ့ စိတ်ဝိညာဉ်မျိုး ပူးကပ်ပစ် လိုက်တာပဲ ကောင်းမယ်။

ခင်မရဲ့ လုပ်ဖော်ကိုင်ဖက် ဟောင်းတစ်ယောက်အိမ်မှာ ခဏ ကပ်နေရတယ်။ ဘာလိုလိုနဲ့ ရွာကို မပြန်ဖြစ်တာ သုံးနှစ်သုံးမိုး၊ ပိုက်ဆံ က အဆင်ပြေ ပြေသလို ပို့ပေးနေရ တယ်ဆိုတော့ အမေနဲ့က အဆက် အသွယ် မပြတ်ပါဘူး။ ခုဆို အမေ့ ကို နောက်ဆုံးအဖြစ် အပျက်အထိ အစီရင်ခံတင်ပြပြီးပြီ။ အမေလည်း ဘာမှမတတ်နိုင်ဘူး။ ဖြစ်သမျှအ ကြောင်း အကောင်းချည်းပဲသမီး။ ရွာကို ပြန်လာချင် ပြန်လာပေါ့တဲ့။



ခင်မ ဒီလိုအခြေအနေမျိုးနဲ့ ရွာကို ဘယ်ပြန်ချင်မှာတုံးလေ။ မျက်နှာပန်းမှ မလှတာ။ ခုဆို အလုပ်မရှိလို့ ဟိုကဒီက ဆွဲသုံးနေရ တာ အကြွေးနာခေါင်းမြုပ်နေပြီ။ ပေါင်စရာ ရောင်းစရာကလည်း နတ္ထိ။ ခင်မရဲ့အဖြစ်ကို မကြည့်ရက် လို့ဆိုပြီး အတူနေတဲ့သူငယ်ချင်းက သူငယ်ချင်းကောင်းပီသစွာ အလုပ် တစ်ခု၊ နောက်ပိုင်းတစ်ခုထက်ပိုတဲ့ အလုပ်တွေကို လက်ခံစေလိုက် တယ်။ လူတွင်ပါမှတော့ နွားကို ကျားကိုက်တာ မဆန်းပါဘူး။

ခင်မအလုပ်ကလား၊ ပုရိသ တစ်ဦးတစ်ယောက်ချင်းစီကို အ ဆင်ပြေပြေတဲ့ရက်မျိုးမှာ သီးသန့် ဧည့်ခံရတာပါ။ သူတို့တစ်တွေ နောက်ဆုံး အိပ်ပျော်သွားတဲ့အထိ ပုံပြောတန်ပြော၊ ချော့သိပ်တန် သိပ် ပေါ့။ ရလာတဲ့ ဝင်ငွေကတော့ မဆိုး ပါဘူး။

ခင်မကို ဒီအလုပ် မလုပ်ပါနဲ့ တော့ဆိုပြီး ပြောလာတဲ့သူတစ် ယောက်ရှိလာရဲ့။ သူကလည်း ရံဖန် ရံခါ ခင်မချော့သိပ်ရတဲ့သူတွေ ထဲ က တစ်ယောက်ပေါ့။ သူက ခင်မ ထက် အသက်အပုံကြီး ကြီးတယ်။ လူချမ်းသာအိမ်ထောင်ရှင် တစ် ယောက်ပါပဲ။ သူ့မိန်းမက မိန်းမ ရောဂါနဲ့ အိပ်ရာထဲလဲနေတာကြာပြီ။ နောက်အိမ်ထောင် ပြုချင်ပြုပါလို့ တောင် ဖွင့်ပြောထားသတဲ့။

ခင်မကို အဲဒီဦးဝေမောင်က ပြောတယ်။ ပြောတာမှ အကုန်လုံး ပွင့်ပွင့်လင်းလင်းကို ပြောတာ။ တိုက်တစ်လုံး၊ ကားတစ်စီး ဝယ်ပေး ပါ့မယ်။ ဒီအလုပ်ကို ဆက်မလုပ်ပါ နဲ့တော့တဲ့။ မယုံရင် တရားရုံးမှာ တရားဝင်လက်ထပ်စာချုပ် ချုပ်ပြီး ပေါင်းသင်းမှာပါတဲ့။ တိုက်ခန်းနဲ့ ကားကိုလည်း ခင်မစိတ်တိုင်းကျ ရှာပါဆိုပြီး ငွေတချို့ကို စရန်အဖြစ် လက်ထဲထည့်ပေးတယ်။ သူ့ရဲ့ အ ပြောအဆို တည်ကြည်ပုံကိုကြည့် ပြီး တရားရုံးတစ်ရုံးမှာ လက်ထပ် လိုက်ကြတယ်။ သူပြောတဲ့ တိုက်နဲ့ ကားဝယ်မပေးခဲ့ရင်လည်း ဘာအ ရေးလဲ။ လက်ထဲမှာ လက်ထပ် စာချုပ်နှစ်စောင်စလုံး ကိုင်ထားမှ ဟာကို။ ဘဝကပေးတဲ့ သင်ခန်းစာ တွေလေ. . . သင်ခန်းစာတွေ။

ခင်မအဆက်အသွယ်နဲ့ ကား ဝယ်ဖို့၊ တိုက်ခန်းဝယ်ဖို့ ရှာရတာ ပေါ့။ ဒီမှာတင် ကံဆိုးဖို့ ဖြစ်လာရ တယ်။ မန္တလေးက ဆင်းလာတဲ့ ဖောက်သည်ဟောင်းတစ်ယောက် ကို ကားပွဲစားတန်းမှာ မထင်မှတ်ဘဲ ဆုံလိုက်တော့ သူက ဒီနေ့ည သူ့ကို ချော့သိပ်ပါတဲ့။

ခင်မ အတန်တန်ငြင်းတယ် မရဘူး၊ မရဘူးဆို တစ်ချိန်တုန်းက သူ့အကူအညီ တော်တော်များများ ခင်မ ရယူထားဖူးတယ်။ ရှင်းရှင်း ပြောရရင် သူ့အကြွေးတောင် ဆပ် ဖို့ ကျန်သေးတယ်။ ကဲ . . . အဲဒီ တော့ မထူးဘူး။ သူ့ကို နားလည် အောင် ပြောရတယ်။ ဒါ နောက်ဆုံး ပါပေါ့။ အားနာတာလေ . . . အား နာမိတာ။

ခင်မတို့တည်းတဲ့ တည်းခိုခန်း ကို ညသန်းခေါင်လောက်လည်း ကျ ရော ရှောင်တခင်စစ်ဆေးရေး ဝင် တယ်။ အဲဒီဖောက်သည် မန္တလေး သားက အိမ်ထောင်ရှင်ဆိုတော့ ကြောက်လန့်ပြီး အမှန်အတိုင်း ထွက်ဆိုလိုက်တယ်။ ခင်မဘဝ သွား ပြီပေါ့။ နောက်ပြီး ဒီတည်းခိုခန်းက လည်း အရင်ကတည်းက ကျော်ဇော ပြီးသားလေ၊ ဒီတော့ သွားရမယ့် လမ်းက ရှင်းပါတယ်။

ခင်မသူငယ်ချင်းကို ခင်မ ပိုင် ဆိုင်သမျှလေးတွေ ထုခွဲပြီး အမှုပေါ့ လို ပေါ့ပြား လုပ်နိုင်းကြည့်သေး တယ်။ မိတဲ့သူတွေကလည်း အများ ကြီး။ စီမံချက်ကလည်း စီမံချက် ဆိုတော့ မလွယ်ဘူး။ ရှိတာလေး ကုန်သွားတာသာ အဖတ်တင်တယ်။ ဂျာနယ်မှာဆို ဓာတ်ပုံတွေနဲ့ကိုပါ လာတာ။ ဒါပေမဲ့ သက်ဆိုင်ရာက သနားလို့ ထင်ပါရဲ့။ မျက်လုံးနေရာ မှာ မျဉ်းမည်းလိုင်းကြီးကြီး ဆွဲပေး ထားတယ်။ ဒါကြောင့် လူကြီးမင်း တွေကို ကျေးဇူးတင်ရသေးပေါ့လေ။ ကျန်းမာချမ်းသာကြပါစေ။

ခင်မ ဆုတောင်းရတယ်။ အဲဒီ ဂျာနယ်အမေတို့ဆီ ရောက်မသွား ပါစေနဲ့လို့ပါ။ မျက်စိမလျှင်ရင် မှတ် မိချင်မှ မှတ်မိမှာဖြစ်ပေမဲ့ လိပ်စာနဲ့ နာမည်က ရှိသေးတယ် မဟုတ် လား။ လုပ်စားတာကတော့ တခြား နာမည်နဲ့ပါ။ ဒါပေမဲ့ မှတ်ပုံတင် အစစ်ပါ မိသွားတာလေ။

ခင်မ နောက်တစ်ခု ဆုတောင်း ရသေးတယ်။ ဒီသတင်းကို ဟိုလူကြီး ဦးဝေမောင် မသိ၊ မမြင်၊ မကြား ပါစေနဲ့လို့ပါ။ အကယ်၍များ သိ သွား၊ မြင်သွား၊ ကြားသွားခဲ့ရင် လည်း ခင်မကို ကတိဖျက်သူ၊ ကတိ မတည်သူတစ်ယောက်အဖြစ် ခွင့် မလွှတ်ပါစေနဲ့လို့ပါပဲ။

**မြတ်ကိုကို (ရတ္တ)**





# အကျင့်ပျက်ခြစားမှုကြောင့် တရားရင်ဆိုင် နေရသူ တော်ဝင်မင်းသမီး အင်ဖန်တာခရစ္စတီးနား

**သိမ့်နှင်းအိမ်**

ဒီမိုကရေစီခေတ်ကာလမှာ သက်ဦးဆံပိုင်ဘုရင်စနစ်ကို လက်ခံကျင့်သုံးတဲ့ နိုင်ငံတွေနည်းပါးလာပေမဲ့ ဥရောပနိုင်ငံအများအပြားနဲ့ အာရှနိုင်ငံအချို့မှာ ဘုရင်စနစ်ကို လက်ခံကျင့်သုံးဆဲပါပဲ။ ယခုတစ်ပတ်မှာ ရတီပရိသတ်ကြီးကို စပိန်မင်းသမီး အင်ဖန်တာမာရီယာခရစ္စတီးနားနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ သူက လူမှုရေးလုပ်ငန်းတွေ အားတက်သရောလုပ်ကိုင်တဲ့နေရာမှာ နာမည်ကြီးသလို ၂၀၁၃ ခုနှစ်အတွင်းမှာ အကျင့်ပျက်ခြစားတယ်ဆိုတဲ့ သတင်းတွေထွက်လာတာကြောင့် နာမည်ပျက်နဲ့လည်း ရင်ဆိုင်နေရသူပါ။ သူမဟာ စပိန်ဘုရင် Juan Carlos ရဲ့ အငယ်ဆုံးသမီးတော်ဖြစ်ပြီး ထီးနန်းအမွေဆက်ခံဖို့ သတ္တမမြောက် လျာထားခံရသူတစ်ဦးလည်း ဖြစ်ပါတယ်။

ခရစ္စတီးနားကို ၁၉၆၅ ခုနှစ်၊ ဇွန် ၁၃ ရက်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့မှာ မွေးဖွားခဲ့ပြီး Palacio de la Zarzuela ဘုရားရှိခိုးကျောင်းမှာ ခရစ်ယာန်ဘာသာဝင်အဖြစ် ခံယူခဲ့ပါတယ်။ သူ့ရဲ့ခေါင်းကိုင်ဖခင်အဖြစ် အန်ဂျိုမြို့စားအယ်(လ်) ဖိုနိုက ဆောင်ရွက်ပေးခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာ မက်ဒရစ်မြို့ရှိ Universidad





Complutense တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့ကာ ၁၉၉၁ ခုနှစ်တွင် နယူးယောက်တက္ကသိုလ်မှာ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ကို ဆက်လက်ဆည်းပူးခဲ့ပြီး မာစတာဘွဲ့ ရရှိခဲ့ပါတယ်။ ထို့နောက် ပဲရစ်မြို့ရှိ UNESCO ရုံးချုပ်မှာ အတွေ့အကြုံရစေဖို့ အလုပ်ဝင်ခဲ့ပါတယ်။ ခရစ္စတီးနားဟာ ဘာသာစကားကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး စပိန်၊ ကတ်တလန်၊ အင်္ဂလိပ်နဲ့ ဂရိစကားကို ရေရေလည်လည် ပြောနိုင်ပါတယ်။

၁၉၉၇ ခုနှစ်၊ အောက်တိုဘာမှာ Inaki Urdangarin နဲ့ လက်ထပ်ထိမ်းမြားခဲ့ပြီး ဖခင်ဖြစ်သူက သူမရဲ့ခင်ပွန်းဖြစ်သူကို Palmade Mallorca မြို့စားဘွဲ့ပေးခဲ့ပြီး သူမကို Palmade Mallorca မြို့စားကတော်ဖြစ်စေခဲ့ပါတယ်။ သူတို့ဇနီးမောင်နှံမှာ သားသမီးလေးဦးထွန်းကားပြီး လေးဦးလုံးကို ဘာစီလိုနာမှာ မွေးဖွားခဲ့ပါတယ်။

တော်ဝင်မင်းသမီး ခရစ္စတီးနားဟာ စကိတ်စီးခြင်းအပါအဝင် အားကစားနည်းတွေကို လေ့လာလိုက်စားရတာ ခုံမင်နှစ်သက်ပါတယ်။ နိုင်ငံအတွင်းနဲ့ နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာ ပါဝင်ဆင်နွှဲလေ့ရှိပြီး ၁၉၈၈ ခုနှစ်က ကျင်းပတဲ့ ဆိုးလ်အားကစားပွဲတော်မှာ စပိန်အိုလံပစ်ရွက်လွှင့်အသင်းရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပါတယ်။

၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ခင်ပွန်းဖြစ်သူအလုပ်လုပ်ကိုင်ရာ ဝါရှင်တန်ဒီစီတွင် ပြောင်းလဲအခြေချခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှာ ခရစ္စတီးနားနဲ့ သားသမီးလေးဦးက Caixa ဖောင်ဒေးရှင်းနဲ့ လက်တွဲလုပ်ကိုင်ဖို့ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့ကို ပြောင်းရွှေ့ခဲ့ပါတယ်။ ဒီကာလမှာ ခရစ္စတီးနားနဲ့ ခင်ပွန်းသည်က အကျင့်ပျက်ခြစားကြောင်း နာမည်ဆိုးထွက်လျက်ရှိပြီး စုံစမ်းစစ်ဆေးမှုတွေ ခံယူဖို့ ခင်ပွန်းသည်က ဘာစီလိုနာမှာ နေခဲ့ရပါတယ်။

တကယ်တော့ သူမဟာ စပိန်နိုင်ငံအပါအဝင် အထူးသဖြင့် ဥရောပနိုင်ငံတွေနဲ့ လက်တင်အမေရိကနိုင်ငံတွေမှာ အဖွဲ့အစည်း၊ အမျိုးသားယဉ်ကျေးမှု၊ ပညာရေးနဲ့ လူမှုဖူလုံရေးလုပ်ငန်းတွေမှာ အားတက်သရော ဆောင်ရွက်ခဲ့သူတစ်ဦးပါပဲ။ UNESCO ဆိုင်ရာ စပိန်နိုင်ငံ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရပြီးနောက်ပိုင်း နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ချိတ်ဆက်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အနုပညာအမွေအနှစ် ထိန်းသိမ်းရေးနဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် စီမံကိန်း အများအပြား ဆောင်ရွက်ခဲ့ဖူးပါတယ်။ ၂၀၀၁ ခုနှစ်အောက်တိုဘာလမှာ ကုလသမဂ္ဂရဲ့ Good will သံတမန်အဖြစ်လည်း ခန့်အပ်ခံခဲ့ရပါတယ်။

ဒါ့အပြင် ခရစ္စတီးနားက လူမှုဖူလုံရေးလုပ်ငန်းတွေကို ထောက်ပံ့ပေးခဲ့ပြီး မသန်စွမ်းသူများရွက်လွှင့်အသင်းတစ်ခု တည်ထောင်ပေးခဲ့တဲ့အပြင် နိုင်ငံတကာ မသန်စွမ်းသူများရွက်လွှင့်အသင်းရဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။



လူမှုရေးလုပ်ငန်းတွေမှာ တက်ကြွသူဖြစ်ပေမဲ့ အဂတိလိုက်စားမှုသတင်းတွေကြောင့် လူထုကို ဒေါသအမျက်ထွက်စေခဲ့တဲ့ မင်းသမီးခရစ္စတီးနားက ဖေဖော်ဝါရီ ၈ ရက် တရားရုံးမှာ လာရောက်စစ်ဆေးမှုခံယူခဲ့ပြီး သက်သေထွက်ဆိုခဲ့ရပါတယ်။ ခင်ပွန်းဖြစ်သူ Urdangarin က ၎င်းတို့ဦးစီးလုပ်ကိုင်နေတဲ့ အများအကျိုးပြုလုပ်ငန်း Noos Institute မှ ပြည်သူ့ရန်ပုံငွေ ယူရိုခြောက်သန်းအား အလွဲသုံးစားလုပ်မှုကြောင့် တရားရင်ဆိုင်နေရပြီး ခရစ္စတီးနားလည်း အခွန်ငွေအလွဲသုံးစားလုပ်မှု ငွေမည်းအား ငွေဖြူအဖြစ် ပြောင်းလဲမှုစတဲ့ စွဲချက်များနဲ့ ရင်ဆိုင်နေရပါတယ်။

တော်ဝင်မိသားစုဝင်တစ်ဦးက တရားရုံးတော်ကို ဆင့်ခေါ်ခံရတာဟာ အာဏာရှင်ဖရန်စစ္







ကိုထံမှ အာဏာပြန်လည်သိမ်းယူပြီး ၁၉၇၅ ခုနှစ်နောက်ပိုင်း ပထမဆုံးဖြစ်ရပ်တစ်ခုပါ။ အသက် ၄၈ နှစ်အရွယ် မင်းသမီးဟာ Palmade Mallorca မြို့ရှိ ရုံးတော်သို့ နံနက် ၁၀ နာရီမတိုင်ခင် လာရောက်စစ်ဆေးမှုခံယူခဲ့ပြီး တရားသူကြီးများရဲ့ မေးခွန်းပေါင်းများစွာကို ဖြေဆိုခဲ့ရပါတယ်။

၂၀၀၈ ခုနှစ် အိမ်ခြံမြေဈေးကွက် မပြိုလဲခင်မှာ Urdangarin က တော်ဝင်မိသားစုဝင်တစ်ယောက် ဖြစ်နေခြင်းကို အသုံးချပြီး Balearic အစိုးရထံကနေ အားကစားနဲ့ ဈေးကွက်ရှာဖွေရေး လှုပ်ရှားမှုတွေ ဆောင်ရွက်ဖို့ လေလံပြိုင်မယူဘဲ စာချုပ်ချုပ်ဆိုနိုင်ခဲ့တယ်လို့ စွပ်စွဲခံထားရပါတယ်။

ဖေဖော်ဝါရီ ၇ ရက် ညပိုင်းတွင် အစိုးရဝန်ထမ်းပေါင်းများစွာက တရားရုံးအနီးမှာ ဆန္ဒပြခဲ့ကြပြီး ခရစ္စတီးနား ကြားနာစစ်ဆေးရာသို့ သတင်းထောက် လေးရာနီးပါး လာရောက်ခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင် ၂၀၀ ခန့် ချထားရပါတယ်။

၂၀၁၂ ခုနှစ် အစောပိုင်းကာလက စတင်ကာ ခင်ပွန်းသည် Inaki Urdangarin ကို ပြည်သူ့ ရန်ပုံငွေ ယူရို ၅ သန်းအား အလွဲသုံးစားလုပ်မှုနဲ့ စုံစမ်းစစ်ဆေးခံနေရလျက် ရှိပါတယ်။ စပိန်အစိုးရက ဒီအကျင့်ပျက်ချစားမှုမှာ ခရစ္စတီးနားကိုလည်း သံသယဝင်ခဲ့ကာ အခွန်အလွဲသုံးစားလုပ်မှု၊ ငွေမည်းကို ငွေဖြူအဖြစ် ပြောင်းလဲမှုတွေနဲ့ တရားစွဲဆိုခဲ့ပါတယ်။ ဘုရင့်သမီးတော်တစ်ဦးရဲ့ အကျင့်ပျက်ခြစားမှုသတင်းဟာ လူထုကို အုတ်အော်သောင်းတင်းဖြစ်စေခဲ့ပြီး မီဒီယာစာမျက်နှာပေါ်မှာ နေရာအပြည့်ယူခဲ့ပါတယ်။ သူဟာ ၂၀၁၄ ဖေဖော်ဝါရီ ၈ ရက်မှာ Majorca ရှိ တရားရုံးသို့ ပထမဆုံးအကြိမ် လာရောက်စစ်ဆေးမှု ခံယူခဲ့ပါတယ်။

နိုင်ငံကို ဦးဆောင်ဦးရွက်ပြုသူတစ်ဦးဟာ ကိုယ်ကျိုးထက် အများအကျိုးကို သယ်ပိုးရမှာ ဓမ္မတာပင်။ သို့ရာတွင် ဒီမင်းသမီးက လူမှုရေးလုပ်ငန်းတွေကို ဇန်းပြပြီး ကိုယ်ကျိုးတစ်ခုတည်းကြည့်မကြည့်ဆိုတာကိုတော့ တရားရုံးတော်ရဲ့ စစ်ဆေးဆုံးဖြတ်ချက်ကို စောင့်ကြည့်ရဦးမှာပါ။

**သိမ့်နှင်းဇော်**

Ref: Wiki, Express Lime





# MALE FICENT အသွင်နဲ့ ရင်ခုန်သံမြန်အောင်ပြုစားဦးမယ့် အင်ဂျလီနာဂျိုလီ

ရဲသစ်

Mistress of All Evil ဒါမှမဟုတ် Male Ficent လို့ အမိပ္ပာယ်ဖွင့်ဆိုနိုင်တဲ့ ဇာတ်ကောင်အသွင်သဏ္ဌာန်နဲ့ ၂၀၁၄ မှာ ရုပ်ရှင်ပရိသတ်တွေကို ဖမ်းစားဦးမယ့် ဟောလိဝုဒ်ညို့မင်းသမီးကတော့ တခြား မဟုတ်ပါဘူးတဲ့။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တစ်ဦးအနေနဲ့ ကမ္ဘာအနှံ့ ပရဟိတလုပ်ငန်းတွေ မမောမပန်းလှုပ်ရှားဆောင်ရွက်ပေးနေသူ မီဂါစတား မင်းသမီးချော အင်ဂျလီနာဂျိုလီ ဖြစ်တယ်ဆိုတာကို Total က သတင်းကောင်းပါးလာတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလဆန်းပိုင်း



လေးကမှ ဒုက္ခအတိ ရောက်နေတဲ့ ဆီးရီးယားဒုက္ခသည်ကလေးငယ်တွေကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့သလို လိုအပ်တဲ့ဆေးဝါး ရိက္ခာတွေ တတ်စွမ်းသရွေ့ ကူညီလှူဒါန်းခဲ့သူ ဂျိုလီရဲ့ ဇာတ်ကားသစ်ကိုမှ တသီးတသန့် ရင်ခုန်ချင်ကြသူတွေအတွက် ရောက်ရှိလာတဲ့ MaleFicent ကတော့ တကယ့်ကို ဂွတ်ရှယ်ဇာတ်ကားကောင်း တစ်ကားဖြစ်ဦးမှာ မလွဲဧကန် ပါလို့လည်း Total ကဖွပေးထားပါတယ်။



ဆာရာဂျေမိုရုပ်ရှင်ပွဲတော်ရဲ့ အကောင်းဆုံး ဇာတ်ကားဆုရရှိခဲ့တဲ့အထိ အနုပညာအစွမ်း ပြသနိုင်ခဲ့တာကြောင့် စွယ်စုံရသူဂျိုလီပါလို့ ပါပရာဇီတွေက ကောင်းချီးပေးနေရခြင်းပါပဲ Forbes မဂ္ဂဇင်းရဲ့ အဆိုအရ ၂၀၁၃ ဟောလိဝုဒ်ဈေး အမြင့်ဆုံးမင်းသမီးစာရင်းမှာ ဂျိုလီ ထိပ်ပိုင်းကပါဆဲ ဖြစ်တာကြောင့် ၄၀ ကျော်နေပေမဲ့လည်း ပျိုမျစ်လန်းဆန်းဆဲ

“

Tomb Raider ဇာတ်ကြောင်းမှာ မိန်းမလှလေးလာရာကရော့ဖ်အသွင်နဲ့ ကြမ်းရမ်းပြခဲ့သူ ဂျိုလီဟာ အိမ်ထောင့်တာဝန်တွေပိနေသလို သားသမီးတွေများလာပေမဲ့လည်း ရိုက်ကွင်းကိုတော့ မပျက်အောင် ကြိုးစားတဲ့ သူဟာ သရုပ်ဆောင်နယ်ပယ်မှာလည်း အောင်မြင်မှု သရဖူဆောင်းနေသလို ကင်မရာနောက်က ဒါရိုက်တာဘဝကို In the Land of Blood & Honey ဇာတ်ကားနဲ့ စတင်ခဲ့တော့လည်း ဆာရာဂျေမိုရုပ်ရှင်ပွဲတော်ရဲ့ အကောင်းဆုံး ဇာတ်ကားဆုရရှိခဲ့တဲ့ အထိ အနုပညာအစွမ်း ပြသနိုင်ခဲ့တာကြောင့် စွယ်စုံရသူဂျိုလီပါလို့ ပါပရာဇီတွေက ကောင်းချီးပေးနေရခြင်းပါပဲ။ Forbes မဂ္ဂဇင်းရဲ့ အဆိုအရ ၂၀၁၃ ဟောလိဝုဒ်ဈေးအမြင့်ဆုံးမင်းသမီးစာရင်းမှာ ဂျိုလီထိပ်ပိုင်းက ပါဆဲဖြစ်တာကြောင့် ၄၀ ကျော်နေပေမဲ့လည်း ပျိုမျစ်လန်းဆန်းဆဲ အန်ဂျလီနာပါလို့ တင်စားသူက တင်စားနေကြခြင်းပဲပေါ့။ ဒရာမာဇာတ်ကောင်တွေမှာ တည်တည်ငြိမ်ငြိမ် ပီပြင်နိုင်သလို လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်လမ်းတွေမှာ ရှည်ရှည်လျားလျား သဏ္ဌာန်တူခဲ့တာကြောင့် အော်စကာဆု ၁ ဆု၊ ရွှေကမ္ဘာလုံး ၃ ဆုနဲ့ အနုပညာ ထူးချွန်ဆု ၁၅ ဆု ရရှိထားခြင်းပဲ မဟုတ်ပါလား။ Mr. & Mrs Smith ဇာတ်ကားရိုက်ကူးရင်း သံယောဇဉ်တွယ်ငြိခဲ့သူမင်းသားချောတွေ ဘရက်ပစ်နဲ့ လိုက်ဖက်တဲ့ဘဝသစ်တစ်ခု တည်ဆောက်နိုင်ခဲ့သူ ညို့မင်းသမီးဂျိုလီဟာ တက်တူးထိုးရတာကို





ဝါသနာပါသူ တစ်ယောက်ဖြစ်ပြီး မွေးစားသားသမီးတွေ အားလုံးရဲ့ ဇာတိမြေနဲ့ ပတ်သက်တဲ့ ဆေးမင်ကြောင်ရုပ်တွေ ခန္ဓာကိုယ်နဲ့ လက်ပေါ်မှာ ရေးထိုးထားတာကတော့ အလန်းမင်းသမီးတွေထဲမှာ ထူးခြားချက်တစ်ရပ်လို့ ဆိုရ ဦးမှာပါပဲ။ ကမ္ဘောဒီးယားမြေကို ခင်တွယ်သူ ဂျိုလီဟာ သားကြီး မက်ဒေါ့စ်ကြိုက်တဲ့ လီပါပူး အသင်းကို အားပေးသူ တစ်ယောက်ဖြစ်ခဲ့ရသလို ဗြိတိန်အော်စကာဆုပေးပွဲ (BAFTA) မှာ အောင်ပွဲခံခဲ့တဲ့ နာမည်ကြီး Gravity ဇာတ်ကား စတားဆန်ဒရာဘူးလော့စ်နေရာမှာ သရုပ်ဆောင်ဖို့တွေ ဗွေဆော်ဦးကမ်းလှမ်းခြင်းခံခဲ့ရပေမဲ့ ငြင်းခဲ့တာကြောင့် ဆန်ဒရာနဲ့ ပြောင်းရိုက်ခဲ့ရတာကိုလည်း Total က သတင်းစုံပေးထားပါတယ်။ ဘရက်ပစ်နဲ့ လက်တွဲပြီး Mr & Mrs Smith 2 ဆက်ရိုက်ဖြစ်မယ်လို့ သတင်းတွေ ထွက်လာပေမဲ့ အကောင်အထည်မပေါ်လာသေးပဲ KungFu Panda 3 နဲ့ အခုလာတော့မယ့် မှော်ဇာတ်ကား Male Ficent ဆိုတာ ရိုက်ကူးဖြစ်ခဲ့တာလို့ သိရပါတယ်။

Male Ficent သည်းထိတ်ရင်ဖို ဇာတ်ကား

## FACTS

| | | |
|---|---|---|
| ဇာတ်ကား | ✡ | Male Ficent |
| အမျိုးအစား | ✡ | Thriller |
| အဆင့် | ✡ | R |
| ပြသချိန် | ✡ | ၁၀၀ မိနစ် |
| ဒါရိုက်တာ | ✡ | ရောဘတ်စထရွန်းဘတ် |
| သရုပ်ဆောင် | ✡ | ဂျိုလီ<br>အယ်လီဖင်းနင်း<br>ဆမ်ရှိုင်လီ |
| စတူဒီယို | ✡ | ဝေါ့ဒစ္စနေး |
| အမျိုးအစား | ✡ | 3 D |
| ကုန်ကျစရိတ် | ✡ | သန်း ၁၅၀ |
| မှီငြမ်းဇာတ်ကြမ်း | ✡ | Sleeping Beauty |
| ဖြန့်ချိ | ✡ | ဝေါ့ဒစ္စနေး |

ကတော့ ၁၉၆၀ ကာလက ပေါက်ခဲ့တဲ့ ဂန္တဝင်ဇာတ်လမ်း တစ်ပုဒ်ဖြစ်တဲ့ Sleeping Beauty ကို ၂၀၁၄ စတိုင်သစ်နဲ့ ပွဲထုတ်တင်ဆက်လာတာဖြစ်ပြီး ပုံဖော်ခြယ်မှုန်းသူက ဒါရိုက်တာ ရောဘတ်စထရွန်းဘတ်ပဲ ဖြစ်ပါတယ်။ ဇာတ်ညွှန်းခွဲသူကလည်း စုပါတစ်ဦး ဖြစ်သူ ပေါက်ဒီနီဖြစ်ပြီး နောက်ခံတေးဂီတတွေ ကို ဖန်တီးသူက ဂီတမှူး နယူတန်ကောင်းလ်ပဲ ဖြစ်ပါတယ်။ 3 Dနဲ့ တင်ဆက်လာတဲ့ ဒီ ဒစ္စနေးရဲ့ ဇာတ်ကားသစ်ဟာ Special effects တွေကို လှိုင်လှိုင်အသုံးပြုထားပြီး ကုန်ကျစရိတ်ဒေါ်လာ သန်း ၁၅၀ နီးပါးရှိတာကြောင့် ကောင်းပါ့မလား သံသယဝင်စရာ မလိုတာ သေချာပါတယ်လို့လည်း Total ကလည်း အာမခံချက်ပေးထားပါတယ်။ Salt စလိုင် ဇာတ်ကားမှာ စီအိုင်အေအေးဂျင့် အယ်ဗလင်းတော့ အသွင်နဲ့ ကြမ်းရမ်းပြခဲ့သူ ညို့မင်းသမီး ဂျိုလီကမှူဆန်းထားတဲ့ Male Ficent ကို စောင့်စားရင်း . . . .

ရဲသစ်



Fashion & Style

# FLOWER GIRLS

တင်လတ်သန္တာဗိုလ်

မြန်မာပြည်မှာ အခုအချိန်ကာလ နွေဦးရာသီဖြစ်ခါနီးအချိန်ကာလဖြစ်သလို ဆောင်း နှောင်းရာသီ ပီပီပြင်ပြင်လည်း မကုန်ဆုံးသေးတဲ့ အချိန်ကာလဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစာကို ဖတ် တဲ့အချိန်မှာတော့ နွေရာသီကာလကို ရောက်ရှိနေတော့မှာ ဖြစ်ပါတယ်။ ကမ္ဘာတစ် လွှားမှာ Climate Change ရာသီဥတု ဖောက်ပြန်ပြောင်းလွဲမှုနဲ့ ပတ်သက်လို့ အရေးတယူပြောဆိုနေခဲ့ကြတာတော့ ကြာမြင့်လှပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်ကျိုးစီးပွားနဲ့ကိုယ့် အတ္တကိုပဲရှေ့တန်းတင်ကြတဲ့ စီးပွားရှာသူများ၊ ဆင်းရဲနွမ်းပါးမှုရဲ့လေးလံဖိစီးမှုကြောင့် ပတ်ဝန်းကျင်



## ALOHA STATES

ALOHA STATES ဆိုတာကတော့ ဟာဝိုင်အီကျွန်းရဲ့ နှုတ်ဆက်စကားကို အစွဲပြုပြီး တင်စားခေါ်ဆိုလိုက်တာပဲ ဖြစ်ပါတယ်။ ဒီပုံမှာ သရုပ်ဆောင်သူများဟာ ဟာဝိုင်အီကျွန်းရဲ့ သဘာဝပတ်ဝန်းကျင်ပုံစံနဲ့ လိုက်လျောညီထွေ ဒီဇိုင်းများကို ဝတ်ဆင်အလှပြထားကြပါတယ်။ သရုပ်ဆောင် OSCAR ISSAC က RALPH LAUREN ရဲ့ BLACK LABEL SHIRT ကို ဝတ်ဆင်ထားပါတယ်။ LIYA KEBEDE ကတော့ ပန်းပွင့်များ တန်ဆာဆင်ထားတဲ့အပေါ် TOP အကျီအတိုနဲ့ အောက်ပိုင်း SKIRT ကို ဝတ်ဆင်ထားပြီး နှစ်ခုစလုံးက BALENCIAGA မှ ဖြစ်ပါတယ်။ IMMAN ကတော့ TOMMY HILFIGER မှ ရေကူးဝတ်စုံကို ဝတ်ဆင်ထားပါတယ်။ တောက်ပပြောင်လက်နေတဲ့ မိတ်ကပ်ကတော့ L'OR'EAL မှဖြစ်ပါတယ်။



SHORE THING

ကမ်းခြေအလှနှင့် ပသာဒဖြစ်တဲ့ အလှခြင်း ပြိုင်နိုင်တဲ့ ကမ္ဘာကျော်ဒီဇိုင်နာ MARC JACOBS ရဲ့ အပွင့်အရွက်များနဲ့ စိုပြည်ကြွယ်ဝ နေတဲ့ နွေဦးရာသီဖက်ရှင် COLLECTION မှ ဝတ်စုံတစ်စုံဖြစ်ပါတယ်။ ၂၀ ရာစုခေတ်ဦး ကာလက အထည်စများကို အမှတ်ရစေနိုင်တဲ့ ဒီဇိုင်းပုံစံများဖြစ်တယ်လို့ ဆိုပါတယ်။ LIYA KEBEDE ဝတ်ဆင်ထားတဲ့ဝတ်စုံဟာ ပိုးကျာစီ ဝတ်စုံဖြစ်ပါတယ်။

အလှည့်ကျဖြစ်နေသလား အောက်မေ့ရလောက်အောင် ရင်ဆိုင်နေကြရတာကို တွေ့မြင်နေရပါတယ်။ ယခုလတ်တလော အချိန်အခါမှာပဲ အင်္ဂလန်နိုင်ငံမှာ ကြီးကျယ်စွာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေခဲ့တဲ့ ဆိုးဝါးလှတဲ့ ရေကြီးရေလျှံမှုများကို ဗြိတိန်နိုင်ငံတောင်ပိုင်းဒေသများမှာ ကြုံတွေ့ခဲ့ရပါတယ်။ အမေရိကန် နိုင်ငံမှာလည်း မကြုံစဖူးထူးကဲလှတဲ့ နှင်းမုန်တိုင်းများကြောင့် အရေးပေါ် အခြေအနေများကြေညာခဲ့ရပါတယ်။ မြန်မာပြည်

ထိန်းသိမ်းရေးကို အလေးဂရုမပြုနိုင်မှု များကြားမှာ ဥတုရာသီများကတော့ ဖောက်ပြန်ဆဲ၊ ဖောက်ပြန်မြဲဖြစ်နေပါတယ်။ ပြင်းထန်ဆိုးဝါးလှတဲ့ ရာသီဥတုဘေးဒဏ်များ ဖြစ်ကြတဲ့ အပူပိုင်းမုန်တိုင်း၊ ဆူနာမီ၊ ငလျင်၊ မီးတောင်ပေါက်ကွဲခြင်း၊ နှင်းမုန်တိုင်း၊ ရေကြီးရေလျှံ ဖြစ်စဉ်များဟာ ကမ္ဘာပေါ်ရှိ တိုင်းပြည်များအားလုံး ရာသီအလိုက်



FLEUR-DE-LIS

သမိုင်းကြောင်းအရ တော်ဝင်များနဲ့ ဆက်နွှယ်မှုရှိတဲ့ ပန်းဟာ လီလီပန်းများဖြစ်ကြပါတယ်။ အနက်ရောင် ဂါဝန်ဝတ်စုံငယ်လေးဟာ စတိုင်လှတဲ့ လီလီပန်းများကြောင့် ရှုမငြီးဖွယ်ရာ ဝတ်စုံလေးဖြစ်လာခဲ့တယ်လို့ဆိုပါတယ်။ မော်ဒယ် IMMAN ဝတ်ဆင်ထားတဲ့ ပုံရိုက် LUREX- SILK လည်သိုင်းဝတ်စုံဟာ GUCCI မှ ဖြစ်ပါတယ်။ ဆင်ယင်ထားတဲ့ နာရီပုံသဏ္ဍာန် လက်ကောက်များကတော့ PRADA မှဖြစ်ပါတယ်။

### LET IT SHINE

ပန်းပွင့်ပုံရိုက်၊ ဂရပ်ဖစ်ဒီဇိုင်းများနဲ့အတူ ရွှန်းလက်ပြိုးပြက်ဒီဇိုင်းများက နောက်ခံဂူတွင်း အလှများနဲ့ ပန်းရ၊ သဟဇာတဖြစ်တဲ့ ဝတ်စုံ ဒီဇိုင်းများဖြစ်နေတယ်လို့ ဆိုပါတယ်။ မော်ဒယ် LIYA KEBEDE ဝတ်ဆင်ထားတဲ့ ဝတ်စုံမှာ အောက်ခံက LOUIS VUITTON ရဲ့ BODYSUIT ဖြစ်ပြီး အပေါ်ကဝတ်ဆင်ထားတာ ကတော့ မွမ်းမံတန်ဆာဆင်ထားတဲ့ PRADA က BRA TOP ဖြစ်ပါတယ်။ အောက်ပိုင်း SKIRT က RALPH LAUREN မှဖြစ်ပါတယ်။ IMMAN က LOUIS VUITTON ကအလှတန်ဆာဆင် ထားတဲ့ သားရေ TOP ကို ဝတ်ဆင်ထားပြီး အောက်ပိုင်းက JONATHAN SAUNDERS ရဲ့ SHORTS ကို ဆင်ယင်ထားပါတယ်။



မှာတော့ ဆောင်းရာသီကာလဟာ ထူးထူးကဲကဲ အေးမြချမ်းစိမ့်နေခဲ့ပြီး၊ အနွေးထည် လုံးဝမလိုတော့လောက်အောင် အအေးဓာတ်ကင်းမဲ့ခဲ့ရုံမက တစ်ခါတစ်ရံ ပူပြင်းတောက်လောင်တတ်တဲ့ ရန်ကုန်ဆောင်းဟာ ဆောင်းကာလသရုပ်သကန် ဟုတ်မှန်ပီပြင်စွာ အေးမြခဲ့တာကို တွေ့ရပါတယ်။ ဒါပေမဲ့လည်း အံ့ဩထူးဆန်းဖွယ်ရာ



### 'TABLEAU VIVANT'

စိမ်းလန်းစိုပြည်နေတဲ့ အပူပိုင်းဒေသ နောက်ခံ သဘာဝပတ်ဝန်းကျင်မှာ စိတ္တဇ ပန်းချီပုံစံပန်းပွင့်များရဲ့ ပုံသဏ္ဌာန်များဟာ ကမ္ဘာကျော် ပန်းချီဆရာGAUGUIN ရဲ့ တာဟီတီယန် ပုံတူပန်းချီများကနေ ပန်းချီဆရာ POLLOCK ရဲ့ တောက်ပလောင်မြိုက်ဝေဆာတဲ့ အရောင်များဆီထိ အမှတ်ရစရာများဖြစ်ပါတယ်။ LIYA က AQUILANO RIMONDI ဂျက်ကက်နဲ့ SKIRT ကို ဝတ်ဆင်ထားပြီး IMMAN ကတော့ MARNI ရဲ့ TUNIC တစ်ဆက်တည်း ဝတ်စုံကို ဝတ်ဆင်ထားပါတယ်။ ဆန်းကြယ်လှပတဲ့ ကြိုးသိုင်းဒေါက်မြင့်ဖိနပ်များကတော့ ALEXANDER Mc QUEEN မှ ဖြစ်ပါတယ်။



ROCK CANDY

PRADA ရဲ့ နီရဲတောက်ပနေတဲ့ ခေါင်ရန်းပန်းပုံရိုပ်ရိုက်ဝတ်စုံဟာ ကမ်းစပ်ကျောက်တောင်၊ စိမ်းနုစိုပြည်ပန်းရုံများကြားမှာ ငွားငွားစွင့်စွင့် ထင်ပေါ်ဝင့်ထည်နေတာကို တွေ့ရပါတယ်။ အနက်ပေါ်မှာ အနီရောင်ပွင့်များနဲ့ စပ်ဟပ်ဒီဇိုင်းထွင်ထားတဲ့ ပိုးဝတ်စုံဟာ PRADA မှ ဖြစ်ပါတယ်။ တစ်ပြေးညီအမြင့် ကြိုးသိုင်းဒေါက်ဖိနပ်ဆန်းကတော့ MARNI မှ ဖြစ်ပါတယ်။

ပိတောက်ပန်းများ ဖေဖော်ဝါရီလကုန်ခါနီးမှာ ပွင့်လာတာကိုလည်း မြင်တွေ့ရပါတယ်။ မိမိကိုယ်ကို စောင့်ရှောက်ကြသလို၊ မိမိပတ်ဝန်းကျင်ကိုလည်း စိုးရိမ်ပူပန်စိတ်၊ သဘာဝကို ချစ်ခင်စိတ်နဲ့စောင့်ရှောက်ကြမယ်ဆိုရင်တော့ ကမ္ဘာကြီး၊ ကြီးကျယ်စွာ မပျက်စီးမီ၊ ကမ္ဘာကြီးရဲ့ ဒဏ်ရာအနာတရအဖြစ်များကို အချိန်မီကုစားနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ခုချိန်မှာ အနောက်နိုင်ငံများမှာတော့ နွေရာသီအကြို၊ Spring ကာလကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ သွေးခဲမတတ်ချမ်းအေးတဲ့ ကာလကို လွန်မြောက်ပြီး၊ ရိုးတံပြိုင်းပြိုင်းသစ်ပင်များလည်း အရွက်နုများနဲ့ စိမ်းနုဝေဆာလာတဲ့ အချိန်၊ နှင်းမှုန်နှင်းစက်များရဲ့ လေးလံဖိစီးမှုအောက်မှ အပင်ငယ်များ လန်းဆန်းဖူးပွင့်စဖြစ်လာတဲ့ အချိန်မို့နွေဦးကာလကို အရှေ့စွန်းနိုင်ငံများ အနောက်နိုင်ငံများ၊ အလွန်တရာအေးမြတဲ့ ဆောင်းကာလကို ရင်ဆိုင်ခဲ့ရသူများအားလုံးက ချစ်မြတ်နိုးကြပါတယ်။ အာရပ်ဒေသများက လူထုအုံကြွမှုများကို 'အာရပ်နွေဦး' အဖြစ် တင်စားခဲ့ကြတာကို သာဓကအနေနဲ့တွေ့နိုင်ပါတယ်။ နွေဦးဆိုတာ ပန်းများပွင့်စပြုလာတဲ့အချိန်ဖြစ်ပါတယ်။ ပန်းလေးများရဲ့မွှေးရနံ့လေပြည်မှာ သင်းပျံ့စပြုလာတဲ့ အချိန်လည်းဖြစ်ပါတယ်။ နွေဦးကာလဖက်ရှင်များဟာ များသောအားဖြင့် အရောင်တောက်တောက်ပပ၊ ပန်းပွင့်များ၊ သစ်ရွက်များနှင့် ပုံဖော်ထားတဲ့ ဖက်ရှင်များ ကြီးစိုးရာကာလဖြစ်ပါတယ်။ ဖက်ရှင်ဟာ အချိန်ကာလအလိုက်၊ တခြားအရာများလိုပဲ ပြောင်းလဲရွေ့လျားနေတဲ့အရာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဖက်ရှင်မှာက ဖက်ရှင်သံသရာ ရှိပါသည်။ တစ်ချိန်တစ်ခါက ခေတ်စားခဲ့တဲ့ ပုံစံပြင်ဆင်မှုများက စက်ဝိုင်းလိုပဲ တဝဲလည်လည် ဖြစ်နေတာကို တွေ့ရပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်လောက်က မင်းသမီးများ တပ်ဆင်ခဲ့တဲ့ မျက်တောင်တုများ ခုခေတ်မှာ ပြန်ခေတ်စားလာသလိုပဲ ဖြစ်ပါတယ်။

နွေရာသီကို ကိုယ်စားပြုတဲ့ ပန်းပွင့်များနဲ့ ပုံဖော်ထားတဲ့ ဝတ်စုံများ အပူပိုင်းဒေသက စိမ်းလန်းစိုမြ၊ စိုပြည်သန့်စွမ်းတဲ့ အပွင့်အပင်များကို ပုံဖော်ထားတဲ့ ပုံရိုက်ဝတ်စုံများကို ဝတ်ဆင်ပြသထားတဲ့ မော်ဒယ်များကတော့ စူပါမော်ဒယ်များဖြစ်ကြတဲ့ LIYA KEBEDE နဲ့ IMAAN HAMMAM တို့ပဲ ဖြစ်ပါတယ်။ သူတို့နဲ့အတူ ပါဝင်ဟန်ပြသူနောက်တစ်ဦးကတော့ သရုပ်ဆောင် OSCAR ISAAC ဖြစ်ပါတယ်။ နောက်ဆုံးပေါ်ပုံရိုက်၊ ပွင့်ရိုက်ဖက်ရှင်များကို အပြည့်အဝလှပကြွရွအောင် ပုံဖော်ပေးနိုင်ဖို့ ကြွယ်ဝတဲ့ သဘာဝပတ်ဝန်းကျင်များ ကြီးစိုးလွှမ်းမိုးရာ ဟာဝိုင်အီဒေသမှော်အိ MAUI ကျွန်းကို ပုံများရိုက်ကူးဖို့နောက်ခံဒေသအဖြစ် ရွေးချယ်ခဲ့ကြပါတယ်။ ဓာတ်ပုံများကို ရိုက်ကူးသူကတော့ နာမည်ကျော်ဓာတ်ပုံဆရာ MIKAEL JANSSON ဖြစ်ပြီး ကမ္ဘာကျော် VOGUE မဂ္ဂဇင်းအတွက် ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ဝတ်စုံများ၊ အသုံးအဆောင်များအားလုံးကလည်း ကမ္ဘာကျော် BRAND များဖြစ်ကြပါတယ်။

**တင်လတ်သန္တာဗိုလ်**




Yati Film Feeling

ဖြိုးဖြိုးစုစည်းတင်ပြသည်။

# Transcendence




Action/ Drama/ Sci-Fi
Warner Bros. Pictures, DMG Entertainment (China), Summit Entertainment/ Lionsgate (International)
ဒါရိုက်တာ - Wally Pfister
ထုတ်လုပ်သူ - Andrew A. Kosove, Kate Cohen, Marisa Polvino, Annie Marter, David Valdes, Aaron Ryder
ဇာတ်ညွှန်း - Jack Paglen
သရုပ်ဆောင်များ - Johnny Depp, Morgan Freeman, Rebecca Hall, Kate Mara, Cillian Murphy, Cole Hauser, Paul Bettany

ဒေါက်တာ ဝီလ်ကတ်စ်တာ (Johnny Depp) ဆိုတာက အသိဉာဏ်ပညာဖန်တီးပြုလုပ်ဖို့ သုတေသနလုပ်နေတဲ့ ပညာရှင်တစ်ဦးပါ။ နာမျှားနေတဲ့ နောက်ဆုံးအဆင့်ဖြစ်နေတဲ့ သူတစ်ဦးလို့လည်း ဆိုပြန်တယ်။ ဝီလ်ကတ်စ်တာက သူ့ရဲ့ စိတ် (မှတ်ဉာဏ်) ကို ကွန်ပျူတာထဲ ဆွဲချသိမ်း ဆည်းဖို့ ကြိုးစားနေတယ်။ သူ့ရဲ့ အဆိုးဝါးဆုံး အိပ်မက်တွေရဲ့ အလွန်မှာ သိမ်းဆည်းထားတာတွေနဲ့ ပေါင်းစပ်ပြီး စွမ်းအားဖြစ်စေဖို့ပါ။ ဒေါက်တာဝီလ် တီထွင်ဖန်တီးထားတဲ့ စက်ထဲမှာ အာရုံခံစားနိုင်မှုနဲ့ စုစည်းသိမ်းထားတဲ့ မှတ်ဉာဏ်တွေ ပိုင်ဆိုင်ထားပါတယ်။ ဒေါက်တာဝီလ်လေ့လာနေတဲ့ နည်းပညာတိုးတက်မှုမျိုးကို အစွန်းရောက်ဝါဒီတွေက ဆန့်ကျင်နေကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ တိုက်ခိုက်မှုဟာ ဒေါက်တာဝီလ်ရဲ့ ရည်မှန်းချက်ပန်းတိုင်ဆီကို တွန်းပို့လိုက်သလိုပါပဲ။ ဇနီးသည် အဲဗလန် (Rebecca Hall)နဲ့ သူ့ရဲ့ အချစ်ဆုံး သူငယ်ချင်း မက်ဇ်ဝါးတားစ် (Paul Bettany) တို့ကလည်း စိတ်တူကိုယ်တူ သုတေသနပညာရှင်တွေပါ။ "နှစ်ပေါင်း ၁၃၀၀၀၀ မှာ ငါတို့ရဲ့လုပ်နိုင်စွမ်းဟာ မပြောင်းမလဲ တည်တံ့လျက်ရှိတော့မယ်။ ဦးနှောက်အာရုံကြောသိပ္ပံပညာရှင်တွေ၊ သင်္ချာပညာရှင်တွေရယ်၊ အင်ဂျင်နီယာပညာရှင်တွေရဲ့ ပေါင်းစပ်ထားတဲ့ အသိဉာဏ်ပညာတွေဟာ A.I(Artificial Intelligence) နဲ့ယှဉ်လိုက်ရင်တော့ သေးနုပ်မှေးမှိန်သွားတော့မှာ" လို့ ဒေါက်တာဝီလ်က ပြောနေတယ်။ ဇနီးသည် အဲဗလန်က "ရှင် ဘယ်ကို သွားနေတာလဲ" လို့ မေးတော့ ဒေါက်တာဝီလ်ပြန်ဖြေတာက "နေရာတိုင်းကိုပဲ" တဲ့။ မရပ်မနားလုပ်ရှားနေတဲ့စက်ကို ပိတ်ပစ်လိုက်တော့မယ်လို့ မက်ဇ်ကဆိုတော့ အဲဗလန် ခပ်သွက်သွက်လေးဖြေရှာတယ်။ "အဲဒါကို မပိတ်လိုက်နဲ့။ သူပဲ။ ဝီလ်ပဲ"





# Noah

ခရစ်ယာန် သမ္မာကျမ်းလာ ကမ္ဘာပျက်ကိန်း ကြုံပြီး ပြုလန့်ချောက်ချား ရေလွှမ်းသွားတော့မယ့် ကပ်ဆိုးမြင်ကွင်းတွေကို နော်ဧ ကြောက်လန့်တုန်လှုပ်နေတယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ အလိုရှိမှု အတိုင်း ကြုံလာတော့မယ့် ရေလွှမ်းမိုးမှုကပ်ဆိုးကနေ မိသားစုကို သတ္တဝါတွေကို ကယ်ယူဖို့ လှေကြီးဆောက်လုပ်တယ်။ Evan Almighty ရုပ်ရှင်ကို ပြန်လည်အမှတ်ရမိစေရာပါ။ Evan Almighty မှာတော့ ရယ်ရွှင်ဖွယ်ဇာတ်မြူးပုံစံမျိုးနဲ့ ရိုက်ကူးပြသခဲ့တယ်။ ဒီ Noah ကိုတော့ အမေရိကန်ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာ၊ ရုပ်ရှင်ထုတ်လုပ်သူ ဒါရန်အေရွန်နော့ဖ့်စကီးက အထူးပြုလုပ်ချက်တွေနဲ့ အံ့ဘနန်းထူးခြားဆန်းပြားစွာ ရိုက်ကူးခဲ့တာပါ။ ဝေဖန်သူတချို့ကတော့ "တကယ်ရှိနေတဲ့ တိရစ္ဆာန်အစစ်အမှန်တွေနဲ့ နည်းနည်းကွဲပြားနေတယ်။ တစ်ကားလုံး တိရစ္ဆာန်အစစ်လေးတွေမပါဘူး" လို့ ဆိုကြတယ်။ ဒါရိုက်တာဟာ နော်ဧရဲ့ဇာတ်ကောင်ကို ကလေးဘဝ အရွယ်ကတည်းကနေစပြီး ဆွဲဆောင်မှုရှိအောင် ရိုက်ကူးထားတာပါ။ သရုပ်ဆောင် အမ်မာဝပ်ထ်ဆန်ကပြောတဲ့ ရုပ်ရှင်ထဲက အပြင်အဆင် ဝန်းကျင်ရှုခင်းအကြောင်းမှာ "ဆက်တင်တွေက အချိန်ကာလတွေဆီ ဆောင်ယူသွားတယ်။ အနာဂတ်ထဲက နှစ်တစ်ထောင်ကာလထဲမှာလိုလို၊ ပြီးခဲ့တဲ့ နှစ်တစ်ထောင်ကာလထဲပြန်ရောက်သွားသလိုလို ခံစားရတယ်လို့ ဆိုတယ်။ ဒီရုပ်ရှင်ဟာ ရပ်ဆဲလ်ခရိုးနဲ့ ဂျနီဖာကော်နဲလေးတို့ ခင်ပွန်းနဲ့ ဇနီးသည်အဖြစ် အတူသရုပ်ဆောင်ထားတဲ့ ဒုတိယမြောက်ရုပ်ရှင်ပါ။ A Beautiful Mind မှာ တစ်ကြိမ်တွေ့ခဲ့ကြပြီးပါပြီ။ ရပ်ဆဲလ်ခရိုးရဲ့ ကြံ့ခိုင်ကြမ်းတမ်းတဲ့သဏ္ဍာန်၊ ထူးခြားတဲ့ရုပ်ရှင် နောက်ခံအခင်းအကျင်း၊ အထူးပြုလုပ်ချက်တွေ ဆန်းဆန်းပြားပြားနဲ့ Noah ဟာလည်း စိတ်ဝင်စားစရာ ရုပ်ရှင်တစ်ကားဖြစ်နေပါတယ်။



Adventure/ Drama

Paramount Pictures

ဒါရိုက်တာ - Darren Aronofsky

ထုတ်လုပ်သူ - Darren Aronofsky, Scott Franklin, Arnon Milchan, Mary Parent

ဇာတ်ညွှန်း - Darren Aronofsky, Ari Handel

ဝတ္ထု - based on The narrative of Noah's Ark in the Book of Genesis

သရုပ်ဆောင်များ - Russell Crowe, Jennifer Connelly, Ray Winstone, Emma Watson, Logan Lerman, Anthony Hopkins





# Divergent

ချီကာဂိုမြို့မှာ . . အချိန်က ၂၁၆၄ ခုနှစ်ထဲ . . . ။ လူတွေဟာ ကွဲပြားတဲ့နိုင်ငံရေးပါတီ ၅ ခုနဲ့ ပိုင်းခြားခွဲခြားပြီး ရှင်သန်နေထိုင်နေကြတယ်။ ဆယ်ကျော်သက်လေးတွေဟာ ကျန်ရှိတဲ့ သူတို့ရဲ့ ဘဝကိုဖြတ်သန်းကြတဲ့အခါ သူတို့ရဲ့ မူလအုပ်မှာပဲ နေထိုင်မလား၊ ဒါမှမဟုတ် တခြားအုပ်စုထဲ ကူးပြောင်းချင်သေးလား ဆုံးဖြတ်ရဖို့ရှိပါတယ်။ ထရစ်ပရီယာ (Shailene Woodley) ဟာ အဲဒီ ရွေးချယ်မှုကို ပြုလုပ်ပေးတယ်။ ထရစ်နဲ့ သူမရဲ့ နောက်လိုက်အုပ်စုအဖွဲ့ဝင်တွေဟာ အုပ်စုသွင်း လုပ်ငန်းစဉ်တွေအတိုင်း ထူးကဲပြင်းထန်တဲ့ရုပ်ပိုင်းနဲ့ စိတ်ပိုင်းစမ်းသပ်စစ်ဆေးမှုတွေ ဖြတ်သန်းပြီးမှ သူတို့အားလုံး ပြောင်းလဲကြရမှာပါ။ ဒါပေမဲ့ ထရစ်မှာ လျှို့ဝှက်ချက်တစ်ခုရှာဖွေ သိရှိသွားတယ်။ အဲဒါ သူမက Divergent ဖြစ်နေသတဲ့။ အဓိပ္ပာယ်ကတော့ အုပ်စု ၅ ခုထဲမှာ ဘယ်မှာမှ သူမ အဆင်မပြေနိုင်ဘူး။ ဘယ်အုပ်စုဝင်မှ ဖြစ်မနေပါဘူး။ ဒါကို တစ်ဦးဦးကများ သိရှိသွားခဲ့ရင် ယုံမှားဖွယ်မရှိ သေဆုံးခြင်းကို ထရစ်ရင်ဆိုင်ရမှာပါ။ ထရစ်ရှာဖွေတွေ့ရှိလိုက်တဲ့ မတူကွဲပြားတဲ့ လူ့အဖွဲ့အစည်းရဲ့ ကြီးထွားလာမှုဟာ ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနေပြီ။ ထရစ်သိရှိလိုက်တဲ့ လျှို့ဝှက်ချက်ဟာ ချစ်မြတ်နိုးတဲ့ လူတွေကို ကယ်ဆယ်နိုင်မလား။ ဒါမှမဟုတ် ထရစ်ကိုပဲ အလုံးစုံ ပျက်သုဉ်းခြင်းဆီ ဦးတည်စေမလား စိတ်လှုပ်ရှားစရာကြီးပါပဲ။ Divergent ဟာ အမေရိကန် စာရေးဆရာမ Veronica Roth ရဲ့ ဝတ္ထုသုံးအုပ်တွဲ ပထမဆုံးအပိုင်းပါ။ Roth ရဲ့ Divergent ဟာ စာရေးဆရာမ Suzanne Collins ရဲ့ The Hunger Games နဲ့ စာရေးဆရာ James Dashner ရဲ့ The Maze Runner တို့ရဲ့ ဝတ္ထုတွေနဲ့ အမျိုးအစားတူနေတဲ့ လူငယ်ဖတ်ဝတ္ထုတွေပါ။ Roth ဟာ ဒီဝတ္ထုဖန်တီးဖို့ သူမ တက္ကသိုလ်တက်နေစဉ်ကတည်းက စိတ်ကူးရခဲ့တယ်လို့ ဆိုတယ်။ အနာဂတ်ကမ္ဘာထဲက ချီကာဂိုမြို့ကြီးမှာ Abnegation (တစ်ကိုယ်ကောင်းမဆန်သော)၊ Amity (ငြိမ်းချမ်းသော)၊ Candor (ရိုးသားသော)၊ Dauntless (ရဲရင့်သော) နဲ့ Erudite (အသိပညာပြည့်ဝသော) စတဲ့ အချက်တွေနဲ့ ပြည့်ဝသူတွေကို စမ်းသပ်စစ်ဆေးပြီး အုပ်စုတွေ ခွဲခြားနေထိုင်ကြတာကနေစလို့ Divergent ကို ပုံဖော်ရေးသားခဲ့ပါတယ်။



Action / Adventure / Sci-Fi
Summit Entertainment, Lionsgate
ဒါရိုက်တာ - Neil Burger
ထုတ်လုပ်သူ - Lucy Fisher, Pouya Shabazian, Douglas Wick
ဇာတ်ညွှန်း - Evan Daugherty, Vanessa Taylor
ဝတ္ထု - Based on Divergent by Veronica Roth
သရုပ်ဆောင်များ - Shailene Woodley, Theo James, Zoe Kravitz, Ansel Elgort, Maggie Q, Jai Courtney, Miles Teller, Kate Winslet




# ကတ်သီးကတ်သတ်ပြောတဲ့ တောက်တီးတောက်တဲ့

## တအားနဲ့ မလုပ်လိုက်ပါနဲ့ ...

မထက်ဆိုတဲ့ ဣတ္ထိယအသွင်လုလင်ပျိုလေးတစ်ယောက်ရဲ့ အလှကြောင့် မောင်တောက်တီးတို့တစ်တွေ ရင်သပ်ရှုမောဖြစ်ခဲ့ကြရလို့မှ သိပ်မကြာသေးခင်မှာပဲ အမျိုးသားနှစ်ယောက်ရဲ့ သံဖြူရတု မင်္ဂလာအထိမ်းအမှတ်ပွဲဆိုတာကြောင့် ရင်သပ်ရှုမောဖြစ်ရုံမျှမက ကျောသပ်ရှုမော၊ ခေါင်းသပ်ရှုမောတွေအထိပါ ဖြစ်ကြရပြန်ပါရောဗျို့။

တို့တိုင်းပြည်များ ခေတ်မီပြီဆိုရင် သူများထက် အထူးပင်သာသဟလို့လည်း တွေးလိုက်မိပါတယ်။ ဟုတ်တယ်လေ။ အမေရိကန်လိုနိုင်ငံမျိုးမှာတောင် ဒီလိုကိစ္စမျိုးဟာ ဖြစ်ခေါင့်ဖြစ်ခဲကြီးဆိုတာကို အားလုံးအသိပဲဟုတ်။ ဒီတော့ကာ နှစ်ပေါင်းငါးဆယ်ကျော် ခေတ်နောက်ကျနေပြီလို့ ပြောပြောနေကြတဲ့ မြန်မာနိုင်ငံကို တကယ်ခေတ်နောက်ကျနေတာများ ဟုတ်ရဲ့လားလို့တောင် မေးခွန်းထုတ်ရတော့မပေါ့။

အဲဒီ သံဖြူရတုအထိမ်းအမှတ်ပွဲကျင်းပပြီး နောက်နေ့ထုတ်သတင်းစာတွေ ဂျာနယ်တွေရဲ့ မျက်နှာဖုံးတွေမှာ အဲသည် အမျိုးသားစုံတွဲအကြောင်းကို ပုံကြီးတွေ ပုံကြီးတွေနဲ့ ရေးလိုက်ကြတာများဗျာ။ ဒေါ်အောင်ဆန်းစုကြည် သတင်း၊ ဦးသိန်းစိန်တို့ သတင်းတွေတောင် ဒီလောက်ပါခဲ့တယ် မထင်မိပါဘူး။ အိုဘားမားမြန်မာနိုင်ငံလာတုန်းကတောင် ဒီလောက်မျက်နှာဖုံးမတက်ဘူး ထင်သဗျ။ ဒီတော့ကာ သတင်းစာဆရာများသည် အနီးသတင်းကို သူတို့ ကိုင်တွယ်ကြရတဲ့ သတင်းစာတွေရဲ့ မျက်နှာဖုံးမှာ အလကားတင်တာတော့ ဘယ်ဟုတ်မလဲလေ။ စာဖတ်ပရိသတ် ဘာကိုစိတ်ဝင်စားမယ်ဆိုတာ သူတို့သာအသိဆုံးဗျ။ ဒါကြောင့် စာဖတ်ပရိသတ်စိတ်ဝင်စားမယ့်သတင်း၊ သိချင်နေကြတဲ့သတင်းမို့လို့သာ မျက်နှာဖုံးမှာ တခမ်းတနား ဖော်ပြကြတာလို့ ကောက်ချက်ချရမှာ။ ပြီးတော့ကာ စာဖတ်ပရိသတ်ဆိုတာလည်း ပြည်သူတွေပဲလေဗျာ။ ဒီတော့ကာ ကျွန်တော်တို့ပြည်သူတွေသည် ဤလိုသော သတင်းမျိုးကို အထူးစိတ်ဝင်စားကြသည်လို့လည်း ထပ်ဆင့်ကောက်ချက်ချနိုင်ပြီပေါ့။



ဥပဒေတွေရှိသေးတာ မရှိသေးတာ ခဏဘေးချိတ်။ ထောက်ခံသူတွေ ကန့်ကွက်သူတွေရဲ့ အသံတွေကို ခဏထား။ သူတို့နှစ်ယောက်ကတော့ အတူနေလာကြတာ ဆယ်နှစ်တောင်ရှိပြီဖြစ်တဲ့အပြင် သူတို့သတင်းကို ခုလို သတင်းစာ ဂျာနယ်တွေ၊ မျက်နှာဖုံးမှာ တွေ့လိုက်ကြရတော့ ဖရဏာပီတိ ဂွမ်းဆီထိတာထက်တောင် ပိုဦးမှာကတော့ သေချာသဗျ။ လိင်တူချစ်ခြင်းသည် အမှားအယွင်းမဟုတ်ဘူးဆိုတာကို ပြဖို့အတွက် ပတ်ဝန်းကျင် အသိုင်းအဝိုင်းရဲ့ အားပေးမှုတောင် လိုသေးတယ်လို့လည်း ပြောသူတွေက ပြောလာကြပြန်သကိုး။

အင်း. . .။ တော်ကြာ မြန်မာနိုင်ငံမှာ ပထမဆုံး လိင်တူချစ်သူနှစ်ဦးရဲ့ ၁၀ နှစ်ပြည့်မင်္ဂလာအထိမ်းအမှတ်ပွဲကျင်းပတဲ့နေ့ကို အစွဲပြုပြီး အဲဒီနေ့ကို မြန်မာနိုင်ငံ လိင်တူချစ်သူများနေ့လို့ သတ်မှတ်လိုက်ကြရင်တော့ ခက်ကပြီဗျို့။ ဘာလို့လဲဆိုတော့ သူတို့ပွဲလုပ်တဲ့နေ့က တောင်သူလယ်သမားနေ့ဆိုတဲ့ မတ်လ (၂) ရက် ဖြစ်နေလို့ပါပဲ. . .။ ကဲ. . .။ ကဲ. . .။

# လာဘ်ပေးလာဘ်ယူဆိုတာက လုပ်တတ်မှ



ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပေးထားတဲ့ တရားစီရင်ရေးဆိုင်ရာ လေ့လာစူးစမ်းမှုကော်မတီက အစီရင်ခံစာတစ်ခု ဖတ်ရတယ်။ ရန်ကုန်တိုင်းတရားစီရင်ရေးက ပြုံလဲပြီး မန္တလေးတိုင်းတရားစီရင်ရေးက ယိုင်နဲ့နေတယ်တဲ့။ ရန်ကုန်၊ မန္တလေးအခြေအနေမဟန်မှတော့ ဘာကျန်သေးလို့လဲ။ တရားသူကြီးတွေ လာဘ်ပေးလာဘ်ယူလုပ်တာတွေလည်း များနေတယ်လို့ အစီရင်ခံစာက ဆိုပါတယ်။ လာဘ်ပေးလာဘ်ယူနဲ့ ပတ်သက်လို့ တောက်တီးတို့ တောက်တဲ့တို့ ကြားဖူးတာလေးတစ်ခု ဖောက်သည်ချပါရစေ။

တရားခံတစ်ယောက်က သူ့အမှုလွတ်အောင် ရှေ့နေငှားပြီးတဲ့အခါ တရားသူကြီးကို လာဘ်ထိုးရမလားလို့ သူ့ရှေ့နေကို မေးလိုက်တယ်။ မလုပ်နဲ့ဗျို့၊ ဒီတရားသူကြီးက လာဘ်ပေးတဲ့အမှုသည်ကို အရှုံးပေးတတ်တယ်လို့ ရှေ့နေက တားတယ်။ မကြာခင် အမှုပြီးသွားလို့ တရားခံနိုင်သွားတယ်။ သူက ရှေ့နေကို ခုလိုနိုင်တာ တရားသူကြီးကို လာဘ်သွားပေးလို့ပဲလို့ သူက ပြောတယ်။ ရှေ့နေက ဒီတရားသူကြီးက လာဘ်ပေးရင် ပေးတဲ့သူကို အရှုံးပေးတတ်တယ်လို့ ကျုပ်ပြောထားတယ်မဟုတ်လားလို့ ပြောလိုက်တဲ့အခါ တရားခံက ဟုတ်တယ်လေ၊ ဒါကြောင့် ကျွန်တော်က ဟိုဘက်လူအနေနဲ့ တရားသူကြီးကို လာဘ်သွားပေးထားတာတဲ့။ ကဲ . . . မှတ်ကရော။

အို . . . အဖဘုရားသခင် သွားရာလမ်း၌ ကာဆီးထားသော တောင်စွယ်တောင်တန်းတို့အား မဖယ်ပေးပါလင့်. . .

ထိုအခက်အခဲတို့အား ရဲဝံ့စွာ ဖြတ်ကျော်နိုင်သော ခွန်အားကိုသာ ပေးသနားပါ။

စိတ်မောစရာ စိတ်ညစ်စရာတွေရှိနေတဲ့ သားလေးတွေ သမီးလေးတွေအတွက် ကိုယ်တိုင် အားတင်းဖူးတာလေး ချရေးပေးတာပါ။ ကိုယ်တိုင်လည်း ဒီလိုစိတ်နဲ့ အားတင်းရတဲ့ရက်တွေ ရှိဖူးပါတယ်။

အခက်အခဲဆိုတာတောင်လိုပဲ တားဆီးထားတာပဲ။ ဒါပေမဲ့ ဒီဆုတောင်းလေးက အခက်အခဲတွေကို ဖယ်ပေးဖို့ထက် ဖြတ်ကျော်နိုင်တဲ့ ခွန်အားကို တောင်းတာကို သဘောကျတယ်။

ဒါမှ ပိုသန်မာပြီး ပိုအရည်အချင်းရှိလာမှာလေ။ လူတိုင်းမှာ ပြဿနာတွေ အများကြီးရှိတယ်။ စီးပွားရေး၊ မိသားစုရေး၊ ရည်းစားရေး အများကြီးမှ အများကြီးရယ်။ လူတွေက ကိုယ့်ပြဿနာမှ ကိုယ်ကြီးတယ် ထင်ကြတာပဲလေ။

မားးလည်း အရင်က ဒီလိုပဲ ထင်တာပဲ။ ဒါပေမဲ့ မားးကို စကားလာပြောတာတွေကို ပြန်ပြီးပြောရင်း တချို့တွေရင်ဆိုင်နေရတာတွေကို ဖတ်ရတော့မှ ငါဖြစ်နေတာတွေဟာ ဘာမှ မဟုတ်ပါလားလို့ မြင်လာတယ်။

တကယ်ကို ကူရာကယ်ရာမဲ့ ခံစားနေရတာတွေ ဖတ်ပြီး စိတ်တောင်မကောင်းဘူး။

"အိမ်က အမေက ပွမ်တယ်"တို့ "ရည်းစားက သောက်ချိုးမပြောဘူး" တို့လို status တင်မရ



အောင်ဆိုးတဲ့ ခံစားချက်တွေ ပြဿနာတွေ အများကြီးနော်။

ဖြေရှင်းလို့ရသွားရင်တောင် နာကျင်မှုတွေ၊ ငဲ့ညာစရာတွေ အများကြီးနဲ့။ (ဒါက မြင်သာ အောင် ပြောပြတာ) ဒီတော့ ရည်းစားနဲ့ ကွဲတာလောက်၊ ခဏတာ စီးပွားရေး အလုပ်အကိုင် မပြေလည်သေးတာလောက်နဲ့ မျှော်လင့်ချက် မပျောက်စေချင်ဘူး။ စိတ်မညစ်ရဘူးလို့ မပြောဘူးနော်။ ဒါပေမဲ့ အကြာကြီး မညစ်ဖို့နဲ့ မျှော်လင့်ချက် မပျောက်ဖို့ပါ။

နောက်ဆုံးမခံနိုင်ရင် ကိုယ့်ဘဝမှာ ဖြေရှင်းစရာတွေကို ကြိုတွေးထားလိုက်ပါ။ ပြီးရင် မျှော်လင့်ချက်နဲ့ ပျော်ရွှင်မှုကို မပျောက်စေပါနဲ့။

ဖြစ်လာတာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖို့ ကြိုးစားလိုက်ပါ။ ဝက်ဖြစ်လို့ မစင်လူးရမယ်ဆိုရင် ပယ် ပယ်နယ်နယ် နှံ့အောင်လူးလိုက်မယ်ကွလို့ စိတ်မျိုးနဲ့ ပြန်ဖြပါ။

ကိုယ်တွေ့ဥပမာပေးရလို့ရှိရင် လမ်းမှာ bus ကားစီးရင်း အိမ်သာသိပ်တက်ချင်၊ ငါထွက် ကျတော့မှာပဲလို့ အကြိမ်ကြိမ် စိတ်ညစ်။ ငါအိမ်သာထဲ အမီရောက်မှာပါလို့ မျှော်လင့်ချက် မပျောက်ခဲ့ဘူး။

(ဒါပေမဲ့ ပါချတော့လည်း ရေချိုးရုံပေါ့လို့ တွေးထားတယ်) ဒီလိုနဲ့ ဖင်လိမ်ပြီး အိမ်သာထဲကို ပြေး။ 'ဘွမ်း' ခနဲ ပါချလိုက်တော့လည်း ပြီးသွားတာပဲလေ။

ဒီလိုပဲ အခုအခက်အခဲတွေလည်း 'ဘွမ်း' ခနဲပါချလို့ရတဲ့ တစ်နေ့ ရောက်လာမှာပါလို့ . . . ('ဘွမ်း' ခနဲ မားးး )

# တွေးဆ ဆင်ခြင်ကြပါကုန်…

ပါလီမန်ဒီမိုကရေစီခေတ်တုန်းက နိုင်ငံကျော်စာရေးဆရာကြီးတစ်ယောက်ဟာ အင်္ဂလန်မှာ အလုပ်တာဝန်တွေ ၂ နှစ်လောက် ထမ်းဆောင်ရင်းက အင်္ဂလိပ်မကလေးတစ်ယောက်နဲ့ အတော်ကိုချစ်ခဲ့ကြသတဲ့။ မြန်မာပြည်ပြန်လာတော့ အဲဒီကောင်မလေးကို အစွဲကြီးစွဲနေပြီး ဒီကိုခေါ်ချင်နေသတဲ့။ အင်္ဂလန်ကလည်း အဲဒီအတွက် ပြည်ပထွက်ခွာခွင့် လုပ်ပေးမယ်။ ဒါပေမဲ့ မြန်မာနိုင်ငံဘက်က လက်ခံဖို့မှာတော့ အခက်တွေ့နေသတဲ့ဗျား။ အဲဒီမှာ သူက ဆရာသော်တာဆွေကို အကူအညီတောင်းတော့တာပဲဗျို့။ အဲဒီခေတ်က ဝန်ကြီးချုပ်ဖြစ်နေတဲ့ ဦးဗဆွေ (ကျားကြီးဗဆွေ) က ဆရာသော်တာဆွေနဲ့ အင်မတန်ရင်းနှီးတာကိုး။ ဆရာသော်တာဆွေကလည်း ဒါမျိုးဆို ကူညီချင်နေတာ။ အဲဒီမှာ ဆရာသော်တာဆွေနဲ့ ဦးဗဆွေနဲ့ တွေ့ကြပြောကြတာတွေကိုတော့ ဆရာသော်တာဆွေ ရေးထားတဲ့အတိုင်းပဲ ပြန်ရေးပြပါ့မယ်ဗျား။ ဒီလို. . . .။

"မင်းနဲ့ငါနဲ့ ဆွေးနွေးကြဦးစို့ကွာ။ မင်းကစာရေးဆရာ၊ ငါက နိုင်ငံရေးသမား။ ဒီတော့ တို့နှစ်ယောက်လုံးမှာ တိုင်းပြည်အတွက် စဉ်းစားဖို့ရှိတယ်ကွ" ဟုဆိုပြီး သူခေတ္တစကားဖြတ်ထား၍ ကျွန်တော်က နားပေထောင်နေစဉ်

"ဟေ့ ဒီမှာ သော်တာဆွေ၊ ဘိလပ်သားတွေ ဗမာပြည်မှာနေပြီး ဗမာ မိန်းမတွေ မယူကြဘူးလားကွ"

"ဟာ. . . ယူကြတာပေါ့ဗျာ"

"အေး နို့ပြီး၊ သူတို့ ဘိလပ်ပြန်တော့ ဗမာမိန်းမတွေ ခေါ်သွားကြသလားကွ"

ကျွန်တော် မျက်လုံးကလေးကြောင်တက်တက်နှင့် နှုတ်ဆွံ့အသွားလေပြီ။ ဦးဗဆွေက ဆက်ပြော၏။

"နို့ပြီး တရုတ်၊ ကုလားတွေကောကွာ။ ဗမာမိန်းမတွေ ယူကြတာပဲ မဟုတ်လားကွ။ ဒါပေမဲ့ သူတို့ပြည်ကြီးပြန်တော့ရင် ဗမာပြည်က မယားတွေ၊ သားသမီးတွေ ခေါ်သွားကြတယ်လို့ ကြားဖူးသလား"

"ဟင့်အင်း"



ကျွန်တော် ခေါင်းခါရပါတော့သည်။

"အဲဒါ သူတို့မယားတွေ၊ သားသမီးတွေ မချစ်လို့လို့ မင်းဆိုနိုင်မလား"

"ဟာဘယ်ဆိုနိုင်မလဲဗျာ။ လူမှန်ရင် ကိုယ့်သားမယား ကိုယ့်ရင်သွေးကို ချစ်ကြတာချည်းပေါ့"

"ဒါပေမဲ့ သူတို့ဘာကြောင့် သူတို့တိုင်းပြည်ကို ခေါ်မသွားကြသလဲ မင်းသိလား"

ကျွန်တော်က ခေါင်းခါလိုက်တော့ -

"အဲဒါ နိုင်ငံရေးပဲကွ။ ဒီမှာသော်တာဆွေ၊ တို့တိုင်းပြည်ဟာ ကျွန်သပေါက်ဘဝရောက်ခဲ့ရလို့ လူမျိုးခြားတွေ ဝင်ချင်သလိုဝင်၊ ထွက်ချင်သလို ထွက်နေချင်သလို နေခဲ့ကြတာကို တို့ခံခဲ့ရတာကြာပြီ။ အခု တို့လွတ်လပ်ရေး ရပြီမို့ ဒီကိစ္စတွေကို တို့အဖတ်ဆယ်ရမယ်"

သူခေတ္တစကားနား၏။ ပြီးမှ ကျွန်တော့်ကို စေ့စေ့ကြည့်၍

"ဒီမှာ သော်တာဆွေ၊ လူမျိုးခြားတွေ တို့တိုင်းပြည်ရောက်လာတယ်ဆိုရင် တို့လူမျိုးတွေရဲ့လုပ်စာကိုစားပြီး တို့တိုင်းပြည်ရဲ့ နေရာကောင်းတွေမှာ နေကြတာကွ၊ သူတို့အဆင့်အတန်းက တို့လူမျိုးထက်များတောင် မြင့်နေလိုက်ကြသေးတယ်။ အဲဒါတွေတွေးပြီးတော့များ မင်းအသည်းမနာဘူးလား သော်တာဆွေရယ်"

"အခု မင်းသူငယ်ချင်း ခေါ်လာချင်တယ်ဆိုတာက ဘိလပ်သူမျက်နှာဖြူမဟုတ်လား၊ သူက ဗမာပြည် ရောက်တော့ရင် ဘယ်အဆင့်အတန်းမှာနေမလဲကွ၊ ဘိုမက ဘိုလိုဝတ်ပြီး ဗိုလ်လိုနေမယ် မဟုတ်လားကွ။ ဒီနေရာမှာ သူ့မယား သူထားတာပဲ၊ သူ့ရဲ့လုပ်စာလို့ မတွက်ရဘူး။ သူ ဘယ်နည်းနဲ့ရရ၊

တို့တိုင်းပြည်ရဲ့ ပစ္စည်းလို့ယူဆရမယ်။ နားလည်ရဲ့လား သော်တာဆွေ-

"ဟုတ်ကဲ့ ခင်ဗျ"

"နို့ပြီးတော့ အဲဒီဘိလပ်သူဘိုမက တို့တိုင်းပြည်မှာနေပြီးတော့ သူတစ်ယောက်တည်းနဲ့ မပြီးသေးဘူး။ ကလေးတွေ မွေးဦးမယ်ကွ၊ မျက်နှာဖြူကပြား ကကတစ်ကလေးတွေ၊ နောက် သူတို့ကတစ်ဆင့်တစ်ဆင့် နိုင်ငံခြားသား အဆက်အနွယ်တွေ ဘယ်လောက် ပွားများလာဦးမလဲ၊ မင်းစဉ်းစားကြည့်စမ်းကွာ"

"ဟေ့ ဒီမှာ သော်တာဆွေ၊ တို့တိုင်းပြည်ဟာ တို့တိုင်းရင်းသားလူမျိုးတွေ အတွက်သာ ဖြစ်ရမယ်ကွ။ ဒါဟာ ကမ္ဘာပေါ်မှာရှိတဲ့ လွတ်လပ်တဲ့ တိုင်းပြည်တွေရဲ့ သဘောထားပဲ။ အခုကြည့်စမ်း၊ ဘိလပ်သားနဲ့ တရုတ်၊ ကုလားလူမျိုးတွေ တို့ဗမာမတွေယူပြီး ကပြားတွေမွေးဖွားကြ၊ နောင် သူတို့တိုင်းပြည်အစိုးရကလည်း သူတို့ပြည်ကပစ္စည်း လာစားမယ့်ပါးစပ်ပေါက်တွေကို ခေါ်လာခွင့်မပေးဘူးကွ။ သူတို့ကသာ သူများပြည်က စားမယ်၊ သူများပြည်က ယူမယ်"


"ဟေ့. . ဒီမှာ သော်တာဆွေ၊ သူတို့လူမျိုးခြားတွေက တို့တိုင်းပြည်မှာ သူတို့သွေးနဲ့ ပေါက်ဖွားခဲ့ကြတဲ့ သားသမီးတွေတောင် ပစ်ထားခဲ့ကြသေးတာ၊ မင်းသူငယ်ချင်းက ဗမာပြည်လာပြီး သားပေါက်မယ့် မျက်နှာဖြူမကို ခေါ်သင့်ပါသလား၊ မင်းစဉ်းစားပါကွ. .။ မင်းက စာရေးဆရာပါ။ ငါက နိုင်ငံရေးသမားပဲ။ မင်းက သင့်လျော်တယ်ဆိုရင် အခုချက်ချင်းပဲ အဲဒီဗီဇာပေးဖို့ ငါ တယ်လီဖုန်းဆက်ပြောလိုက်မယ်။ မင်းဆန္ဒကို ငါမငြင်းပါဘူး။ ကဲ. . .မင်းသူငယ်ချင်း ပြဿနာ မင်းပဲ ဆုံးဖြတ်ပေရော့၊ ငါ နောက်ထပ် ဘာတစ်ခွန်းမှ မပြောတော့ဘူး"

သည်နေရာမှာ ကျွန်တော့်ရဲ့ ရင်ထဲက တုန်လာတယ်။ နှုတ်ခမ်းကတော့ ယဲ့ယဲ့ပြုံးလို့။ မျက်လုံးမှာတော့ မျက်ရည်တွေ ဝဲလာတယ်။

ကျွန်တော် သက်ပြင်းကြီးကိုချလိုက်ပြီး ဘေးချင်းယှဉ်ထိုင်နေတဲ့ ဦးဗဆွေရဲ့လက်ကို လှမ်းကိုင်ကာ "ကျွန်တော် နားလည်ပါပြီဗျာ" လို့ ပြောလိုက်တယ်။

ပါလီမန်ဒီမိုကရေစီခေတ်က တကယ့်အဖြစ်အပျက်လေးတစ်ခုပါ ခင်ဗျား. . .။

**ကိုးကား - နိုင်ငံရေးသမားနှင့် စာရေးဆရာ (သော်တာဆွေ)**



## ဪ ... ဓာတ်မှန်


အရင်အပတ်တုန်းက ပြည်သူ့ဆေးရုံတစ်ရုံ ရောက်သွားတယ်။ လက်ကျိုးပြီး လက်တစ်ဖက်လုံး ယောင်ကိုင်းနာကျင်နေတဲ့ လူနာနှစ်ယောက်နဲ့ တွေ့လို့ စပ်စပ်စုစုမေးကြည့်မိတယ်။ ခင်ဗျားတို့ ဓာတ်မှန်မြန်မြန်ရိုက်ပြီး ကုစရာရှိတာ ကုတော့လေလို့။ လူနာတစ်ယောက်က ရှုံ့ရှုံ့မဲ့မဲ့နဲ့ ပြောတယ်။ ဒီဆေးရုံမှာ ဓာတ်မှန်ပြားမလုံလောက်လို့ လက်ကျိုးလူနာလေးယောက်ရှိမှ ဓာတ်မှန်တစ်ချပ်တည်း ပေါင်းရိုက်မယ်တဲ့။ တောက်တီးတောက်တဲ့ ပါးစပ်ကလည်း လွှတ်ခနဲ ထွက်သွားတဲ့စကားက ဒါဆိုရင် ဆရာဝန်နဲ့ ဆရာမနှစ်ယောက်လာရင် သူတို့လက်သာ မြန်မြန်ရိုက်ချိုးလိုက်၊ ဒါမှ လက်ကျိုး လူနာလေးယောက် ပြည့်မှာလို့။


ဓာတ်မှန်နဲ့ ပတ်သက်လို့ ကြားဖူးတဲ့ ဟာသလေးတစ်ပုဒ်လည်း ကြုံတုန်း ပြောပါရစေဦး။ နယ်မြို့လေးတစ်မြို့မှာ နယ်လှည့်ဓာတ်မှန်ရိုက်အဖွဲ့ရောက်လာတော့ ရွာသူရွာသားတွေထဲက အဆုတ်ရောဂါနဲ့ ပတ်သက်လို့ မသင်္ကာသူတချို့ကို ဓာတ်မှန်ရိုက်ပေးတယ်တဲ့။ ဓာတ်မှန်ဆရာက အဒေါ်ကြီးတစ်ယောက်ကို ရောဂါအခြေအနေ သိရအောင် ဓာတ်မှန်ရိုက်ပေးပါရစေလို့ ပြောတဲ့အခါ ဒီအဒေါ်ကြီးက ဒါဆို ခဏနေပါဦး၊ ခေါင်းလေးပြင်ပြီး ဖြီးပါရစေဦးတဲ့။

# Facebook Funny Page









“ မိသားစုတစ်စုလုံး ကျန်းမာဖို့
ဗိုက်တာဟုမ်း ကိုသုံးကြစို့ ”
VITAHOME
Soft Cap.
VITAHOME
Soft Cap.
120 Cap.
VITAHOME
Soft Cap.
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.